နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း

နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း

ဘဒ္ဒန္တနာဂသေနာဘိဝံသ ထေရ်-ဓမ္မာစရိယပါရဂူ

ဦးဘဝင်း-ကျောင်းဆရာကြီး

ပြုစုသည်။

ပဌမ-ရိုက်နှိပ်ခြင်း......အုပ်ရေ (၂၀၀၀)

သက္ကရာဇ်-၁၃၁၄-ခုနှစ်။

* * * * *

စိန်ကောလီစာပုံနှိပ်တိုက်၊

အမှတ်-၁၀-ထန်စပ္ပီလမ်း-ရန်ကုန်မြို့။



ဘဒ္ဒန္တနၢဂသေနၢဘိဝံသထေရ်

ပဋ္ဌ ဂုဏံ အဟံ ဝန္ဒာမိ။



ကျမ်းပြုဆရာ-ဦးဘဝင်း။

နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း၊ ကို ဖွင့်ပြလတံ့သော

မာတိကာ။

ဦးရေ။	အကြောင်းအရာ။		စာမျက်နှာ နံပါတ်
၁	ကျမ်းဦးအစ-ပဏာမ	....	၁
၂	ရခဲစွာသော-ဒုလ္လဘ	......	၁၁
၃	ခဲယဉ်းလှစွာ-ကြိုသောခါ	......	၂၁
၄	လွတ်ခဲစွာသော-ပါယ်ဘေးက	......	၂၄
၅	ဘေးရန်ကင်းကုန်-နိဗ္ဗာန်ဘုံ	......	၂၉
၆	သံသရာစခန်း-လှည့်ပတ်လမ်း	....	၁၀၆
၇	အဝိဇ္ဇာကြီး-မှောင်ကာဆီး	......	၁၁၄
၈	ဝိဇ္ဇာဉာဏ်မြတ်-အလင်းဓါတ်	....	၁၁၈
၉	နိဗ္ဗာန်စခန်း-ထွက်ရပ်လမ်း	....	၁၂၃
၁၀	ဓမ္မစကြာ-ညွှန်ပြရာ	......	၁၃၄
၁၁	သစ္စာလေးပါး-ဟောညွှန်ကြား	......	၁၃၉
၁၂	အနတ္တလက္ခဏာ-ညွှန်ကြားရာ	....	၁၆၄
၁၃	ပဋိစ္စသမုပ္ပါဒ်-စက်ရဟတ်	......	၁၈၈
၁၄	မဂ္ဂင်ရှစ်ပါး-ဝိပဿနာတရား	......	၂၁၁
၁၅	ဝိပ္ပလ္လာသပျက်ပြား-ပရိညာသုံးပါး	......	၂၅၇
၁၆	ခန္ဓာငါးပါး-ရှုဘွယ်တရား	......	၂၇၇
၁၇	ပစ္ဆိမစကား-ဟောညွှန်ကြား	......	၃၀၃
၁၈	ဧကောဓမ္မော-တသဘောသာ	......	၃၀၉
၁၉	ဘာဝနာစခန်း-ပြုဘွယ်လမ်း	.....	၃၁၄
၂၀	နိဂုံးကမ္ပတ်-အဆုံးသတ်	......	၃၄၈

နိဒါန်း။

ကျွန်တော်သည်။ ဤနိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်းဟူသော စာအုပ်ကို စီမံရေးသားရခြင်းအကြောင်းရင်းနှင့် ရည်ရွယ်ချက်မှာ-သတ္တဝါမှန်သမျှ၊ သုံးဆယ့်တဘုံ သံသရာပြင်ကျယ် ပင်လယ်ကူး ခရီးသည်တို့သည်။ အို,နာ,သေ,ရေး၊ ပါယ်ဘေးဒုက္ခဟု ဆိုအပ်သော လေကြမ်း-ရေကြမ်း-လှိုင်းကြမ်း-ဝဲဩဃကြမ်း,တို့မှ ဒလကြမ်း ကူးခပ်လျက်။ သံသရာ၏ ဟိုမှာဘက်ကမ်း နိဗ္ဗာန်စခန်းသို့၊ ဘဝအသင်္ချေအနန္တ ထွက်ခွါလာခဲ့ကြရလေပြီ။ ထွက်ခွါနေကြဆဲ၊နောင်ကိုလည်း မရောက်မခြင်း ထွက်ခွါကြရလေဦးမည်။ သို့ပါသော်လည်း နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကို။ ဟောဘော်ညွှန်ကြားတတ်သည့် သူတော်ကောင်းတို့နှင့် မပေါင်းဘော်ရခြင်း။ မဂ်ဖိုလ်နှင့်စပ်သော တရားတော်များကို မဘတ်သား မနာကြားရခြင်း။ ကြားနာမိသည့်အတိုင်းနှလုံးမသွင်းခြင်း။ မဂ်ဖိုလ်တရားနှင့်လျော်ညီသော အကျင့်တရားကို။ ကျင့်ကြံအားထုတ်မှု ကင်းခြင်းစသော အကြောင်းရင်းများချုံယှွင်းမှုကြောင့်။ "ကရွတ်ခွေပေါ်မှာ-ကင်းရှောက်သကဲ့သို့" သံသရာခရီး၏ထွက်ပေါက်ကို။ ယခုထိတိုင်အောင်ပင် မရကြမရောက်ကြသေးပေ။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို လွယ်လင့်တကူ ရှာကြံကျင့်စွမ်းနိုင်သည့် ယခုလိုအချိန်အခါ။ ဗုဒ္ဓမြတ်စွာ၏သာသနာတော်နှင့် ပက်ပင်းပါကြုံခါမှ။ မိမိတို့အလိုရှိအပ်,တောင့်တအပ်သောနိဗ္ဗာန်ကိုမရရှိကြပါမူကား။ သာသနာတော်ကြီးနှင့်ကြုံကျိုး,ဆုံကျိုး,မနပ်ကြပါဘဲ၊ဆုံးရှုံးခြင်းကြီးမက-ဆုံးရှုံးရချေပြီတကား။

သို့ဖြစ်ပါ၍–ဤဘုရား သာသနာတော် ခေတ်ကြီးကို မလွန်ကျူးပါဘဲ။ ဗုဒ္ဓဘာသာလူမျိုးမှန်သမျှတို့၏ အမြဲတစေ လိုချင်မှုစိတ်ဆန္ဒဖြင့်၊ ဆုတောင်းခါ နေကြသည့် နိဗ္ဗာန်ချမ်းသာကြီးကို ဆောလျှင်စွာ ခံစားနိုင်ကြမှုအာသီသ ပြည့်ဝကြစေခြင်း အကျိုးငှါသော်၎င်း၊ ထိုနိဗ္ဗာန်စခန်းသို့ ထွက်ခွါသွားရောက်အပ်သောခရီးလမ်းစဉ်ကို မြန်မာစာ ဘတ်တတ်ခါမျှဖြင့်၊ လွယ်လင့်တကူသိရှိနားလည် ကျင့်ကြံအားထုတ် တတ်ကြ စေခြင်း အကျိုးငှါသော်၎င်း။ ဗုဒ္ဓမြတ်စွာ သာသနာသည် အစွန့်ရှည်ကြာ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲပျံ့နှံ့မှုကို အဓိက ပဓါနထားပြီးသကာလ၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၌၊

သစ္စာနိဘာဝ ယန္တော၊ အမတာဓိဂမနံ၊
ဓမ္မံဒေသေတိ၊ ဣန်သိခါပတ္တာဓမ္မံဒါနံနာမ၊ ။

ဟူသောပါဠိတော်အရ၊တရားတည်းဟူသော အလှူအပေါင်းတို့တွင်၊ မိမိတတ်သိနားလည်သည့်အတိုင်း၊ သူတထူး တတ်သိနားလည်စေခြင်းငှါ၊ဟောဘော်ညွှန်ပြ ရေးသားဖြန့်ချိ ဆုံးမအပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားတော်ဟု ဆိုအပ်သော ဓမ္မအလှူသည် သာလျှင်၊ အလွန်ဆုံး, အသာဆုံး, အမြတ်ဆုံး,ဟူ၍ဟောကြားတော်မူလေရကား၊ ဤကျမ်းစာကို ဘတ်ရှုလိုက်နာကျင့်ကြံ အားထုတ်ကြသော ပုဂ္ဂိုလ်အပေါင်းတို့၏ လိုအင်ဆန္ဒပြည့်ဝ ကြခြင်းသည်၊ ကျွန်တော်၏ ရည်ရွယ်ချက် နံပါတ်(၁)အောင်မြင်ခြင်း အကြောင်းရင်းဟု၊ ကောင်းမြတ်သော စိတ်ဆန္ဒစေတနာတရား အမြဲလက်ကိုင်ထားလျက်၊ ဤကျမ်းစာအုပ်ပေါ်တွင် အမြတ်အစွန်းရလိုမှုကိုမရည်ရွယ်ပါဘဲ၊တိုတိုကျဉ်းကျဉ်း

လိုရင်းကျနစွာဖြင့်၊ ကျမ်းစာ တအုပ်ထည့်နှင့်ပင်၊ ဆရာတော်ဘုရား အသီးသီးတို့၏ဝါဒကိုသိရှိကြစေခြင်းအကျိုးငှါ။ လယ်တီဆရာတော်ဘုရား၏၊ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း၊ဥတ္တမပုရိသကျမ်း၊ အာဟာရ ဒီပနီကျမ်း၊ အနတ္တဒီပနီကျမ်း၊ မြဝတီ ဆရာတော်ဘုရား၏ ဝဋ်မှထွက်လမ်း ဓါတ်ကမ္မဋ္ဌာန်းကျမ်း၊ ဒုတိယဝိသုဒ္ဓါရာမ ဒိပဲရင်းဆရာတော်ဘုရား၏၊ ပရမတ္ထစက္ခုကျမ်း။လောကစက္ခုကျမ်း၊ သေကျ္ဇတောင် ဦးတိလောက ဆရာတော်ဘုရား၏ ပဏ္ဍိတ ဝေဒနိယ ဒီပနီကျမ်း၊ ကျုံကြရွာ သပိတ်ဒိုင် တောရဆရာတော် ဦးကိတ္တိ၏ ရှုဋ္ဌသောတာပန်ဖြစ်ခန်း ဓါတ်ကမ္မဋ္ဌာန်းကျမ်း၊ အသျှင် မဟာရဋ္ဌသာရ၏ စတုဓမ္မသာရ ကိုးခန်းပျို့၊ အောင်မြေဘုံစံ ဆရာတော်ဦးဗုဓ်၏ မဟာသတိပဋ္ဌာန်ဓမ္မစကြာ အနတ္တလက္ခဏာသုတ် ပါဠိနိဿယကျမ်း၊ မင်းကွန်း ငွေတောင် တောရအသျှင်ဖွေကျင်ဆရာတော်ဘုရား၏၊ ဂန္ဓိရာဂန္ဓိရမဟာ နိဗ္ဗုတဒီပနီကျမ်း၊ ကပ့်ဆရာတော်ဘုရား၏ ပဋ္ဌာကထနကျမ်း၊ စစ်ကိုင်းမြို့ မြောက်ဘက် တောင်ပိုင်းကြီးတောရ ဂန္ဓာရုံဆရာတော် ဦးဥတ္တရ၏ နိဗ္ဗာနမဂ္ဂဒီပနီကျမ်း၊ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီး၏ ဓမ္မစကြာအမေးအဖြေကျမ်း၊ မုံရွာမြို့ဓမ္မကထိက ဆရာ ဦးညွန့်၏ ပညာနေတ္တိ ဝိပဿနာကျမ်း၏အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒကျမ်း၊ ပဲခူးမြို့ ဓမ္မကထိက ဆရာဦးနို၏ ပဋိစ္စ သမုပ္ပါဒ် ဒိဋ္ဌိသုတ်ကျမ်း နှင့် ဘုံစဉ်စံ သောတာပန်လမ်း၊ ဗုဒ္ဓဝင် ဦးထွန်းစိန်၏ သုဓမ္မဝတီဗုဒ္ဓဝင်ကျမ်းအစရှိသော ကျမ်းအစောင်စောင်တို့မှထုတ်နုတ်ရပေါင်းမိခြင်းပြုခါ၊ ပရမတ္ထသဘာဝသတ္တု အဆီစစ်၍ အနှစ်ကို ရပေါင်းစိမ့်အပ်သော ဤ—(နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း)ကို ရေးသားစီစဉ်ပုံနှိပ်ထုတ်ဝေရောင်းချ

အပ်ပါကြောင်း။

ဤမှန်ကန်သော "နိဗ္ဗာနစခန်းထွက်ရလမ်းကျမ်း"ကို ဘတ်သားလိုက်နာ ကျင့်ကြံအားထုတ်ခြင်းဖြင့်။ သူတော်ကောင်း အပေါင်းတို့၏လိုလားအပ်သောနိဗ္ဗာန်ကိုဆောလျှင်စွာမျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ဤ"နိဗ္ဗာနစခန်း ထွက်ရပ်လမ်းကျမ်း" ကား–သင်သူတော်ကောင်းအပေါင်းတို့၏ လိုလားချက်ကို ဖြည့်စွမ်းနိုင်ပေအံ့။

ဤကျမ်းကို ရေးသားရာ၌။ ပမာဒအားဖြင့် သတိလစ်ကင်း မေ့လျော့မှားယွင်းခဲ့သော်၎င်း၊ အဉာဏအားဖြင့်၊ဉာဏ်ပညာ တွေဝေမှားယွင်း၍နေခဲ့သော်၎င်း၊အကယ်၍ပါရှိငြားခဲ့အံ့၊သိရှိသူ ပုဂ္ဂိုလ်အပေါင်းတို့သည် အမှားကိုပြင်ဆင်လျက်၊ အမှန်အားဖြင့် နှလုံးသွင်းတော်မူကြပါမည့်အကြောင်း၊ ၎င်းပြင် ကျွန်တော့်အား တဆင့်ညွှန်ကြားပါက၊ အထူးကျေးဇူးတင်စွာဖြင့် လိုက်နာရန် အသင့်ပင် ဖြစ်ပါကြောင်း၊ လေးမြတ်ဖြူစင်သော စိတ်ထားဖြင့် တောင်းပန်အပ်ပါကြောင်း။

ဤ(နိဗ္ဗာနစခန်းထွက်ရပ်လမ်းကျမ်း)ကို ပေါင်းစုစီစဉ်ရာ၌။ မြိုင်မြမ်းပြုအပ်သော ကျမ်းပြုပုဂ္ဂိုလ်ဆရာတော်အသီးသီးတို့အား ၎င်း။ ကျွန်တော့်အား–လောကုတ္တရာ ဉာဏ်ပညာ အခြေပါဒကို တိုးပွါးပွင့်လင်းစေခြင်းအကျိုးငှါ၊ နေ့ညဉ့်မသွေ သင်ကြားဆုံးမပေးသည့်၊ ရန်ကုန်မြို့-ဘုရားလမ်း၊ အမှတ်(၁)ခြံအမှတ်(၁၃၁) စိန်ကောလိစာပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်ကျင်စိန့်၏သား၊တိပိဋက ပဏ္ဍိတ ဗေဒဝိဇ္ဇာဆရာကြီး-ဦးဘေထွန်း,အား၎င်း။ ဤကျမ်းကို ထုတ်ဝေ နိုင် လောက် အောင်၊ ကြည့်ရှု စောင်မ တည်းဖြတ် သုတ်သင် ထောက်ခံကြသော အောက်ပါ ပုဂ္ဂိုလ်အပေါင်းတို့

အားဂုင်း။မွေးမိခင်နှင့်ဘခင်တို့အားဂုင်း။ကျွန်တော့အားလောကီပညာကို သင်ကြားပြသသော ဆရာအပေါင်းတို့အားဂုင်း။ ကျွန်တော်ပြန်လည်ပေးဆပ်ရမည့် မဆုံးဆနိုင်သော ဂုဏ်ကျေးဇူးတော် အနန္တတို့ကို။ ဤ–နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ကျမ်းကို ရေးသား ဖြန့်ချီအပ်သော ဓမ္မဒါန ပါရမီကုသိုလ်ကို အာရုံပြုခါ၊ ကျွန်တော်နှင့်ထပ်တူထပ်မျှ ကုသိုလ်အဘို့ကို ရရှိကြပါစေသော ဟုမေတ္တာပို့လျက်၊နေ့ညဉ့်မသွေအမျှပေးဝေသောအားဖြင့်၊ဂုဏ်ကျေးဇူးတော် တစိတ်တဒေသကို ပေးအပ်ခြင်း ပြုပါကြောင်း။ အတိုင်းထက်အလွန် ကျေးဇူး တင်စွာဖြင့် မှတ်တမ်းတင်အပ်ပါကြောင်း။

ပြင်ဆင်တည်းဖြတ်သောပုဂ္ဂိုလ်။

ဘဒ္ဒန္တနာဂသေနာဘိဝံသထေရ်၊ ဓမ္မာစရိယ ပါရဂူ။

သုဓမ္မဝတီကျောင်းတိုက်။ သထုံမြို့။

ထောက်ခံသော ပုဂ္ဂိုလ်များ။

၁။ မန္တလေးကျောင်းဆရာတော်၊ .... မော်လမြိုင်မြို့၊ထားဝယ်စုရပ်။
၂။ မင်းခင်းကျောင်းဆရာတော် .... ၎င်း၊
၃။ ကျောင်းသစ်ဆရာတော် .... ပေါင်မြို့၊ စွယ်တော်ရွာ။
၄။ မဟာသမယကျောင်း ဆရာတော်.... ပေါင်မြို့၊ အုတ္တံတားရွာ။
၅။ ကျောက်သဘော်ကျောင်း ဆရာတော်။ ပေါင်မြို့၊ ဖလပ်ရွာ
၆။ တိုကိုစွကပဏ္ဍိတ,ဗေဒဝိဇ္ဇာဆရာကြီး–ဦးဘေထွန်း၊
စိန့်ကောလီစာပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

အနန္တဂုဏ်ရှင် မွေးဘခင်-ဦးသာဟာန်၊ မုတ္တမမြို့။
အနန္တဂုဏ်ရှင် မွေးမိခင်–ဒေါ်ငွေဥ။ ပုသိန်ကွင်းရွာ။

နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း။

ကျမ်းဦးအစ—ပဏာမ။

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဘုရား-တရား၊ သံဃာများ၊ ဂုဏ်အား အနန္တာ။
ဂုဏ်ပေါင်းများစွာ၊ ရတနာ၊ မှန်စွာဦးတင်ခါ။
မာတာပိတာ၊ မိန္နင့်ဘ။ ရှိကြ ဂုဏ်နန္တာ။
မိခင်–ဘခင်၊ ကျေးဇူးရှင်၊ ဦးတင်မှန်ကန်စွာ။
လုံးရုံဉာဏ်၊ တတ်သိပွ၊ သင်ပြမြတ်ဆရာ။
မြတ်ဆရာကြီး၊ ဂုဏ်ထူးကြီး၊ ညွှတ်ပြီးလက်ဆယ်ပြာ။
ပဉ္စဂုဏာ၊ အနန္တ၊ ဦးချပြီးသောခါ။
နိဗ္ဗာန်စခန်း၊ ထွက်ရပ်ကျမ်း၊ မှတ်တမ်းတင်တော့မှာ။ ။

အစရှိသော အထက်ပါ–သံပေါက် ကဗျာအရ။ တထောင့်ငါးရာစက် – သုံးထောင်ဝက် ကိလေသာ တို့ကို၊ အရဟတ္တမဂ်ဉာဏ်လက်နက်ဖြင့်။ ပယ်ဖျက်ဖြေရှင်း အောင်ခြင်းကြီး အောင်မြင်တော်မူပြီး သောကြောင့်၊ (အရဟံ)တည်းဟူသော ဘွဲ့ထူးကို ဆွတ်ခူးခံယူတော်မူပေသောမြတ်စွာဘုရား။

ဇမ္ဗူတိတိ ဇမ္ဗူဒွေ၊ဟူသော ပိဂြိုဟ်နှင့်အညီ၊လောကီကိုထွင်းပေါက်လျက်၊ နိဗ္ဗာန်သို့ ရောက်နိုင်သည့် သစ္စာလေးပါး မြတ်

တရားကို၊ ပိုင်းခြားထင်ထင် သိမြင်မှု အဆုံးရောက်လျက်၊ ကိစ္စပြီးမြောက် အသိကြီးသိမြင်တော်မူပေသောကြောင့်။ဗုဒ္ဓ တည်းဟူသောဂုဏ်ထူးကို ဆွတ်ရှုးပန်ဆင် တော်မူပေသော မြတ်စွာဘုရား။

လုံးစုံဥဿုံ မြတ်ဓမ္မကို၊ သင်ပြသူကင်း တကိုယ်ချင်းဖြင့်၊ ထိုးထွင်းမြင်မျှော် သိစွမ်းတော်မူပေသောကြောင့်၊ သဗ္ဗဒဿဝိဂုဏ်ထူးဖြင့်၊ ချီးကျူး၍မကုန်နိုင်သော မြတ်စွာဘုရား။ တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ ပူးဝင်နေကြသည့် ပုထုဇဉ်သတ္တဝါတို့၏ဉာဏ် အမြင်မှောက်မှားကာ။ ငါ-သူတပါး၊ယောက်ျား-မိန်းမ၊ အနိစ္စ,သုခ, အတ္တ,သုဘ,စသည့် ထင်မှတ်စွဲလမ်းအပ်သော လောက၊ အတုံးအခဲတွေကို ပရမတ္ထဉာဏ် အမြင်သန်လျက်၊ ယူစရာမရ၊ မကျအသုံး။ တုံးခဲမတင်၊ ကုန်စင်နှောက်မွှေ၊ ကြိတ်ချေ ဖျက်ဆီးတော်မူနိုင်ပေသောကြောင့်၊ လောကဝိဒူဂုဏ်ထူးဖြင့်။လောကသုံးပါးတို့၏အနှစ်အမြတ်ဆုံးအစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရား။

လောကန္တရိက,အစ၊ အနန္တစကြဝဠာ အားလုံးကို၊ ပိတ်ဖုံးမဲနက်စေတတ်သော ပကတိ အမှောင်၊ သတ္တလောက အားလုံးကို ဖုံးအုပ်မိုက်မဲစေတတ်သော အဝိဇ္ဇာမှောင်အားဖြင့်။မှောင်ထုနှစ်ပါးကို၊ ပါရမီဘုန်းတော်ရောင်၊ ကိုယ်တော်အားလုံးမှ ထွက်သောအရောင်၊ သမာဓိတော် အရောင်တွင် ဉာဏ်တော်ရောင်ကွန့်မြူးလျက်၊ မြေ, ရေထု, လေထု,ကို ထွင်းဘောက်၊ ထက်အောက် စကြဝဠာ အဇဋာမလပ်။အာကာသဓာတ်၊ခေတ်ဝိသယ၊ အနန္တသို့ဆုံးဆမရှိအောင် တပြောင်ပြောင်ထွန်းပ ဖြိုခွင်းတော်မူနိုင်ပေသော မြတ်စွာဘုရား။ သတ္တဝါ မိုလ်ခြေ များဝေနေ

တို့ကို၊ ရာဟုလာသား ပမာထား၍၊ သနားဂရုဏာ ရှိတော်မူပေသော မြတ်စွာဘုရား၊ အင်္ဂုလိမာလ၊ သစ္စက, နှင့် ဗကဗြဟ္မာ, သတ္တဝါတို့အား။ ဒေသနာသံ၊ ဆိမ့်အံ့ငြိမ်းဆေး အမြန်ပေး၍၊ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ်။ အတုမရှိ လွန်ကဲတော်မူပေသောကြောင့်။ အနုတ္တရောပုရိသ ဓမ္မသာရထိ, ဘွဲ့ထူးကို ဆွတ်ခူးတော်မူပေသော မြတ်စွာဘုရား။

သံသရာခရီး ဝဋ်ဘေးကြီးမှ၊ အပြီးကျွတ်မြောက် ဧကန်ပင် ထွက်မြောက်တော် မူပေသော မြတ်စွာဘုရား။ သတ္တဝါ မိုးသိ ခြေ များဝေနေတို့အား။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို၊ လေးဆယ့်ငါးဝါ အထွန့်ကြာအောင်။ ညွှန်ကြားပြသ ဆိုဆုံးမ၍၊ နိဗ္ဗာန်စခန်း ဟိုဘက်ကမ်းသို့ ပို့စွမ်းကယ်တင်တော်မူပေသော မြတ်စွာဘုရားအားရင်း။ ဓါရေတိတိ ဓမ္မော, ဟူသော ဝိဂြိုဟ်နှင့်အညီ၊ အမိုက်မှ အလင်းသို့၊ အရှုပ်မှ အရှင်းသို့၊ အညစ်မှ အစင်သို့၊ အနောက်မှ အကြည်သို့၊ အပူမှ အဧးသို့၊ အပါယ်မင်းတို့ ပိုင်နက် သံသရာ လောကကြီးထဲမှ လောကုတ္တရာ နိဗ္ဗာန်စခန်း၊ ဟိုမှာဘက်ကမ်းသို့ ပေးစွမ်း ပို့ဆောင်တော် မူနိုင်သည့်၊ ဂုဏ်ထူးဝိသေသအပေါင်းတို့နှင့် ပြည့်စုံတော်မူ ပေသောကြောင့်၊ "ဓမ္မ" ဟူသောဘွဲ့ထူးကို ခံယူတော်မူပေသော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုရင်း။

သံဟနတိတိ သံဃော, ဟူသော ဝိဂြိုဟ်နှင့်အညီ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး နည်းပေးလမ်းပြ ဆိုဆုံးမတော်မူသည့်အတိုင်း။ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကြောင့် မိမိတို့၏ စိတ်အစဉ်တွင်၊ မောဟ,ဟု ဆိုအပ်သော အမိုက်၊ တဏှာ, တည်းဟူသော အရှုပ်၊ အညစ်နှင့်တူသော ကိလေသာ၊

အနောက်မှန်လှသည့် နိဝရဏ၊ တဆယ့်တပါးသောမိုးအပူဘေးရန်သူဟူသမျှတို့ကို သတ်ဖြတ်ဖျက်ဆီးတော်မူပြီး၍။ တလင်းထဲလင်း၊ တရှင်းထဲရှင်း။ တစင်ထဲစင်။ တကြည်ထဲကြည်။ တဖြေထဲဖြေ။ ကိစ္စပြီးမြောက်၊ ခြင်းကြီးမက ခြင်းသို့ ရောက်ရှိတော်မူပြီးကုန်သော မဂ္ဂဉာဏ်လေးယောက်, ဖလဉာဏ်လေးယောက်၊ ရှစ်ယောက်အရိယာ မြတ်သံဃာတို့နှင့်၊ အမိုက်, အရူတ်, အညစ်, အနောက်,အပူ, ဘေးရန်သူ ဟူသမျှတို့ကို ဖျက်ဆီးဆဲ ဖျက်ဆီးလတံ့ဖြစ်ကြကုန်သော သမုတိသံဃာတော် အရှင်သူမြတ် အပေါင်းတို့အားရင်း။

မြင်းမိုရ်တောင်ဦး မကကျူးသည့်၊ ကျေးဇူးအရှင် မွေးမိခင်နှင့် ဘခင်တို့အားရင်း။ ကောင်းမှု,မကောင်းမှု,အကြောင်းရတို့ကို တလုံး,တခွန်း,တပုဒ်,တဂါထာ,မျှ ညွှန်ကြားပြသ ဆိုဆုံးမသည့် ဒိဋ္ဌ,သုတ,မုတ,တဖြာ။ ဝိညာတာ ဟု သင်ရှာကြငြား။ ဆရာသခင် ဝေါ ဇူ ရှင် အများတို့အားရင်း။ ဤကဲ့သို့ ကျေးဇူးတော်, ဂုဏ်တော်တွေ အနန္တ။ ချီးကျူး၍မျှ မကုန်နိုင်သည့် ဘုရား, တရား, သံဃာ, အမိ အဘ, ဆရာသမား,တို့အား။ သံသရာဝဋ်ဗွက်မှ လွတ်ထွက်လျက်။ ငြိမ်းရာမှန် ပြည်နိဗ္ဗာန်သို့။ ဆောလျှင်စွာ မျက်မှောက်ပြုရပါစေလိုကြောင်း။ ဝဋ်တွားရိုကျိုး လက်စုံမိုးခါ ရှိခိုးပြီး၍။ ပုထုဇဉ် သတ္တဝါတို့အား။ သုံးဆယ့်တဘုံ တည်းဟူသောသံသရာလောကကြီးထဲတွင်။ တဝဲလည်လည် ကျင်လည်လှည့်ပတ် နေကြစေရန်။ ဝက်ပါငခန်း မဖြောင့်တန်းသည့်။ ကွေ့လည်ချောင်ပတ်။ လမ်းလိမ်,လမ်းကောက်, လမ်းမှောက်,လမ်းမှား,တွေကို။ ဖြေရှင်းချတ်ထွင် သုတ်သင်ရှင်းလင်းလျက်။ နိဗ္ဗာန်စခန်း ဘာဘက်ကမ်းသို့။ တန်းတန်းမတ်မတ် ထွက်ခွါသွားရာ။

လမ်းမှန်လမ်းဖြောင့်ကြီးကို ညွှန်ကြား ပြသတော်မူရာ ဖြစ်ပေသောကြောင့် "နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်း"ဟူ၍ အမည်တွင်အပ်သော ဤကျမ်းကိုပေါင်းရုတည်ထွင် စီစဉ်ရေးသားပါပေတော့အံ့။

(ရခဲစွာလှ ဒုလ္လဘာ)

ဗုဒ္ဓမြတ်ဖျား၊ ပွင့်ပြားပေါ်ခါ၊ တွေ့ခဲကြုံခဲ၊ထူကဲသဒ္ဓါ၊လူ့ဘဝနှင့်၊ ရဟန်းတဖြာ၊ မဂ်တရား၊ နာကြားရခဲစွာ။ ။ဟူသော ၅စ်လုံးဘွဲ့ကဗျာအရ။မြတ်စွာဘုရားပွင့်တော်မူသောအခါကာလနှင့် ကြုံကြိုက်ခဲခြင်း။ သဒ္ဓါတရားနှင့် ပြည့်စုံရန် ခဲယဉ်းခြင်း။ လူ၏ဘဝကို ရခဲခြင်း၊ ရဟန်းအဖြစ်ကိုဖြစ်ရန် ခဲယဉ်းခြင်း၊ မဂ်ဖိုလ်နှင့်စပ်သည့်နိဗ္ဗာန်စခန်းထွက်ရပ်လမ်းဟုဆိုအပ်သော သူတော်ကောင်းတို့၏ တရားတော်များကို အလွန့်အလွန်ပင်ကြားနာရခဲလှပေ၏။ သင်ချစ်သားတို့ – ဤခဲယဉ်းခြင်း ငါးချက်ကို။ မမေ့ မလျော့, မပေါ့မဆသော သတိတရားနှင့် ပြည့်စုံ၍ နေကြလော့ဟု.......

အပ္ပမာဒေန ဘိက္ခဝေ၊ သမ္ပာဒေထ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊
လောကသ္မိံ မနုဿတ္တဘာဝေါ ဒုလ္လဘော။
ဒုလ္လဘာသဒ္ဓါသမ္ပတ္တိ ပဗ္ဗဇ္ဇိတဘာဝေါ ဒုလ္လဘော၊
သဒ္ဓမ္မဿဝဏံ အတိဒုလ္လဘံ၊ဧဝံဒိဝသေ ဒိဝသေဩဝါဒိ။

ဟူသော ပါဠိတော်အရ။ နေ့စဉ်နှင့်အမျှ ဆုံးမစကားဖြင့် ဟောကြားတော်မူပေ၏။ ထိုကဲ့သို့ ဟောကြားတော် မူလိုရင်းကား–ဤမျှလောက်သော ခဲယဉ်းခြင်း ငါးချက်ကို လွန်မြောက်၍။ သာသနာတော်ခေတ်တွင်းနှင့် ပက်ပင်းပါ ကြုံဆဲ အခါတွင်။

(၁၂) နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကျမ်း။

နိဗ္ဗာန်ချမ်းသာတော်မြတ်ကြီးကို မရလျှင်မနေဟူသောစိတ်ဓါတ်ဖြင့်၊ကြိတ်မှိတ်၍ ရှာကြံကြစေခြင်းအလို့ငှါ၊ ရှာကြံအားထုတ်မှု သတိတရား မေ့လျော့လစ်ဟင်းခြင်း မရှိကြစေရန် အဓိကရည်သန်လျက်၊ ဟောကြားတော်မူလိုရင်း ဖြစ်ပေသည်ဟု ယူဆသင့်ပေ၏။

အဘယ်ကြောင့်နည်းဟူမူကား။ ထိုခဲယဉ်းခြင်း ငါးချက်တို့တွင်၊ ဘုရားမြတ်စွာ ပွင့်သောခါနှင့် ကြုံကြိုက်ရန် ခဲယဉ်းပုံကို စိစစ်၍ပြရလျှင်။ ဘုရားတဆူ ပွင့်ထွန်းပေါ်ပေါက်တော်မူနိုင်ရန် ကျင့်ကြံ အားထုတ်ရပုံ အကြောင်းကို သိအပ်သဖြင့်။ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးနောက်။ လေးသင်္ချေနှင့်ကမ္ဘာတသိန်းကြာအောင်။ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့် ဆည်းပူးပါမှ။ ပွင့်ထွန်း ပေါ်ပေါက်နိုင်သော ပညာဓိကဗောဓိ၊ ရှစ်သင်္ချေနှင့် ကမ္ဘာဘသိန်းကြာအောင်။ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်ဆည်းပူးပါမှ ပွင့်ထွန်းပေါ်ပေါက်နိုင်သော သဒ္ဓါဓိကဗောဓိ။ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင်။ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့် ဆည်းပူးပါမှ ပွင့်ထွန်း ပေါ်ပေါက် နိုင်သော ဝိရိယဓိကဗောဓိ။ တနည်းအားဖြင့်– ဥဂ္ဃာဋိတညူဗောဓိ၊ ဝိပဉ္စိတညူဗောဓိ၊ နေယျဗောဓိ,ဟူ၍ ဗောဓိ အပြားသုံးပါး၊ သုတ္တ နိပါတ် အဋ္ဌကထာ၌လာ၏။ တဖန်-တသင်္ချေ ဟူသော နှစ်ပရိစ္ဆေဒ အရှည်အကြာကို ထောက်ချင့်ပြန်ပါမူ။

သတ္တသုည ဘဝေကောဋိ ဥပရိသတ္တပဋိဂုဏော၊
ပဋိစတ္တာလီသ သတံသုညံ အသင်္ချေယျန္တိဝုစ္စတိ၊

ဟူသော ပါဠိတော်အရ၊ တစ်,နောက်မှ–သုည တရာ့လေး ဆယ် ရှိသည်ဟူ၍ ဂဏန်းသင်္ချာ အရေအတွက်အားဖြင့် မှတ် အပ်၏၊ တနည်းအားဖြင့်၊

သကလတိနိ ဝဿာနိ၊ စက္ကဝါဠိပုရိယ၊
ပိဏ္ဍာဋ္ဌ ပိဏ္ဍာ၊ သာဝဍ္ဎ၊ အသင်္ချေယျန္တိ ပဝုစ္စတိ။

ဟူသော ပါဠိတော်အရ။ အလုံးစုံသော နေ့-ည-ပတ်လုံး။သုံး နှစ်တိုင်တိုင် စကြာဝဠာတိုက်အပြည့်မျှ ရွာသွန်းသော မိုးရေ အစက်အပေါက်သည်သော်၎င်း၊ ရေစိုင်သည်၎င်း။ အသင်္ချေယျ မည်၏ဟု မှတ်သားအပ်၏။ တဖန်-ကပ်ကမ္ဘာအားဖြင့် စဉ်းစား ပြန်ပါမူ။

စတ္တာရိ အသင်္ချေယျာနိ၊ ဝေဒိတဗ္ဗာနိ၊
သံဝဋ္ဋော၊ သံဝဋ္ဋ ဋ္ဌာယီ၊
ဝိဝဋ္ဋော၊ ဝိဝဋ္ဋဋ္ဌာယီတိ။

ဟူသော ပါဠိတော်အရ။ ကမ္ဘာပျက်မိုးစ ရွာသည်မှစ၍၊ မီးလျှံပြတ်စဲသည့် တိုင်အောင်သော ကာလကို။ သံဝဋ္ဋကပ်၊မီး လျှံပြတ်စဲသော ကာလမှ စ၍၊ ကမ္ဘာပြု မိုးရွာသည့်တိုင် အောင်သော ကာလကို။ သံဝဋ္ဋဋ္ဌာယီကပ်၊ ကမ္ဘာပြုမိုး ရွာ သည်မှစ၍။နေ,လ, နက္ခတ်,တာရာ–ပေါ်သည့်တိုင်အောင်သော ကာလကို။ ဝိဝဋ္ဋကပ်၊ နေ,လ–နက္ခတ်,တာရာ, ပေါ်သည်မှစ၍၊ နောင် ကမ္ဘာပျက်မိုး ရွာသည့်တိုင် အောင်သော ကာလကို၊ ဝိဝဋ္ဋဋ္ဌာယီကပ် ဟု မှတ်အပ်၏၊ ဤလေးကပ်ရှည်သော အချိန် ကာလပေါင်းကို တကမ္ဘာဟုမှတ်အပ်၏။

ကမ္ဘာတွင်လည်း ဘုရားသခင် ပွင့်ထွန်း ပေါ်ပေါက်တော်မမူနိုင်သော သုညကမ္ဘာ၊ ပွင့်ထွန်းပေါ်ပေါက်တော်မူနိုင်သော အသုညကမ္ဘာ ဟူ၍ နှစ်မျိုးရှိရာ၊ ဘုရားသခင်ပွင့်ထွန်းတော်မူနိုင်သည့် အသုညကမ္ဘာကို၊ ဘုရားတဆူသာလျှင် ပွင့်နိုင်ပေါ်နိုင်သည့် သာရကမ္ဘာ၊ ဘုရားနှစ်ဆူသာလျှင် ပွင့်နိုင်ပေါ်နိုင်သည့် မဏ္ဍကမ္ဘာ၊ ဘုရားသုံးဆူသာလျှင် ပွင့်နိုင်ပေါ်နိုင်သည့် ဝရကမ္ဘာ၊ ဘုရားလေးဆူသာလျှင် ပွင့်နိုင်ပေါ်နိုင်သည့် သာရမဏ္ဍကမ္ဘာ၊ ဘုရားငါးဆူ ပွင့်နိုင်ပေါ်နိုင်သည့် ဘဒ္ဒကမ္ဘာ ဟူ၍ ငါးမျိုးခွဲခြားပြန်၏၊ ထို့ဖြစ်၍ ဘကမ္ဘာထည်းတွင်၊ အများဆုံး ဘုရားငါးဆူထက်ပိုမို၍ ပွင့်ထွန်းတော်မမူနိုင်၊ ဘုရားမပွင့်ထွန်းနိုင်သည့် သုညကမ္ဘာနှင့် ဘုရားပွင့်ထွန်းနိုင်သည့် အသုညကမ္ဘာ၊ နှိုင်းစာလျှင် မနှိုင်းသာ့မယှဉ်သာလောက်အောင်၊ မြင်းမိုရ်တောင်အထုသဲနှင့် ဆီးစေ့အထု သဲပမာ ကွာခြားလျက်၊ ဘုရားမပွင့်ပေါ်သော သုညကမ္ဘာတွေက များပြားလှပေ၏၊ ၎င်းပြင်–တကမ္ဘာထည်းတွင် ဘုရားတဆူနှင့်တဆူ ပွင့်ပေါ်နိုင်ရန် အချိန်ကာလ ကွာခြားပုံမှာ၊ ဤမဟာပထဝီမြေကြီးသည် နှစ်တရာ ကြာသောအခါ အထက်သို့ တလက်သစ်မြင့်တက်၏၊ ရှေ့ဘုရားသာသနာတော် ကုန်သောနေ့မှစ၍ ရေတွက်သောအားဖြင့်၊ မဟာပထဝီမြေကြီးသည် အထက်သို့ တယူဇနာမြင့်မှ၊ နောက်ဘုရားတဆူ ပွင့်ပေါ်နိုင်၏။

တယူဇနာသည် အင်္ဂလိပ်မိုင်အားဖြင့်၊ အမြင့်–၁၂-မိုင်၊ ၅-ဖါလုံ၊ ၁-သံကြိုး၊ ၄–ယာဒ်နှင့်တူညီ၏၊ နှစ်အရေအတွက်အားဖြင့် (၁၀,၇၅၂၀၀၀၀) ဆယ်ကုဋေ့ ခုနစ်သန်း့ ငါးသိန်း့ နှစ်သောင်းကြာရှည်၏၊ အချိန်ကာလအားဖြင့်–

ဝဿသတ သဟဿတော ဟေဋ္ဌိမံ၊
ဝဿသတတော ဥပရိမံ၊ဗုဒ္ဓါနံ ဥပ္ပဇ္ဇတိ၊
တဗ္ဗကာလေသိယျုံ၊

ဟူသော ပါဠိတော်အရ။ လူတို့အသက် တသိန်းအောက် ယုတ်သောကာလ။ တရာထက် လွန်သောကာလ အကြား၌သာ လျှင်ပွင့်ပေါ်နိုင်၏။ဒေသအားဖြင့်အလျားယူဇနာ(၁၂၀၃၄၅၀) တသန်း,နှစ်သိန်း,သုံးထောင်, လေးရာ့,ငါးဆယ်၊ အဝန်းယူဇနာ (၃၆၁၃၅၀)သုံးသိန်း, ခြောက်သောင်း, တထောင်, သုံးရာ,ငါးဆယ်,ရှိသော ဝိုင်းစက်စက်သဏ္ဍာန်။ တခုသော စကြဝဠာ အတွင်း။ယူဇနာတသောင်းကျယ်သည့် ဇမ္ဗူဒိပါတောင်ကျွန်း၏ အလည်။ အလျား ယူဇနာ(၃၀၀)သုံးရာ။ အနံယူဇနာ (၂၅၀) နှစ်ရာ့ငါးဆယ်။ အဝန်းတည့်တည့်ခတ် ယူဇနာ(၇၅၀)ခုနစ်ရာ့ ငါးဆယ်။အပြင်ခတ် ယူဇနာ(၉၀၀)ကိုးရာရှိသည့် အရှေ့မျက်နှာသို့ ကဇင်္ဂလအမည်ရှိသော နိဂုံးရွာ။ အရှေ့ တောင်ထောင့် အရပ် မျက်နှာသို့ သလ္လဝတီ အမည် ရှိသော ချင်းတွင်းမြစ်။ တောင်ဘက်အရပ်မျက်နှာသို့ သေတကဏ္ဏိက, အမည်ရှိသော နိဂုံးရွာ။ အနောက်ဘက် အရပ်မျက်နှာသို့ ဗုန, အမည်ရှိသော နိဂုံးရွာ။မြောက်ဘက်အရပ်မျက်နှာသို့ ဥသိရဒ္ဓဇ,အမည်ရှိသော တောင်။ ဤမဇ္ဈိမဒေသအတွင်း၌ သာလျှင်။ မြတ်စွာဘုရား ပွင့် ထွန်းပေါ်ပေါက်တော်မူနိုင်၏။ရင်းဒေသအပြင်ကို မြတ်စွာဘုရား မပွင့်ထွန်း, မပေါ်ပေါက် နိုင်သော ပစ္စန္တရာဇ် အရပ် ဒေသဟု မှတ်သားအပ်၏။

အထက်ဘော်ပြပါအကြောင်းအရာများကို၊ထောက်ဆစာနာ

သောအားဖြင့်၊ဘုရားတဆူပွင့်ထွန်းပေါ်ပေါက်နိုင်မှု၏အကြောင်း ရင်းသည်။ ဗျာဒိတ်ပန်း ခံယူတော်မမူမီ၊ ဖြည့်ကျင့်ဆည်းပူးအပ် သော ပါရမီတော်များကိုချန်လှပ်လျက်၊ ဗျာဒိတ်ပန်းကိုဆင်မြန်း တော်မူပြီးမှ ဖြည့်ကျင့်ဆည်းပူးအပ်သော အချိန်ကာလ၊ ဘုရား တဆူနှင့်တဆူ ပွင့်ပေါ်တော်မူနိုင်ရန် ကွာခြားပုံ နှစ်ပရိစ္ဆေဒ၊ ပွင့်ထွန်းပေါ်ပေါက်နိုင်သော လူတို့၏ အသက်တမ်း အပိုင်း အ အခြား၊ ပွင့်ထွန်းနိုင်သော လူတို့နေထိုင်ရာအရပ်ဒေသအကျယ် အဝန်းတို့ကိုနှိုင်းစချိန်ဆလျက်၊ဘုရားတဆူပွင့်ထွန်းပေါ်ပေါက် တော်မူရသည့်အကြောင်းတရားသည် အလွန့်အလွန်ပင်ခဲယဉ်း ကြောင်းထင်ရှားလေရကား၊ ထိုကဲ့သို့ ခဲယဉ်းကြီးစွာ ပွင့်ပေါ် ၍ လာရသည့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းတော်မူ ပေသော အချိန်ကာလ အရပ်ဒေသတို့နှင့်ကိုက်ညီစွာကြုံကြိုက် နိုင်ရန်အကြောင်းမှာ အဘယ်ဆိုဘွယ်ရာရှိတော့အံ့နည်း၊ပြောဝ် လွန်မင်းစွာ ခဲယဉ်းလှလေစွတကား။

လူ၏ဘဝကို ရခဲကြောင်း စိစစ်ပြရလျှင်၊ အဏ္ဏဝါ မြဟ္မဏ ပြည်မှ အလျားတဂါဝုတ်-အနံတဂါဝုတ်ရှိသော ကျောက်ခဲစိုင် ကို၊ ဤလူ့ပြည်သို့ ချလိုက်သော်-နေ့ယူဇနာ(၆၄၀၀၀) ရှစ် သောင်းလေးထောင်၊ ညဉ့်ယူဇနာ(၆၄၀၀၀)ရှစ်သောင်း လေး ထောင်အားဖြင့်၊ အစဉ်အတိုင်း ကျလာရာ၊ သုံးနှစ် လေးလနှင့် တမွန်းတည့်ကြာမှလူ့ပြည်သို့ရောက်ရာ၏၊ ၎င်းအဏ္ဏဝါမြဟ္မဏ ပြည်မှအပ်တစင်းကိုချ၍၊လူ့ပြည်မှအပ်တစင်းကိုခံ၍သော်-အပ် သွားခြင်းထိခိုက်ရန် အကြောင်းကား-လွယ်ကူပါသေး၏၊ လူ့ ဘဝကိုရရန်ကိစ္စမှာ ထိုထက်ပင် ခဲယဉ်းပါပေ၏ဟု ဟောကြား တော်မူချက်အရ၊ ထွဋ်ခေါင်ဆရာတော်ဘုရားက-

မနုဿတ္တ၊ ဒုလ္လဘ၊ ရအောင်ခဲကြမင်း။
ပြဗ္ဗဇ္ဇပြည့်မှ၊ အပ်ကိုချ၊ မြေကအပ်တစ်စင်း။
အပ်သွားခြင်းသာ၊ ထိဘွယ်ရာ၊ ပမာမှတ်ကြမင်း။

ဟူ၍ စပ်ဆိုတော်မူခဲ့ပေ၏။ သို့ဖြစ်၍ ပြဗ္ဗဇ္ဇပြည့်မှ အပ်ကို ချလျက်၊ လူ့ပြည်မှခံသော အပ်သွားခြင်း ထိနိုင်ရန် အကြောင်း မဆိုလင့်ဦး၊ အမြင့်တတောင်ကွာမျှလောက်သောအပ်သွားချင်း ပင် ထိခိုက်အောင်ချနိုင်ရန် ခဲယဉ်းပေရကား၊ လူ့ဘဝကိုရရှိရန် အကြောင်းကား။ ဩဝ်-ခဲယဉ်းလှလေစွတကား၊ သဒ္ဓါတရားနှင့် ပြည့်စုံနိုင်ရန် ခဲယဉ်းပုံအကြောင်းမှာ၊ သဒ္ဓါဆိုသည်မှာ၊ ယုံကြည် သောအားဖြင့် ကြည်ညိုမှုသဘောကို ဆိုလိုသည်။ သဒ္ဓါတရား ကား လေးမျိုးရှိသည်။

၁။ ကြည်ညိုထိုက်သောဂုဏ်ကိုကြားရမြင်ရ၍၊ ကြည်ညိုမှု သဘော–ပသာဒသဒ္ဓါ။

၂။ ရတနာသုံးပါးတို့၏ ဂုဏ်ကိုသိမြင်၍၊ ကြည်ညိုမှု သ ဘော–ဩကပ္ပနသဒ္ဓါ။

၃။ ,နိယျတဗျာဒိတ်ပန်းကိုဆင်မြန်းတော်မူပြီးသော ဘုရားအ လောင်းလျာတို့၏ဖြစ်လေရာဘဝ၌ အစဉ်ပါလျက်၊ ဒါန, သီလ,ပြုလိုသောစိတ်ကြည်ညိုမှုသဘော– အာဂမသဒ္ဓါ။

၄။ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ကိုရ၍၊ မိမိ၏ အဇ္ဈတ္တ သန္တာန်၌ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော အရိယာပုဂ္ဂိုလ်တို့၏ ကြည်ညိုမှုသဘော– အာဂမသဒ္ဓါ များ ဖြစ်လေရာ၊

ပသာဒသဒ္ဓါမှာ ဉာဏ်ပညာ နှင့် မယှဉ်ခြင်းကြောင့်၊ ဖြစ်လွယ် ပျက်လွယ်၏၊ ဩကပ္ပနသဒ္ဓါမှာ ဉာဏ်ပညာနှင့်ယှဉ်သဖြင့်၊ ယခု

တဘဝအတွက်ခိုင်မြဲပါသော်လည်း၊ သေသည့်၏ အခြားမဲ့၌ပျောက်ပျက်၍သွားတော့၏။ ယခုဘဝ လူ့ဘို့ကား- ယေဘုယျအားဖြင့်၊ ပသာဒသဒ္ဓါတရားပင် ဖြစ်နိုင်ခဲလျက်။ "ဆွမ်းတော်သုဘို့နေနေ သသာ—ဝမ်းသော်မှ မဝ"ဆိုသူတွေကများလေရကား၊ ဩဝါဒ အာဂမညဒ္ဓါအဆင့်သို့ဖြစ်ဘို့ရန်ခဲယဉ်းလှလေစွတကား၊ တဆင့်ထက်-တဆင့်၊ မြင့်ထက် မြင့်အောင်။ ခိုင်မာ မြဲမြံသော သဒ္ဓါတရားကို မွေးမြူကြရမည်၊ မွေးမြူနိုင်ကြပါစေသတည်း။

ရဟန်း၏အဖြစ်ကို ရခဲပုံအကြောင်းရင်းမှာ၊ ရဟန်းဟူသည်-

(၁) အကောင်းအမွန် တင့်တယ်ခြင်းကိုသာ အလိုရှိ၍၊ တရားတော်၏ နူးညံ့ သိမ်မွေ့ပုံ အကြောင်းကို မသိဘဲ ပြုလုပ်သော—မောဟာပဗ္ဗဇ္ဇိတရဟန်း။

(၂) မင်းဘေး, ရန်သူဘေး, ရောဂါဘေး တို့ကို ကြောက်ခြင်း၊ ပစ္စည်းလေးပါးကို ခင်မင်မှုတို့ကြောင့်ပြုလုပ်သော-ဘယာပဗ္ဗဇ္ဇိတရဟန်း။

(၃) မြတ်စွာဘုရား၏ အကျင့်သိက္ခာကိုယုံကြည်သောအားဖြင့်၊ ကျင့်ကြံအားထုတ်ရန် ပါရမီအလျောက်ပြုလုပ်သော-သဒ္ဓါပဗ္ဗဇ္ဇိတရဟန်း။

(၄) ပိဋကတ်သုံးပုံ တတ်သိ လိမ္မာမှုကို အားခဲ၍၊ ပါရမီ အလျောက် ပြုလုပ်သော—ပညာပဗ္ဗဇ္ဇိတရဟန်း၊

ဟူ၍—လေးမျိုးရှိရာထွင်၊ သဒ္ဓါပဗ္ဗဇ္ဇိတရဟန်းနှင့် ပညာပဗ္ဗဇ္ဇိတရဟန်းများကိုရည်ရွယ်၍ ရဟန်းအဖြစ်ကိုရရန် ခဲယဉ်းပေ၏ဟု ဆိုလိုရင်း ဖြစ်သည်။ သို့ပါသော်လည်း— မောဟာပဗ္ဗဇ္ဇိတနှင့် ဘယာပဗ္ဗဇ္ဇိတရဟန်းဘဝ ရရှိရန်ကိုပင်....

၁။ မြတ်စွာဘုရား၏ သာသနာတော်ခေတ်နှင့်ကြုံကြိုက်ရခြင်း။

၂။ ယောက်ျားဘဝဖြစ်ရခြင်း၊
၃။ အမိဝမ်းတွင်းမှ အင်္ဂါရုံညီစွာမွေးဖွါးရခြင်း၊
၄။ အသက် နှစ်ဆယ်ပြည့်မြောက်ရခြင်း၊
၅။ ဗုဒ္ဓဘာသာတရားကို ယုံကြည်သောလူမျိုး၌ဖြစ်ရခြင်း၊ အစရှိသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံပါမှ ဖြစ်နိုင်စရာအကြောင်းရှိရကား၊ ဤ—ရဟန်းအဖြစ်ကို ရရှိရန် အကြောင်းမှာ ခဲယဉ်းလှလေစွတကား။

ဂေါတမမြတ်စွာဘုရား အလောင်းသည်ပင်လျှင်၊ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးနောက်၊ လေးသင်္ချေ နှင့် ကမ္ဘာတသိန်းကာလပတ်လုံး ပါရမီကို ဆည်းပူးခဲ့သောဘဝများတွင်၊ ရဟန်းဘဝဖြင့်ကိုးကြိမ်မျှသာလျှင် ပါရမီဆည်းပူးခဲ့ရကြောင်းကို နှိုင်းချိန် ထောက်ဆလျက်၊ ရဟန်းဘဝကို ရရှိရန် ခဲယဉ်းကြောင်း ထင်ရှားလောက်ပေပြီ။ သို့ပါ၍—သာသနာတော်နှင့်တွေ့ဆုံခိုက်၊ နိုင်နင်းသမျှ ရဟန်းဘဝ နှင့် ပါရမီဖြည့်သွားရန် လိုအပ်ပေ၏။ ဖြည့်စွမ်းနိုင်ကြပါစေသတည်း။

နိဗ္ဗာန်ရောက်ကြောင်း မဂ်မိုလ် နှင့် စပ်သည့် "နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ်" ဟု ဆိုအပ်သော သူတော်ကောင်း တို့၏တရားတော်များကိုအလွန့်အလွန်ပင်ကြားနာခဲရခြင်းအကြောင်းရင်းမှာ၊ သူတော်ကောင်းတရားဆိုသည်မှာ၊ မဂ်မိုလ် နိဗ္ဗာန်သို့ရောက်ကြောင်း တရားကိုပင် ဆိုလိုပါသည်၊ ထို နိဗ္ဗာန်ရောက်ကြောင်းတရားမှာ—

(၁) အဓိသီလသိက္ခာသာသနာ၊
(၂) အဓိစိတ္တသိက္ခာသာသနာ၊
(၃) အဓိပညာသိက္ခာသာသနာ,ဟူ၍ သုံးပါး၊

တနည်းအားဖြင့်......

(၁) ပရိယတ္တိသာသနာ။

(၂) ပဋိပတ္တိသာသနာ။

(၃) ပဋိဝေဓသာသနာ,အားဖြင့် သုံးပါးဟူ၍ ရှိရာတွင်၊အစ၏ကောင်းခြင်းနှင့်တူသော–အဓိသီလသိက္ခာ သာသနာ သီလတရား။အလယ်၏ကောင်းခြင်းနှင့်တူသော–အဓိစိတ္တသိက္ခာသာသနာ သမာဓိတရားတို့သည်ကား၊ ဘုရားသခင်ပွင့်ထွန်းတော်မမူသည့် သာသနာပ, အခါကာလ၌ပင်၊ ပေါ်ပေါက်ကျင့်ကြံအားထုတ်နိုင်လျက်။ လူ,နတ်,ဗြဟ္မာ,သုံးတန်သော ချမ်းသာကိုသာပေးစေနိုင်သောကြောင့်။ အို,နာ,သေရေး၊ ပါယ်ဘေးဒုက္ခတွေ နှင့် လုံးထွေးရစ်ပတ်ခါ။ သုံးဆယ့်တဘုံ ဝဋ်တွင်းမှ မလွတ်ကင်းနိုင်လေရကား။ သဗ္ဗညုသာဝကာံ အတိဒုလ္လဘံ,တွင်းသို့ သွတ်သွင်းယူဆရန် မသင့်သျှော်သေး။ မြတ်စွာဘုရားသခင် ပွင့်ထွန်း ပေါ်ပေါက်တော်မူမှသာလျှင်ကြားနာနိုင်သည့်။ အို,နာ, သေရေး, ပါယ်ဘေးဒုက္ခဘို့ လွန်မြောက်နိုင်ပေသော နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း,ဟု ဆိုအပ်သည့်၊ အဓိပညာသိက္ခာ သာသနာ၊ ဝိပဿနာ ဘာဝနာ ပညာတရား၊ ကြားနာရခြင်းကိုသာ။ သဗ္ဗညု သာဝကာံ အတိဒုလ္လဘာ အတွင်းသို့၊ သွတ်သွင်းယူဆသင့်ပေ၏။

သို့ပါသော်လည်း–ဘဝအာသဇ္ဈေအနန္တကာလ၌ ကြားနာကျင့်ကြံခဲ့ဘူးကြသော လူ,နတ်,ဗြဟ္မာ, ချမ်းသာများကို ပေးစွမ်းနိုင်သည့်သီလသမာဓိတရားတို့မှသော်လည်း။ မိမိတို့ရရှိသောဘဝအသက်တန်းအလိုက်။ အပါယ် သံသရာဘေးဒုက္ခဘို့ကို ဖြတ်တောက်ထားနိုင်လေရကား။ မကြားနာမကျင့်ကြံဘူးသူများနှင့်

နိူင်းစာလျှင် အလွန်ပင်ကောင်းမွန်ပါပေ၏။ မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်တော်မူသော သာသနာတော်ခေတ်နှင့်ပက်ပင်းပါကြုံပါမှ။ ကြားနာ ကျင့်ကြံ အားထုတ်နိုင်သည့်၊ နိဗ္ဗာန်ချမ်းသာကြီးကို ပေးစွမ်းနိုင်ပေသော အဓိပညာ သိက္ခာ သာသနာဝိပဿနာဘာဝနာ ပညာတရားကိုမူကား အဘယ်မှာလျှင်ဆိုဘွယ်ရာအကြောင်းရှိပါတော့အံ့နည်း။ သြော် အလွန်အလွန်ပင်ကြားနာရခဲ၊ ကျင့်ကြံအားထုတ်နိုင်ခဲ၊ လေစွတကား။ ကြားနာခွင့်ကြုံကြိုက်လေးနက်စွာ နှလုံးသွင်း၍။ ကျင့်ကြံ အားထုတ်နိုင်ခြင်းရှိကြပါစေကုန်သတည်း။

(ခဲယဉ်းလှစွာ ကြုံသောခါ၊)

စားကံကြုံခိုက်။ မုတ်ဆိတ်နိုက်ဝယ်။
များဝင်လို့စွဲ၊ ထူးကဲလှတယ်။
စလက်,ဗယောင်း၊ မကောင်းကိုဖယ်။
အရည်စစ်၊ ညှစ်၍ယူစမ်းကွယ်။ ။
ဖြူ့ဘွာနတ်နှင့်၊ လူရပ်ချမ်းသာ။
စလက်,ဗယောင်း၊ ဘူကြောင်းတဖြာ။
နိဗ္ဗာန်စခန်း၊ ချမ်းသာယာ။
အရည်များ၊ တူပြားဥပမာ။ ။
သင်္ချေလေးရပ်၊ သိန်းကပ်ကမ္ဘာ။
ပါရမီအား၊ ဆယ်ပါးတိုးသာ။ ၂၁၃၀၁
ရှာဖွေရလို့၊ ဝေမှုချမ်းသာ။
ရတော်ခိုက်၊ ယူလိုက်ကြစမ်းပါ။ ။

ဟူသော ၅၈လုံးဘွဲ့ ကဗျာများ၏ အဓိပ္ပါယ် သဘော သွားကို၊ ချွတ်ဖွင့်ရှင်းလင်း ဘော်ပြပါဦးအံ့၊

ဂေါတမ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကြီးသည်။ ဒိပင်္ကရာမြတ်စွာဘုရား၏ သာသနာတော်အတွင်းဝယ်၊ သုမေဓါ ရှင်ရသေ့ ဘဝနှင့်ပင်။ နိဗ္ဗာန်တည်းဟူသော ချမ်းသာထူး ချမ်းသာမှန်ကို ရရှိခံစားနိုင်ပါလျက်၊ ငါကဲ့သို့သော ယောက်ျားမြတ် အာဇာနည်မှာ၊ တဦးတယောက်ထည်း ချမ်းသာထူးကို ရရှိခံစား၍ အဘယ်အကျိုးရှိအံ့နည်း။ ဒိပင်္ကရာမြတ်စွာဘုရားကဲ့သို့ပင်၊ သံသရာခရီးသည်တို့အား နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့၊ တင်ပို့ဆောင်ယူ ကယ်တင် တော်မူလိုသော မဟာဂရုဏာ အာသာဆန္ဒ၊ အာဂါမ သဒ္ဒါတရားကို လက်ကိုင်ထားလျက်။ ဒိပင်္ကရာဘုရား၏ ခြေတော် ရင်းတွင် ခန္ဓာကိုယ်ကို အလျားမှောက်ခါ။ တံတားပမာ ဆောက်လုပ်လှူဒါန်းပြီး။ ပဋ္ဌမ နိယတဗျာဒိတ်ပန်းကို ခံယူဆင်မြန်းတော်မူခဲ့ပေ၏။

ထိုကဲ့သို့ ခံယူတော်မူပြီးနောက်၊ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း အချိန်ကာလ တွင်းဝယ်။ ပါရမီဆယ်ပါး အပြားအားဖြင့် သုံးဆယ်တို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့ရပုံအကျဉ်းချုပ်မှာ၊ ဘုရားဖြစ်ရလိုမှုကို အကြောင်းပြု၍ လှူခဲ့သမျှသော မျက်လုံးဘော်များအား ရေတွက်ပါက၊ ကောင်းကင်တွင်ရှိ ငြိုဟ်နက္ခတ် တာရာ, ကြယ်တကာတို့ထက် ပိုမိုများပြားခြင်း၊ သွေးတော်များကို ရ ပေါင်းပါက၊မဟာသမုဒ္ဒရာ ရေထက်ပင်ပိုမိုများပြားခြင်း၊ ဤကဲ့သို့ပင် သာမန်လူတို့ ကျင့်နိုင်ခဲစွ၊ ကြားခါမျှပင် အလွန့်အလွန် ကြက်သီးထ၍အံ့သြလောက်ဘွယ် ခဲယဉ်းငြိုငြင်ပင်ပန်းကြီးစွာ လေးသင်္ချေနှင့်ကာဘသိန်း ကမ္ဘာလပတ်လုံး ရှာကြံအားထုတ်မှု

အကြောင်းကြောင့်၊ ရရှိအပ်သော နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကို၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး ကိုယ်တော်ဘိုင်ဖြန့်ချီဝေငှ အမွေရကြသူ၊ နှစ်ဆယ့်လေးသင်္ချေ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတသိန်းတို့မှာ၊ နိဗ္ဗာန်စခန်း၌ ချေမ်းခြင်းကြီးမက-ချေမ်း၍ နေကြပေပြီ။

သင် သူတော်ကောင်းအပေါင်းတို့ကား-မြတ်စွာဘုရားကိုယ်တော်တိုင်နှင့် မတွေ့ကြုံကြရလင့်ကစား၊ မြတ်စွာဘုရား၏ကိုယ်စားတော်အားဖြင့်ထားကာ ဟောကြားတော်မူခဲ့ပေသော နိဗ္ဗာန်ရောက်ကြောင်း တရားရတနာနှင့်တူသည့်ပျားသကာအုံကြီးမှာ စားရကံကြုံလို့မို့မုတ်ဆိတ်တွင်းဝယ်စွဲဝင်ခြင်းဖြစ်လာရသည့်ပမာဘမျှ၊ ကံကောင်းထောက်မသဖြင့် သာသနာတော် ခေတ်တွင်းတွင်၊ ဗုဒ္ဓဘာသာတရားတော်ကို သက်ဝင်ယုံကြည်သော လူ့ဘဝ၌ ဖြစ်လာရခြင်း၊ ဘဝပဒေသာပင်ကြီးကိုလည်း ယခု လက်ဆုပ်လက်ကိုင် ရရှိနေပေပြီ။

သို့စဉ်ဖြစ်ပါလျက်၊အရသာမမှန်,ချမ်းသာမစစ်,အညစ်ဗရဖွေ ရောထွေးကာနေသည့် ပျားစလက်ပျားဖယောင်းနှင့်တူသော၊အို,နာ,သေ,ရေး၊ပါယ်ဘေးဒုက္ခရှုပ်ပွေလှသော လူ့နတ်ဗြဟ္မာ၊တဒင်္ဂတနပ်စာ၊ချမ်းသာတု,ချမ်းသာယောင်တွေကို အဘယ်အကြောင်းကြောင့် လိုချင်ဇောစိတ်ဓါတ်ဖြင့် မက်မောယူငင်၍နေကြပါသနည်း။ရှိရင်းစွဲစည်းစိမ်ကို အကောင်းထင်မှတ်လျက်၊ နိဗ္ဗာန်ချမ်းသာကြီးအားရှာကြံမှုမေ့လျော့ပေါ့ဘန်ကာ၊ရှိရင်းစွဲစည်းစိမ်နှင့် တင်းတိမ်အားရနေနိုင်ကြပါသနည်း။ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကျမ်းကို မှီငြမ်းဘခု နှလုံးပြုလျက်၊ သတိသမ္ပဇဉ် ဉာဏ်ဝိရိယယှဉ်လို့မို့၊ စလက်ဖယောင်း မကောင်းသမျှတွေကို ဖယ်ပြီးသ

ကာလ။ အရည်ငစ်မှုနှင့်တူသည့် ဝိပဿနာဘာဝနာပညာတရား
ကို ကျင့်ကြံကြိုးစားအားထုတ်ပြီး။ ပျားရည်ပမာတမျှ ဝိမုတ္တိရသ
နိဗ္ဗူတာ မြိုက်ဩဇာကို သုံးဆောင်ခံစားအပ်လှပေတော့၏။ သုံး
ဆောင် ခံစားနိုင်ကြပါစေကုန်သတည်း။

—★—

(လွတ်ခဲ့ရာသာ–ပါယ်ဘေးက)

လိပ်ကန်းထမ်းပိုး၊ ဝင်ချိုးလွယ်စွာ။
ပါယ်ဘုံဝဋ်ထဲ၊ လွတ်ခဲလှစွာ။
ဗုဒ္ဓမြတ်ဖျား၊ ဟောကြားပမာ၊
ပါယ်ဘေးကြီး၊ တွေးပြီးကြောက်စမ်းပါ။ ။
နှမ်းစေ့ငယ်ခန့်၊ မီးမျှကိုပင်။
ထင်းစိုတစ်း၊ ထည့်ပြီးပြအင်။
မျက်တောင်ခတ်မျှ၊ ပြာကျကုန်စင်။
ငရဲမီး၊ တွေးပြီးကြောက်စေချင်။ ။

ဟူသော ရှစ်လုံးဘွဲ့ကဗျာအရ။ အပါယ်ဘုံဘဝသို့ တကြိမ်မျှကျ
ရောက်သွားသောသူတို့မှာ။ ဤလူ့ဘုံ၊ လူ့ဘဝ၊ ကို ပြန်လည်ရဖို့
ရန်ခဲယဉ်းကြောင်း။ အပါယ်ဝဋ်ဆင်းရဲ၏ နက်နဲပုံအကြောင်းကို

သေယျထာပိ ဘိက္ခဝေ၊ ပုရိသော၊
ဧကစ္ဆိဂ္ဂလံ ယုဂံ၊ မဟာသမုဒ္ဒေပက္ခိပေယျ။ ။

အစရှိသော ဒေသနာတော်မြတ်ကို။ ဥပရိပဏ္ဏာသ ပါဠိတော်
ဗါလပဏ္ဍိတသုတ်၌ မြတ်စွာဘုရားသခင်ဟောကြားထုတ်ဘော်
မိန့်ဆိုတော်မူရင်း အဓိပ္ပါယ်မှာ။ သံသရာဝဋ်ဖွက်မှ လွတ်ထွက်
ရန် ရည်မှန်းကြသည့် ငါ၏ချစ်သား ရဟန်းများတို့။ ဇမ္ဗူဒိပါ

တောင်ကျွန်း၏ တောင်ဘက်မျက်နှာ သမုဒ္ဒရာ၏ အလယ်၌၊ လိပ်ဦးခေါင်းဝင်သာရုံ အပေါက်ငယ် တခုသာရှိသော ထမ်းပိုး တခုကို ချထားရာ၊ ထိုထမ်းပိုးမှာ အရပ်ရှစ်မျက်နှာမှ ကျရောက်လာသော လေနှင့်လိုက်လျောကာ မျောနေရာ၏။ ဥတ္တရကုရု, အမည်ရှိသော မြောက်ကျွန်း၏ မြောက်ဘက်မျက်နှာ သမုဒ္ဒရာ၏ အလယ်မှ၊ မျက်စိနှစ်ဘက်အရုံ ပျက်နေသည့်၊ နှစ်တရာ, နှစ်တထောင်, ကျော်လွန်သော အချိန်ကာလ ကြာမှ၊ ရေပြင်တွင် တကြိမ်မျှ ပေါ်ရသည့် လိပ်ကန်း တကောင်ကို လွှတ်ထားရာ၏၊ ထိုထမ်းပိုးပေါက် နှင့် လိပ်ကန်း လည်ပင်းသည် အဆင်သင့်၍ အခွင့်သာစွာ ကြုံကြိုက်သောအားဖြင့်၊ ထမ်းပိုးပေါက်တွင်းသို့ လိပ်ကန်း၏လည်ပင်း စွတ်လျှိုမိခြင်း ရှိနိုင်ပါမည်လော၊ သင်ချစ်သားတို့ ဘယ်သို့လျှင် ထင်မိကြပါသနည်းဟု မေးတော်မူ၏။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူပေသော အရှင်ဘုရား၊ လိပ်ကန်း၏လည်ပင်း ထမ်းပိုးပေါက်တွင်းသို့ စွတ်လျှိုဝင်ရောက်မိခြင်းအကြောင်းမှာ အလွန့်အလွန်ပင် ခဲယဉ်းလှပါပေ၏ အရှင်ဘုရား၊ သို့ပါသော်လည်း—ထိုလိပ်ကန်းနှင့်ထမ်းပိုးတို့သည်၊ ဝိဝဋ္ဋဋ္ဌာယီ၊ တကမ္ဘာပတ်လုံး မပျက်ဆုံးဘဲ တည်ရှိကြပါမူကား၊ အသင်္ချေ-အသင်္ချေ— နှစ်ကာလရှည်ကြာသဖြင့်၊ တကြိမ်တခါမျှ စွတ်လျှိုနိုင်စရာအကြောင်း ရှိတန်ကောင်းပါသည် ဘုရားဟု လျှောက်ကြားကြသော ကာလ၊ ချစ်သား ရဟန်းတို့ ဤကဲ့သို့ လိပ်ကန်းလည်ပင်းနှင့် ထမ်းပိုးပေါက်စွတ်လျှိုရသော အကြောင်းကား—ခဲယဉ်းလှသည်ဟု မပြောပလောက်သေး။ ဤလူ့ပြည်မှ ရတော့၍ အပါယ်ဘုံ ဘဝသို့ ကျရောက် သွားသော သတ္တဝါများ၊ ဤလူ့ဘဝသို့ တဖန် ပြန်ရောက်လာနိုင်ရန် အရေး

ကား–ထို့ထက် အဆ,ရာ,ထောင်, ခဲယဉ်းခြင်းကြီးမက ခဲယဉ်း လှကြောင်း ငါဘုရား ဟောကြားတော်မူ၏။ အဘယ် အတွက် ကြောင့်-သို့ကလောက် ခဲယဉ်းကြောင်းကိုဟောကြားရသနည်း ဟူမူကား။ လူ့ဘဝကို ရရှိနိုင်ခြင်း အကြောင်းရင်းသည်၊ သေ ခါနီး မရဏာသန္နအခါကာလ၌ ဒါန,သီလ,ဘာဝနာ,အစရှိသော ကုသိုလ်ကံဇော စေတနာတခုခုကိုအာရုံပြု၍ သေလွန်သောသူ မှသာ လူ့ဘုံလူ့ဘဝကို ရနိုင်ပေ၏၊အကုသိုလ်ကံစိတ်ဇောဖြင့် သေသောသူမှန်သမျှ အပါယ်ဘုံဘဝသို့သာ ကျကြရစမြဲတည်း။ အပါယ်ဘုံဘဝသို့ ကျရောက်သော သတ္တဝါတို့တွင်လည်း၊ ပါ ရမီ ရင့်သန်ပြီးသောအလောင်းတော်ကြီးများကိုချန်လှပ်၍၊ဘယ် သတ္တဝါတဦးတယောက်မှ၊ ဒါန, သီလ, ဘာဝနာ, အစရှိသော ကုသိုလ်တရားတို့ကို မသိနိုင်ကြကုန်။

ချစ်သားတို့–အပါယ်ဘုံတွင်းရှိ တိရစ္ဆာန်များကို သင်တို့ ကြည့်ကြဦးလော့၊ အသက်ထက်ဆုံး အားရှိသောတိရစ္ဆာန်က အားမဲ့သော တိရစ္ဆာန်များကို နှိပ်စက်သတ်ဖြတ် စားသောက် တတ်သည့်၊ ဒေါသစိတ် လွှမ်းမိုးပြီး နေ့ရက်တွေ ကုန်သော တိရစ္ဆာန်မျိုး။ လောဘ,မောဟ,စိတ်တွေ လွှမ်းမိုးပြီး အချိန်ကုန် လွန် နေကြသော တိရစ္ဆာန် မျိုးတွေကိုသာ တွေ့မြင် ရလိမ့် မည်။

ပြိတ္တာ, အသုရကာယ်, ဘုံသားတွေကို ကြည့်ကြဦးလော့၊ ဝတ်မွတ်ဆာလောင် ကျင်နာ ပူပန်ခြင်း ဒုက္ခဘေး,ဒုက္ခဒဏ်,တို့ ဖြင့်၊ နေ့စဉ်နှင့်အမျှ တရံမစဲ လွန်ဆင်းရဲရ လေသောကြောင့်၊ သောက, ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,စိတ် တို့ကိုသာ နေ့စဉ်မွေး မြူခါ အချိန်ကုန်ရရှာ၏။

ငရဲဘုံတွင်းရှိ ငရဲသား သတ္တဝါတွေကို ကြည့်ကြဦးလော့။ မိမိတို့ ကျရောက်ရာ ငရဲဘုံဌာနန်၌။ ငရဲသက် အပိုင်းအခြားနှင့် အမျှသော အချိန်ကာလပတ်လုံး။ ထွက်သက်တရှူ, ဝင်သက်တရှိုက်,မျှ၊ ချမ်းသာရာ မရနိုင်လောက်အောင်။ အထူးထူး အထွေထွေ ဒုက္ခတွေဗရဗွေနှင့်မမြင်စုံ့,မရှုစုံ့,ကြောက်ခမန်း,လန့်ခမန်း, ဒုက္ခကြမ်းတွေကိုသာ ခံစားနေကြရကား။ ထိုငရဲသူ-ငရဲသားတို့မှာ။ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,စိတ်တို့နှင့် သာလျှင် အချိန်ကုန်ကြရရှာ၏။

ချစ်သားတို့-သို့ကလိုငရဲသူ,ငရဲသား,သတ္တဝါများသည်။ မိမိတို့ကျရောက်ရာ ဘုံဘဝ၌။ အသက်ရှည်သမျှ ကာလပတ်လုံး မကောင်းသော အကုသိုလ်စိတ်တွေကိုသာ အစဉ်မွေးမြူနေကြရကား။ တဘဝထက်တဘဝ ကုသိုလ်ကောင်းမှုတရားနှင့်ဝေးသည်နှင့်အမျှ။ မကောင်းမှု အကုသိုလ်ကံတွေ နှင့် ပိုမိုနီးစပ်ခါ။ ဝန်လေးသည်ထက် ဝန်လေးလာလျက်၊ မြစ်ရေ အယဉ်သည် မြင့်ရာမှနိမ့်ရာသို့တရွေ့ရွေ့တဖြည်းဖြည်းစီးဆင်းသကဲ့သို့သော်ငှင်း။ရေထဲသို့ပစ်ချလိုက်သောကျောက်ခဲသည်။ရေနက်၏အဆုံးသို့ အစဉ်တစိုက်နစ်၍ကျလေသကဲ့သို့သော်ငှင်း။ငရဲသို့တကြိမ်ကျရောက်သောသူသည်။ မိမိကျရောက်နေသောငရဲဘုံမှ။ဘဝအသချေ်အနန္တအောက်ဖြစ်သော ငရဲဘုံတို့သို့နစ်၍နစ်၍သာကျရောက်ရလေတော့၏။သို့ဖြစ်ပါ၍ မရဏာသန္တ,အချိန်အခါတွင်။ ကောင်းသောကုသိုလ်ကံ စေတနာ စောစိတ်ကို စောနိုင်သော သတ္တဝါဖြစ်ပါမှ၊ လူ့ဘုံ,လူ့ဘဝ,ကို ရနိုင်ပေသောကြောင့်။ အပါယ်လေးဘုံသို့ ကျရောက်လေပြီးသော ငရဲသတ္တဝါတို့၏တဖန် လူဖြစ်နိုင်ဘို့အရေးသည်။လိပ်ကန်းနှင့်ထမ်းပိုးပေါက် စွတ်လျှိုခါ

ဝင်မိရိုးထက်–အဆရာ့ထောင့်မက ခဲခက်လှကြောင်း ငါဘုရား ဟောကြားပေ၏ဟု ရှင်းလင်းပြတော်မူ၏။

၎င်းနောက်–ငရဲမီး၏ ပူပြင်းပုံအခြင်းအရာကို ရှင်းလင်းပြရ ပါမူ။ ဘုရားသခင် မရှိသည့်နောက်၊ မလ္လိယမထေရ့်က ငရဲမီး ပူပြင်းပုံ အခြင်းအရာကို သိလိုကြောင်းပါဘုရားဟု။ မိမိ၏ဆရာ အား လျှောက်ထားလေရာ။ ဆရာမထေရ်က–အရည်အစေးများ သော ထင်းစိုလှည်းတစီးကို ကျောက်ဖျာထက်၌ပုံစေ၍။ နှမ်းစေ့ မျှပမာဏရှိသော ငရဲမီးကို တန်ခိုးတော်ဖြင့်ယူငင်လျက်။ လက် ဝါးပြင်တွင် တင်ပြီး။ မိမိတပည့်အားပြကာ ထင်းစီးတွင်းသို့ ထည့်လိုက်ရာ။ မျက်တောင်တခတ်မျှ အချိန်ကာလအတွင်းတွင် ထင်းတစီးတိုက်လုံး ပြာအတိဖြစ်သွားပေ၏။ ဤမျှလောက် ပူပြင်း သော ငရဲမီးကို။ ငရဲသတ္တဝါတို့ကား အခါမလပ်ဒလစပ် ခံနေရ ပြီး။ ကြားရုံနှင့်ပင် ကြက်သီးထလောက်ဘွယ် ကောင်းအောင်။ ရှင်အဂ္ဂသမာဓိ့က၊ မာတလိ နတ်သား ဝေဇယန္တာ ရထားဖြင့် နေမိမင်းကြီးအား ငရဲပြည်သို့ခေါ်သွားရာတွင်။ ငရဲသူ့ငရဲသား တို့၏ခံစားနေရပုံ နေမိမင်းကြီးတွေ့မြင်ပုံနှင့်အကြောင်းကို။ ကဗျာ ဥဏ်ကွန့်မြူးလျက်.......

တထိန်ထိန်လျှင်၊ တောက်ရှိန်မညံ၊ ဆင်းရဲခံလည်း၊
သွေးသံမကျေ၊ ကိုယ်မသေလျှင်၊ ဖြစ်ထွေလွန်မင်း။ တာ
ရှည်ပြင်းခဲ၊ သိတင်းကောင်းထွတ်၊ ဘယ်သူမြတ်သည့်၊
ချွတ်ပေလာ၍၊ ကံကြီးတွေ့သို့၊ မီးငွေ့မသည်း၊ ငြိမ်းခနည့်း
လျှင်၊ ဖြင်ပည်းများစွာ၊ လွတ်ကုန်ပါအံ့၊ ဟာဟာမီးဝယ်၊
အံ့သူဆယ်လိမ့်၊ အဘယ်မုန်းထား၊ မတရားသား။ မှုထား
ညစ်ဘိ၊ ကျင့်မှားမိ၍၊ ထိထိနာနာ၊ သည်းအရှချာက၊ မီးသာ

ပြောင်ပြောင်၊ တောကြီး လောင်သို့၊ ဥသျှောင် ဆံထုံး၊ တုံးရရုံးလျှင်၊ ပတ်ကုံးနိုင်နင်း၊ ရှင်သေမင်းကို၊ ခြေရင်း ဝပ်ကျိုး၊ ရှိလျှင်ခိုးလျက်၊ ကိုယ်ဘိုးနဂ်လေး၊ ရွှေငွေပေး လည်း၊ အရေးမယူ၊ ခံစေဟူ၍၊ ကလူညှင်းကျင်၊ ဘယ် နံလျှင်တည့်၊ မမြင်စံ့ဘဲ၊ ဤဖြင့်ပြသည့်၊ ငရဲလွတ်ပါ လတံ့နည်း၊ ။

ဟူသောလင်္ကာ စကားဖြင့်၊ ငရဲသူ, ငရဲသား,တို့၏ အတိဒုက္ခ ကြီးလေးလှပုံ ထိုဒုက္ခတရားသည်၊မိမိ၏ အကုသိုလ်ကံ မကုန် မခြင်း၊ မည်သို့သောနည်းမျိုးနှင့်မှ မရှောင်သာ, မတိမ်းသာဘဲ၊ အစဉ်မပြတ် ခံနေရပုံ အကြောင်းကို၊ သောင်ပြင်မှာ ဆင်သွား သကဲ့သို့ ထင်ရှားအောင် ဖွဲ့နွဲ့စပ်ဆိုတော်မူခဲ့ပေ၏၊ သို့ဖြစ်ပါ၍ အကုသိုလ်တရားကြီးကို တားဆီးနိုင်သည့်၊ သတိမဏ္ဍိုင်ပညာ ဉာဏ်ခိုင်မြဲကြပါစေသတည်း၊

—✩—

(ဘေးရန်ကင်းရာနိဗ္ဗာန်ဘုံ)

ယခုအခါ၊ လောဘ, ဒေါသ, မောဟ,မီးတို့၏ ချုပ်ပျောက် သေငြိမ်းလျက်၊ အိုနာ,သေ,ရေး၊ပါယ်ဘေးဒုက္ခ ဘေးရန်တွေ အနန္တတို့၏ ကင်းပပြတ်စဲရာ၊ သဘာဝခမ္မ သန္တိသုခ၊ ငြိမ်းလှ သည့် နိဗ္ဗာန်စခန်း အံ့မခမ်းဘွယ်၊ ဆန်းကြယ်ပုံ အသွယ်သွယ် တို့ကို ဘော်ပြပါအံ့၊ ဓမ္မနိယာမ အလိုအားဖြင့်၊ အမှောင်ဓါတ် လုံးဝပြတ်စဲပါက၊ အလင်းဓါတ်ပေါ်ပေါက်လာရစမြဲ၊ အပူဓါတ် လုံးဝပြတ်စဲပါက၊ အအေဓါတ် ပေါ်ပေါက်လာရစမြဲ၊ သဘ်တဓါတ် တို့ ပြုပြင်အပ်သော ဇာတိ ဇရာ ဗျာဓိ မရဏ ဘေးတွေ၊ ရော ထွေးနေသည့် သုံးဆယ့်တဘုံ လောကတွင်းဝယ်၊ ဖြစ်တတ်

ပျက်စီးတတ်သော ရုပ်ဓါတ်၊နာမ်ဓါတ်၊တွေ လုံးဝပြတ်စဲပါက။ အို၊နာ၊သေ၊ရေး၊ပါယ်ဘေးဒုက္ခတို့၏ကင်းပပြတ်စဲရာ။အသင်္ခတ ဓါတ် မပြုပြင်အပ်သည့် ရုပ်ဓါတ်၊နာမ်ဓါတ်၊ တို့၏ ချုပ်ငြိမ်းမှု။ နိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်ကြီး ပေါ်ပေါက်လာရစမြဲမှာ။မလွဲ ဧကန် တကယ်ပင်မှန်ပေ၏။ ထိုကဲ့သို့ ပေါ်ပေါက်လာသောဘေး ရန် ကင်းကုန် နိဗ္ဗာန်ဘုံကြီးသည်။ အဘယ်မျှလောက် အနန္တ သုခ ပြည့်ဝလျက်။ မြေချမ်းသာခြင်းအစစ် အမှန် ဖြစ်ပါသနည်း ဟူ၍ မေးငြားအံ့။ နိဗ္ဗာန်တရား၏ ချမ်းသာပုံအကြောင်းကို။ လုံး ရပ်သဏ္ဍာန် အထည်ဖြုပ်သဘောဖြင့် ဘော်ပြခြင်းငှါ ခဲယဉ်း လေရကား။ နိဗ္ဗာန်စခန်းအံ့မခန်း၏ ဆန့်ကျင်ဘက်ဖြစ်သော သုံး ဆယ့်တဘုံလောကတွင် ဖြစ်ပေါ်နေထိုင်ကြသည့် သတ္တဝါတို့၏ ပူပန်ဆင်းရဲပုံ သဘောနှင့် နှိုင်းစာချိန်ဆသောအားဖြင့်။ ထို ပူပန် သောဘေးဒုက္ခ အပေါင်းတို့၏ကုန်ဆုံးချုပ်ငြိမ်းမှု၊ နိဗ္ဗာန်စခန်း၏ ချမ်းသာယာပုံအကြောင်းကို သိနိုင်စရာရှိပေ၏။

သို့ဖြစ်ပါ၍ သုံးဆယ့်တဘုံ လောကတွင်းဝယ် ဖြစ်ပေါ်နေ ထိုင်ကြသည့် သတ္တဝါမှန်သမျှတို့မှာ။ ဘေးရန်တွေ အနန္တဘက် တွဲလျက်၊ ဒုက္ခတုံး၊ဒုက္ခခဲ၊ ဒုက္ခစစ်၊ ဒုက္ခမှန်၊ဖြစ်၍ နေရခြင်း အ ကြောင်းကို ဘော်ပြရေးသားရန် လိုအပ်ပြန်ရကား။ အကျဉ်းမျှ ဘော်ပြပါဦးအံ့။ လောက ဥပမာအားဖြင့်-တရုံလုံး ကောက်နေ သည့် ငါးရုံတွင်းမှ ငါးများကိုရွေးလိုက်သော်။ ခပ်ကွေးကွေးနေ သည့် ငါးကလေးကိုပင် ဖြောင့်၍နေပေသည်ဟု ဆိုရသကဲ့သို့။ ထိုနည်းမခြား-ပိုက်ဆံတပြားမျှမရှိသူနှင့် နှိုင်းစာလျှင်၊ပိုက်ဆံ တ ပြားရှိသူအားပိုက်ဆံ ရှိသည်ဟုခေါ်ဆိုရ၏၊တဖန် ပိုက်ဆံဘပြား ရှိသူနှင့် နှစ်ပြားရှိသူကို နှိုင်းစာပြန်က။ နှစ်ပြားရှိသူက တဆင့်

သာလျက်၊ နှစ်ပြားရှိသူနှင့်သုံးပြားရှိသူကိုနှိုင်းစာပြန်က၊ သုံးပြားရှိသူက တဆင့်သာသည်ဟု ဆိုရပြန်၏။ ဤနည်းအားဖြင့်-ဆင့်ထက်ကဲခါ၊ ပိန်မသာ, လိန်မသာ, သာသည်ဟု ဆိုရပါသော်လည်း၊ ထိုကဲ့သို့ ဆင့်ထက်ကဲ သာ၍နေခြင်းသည်၊ တကယ်စင်စစ် ရန်သူမျိုးငါးပါးဘေးရန်အန္တရာယ်များ နှိပ်စက်ဖျက်ဆီးသော်လည်း၊ မပျက်စီးနိုင်,မကုန်ခမ်းနိုင်သော ဣဋ္ဌာသယ,လိုတိုင်းရမည့် ထာဝစဉ်တည်မြဲနေသည့် ရွှေအိုးကြီး အစစ်အမှန်ဖြစ်ပါသလော၊ စင်စစ်ကား မဟုတ်၊ ထိုဣဋ္ဌာသယ ရွှေအိုးနှင့် နှိုင်းစားပြန်ပါက၊ မြင်းမိုရ်တောင် နှင့် ဆီးစေ့ ပမာ နှိုင်းစာယှဉ်တွဲ၍ ပြိုင်ပွဲသို့ပင် မဝင်သာတော့ပေ။

ဤနည်းအလား—သုံးဆယ့်တဘုံ လောကတွင်းဝယ်။ သုခအနည်းငယ်မျှမဘက်၊ ဒုက္ခသက်သက်သာအစဉ်ခံနေရရှာသော ပိုက်ဆံ တပြားမျှမရှိသောသူနှင့် တူသည့် အပါယ် လေးဘုံသူသတ္တဝါတို့နှင့်နှိုင်းစာပါက ဒုက္ခခဲတွင် အနည်းငယ်သုခဘက်တွဲနေသော ပိုက်ဆံတပြားရှိသူနှင့်တူသည့် လူ့ချမ်းသာ၊ နှစ်ပြားရှိသောသူနှင့်တူသည့် နတ်ချမ်းသာ။သုံးပြားရှိသောသူနှင့်တူသည့် ပြဟ္မာ့ချမ်းသာအားဖြင့် အဆင့်ဆင့်ခေါ်ဆိုနေကြလင့်ကစား။ထိုပိုက်ဆံတပြား,နှစ်ပြား,သုံးပြား,ရှိသူတို့နှင့်တူသောလူနတ်ပြဟ္မာချမ်းသာတို့သည်၊ စင်စစ်သော်ကား— သုံးမလောက်, ဖြုန်းမလောက်, ဘေးရန်အန္တရာယ် အနန္တ ဘက်တွဲလျက်၊ ဒုက္ခတုံး, ဒုက္ခခဲ, ချမ်းသာလိမ်,ချမ်းသာကောက်, ချမ်းသာမှောက်, ချမ်းသာမှား, ချမ်းသာပုတ်, ချမ်းသာပွဲ, အနည်းငယ်မျှမခိုင်မြဲသည်ကို၊ အဘယ်မှာလျှင် ချမ်းသာစစ်, ချမ်းသာမှန်,ဟု ပြောဆိုရန်ရှိပါတော့အံ့နည်း။

ရန်သူတွေအနန္တ ဖျက်ဆီး၍မရသည့် ဇာနန္တာသယ,လိုတိုင်း ရသော ထာဝစဉ်တည်မြဲနေမည့် ဖြွေအိုးအစစ်နှင့်တူသည့်နိဗ္ဗာန် တည်းဟူသော သုခတုံး,သုခခဲ၊ ချမ်းသာစစ်, ချမ်းသာမှန်, နှင့် အဘယ်မှာလျှင် နှိုင်းစားရန်သင့်ပါတော့အံ့နည်း။ လူ,နတ်,ဗြဟ္မာ ချမ်းသာနှင့်နိဗ္ဗာန်ချမ်း သာမှာ မနှိုင်းသာ,မယှဉ်သာအောင် ကွာ ချင့်တိုင်း ကွာနေလေရကား၊ ထိုကဲ့သို့ မပြောပလောက်သော လူ,နတ်,ဗြဟ္မာ,ချမ်းသာတို့ကို၊ ချမ်းသာသည်ဟု ခေါ်ဆို၍နေ ကြပါသော်လည်း၊ သုခသစ္စာအဖြစ် ချမ်းသာစစ်, ချမ်းသာမှန်, တွင်းသို့ သွတ်သွင်း၍ဟောကြားတော်မမူကြောင်းကိုသိအပ်၏၊ ထိုကဲ့သို့ချမ်းသာ,ဆင်းရဲ,ရန်စွယ်တွေ ဘက်တွဲလျက်၊အမျိုးမျိုး အဖုံဖုံကွဲချင်တိုင်း ကွဲပြားခြားနားနေကြခြင်းမှာလည်းအကြောင်း မဲ့ မဟုတ်၊ မိမိတို့၏ ပြုလုပ်မှု အကြောင်းတရားတွေ ကွဲပြား၍၊ အကျိုးပေးတရားလွဲမှားခါနေကြရခြင်းကို၊ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်တွင်-

စိတ္တေန နီယျတိလောကော၊ စိတ္တေန ပရိကဿတိ။

စိတ္တဿ ဧက ဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဂူ။ ။

ဟူသော ပါဠိတော်အရ။ဟောကြားတော်မူလိုရင်း အဓိပ္ပါယ်မှာ စိတ်သည် လောကသုံးပါးကို ဖြစ်ပေါ်လာအောင်လည်း ဆောင် ရွက်ပြုပြင်တတ်၏၊ ထိုလောကသုံးပါးကိုပင် ပျက်စီးပြိုကွဲ၍သွား အောင်လည်းဖျက်ဆီးဆောင်နှင်းတတ်၏။အလုံးစုံသောသဘော တရားမှန်သမျှ၊ စိတ်,ဟုဆိုအပ်သော တခုတည်းသော သဘော အလိုနောက်သို့သာလျှင်၊အစဉ်တစိုက် လိုက်လျက်နေရပေ၏ဟု ဆိုလိုရကား။အဘယ်ပုဂ္ဂိုလ်သတ္တဝါတို့၏ စိတ်ဓါတ်က လော ကကြီးသုံးပါးကို ဖြစ်ပေါ်အောင်ဖန်တီး၍၊ အဘယ်ပုဂ္ဂိုလ်တို့၏

စိတ်ဓါတ်က လောကကြီးသုံးပါးကို ပျက်စီးအောင်၊ ဖျက်ဆီး ကျိုးဆောင်နေသနည်း။

စိတ်၏ အလိုဆန္ဒနောက်သို့ အဘယ်ကဲ့သို့ လိုက်၍ နေကြရသည့် အကြောင်းကို သိရန် လိုအပ်ပြန်သဖြင့်။ အကျဉ်းမျှ ဘော်ပြပါဦးအံ့။ လူ,နတ်,ဗြဟ္မာ,သတ္တဝါ မှန်သမျှတို့၏ အမြုတ္တ သဏ္ဍာန်၊ ရုပ်နာမ်ဟုဆိုအပ်သော သတ္တလောက။ ထိုပုဂ္ဂိုလ် အသီးသီးတို့၏ အာရုံခံစား မှီတင်းနေထိုင်ရာဖြစ်သော ဗဟိဒ္ဓ, သုံးဆယ့်တဘုံ ဩကာသလောက။ ထိုပုဂ္ဂိုလ်တို့၏ စိတ်အစဉ်တွင်။ ကောင်းမှု,မကောင်းမှု,အကြောင်းရတွေ အစဉ်ထာဝရဖြစ်ပေါ်နေရသော သင်္ခါရလောက၊ အစရှိသည့် ဤလောကကြီးသုံးပါးကို ပုထုဇဉ် သတ္တဝါအပေါင်းတို့၏ လောကီစိတ်ဓါတ် အရတို့က ဖြစ်ပေါ်လာအောင် ပြုပြင်ဖန်တီး၍။ ၎င်း ရုပ်ဓါတ်,နာမ်ဓါတ်,အစရှိသော လောကကြီး သုံးပါးကို။အလုံးစုံသော ဘုရားရဟန္တာ, အရိယာပုဂ္ဂိုလ်အပေါင်းတို့၏။ လောကုတ္တရာ စိတ်ရဟုဆိုအပ်သော မဂ်စိတ်,ဖိုလ်စိတ်,တို့က ဖျက်ဆီး ကျိုးဆောင်အပ်ပါကြောင်း၊ စိတ်ဓါတ်၏ သဘောအလိုသို့ အလုံးစုံသော သဘောတရားမှန်သမျှလိုက်လျောကာနေရသည့်အကြောင်းမှာ၊ သတ္တဝါအသီးသီးတို့၏အလိုဆန္ဒရှိမှု,ပြုပြင်မှု,စိတ်အစဉ်ကို လိုက်၍ သတ္တဝါအမျိုးမျိုး ဖြစ်ပေါ်လာရပေ၏။

ထိုစိတ်ဓါတ်သည် လောကကြီးသုံးပါးကို ပြုပြင်ဖျက်ဆီးရာတွင်။ မိမိက အကြီးအမှူး ဦးစီးနာယကလုပ်လျက်။ ကောင်းမှု, မကောင်းမှု အကြောင်းရတို့ကို ဖန်တီးနိုင်သော ကံဆရာကြီး၊ ပူမှု,အေးမှု, လောင်ကျွမ်းကြေကျက်မှု,တို့ကို ထက်မြက်စွာ ဖန်တီးနိုင်သော ဥတုဆရာကြီး၊ ကံဆရာနှင့် ဥတုဆရာတို့ ဖန်တီးသမျှ

ကို ထောက်ပံ့အားပေးနိုင်သော အာဟာရဆရာကြီးများနှင့် တွဲဘက်လျက်။ မိမိ၏အလိုဆန္ဒအတိုင်း၊ဗဟိဒ္ဓပြင်ကာသ သုံးဆယ့်တဘုံလောကကြီးကို ကံဆရာကြီးအားလုပ်စေ၏၊ ကံဆရာကြီးမှတဆင့် ဥတုဆရာကို စေခိုင်းသမျှ ဥတုဆရာကြီးက ပြုလုပ်ရပြန်၏၊ အဇ္ဈတ္တသတ္တလောကကြီးကို ခပ်ကြမ်းကြမ်းနေရာမှာ၊ ဥတုနှင့်အာဟာရဆရာတို့အား လုပ်စေ၍၊ ခပ်နူးနူးနေရာတွေအား ကံဆရာကြီးကို လုပ်စေ၏၊ အချို့သော နေရာတွေမှာ မိမိကိုယ်တိုင်လည်း ကူညီလုပ်ကိုင်ပေ၏။

ထိုစိတ်ဓါတ်သည် အလွန်တရာ ဆန်းကြယ်လျက်၊ တန်ခိုးအာနုဘော်အစွမ်းသတ္တိ ထက်မြက်ကြီးမား၏၊လောကကြီးတွင် စိတ်ထက် ပိုမို၍ဆန်းကြယ် တန်ခိုးထက်မျက်သော တရားဟူသည် မရှိတော့ပေ။ သို့ဖြစ်၍ အတုမရှိအောင် ဆန်းကြယ်ထက်မြက် တန်ခိုးသတ္တိနှင့်ပြည့်စုံသော ထိုစိတ်သည်၊အတုမရှိအောင် ဆင်းရဲမှု,ချမ်းသာမှု,တို့ကိုလည်း ဆောင်စွမ်းနိုင်ပေ၏။ ထိုစိတ်ကို–"ဝိဇာနာတီတိခေါ ဘိက္ခဝေ၊ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ" ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်အရ၊ အာရုံကို သိတတ်သော သဘောတရားကြောင့် ဝိညာဏ်ဟူ၍ခေါ်ဆို၏၊ ၎င်းပြင် မနနံ မနော, ဟူသော ဝစနတ္ထနှင့်အညီ၊ သိခြင်းသဘောသတ္တိထူးကြောင့်၊ မနော, ဟူ၍လည်းခေါ် ဆို၏။

အာရမဏံ စိန္တေတီတိ စိတ္တံ ဟူသော ဝိဂြိုဟ် နှင့် အညီ၊ အာရုံကို ကြံတတ်သောသတ္တိ သဘောကြောင့်၊စိတ်-ဟူ၍လည်း ခေါ်ဆို၏။ ထိုစိတ်ဓါတ်သည် "ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ" ဟူသော အဘိဓမ္မာပါဠိတော်,အင်္ဂုတ္တိုရ်ပါဠိတော်များအရ၊နဂိုရ်သဘာဝအားဖြင့်၊ ဖြူစင်သောသဘော ဖြိုးဖြိုးဖြက်ဖြက်ပြောင်

လင်းသောသဘောရှိ၏။စိတ်၏ အစဉ်သည်၊အဝိစ္ဆိန္န ပဝတ္တိ ယေဝ,ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ၊အသည်းသတ် ဘိုင်ဖြစ် ခိုက်သဲ့ဥပဓိကိုချန်လှပ်၍။နိဗ္ဗာန်သို့မရောက်မခြင်း။အဘယ်အခါ ကာလမှ မပြတ်မလပ်၊ တဖြစ်ထည်း ဖြစ်၍နေတတ်၏။အဘယ် ကဲ့သို့ ဖြစ်၍နေသနည်းဟု ဆိုသော်၊ ပဋိသန္ဓေ ဝိညာဏ်စိတ် ချုပ်ပြီးနောက်-ဘဝင်စိတ် တဆယ့်ငါးကြိမ်,တဆယ့်ခြောက် ကြိမ်ခန့်ဖြစ်၏။

ထိုနောက်–ဘဝသစ်ကိုဆင်ခြင်သော မနောဒွါရဝဇ္ဇန်းစိတ် တကြိမ်၊ ထိုနောက်-ဘဝသစ်ကို နှစ်သက်တတ်သော လောဘ ဇောစိတ်, ခုနစ်ကြိမ်၊ ထိုနောက်–ဘဝင်စိတ် တလှည့်၊ ဝိထိစိတ် တလှည့်စီဖြစ်ပြီး။ နောက်ဆုံး စုတိစိတ်ဖြစ်ရပြန်၏။ ထိုစုတိ စိတ် နှင့်တဖန် မခြားမလပ်ဘဲ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာပြန်၏၊ ဤ နည်းအားဖြင့်–စိတ်ဓါတ်သည်၊ဥပါဒ်-ဌီ-ဘင်,ဟူ၍ ခဏငယ် သုံး ချက်မျှ အသက်ရှည်ခါ၊"အသရိရံ ဂုဟာသယံ"ဟူသော ဓမ္မပဒ ပါဠိတော်အရ၊ ဝဏ္ဏ ဒြပ် အထည် ကိုယ်, မရှိဘဲ သိတတ်သော သဘောဘရားသာလျှင်၊ ဟဒယဝတ္ထုရုပ် ဟု ခေါ်ဆိုအပ်သော နှလုံးဘူးလိုင်တွင်းမှာ ကိန်းဝပ်၍၊ အစဉ်မပြတ် ဖြစ်ပျက်နေတတ် သော ဓမ္မဘာသဘာဝရှိ၏။

ဘဝင်စိတ် ဆိုသည်မှာ၊ ဘဝဿအင်္ဂံ ဘဝင်္ဂံ,ဟူသော ဝိဂြိုဟ်အရ၊ ဘဝ၏ဖြစ်ကြောင်း ဘဝ၏စိတ်ကို ဆိုလိုသည်၊ ထို ဘဝင်စိတ်ကို ဘဝ၏အဦးအစဖြစ်လျှင် ပဋိသန္ဓေစိတ်၊ ဘဝ၏ နောက်ဆုံးဖြစ်လျှင် စုတိစိတ်ဟူ၍ခေါ်ဆို၏၊ သို့ဖြစ်၍"သန္ဓေ ဘ ဝင်၊စုတိလျှင်၊ သုံးခွင်စိတ်တူ၊အာရုံတူ၊"ဟူ၍၊ ဒိပရင်းဆရာတော် ဘုရား စပ်ဆိုတော်မူခဲ့ပေ၏၊ ထို ဘဝင်စိတ်၊ပဋိသန္ဓေစိတ်၊ စုတိ

စိတ်, တို့သည်။ အခြားမဲ့–လွန်ခဲ့သောဘဝ၌၊ သေခါနီး အချိန်ကာလတွင်ထင်မြင်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, သုံးပါးတို့တွင်။ တပါးပါးသော မရဏာသန္နဇောဝ, အာရုံပြုသည့် အာရုံဟောင်းကိုသာအာရုံပြုကြသည်။အထူးအံ့ထွေအားဖြင့်မသိတတ်မကြံတတ်။သွား,ရပ်,ထိုင်,လျောင်း,သော ကိုယ်, နှုတ်, အမူအရာကိုလည်း မဖြစ်စေတတ်။ သေသည်ဟုမခေါ်ဆိုရရုံ,စိတ်ရှိသည်ဆိုရရုံသာနှလုံးအိမ်ထဲ၌ ဖြစ်၍နေ၏။

အိပ်ပျော်နေသောအခါ။ လူမှန်းမသိသောအခါ။ မြောနစ်၍နေသောအခါတို့တွင်။ ဘဝင်စိတ်သက်သက်သာ ဖြစ်နေပေ၏။ ရုပ်ခန္ဓာကို စောင့်ရှောက်ရုံ ဘဝ၏အကြောင်းအင်္ဂါမျှသာဖြစ်၏။ ဝိထိစိတ်ဆိုသည်မှာ။ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,ဟဒယဝတ္ထု,ဟုဆိုအပ်သော အဇ္ဈိမ်ခြောက်ရသို့။အာရုံခြောက်ပါး လာရောက်တိုက်ခိုက်မိသောအခါ။၎င်းအာရုံကို အာရုံပြုလျက်၊တန်းစည်၍ဖြစ်သောစိတ်ကို ဆိုသည်။ ဘဝင်စိတ်က အာရုံဟောင်းကိုသာ အာရုံပြု၍ အမှောင်နှင့်အလားတူ၏။ ဝိထိစိတ်က အာရုံသစ်ကိုသာ အာရုံပြု၍ အလင်းနှင့်အလားတူ၏။အမှောင်ရောက်က– အလင်းပျောက်မြဲ။ အလင်းရောက်က အမှောင်ပျောက်မြဲ, ဖြစ်သကဲ့သို့။ ဘဝင်စိတ်ဖြစ်ပေါ်က ဝိထိစိတ်ချုပ်ပျက်မြဲ။ ဝိထိစိတ်ဖြစ်ပေါ်က ဘဝင်စိတ်ချုပ်ပျက်မြဲ ဖြစ်ပေ၏။

ထိုဝိထိစိတ် ဖြစ်ပေါ်ရာမှာလည်း။ ဖြစ်ရာဒွေသကို လိုက်၍ စက္ခုဒွါရဝိထိ၊ သောတဒွါရဝိထိ၊ ဃာနဒွါရဝိထိ၊ ဇိဝှါဒွါရဝိထိ၊ ကာယဒွါရဝိထိ၊ မနောဒွါရဝိထိ,ဟူ၍ အမည်ခြောက်မျိုးကွဲပြားသွားပြန်၏။ ယခုအခါ စက္ခုဒွါရဝိထိ၏ စိတ်အစဉ် ဖြစ်ပေါ်ပုံကို ဖော်ပြပါအံ့။

မှောင်၏အသွင်-ဘဝင်စိတ်ဖြစ်၍နေရာမှ၊ စက္ခုဒွါရ အကြည်တံခါး၌၊ ဗဟိဒ္ဓမှ ရူပါရုံ ထင်လာ ထိခိုက်လာသော အခါနှင့်။ မရှေး မနှောင်း တပြိုင်နက် ထိုရူပါရုံသည်၊ နှလုံးအိမ် အတွင်း မူလဘဝင်တွင်။ထင်လာ ထိခိုက်လာသဖြင့်၊ရုတ်တရက် ဘဝင်တုံလှုပ်သွားလျက်။ အာရုံဟောင်းကို စွန့်၍၊ အာရုံသစ်ကို ဆွဲတွယ် အာရုံပြုလိုသော အခြင်းအရာအားဖြင့်၊ တကြိမ် နှစ်ကြိမ် ဖြစ်လျက်ချုပ်သွား၏။ ပထမဘဝင်လှုပ်သောအကြိမ်ကို-ဘဝင်စလန။ ဒုတိယ အတိတ်ဘဝင် ပြတ်သွားသကဲ့သို့ ဖြစ်ခြင်းကို၊ ဘဝင်ုပစ္ဆေဒ-ဟုခေါ်၏။ ၎င်းနောက် ဆက်လက်၍ နှလုံးအိမ်အတွင်း၌ပင်၊ အတိတ်အာရုံဟောင်းကိုလွှတ်လျက်။ ယခု ထင်လာသော အာရုံသစ်အား၊ သင်းဘာလဲဟု ဆင်ခြင်၍ဖြစ်ခြင်းကြောင့် အာဝဇ္ဇန်းစိတ်ဟုခေါ်ဆို၏။

၎င်းစိတ်ချုပ်ပြီးနောက် ဆက်လက်၍။အဝေး နှလုံးအိမ်တွင်းမှ ဆင်ခြင်မှုကိုအားမရဘဲ၊ မျက်လုံးအိမ်တွင်းရှိ အကြည်ဓါတ်ပေါ်သို့ လာရောက်လျက်၊အဆင်းအာရုံကို ထင်လင်းစွာ မြင်ခြင်းကိစ္စဖြင့် ဆွဲတွယ် အာရုံပြုခြင်းကြောင့်။ စက္ခုဝိညာဏ်စိတ်ဟုခေါ်ဆို၏၊၎င်းစိတ်ချုပ်ပြီးနောက်၊ထိုရူပါရုံကိုပင် ဆွဲတွယ်လျက်မိမိနေရာဟောင်း-ဟဒယ နှလုံးအိမ်တွင်းသို့ အရောက်၊ မလွတ်မပျောက် ရအောင် ခံလင့် ယူဆောင်လာကာ အာရုံ ပြုခြင်းကြောင့်၊ သမ္ပဋိစ္ဆိုင်းစိတ်ဟု ခေါ်ဆိုပြန်၏။ ၎င်း စိတ်ချုပ်ပြီးနောက်၊ထိုအာရုံကိုပင်ဆွဲတွယ်လျက်၊ ထိုအာရုံသည် ကောင်းသောသဘောလော၊ မကောင်းသော သဘောလောဟု ရုံစမ်းစစ်ဆေးလိုသော သဘောဖြင့် ဖြစ်ပေါ်၍လာခြင်းကြောင့်၊ သန္တီရဏ စိတ်ဟု ခေါ်ဆိုပြန်၏၊ ၎င်းစိတ်ချုပ်ပြီးနောက် မိမိရုံစမ်း

မိသောအာရုံသည်။ ကောင်း၏ သို့မဟုတ်-မကောင်းဟု တထစ်ချဆုံးဖြတ်သော ကိစ္စ အနေအားဖြင့် ဖြစ်ပေါ်၍လာခြင်းကြောင့်။ ဝုဋ္ဌောစိတ်ဟု ခေါ်ဆိုပြန်၏။

၎င်းစိတ်ချုပ်ပြီးနောက်။ထိုရူပါရုံ၏ကောင်းမှု မကောင်းမှု တခုခုသောအရသာကို။အားသန်မာစွာဖြင့်၊ခုနစ်ကြိမ်မျှ ခံစား၏။ထိုစိတ်သည် အာရုံ၏အရသာကိုထက်သန်စွာ ခံစားနိုင်ခြင်းကြောင့် ဇောစိတ် ဟု ခေါ်ဆိုပြန်၏၊ ၎င်းစိတ်ခါတ်ဖြင့်-ကုသိုလ်ကံ-အကုသိုလ်ကံ ဖြစ်အောင် အကျိုးပေးနိုင်၏။ထိုဇောစိတ်အစဉ်တွင်လည်း။ပထမ ဇောစိတ်မှ။စတုတ္ထ ဇောစိတ်တိုင်အောင်။ အဆင့်ဆင့်အားကောင်း၍၊ပဥ္စမဇောစိတ်မှ သတ္တမဇောစိတ်တိုင်အောင် အဆင့်ဆင့်အားညံ့သွားပေ၏။၎င်းစိတ်ချုပ်ပြီးနောက်ထိုအာရုံ၏ အရသာကို။နောက်ယောင်ခံစားသောသဘောအားဖြင့်၊တကြိမ် နှစ်ကြိမ် စသည်ဖြစ်၏၊ ၎င်းစိတ်ကို-တဒါရုံ သို့မဟုတ် နောက်လိုက်စိတ်ဟုခေါ်ဆို၏။စိတ်လည်း အဆင့်ဆင့် အားညံ့၍သွား၏၊ ၎င်းနောင်ဖြစ်သော စိတ်သည်။ ထိုတဒါရုံစိတ်ထက် အားညံ့သွား၏၊၎င်းစိတ်သည်-ဘဝင်စလန၏ရှေ့ အနန္တရစိတ်၏ ဥပါဒ်နှင့်အဘူမြိုင်လျက် ဥပါဒ် ခဲ့၍၊ထို မိမိနှင့် တပြိုင်တည်း ဖြစ်ပေါ်သော ဘဝင်စိတ်တချက်ကိုလွန်၍၊ ဘဝင်စလနသို့ကျမှ၊ စိတ်၌ ဖြစ်ပေါ်လာသော ထိုရူပါရုံ သည်၊ဤ ဒုတိယ တဒါရုံ နှင့် ပြိုင်၍ ချုပ်၏။

ထို့ကြောင့်- ရုပ် တသက်သည်။ စိတ္တက္ခဏ-ဘဆယ့်ခုနစ်ချက်စာရှည်၏၊ ထိုတဒါရုံနောင် ဖြစ်ပေါ်သောစိတ်သည်၊ မိမိ၌ ရူပါရုံထင်လာသဖြင့်၊ ထိုထင်လာသော ရူပါရုံ ကို သုံးဆောင်ခံစားခြင်း၌ ဆွဲတွယ်လျက်၊ တဆယ့် လေးကြိမ်လောက်ဖြစ်၍

သွားပြီးလျှင်၊ ထိုရူပါရုံကလည်း ချုပ်ပျောက် ကုန်ခန်းလေခြင်းကြောင့်၊ မောလည်း မောပန်းခြင်းကြောင့်၊ မိမိ ဆွဲတွယ်မြဲဖြစ်သော၊ကံပေးသည့် အတိတ်အာရုံဟောင်းကိုပင်ဆွဲတွယ်လျက်၊ နဂိုရ်မူလရင်း ဘဝင်အဘိုင်းဖြစ်၍သွားပြန်၏၊ ၎င်းစိတ်ကို တဒါရုံနောင်-ဘဝင်စိတ်ဟု ခေါ်ဆို၏၊ ဤနည်းအားဖြင့်၊

ပုရိမံ ဘိဇ္ဇတေ စိတ္တံ-ပစ္ဆိမံ ဇာယတေ တတော- ဟူသော ဝိသုဒ္ဓိမဂ်လာ အဋ္ဌကထာအရ"ရှေ့ဖြစ်သောစိတ်သည်"ပျက်လေပျောက်လေပြီးနောက်၊မဖြစ်ဘူးသေးသော နောက်စိတ်တို့သည်၊ အသစ်အသစ် ဖြစ်ပေါ်၍ လာခြင်းမှာ'မြစ်ရေအယဉ်များစီးဆင်းနေသည့်အလား ဖြစ်ပေါ်သွားလျက်၊ အကြင် အခါ၌ စက္ခုဒွါရ တွင်းဝယ် တဖန် ရူပါရုံအသစ် ထိခိုက်လာ-ထင်လာပြန်ငြားအံ့၊

၁။ ဘဝင်္ဂစလန၊
၂။ ဘဝင်္ဂုပစ္ဆေဒ၊
၃။ အာဝဇ္ဇန်း၊
၄။ စက္ခုဝိညာဏ်၊
၅။ သမ္ပဋိစ္ဆိုင်း၊
၆။ သန္တီရဏ၊
၇။ ဝုဋ္ဌော၊
၈။ ဇော၊
၉။ ဇော၊
၁၀။ ဇော၊
၁၁။ ဇော၊
၁၂။ ဇော၊
၁၃။ ဇော၊
၁၄။ ဇော၊
၁၅။ တဒါရုံ၊
၁၆။ တဒါရုံနောင်-ဘဝင်,ဘဝင်

စသည်ဖြင့်၊ မျက်လုံးအိမ်အကြည်ဓါတ်အတွင်းမှ အဆင်းရူပါရုံကို စွဲလျက်၊ အဆင့်ဆင့် တန်းစည်၍ဖြစ်ခြင်းကြောင့်၊ စက္ခုဒွါရဝီထိဟု ခေါ်ဆိုရ၏၊ ဤအသက်နည်းအလား သောတဒွါရဘဝင်နှင့်စပ်ဌာန၌ သဒ္ဒါရုံထိခိုက်လာသောအခါ သောတဒွါရဝီထိကျပုံ၊ ဃာနဒွါရဘဝင်နှင့်စပ်ဌာန၌ ဂန္ဓာရုံထိခိုက်လာသောအခါ ဃာနဒွါရ

ဝိထိကျပုံ။ဇဝ္ဂါဒွါရဘဝင်နှစ်ဌာနဌ်ရသာရုံထိခိုက်လာသောအခါ ဇဝ္ဂါဒွါရဝိထိကျပုံ။ ကာယဒွါရဘဝင်နှစ်ဌာနဌ် ဖောဋ္ဌဗ္ဗာရုံထိခိုက် လာသောအခါ ကာယဒွါရဝိထိကျပုံကို သိရာ၏။ ထို့ကြောင့်– အဋ္ဌသာလိနီ အဋ္ဌကထာဌ်–

ဩ့ ဧကော် အာရမ္မဏံ။ ဒွိသုဒွိသုဒွါရေသု
အာပါထမာဂစ္ဆတိ။ ။

ဟူ၍၊ တရသော အာရုံသည်။ နှစ်ခုသောဒွါရဌ် ထင်ကြောင်းကို မိန့်ဆိုလေ၏။ ဤသို့ ဝိထိစိတ်ဖြစ်ရာဌ် အာဝဇ္ဇန်းမှ တဒါရုံကြ အောင်ဖြစ်သော စိတ်အစဉ်ကို ဝိထိစိတ်။ ကြွင်းသောစိတ်အစဉ် ကို ဘဝင်စိတ်ဟူ၍ခေါ်ဆိုရ၏။ တနည်းအားဖြင့်–အာဝဇ္ဇာန်းမှ စ၍ ဝုဋ္ဌောအထိစိတ်အစဉ်ကို ရှေ့ပြေးစိတ်။ တဒါရုံကို နောက် လိုက် စိတ်ဟူ၍ ခေါ်ဆို၏။ ထို့ကြောင့်–"အာရုံခိုက်ငြား၊ ရှေ့ ပြေးငါး၊ ဇောကားခုနစ်၊ နောက်လိုက်နှစ်၊ ဖြစ်ကြတသင်း၊ ဇော လိုရင်း၊"ဟူ၍။ ဒိပရင်းဆရာတော်ဘုရား စပ်ဆိုတော်မူပေသည်။

အမိပ္ပါယ်မှာ။ ရှေ့ပြေးစိတ်ငါးမျိုး တို့သည်၊ မိမိတို့ ဒွါရ အ လိုက် ထင်လာထိခိုက်လာသောအာရုံများကို ဆင်ခြင်သောစိတ်။ မြင်သောစိတ်။ ကြားသောစိတ်။ နံသောစိတ်။ လျှက်သောစိတ်။ တွေ့ထိသောစိတ်။ ထိုစိတ်တွေကို မပျောက်ပျက်ရအောင်ခံလင့် သောစိတ်။ ကောင်း,မကောင်း,ကို ရုံစမ်းသောစိတ်။ ကောင်း, မကောင်းဟုဆုံးဖြတ်သောစိတ်အားဖြင့်။မိမိတို့ကိစ္စအရအာရုံတ ခုကိုအမိဘမ်း၍ဇောစိတ်အားအပ်နှင်းသကဲ့သို့ဖြစ်၏။အကောင်း အဆိုး,ဟူသော အာရုံ၏ အရသာကို,မခံစားတတ်။ ဇောစိတ် သာလျှင်အာရုံ၏ အရသာကိုခံစားတတ်သဖြင့်၊ ဇောစိတ်သို့ ကျ ရောက်မှ စေတနာသုံးတန်ကံအဖြစ်ပြီးမြောက်နိုင်၏။နောက်လိုက်

နှစ်ကြိမ်ဖြစ်သော တဒါရုံစိတ်မှာလည်း ဘဝင်စိတ် မျိုးဖြစ်၍။ အားညှံ့သေးငယ်၏။ဥပမာအားဖြင့် ပြရပါမူ။သရက်ပင်အောက် ၌ ခေါင်းမြီးခြုံ၍ အိပ်လျက်နေသော-လူတယောက်၏ အနားသို့။ သရက်သီးကြွေကျသံဖြင့်နိုးကာ၊ဘာလဲဟုဆင်ခြင်ပြီး။ခေါင်းမြီး ခြုံကိုဖွင့်ကြည့်၍ မြင်သဖြင့်။ လှမ်းယူဆုပ်ကိုင်ပြီး။ နယ်ချေ သုံး သပ်၊ ၊ ၁နမ်းလျက်။ကောင်းမွန်းသိရကား။စားပြီးနောက်။ ခံတွင်း ထဲ၌ ကျန်ရှိနေသော အကပ်အသပ်ကို။ တံတွေးနှင့်ရောမျိုလျက် တဖန်အိပ်ပြန်၏။ ဤ အထက်ပါ ဥပမာ ပုံအလား။ ခေါင်းမြီးခြုံ အိပ်နေမှုနှင့်။ ဘဝင်ကျနေမှု။ သရက်သီး ကြွေသံဖြင့် နိုးမှုနှင့်။ ဘဝင်နှစ်ကြိမ်လှုပ်မှု။ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ စိတ်များနိုးပြီး လျှင် ဆင်ခြင်မှုနှင့် အာဝဇ္ဇန်းစိတ်။မြင်မှုနှင့်-စက္ခုဝိညာဏ်စိတ်။ လှမ်း၍ကောက်ယူမှုနှင့်-သမ္ပဋိစ္ဆိုင်းစိတ်။ ကောင်း မကောင်း ကိုစုံစမ်းမှုနှင့်-သန္တီရဏစိတ်။ ကောင်းမွန်းသိမှုနှင့်-ဝုဋ္ဌောစိတ်။ သုံးဆောင်စားသောက်မှုနှင့်–ဇောစိတ် ခုနစ်ကြိမ်။အကပ်အသပ် ကို တံတွေးဖြင့် ရောမျိုမှုနှင့်-တဒါရုံစိတ် နှစ်ကြိမ်။ တဖန်ပြန်၍ အိပ်မှုနှင့်–တဒါရုံနောင် ဘဝင်စိတ် တဆယ့်လေးကြိမ် ဖြစ်မှု တို့ အဆင့်ဆင့်တူညီကြောင်း မှတ်သားရာ၏။

မနောဒွါရ ဝိထိ ကျပုံမှာ။ ကြံစည် အောက်မေ့ဆင်ခြင်မိ၍ သော်၎င်း။ မကြံစည် မအောက်မေ့ မဆင်ခြင်ဘဲ သော်၎င်း။ အာရုံခြောက်ပါးအနက်။ တပါးပါးသော အာရုံသည်။ ပဉ္စဒွါရ၌ မထင်မြင် မထိခိုက်ဘဲ၊ အကြင်အခါ-ဘဝင် ဟူသော နှလုံးအိမ် ကို။ ဇော့ရှုပူးဝိုက်ခိုက်တိုက်လာငြားအံ့။ ထိုအခါ ဘဝင်နှစ်ကြိမ် လှုပ်လျက် အာဝဇ္ဇန်း။ဇော ခုနစ်ကြိမ်။ တဒါရုံ နှစ်ကြိမ်။ဘဝင် ဘဝင် ဟူ၍ ဖြစ်သွား၏။ ဤကား သုဒ္ဓ မနောဒွါရ ဝိထိဖြစ်စဉ်

တည်း။ ပဉ္စဒွါရဝိထိ၏ နောက်၌၊ အာရုံတူ စပ်ဆက်၍ဖြစ်သော ဝိထိ ကိုကား။ နောက်ဆက် မနောဒွါရ ဝိထိ ဟုခေါ်၏။ ဤဆိုခဲ့ သောနည်းကား၊ အလွန်ကိုသာ ဆိုသောနည်းတည်း။ နောက် လိုက်မပါသောအခါ၊ ဇော,မဖြစ်သော အခါလည်း ရှိသေး၏။ ဗျာန်ဇော-မဂ်ဇော- ဖိုလ်ဇော, ဖြစ်သောအခါတို့၌။ မနောဒွါရ ဝိထိတန်းစဉ် တမျိုးဖြစ်ကြောင်း မှတ်သားရာ၏။

ဥပမာ – အားဖြင့်။ လူတယောက်–သရက်ပင် အောက်၌ ပါးစပ်ဟလျက် ဇိပ်ပျော်နေစဉ်၊ပါးစပ်တွင်းသို့ သရက်သီးမှည့် ကြွေကျ၍ နိုးပြီးလျှင်၊ သရက်သီးဟု ဆင်ခြင် သိမှတ်လျက် စား ပြီးနောက်၊ ခံတွင်းရှိ အကပ်အသပ်ကို၊ တံတွေးဖြင့် ရောမျို၍၊ တဖန်ဇိပ်ပျော်သွားပြန် သည့်နှင့်တူ၏။

ဤ ဥပမာ၌- ပါးစပ်ဟ၍ ဇိပ်ပျော်နေသော ယောကျ်ားနှင့် ဘဝင်ကျနေမှု၊ သရက်သီးကြွေကျမှုနှင့် ဘဝင်နှစ်ကြိမ်လှုပ်မှု၊ သရက်သီးဟုဆင်ခြင်မှုနှင့်–အာဝဇ္ဇန်း၊ စားမှုနှင့် ဇော ခုနစ်ကြိမ် အကပ် အသပ်ကို တံတွေးဖြင့် ရောမျိုမှု နှင့်-တဒါရုံ နှစ်ကြိမ်၊ တဖန် ပြန်ဇိပ်မှုနှင့်-ဘဝင် ပြန်၍ ကျခြင်း၊ အဆင့်ဆင့် တူညီ ကြောင်း မှတ်သားရာ၏။ ဤ စိတ်ဓါတ်သည်-သုံးဆယ့် တဘုံ တည်းဟူသော သံသရာလောကကြီးထဲ၌၊ ပျင်းမုန်း ငြီးငွေ့ခြင်း မရှိဘဲ၊အစဉ်တစိုက် ဖြစ်ပျက်၍သွားနိုင်မှုအကြောင်းမှာ၊ မိမိနှင့် ပေါင်းသင်း ဆက်ဆံဘက်၊ကောင်းမှု,မကောင်းမှု, အကြောင်းရ သဘောတရား-ငါးဆယ့်နှစ်မျိုးက၊အမြဲယှဉ်တွဲဖြေဖျော်နေခြင်း ကြောင့် ဖြစ်ပေ၏။

ထို့ကြောင့်–ထိုစိတ်ဓါတ်၌ မှီတွယ်စွဲကပ်နေသည့် သဘော တရား တွေကို၊ ။စေတသိ နိယုဇ္ဇာ-စေတသိကာ, ဟူသော

ဝစနဂ္ဂြန့်ှင့် အညီ၊စေတသိက်ဟူ၍ ခေါ်ဆိုပေ၏။ ထို စိတ်ဓါတ်၌ စေတသိက် သဘောတရားတွေ စွဲကပ်မှီတွယ်နေပုံ အကြောင်းကို ထင်ရှား သိသာစေခြင်းအလို့ ငှါ ဥပမာဖြင့်ပြပါဦးအံ့။ တန်ခိုးဇာဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တယောက်သည်။ အဖြူ-အနီ အပြာ,အဝါ,အစိမ်း,အစရှိသော၊ အရောင် ကြိုးပေါင်း-ငါးဆယ့် နှစ်မျိုးရှိသည့် ပတ္တမြား တလုံး ကို ဖန်ဆင်းလျက်။ ထိုအမျိုးမျိုးသောအရောင်တို့ကို ထစေတတ်သည့် မှန်ပြောင်း အမျိုးမျိုးကို ပြုလုပ်ပြီး၊ အကြင်အခါ၌- အဖြူရောင်ကို ထ,စေတတ်သော မှန်ပြောင်းကိုပြအံ့၊ထိုအခါ-ပတ္တမြား တွင်းဝယ်။အဖြူရောင်အဆင်းနှင့်တကွ။ ၎င်းအရောင် နှင့် တွဲဘက် လိုက်လျောနိုင်သည့်-သဘောတူသော အရောင်တို့သည်လည်း ထကြွ ထွန်းလင်း ကြကုန်လျက်။ အဖြူရောင် နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သော အမဲရောင်နှင့်တကွ။ ၎င်း အမဲရောင်နှင့် သဘောတူ ရောယှက်နိုင်သောအရောင်တို့မှာ။ ပတ္တမြားတွင်းဝယ် ကွယ်ငုပ်ကြကုန်၏၊ အကြင် အခါ၌ အမဲရောင်ကို ထ,စေတတ်သော မှန်ပြောင်းကိုပြပါအံ့။ ထိုအခါ အမဲရောင်နှင့်တကွ ၎င်းအရောင်နှင့် လိုက်လျောသော အရောင် တို့ ဖြစ်ပေါ်လာကြ၍။ အမဲရောင်၏ ဆန့်ကျင်ဘက်-အဖြူရောင်နှင့်တကွ၊ ၎င်း အဖြူရောင်နှင့်လိုက်လျောသော အရောင်များ ကွယ်ငုပ်ရပြန်၏။

ထိုနည်းအလား- ပတ္တမြားကျောက်နှင့် တူသော ဝိညာဏ်စိတ်ဓါတ်၌-အရောင် ငါးဆယ့်နှစ်မျိုးနှင့် တူသော စေတသိက်တရားတွေ စွဲမှီ၍နေပါသော်လည်း၊ ငါးဆယ့်နှစ်မျိုးလုံး တပြိုင်နက် မဖြစ်ပေါ်ဘဲ၊အရောင်တမျိုးဖြစ်ပေါ်လာက၊၎င်းနှင့်ဆန့်ကျင်ဘက် အရောင်တွေ ကွယ်ပျောက်ရ သကဲ့သို့၊ အကြင်အခါ၌

လိုချင် တပ်မက်တတ်သော သဘော။ အယောနိသော မနသိ
ကာရ-လောဘ,ဟု ဆိုအပ်သော မှန်ပြောင်းကိုပြငြားအံ့။ ၎င်း
လိုချင်မှု သဘော- လောဘ, ရောင် စေတသိက်ဓါတ် ထကြွ
လျက်။ ၎င်းဓါတ်နှင့် တွဲစပ်နိုင်သည့်။ အယူမှားမှု သဘော-ဒိဋ္ဌိ
စေတသိက်ရောင်၊ ထောင်လွှား တက်ကြွမှုသဘော-မာန,စေ
တသိက်,ရောင် အစရှိသည်တို့ ပေါ်ပေါက် လာကြပြီးနောက်၊
၎င်းလောဘစေတသိက်ဓါတ်၏ ဆန့်ကျင်ဘက်-ဒေါသ,ဣဿာ
မစ္ဆရိယ,စေတသိက်ရောင်တွေ ကွယ်ငုပ်ကြပေ၏။ အကြင် အ
ခါ၌ ခက်ထန် ကြမ်းကြုတ်၍၊ မိမိ,သူတပါး,စိတ်နှလုံး နှစ်ပါးလုံး
ကိုပင်၊ ပူလောင် ဖျက်ဆီးစေတတ်သော သဘောရှိသည့်၊ အ
ယောနိသော-မနသိကာရ ဒေါသ မှန်ပြောင်းကိုပြပါအံ့။ ထိုအခါ
ဒေါသ စေတသိက်ဓါတ်ရောင် ထွန်းလင်း ထကြွလျက်။ ၎င်း၏
ချွေရံသင်းပင်း သူတပါးချမ်းသာမှုကို ဖြင်ပြင်း ငြူစူမှု သဘော
ဣဿာ စေတသိက်ရောင်။ မိမိဥစ္စာကို မစွန့်ရက်လို ဝန်တိုမှု
သဘော မစ္ဆရိယ စေတသိက်ရောင်တို့ ထကြွလျက်၊၎င်းဒေါသ
စေတသိက်ရောင်၏ ဆန့်ကျင်ဘက် ဖြစ်သော လောဘ စေတ
သိက်ရောင်နှင့်တကွ။ ၎င်း၏ ချွေရံသင်းပင်း- ဒိဋ္ဌိ-မာန, အစရှိ
သော စေတသိက်ရောင်တွေကွယ်ငုပ်ကြရပြန်၏။မှောင်ကြီးကျ
သကဲ့သို့ အမှန် သဘာဝကို ဖုံးလွှမ်းပိတ်ဆို့တတ်သော။ အမှန်
သဘောကို မသိ။အမှားသဘောကိုသာ သိတတ်သော မောဟ
စေတသိက်ဓါတ်ရောင်ကား၊ လောဘ စေတသိက် ဓါတ်ရောင်
နှင့် သော်၎င်း။ ဒေါသ စေတသိက် ဓါတ်ရောင်နှင့် သော်၎င်း။
မိမိဓါတ်ရောင်တမျိုးတည်းသော်၎င်း ပေါ်နိုင် ထနိုင်၏။ထိုကဲ့သို့
မိုက်မဲ ဇွေဝေတတ်သော-အယောနိသော မနသိကာရ မောဟ

မှန်ပြောင်းပြ၍၊ မောဟ စေတသိက်ဓါတ်ရောင်ထက၊ နောက်လိုက်ငယ်သားဖြစ်သည့်၊လမ်းနှစ်ခွမှာ နေမိသူကဲ့သို့၊ တခုထည်းသော သဘောကို မဆုံးဖြတ်နိုင်၊ သို့လော သို့လော-တွေးတောယုံမှား သံသယရှိမှုသဘော ဝိစိကိစ္ဆာစေတသိက်ဓါတ်ရောင်၊ အာရုံကို မလွှတ်ချင်ဘဲ အာရုံတခုထဲ၌၊ တုံခါ လွှင့်တက် စိတ်မငြိမ်သက်သောသဘော၊ ဥဒ္ဓစ္စစေတသိက်ဓါတ်ရောင်တို့ ထကြွကြ၍၊မောဟ စေတသိက်ဓါတ်ရောင်၏ ဆန့်ကျင်ဘက်သဘော အလောဘ၊အဒေါသ၊အမောဟ၊ သဒ္ဓါ၊ သတိ-အစရှိသော စေတသိက်ဓါတ်ရောင်တွေ ကွယ်ငုပ်ကြပေ၏၊

အကြင်အခါ၌ ဖြူစင် တောက်ပ မှန်ကန်သော သဘာဝကို ဆုံးဖြတ် နိုင်သည့်၊ ယောနိသော မနသိကာရ အမောဟ မှန်ပြောင်းကိုပြပါအံ့။ အမောဟ စေတသိက်ဓါတ်ရောင် ပေါ်ထွက်လျက်၊ ၎င်း စေတသိက် ဓါတ်ရော၏၊ ချွေရံသင်းပင်းဖြစ်သော မတပ်မက် မလိုချင်မှု သဘော၊ အလောဘ စေတသိက်ဓါတ်ရောင်၊မခက်ထန် မကြမ်းတမ်းမှုသဘော၊အဒေါသ စေတသိက်ဓါတ်ရောင်၊ ယုံကြည်မှုသဘော သဒ္ဓါစေတသိက်ဓါတ်ရောင်၊ အောက်မေ့ မှတ်ထင်မှုသဘော သတိ စေတသိက် ဓါတ်ရောင်တို့ လိုက်လျော ထွန်းလင်း ကြလျက်၊ အမောဟ စေတသိက်ဓါတ်ရောင်၏ ဆန့်ကျင်ဘက်သဘော၊မောဟ၊လောဘ၊ဒေါသ၊ ဝိစိကိစ္ဆာ၊ဥဒ္ဓစ္စ,အစရှိသော စေတသိက်ဓါတ်ရောင်တွေ ကွယ်ငုပ်ကြပြန်၏၊ သို့ဖြစ်၍-စိတ်ဓါတ် နှင့် ပေါင်းယှဉ်တွဲစပ်နိုင်သော စေတသိက်ဓါတ် ငါးဆယ်နှစ်မျိုးအနက်၊

၁၊ လိုချင် စေးကပ် စွဲလမ်းတတ်သော သဘော၊ လောဘ စေတသိက်၊

၂။ မြွေဟောက် ကဲ့သို့ ခက်ထန် ကြမ်းတမ်းသော သဘော ဒေါသ စေတသိက်။

၃။ မျောင်ကြီး ကျသကဲ့သို့။ အမှန်သဘောကို ဖုံးလွှမ်း ပိတ်ဆို့ အမှားကိုသာသိတတ်သော သဘော။ မောဟစေတသိက် ဓါတ်သုံးပါးတို့က ခေါင်းဆောင်ပြုလျက်။

၄။ ငါသာ တတ်သည် ငါမြတ်သည်ဟု ထောင်လွှား တက်ကြွတတ်သော သဘော မာန။

၅။ သတ္တဝါအကောင် ဟူ၍ရှိရင်း။ သတ္တဝါကောင် မြဲသည်၊ ဘဝတပါးသို့ ထွက်ခွါကူးပြောင်း၍သွားသည်၊ ထွက်ခွါကူးပြောင်း၍ မသွား၊ သေပြီးနောက် ပျောက်သွားသည်၊ အစ ရှိသဖြင့် မဟုတ် မတရား အမှားကိုသာ သိတတ်သောသဘော ဒိဋ္ဌိ။

၆။ လမ်းနှစ်ခွ၌ နေမိသော သူကဲ့သို့၊ တထစ်ချ အာရုံတခုကို မဆုံးဖြတ်နိုင်ဘဲ။ သို့လောသို့လော တွေးတောယုံမှားခြင်း သဘော ဝိစိကိစ္ဆာ။

၇။ ထိုထိုကိစ္စ ဟူသမျှတို့ကို၊ အားမထုတ်လို တွန့်တို ဆုတ်နစ် စိတ်၏ မခံ့မကြမ်း ပျင်းရိ ညှိုးနွမ်းသော သဘော ထိန။

၈။ အာရုံတခုကို မလွှတ်လို၊ တုံခါလွင့်တက် စိတ်မငြိမ်သက်ခြင်းသဘော ဥဒ္ဓစ္စ။

၉။ ရွာသူတို့၏ ဝက်ကဲ့သို့၊ မကောင်းမှုပြုရာ၌ မရှက်တတ်ခြင်း သဘော အဟိရိက။

၁၀။ မီးကို တိုးစံ့သော ပိုးဖလံ ကဲ့သို့၊ မကောင်းမှု ပြုရာ၌၊ မကြောက်တတ်ခြင်းသဘော အနောတ္တပ္ပ။

၁၁။ သုတပါးစည်းစိမ်ဥစ္စာကို၊ ငြူစူစောင်းမြောင်းခြင်းသဘော ဣဿာ။

၁၂။ မိမိ၏စည်းစိမ်ဥစ္စာကို၊ မစွန့်လို မပေးလို လျှို့ဝှက်တတ်သော သဘော မစ္ဆရိယ။

၁၃။ အဘန်တလဲလဲ ဝိုးရိမ်ပူပန်တတ်သော သဘော ကုက္ကုစ္စ။

၁၄။ စေတသိက်တို့၏ မခံ့သော သဘော မိဒ္ဓ။

ဟူသော–နောက်လိုက် ချွေရံသင်းပင်းနှင့်တကွ၊ အထက်ပါ သဘောတရား စသည့်တို့ရှိသည့်၊ စေတသိက် တဆယ့်လေးမျိုးကို၊ နကုသလာ-အကုသလာ, ဟူသော ဝစနတ္ထ နှင့် အညီ၊ ကောင်းမြတ်သော သဘောတရားမျိုး မဟုတ် သောကြောင့်၊ အကုသိုလ် စေတသိက်ဟူ၍ခေါ်ဆို၏။

ထိုစေတသိက် တဆယ့်လေးမျိုးအနက်၊ လုဗ္ဘတိတိ လောဘော, ဟူသော ဝိဂ္ဂြိုဟ်အရ၊ မျောက်နှဲစေးကဲ့သို့ လိုချင်စေး ကပ် ငြိတွယ်တတ်ခြင်း သဘောရှိခြင်းကြောင့်၊ လောဘ, ဟုအ မည်ရသည့်၊ ရဥ္ဇတိတိ ရာဂေါ, ဟူသော ဝိဂ္ဂြိုဟ်နှင့် အညီ၊ အ ဝတ်ကို ဆိုးရည်စွဲသကဲ့သို့၊စွဲလမ်းခြင်း သဘောရှိသောကြောင့် ရာဂ, ဟူ၍လည်း ခေါ်ဆိုရသော၊ တဿတိ ပရိတဿတိတိ တဏှာ, ဟူသော ဝိဂ္ဂြိုဟ်နှင့်အညီ၊ တောင့်တတပ်မက် ခြောက် ခ္ခါရ မှ ဆာလောင်တတ်သောသဘောရှိခြင်းကြောင့်၊ တဏှာ, ဟူ၍လည်း အမည် ပေးနိုင်သော၊ လောဘမူလံ-ဋေဿတိ လောဘမူလံ-ဟူသောဝိဂ္ဂြိုဟ်အရ၊ လောဘတရား အကြောင်းခံ မူလကြောင့်၊ နောက်လိုက် ချွေရံတွေ တွဲစပ် ဖြစ်ပေါ်လာသော လောဘမူစိတ် ရှစ်ပါး၊ ဒုဿတိတိ ဒေါသော-ဟူသော ဝိဂ္ဂြိုဟ် အရ၊မိမိ-သုတပါး နှစ်ပါးလုံး၏ အကျိုးစီးပွါးကို၊ဖျက်ဆီးတတ်

သောသဘောကြောင့်၊ဒေါသ-၍ဟူခေါ်ဆိုရသော၊ ဒွေဘာဝေ-ဥသယတိ ဒုဟာပေတိတိ-ဒေါသော- ဟူသော ဝိဂြိုဟ်အရ၊ စိတ်နှင့် နှလုံး နှစ်ပါး လုံးကို၊ ပူလောင် ပျက်စီးစေတတ်သော သဘောသတ္တိကြောင့်။ဒေါသ,ဟူ၍ အမည်ရသော၊ ဒေါသော မူလံ–တေသာတိ-ဒေါသမူလံ-ဟူသော ဝိဂြိုဟ်အရ၊ ဒေါသ, တရား အကြောင်းခံမူလကြောင့်၊ နောက်လိုက် ချွေရံသင်းပင်း တွေနှင့်တကွ တွဲယှဉ်၍ဖြစ်လာရသော၊ ဒေါသမူစိတ် နှစ်ပွါး၊ မုယှတိတိ-မောဟော, ဟူသော ဝိဂြိုဟ်နှင့် အညီ၊ အကုသိုလ် လမ်းဖွင့်၍ ကုသိုလ်လမ်းပိတ်အောင်၊ တွေဝေ မိုက်မဲစေတတ်သော သဘောသတ္တိကြောင့်၊မောဟ,ဟု ခေါ်ဆိုရသော အသမ္မံ ဗုဇ္ဈတိတိ–အသမောခေါ, ဟူသော ဝိဂြိုဟ်အရ၊ မညီ မညွတ် အလွဲလွဲအချွတ်ချွတ်သိတတ်သော သဘောကြောင့်။အသမ္ဗောခ, ဟူ၍လည်းအမည်ရသော၊ အသမံ ပက္ခတိတိ-အသမပေက္ခနာ, ဟူသော ဝိဂြိုဟ်အရ၊ မညီမညွတ် အလွဲလွဲ အချော်ချော် ရှုမြင်တတ်သော သဘော ကြောင့်၊ အသမပေက္ခနာ, ဟူ၍လည်း ခေါ်ဝေါ်နိုင်သော၊ မိစ္ဆာဇာနာတိတိ-မိစ္ဆာဉာဏံ, ဟူသော ဝိဂြိုဟ်အရ၊ အလွဲလွဲ အမှားမှားသိတတ်သော သဘောကြောင့်၊ မိစ္ဆာဉာဏ် ဟူ၍လည်းမှတ်သားအပ်သော၊ နဝိဒတိတိအဝိဇ္ဇာ, ဟူသောဝိဂြိုဟ်နှင့် အညီ၊ အဟုတ် အမှန်ကို မသိနိုင်သော သဘောကြောင့်၊ အဝိဇ္ဇာ, ဟူ၍လည်းမှတ်ယူနိုင်သော၊ အဝိန္ဒိယံ ဝိန္ဒတိ-ဝိန္ဒိယံ-နဝိန္ဒတိတိ အဝိဇ္ဇာ-ဟူသော ဝိဂြိုဟ်အရ၊ မရသင့် မရထိုက်သော အကုသိုလ် ဝန္ဒနိသိတ-ကိုသာ ရတတ်၍၊ ရသင့် ရထိုက်သော ကုသိုလ်-ဝိဝန္ဒနိသိတ-ကို မရတတ်သော သဘောကြောင့်၊အဝိဇ္ဇာ-ဟူ၍လည်း မှတ်တမ်း တင်အပ်သော၊

မောဟမူလ် တေသာဝတိ.မောဟမူလံ–ဟူသော ဝိဂြိုဟ် အရ၊ မောဟ တရား့အကြောင်းခံမူလကြောင့်။ ၎င်းနှင့် တကွ လိုက် လျောဘက် ချွေရံသင်းပင်း စေတသိက်တွေနှင့် ပေါင်းယှဉ်၍ ဖြစ်ပေါ်လာသော မောဟမူစိတ်.နှစ်ပါးအားဖြင့်။ လောဘမူစိတ် ၈စ်ပါး၊ ဒေါသမူစိတ် နှစ်ပါး။ မောဟမူစိတ်-နှစ်ပါး ကိုပေါင်း၍၊ ထိုစိတ် တဆယ့် နှစ်ပါး ကို၊ အကုသိုလ်စိတ်ဟုခေါ်ဆို၏။

၎င်း အကုသိုလ် စိတ် တဆယ့် နှစ်ပါး နှင့်၊ စေတသိက် တဆယ့် လေးပါးတို့သည်၊ မကောင်းသောမျိုး သဘောနှင့် တူ ပေ၏။ယခုအခါ ကောင်းသောမျိုးသဘောနှင့်တူသည့် ကုသိုလ် စိတ်ကို ဖြစ်စေတတ်သော စေတသိက်များကိုဘော်ပြပါအံ့၊

၁။ မတွယ်တာ မငြိကပ် ကျွတ်လွတ်သောသဘော။ လော ဘ၏ ဆန့်ကျင်ဘက်သဘော၊အလောဘစေတသိက်၊

၂။ မခက်ထန် မကြမ်းတမ်း ငြေချမ်းကြည်သော သဘော၊ ဒေါသ၏ ဆန့်ကျင်ဘက်သဘော။ အဒေါသစေတသိက်။

၃။ မတွေဝေ မရိက်မဲ၊ အမှန် တရားကို သိတတ်သော သ ဘော၊မောဟ၏ဆန့်ကျင်ဘက်သဘော။ အမောဟစေတသိက် အစရှိသည်တို့ ခေါင်းဆောင်ပြုလျက်၊

၄။ ကြည်ညိုခြင်းသဘော သဒ္ဓါ။

၅။ ကောင်းသော အာရုံ၌ အောက်မေ့ မှတ်ထင်ခြင်း သ ဘော သတိ။

၆။ မကောင်းမှုတို့ကို ပြုလုပ်ရန်ရှက်ခြင်းသဘော ဟိရိ၊

၇။ မကောင်းမှုတို့ကို ပြုလုပ်ရမှာ ကြောက်ခြင်း သဘော ဩတ္တပ္ပ၊

၈။ လစ်လျူရှုခြင်းသဘော၊ တတြမဇ္ဈတ္တတာ၊

၉။ သမ္ပယုတ်ဖြစ်သော စေတသိက် တို့အား ငြိမ်းခြင်း သဘော ကာယပဿဒ္ဓိ။

၁၀။ စိတ်တို့၏ ငြိမ်းခြင်းသဘော စိတ္တပဿဒ္ဓိ။

၁၁။ စေတသိက် တို့၏ ပေါ့ပါးခြင်း သဘော ကာယလဟုတာ။

၁၂။ စိတ်တို့၏ပေါ့ပါးခြင်း သဘော၊ စိတ္တလဟုတာ။

၁၃။ စေတသိက်တို့၏ နူးညံ့ခြင်းသဘော၊ကာယမုဒုတာ။

၁၄။ စိတ်တို့၏နူးညံ့ခြင်းသဘော စိတ္တမုဒုတာ။

၁၅။ စေတသိက်တို့၏ အမှု၌ ကောင်းခြင်းသဘော၊ ကာယကမ္မညတာ။

၁၆၊ စိတ်တို့၏အမှု၌ ကောင်းခြင်းသဘော၊ စိတ္တကမ္မညတာ။

၁၇။ စေတသိက်တို့၏ လေ့ကျက်ခြင်း သဘော၊ ကာယပါဂုညတာ။

၁၈။ စိတ်တို့၏လေ့ကျက်ခြင်းသဘော၊စိတ္တပါဂုညတာ။

၁၉။ စေတသိက်တို့၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော၊ ကာယုဇုကတာ။

၂၀။ စေတသိက်တို့၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော၊ကာယုဇုကတာ။

၂၁။ ဝစီဒုစရိုက် လေးပါး ကိုကြဉ်၍၊ ကောင်းစွာ ပြောဆိုတတ်သော သဘော၊သမ္မာဝါစာ။

၂၂။ ကာယဒုစရိုက် သုံးပါး ကိုကြဉ်၍၊ကောင်းစွာ အမှုကိုပြုတတ်သော သဘော၊ သမ္မာကမ္မန္တ။

၂၃။ ဝစီဒုစရိုက် လေးပါး၊ကာယဒုစရိုက် သုံးပါး ကို ကြဉ်၍ ကောင်းစွာ အသက်မွေး တတ်သော သဘော၊သမ္မာအာဇီဝ။

၂၄။ ဆင်းရဲသော သတ္တဝါ ပညတ်တို့ကို အာရုံပြု၍ သနား တတ်သော သဘော၊ ဂရုဏာ။

၂၅။ ချမ်းသာသော သတ္တဝါ ပညတ်တို့ကို အာရုံပြု၍ ဝမ်း မြောက်တတ်သောသဘော၊ မုဒိတာ-ဟူ၍ ဤ အထက်ပါ သ ဘောတရား စေတသိက် နှစ်ဆယ့်ငါးမျိုးကို။

ကုစ္ဆိတေ ပါပဓမ္မေ့သလယန္တိ ၀ိဒ္ဓံ သေန္တီတိ ကုသလာ။

ဟူသော ဝစနတ္ထ နှင့်အညီ။ မကောင်းမှု ဟူသမျှ ယုတ်မာ လှစွာသော- လောဘ-ဒေါသ-မောဟ-တရားတွေကို၊ ပယ်ရှား ဖျက်ဆီးတတ်သော သဘော သတ္တိကြောင့်၊ ကုသိုလ် စေတ သိက် ကောင်းသော မျိုးစေ့ သဘောရှိသော စေတသိက်ဟု ခေါ်ဆိုရ၏။ ထိုစေတသိက် နှစ်ဆယ့်ငါးပါး နှင့် ပေါင်းယှဉ်မိ သောစိတ်ကိုသည်း ကုသိုလ်စိတ်-ကောင်းသောစိတ်ဟုခေါ်ဆို ရပြန်၏။ဤ နှစ်ဆယ့်ငါးပါးသော စေတသိက်အနက်၊ အလော ဘ၊ အဒေါသ စေတသိက် တရား နှစ်ပါး ဦးစီး၍ ပေါင်းယှဉ်မိ သော၊ ကာမဝစရသောဘဏ ဉာဏဝိပ္ပယုတ် စိတ် တဆယ့် နှစ်ပါး ကို ဒွိဟိတ်စိတ် ဟု ခေါ်ဆို၏၊ အလောဘ၊ အဒေါသ၊ အမောဟ စေတသိက် သုံးပါး ဦးစီး၍ ပေါင်းယှဉ်မိသော၊ တိ ဟိတ်စိတ်ဟူ၍လည်း ခေါ်ဆိုရသော—ကာမဝစရ သောဘဏ ဉာဏသမ္ပယုတ်စိတ် တဆယ့်နှစ်ပါး၊ ရူပါဝစရစိတ် တဆယ့် ငါးပါး၊ အရူပါဝစရဈာန်စိတ် တဆယ့်နှစ်ပါး၊ လောကုတ္တရာ စိတ် ရှစ်ပါး ဟူ၍ ဖြစ်ပေါ်ခေါ်ဆိုရပြန်၏။ ယခုအခါ-မကောင်းမှု ကောင်းမှု, အကြောင်း နှစ်ခု ဟုဆိုအပ်သော၊ အကုသိုလ်-ကု သိုလ် သဘောတရားနှစ်မျိုးလုံးတွင် ယှဉ်တွဲပါဝင်နိုင်သည့် စေ တသိက်များကို ဘော်ပြပါအံ့၊

၁။ အာရုံကို တွေ့ထိတတ်ခြင်းသဘော ဖဿ။
၂။ အာရုံကို ခံသာ-မခံသာ ခံစားမှုသဘော ဝေဒနာ။
၃။ အာရုံကို မှတ်သားမှု သဘော-သညာ။
၄။ အာရုံကို စေ့ဆော် တိုက်တွန်းမှုသဘော–စေတနာ။
၅။ အာရုံ၌မပျံ့လွင့်ဘဲ တည်ကြည်မှု သဘော–ဧကဂ္ဂတာ။
၆။ ရုပ်,နာမ်, နှစ်ပါးကို စောင့်ရှောက် အစိုးရမှုသဘော-ဇီဝိတိန္ဒြေ။
၇။ အာရုံ၌ နှလုံးသွင်းမှု သဘော–မနသိကာရ၊
၈။ အာရုံသို့ သမ္ပယုတ် တရားတို့ကို ရှေ့ရှုထင်မှု-သဘော ဝိတက်။
၉။ အာရုံ၌ သမ္ပယုတ်တရားတို့ကို သုံးသပ်မှုသဘော ဝိစာရ၊
၁၀။ အာရုံကို ဆုံးဖြတ်မှုသဘော၊ အဓိမောက္ခ။
၁၁။ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ ခိုင်ခံ့စေမှု သဘော၊ ဝိရိယ။
၁၂။ အာရုံကို နှစ်သက်မှုသဘော၊ ပီတိ၊
၁၃။ အာရုံ၌ ပြုလိုကာမျှ သဘော၊ဆန္ဒ–ဟူ၍။

ဤ အထက်ပါ သဘောတရား– တဆယ့်သုံးမျိုး တို့သည်၊ အကောင်း အဆိုး သဘောနှစ်မျိုးလုံးကိုပင်။ဝင်ရောက် ယှဉ်တွဲ ပေါင်းသင်း ဆက်ဆံနိုင်ခြင်းကြောင့်။ အညသမာန်း စေတသိက်ဟူ၍ခေါ်ဆိုပေ၏။တခါတရံ စိတ်သည်။လောဘ။ဒေါသ။မောဟ။ အလောဘ။ အဒေါသ။ အမောဟ-တည်းဟူသော စေတသိက် ခြောက်ပါးတွင်။ တပါးပါးသော စေတသိက်နှင့်မျှ မပေါင်းယှဉ် ဘဲ ဖြစ်ပေါ်လာခြင်းကြောင့်။ထိုစိတ်ကို အဟိတ်စိတ်ဟူ၍ခေါ်ဆို ရ၏။ ထို အဟိတ်စိတ်မှာ။ အကုသလ ဝိပါက်စိတ် ခုနစ်ပါး။

အဟိတ် ကာမာဝစရ ဝိပါက်စိတ် ၈ စ်ပါး။ ကြိယာစိတ်သုံးပါးအားဖြင့် တဆယ့် ရှစ်ပါးရှိ၏။ ဤနည်းအားဖြင့်-တခုထည်းသော စိတ်ဓါတ်သည်၊ မိမိနှင့် ယှဉ်တွဲမိရာ အဘော်သဟဲ။ စေတသိက်တရားတွေနှင့်တွဲစပ်မိသဖြင့်။ လူဆိုးနှင့် ပေါင်းသင်းမိသူအား၊ လူဆိုး။ လူကောင်း နှင့် ပေါင်းသင်းမိသူအား လူကောင်း ဟူ၍ ခေါ်ဆိုရသော- နည်းဥပမာကဲ့သို့။ စေတသိက်ဓါတ်တွေနှင့် မတွဲမစပ်ဘဲ။ မိမိ အလိုအလျောက် ဖြစ်ပေါ်ခိုက်ကို အဟိတ်စိတ် ဟူ၍ရင်း။ အဟိတ်စိတ်တွင်လည်း။ ကြိယာ အမှုအရာဗျာပါရ ရှိသော စိတ်ကို ကြိယာစိတ်။ အပြုအမှု ကြိယာဗျာပါရ ကင်းသောစိတ်ကို။ ကံအာနုဘော် အစွမ်းအား လျော်ညီစွာ၊ ငြိမ်သက်လျက်ဖြစ်၍ နေခြင်းကြောင့်၊ ဝိပါက်စိတ်။ ဤဝိပါက်စိတ်ထဲတွင်။ အလောဘ အစရှိသော ဟိတ်တရားစုတို့ ပါဝင်လျှင်၊ သဟိတ်ဝိပါက်စိတ်။ လောဘအကြောင်းခံလျှင်-လောဘမူစိတ်။ ဒေါသအကြောင်းခံလျှင်-ဒေါသမူစိတ်။ မောဟ အကြောင်းခံလျှင် မောဟမူ စိတ်။ အလောဘ၊ အဒေါသ-ဟိတ်နှစ်ပါး အကြောင်းခံ၍ ဖြစ်လျှင်-ဒွိဟိတ်စိတ်။ အလောဘ။ အဒေါသ။ အမောဟ-ဟိတ် သုံးပါးအကြောင်းခံ၍ဖြစ်လျှင်။ တိဟိတ်စိတ်။ ကာမ တဆယ့် တဘုံတွင်း၌ ဖြစ်လျှင်-ကာမာဝစရစိတ်။ ရူပ တဆယ့် ခြောက်ဘုံ အတွင်း၌ ဖြစ်က-ရူပါဝစရစိတ်။ အရူပလေးဘုံတွင်ဖြစ်ခိုက်-အရူပါဝစရစိတ်။ ဈာန်တရား ထင်ရှားပေါ်ပေါက်ခိုက်ဈာန်စိတ်။ မဂ်တရားဖြစ်ပေါ် ခိုက် မဂ်စိတ်။ ဖိုလ်တရား ပေါ်ပေါက်ခိုက်-ဖိုလ်စိတ် ဟူ၍ မိမိ နှင့် တွဲစပ် ပေါင်းယှဉ်မိသော သဘောတရားအလိုက်။ အကောင်းအဆိုး အမည်အမျိုးမျိုးခေါ်ဆိုရပေ၏။

ထိုစိတ်သည်-အရေအတွက်အားဖြင့်၊ အဟိတ်စိတ်တဆယ့်

ရှစ်ပါး၊ အကုသိုလ်စိတ် တဆယ့် နှစ်ပါး၊ ကာမာဝစရစိတ် နှစ်ဆယ့်လေးပါး၊ ရူပါဝစရစိတ်-တဆယ့်ငါးပါး၊ အရူပါဝစရ စိတ်-တဆယ့်နှစ်ပါး၊ လောကုတ္တရာစိတ်-ရှစ်ပါးအားဖြင့်၊ အရပ ပေါင်း-ရှစ်ဆယ့်ကိုးပါး၊ စိတ်တခုယုတ် ကိုးဆယ် ဖြစ်လာ၏၊ အကျယ်တရာ့နှစ်ဆယ့်တပါး၊ ပွားနည်းမှာ-မဂ် လေးတန်-ဖိုလ် လေးတန်တွင်၊ ဈာန်အင်္ဂါ ငါးပါးနှင့် ပွား၍ ယူခြင်းအားဖြင့်၊ မဂ်စိတ် နှစ်ဆယ်၊ ဖိုလ်စိတ် နှစ်ဆယ် - ဖြစ်ပေါ်လာခြင်းကြောင့် လောကုတ္တရာစိတ်ရှစ်ပါးအစား၊ မဂ်စိတ်-ဖိုလ်စိတ်ကို ဈာန်အင်္ဂါ ငါးပါးနှင့်ပွါး၍ရမှု၊ လောကုတ္တရာစိတ်လေးဆယ်အားထည့်သွင်း ရေတွက်ခဲ့သော်၊ အကျယ်-တရာ့နှစ်ဆယ့်တပါး ဖြစ်လာပေ၏၊

အထက်ကဘော်ပြခဲ့သည့်အတိုင်း၊ နဂိုရှိသဘာဝ စင်ကြယ် လှသော ဤစိတ်ဓါတ်သည်၊ ကောင်းမှု-မကောင်းမှုဟု ဆိုအပ် သော၊ ကုသိုလ်-အကုသိုလ်တရားများကို၊ ဖြစ်ပေါ်၍လာအောင် မပြုလုပ်နိုင်ငြားသော်လည်း၊ မိမိလည်း ညစ်နွမ်း၊ သူတပါးကို လည်း ညစ်နွမ်းစေတတ်သော၊ လောဘ၊ ဒေါသ၊ မောဟ နှင့် တကွ အပေါင်းပါ စေတသိက်-တဆယ့်တပါး တို့ကြောင့်၊ အ မည် အမျိုးမျိုးပြောင်းလဲခါ၊ ညစ်နွမ်း၍ သွားရလေသောကြောင့်၊ ဧကင်္ဂုတ္တရပါဠိတော်တွင်၊

ပဘဿရ မိဒံဘိက္ခဝေစိတ္တံ၊ တဉ္စခေါ-အာဂန္တုကေဟိ
ဥပက္ကိလေသေဟိ၊ ဥပက္ကိလိဋ္ဌံ၊

ဟူ၍-မြတ်စွာဘုရားသခင် ဟောကြားတော်မူပေ၏၊ ထိုပါဠိ တော်ကို ထောက်ထားလျက်၊ အရှင်မဟာရဋ္ဌသာရ-ဆရာတော် ဘုရားက-စတုဓမ္မသာရ ကိုးခန်းပျို့၌၊

ခပ်သိမ်းစကြာဝဠာ။ မိုဃ်းလဟာမှ။ ဆယ်, ရာ, ထောင်, သောင်း။
သိန်း, သန်း, ပေါင်းနှင့်။ ဆင့်လောင်း ကုဋေ။ အသင်္ချေတိ။ လ, နေ
ရောင်လင်း။ ပထွန်းဝင်းလည်း၊ မလင်းနိုင်ဆုံး။ စိတ်နှလုံးဝယ်။
လွှမ်းဖုံးသည်းစွာ။ ပိတ်တိုင်းကာ၍။ ဥာဏ်ဝါဆီမီး။ မညှိသီးသော်၊
မိုက်ကြီးစတု။ အင်လေးခုထက်။ နှိုင်းတုကင်းအောင်။ လွှန်ကျူး
ဆောင်သား။ ညဥ့်မှောင် မောဟ။ တိယာမဥ္စ၊ ပဥ္စ ကာမာ။
ယစ်မူးရှာလျက်။ ဟူ၍ စပ်ဆိုတော်မူချက်အရ၊

ဥပမာအားဖြင့်-မောဟရောင်၏ မိုက်မှောင်ပုံမှာ၊ မိုဃ်းမှောင်ကြီးကျလျက်ရှိသော။ လကွယ်နေ့ညဉ့-သန်းခေါင်ယံ အချိန်တွင်။ ဥမင်လိုဏ်ဂူတွင်းသို့ ကျရောက်နေသူ တဦးတယောက်မှာ၊ မည်ကဲ့သို့သော အလင်းရောင်ကိုမျှ တွေ့ရတော့မည်မဟုတ်ပေ၊ ထိုသူ၏ အမှောင်ထက်ပင် ပိုသာ ကဲမောက်လျက်၊ မောဟစေတသိက်ရောင် စွဲမိသော သတ္တဝါတဦး၏ စိတ်နှလုံးအား၊ အလုံးစုံသော စကြာဝဠာ တိုက်အပေါင်းမှ၊ နေ့, နှင့် လ, အသင်္ချေ အနန္တ, ပိုင်းဝန်း၍ တောက်ပကြပါသော်လည်း၊ အနည်းငယ်ကလေးမှ၊ လင်းရောင်ခြည်မရနိုင်လောက်အောင်၊ အမှောင်ကားကြီး ပိတ်ကာတားဆီးလျက်၊ အမှောင်ဓါတ်ကြီး ကျသွား ပေတော့သည်ဟုဆိုလို၏။

ထိုစိတ်ဓါတ်သည် သံသရာ အစဉ်တွင် အမှျင်မပြတ်အောင် ဖြစ်ပျက်လာရာ၌လည်း၊ ။ပါပံသ္မိံ ရမတိစိတ် မနော-ဟူသော ဝစနတ္တ, နှင့် အညီ။ မိမိ၏ အလိုဆန္ဒ, ကိုက မကောင်းမှု သဘောတရားတွေနှင့် တွဲစပ်ပြီးဖြစ်ပေါ်နေရခြင်းကို၊ ပိုမို၍ နှစ်သက်မွေ့လျော်တတ်သောသဘောရှိ၏။ ဘဝအသင်္ချေ အနန္တမှကျင်လည်လာခဲ့ရာမှာလည်း၊ ထို လောဘ၊ ဒေါသ၊ မောဟ-စေတသိက် အရောင်ဟပ်မိသည့် အမှောင်ဓါတ်တွေကို၊ အပြီးအပိုင်ဖြိုခွင်းနိုင်

မည့် အလင်းဓါတ်အား-နိဗ္ဗာန်ရောက်ကြောင်းတရားတော် များကို၊နာ,ကြား,ကျင့်,ကြံ,ရခဲလေရကား။သတ္တဝါတဦးတယောက်၏စိတ်အစဉ်မှာ-အနုဿရ,သမနုဿရ,ပစ္စည်းတွေ ဆက်လက်ပြီး၊ ထို- လောဘ, ဒေါသ, မောဟ, အစရှိသော တဆယ့်လေးပါးသော အာဂန္တု,က၊စေတသိက် သဘောတရားများကသာလျှင် ထပ်တလဲလဲ ပိုမိုစွဲကပ် သန်မာကြီးထွားလာကြလျက်၊ အမိုက်မောဟ၊ အရှုပ်,တဏှာ၊ ကိလေသာ,အညစ်၊နီဝရဏ,အနှောက်၊ တဆယ့်တပါးသော မီးအပူတွေစွဲပြီး။ ပူလား ပင်လား, ပူပင်လားနှင့် စိတ်ဝဋ်နာရောဂါသမားကြီး ဖြစ်လာရပေ၏။

ထိုရောဂါသည်မှာ မိမိထံ၌ ဝင်ရောက်စွဲကပ်နေသည့်ရောဂါအား။ ရောဂါဖြစ်နေပြီဟူ၍ မသိနိုင်လောက်အောင်ပင်။ အဝိဇ္ဇာတည်းဟူသော မောဟမှောင်ကြီးက ပိတ်ကာတားဆီးထားသဖြင့်။ ရောဂါပျောက်ကင်းကြောင်း ကုသနိုင်သည့် ဆေးဆရာခေါ်ရမှန်းကိုလည်း မသိ၊ ထိုရောဂါ ပျောက်ကင်းမှု ဆေးဝါးဓါတ်စာများကိုလည်းမမှီဝဲဘဲ။မိမိအစဉ်အမြဲသုံးစွဲနေကြ ဒုစရိုက်ဆယ်ပါး အစာအာဟာရ များကိုသာ၊ ထပ်တလဲလဲ ပျော်ပျော်ပြုံးပြုံး သုံးစားမြဲသုံးစားလေခြင်းကြောင့်၊ ထိုရောဂါကြီးမှာ ပိုမိုပြောက်ပြား ပွါးသည့်ထက် ပွါးလာလေရကား၊ ၎င်းရောဂါ၏ဆင်းရဲမှုဒဏ်ချက်ဖြင့် သေသည့်၏ အခြားမဲ့၌၊ "အကုသလာ သာဝဇ္ဇာ ဒုက္ခဝိပါက လက္ခဏာ" ဟူသည်နှင့် အညီ၊ သတ္တဝါအကောင်အထည် မဟုတ်သည့်၊ မကောင်းသော အကုသိုလ်သဘောတရားတို့မှာ။ ထိုသတ္တဝါ၏ စိတ်အလိုက် အကြောင်းအားလျော်ညီစွာ၊ မကောင်းသော အကျိုးတရားကို ပေးတတ်သည့်အတိုင်း။ အဟိတ် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ်

သန္တိရဏ,စိတ်ဓါတ်ဖြင့်၊ အပါယ်လေးဘုံသူ သတ္တဝါ ရုပ် နာမ် လောကကြီးဖြစ်လျက်၊ ထို သတ္တဝါတို့၏ မှီတင်းနေထိုင်ရာ၊အပါယ် လေးဘုံဌာန-ဩကာသ ရုပ်လောကကြီး ပေါ်ပေါက်လာခဲ့ရပေ၏။ ဥပမာအားဖြင့် ပကတိ ကျန်းမာသောလူတယောက်မှာ၊ အနေအထိုင် အစား အသောက် မသင့် မတင့်သော အကြောင်းများနှင့် တွေ့ကြုံသဖြင့်၊ ရုတ်တရက် ဌက်ဖျားရောဂါဖြစ်ပေါ်လာ၏။

ထိုကဲ့သို့ ဖြစ်ပေါ် လာပါသော်လည်း၊ ရောဂါသည်မှာ မိမိကိုယ်၌ ရောဂါဖြစ်ပေါ်၍လာမှန်းကိုမှ မသိခြင်းကြောင့်၊ ရောဂါပျောက်ကင်းမှု ကုသတတ်သော သမားကိုလည်းမခေါ်၊ ရောဂါပျောက်ကင်းကြောင်းဆေးကိုလည်း မမှီဝဲဘဲ၊ မိမိ ထင်မိထင်ရာရောဂါနှင့် မသင့် မတင့်သော အစာများကိုသာ စားသုံးလျက်၊ အဪ္ဍာ်အသင်းတွေခံနေပေ၏။ ထိုကဲ့သို့သော အကြောင်းများကြောင့်၊ရောဂါမှာ တနေ့တခြား ပိုမို တိုးပွားလာလျက်၊နောက်ဆုံးတွင် ထိုရောဂါ ဝေဒနာ ၏ ဒဏ်ချက်ဖြင့်၊ သေဆုံးရ ပေတော့၏။

အထက်ပါ-ဥပမာ၌၊ပကတိ ကျန်းမာသောသူနှင့်၊ စင်ကြယ်သောစိတ်ဓါတ်၊ မသင့် မတင့်သော နေထိုင်စားသောက်မှု အာဟာရများနှင့်၊လောဘ၊ဒေါသ၊မောဟ-အစရှိသော၊ အကုသိုလ်စေတသိတ် တဆယ့်လေးပါး၊ ဌက်ဖျားရောဂါဖြစ်ပေါ်၍လာမှုနှင့်၊စိတ်ဓါတ်တွင် စေတသိက်ဓါတ် တရား တဆယ့်လေးပါး တွဲယှဉ်မိသဖြင့်၊ အကုသိုလ်စိတ်- တဆယ့်နှစ်ပါး ဖြစ်ပေါ်လာပုံ၊ရောဂါဖြစ်မှန်းမသိသည်နှင့်၊ အဝိဇ္ဇာမောဟတရားကြီး တားဆီးပိတ်ကာပုံ၊ဆရာသမားကိုမခေါ်မှုနှင့်၊ ဝဋ်မှထွက်မြောက်ရာ

ထွက်မြောက်ကြောင်း၊နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ်ကို၊ဟော တော်ညွှန်ကြားနိုင်သော ပုဂ္ဂိုလ်တို့အား မမှီဝဲ မဆည်းကပ်မှု၊ ရောဂါပျောက်ကြောင်းဆေးကို မမှီဝဲမှုနှင့်၊ ဝဋ်မှထွက်မြောက် ရာ နိဗ္ဗာန်စခန်းထွက်ရပ်လမ်း တရားတော်များကို အားမထုတ် မှု၊ မိမိထင်ရာ ရောဂါနှင့် မသင့်မတင့်သော အစာကိုစားမှု၊အာ ဩှော်အသင်း ခံမှုတို့နှင့်၊ ဒုစရိုက်တရား ဆယ်ပါး ကို ပွားများ အားထုတ်မှု၊ ရောဂါ တနေ့ တခြားတိုးပွားမှု နှင့်၊ အကုသိုလ် တရားများ တနေ့တခြား ပိုမိုလာမှု၊ ထိုရောဂါ၏ ဒဏ်ချက်ဖြင့် သေဆုံးရမှုနှင့်၊ အကုသိုလ်တရား၏ ဒဏ်ချက်ကြောင့် အပါယ် ငရဲသို့ကျရောက်ရမှု၊အဆင့်ဆင့်တူညီကြကြောင်းကို မှတ်သား ရာ၏၊ သို့ဖြစ်၍၊

အဝိဇ္ဇာ ဘိက္ခဝေ.ပုဗ္ဗင်္ဂမာ.အကုသလာနံ.ဓမ္မာနံ သမာပတ္တိယာ၊ ဟူသော မဟာဝဂ္ဂသံယုတ်ပါဠိတော်အရ၊ အကုသိုလ်တရားတို့ ဖြစ်ပေါ်၍လာရခြင်း၌၊ အဝိဇ္ဇာ,တည်း ဟူသောမောဟတရားသည်၊ရှေ့သွားခေါင်းဆောင်ဖြစ်ကြောင်း ဟောကြားတော်မူပေ၏၊ ၎င်းပြင်၊

အဝိဇ္ဇာတဏှာယမူလံ-တဏှာအဝိဇ္ဇာယ-ဟူသော သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာအရ၊ အဝိဇ္ဇာ,တည်း ဟူသော-မောဟ,တရားသည်၊ တဏှာ,ဟုဆိုအပ်သော လော ဘ,တရား၏ ဖြစ်ပေါ်လာရန် အခြေခံတရား၊ တဏှာ, တည်းဟူ သော-လောဘ,တရားသည်၊ အဝိဇ္ဇာ,ဟုဆိုအပ်သော မောဟ, တရား၏ ဖြစ်ပေါ်လာရန် အခြေခံတရားဖြစ်ကြောင်း၊ ၎င်းပြင်၊

အဝိဇ္ဇာတဏှာစာတိ-ဒွေဓမ္မမူလံ၊ ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာအရ၊ အဝိဇ္ဇာ,နှင့် တဏှာ,ဟူသော

တရား နှစ်ပါးတို့သည်၊ သုံးဆယ့်တဘုံ-သံသရာ လောကကြီး အတွင်း၌၊ လှည့်ပတ်ဖြစ်ပေါ်၍နေရရန်၊ အခြေခံတရားပင်တည်း ဟု-မြတ်စွာဘုရားသခင် ဟောကြား ထုတ်ဘော် ညွှန်ပြတော် မူပေ၏။

ဒေါသ,တရားကား၊ မောဟ,တရား၏ အခိုးအငွေ့မျှသာဖြစ် ပေ၏၊ သို့ဖြစ်ပါ၍ ထိုမကောင်းမှုကိုသာ အကျိုးပေးတတ်သည့်၊ စေတသိက် တဆယ့်လေးပါး။အာဂန္တုက သဘောတရားများ ကို၊မိမိတို့၏ စိတ်အစဉ်၌ အလိုလိုက်ခါ၊ အလိုက်သင့်စွာလက်ခံ မိကြသဖြင့်၊မောဟ,တည်းဟူသောအမိုက်တရားက၊ဦးစီးလျက် စော်ကား လေရကား၊ မိမိပြုခဲ့မိသမျှ စရိုက် သဘောတွေနှင့် လိုက်လျောပေသည့်၊ အပါယ်ဘုံ သတ္တဝါဖြစ်လျက်၊ အပါယ် လောကကြီးထဲမှာ ဒုက္ခကြီးစွာနှင့်ခံနေကြရရှာမည်ကို၊ သနား တော်မူသောအားဖြင့် ဓမ္မပဒပါဠိတော်၌၊ မူလံပညာယ ဆိန္ဒထ, ဟူ၍-ဝဋ်မြစ် နှစ်ပါး ဖြစ်သော၊အဝိဇ္ဇာ,နှင့် တဏှာ,ကို၊ ဝိပဿ နာ-ဘာဝနာ ဉာဏ်ပညာဖြင့်၊ ပယ်ကြ-ဖြတ်ကြလော့ဟု ဆုံးမ တော်မူသွားရှာပေ၏။မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ၏၊လက်ျာတော်ရံ ပညာအရာ၌-ဧတဒဂ် ရသော-ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း၊ မိမိ၏ တပည့် များအား၊

ဘဝေသာတံ-နဝိန္ဒာမိ-ဒသ္သန္တော့တိဟိ အဂ္ဂဟိ
ဘာရိတော ရာဂဘာရေန-နေရုံဥဋ္ဌိတောယထာ။

ဟူ၍-အပါဒါနပါဠိတော်တွင် ဆုံးမတော်မူခဲ့ပုံမှာ၊ တပည့် တို့-ငါဆရာ၏ စိတ်အစဉ်တွင်၊ ရာဂ၊ ဒေါသ၊ မောဟ-ဟုဆို အပ်သော၊မီးသုံးပါး ပူးဝင်စွဲကပ် လောင်မြိုက်အပ်သဖြင့်၊သံသ

ရာ တလျှောက်တွင်၊ ထွက်ပေါက်ကိုမရမခြင်း၊ တခဏ တွင်းလောက်မှ သက်သာရာမရခဲ့ပေဘူး။အဘယ်မျှလောက်ဝန်လေးပါသနည်း ဟုဆိုသော်၊ရာဂ,ဟုဆိုအပ်သော လိုချင်မှု သဘော၊ လောဘ စေတသိက်ဓါတ် တပါး၊စိတ်အစဉ်၌ ပူးဝင်၍ နေခြင်းသည်ပင်လျှင်၊ မြင်းမိုရ်တောင်ကြီး ကို ထမ်းရွက်ခါနေရသော ပုဂ္ဂိုလ်တယောက်နှင့်အမျှပင်ဝန်လေးတော်မူလှကြောင်း၊ဥပမာအားဖြင့် ဆုံးမတော်မူချက်အရ။ လောဘတရား တပါးမျှကိုပင် မြင်းမိုရ်တောင်တလုံးနှင့်တူမျှသော ဝန်လေးမှုရှိခဲ့ပါလျှင်၊ ကြွင်းကျန်သည့်၊ ဒေါသ- မောဟ- အစရှိသော စေတသိက် တရား တဆယ့် သုံးပါး ကလည်း၊ မြင်းမိုရ်တောင်ကြီး တဆယ့် သုံးတောင်လောက် ဝန်လေးမှုရှိကြောင်းမှတ်ယူသင့်၏။

သို့ဖြစ်ပါ၍- ဤကဲ့သို့ ကြမ်းတမ်းယုတ်မာ ဝန်လေးလှစွာသော၊ အမိုက်၊အရှုပ်၊အညစ်၊ အနောက်၊ အပူ-စိတ်ဓါတ်အစဉ်တွင်၊ အမြဲတန်း ပူးဝင် ယှဉ်တွဲနေတတ်သည့် စေတသိက်ဓါတ် တဆယ့်လေးပါး၊ဒုစရိုက်ကံတွေ ထိုက်တတ်သော၊ အပါယ်ကို လားစေမှု သဘောတရား၊အာဂန္တုက စေတသိက် ဘေးရန်သူများကို၊ မိမိ၏စိတ်အစဉ်တွင် လုံးဝပူးဝင်ယှဉ်တွဲခြင်း မရှိရလေအောင်၊ ဝိပဿနာ-ဘာဝနာ ဉာဏ်ပညာလက်နက်ဖြင့်၊ တိုက်ဖျက် ဖြိုခွင်း ရှင်းလင်း သုတ်သင်အပ်လှပေ၏၊ ရှင်းလင်း သုတ်သင်နိုင်ကြပါစေသတည်း၊

အချို့သောပုဂ္ဂိုလ်သတ္တဝါတို့မှာကား၊ ဤမျှလောက်ဆိုးဝါးယုတ်မာ ညစ်ငြမ်းစွာ မကောင်းကျိုး အပါယ်ရွာသို့ ပို့ဆောင်တတ်သည့်၊ လောဘ၊ ဒေါသ၊ မောဟ-အစရှိသောတရားတို့ကား၊ ဆိုးဝါးလှပေစွဟုသိမြင်လျက်၊ မိမိတို့၏ စိတ်အစဉ်တွင်

အလောဘ စေတသိက် ခေတ္တတွဲယှဉ်မိ၍၊ ဒါန ပြုလုပ်ခြင်း၊ အာဒေါသစေတသိက် ခေတ္တတွဲယှဉ်မိ၍။ ငါးပါး။ ရှစ်ပါး။ ဆယ်ပါး၊ အစရှိသော သီလများကို ဆောက်တည်ခြင်းအားဖြင့်။ အမောဟ ဟုဆိုအပ်သော စေတသိက်ဓါတ်ကလည်း၊ တဒင်္ဂပဟာန် စိတ် အစဉ်၌ တွဲယှဉ်မိခြင်းကြောင့်။ ဆိပူတွေ ဝေကာကျသည့်နှယ်၊ လျှမ်းလျှမ်းဆူထ၍နေသည့် အကြမ်းစား၊ ဝိတိက္ကမ ကိလေသာကို။ တခဏမျှ တားဆီး ပါယ်ခွါနိုင်မှုသဘော၊ ကောင်းသော ကုသိုလ်ကံအကျိုးတရားကြောင့်၊

ကုသလာ-အနဝဇ္ဇသုခ-ဝိပါက လက္ခဏာ- ဟူသော ပါဠ်အရ။ သတ္တ,လည်းမဟုတ်။ဇီဝ,လည်းမဟုတ်သည့် ကောင်း သော သဘောတရား အလိုက်၊ အဟိတ် ကုသလ ဝိပါက်-ဥပေက္ခာသဟဂုတ်-သန္တီရဏစိတ်။ မဟာဝိပါက်ဉာဏဝိပ္ပယုတ် စိတ် လေးပါး၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် လေးပါး အရ၊ ကောင်းသော သုဂတိ ဘုံဘဝ၊ လူ့ရပ် နတ်ဌာန်-ချနစ်တန် သောသတ္တဝါအမျိုးအစားနှင့်တကွ။ ထိုသတ္တဝါတို့၏ စိတ်ဓါတ် အရ မှီတင်းနေထိုင်ရာ၊ လူဘုံ ရပ်လောကကြီး နှင့်တကွ၊ နတ် ပြည် ခြောက်ထပ်၊ ရပ်,ဘုံ လောကကြီး ဖြစ်ပေါ်လာရပြန်၏၊ သို့ဖြစ်၍၊ ။ စတုဓမ္မသာရ ကိုးခန်းပျို့တွင်—

မစိုးမရိမ်။ ကြောင့်ကြငြိမ်က။ မွေ့သိမ်ကျင့်ခက်။ တောမ ထွက်ဘဲ၊စွန့်ကြဲစင်းလျှင်း၊ဝန်တိုကင်း၍၊ ထမင်းရေစာ။ ယာမ ကာနှင့်။သင်္ခန်းကိန်းအောင်း၊ ကျောင်းလည်းမလွတ်။ အဝတ် ပုဆိုး။ယာဉ်မျိုးတသွန်၊ ပန်းမာလ်ခပ်သိမ်း၊ သပ်သိမ်းရေမွေး။ လှိုင်နံ့သာ။အိမ်ရာဆောက်ဦး။ ဆီမီးဟူသား။ အလှူဝတ္ထု။ ဆယ်ခုမကြွင်း။သိတင်းငါးမည်။ပုသ်ဆောက်တည်က။လူ့ပြည်

တရပ်၊ ခြောက်ထပ်နတ်ရွာ၊ ကာမာဝစရ။ သတ္တဘူမိ။ သုဂတိသို့။
မငြိတွယ်ရာ။ ရောက်လေရာ၏၊ ဟူ၍စပ်ဆိုတော်မူသည်လည်းတရပ်။

ကမ္မ သကတာ သမ္မာဒိဋ္ဌိ-သမ္ပတ္တိဘာဝံ-အာကင်္ခတိ။

ဟူသော-အင်္ဂုတ္တရ အဋ္ဌကထာအရ။ ကာမကုသိုလ်ကံတခုကို ကောင်းမွန်စွာယုံကြည်၍ပြုခြင်းသည်၊ ဘဝသမ္ပတ္တိ-ဟုဆိုအပ်သော-လူ နတ် သတ္တဝါ ဖြစ်ရခြင်း။ ဘောဂ-သမ္ပတ္တိ ဟုဆိုအပ်သော။ ပစ္စည်းဥစ္စာ ရတနာပေါများခြင်းဖြစ်အောင်၊ ဆွဲဆောင်နိုင်သည်ဟု မှတ်သားရာ၏။ ဥပမာအားဖြင့်၊ ၄က်ဖျားရောဂါစွဲကပ်နေသော သူတယောက်မှာ။ ငါသည်- ဧသောရောသိဥတုန္ဒ၊ မသင့်မတင့်သော အပူများစွာခံမှု၊ အပူစာများကို စားသုံးမိမှုတို့ကြောင့်၊ ဤရောဂါ ဖြစ်ပေါ်လာရပေ၏ ဟု သိသောအားဖြင့်၊ ရောဂါနှင့် မသင့်သောအစာများကို မစားတော့ဘဲ။ ဥတုကြိုက်ဖြစ်သည့် အစေ့ာများကိုသာ၊ အသင့်အတင့် စားသောက်မိခြင်းအားဖြင့်၊ ရောဂါအနည်းငယ် သက်သာခွင့် ရသည်နှင့် တူညီပေ၏။

ဤအထက်ပါ-ဥပမာ၌။ ၄က်ဖျားရောဂါစွဲနေသူနှင့်။ စိတ်ဓါတ်တွင် မကောင်းသော စေတသိက် ဓါတ် တဆယ့်လေးပါး အစဉ်အမြဲတွဲယှဉ်၍နေမှု။ အပူများစွာ ခံခြင်း အပူစာ စားမိခြင်းတို့ကြောင့်၊ ၄က်ဖျားရောဂါ ဖြစ်ပေါ်လာမှန်းသိမှုနှင့်၊ စေတသိက် တဆယ့်လေးပါးနှင့်တကွ။ အကုသိုလ်ဒုစရိုက်များကို မကောင်းမှန်းသိမှု၊ ရောဂါနှင့် မသင့်တင့်သော အစာကို မစားသောက်မှုနှင့်၊ ဒုစရိုက် တရားများကို ရှောင်ရှားမှု၊ ဥတုကြိုက် အစေ့ာများကို စားသုံးမှု နှင့်၊ စိတ်အစဉ်၌ ကောင်းသော၊ အလောဘ၊

အဒေါသ၊ အမောဟ-စေတသိက်များ ခေတ္တ တွဲယှဉ်မိ၍၊ ဒါနပြုခြင်းနှင့်တကွ၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး စသော သီလများကို စောင့်ထိန်းမှု၊ အသင့်အတင့်ရောဂါသက်သာမှုနှင့်၊ သေသည်၏အခြားမဲ့၌၊ လူ့ရပ် နတ်ရွာ,သို့ ကျင်လည် လားရောက်ရမှု၊ အဆင့်ဆင့်အားဖြင့် တူညီကြောင်း မှတ်သားရာ၏၊

အချို့သော ပုဂ္ဂိုလ်သတ္တဝါတို့သည်၊ ကာမသုဂတိ ခုနစ်ဘုံကိုသာ၊ အကျိုးပေးစေတတ်သည့်၊ ဒါနပြုလုပ်အားထုတ်မှု၊ သီလခံယူ ဆောက်တည်မှုတို့နှင့်မျှသာ အားရရောင့်ရဲ တင်းတိမ်ခြင်းမရှိဘဲ၊ ဤတရားများကို ဝေကြလောက်အောင်၊ ဆုပ္ပက်နေသော ဆီပူနှင့် တူသည့်၊ ဝိတိက္ကမ ကိလေသာ အကြမ်းစားတွေကို၊ တခဏမျှသာ ပယ်ခွါဖျက်ဆီးနိုင်ပေ၏ဟု၊ ထိုထက်နူးညံ့သိမ်မွေ့စွာ၊ ဆုပ္ပက်ရုံမျှသာပူသောဆီပူနှင့်တူသည့်၊ အလတ်တန်းစား-ပရိယုဋ္ဌာန ကိလေသာ,တရားကို၊ ဝိက္ခမ္ဘနပဟာန် အားဖြင့်၊ အလယ်အလတ် ပယ်ရှားနိုင်မည့် သတ္တိထူး နှင့် ပြည့်စုံသော၊ ကသိုဏ်း ဆယ်ပါး၊ အသုဘ ဆယ်ပါး၊ အနုဿတိ ဆယ်ပါး၊ အာဟာရေ ပဋိကူလသညာ တပါး၊ စတုဓာတုဝဝတ္ထာန် တပါး၊ ဗြဟ္မာ့ဝိဟာရတရား လေးပါး၊ အာရုပ္ပ လေးပါး၊ အရုရပေါင်း လေးဆယ် သော၊ သမထ ဘာဝနာ ကမ္မဋ္ဌာန်းတရား တည်းမှ၊ တခုခုသောတရားကိုအမှီပြု၍၊ မျက်စိဖြင့်အစဉ်တစိုက် ထိုအာရုံမှ အခြားတပါးသို့ စိတ်မလွှင့်ပါးရန်၊ ရှုဆင်ခြင်၍နေခြင်း၊ ပရိကမ္မနိမိတ်၊ ပဌမရှုဆင်ခြင်သောအာရုံကို လွှတ်လျက် ရှုသော်လည်း၊ ပဌမ ရှုသောအာရုံအတိုင်းသာ၊ မနောဒွါ ထင်ခြင်း-ဥဂ္ဂဟ နိမိတ်၊ ထို ဒုတိယ ထင်သော အာရုံထက်ပင်၊ အလွန်နူးညံ့သိမ်မွေ့စွာ ပညာတ်အာရုံထင်ပေါ်နိုင်သော၊ ပဋိဘာဂ,နိမိတ်သို့ ကျရောက်

အောင် ရှုဆင်ခြင်ပွားများသဖြင့်၊ဈာန်တရားကို ဖြစ်ပေါ်စေတတ်သော အင်္ဂါဖြစ်သည့်၊

၁။ အဝတ္တုဖြစ်ဘက် နာမ် တရားတို့ကို၊ အာရုံသို့ပို့ဆောင်တတ်သောသဘော-ဝိတက်။

၂။ အာရုံ၌ စိတ်ကို ဖွဲ့ချည်တတ်သောသဘော-ဝိစာရ၊

၃။ အာရုံ၌နှစ်ချိုက်စေတတ်သောသဘော-ပီတိ၊

၄။ အာရုံ၌ ချမ်းမြေ့တတ်သောသဘော-သုခ။

၅။ အာရုံ၌ ခိုင် ခံ့ တည် ငြိမ် စေတတ်သော သဘော ဧကဂ္ဂတာ။ ဟူသော စေတသိက်တို့နှင့် တွဲယှဉ်သည့် အလောဘ၊အဒေါသ၊အမောဟ-အစရှိသော ကောင်းသော စိတ်ဓါတ်တို့မှာ။ တခုတည်းသောအာရုံ၌သာ ငြိမ်သက်တည်ကြည်သည့်-သမာဓိတရား ဖြစ်ပေါ်လေရကား၊ ထိုသမာဓိတရားဖြစ်ပေါ်ခိုက်တွင်။ နိဝါရေန္တီတိ-နိဝရဏာနိ-ဟူသော ဝိဂြိုဟ်အရ၊ဈာန်တရားကို တားမြစ်ပိတ်ဆို့တတ်ခြင်းကြောင့်၊

၁။ ခြောက်ဒွါ၌ ဝေဒနာခံစား၍ အားမရနိုင်သည့်၊ လောဘတဏှာ အပူအဆာသဘောတရား။ ကာမစ္ဆန္ဒ နိဝရဏ။

၂။ ရချင် လိုချင်- ရပြီးပြန်လျှင်လည်း ပျက်စီးမှာ စိုးရိမ်၊ ပျက်စီးပြန်ကလည်း အလိုမကျ၊စိတ်ပူစိတ်ပမ်း၊ စိတ်မချမ်းမြေ့ဘွယ်ဖြစ်သော သဘောတရား-ဗျာပါဒ နိဝရဏ၊

၃။ ကိုယ်နှင့်စိတ် လေးလံထိုင်းမှိုင်း တွန့်တို ပျင်းရိခြင်း သဘောတရား-ထိန မိဒ္ဓ နိဝရဏ၊

၄။ စိတ်ပူပန်မငြိမ်သက်ခြင်း သဘောတရား၊ဥဒ္ဓစ္စ နိဝရဏ၊

၅။ တခုတည်းသော အာရုံ၌၊ စိတ် နှစ်လီ နှစ်ခွ ဝေးတော

ယုံမှား တထစ်ချမဆုံးဖြတ်နိုင်သော သဘောတရား၊ ဝိစိကိစ္ဆာ နီဝရဏ-ဟူသော၊ လူနတ် ဗြဟ္မာ နိဗ္ဗာန်ချမ်းသာများကို၊ ပိတ်ဆို့တားမြစ်စေတတ်သည့်၊ ကိလေသာ အပူ အဆာ ယုတ်မာ ညစ်နှောက်သော-နီဝရဏသဘောတရားတွေကို ပယ်ရှားဖျက်ဆီး လောင်မြှိုက်တတ်သောအကြောင်းကြောင့်၊

ဈာယတိ ဒဟတီတိ ဈာနံ၊ ဟူသော ဝိဂ္ဂြိုဟ်အရ၊ ဈာန်တရားဟုအမည်ရသော၊တနည်းအားဖြင့်၊ ဈာယတိ-ဥပနိဇ္ဈာယတီတိဈာနံ၊ ဟူသော ဝိဂြိုဟ်အရ၊ တခုတည်းသောအာရုံ၌၊ တနေ့တလတနှစ်၊မိမိအလိုရှိသ၍ကာလပတ်လုံး၊ အလိုရှိတိုင်း မတုံမလှုပ် ခိုင်ခံ့တည်တံ့စွာ စိတ်ကိုထားလျက်၊ ရှင်ကြည်ဖြေ တစွဲထဲစွဲမြဲစွာ ရှုဆင်ခြင်နိုင်ခြင်းကြောင့်၊ ဈာန်ဟူ၍ ခေါ်ဆိုအပ်သောတရားများကို အားသုတ်ရင်း၊ ထိုဈာန်စိတ်ဖြင့် သေဆုံးပါက၊ရူပါဝစရစိတ် တဆယ့်ငါးခုအနက်၊ ရူပါဝစရ ဝိပါက်စိတ် ငါးခုဖြင့်၊ဝိဘက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-ဟူသောဈာန်အင်္ဂါ ငါးပါးနှင့်တကွ၊ ပထမဈာန် သုံးဘုံတွင်းရှိ ဗြဟ္မာသတ္တဝါများနှင့်တကွ၊ ၎င်းတို့၏ နေထိုင်ရာ ဘုံဗိမာန်များ ဖြစ်ပေါ်လာရခြင်း၊ ဝိဘတ်၊ဝိစာရ-ကိုပယ်၍၊ကျန်သော ဈာန်အင်္ဂါ သုံးပါး နှင့်တကွ၊ဒုတိယဈာန်သုံးဘုံတွင်းရှိ၊ ဗြဟ္မာသတ္တဝါများနှင့်၊ ၎င်းတို့၏နေထိုင်ရာ ဘုံလောကကြီး ပေါ်ပေါက်လာရခြင်း၊ ဝိဘက်၊ဝိစာရ၊ပီတိ-ဈာန်အင်္ဂါ သုံးပါးကိုပယ်၍၊ ကြွင်းကျန်သော ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွ၊တတိယဈာန်သုံးဘုံတွင်းရှိဗြဟ္မာသတ္တဝါများနှင့်၊ ၎င်းတို့၏နေထိုင်ရာ ဘုံလောကကြီး ပေါ်ပေါက်လာရခြင်း၊ဝိတက်၊ဝိစာရ၊ပီတိ၊သုခ-ကိုပယ်၍၊ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ နှစ်ပါးနှင့်တကွ၊ စတုတ္ထဈာန်ခုနစ်ဘုံတွင်းရှိ၊ ဗြဟ္မာ

သတ္တဝါများနှင့် တကွ၊ ၎င်းတို့၏နေထိုင်ရာ ဘုံလောကကြီး ပေါ်ပေါက်လာရပေ၏။

ဤနည်းအားဖြင့်-ရူပါဝစရ တဆယ့် ခြောက်ဘုံ တွင်၊ အသညသတ်ဘုံ သတ္တဝါ ဗြဟ္မာတို့မှာကား၊ နာမ်ဓါတ်တရား၏ အပြစ်ကို မြင်ကြသဖြင့်၊နာမ်ဓါတ်အပေါ်တွင် လွန်မင်းစွာ ရွံရှာမုန်းတီးလျက်၊နာမ်ဓါတ်ကို မလိုချင်မှု၊ စိတ်သဘောနှင့် ပွားများအားထုတ်မှုအကြောင်းကြောင့်၊ မိမိတို့၏ အလိုရှိအပ်သော စိတ်ဓါတ်ဆန္ဒ,အရ၊ ရုပ်ဓါတ်ကြီး သက်သက်သာလျှင် ဖြစ်ပေါ်လာရပေ၏၊ အချို့သော သတ္တဝါတို့မှာလည်း၊ ရုပ်ဓါတ်အပေါ်တွင်၊ အပြစ်မြင်ငြီးငွေ့လျက်၊ရုပ်ဓါတ်တရားကိုမလိုချင်မှုစိတ်သဘောဖြင့်၊ အာရုပ္ပလေးပါး ဈာန်တရားများကို၊ အဆင့်ဆင့် ပွားများအားထုတ်လေရကား၊ မိမိတို့ အလိုရှိမှု စိတ်ဓါတ် ဆန္ဒ,အရ၊အာရူပါဝစရစိတ် တဆယ့်နှစ်ခု အနက်၊ အရူပါဝစရစိတ် လေးခုဖြင့်၊အရူပလေးဘုံဟုဆိုအပ်သော၊ အာကာသ လောကကြီးကို မှီတွယ်လျက်၊ နာမ်ဓါတ်ကြီးသက်သက်သော ဗြဟ္မာသတ္တဝါများ ဖြစ်လာရပေ၏၊သို့ဖြစ်၍-အင်္ဂုတ္တရအဋ္ဌကထာတွင်၊

ဈာနသမ္ဘာဒိဒ္ဓိ-ရူပါရူပဘဝေ-ပဋိသန္ဓိ ဒေတိ-ဟု မိန့်ကြားတော်မူချက် အရ၊ ကာမ ကုသိုလ်တရားကို ထွင်းဘောက်၍၊ ဈာန်လမ်းသို့ကျရောက်အောင်၊ အမှန်ကိုသိနိုင်သော ဈာနသမ္ဘာဒိဒ္ဓိ-ကုသိုလ်သည်၊ ရူပ တဆယ့်ခြောက်ဘုံနှင့်တကွ၊ အရူပလေးဘုံတို့တွင်၊ ပဋိသန္ဓေ အကျိုးကို ပေးစေနိုင်ကြောင်း မှတ်သားရာ၏၊ဥပမာအားဖြင့် ဧသောရာသိဒ္ဓ၊ ၎က်ဖျားရောဂါစွဲကပ်သောသူတယောက်မှာ၊ ငါသည်-ဤဥတုတွင် အပူများစွာ ခံမှု၊ အပူစာကိုများစွာစားသောက်မိမှုတို့ကြောင့်၊ ထိုရောဂါဖြစ်ပေါ်

လာရ၏ဟုသိလျက်၊ ပဌမမှားသောအစာများ စင်ကြယ်စေရန် ဝမ်းနှုပ်ပေးခြင်း၊ ၎င်းနောက် ဥတုကြိုက် အဇေ့ာ များကို၊ အ တန်ငယ် စားသောက်ခြင်းဖြင့်၊ ထိုရောဂါ ထက်ဝက်မျှ ပျောက် ကင်းသည့်နှင့်တူ၏။ ဤအထက်ပါ ဥပမာ၌၊ ၄က်များရောဂါစွဲ ကပ်မှုနှင့်၊ စိတ်အစဉ်တွင် အကုသိုလ်စေတသိက်များ တွဲစပ်မိ မှု အပုများစွာခံလျက်၊ အပုစာများစားမိသဖြင့်၊ ရောဂါဖြစ်မှန်း သိမှုနှင့်၊ စေတသိက် တဆယ့်လေးပါးနှင့်တကွ၊ အကုသိုလ် နုစရိုက်တရားများသည်၊ အပါယ်လေးဘုံသို့ ကျရောက်သော ဝဋ်ရောဂါစွဲတတ်ကြောင်း သိမှု၊ မှားသောအစာများစင်ကြယ် အောင် ဝမ်းနှုပ်ပေးမှုနှင့်၊ ကာမာဝစရ ကုသိုလ်မျှနှင့် မရောင့်ရဲ နိုင်ဘဲ၊သမထဘာဝနာ သမာဓိစခန်းဖြင့်၊ဈာန်တရားကို ပွားများ အားထုတ်မှု၊ ရောဂါထက်ဝက် သက်သာမှုနှင့်၊ သေသည့်၏အခြားမဲ့၌၊ ဗြဟ္မာဘုံ နှစ်ဆယ်သို့၊လားရ ရောက်ရမှု အဆင့်ဆင့် တူညီကြောင်း မှတ်သားရာ၏။

အထက်၌ ပြဆိုခဲ့ပြီးသော၊ လူ,နတ်,ဘဝများကို ဖြစ်ပေါ်စေ တတ်သည့်၊ သီလ တရား၊ ဗြဟ္မာ ဘဝကို ဖြစ်စေတတ်သော၊ သမထဘာဝနာ-သမာဓိ,တရားတို့မှာ၊ ဝိပဿနာ ဘာဝနာ ဟု ဆိုအပ်သော၊ ပညာတရား မဘက်တွဲမိ လေသောကြောင့်၊ အ ကုသိုလ်စေတသိက် တဆယ့်လေးပါး ကို၊ တခဏ အားဖြင့်၊ အလယ်အလတ်အားဖြင့်သာ တားဆီးနိုင်လေရကား၊ ထိုစေတ သိက် တဆယ့်လေးပါးအနက်၊ အပါယ်လေးဘုံသို့ ကျရောက် စေတတ်သော၊ ဒိဋ္ဌိ-ဝိစိကိစ္ဆာ-မိစ်ဆနှစ်ဖြာမှာ၊ ထိုပုဂ္ဂိုလ်များ၏ သန္တာန်၌၊ အနုသယ ကိလေသာ,အားဖြင့်၊ ကြွင်းကျန်လောင် မြိုက်လျက်၊ထိုပုဂ္ဂိုလ်သတ္တဝါများအား အပါယ်ဘုံလောကကြီး

ထဲသို့ပင် တဖန် ပြန်၍ပို့ဆောင်ပေ၏။

ဥပမာအားဖြင့်-အိမ်တလုံးကို မီးလောင်လျက်ရှိရာ၊ အိမ်ရှင်သည် ထိုလောင်လျက်ရှိသောမီးကို ဆုံးခန်းတိုင် မတွေ့မမြင်ဘဲ၊ မိမိတွေ့မြင်အပ်သော နေရာကွက်မျှကိုသာ သဲ, ရေ, တို့ဖြင့် ပက်ဖျန်းခါ၊ မီးသေပြီအထင်အမှတ်နှင့်နေရကား၊ မီးကြွင်းမီးကျန်မှထ၍တောက်လောင်ခြင်းအားဖြင့်၊ ထိုအိမ်တအိမ်လုံး ပြုတ်ပြုတ်ပြုန်းကုန်ဆုံးရပြန်၏။ ဤအထက်ပါ ဥပမာ၌၊ မီးလောင်သောအိမ်ကြီးနှင့် လူ, နတ်, ဗြဟ္မာ, သတ္တဝါများ၏ရုပ်ခန္ဓာ၊ မီးနှင့် ဒိဋ္ဌိဝိစိကိစ္ဆာတရားနှစ်ပါး၊ အိမ်ရှင် နှင့် နာမ်ခန္ဓာ၊ မီးလောင်မှန်း ဆုံးခန်းတိုင်အောင် မသိမှုနှင့် ဝိပဿနာ, ဘာဝနာ, ပညာတရားကိုနားမလည်မှု၊ မိမိတွေ့မြင်သောနေရာကို သဲ, ရေ, တို့နှင့်ပက်ဖျန်းမှုနှင့်၊ သီလသမာဓိတရားများကို ပွါးများအားထုတ်မှု၊ မီးသေပြီဟု ထင်မှတ်နေမှုနှင့် ထို သီလ, သမာဓိတရားများနှင့်သာ အကုသိုလ်တရားကင်းပြတ်ကုန် ငြိမ်းသွားပြီဟုထင်မှတ်မှု၊ မီးကြွင်းမီးကျန်မှတဖန်တောက်လောင်၍ ထိုအိမ်တအိမ်လုံးပြုတ်ပြုတ်ပြုန်း ကုန်ဆုံးပြန်မှုကြွင်းကျန်ရစ်သော ဒိဋ္ဌိဝိစိကိစ္ဆာအနုသယကိလေသာအပါယ်မီးမျိုးစေ့မှတဖန်လောင်ကျွမ်းမှုဖြင့်၊ လူ, နတ်, ဗြဟ္မာ, ပုထုဇဉ်သတ္တဝါတို့၊ တဖန်- အပါယ်လေးဘုံသူ, အပါယ် လေးဘုံသား, သတ္တဝါများဖြစ်၍၊ အပါယ် လောကကြီးထဲသို့ ကျရောက်ခါ၊ ငရဲမီးလောင်မှုနှင့်အဆင့်ဆင့်တူညီကြောင်း မှတ်သားရာ၏။

အထက်၌ ဘော်ပြခဲ့သောဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ မီးနှစ်ဖြာတို့တွင်လည်း၊ သို့လော–သို့လော-တွေးတောယုံမှားလျက်၊ တထစ်ချဆုံးဖြတ်ချက်မချနိုင်သော ဝိစိကိစ္ဆာ တရားသည်၊ ဘောက်လဲဘောက်ပြန် မမှန်ကန်ခြင်းကိုသာ မြင်တတ်သော ဒိဋ္ဌိတရား၏

နောက်ပါးမှသာဖြစ်ပေါ်တတ်သောကြောင့် လိုရင်းမဟုတ်သေး။ အပါယ်လေးဘုံ လောကကြီးထဲသို့ ဆွဲဆောင်မှုမှာ၊ အမှားကို မြင်တတ်သည့် ဒိဋ္ဌိတရားသာလျှင် လိုရင်းပဓါန ဖြစ်၏၊ ထို ဒိဋ္ဌိတရားသည် သက္ကာယ,ဟူ၍ခေါ်ဆိုအပ်သောရုပ်နာမ်အပေါ်တွင် အမှားကိုစွဲ၍မြင်မှုကြောင့် သက္ကာယဒိဋ္ဌိ,ဟူ၍ ခေါ်ဆို၏။

ပရမတ္ထတော ဝိဇ္ဇ မာနတ္တာသန္တော သံဝိဇ္ဇမာနော၊
ကာယော သက္ကာယော၊ တေဘူမိကခန္ဓာ ပဉ္စကသောတိ၊
နာမံ၊ သက္ကာယေ မိစ္ဆာဝသေနဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

ဟူသည်နှင့်အညီ။ ပရမတ္ထတော၊ ပရမတ်သဘောအားဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ သန္တော သံဝဇ္ဇမာနော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယော၊ ရုပ်နာမ် နှစ်ခုတို့၏ အပေါင်းအရသည်။ သက္ကာယော၊ သက္ကာယ မည်၏။ ဣတိ၊ ထို သက္ကာယ ဟူသောအမည်သည်။ တေဘူမိကခန္ဓာ ပဉ္စကဿ၊ ဘုံသုံးပါး၌ဖြစ်သောခန္ဓာငါးပါးအပေါင်း၏၊ နာမံ၊နာမည် တည်း။ သက္ကာယေ၊ ပရမတ္ထ သဘာဝအားဖြင့် ထင်ရှားကေန် အရှိမှန်သည့်၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးခုတို့၏ အပေါင်းအရ ဖြစ်သော ကိုယ်ကာယထဲ၌။ မိစ္ဆာဝသေန၊ချွတ်ချော်ယွင်းဘောက်။ အဓိပ္ပါယ်ယူဆပုံ မမှန်မကန် သောအစွမ်းအားဖြင့်။ ဒိဋ္ဌိ၊ငါဆိုတာ မပါမရှိပါဘဲလျက် ငါ-ရှိပေ၏ဟု၊ နာမ်ရုပ် နှစ်ဖြာနှင့် ငါ - မကွဲ မပြား တသားထည်းပူးတွဲပေါင်းဘက်လျက်။ အမှားကို မြင်သိ တတ်ခြင်း သဘော တရားသည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မည်၏၊ ၎င်း သက္ကယဒိဋ္ဌိ ကို တနည်းအားဖြင့်၊ အတ္တဒိဋ္ဌိ, ဟူ၍ လည်း ခေါ်ဆို၏။

အတ္တာတိပဿတီတိ အတ္တဒိဋ္ဌိ၊ ဟူသောဝိဂြိုဟ်အရ၊အတ္တာတိ၊အသက်ဟူ၍၎င်း၊ (ဝါ) ကိုယ် ဟူ၍၎င်း၊ (ဝါ) အကောင် ဟူ၍၎င်း၊ ပဿတိ၊ မဟုတ်ဘဲနှင့် အလွဲကို မြင်တတ်, သိတတ်,၏၊ ဣတိတသ္မာ၊ ထိုကဲ့သို့ မဟုတ်ပါဘဲ၊ အလွဲကို မြင်သိတတ်သော သဘောတရားကြောင့်၊အတ္တဒိဋ္ဌိ၊အတ္တဒိဋ္ဌိမည်၏၊(ဝါ)သက္ကာယဒိဋ္ဌိ လည်းမည်၏၊ သို့ဖြစ်ပါ၍ ဝိပဿနာ ဘာဝနာဉာဏ်အမြင် မသန်ဘဲ၊ အဝိဇ္ဇာဖုံးအုပ်လျက်၊ရုပ်နှင့်နာမ်ကို ပိုင်ပိုင်နိုင်နိုင် မခွဲခြမ်း မစိတ်ဖြာနိုင်သူတို့မှာ၊ ပညတ် သဘောတရားကို မခွါနိုင်ကြဘဲ၊ ပညတ်တရားပေါ်တွင်သာ တင်စွဲလျက်၊ အမြင်နည်းလှသည့် ဉာဏ်ရပ်,ဉာဏ်မွဲ ကလေးတွေနှင့်—

(၁) ရုပ်,နာမ်,နှစ်ပါးပင် ငါ-ဖြစ်သည်၊
(၂) ငါ့မှာ-ရုပ်,နာမ်,နှစ်ပါးရှိသည်၊
(၃) ငါ၌-ရုပ်,နာမ်,နှစ်ပါး ရှိသည်၊
(၄) ရုပ်,နာမ်,နှစ်ပါး၌ ငါရှိသည်၊

အစရှိသဖြင့်၊ ရုပ်တရားအပေါ်တွင် အယူမှားယွင်းချက် လေးပါး၊နာမ်တရားလေးပါးအပေါ်တွင် အယူမှားယွင်းချက် တဆယ့်ခြောက်ပါး အားဖြင့်၊ ထို သက္ကာယဒိဋ္ဌိ နှစ်ဆယ်ကို အစပြု၍၊ သက္ကာယဒိဋ္ဌိ အသင်္ချေအနန္တ ပွါးများလာရပုံ အကြောင်းကို၊ သံယုတ်နိကာယ် သဠာယတန သံယုတ်ပါဠိတော်၌—

သက္ကာယဒိဋ္ဌိယာ သတိဣမာဒိဋ္ဌိယော ဥပ္ပဇ္ဇန္တိ၊

ဟူ၍ ဟောကြားတော်မူသည်နှင့် အညီ၊ သက္ကာယဒိဋ္ဌိယာ၊ ရုပ်နာမ်နှစ်ပါးကို၊ငါ့ကိုယ်,ငါ့အသက်,သတ္တဝါကောင်ဧကန်ဟုတ်သည်ဟု၊ မဟုတ်ဘဲနှင့်အလွဲကိုသာ မှတ်တတ်,ထင်တတ်, မြင်

တတ်,သိတတ်,သော မိန္တဉာဏ်အမြင်သည်။ သတိ-အဇ္ဈတ္တ၌ ဖြစ်သည်ရှိသော်၊ ရူပါဒိန္ဒြိယော၊ ဤခန္ဓာငါးပါးကို စွဲမှီသည့်၊ သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို အစပြု၍၊ အာယတန တဆယ့်နှစ်ပါး၌စွဲမှီ၍ဖြစ်သော သက္ကာယဒိဋ္ဌိ လေးဆယ့်ရှစ်ပါး။ ဓါတ်တဆယ့်ရှစ်ပါး၌စွဲမှီ၍ဖြစ်သော သက္ကာယဒိဋ္ဌိ ခုနစ်ဆယ့်နှစ်ပါး။ ဘုံသုံးပါး၌စွဲမှီ၍ဖြစ်သော သက္ကာယဒိဋ္ဌိ အသင်္ချေအနန္တ၊ ခေတ်သုံးပါး၌စွဲမှီ၍ဖြစ်သော သက္ကာယဒိဋ္ဌိ အသင်္ချေအနန္တ၊ နတ္ထိက၊ အဟေတုက၊ အကြိယဒိဋ္ဌိကြီး သုံးပါး၊ ဆယ်ပါးသော အန္တဂ္ဂါဟိက၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိကြီးတို့သည်၊ ဥပ္ပဇ္ဇန္တိ ဖြစ်ပေါ်၍လာကြကုန်၏။

ထိုနည်းတူစွာ ပဏ္ဏာသပါဠိတော်၌လည်း "အတ္တဒိဋ္ဌိ မူလကာ သဿတုစ္ဆေဒါဒယော" ဟူ၍ ဟောကြားတော် မူချက်အရ။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အစရှိကုန်သော ဒိဋ္ဌိကြီးငယ် အသွယ်သွယ်တို့သည်၊ အတ္တဒိဋ္ဌိ အရင်းခံမူလကြောင့်၊ (ဝါ) သက္ကာယဒိဋ္ဌိအရင်းခံမူလကြောင့်၊ ပေါက်ပွါးပေါ်ပေါက် ဖြစ်ပေါ်လာခဲ့ရကြောင်း ဟောကြားတော်မူချက်ကို ထောက်ဆ၍၊ သတ္တဝါတို့၏ နာမ်ရုပ်အစဉ်တွင်၊ ငါ-ဟူသောအမျှင် ဝင်ရောက် ရစ်ပတ်လျက်၊ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါစားသည်၊ ငါထိသည်၊ ငါသိသည်၊ ငါကြံသည်၊ ငါအိပ်သည်၊ ငါထိုင်သည်၊ ငါသွားသည်၊ ငါသူ့အားသတ်မိသည်၊ ငါသူ့ဥစ္စာခိုးမိသည်၊ ငါလှူသည်၊ ငါသီလဆောက်တည်သည်အစရှိသည်ဖြင့်၊ ရုပ်နာမ်အမှုကို ငါပြုလုပ်ခါရစည်းမိသမျှ၊ ပုထုဇဉ်သတ္တဝါတို့မှာ—သိကြား, ဗြဟ္မာ, လူ,နတ်,သတ္တဝါ, ဘယ်လိုအဖြစ်မျိုးနှင့်ပင် ဖြစ်၍နေစေကာမူ၊ အပါယ်လေးဘုံသို့ ကျရောက်ရန်၊ အကုသိုလ်ကံဟောင်း

ကံသစ်တွေအနန္တ ရစ်ပတ်ပိုင်းအုံလျက်၊ ယနေ့ သူတော်ကောင်း နက်ဖြန်ခါ-သူယုတ်မာ၊ ယခုဘဝ သူတော်ကောင်း၊နောက်ဘဝ သူယုတ်မာ ဖြစ်ကြကာ၊ အတည့်မကျ ဘောက်လွဲ ဘောက်ပြန် အတန်တန်ကြောင့်၊ သရဏဂုံသီလမမြဲဘဲ—

အာဝဋ္ဋေ ပုထုဇ္ဇနဘာဝေ ယတြာပဟိနာဝမ ပုထုဇ္ဇနော၊
မာတုဃာတာ ဒီနိပိ အနန္တရိယာနိ ကရဿတိ၊

ဟူသော အင်္ဂုတ္တိုရ်၏ စသောအဋ္ဌကထာလာပါဠိအရ၊ပုထုဇဉ် အဖြစ်သည်၊ အပြစ်ကြီးမားလှစွာသော၊(ဝါ)အပါယ်လေးဘုံသို့ ကျရောက်စေတတ်သည့်၊ အမိ,အဘ,တို့ကို သတ်နိုင်ခြင်းအစရှိ သော ပဉ္စာနန္တရိယ,ကံကြီးကိုပင် ပြုလုပ်နိုင်သည်ဟူ၍ ဆိုလေ ရကား၊ အဝိဇ္ဇာမှိုင်း ကာသည့်၊ ဒိဋ္ဌိဝိစိကိစ္ဆာ အနုသယ ကိ လေသာ အပါယ်မျိုးစေ့ မီးသည်။မပြတ်ကင်းသူ ပုထုဇဉ်သတ္တ ဝါ မှန်သမျှတို့ကို၊ အပင်ထက်၌ သီးလျက်ရှိသော အသီးသည်၊ အညှာပြုတ်သည်နှင့်တပြိုင်နက် မြေသို့တဖုတ်ဖုတ် ကြွေကျလေ ကုန်သကဲ့သို့၊ လူ,နတ်,ဗြဟ္မာ,တို့၏ ဇီဝိတိန္ဒြေပြုတ်၍ သေဆုံး သည်၏အခြားမဲ့၌အပါယ်လေးပါးသို့ လားရောက်စေတတ်သည့် အကုသိုလ်ကံအနန္တ ဆွဲငင်ပစ်ချလျက်၊ ငရဲသူသတ္တဝါတို့သာ လျှင် ဖြစ်ကြရကြောင်းကို၊အင်္ဂုတ္တရ ဧကနိပါတ်အဋ္ဌကထာ၌—

အန္တမသော ပိသတိ ဝဿုကံ သက္ကာယဒိဋ္ဌိံ၊
ဥပါဒါယဒိဋ္ဌိ နာမသဂ္ဂံ ဥပနေတုံ၊
နဋ္ဌိကော်တံ နိရယသ္မိံ ယေဝနိမုဇ္ဇာပေတိ၊

ဟူ၍ဟောကြားတော်မူချက်အရ၊ အန္တမသော၊နောက်ပိတ် ဆုံးအားဖြင့်၊ ပိသတိဝဿုကံ၊ စွဲမှီရာ ဝဿုနှစ်ဆယ် ရှိသော

သက္ကာယဒိဋ္ဌိ၊ ငါ-ငါ-ထင်ချက်။ သက္ကာယဒိဋ္ဌိ၊ အယူမှား,အယူပျက်ကို။ ဥပါဒါယ၊အစပြု၍။ ဒိဋ္ဌိနာမ၊ အယူမှား,အယူပျက်,တို့မည်သည်။ သဂ္ဂံ၊ နတ်ရွာသုဂတိသို့။ ဥပပေတုံ၊ ဆွဲဆောင်ခြင်းငှါ။ နဒ္ဒိ၊မရှိ၊ကောင်း၊စင်စစ်ကောင်းအမှန်အားဖြင့်။ နိယျာဒ္ဓံယောဝ၊ငရဲသို့သာလျှင်။ နိမုဏ္ဍာပေတိ၊ မုက္ချပုံသေ နစ်မြုပ်စေတတ်၏။

ဤ-အထက်၌ ပြဆိုခဲ့ပြီးသော သာဓက အရပ်ရပ်တို့ကို ထောက်ဆ ဆင်ခြင်သောအားဖြင့်။ ဝိပဿနာ ဘာဝနာ ပညာ ဉာဏ်မဘက်တွဲဘဲ။ လှူဒါန်းသမျှ-ဒါန၊ စောင့်သုံးသမျှ-သီလ။ ပွါးများသမျှ-ဘာဝနာတရားတို့မှာ။ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ အပါယ်မျိုးစေ့ မီး နှစ်ဖြာကို။ အနုသယကိလေသာ မျိုးကွာအောင် မသတ်ဖြတ်နိုင်။ မပယ်ရှားနိုင်လေသောကြောင့်။ ထိုအပါယ် ပဋိသန္ဓေမျိုးစေ့။ ဒိဋ္ဌိဝိစိကိစ္ဆာ၊မီးဆိုးကြီးနှစ်ဖြာကို။ အနုသယ ကိလေသာခါတ်ပါ မကျန်အောင်။ ဝိပဿနာ, ဘာဝနာ, ပညာဉာဏ်, ရေချမ်းနှင့် ပက်ဖျန်းငြိမ်းသတ်ကြစေရန်။ သတ္တဝါ အများတို့အား။ အစဉ် သနားတော်မူလှသော မဟာဂရုဏာ တရားဖြင့်။ ပဋိသမ္ဘိဒါမဂ် သံယုတ်နေတ္တိ အစရှိသော ပါဠိတော်များ၌။ ညွှန်ကြားထုတ်ဘော် ဟောကြားတော်မူခဲ့သည်မှာ-

သတ္တိယာ ဝိယဩမဿော ဒယှမာနေဝ မတ္ထကေ၊
သက္ကာယဒိဋ္ဌိ မဟာနာယ သတောဘိက္ခု ပရိဗ္ဗဇေ၊

ဟူ၍ ဟောကြားတော်မူခဲ့လေသည်။ သတ္တိယာ၊ လှံမကြီးဖြင့်။ ဩမဿောဝိယ၊ ရင်၌ထိုးဝင်၍ လျှင်မြန်စွာ နုပ်သောသူကဲ့သို့ရင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယှမာနေဝ၊ မီးလောင်၍ လျှင်မြန်စွာသတ်သောသူကဲ့သို့ရင်း။သက္ကာယဒိဋ္ဌိ အနမတဂ္ဂ၊သံ

သရာမှစ၍ ယခုဘဝတိုင်အောင်။ မိမိတို့၏ ခန္ဓာအစဉ်၌ ရုံးဝင်လျက်နေသော အယူမှား,အယူပျက်မှု။ ကိလေသာ သက္ကာယဒိဋ္ဌိပြောင့်အရကြီးကို။ (ဝါ)မိမိတို့၏ ခန္ဓာအစဉ်၌ လောင်ကျွမ်းလျက်နေသော အယူမှား,အယူပျက်,မှု သက္ကာယဒိဋ္ဌိ မီးရကြီးကို။ ပဟာနာယ၊ မကြွင်းချက်ခြင်း လက်ငင်း ခုတ်ဖြတ် ပယ်နုပ်သတ်ခြင်းငှါ။ သတော၊ သတိရှိသော။ ဘိက္ခု၊သံသရာဝဋ်ဘေးကြီးကို ကြောက်သောသူသည်။ (ဝါ)သံသရာဝဋ်ဖွက်မှ လွတ်ထွက်လိုသော သူသည်။ ပရိဗ္ဗဇေ၊ ရုပ်နာမ်မှာ ငါ-မနေ့ရလေအောင်။ ဝိပဿနာဘာဝနာ ပညာဉာဏ် သဘောဖြင့်။ ကျင့်ကြံအားထုတ် ပယ်ဖြတ်ခုတ်ထွင် သုတ်သင်ရှင်းလင်းကြရာ၏။ ရှင်းလင်းကြပေတော့။ (ဝါ) ယခုလို ဗုဒ္ဓသာသနာ ထိန်ထွန်းသည့်ခိုက်အခါမှာမှ။မိုက်ရာ မှားရာတွေကို ရှင်းပြီး လင်းနိုင်ကြမှာမို့။ ပြောပ်-ကြိုးစားအားထုတ်ခါ ရှင်းရှင်းပြီး။ ဝိပဿနာ၊ ဘာဝနာ၊ ပညာဉာဏ် လင်းလင်းကြီး ဖြစ်နိုင်ကြပါစေကုန်သတည်း။

အချို့သော ပုဂ္ဂိုလ်သတ္တဝါတို့မှာ။ငါတို့သည် ·ဘဝအသင်္ချေ အနန္တမှစ၍ယနေ့တိုင်အောင်ပင်။ သံသရာရေယဉ်ကြော၌ မြုပ်မျောလျက် လာခဲ့ကြရသည်မှာ။ အပါယ်ပဋိသန္ဓေ ပေးစေတတ်သော ကိလေသာမီးကို မတားဆီးနိုင်မှုကြောင့်ပင်ဖြစ်ပေသည်။ ဤမီးကို အပြီးတိုင်အောင် မငြိမ်းသတ်နိုင်ပါက။ နောင်ကိုလည်း ဤကဲ့သို့သော အပါယ်ဘေးဒုက္ခကြီးကိုတွေ့ရပေဦးမည်။အပါယ်ပဋိသန္ဓေမီးကို တားဆီးမှုကိစ္စမှာလည်း။ မြတ်စွာဘုရားသခင်၏ တရားတော် တည်းဟူသော ဓမ္မရေအေးနှင့်သာ ငြိမ်းဇနိုင်ရာသည်။ ထို အမြိုက်ဆေးဟု ဆိုအပ်သော တရားတော်ကိုလည်း။ ယခုလို ဗုဒ္ဓသာသနာ ပေါ်ထွန်းသည့် ခေတ်အခါမှာမှ ရှာကြံ၍

ရပေတော့မည်ဟု၊ သတိသမ္ပဇဉ် ဉာဏ်ဝီရိယ တွဲယှဉ်လျက်၊ ဘုရားသာသနာတော်ကြီးနှင့်ပက်ပင်းပါကြုံကြိုက်ခါ၊ လူဖြစ်လာရမှုအချိန်ကလေးကို အချိုးနှိုးအလဟဿ မကုန်ဆုံးစေမူ၍–

စတ္တာရိ သောတာပတ္တိယင်္ဂါနိ သပ္ပုရိသံ
သေဝေါ၊ သဓမ္မဿဝနံ ယောနိသော
မနသိကာရော ဓမ္မာနု ဓမ္မပတ္တိ၊

ဟူသော ပါဠိတော်နှင့်အညီ၊

၁၊ မဂ်ဖိုလ်နှင့်စပ်သော တရားတော်များကို ဟောပြောလေ့ရှိသည့် သူတော်ကောင်းတို့နှင့် ပေါင်းဘော်ခြင်း၊

၂၊ မဂ်ဖိုလ်နှင့်စပ်သော တရားတော်များကို နာကြားခြင်း၊

၃၊ မဂ်ဖိုလ် နှင့် စပ်သော တရားတော်များကို ကြားနာခဲ့သည့်အတိုင်း နှလုံးသွင်းခြင်း၊

၄၊ မဂ်ဖိုလ်သို့ ရောက်စေတတ်သော တရားတော်များအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း၊

တည်းဟူသော-သောတာပန်ဖြစ်စေတတ်သည့်(၄)အပါယ်ပဋိသန္ဓေ မျိုးစေ့မီး၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ အနုသယကိလေသာ,တွေ ပါ ကွာနိုင်သည့်၊ သောတာပတ္တိမဂ်ကို ရစေတတ်သော အကြောင်းအင်္ဂါလေးပါးနှင့် ညီညွတ်အောင်၊ မအိုမီ,မနာမီ,မသေမီ, ယခုလိုရှာကြံ၍ရခိုက် အချိန်အခါမှာ ရှာကြံလေမှတော်မည်၊ အပါယ်ဘေး,အပါယ်ဒုက္ခ,ကြီးက ကိုယ့်ကိုယ်တိုင်တရားတော်ကို လက်ကိုင်၍ ဖွတ်မရုံးထွက်သမျှဖြင့်၊ ဘယ်လင်,ဘယ်သား, ဘယ်သမီး, ဘယ်မြေး,တွေကမှ တားဆီးကာကွယ်လျက်၊ပြုဖြင်ပေးနိုင်ဘွယ်အကြောင်း တခုမျှမရှိဟု–

ဝဿံဂုဏ္ဍာ ဝယောဂုဏ္ဍာ၊ ဇိဏ္ဏာမရဏာ သန္တိကာ။
သင်္ခါရာနံ သရိတွာန၊ ဓမ္မံစရေယျ ပဏ္ဍိတော။

ဟူသော ပါဠိတော်၏သဘောတရားကိုနှလုံးပိုက်ပြီး။

ဝဿံဂုဏ္ဍာ၊ စက္ကန့်-မိနစ်၊နာရီခေတ်မှ။ ရက်ကို လ,စား။နှစ်တွေကများ၍ လာခဲ့ရပေပြီ။ ဝယောဂုဏ္ဍာ၊သွားကြိုးဆံဖြူ-ငယ်မူတွေယိုယွင်းပြီး၊အိုမင်းခြင်းသို့ရောက်ခဲ့ရရှာလေပြီ။ ဝါ၊သူ့ ထက်ငါ-တကယ်လှ၍ရို့၊မယ်ပပ,အသွင်ရှုံးရအောင်ဟဲ့လို့။ ပြင်တုံးဆင်တုံး-ပြင်ဆင်တုံး၍ပင်၊ သုံးမကျပေါင် ခက်စဘွယ် တွေနှင့်နိုးနိုးပြီး၊ ဩဇာ- အသက်အရွယ်တွေကဖြင့် ကြီး၍လာခဲ့ရပြန်ပေပြီ။ ဇိဏ္ဏာမရဏာ သန္တိကာ၊ ကိုယ့်ကိုယ်ကို ကိုယ် မှန်နှင့်ကြည့်လျှင်ဖြင့်၊ ဟန်မထိပေါင် အခြေက ယွင်းလို့ရို့၊ သေမင်းနယ်ထဲသို့ တကယ်ဘဲ နီးကပ်၍လာခဲ့ရပြန်ပေပြီ။ ပဏ္ဍိတော၊ရှေ့ရေး နောက်ရေး-ရှေ့ နောက်ရေးကို ထောက်တွေးနိုင်ဘိပညာရှိသည်။သင်္ခါရာနံ၊ဖြစ်လျှင်မုချ ချုပ်ပျက်ရသည့် သင်္ခါရတရားအစုတွေကို။ ဝါ၊နေ့ဆက် ရက်ဆက်-နေ့ရက်တွေ ဆက်ဆက်ပြီး၊ အခက်တွေတွေ ရတက်ပွေလို့ရို့- မျက်ရည်စို့ရွဲ ငိုမစဲနိုင်အောင်၊ အမြဲဒုက္ခ တွေ့ကြုံရသည့် သင်္ခါရတရားအစုတွေကို။ ဝါ၊ ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊အာနေဉ္စာဘိသင်္ခါရ, ဟုဆိုအပ်သော၊ လူ,နတ်, သတ္တဝါ, ပါယ်လေးရွာ နှင့်-ဗြဟ္မာနှစ်ဆယ်၊လားဘွယ်အမှု၊သင်္ခါရ တရားအစုတွေကို။ သရိတွာန၊ယခုလို သံသရာဝဋ်အတွင်းက၊ ဖွတ်ကင်းကွာ မဖယ်ရှဲသမျှသာဖြင့်၊တကယ်ဘဲတွေ့ရဦးမည်ဟု၊ မတည်ကြည် အမှန်မကောင်းသရွေ့တွေကို၊ အလိလိ အဖန်ဖန် အတန်တန် အောက်မေ့ပြီး

သကာလ။ ခမ္မ်မဂ်ရောက်ကြောင်း၊ ဖိုလ်ရောက်ကြောင်း,နိဗ္ဗာန်ရောက်ကြောင်း, တရားကောင်း တရားမြတ်တွေကို။ ဝါ၊ဒုက္ခခြင်းရာ-ဝဋ်သစ္စာနှင့်။တဏှာမဲ့ကင်း၊သက်သက်ရှင်း၍၊ ငြိမ်းခြင်းဇောက်၊ မုက္ခမှန်သည့်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း, တရားမြတ်,တွေကို။ စရေယျ၊ နေ့ညမယုတ် ကျင့်ကြံ ကြိုးကုတ်အားထုတ်ရာ၏။ အားထုတ်ကြပေတော့။ ဝါ၊ ယခုလို ဗုဒ္ဓသာသနာ ထိန်ထွန်းသည့်ခိုက်အခါတွင်။ ဘယ်လင်,ဘယ်မယား,ဘယ်သားသ္မီး, ဘယ်မြွေးမြစ်,တွေ ကမှ၊ တားဆီးခါ မကာကွယ်နိုင်သည့်။ ဘယာအသွယ်သွယ်၊ ဒိုရ့,နာ,သေ,ရေး၊ ပါယ်ဘေးဒုက္ခအနန္တတွေနှင့် မကြုံရလေအောင်၊ မဆုံရလေအောင်။ ကိုယ်ရေးကြို-သက်လုံကောင်းပါမှ။ အထက်ဘုံပြောင်းခါ နိဗ္ဗာန်စခန်းပွင့်မှာမို့။ ဩော်-သမ္မာသက်ပ္ပ,ဆိုသည့် စိတ် ပညာ အကြံဉာဏ်စခန်းက၊ ကြိုးပမ်း၍ ကျင့်ကြံအားထုတ် ကြရာလေကုန်တော့သတည်း။

ဟူသော အဓိပ္ပါယ်သဘောသွားကို နှလုံးပိုက်လျက်၊ မိမိတို့ပြုလုပ်သမျှသောဒါန,သီလ,သမထ,ဘာဝနာ,တရားတွင်။ဝိပဿနာ,ဘာဝနာ,ပညာဉာဏ်သဉ္ဇကာဘက်တွဲပြီး။ဩော်-ငါတို့ ရှေ့အထက်ကျော်ကာလက အဝိဇ္ဇာမှိုင်းကာလျက်၊ ပညတ်တရားပေါ်တွင်တင်ပြီး။ရုပ်နာမ်နှစ်ပါးကိုမှမမြင်မသိနိုင်ဘဲ။ထိုကဲ့သို့ ရုပ်နာမ်နှစ်ရပ်တွဲစပ်၍ဖြစ်ပေါ်နေခြင်းကိုပင်၊သူဘဲ,ငါဘဲ၊ယောက်ျားမိန်းမ၊ပုဂ္ဂိုလ်,သတ္တဝါ, အသက်,လိပ်ပျာ,တွေဘဲရယ်ဟု။အတ္တစွဲအနေအားဖြင့်၊ အမှားကိုသာ မြင်သိနေကြသည့် သက္ကာယဒိဋ္ဌိတွေမှာ ဘုရားဟောအရ။ ဝိပဿနာ,ဘာဝနာ, ပညာတရားသဘောဖြင့်၊ပိုင်းခြားချတ်ထွင်သုတ်သင်ရှင်းလင်းလိုက်ပါမှ။တောင်

အရုပ်နှင့်မြောက်အရုပ်ပမာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဝေးသည်ထက် ဝေးကွာနေပေတော့တကား။

စင်စစ်မှာကား-သုံးဆယ့်တဘုံ လောက၊ အဇ္ဈတ္တ, ဗဟိဒ္ဓ, သဏ္ဌာန်၊မကျန်သိမ်းကျုံး၊လောကခါတ်အားလုံးမှာ၊နာမဓမ္မ၊ ရူပဓမ္မ ဣဓဝတ္တိသစ္စတော့,ဟူသော၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဒေသနာတရား သဘောကို ထောက်ထား၍ကြည့်ပါမူ၊ စင်စစ်ကေန် အမှန်အား ဖြင့်၊ရုပ်ဓါတ်,နာမ်ဓါတ်,နှစ်ပါးမှအပ ဘာတခုကိုမျှ ရှာကြံ၍မရ ပါတကား။ ရုပ်နာမ်နှစ်ပါးသာလျှင် ထင်ရှားကေန် အမှန်စင်စစ် ရှိကြောင်းကို။ ရူပိနေဓမ္မာ အရူပိနေဓမ္မာ, ဟူ၍ ဓမ္မသင်္ဂဏီပါဠိ တော်က တဖန်ဆက်လက်ခါ ထောက်ခံထားပြန်လျက်၊ ခန္ဓာ ယေဝတိ ပရမတ္ထော၊ ပါတုဘာဝန္တိ နသတ္တော၊ ဟူ၍ သံယုတ် အဋ္ဌကထာမှတဖန်၊ အဟုတ်အမှန်ကျ ပရမတ္ထသဘောအားဖြင့်၊ ရုပ်ခန္ဓာ,နာမ်ခန္ဓာ,တို့သာလျှင် ထင်ရှားအသစ် ဖြစ်ပေါ်၍နေကုန် ၏၊ သတ္တဝါအကောင်ကား မဖြစ်ပေါ်ဟု ဖြည့်စွက်၍ ထောက်ခံ ပြန်ရကား။

ဣမဿ ိသရီရေ ယံကိဉ္စိ ရူပဲနလက္ခဏာရုပ် ယဥ္စကိဉ္စိ နမနလက္ခဏံနာမံ ဣဒဥ္စရုပံ ဣဒံဝုစ္စတိနာမရုပံ၊

ဟူသော ပါဠိတော်အားဖြင့်။ ဤ ကိုယ်ကာယကြီးဟု ပညတ် တင်ထားခြင်း၌၊ ဘောက်ပြန်ပျက်စီးတတ်သော သဘောလက္ခ ဏာရှိသည့် ရုပ်ကာယအာရုံကို ညွှတ်တတ်၊ ဝါ၊ သိတတ်သော သဘောလက္ခဏာရှိသည့် နာမ်ကာယ သာ ရှိပါတကား၊ ဤ ဘောက်ပြန်ပျက်စီးတတ်သော သဘောလက္ခဏာနှင့်အာရုံကို ညွှတ်တတ်,သိတတ်,သော သဘောလက္ခဏာတွေကိုသာ ရုပ်

နာမ်ဟု ခေါ်ဆိုပါတကား၊ ရုပ်နာမ်ထဲမှာတွဲဝင်ပြီး ပုထုဇဉ်တို့ ထင်မှတ်နေကြသည့် ငါ-ကို ဘယ်နေရာမှာမှ ရှာကြံ၍မရပါတကား၊သည်ရုပ်နာမ်တရားမှာ၊ ငါလည်းမဟုတ်,သူလည်းမဟုတ်၊ ယောကျ်ား, မိန်းမ၊ ပုဂ္ဂိုလ်, သတ္တဝါ၊ အသက်,လိပ်ပြာ,လည်း မဟုတ်ပါတကား၊

သည်ကဲ့သို့ ဘောက်ပြန်ပျက်စီးတတ်သည့် သဘောတရား၊ အာရုံကို ညွတ်တတ်, သိတတ်,သည့် သဘော တရားတွေကို၊ မဘောက်ပြန် မပျက်စီးရန်၊ မညွတ်တတ် မသိတတ်ရန်၊ ဘယ်လို အာဏာစက်တွေနှင့်မျှ ကန့်ကွက်တားမြစ်၍မရပါဘဲ၊ အတ္တနော သဘာဝံ ဓါရေတီတိဓါတု,ဟူသောဝိဂြိုဟ်အရ၊ သူ့ဓါတ် သဘာဝ သဘောသတ္တိအတိုင်းသာ သူစွမ်းဆောင်၍သွားလေရကား၊ သည်-ရုပ်ဓါတ်, နာမ်ဓါတ်, တရားတွေမှာ၊ အဝိဇ္ဇာမှိုင်းကာလျက်၊ ဒိဋ္ဌိဝိစိကိစ္ဆာတိမ်သလာတွေ ဖုံးအုပ်နေသည့် အန္ဓပုထုဇဉ်တို့၏ မံသ-စက္ခု,အပေါ်မှာသာ၊ ငါဘဲ-သူဘဲ-ရယ်ဟု အယူလွဲနေကြရှာပေသကိုး၊

ထိုအန္ဓပုထုဇဉ်တို့၏၊ မံသ-စက္ခု,များကို၊ မြတ်စွာဘုရား သခင် ဖေါ်စပ်ခါပေးခဲ့သည့် ဝိဇ္ဇာဉာဏ်အလင်းဓါတ်၊ ဝိပဿနာ ဘာဝနာ ဉာဏ်ပညာစေတသိက်ကဲပြီး၊အနတ္တလက္ခဏာတည်း ဟူသော မျက်စဉ်းဆေးရည်ကြီးကို ပြင်းပြင်းထန်ထန်ခတ်တော့မှ၊ သူဘဲ-ငါဘဲ-ပုဂ္ဂိုလ်သတ္တဝါတွေဘဲ-အစိုးရတာဘဲဟု၊ မှိုတ်မှိုပွါး၊ အမှားကိုသာ မြင်သိနေသည့် ဒိဋ္ဌိဝိစိကိစ္ဆာ တိမ်သလာ တွေမှာ၊အလွှာလိုက်,အလွှားလိုက်,ပြုတ်ပျက်ခါ ကျပြီးသကာလ၊ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်၊ ငါ, သူတပါး, ယောကျ်ား,မိန်းမ, အသက်လိပ်ပြာ,တွေမှ ရှာကြံ၍မရတော့ဘဲ၊

အလိုသို့ မလိုက်တတ် အစိုးမရအပ်သည့်၊ ရုပ်ဓါတ်,နာမ်ဓါတ်, ဖြစ်ခြင်း,ပျက်ခြင်း,သဘော အနတ္တလက္ခဏာတွေသာ၊ သူ့ သဘော သဘာ၀ အလျောက်။ သူဖြစ်ချင်သလို သူဖြစ်ပျက်နေပါ တကားဟု၊ သမ္မာဒိဋ္ဌိ အနတ္တလက္ခဏာ ဉာဏ်ပညာအရောင်မှာ သောတာပတ္တိမဂ် သို့ ဆိုက်အောင် အလင်း ပေါက်သောအခါ။ မိစ္ဆာဒိဋ္ဌိ၊ အတ္တမှောင် ဒိဋ္ဌိ၊ဝိစိကိစ္ဆာ တိမ်သလာတွေရှင်းရှင်း ပျောက်ပြီး၊အပါယ်လေးဘုံသို့ ကျရောက်ရမှုနှင့်တူသည့် မျက်စိ နာ၀ဋ်ရောဂါကြီးအတွက်ဖြင့်၊စိတ်ချလက်ချဘယ်တော့မှ တဖန် ပြန်လည်၍ မဖြစ်ပေါ်ရတော့ပြီဟု အတည်ပြုနိုင်ပေတော့၏။

အောက်ပါ-ပါဠိတော်များကိုထောက်ထားခြင်းအားဖြင့်၊နာမ ရူပ ပရိစ္ဆေဒ,ဉာဏ် ပိုင်နိုင်မှုအကြောင်းကြောင့်၊သက္ကာယဒိဋ္ဌိ, အယူမျက်, အယူမှား,တွေကို ပယ်ရှား တားမြစ်နိုင်ကြောင်း သိ အပ်၏။

၁။ နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ နာမ်ရုပ်နှစ်ပါးကို သိမ်း ဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ,မည်၏။

၂။ နာမရူပ ပရိဂ္ဂဟော သမ္မာဒိဋ္ဌိနာမ၊ နာမ်ရုပ်နှစ်ပါးကိုသိမ်း ဆည်းခြင်းသည် သမ္မာဒိဋ္ဌိ,မည်၏။

၃။ နာမရူပ ပရိဂ္ဂဟော ယထာဘူတနာမ၊ နာမ်ရုပ် နှစ်ပါးကို သိမ်းဆည်းခြင်းသည် ယထာဘူတဉာဏ်မည်၏။

၄။ နာမရူပ ၀၀တ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာဟောတိ၊ နာမ် ရုပ်နှစ်ပါးကို ပိုင်းခြား၍ မှတ်သားခြင်းအားဖြင့်၊ သက္ကာယ ဒိဋ္ဌိကို ပယ်ခြင်းဖြစ်၏။

၅။ နာမရူပါနံ ဥပ္ပါဒါဒိဒဿနေန၊ဥစ္ဆေဒဒိဋ္ဌိယာပဟာနံဟောတိ၊

နာမ်ရုပ် နှစ်ပါးတို့၏ဖြစ်ခြင်းကို ဟုတ်တိုင်းမှန်စွာ မြင်သိသဖြင့်။ ဥဒယဗ္ဗယဒိဋ္ဌိ ကို ပယ်ခြင်းဖြစ်၏။

၆။ နာမရူပါနံ ဝယဒဿနေန၊ သဿတဒိဋ္ဌိယာ ပဟာနံဟောတိ၊ နာမ်ရုပ်တရားတို့၏ ပျက်ခြင်းကို ဟုတ်တိုင်းမှန်စွာမြင်သိသဖြင့်။ သဿတဒိဋ္ဌိ ကို ပယ်ခြင်းဖြစ်၏။

အစရှိသောအထက်ပါ-ပါဠိတော်များကိုသိမ်းကျုံး၍နိဂုံးချုပ်အနေအားဖြင့်။သံယုတ်နိကာယ်-သဠာယတနသံယုတ်ပါဠိတော်၌၊ သက္ကာယဒိဋ္ဌိယာ အသတိ ဋ္ဌမာဒိဋ္ဌိယော နဟောန္တိ၊ ဟူ၍ဟောကြားတော်မူချက်အရ။ ရုပ်နာမ်နှစ်ပါးကို ငါ-သူ့တပါး၊ ယောက်ျား၊ မိန်းမ၊ လူ,နတ်,ဗြဟ္မာ၊ ပုဂ္ဂိုလ်,သတ္တဝါ,ဟုတ်သည်ဟု မှတ်ထင်စွဲလမ်းသည့်။ သက္ကာယဒိဋ္ဌိ အယူပျက်,အယူမှား,ကြီး အစ္ဆုတ္တသဏ္ဍာန်၌ မဖြစ်ခဲ့သော်၊ခန္ဓာငါးပါးအပေါ်၌စွဲလမ်းသောအယူမှားမှ-သက္ကာယဒိဋ္ဌိ-နှစ်ဆယ်။ အာယတန-တဆယ့်နှစ်ပါး အပေါ်၌ စွဲလမ်းသော အယူမှားမှ - သက္ကာယဒိဋ္ဌိ- လေးဆယ့်ရှစ်ပါး။ဓါတ် တဆယ့်ရှစ်ပါးအပေါ်၌ စွဲလမ်းသော အယူမှားမှ-သက္ကာယဒိဋ္ဌိ,ခုနစ်ဆယ့်နှစ်ပါး။ဘုံသုံးပါးအပေါ်၌ စွဲလမ်းသောအယူမှားမှ-သက္ကာယဒိဋ္ဌိ,အသင်္ချေအနန္တ၊ ခေတ်သုံးပါးအပေါ်၌ စွဲလမ်းသော အယူမှားမှ-သက္ကာယဒိဋ္ဌိ, အသင်္ချေအနန္တ၊ သတ္တဝါတယောက်အပေါ်၌ စွဲလမ်းသောအယူမှားမှ-သက္ကာယဒိဋ္ဌိ,အသင်္ချေ အနန္တ၊ နတ္ထိက၊ အဟေတုက၊ အကြိယ.ဒိဋ္ဌိကြီးသုံးပါး၊ ဆယ်ပါးသော အန္တဂ္ဂါဟိက ဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါး သော ဒိဋ္ဌိကြီးတို့ မဖြစ်ပေါ်တော့ပေ၊ အထက်၌ပြဆိုခဲ့ပြီးသော မိမိတို့ပြုလုပ်ခဲ့သမျှ-ဒါန,သီလ,သမထ ဘာဝနာ တရားအပေါ်တွင်၊အစ္ဆုတ္တ-ဗဟိဒ္ဓ သဏ္ဍာန်၌၊ ဝိပဿနာ ဘာဝနာ သမ္မာ

သက်ပ္ပ ပညာဉာဏ် ဘက်တွဲ၍၊ ရှုဆင်ခြင်ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ အနတ္တလက္ခဏာ-ဉာဏ်ပညာရောင် မရှင်းလင်းသေးမှီ၊ ရုပ်နာမ်, နှစ်ပါးကို-ငါ ထင်မှုတလှည့်၊ ရုပ်နာမ် နှစ်ပါးထင်မှုတလှည့်အားဖြင့်၊ မတည်မမြဲ-ပြောင်းလွဲ၍ ထင်မြင်နေခြင်းကိုပင်၊ စူဠသောတာပန်ဖြစ်ပြီး၊ အပါယ်လေးဘုံသို့ မလားမရောက်ရကြောင်းကို၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒီဃ နိကာယ်၊ ဗြဟ္မဇာလသုတ်အဋ္ဌကထာ,တို့၌၊

ဣမိနာ ပန ဉာဏေန . သမန္နာဂတော ဝိပဿကော
ဗုဒ္ဓသာသနေ-လဒ္ဓဿာသော-လဒ္ဓပ္ပတိဋ္ဌော နိယတ
ဂတိကော-စူဠသောတာပန္နော နာမ။

ဟူ၍ မိန့်ကြားတော်မူချက် အရ၊ ဣမိနာပနဉာဏေန၊ ရုပ်နာမ် နှစ်ပါး အပေါင်းတွင်၊ ငါ ဆိုတာ ကြားမညှပ်ရအောင် အထပ်ထပ် ပွားများအားထုတ်မှု၊ နာမရူပ ပရိစ္ဆေဒဉာဏ်-ပစ္စယ ပရိဂ္ဂဟဉာဏ်တို့နှင့်၊ သမန္နာဂတော ပြည့်စုံသော၊ ဝိပဿကော၊ ဝိပဿနာ ဘာဝနာ တရားကို ပွားများ အားထုတ်လေ့ရှိသော ယောဂီပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်တွင်း၌၊ လဒ္ဓဿာသော၊ နိဗ္ဗာန်ချမ်းသာကြီးသို့ လျှင်မြန်စွာ ရောက်ကြောင်း တရားတော်ကို သိမြင် အားထုတ်သောကြောင့် စိတ်၏ သက်သာရာကြီးကို ရသည်ဖြစ်၍ ၎င်း၊ လဒ္ဓပ္ပတိဋ္ဌော၊ သံသရာ ဝဋ်ဆင်းရဲကြီးမှ လွတ်မြောက်ကြောင်း တရားတော်ကို သိမြင်အားထုတ်သောကြောင့် စိတ်၏ ကိုးကွယ်မှီခိုထောက်တည်ရာကြီးကို ရသည်ဖြစ်၍၎င်း၊ နိယတဂတိကော၊ မဂ်,ဖိုလ် နိဗ္ဗာန်ကို လျှင်မြန်စွာ ရရှိကြောင်းတရားတော်ကို အားထုတ်နိုင်

သော၊ လူ့ဘုံ-နတ်ဘုံ-ဗြဟ္မာ့ဘုံတို့၌ မြဲသောဂတိ ရှိသည်ဖြစ်၍ ဌင်း။ ရှုဋ္ဌသောတာပန္နောဒ္ဓနာမ၊ သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ-အစရှိသော မဂ္ဂင်ရှစ်ပါး ရေအယဉ်သို့ ရှေးဦးစွာရောက်သောကြောင့် ရှုဋ္ဌသောတာပန်မည်၏။ ထိုနည်းတူစွာ မဂ္ဂသံယုတ်အဋ္ဌကထာ၌လည်း။

သောတာ အာဒိတော ပတ္တိံ သု-ပါပုဏိံ သု

တိ သောတာပန္နော့ ရှုဋ္ဌသောတာပန္နော-ရှုဋ္ဌသောတာပန္နော-ဟူ၍ မိန့်ကြားတော်မူချက်အရ။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်, တို့နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်များသည်၊ သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပ, အစရှိသော- မဂ္ဂင်ရှစ်ပါး ရေအယဉ်သို့ ရှေးဦးစွာရောက်ရှိပြီး၊ထိုဉာဏ်နှစ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့အား။ ရှုဋ္ဌသောတာပန်—ဝါ—သောတာပန်ငယ်များဖြစ်သည် ဟု မိန့်ကြားတော်မူ၏။ သို့ဖြစ်၍- မြဝတီ ဆရာတော်ဘုရားက။

ဒိဋ္ဌိကပ်ကွာ၊ နေသောခါ။ သောတာစူဋ္ဌသာ။
သောတာစူဋ္ဌ၊ ဖြစ်လေက၊ မကျအပါယ်ရွာ။

ဟူ၍စပ်ဆိုတော်မူပေ၏။ ဌင်းပြင်တဝ-

ယောစဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ၊

ဟူသော ဓမ္မပဒပါဠိတော်အရ၊ ရုပ်ဓါတ်,နာမ်ဓါတ်,သဘောတရားတို့၏၊ ဖြစ်ပျက်မှုကို တကြိမ် တခါမျှ မထင်မမြင်ပါဘဲ၊ ပုထုဇဉ် လူသတ္တဝါ အဖြစ်ဖြင့်၊ အနှစ်တရာကာလပတ်လုံး အ

သက်ရှည်၍နေရခြင်းသည်၎င်း၊ ပုထုဇဉ်ဗြဟ္မာသတ္တဝါ အဖြစ်ဖြင့်။ နေဝသညာ နာသညာ ဘုံတွင်။ ကမ္ဘာပေါင်း-ရှစ်သောင်းလေးထောင် အသက်ရှည်၍ပင် နေရလင့်ကစား။ ရုပ်ဓါတ် နာမ်ဓါတ်သဘောတရားတို့၏ ဖြစ်ပျက်မှုကို တကြိမ်တခါမျှ သိမြင်လျက်။ တရက် တနာရီ မျှလောက် အသက်ရှည်၍ နေရသော ကလျာဏပုထုဇဉ်က မြင့်မြတ်ကြောင်းဟောကြားတော်မူချက်ကို။ ထောက်ထား ဆင်ခြင်ရန်လည်း တချက်။ ထို့ထက်မက တဆင့်တိုးပြီး။ ဝိပဿနာ ဘာဝနာ-သမ္မာသက်ပ္ပ ဉာဏ် ပညာ ယှဉ်လျက် ကျင့်ကြံအားထုတ်၍။ အနတ္တလက္ခဏာဉာဏ် ဆုံးခန်းတိုင် အလင်းပေါက်ပါက၊ သောတာပန်။ အနိစ္စလက္ခဏာဉာဏ်ဆုံးခန်းတိုင် အလင်းပေါက်ပါက၊ သကဒါဂါမ် နှင့်-အနာဂါမ်။ ဒုက္ခလက္ခဏာဉာဏ် ဆုံးခန်းတိုင် အလင်းပေါက်ပါက။ ယခု တဘဝတည်းမှာပင်။ နောက်တဖန်-ပဋိသန္ဓေမနေရသော ရဟန္တာ အဖြစ်သို့တိုင်အောင် ရောက်စွမ်းနိုင်ပါ၏။ အကယ်၍ ရဟန္တာ အဖြစ်သို့တိုင်အောင် အားမထုတ်နိုင်၊ ဉာဏ်မပိုင်ပါက။ အယုတ်ဆုံးအားဖြင့်- ခုနစ်ဘဝ-ပဋိသန္ဓေ နေရသေးကြောင်းကို ရူဋ္ဌဘာယ မထေရ်က။ မိမိတပည့်များအား။ ဇေကုဒ္ဒရ အဋ္ဌကထာတွင်။

ဝိပဿနာ-သမ္မာဒိဋ္ဌိ - ကိံ ကရောတိတိ သာပိ ပဋိသန္ဓိံ
နာကဍ္ဎတိ-တိ ပိဋကာ ရူဋ္ဌဘာယတ္ထေရော ပနာဟ-သစေ
ဝိပဿနာ.သမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ
ပါပေတုံ သက္ကောတိ ဏုဋ္ဌေ တံ ကုသလံ နောစေ
သက္ကောတိ သတ္တဘဝေဒေတိ အာဝုသောတိ။

ဟူ၍ မိန့်ကြားတော်မူခြင်းကို ထောက်ဆရန်လည်း တတန်။

ရှင့္ဗသောတာပန် အဖြစ်နှင့်ပင်၊ မြတ်စွာဘုရား သာသနာတော်ကြီး တည်မြဲလျက်၊ အပါယ်ဘေးဒုက္ခ ဝဋ်မြစ်တွေကင်းပြတ်ပြီး၊ လူ့ရပ်နတ်ထံ ပြဟ္မာဘုံစံအဖြစ်၊ စိတ်ချ လက်ချ သက်သာရာ ရပါမူ၊ မဟာသောတာပန်အဖြစ် ဆိုပါက၊ အဘယ်မှာဆိုဘွယ် ရာရှိပါအံ့နည်း၊

ဗိဋ္ဌိဗိစ္ဆိ,ပယ်နိုင်ဘိ၊ ဖြစ်၏-သောတာပန်, ဟူသော သံပေါက်နှင့်အညီ၊အကုသိုလ်စေတသိက်တဆယ့်လေးပါးအနက်၊ဋ္ဌိနှင့် ဗိစိကိစ္ဆာ,အပါယ်ဝဋ် မီးနှစ်ပြာမှာ၊အနုသယကိလေသာမျိုးစေ့ ပါ ကင်းကွာလျက်၊ သောတာပန်ဖြစ်ပြီးသကာလ၊ ထိုပုဂ္ဂိုလ်တို့၏ ကင်းကုန်ပြီးသော ဘေးဒုက္ခမှာ မဟာပထဝီမြေကြီး၊ ကြွင်းကျန်ရစ်သော ဘေးဒုက္ခမှာ၊ လက်သည်းပေါ်မှ မြေမှုန့် ခန့်သာ ပမာအားဖြင့် တူညီကြောင်းကို၊ အခါတပါး၌ ရဟန်းများအား မြတ်စွာဘုရားသခင်- မြေမှုန့်ကို လက်မတော်ဖြင့် ကော်ပြခါ၊ ဥပမထား၍ ဟောကြားတော်မူသည်လည်း တချက်၊ ၎င်းပြင် တဖန်၊

ပထဗျာ ဧကရဇ္ဇေန-သဂ္ဂဿ ဂမနေနဝါ - သဗ္ဗ
လောကာဓိပစ္စေန.သောတာပတ္တိ ဖလံဝရံ၊

ဟူသော ဓမ္မပဒပါဠိတော်ကို အနာထပိဏ် သူဌေးကြီးအား၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူလိုရင်း အဓိပ္ပါယ်မှာ၊ မြေပြင် တခုလုံး၌-ဧကရာဇ်စကြာ, ဟူသော တပါးတည်းသော မင်း,ဖြစ်ရခြင်းထက်၊ နတ်ပြည်ခြောက်ထပ်လုံးသို့ ရောက်ရခြင်းထက်၊ပြဟ္မာပြည် နှစ်ဆယ် နှင့်တကွ၊ တလောကလုံးကိုအုပ်စိုးရခြင်းထက်၊ သောတာပတ္တိဖိုလ် က မြင့်မြတ်ကြောင်း၊ ဟော

ကြွားတော်မူသည် ကို နှလုံးသွင်းရန်လည်း တတန်၊ ဤကဲ့သို့သောတာပန်ဖြစ်လျှင်ပင်။ အယုတ်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေနေရတော့မည်ဖြစ်လျက်။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ မှန်သည့် နိဗ္ဗာန်တည်းဟူသော ချမ်းသာစစ် ချမ်းသာ မှန်ကို ခံစားရပေတော့မည်၊ ၎င်းမှတဆင့် ကျင့်ကြံပြန်လျှင်—

ကာမ ရာဂ၊ ဗျာပါဒ။ ပါးက သကဒါဂါမိ။
ကာမဘုံမှာ၊ တကြိမ်သာ၊ လာရန်ရှိသည်ဖြစ်။

ဟူသော သံပေါက်ကဗျာအရ။ သောတာပန် ပုဂ္ဂိုလ်ထက်၊ ကိလေသာတရားတွေ ခေါင်းပါးလျက်။ လူ့ပြည်၌ တကြိမ်သာ ပဋိသန္ဓေနေရန်ရှိပေတော့သည်၊ သကဒါဂါမိ ပုဂ္ဂိုလ်မှာ ပယ်သတ်ရန်ကိစ္စရှိသည့် ကြွင်းကျန်သော အကုသိုလ် စေတသိက်တရား တဆယ့်နှစ်ပါး ပိုမို ခေါင်းပါးရုံမျှသာဖြစ်သည်။ ၎င်းမှတဆင့်ကျင့်ကြံပြန်က။

ကာမဗျာပါ၊ အကုန်ကွာ၊ မှတ်ပါအနာဂါမိ။
လူ့ပြည်နတ်ရပ်၊ ကာမခါတ်၊ နောက်ထပ် ပြန်မဖြစ်။
ငါးတန်သုဒ္ဓါ၊ ဗြဟ္မာရွာ၊ လားရန်တလမ်းဖြစ်။

ဟူသော သံပေါက် ကဗျာအရ၊ အနာဂါမိ ပုဂ္ဂိုလ်တို့မှာ။ ကာမ,ရာဂ,ဗျာပါဒ,တရားတွေ လုံးဝကင်းပြတ်လျက်။ လူ့ပြည်နတ်ရပ်တွင်။ နောက်ထပ်တဖန် ပဋိသန္ဓေနေရန်မရှိတော့ပြီ၊ အထက် သုဒ္ဓါဝါသ ဗြဟ္မာဘုံငါးဆင့်သို့သာ လားရ,ရောက်ရ,ပေတော့မည်၊ ထိုအနာဂါမိ ပုဂ္ဂိုလ်တို့မှာ- သကဒါဂါမိဘဝမှ၊ ခေါင်းပါးအောင်ပြုပြီး မကင်းပြတ်သေးသော အကုသိုလ် စေတသိက် တဆယ့်နှစ်ပါး အနက်၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ-စသော လေးပါးသော ကိလေသာ မျိုးစေ့များကို၊

အနာဂါမိမဂ်ဉာဏ်အင်အားဖြင့်။ထပ်မံ၍တဖန် ကင်းပြတ်အောင် ပယ်သတ်ပြန်၏။ ၎င်းမှတဆင့် ကျင့်ကြံပြန်လျှင်။

ခပ်သိမ်းကိလေ၊ အကုန်ကြွေ၊ မှတ်လေရဟန္တာ၊
ဝဋ်မြစ်နှစ်ရပ်၊ အကုန်ပြတ်၊ နောက်ထပ်မဖြစ်လာ၊
ဒုက္ခခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၊ ဓာတ်သိမ်းတော့သည်သာ၊

ဟူသောသံပေါက်ကဗျာနှင့်အညီ၊ ရဟန္တာပုဂ္ဂိုလ်များမှာ၊ အရဟတ္တမဂ် ဉာဏ် လက်နက်ဖြင့်။ နောက်ဆုံး ကြွင်းကျန်နေသော။ လောဘ။ မောဟ။ မာန။အဟိရိက။အနောတ္တပ္ပ။ထိန။မိဒ္ဓ။ ဥဒ္ဓစ္စ- တည်းဟူသော နောက်ဆုံး ကြွင်းကျန်နေသည့်။ ၈စ်ပါး သော ကိလေသာမျိုးစေ့များကို။အမြစ်အရင်းပါမကျန် ထပ်မံ၍ ပယ်သတ်ပြန်လေရကား။ အလုံးစုံသော အကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေတတ်သည့်၊ အကုသိုလ် စေတသိက်တရား တဆယ့် လေးပါး လုံးဝပြတ်စဲလျက်၊ ကိလေသဝဋ်။ကမ္မဝဋ် တရားတွေ ကင်းပြတ်သွားလေရကား။ သုံးဆယ့်တဘုံ လောကတွင်းဝယ် နောင်တဖန် ပဋိသန္ဓေ နေရမှု ဓာတ်ထုပ်သိမ်းပြီး သင်္ကာလ။ ဝိပါကဝဋ် တည်းဟူသော။ခန္ဓာနာမ်ရုပ် သဘ္ဘဝါကောင် အမျိုး မျိုးတို့၏ ချုပ်ငြိမ်းရာ။ ဒုက္ခတွေ အနန္တ ကင်းလွတ်ပြတ်စဲသည့် နိဗ္ဗာန်စခန်းတွင်။ ချမ်းကြီးမက ချမ်းစွာ တည်နေရပေတော့ ၏။နာမ်ခန္ဓာ ငါးဆယ့်သုံးပါးအနက်။ ကြွင်းကျန်ရစ်သော နာမ် ခန္ဓာ သုံးဆယ့်ကိုးပါးမှာ။ ရဟန္တာပုဂ္ဂိုလ်တို့၏ ရတိစိတ်အဆုံး သို့ ကျရောက်မှသာလျှင်။လုံးဝ ကင်းပြတ်ပေတော့၏။

သို့ဖြစ်ပါ၍ စေတသိက်တရား ငါးဆယ့် နှစ်ပါး အနက်၊ မ ကောင်းသော မျိုးစေ့သဘောနှင့်တူသည့်၊ အာဂန္တုက အကု သိုလ်စေတသိက် တဆယ့်လေးပါးကိုသာ။ပယ်ရ သတ်ရမည်၊

ပယ်နည်း သတ်နည်းကိုလည်း၊ ရုပ်နာမ်,နှစ်ပါး၏ ဖြစ်ပျက်မှုသဘောတရားကို လက္ခဏာယဉ်သုံးချက် ဝိပဿနာ- ဘာဝနာပညာဉာဏ် လက်နက်ဖြင့်၊ အစွမ်းကုန်တိုက်ဖျက်ရန်၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့ပေ၏၊ ကြွင်း–သုံးဆယ့်ရှစ်ပါးသော-အာဝါသိက-ကုသိုလ်စေတသိက် တရားတို့ကို မူကား၊ မျိုးစေ့ပါမကျန် ကင်းပ ပြတ်စဲအောင် ပြုလုပ်၍ မရကောင်းပြီ၊ ကင်းရှင်းအောင်လည်း မပြုသင့် မပြုထိုက်ပြီ။

ထိုကဲ့သို့- မပြုသင့် မပြုထိုက်ခြင်းကြောင့်၊ ပြုလုပ်ရန်နည်းလမ်းကိုလည်း ဘုရားသခင်ဟောကြားတော်မမူပြီ၊ ဤအထက်၌ ပြဆိုခဲ့ပြီးသော နည်းအားဖြင့်၊ သောတာပတ္တိ မဂ် အစ၊ အရဟတ္တမဂ်အဆုံး၊ အလုံးစုံသော–အရိယာပုဂ္ဂိုလ် တို့၏ စိတ်အရက အဆင့်ဆင့်အားဖြင့်၊အပါယ်လေးဘုံ သတ္တဝါ ဟု ခေါ် ဝေါ်သမုတ်အပ်သော-ရုပ်နာမ်လောက၊လူနတ် သတ္တဝါဟု ခေါ်ဝေါ်သမုတ်အပ်သော-ရုပ်နာမ်လောက၊ရူပ,အရူပ,ဗြဟ္မာသတ္တဝါဟုခေါ် ဝေါ်သမုတ်အပ်သော၊ ရုပ်လောက၊နာမ်လောက၊အဇ္ဈတ္တ, သတ္တလောက ကြီးကို ပြုပျိုးထောင် ဖန်တီးသူ ခေါင်းဆောင်မိုလ်မှူးကြီး-လောဘ-ဒေါသမောဟ-တို့ဦးစီးသည့်၊အကုသိုလ်စေတသိက် တဆယ့်လေးခုသော တပ်ရုကြီးကို၊ အလောဘ၊ အဒေါသ၊အမောဟ၊ခေါင်းဆောင် မိုလ်မှူးကြီးတွေ ဦးစီးသည့်နောက်လိုက် ချေရံ သင်းပင်းနှင့်တကွသော၊ သုံးဆယ့်ရှစ်ပါးသော ကုသိုလ်စေတသိက် တပ်ရုကြီးဖြင့်၊ အဆင့်ဆင့်တွန်းလှန်တိုက်ဖျက်သွားလေရကား၊ အို, နာ, သေရေး ပါယ်ဘေးဒုက္ခအစရှိသည်တို့၊ အစဉ် ဒလစပ် နှိပ်စက်အပ်သည့်- အဇ္ဈတ္တိကရုပ်နာမ် သတ္တလောကကြီးနှင့် တကွ၊ ထို ရုပ်နာမ်တရားတို့၏

တည်မှီးရာ ဗဟိဒ္ဓ၊သုံးဆယ့်တဘုံ ဩကာသရုပ်လောကတည်းဟူသော ရန်သူတွေအနန္တတို့ ထကြွသောင်းကျန်းသည့်ပိုင်နက်နယ်ပယ်ကြီးကိုလွန်မြောက်လျက်၊ အို,နာ,သေ,ရေး၊ပါယ်ဘေးဒုက္ခ အဝဝတို့၊ အဘယ်သော အခါကာလမှ မနှိပ်စက်နိုင်ရာ၊ဘေးရန်ကင်းကုန် နိဗ္ဗာန်ဘုံကြီး၌၊ ဧချမ်းချမ်းကြီး တည်နေစံမြန်းရ ပေတော့၏၊ ဤသည်ပင်လျှင်- သတ္တလောက, သင်္ခါရလောက,ဩကာသလောကကြီးသုံးပါးကို ဖျက်ဆီးလွန်မြောက်သည် မည်ပေ၏။

ဤနေရာ၌ ကုသိုလ်ဖြစ်မှု, အကုသိုလ်ဖြစ်မှု, သဘောတရားမှာ၊ စေတသိက်ဓါတ် တရားသည်သာလျှင် ပဓါနတရားဖြစ်၏၊ စိတ်ဓါတ်တရားသည် သဘာဝအားဖြင့် ကြည်လင်သန့်ရှင်းပြီး၊ အာရုံကို ညွတ်တတ်,သိတတ်,သော သဘောမျှသာ ရှိလျက်၊ ကုသိုလ်,အကုသိုလ်,တရားတို့၏ ဖြစ်ပေါ်စေမှုကို မစွမ်းဆောင်နိုင်ပါဘဲ၊ လောကကြီးသုံးပါးကိုဖန်တီး-ဖျက်ဆီးသူ ဦးစီးခေါင်းဆောင်မှာ၊စိတ်ဓါတ်သာလျှင်လိုရင်းပဓါနတရားဟု အထက်ကဘော်ပြခဲ့ခြင်းကို ဝိဝါဒထွေပြားလျက် စောဒနာသင့်သည် ဖြစ်လေရကား၊ထိုသံသယမှုမှ ကင်းပပျောက်ကင်းစေရန်အလို့ငှါ၊ အောက်ပါ ဥပမာကို ထောက်ထားဆင်ခြင်ရာ၏။

အဝတ်ဖြူတထည်အပေါ်၌၊ပန်းချီဆရာတယောက်သည် ရေနှင့် ဘက်စပ်သောပန်းချီဆေးဖြင့် အရုပ်ကားရေးရာတွင်၊ရုပ်လုံးထင်ပေါ်မှုကား ဆေး၏ကိစ္စ၊ထိုဆေး အဝတ်တွင်းသို့ပျံ့နှံ့တည်မြဲအောင် စိမ့်ဝင်စွဲဝင်မှုကား ရေ၏ကိစ္စဖြစ်သကဲ့သို့၊ ထိုနည်းတူစွာ၊အဖြူ,အနီ,အကြောင်,အကျား,ဆေးရောင်များနှင့်တူသည့် အကုသိုလ်စေတသိက် တဆယ့်လေးပါးသည် ရုပ်လုံးထင်ပေါ်မှု

နှင့်တူသည့် အကုသိုလ်တရားများ ဖြစ်ပွါးလာရလေအောင်၊ ထို အကုသိုလ်တရားများကို ညွတ်တတ်, တွယ်တတ်, ကိုင်းတတ်, ရှိုင်းတတ်,သိတတ်,သည့် စိတ်ဓါတ်နှင့် တူသော ရေနှင့် မတွဲ မဘက်ရပါဘဲ၊မိမိတို့ကိစ္စကိုမိမိတို့ချည်းသာ ပြီးမြောက် အောင်မြင်အောင် မစွမ်းဆောင်နိုင်၊ စိတ်ဓါတ်တရား နှင့် ပေါင်းဘော် တွဲစပ်မိမှသာလျှင်၊ အကုသိုလ်စေတသိက် တရားတွေကလည်း အကုသိုလ်တရားကို ကြီးထွားအောင် ပြုလုပ်နိုင် ခြင်းကြောင့်၊ စိတ်ဓါတ်သည် သဘာဝအားဖြင့် ဖြူစင်သန့်ရှင်းမှုပင် ရှိလင့်ကစား၊မိမိနှင့်တွဲစပ်မိရာ စေတသိက်ဓါတ်များအလိုက်၊အကုသိုလ် ကုသိုလ်တရားတို့၏ ဦးစီးခေါင်းဆောင်သဘွယ် ဖြစ်ခြင်းကို—

ယေကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလဘာဂိယာ အကုသလပက္ခိကာ သဗ္ဗေတေမနောပုဗ္ဗင်္ဂမာ မနောတေသံဓမ္မာနံ ပဌမံဥပ္ပဇ္ဇတိ အနွဒေဝ အကုသလာ ဓမ္မာ၊ ယေကေစိဘိက္ခဝေ ဓမ္မာ ကုသလာ ကုသလဘာဂိယာ ကုသလပက္ခိကာ၊ သဗ္ဗေတေ မနောပုဗ္ဗင်္ဂမာ မနောတေသံဓမ္မာနံ ပဌမံဥပ္ပဇ္ဇတိ အနွဒေဝ ကုသလာ ဓမ္မာတိ။

ဟူ၍ ဧကင်္ဂုတ္တရပါဠိတော်-မနောပုဗ္ဗင်္ဂမသုတ်၌ဟောကြားတော်မူသည့်အဓိပ္ပါယ်သဘောအလိုမှာ၊ချစ်သားတို့-အမှတ်မရှိ အလုံးစုံကုန်သော အကုသိုလ်တရား ဖြစ်သော၊ အကုသိုလ်တရား ဖြစ်ပေါ်ရန်၌ပါဝင်ကုန်သော၊ အကုသိုလ်တရားတို့၏ အသင်းအပင်းသဘောတရားများသည်ရှိကုန်၏။ ထိုအလုံးစုံကုန်သော သဘောတရားတို့တွင်၊ စိတ်သည်သာလျှင် အကြီးအမှူး ရှေ့သွားခေါင်း

သောင်ဖြစ်၏။စိတ်သည် ထိုအကုသိုလ်သဘောတရားတို့၏အာရုံ၌ ရှေ့ဦးစွာ စွဲကပ်၏။ လောဘ-ဒေါသ-မောဟနှင့်တကွ။ချေ့ရုံ သင်းပင်း စေတသိက်သဘောတရားတို့မှာ နောက်လိုက် ယော်သားများသာလျှင် ဖြစ်ကုန်၏။

အမှတ်မရှိ၊ အလုံးရုံကုန်သော ကုသိုလ်တရားဖြစ်သော၊ ကုသိုလ်တရားဖြစ်ပေါ်ရန်၌ ပါဝင်ကုန်သော ကုသိုလ်တရားတို့၏ အသင်း-အသင်းသဘောတရားများသည် ရှိကုန်၏။ ထို အလုံးရုံကုန်သော သဘောတရားတို့တွင်၊ စိတ်သည်သာလျှင် အကြီးအမှူး ရှေ့သွားခေါင်းဆောင်ဖြစ်၏၊ စိတ်သည် ထို ကုသိုလ် သဘောတရားတို့၏အာရုံ၌ရှေ့ဦးစွာစွဲကပ်၏။အလောဘ-အဒေါသ အမောဟ-နှင့်တကွ ချေ့ရုံသင်းပင်း စေတသိက်သဘောတရားတို့မှာ၊နောက်လိုက်ယော်သားများသာလျှင် ဖြစ်ကုန်၏ဟူ၍ဟောကြားတော်မူ၏။

ဤကဲ့သို့ သဘာဝဓမ္မအားဖြင့်၊ ဖြူစင်သန့်ရှင်းသော သတ္တဝါ တဦး၏ စိတ်ဓါတ်၌၊ ကာမရူပ-အရူပ,ဟုဆိုအပ်သော ဘုံသုံးဝ သို့ တဝဲလည်လည် ကျင်လည်နေရရန်၊ ပူးပေါင်း ပြုပြင်တတ်သည့် အကုသိုလ်စေတသိက်ဓါတ် တဆယ့်လေးပါး၊ မျိုးစေ့လုံးဝ ကင်းပြတ်လျက်၊ သုံးဆယ့်တဘုံ လောကကြီးကို လွန်မြောက်၍ နိဗ္ဗာန်သို့မျက်မှောက်ပြုရလျှင်ပင်-

သဒ္ဓိလက္ခဏံနိဗ္ဗာနံ အစ္စုတိရသံ အဿာ
သကရဏရသံဝါ အနိမိတ္တ ပစ္စုပဋ္ဌာနံ။ ။

ဟူ၍ ဟောကြားတော်မူသော သမောဟဝိနောဒနီ အဋ္ဌကထာကြီးနှင့်အညီ၊ နိဗ္ဗာန်၏ပရမတ္ထသဘာဝအလိုက်၊ နိဗ္ဗာနံ၊သန္တိ

ဓါတ် ထူးမြတ်လှသည့် နိဗ္ဗာန်တရားတော်မြတ်ကြီးသည်၊ သန္တိ
လက္ခဏာ၊ ဘေးတကာကင်းကွာ–ရန်တကာရှောင်ကွင်း၊ ကိလေ
သာ ရန်ခပင်းတို့၊ မချဉ်းကပ်,မလှုပ်ရှားနိုင်သဖြင့်။ လွန်စွာငြိမ်
သက်ခြင်း၊ တဆယ့်တသီး မီးအပေါင်းတို့မှငြိမ်းချမ်းခြင်း လက္ခ
ဏာ ရှိ၏။ အစ္စုတိရသံ၊ ယင်းကဲ့သို့ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း
သဘောတရားမှ၊ မရွေ့မပြောင်း အစဉ်အမြဲကောင်းကောင်းကြီး
တည်နေရခြင်းစည်းစိမ်ရှိ၏။ ဝါ၊ တနည်းကား–အဿာသကရ
ဏရသံ၊ မိမိထံတည်ရောက်လာသူ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့အား၊
ဘေးပေါင်းကင်းစင်၊ ရန်မျိုးကြဉ်ကွာ၊ ချမ်းသာရအောင်၊ စွမ်း
ဆောင်နိုင်ခြင်းကိစ္စ သတ္တိရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာန်၊ သင်္ခါရ, သင်္ခ
တ, တရားတို့အထဲမှ ဘောက်ခွဲ၍ ထွက်လာရပါလျက်၊ ယင်း–
သင်္ခါရ,သင်္ခတ, တရားတို့၏ အရိပ်နိမိတ်မထင်ပေါ်ခြင်း အခြင်း
အရာရှိ၏။ ထိုကြောင့်-နိဗ္ဗုစံ ပုဂ္ဂိုလ်များမှာ၊ မဘောက် မပြန်
တကယ်မှန်သည့်၊ ပရမတ္ထသဘာဝ လက္ခဏာရသ၊ ပစ္စုပဋ္ဌာန်
နိဗ္ဗာန်၏ သဘောသဘာဝအတိုင်း ဖြစ်တည်၍နေရမည့်မှာ မလွဲ
ဧကန် အမှန်ပင်ဖြစ်ပေသောကြောင့်။ ပရိဝါရပါဠိတော်၌-

ဂတိမိဂါနံပဝနံ အာကာသောပက္ခီနံဂတိ၊
ဝိဘဝေါဂတိဓမ္မာနံ နိဗ္ဗာနံအရဟတောဂတိ၊ ။

ဟူ၍ ဟောကြားတော်မူသည့်နှင့်အညီ။ ပဝနံ၊ တောကြီးပိတ်
ကာ မြိုင်ကြီးစွာသည်၊ မိဂါနံ၊ တော၌ပျော်ရွှင် တောသမင်တို့
၏၊ ဂတိ၊ မုဆိုးနှင့်ကျား ဘေးများစွာတို့မှ၊ ကင်းဝေးချမ်းသာ
ပုန်းအောင်း မှီခိုရာ အရပ်တည်း၊ အာကာသော၊ ကောင်းကင်
သည်၊ ပက္ခီနံ၊ ကောင်းကင်ပျော်မြူး သံကျူးရင့်ညောင်း၊ ငှက်

အပေါင်းတို့၏၊ဂတိ၊ လက်နက်၊ထားလှံ၊ဘေးရန် လွတ်ကြောင်း၊ နေရာကောင်း အရပ်ပေတည်း၊ ဝိဘဝေါ၊ ပျက်စီးခြင်းသည်၊ ခမ္ဘံ၊ ဖြစ်လျှင် ပျက်မြဲ မလွဲမှန်လှ သင်္ခါရ သဘောတရားတို့၏၊ ဂတိ၊သဘောတရားပေတည်း၊ နိဗ္ဗာနံ၊အနုပါဒိသေသ-အသင်္ခတ **ဓါတ်** နိဗ္ဗာန်မြတ်သည်၊အရဟာတော၊ ရတိကျွသွားတော်မူလေ ပြီးသော ရဟန္တာအရှင်မြတ်များ၏၊ ဂတိ၊ဘေးတကာရှင်း ရန် မျိုးကင်းလျက်၊ မပျောက် မပျက် အမြဲ ရည်မြင့်စွာ တည်ရာ ရောက်ရာဌာနကြီးပေတည်း၊ ဟူသော အဓိပ္ပါယ်သဘောသွား ကို၊ ထောက်ထားဆင်ခြင်ရန်လည်းတချက်၊ ၎င်းပြင်တဝ-လော ကီချမ်းသာ နှင့်-လောကုတ္တရာချမ်းသာတို့မှာ၊ မနိုင်းသာ မစာ သာအောင် အကွာကြီး ကွာခြားပုံအကြောင်းကို။

ဒွေမာနိ ဘိက္ခဝေ သုခါနိ-ကတမာနိ-ဒွေဥပဓိ သုခဉ္စ
နိရုပဓိသုခဉ္စ.ဣမာနိခေါဘိက္ခဝေ-ဒွေသုခါနိ-ဧတဒဂ္ဂံ
ဘိက္ခဝေ-ဣမေသံ-ဒွိန္နံ-သုခါနံ-ယဒိဒံ နိရုပဓိသုခန္တိ၊

ဟူ၍-ဒုက္က အင်္ဂုတ္တရ ပါဠိတော်အရ၊

ဘိက္ခဝေ၊ငါ၏ချစ်သား ရဟန်းများတို့၊ သုခါနိ၊ချမ်းသာခြင်း တို့သည်၊ဣမာနိဒွေ၊ဤဆိုလတံ့သော နှစ်ပါး တို့ဘည်း၊ ကတ မာနိဒွေ၊အဘယ်နှစ်ပါးတို့နည်းဟူမူကား၊ ဥပဓိသုခဉ္စ၊ ဒုက္ခတွေ ဝိုင်းအုံရာ ခန္ဓာကိုယ်ဆိုး၊ စည်းစိမ်မျိုးအပုံ ကာမဂုဏ်ပျော်မြူး ရစ်ရှုံးရခြင်းဟူသော.ဥပဓိသုခ ၎င်း၊နိရုပဓိသုခဉ္စ၊ ခန္ဓာကိုယ်ဆိုး ဒုက္ခအိုးပျောက်ကင်း ကာမဂုဏ် ရစ်ရှုံးခြင်းမရှိသဖြင့်၊ အဘယ် တပုံတခုမှ ဘေးမထိနိုင်ရာ နိဗ္ဗာန်ချမ်းသာဟူသော နိရုပဓိသုခ ၎င်း၊ဘိက္ခဝေ၊ငါ၏ချစ်သား ရဟန်းများတို့၊ သုခါနိ၊ချမ်းသာခြင်း

တို့သည်။ ရူပါဒွေနှိ၊၍နှစ်ပါးတို့ပေတည်း။ ဘိက္ခုဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ရူပမေသံ ဒွိန္နံသုခါနံ၊၍ခန္ဓာကိုယ်ဆိုး ဒုက္ခမျိုးနှင့် တကွ ခံစားရသော သုခ ခန္ဓာကိုယ်ကောင်းဒုက္ခဘောင်မှလွတ်ကင်းသော သုခ, အားဖြင့် ချမ်းသာခြင်း နှစ်ဝတို့တွင်။ ယဒိဒံ-ယံဣဒံ-နိရုပဓိသုခံ၊အကြင်ခန္ဓာကိုယ်ဆိုး ဒုက္ခမျိုးမှ ကင်းလွတ်သော နိဗ္ဗာနသုခ,သည်။အတွင်္ဂ,ရှိ၏။ ဧတဒေဝ၊၍ခန္ဓာကိုယ်ဆိုး ဒုက္ခမျိုး မထိနိုင်ရာ–နိဗ္ဗာန် ချမ်းသာ သုခ သည် သာလျှင်။ အဂ္ဂံ၊ ခေါင်ကကျူး၍ အမိပမိအချွန်အမွန် ဘယ်လို ချမ်းသာမျိုး တွေ့နှင့်မှု- မနှိုင်းသာ မယှဉ်သာအောင် အကောင်းဆုံး အသာဆုံး။အလွန်ဆုံးအမြတ်ဆုံးပင်ဖြစ်ပေတော့၏။ ဟူသော အမိပ္ပါယ်သဘောသွားကို နှလုံးမူရန်လည်း တတန်၊ ၎င်းပြင်တဝ နိဗ္ဗာန် ချမ်းသာကြီး၏၊ဂုဏ်ထူး ဝိသေသကို အကျဉ်း သခေ်ပအားဖြင့် သဠာယတန သံယုတ်ပါဠိတော်၌။

အသင်္ခတံ-အနတံ- အနာသဝံ-သစ္စဥ္စပါရံ နိပုဏံ သုဒုဒ္ဒသံ-အဇဇ္ဇရန္တံ-ဓုဝံ-အပလောကိနံ-အနိဒဿနံ-နိပ္ပပဉ္စံ သန္တံ အမတံ ပဏိတံ - သိဝဉ္စ ခေမံ တဏှက္ခယော အစ္ဆရိယံ–အဗ္ဘုတံ-အနိတိကံ- နိဗ္ဗာနမေတံ–သုဂတေန ဒေသိတံ-အဗျာပဇ္ဇောဝိရာဂေါစ-သုဒ္ဓိမုတ္တိအနာလယော။ ဒိပံ-လေဏဥ္စ-တာဏဥ္စ-သရဏဥ္စ-ပရာယနန္တိ။

ဟူ၍ ဟောကြားတော်မူချက် အရ။ အသင်္ခတံ၊ မူရင်းက သင်္ခတ,ပင် ဖြစ်သော်လည်း အလွန်သိမ်မွေ့,လှသဖြင့်၊ သင်္ခါ ဟု သိကြောင်း မှတ်ကြောင်း လက္ခဏာ သဘောမှ ကင်းရှ်နေ ထသော။ အနတံ၊ဒုက္ခပိုက်မျိုး တဏှာမျိုးတို့၊ မတိုးမညွှပ် မလာ

နိုင်ရာဖြစ်ထသော၊ အနာသေ၀ံ၊ငရဲပြိတ္တာ ဘေး ဇရာကို ခါခါဖြစ် စေတတ်သည်ဖြစ်၍၊ ကြောက်အပ် လှစွာ- တဏှာ-မာန-ဒိဋ္ဌိ,စ သော အာသဝေါ ညစ်ဆိုး တရားမျိုးတို့ မတိုက်ချိုးနိုင်ရာဖြစ် ထသော၊ သစ္စဥ္စ၊နိဗ္ဗာန်ဟူသောအမည်နာမ စကားမျှသာမဟုတ်၊ နိဗ္ဗာန်ဟူသောအမည်ရှိသည့်အားလျော်စွာ ငြိမ်းခြင်း ပရမတ္ထ သဘောတရားအားဖြင့် တကယ်ကေန် အမှန်ကြီး မှန်ထသော၊ ပါရံ၊ခန္ဓာကိုယ်ဆိုး ဒုက္ခမျိုးတို့၏ပြင်ဘက်၊ဝဋ်ဆင်းရဲရေအယဉ် မှ ထွက်မြောက်ရာ၊ကမ်းဝ ကမ်းထိပ်ကြီးဖြစ်ထသော၊ နိပုဏံ၊ အထည်ဒြပ် ဥပဒ်မထင်သည်ဖြစ်၍၊ အလွန် နူးညံ့သိမ်မွေ့စွာ ထသော၊ သုဒုဒ္ဒသံ၊ပညာဉာဏ်ဖြင့်သော်မှ၊ နှိုင်းချင့် ထောက်ဆ သိမြင်ရနိုင်စရာ လွန်စွာခဲယဉ်းထသော၊ အဇဇ္ဇရန္တံ ငြိမ်းခြင်း သဘောတရားဖြင့် ပေါ်လာပြီးနောက် ဘယ်ခါ သမယ ဘယ် ကာလမှ၊ ဟောင်းနွမ်းဆွေးမြေ့ ရင့်ဒိုပျက်စီးခြင်း မရှိနိုင်ထ သော၊ရူပ၊မြဲမြံသောသဘောရှိထသော၊ ဝါ၊ ကံ, စိတ်, ဟာ,ဥ, ကြောင်းလေးချက်၊ မပြုမပြင် အပ်သည်ဖြစ်၍ ပျက်စီးခြင်းသ ဘောမရှိသောကြောင့်၊ ထာဝစဉ်တည်တံ့ ခိုင်မြဲထသော၊ အပ လောကိနံ၊ငြိမ်းခြင်းသဘောဖြစ်ပေါ်လာပြီးနောက် ဘယ်သည့် ကာလ အဘယ်သို့သော အန္တရာယ် တပုံ တခုကြောင့်နှင့်မျှ၊ ပျက်စီးအောင် ဖျက်ဆီးခြင်းမရှိနိုင်ထသော၊ အနိဒဿနံ၊ နတ် မျက်စိဖြင့်သော်မှ စက္ခု ဝိညာဏ်ဖြင့် မမြင်စကောင်းနိုင် ထ သော၊ နိပ္ပပဉ္စံ၊ အိုပြန်နာရ သေရပါယ်ထဲ ဘောက်လွဲခါခါ သံ သရာကိုချဲ့ထွင်တတ်သူ တဏှာ,မာန,ဒိဋ္ဌိ,တို့ မကပ်နိုင်ရာ မပြု မလာနိုင်ရာ ဖြစ်ထသော၊ သန္တံ၊ တဆယ့် တသိး မီးကြီးတို့၏ အငြိမ်းကြီး ငြိမ်းရော ဖြစ်ထသော၊ ပဏီတံ၊ ရောက်ရ မြင်ရသူ

တို့ မရောက်ရဲနိုင်ဘွယ် တကဲ့ တကယ် လွန်မြတ်တော်မူထ သော။ သိဝဋ္ဌ၊ကြီးမြတ်ဆန်းကြယ်၊ ဂုဏ်ကြက်သရေ အသွယ် သွယ်တို့နှင့်ပြည့်စုံတော်မူထသော။ ခေမံ၊ဘေးရန်ခပ်သိမ်း ကုန် ပျောက် ကင်းငြိမ်းရာဖြစ်ထသော။ တဏှာက္ခယော၊ ဘေးကို ပြု တတ် ကြောက်အပ်လှစွာ၊ ခြောက် တဏှာတို့၏ ကုန်ရာ ကုန် ကြောင်းဖြစ်ထသော။ အစ္စရိယံ၊ဒါန,သီလ,ဘာဝနာ,စသော အ ကြောင်းတရားတို့နှင့် မကင်းပါဘဲ။ ယင်း-အကြောင်းတရားတို့ ကြောင့်ဖြစ်ပေါ်လာပုံ။ သင်္ခတနိမိတ်၊အရိပ်မထွက် သင်္ခတပုံဟန် နှင့်အလွန်ဝေးကွာလွန်စွာထူးမြတ်သည်ဖြစ်၍။အလွန့်အလွန်ပင် အံ့ဘွယ်သရဲ အံ့ဖွဲလောက်ဘွယ် ဖြစ်တော်မူထသော။ အဗ္ဗုတံ၊ တုရံတဆစ် မဖြစ်ဘူးသေးဘဲ။ တခါထဲသာ ဖြစ်လာပြီးနောက် မပျောက်မပျက် အမြဲတည်နေနိုင်ရာ ဖြစ်ထသော။ အနီတိကံ၊ အလုံးစုံသော ဆင်းရဲခြင်းဘေးဒါဏ်ဟူသမျှတို့၊ဘယ်ဟာတခုမှ မရှိထသော။ အနီတိကဓမ္မံ၊ဆင်းရဲရှိသော သဘောမျိုးဟူသမျှတို့ ၏ ဆန့်ကျင်ဘက်ကြီးဖြစ်၍နေထသော။ဇောတ် ဇောဒိသံ၊ဤကဲ့သို့ သော သဘောသဘာဝရှိသော တရားထူး,တရားမြတ်ကြီးကို။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဟူ၍။ သုဂတော၊ကောင်းသောစကားကို ပြောဆို တော်မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဒေသိတံ၊ ဟော ကြားထုတ်ဘော် မိန့်ဆိုတော်မူအပ်ပြီ။ သောဓမ္မော၊ ထို နိဗ္ဗာန် တရားတော်မြတ်ကြီးသည်။ အဗျာပဇ္ဇောစ၊ ဘေးရန်တွယ်တာ ဘယ်ဟာတခုကိုမှကြောင့်ကြစရာမရှိရာဖြစ်၏။ ဝိရာဂေါစ၊ဘေး ရန်ဖြစ်ကြောင်း ရာဂအပေါင်းမှ ကောင်းကောင်းကြီးကင်းဝေး ရာဖြစ်၏။ သုဒ္ဓိစ၊ဘေးရန်လာဘွယ် အသွယ်သွယ်သော အညစ် အကြေးတို့မှကင်းဝေးစင်ကြယ်ရာဖြစ်၏။မုတ္တိစ၊ဘေးရန်ထူထပ်

ဘုံသုံးရပ်တို့မှ လွှလွှကြီးလွတ်ကင်းရာဖြစ်၏။ အနာလယံ။ အလို ရှိသမျှ အလုံးစုံပြည့်ဝသဖြင့်။ ဘယ်ဟာတခုမှ မတောင့်တရာ ဖြစ်၏။ ဒိပံ၊ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ပုန်းအောင်းတည်မှီးရာ ကျွန်း ကြီးသဘွယ်ဖြစ်၏။ လေဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ဘေးမှလွတ် မြောက်ကြောင်းပုန်းအောင်းခိုနေရာမှန်၏။တာဏံ၊မိမိနိုက် တည် ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့အား။ ဘေးမသိ ရန်မခရ အောင် တကယ်စောင့်ရှောက် စောင်မနိုင်ရာဖြစ်၏။ သရဏဥ္စ၊ မိမိထံ ခိုမှီးလာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့အပေါ်၌ ဘေးမခိုက် ရအောင် ဘေးတကာကို ကောင်းစွာဖျက်ဆီးနိုင်၏။ ပရာယနံ၊ သြဝ်–ဘေးကိုကြောက်သူ ပရိနိဗ္ဗုတပုဂ္ဂိုလ်မြတ်တို့၏ ဘေးတ ကာ,ရန်တကာ,တို့မှ လွတ်ကင်းကြောင်း။ ကောင်းကောင်းကြီး ပုန်းအောင်းလည်းလျောင်း တည်မှီးနေရာ စင်စစ်မသွေ တကယ် ပင်မှန်လှပေ၏တကား။ ဟူသော အဓိပ္ပါယ်ကို သဘောထားရန် တည်းဟူ။ ၎င်းမှာတဖန်—

ဓာတံ ဘူတံ သမုပ္ပန္နံ ကတံသင်္ခတမဒ္ဓုဝံ ဇရာမရဏ သံဃာန္တံ ရောဂနိဍ္ဍံ ပဘင်္ဂုနံ အာဟာရနေတ္တိပဘဝံ နာ လံတံ အဘိနန္ဒိတုံ တဿနိဿရဏံသန္တံ အတက္ကာ ဝစရံဓုဝံ အဇာတံ အသမုပ္ပန္နံ အသောကံဝိရဇံပဒံ နိရောဓော ဒုက္ခဓမ္မာနံ သင်္ခါရူပသမော သုခေါတိ။ ။

ဟူသော-ဣတိဝုတ်ပါဠိတော်အလာ၊ အဓာတနိဗ္ဗာနသုတ်၏အလို တော်မှာ။ ဘိက္ခဝေ၊ ဒုက္ခမခင်–သုခမင်၍၊ အလျှင်အမြန် နိဗ္ဗာန် လိုလား ရဟန်းများတို့။ ဇာတံ၊ အကြောင်း တရားတို့ကြောင့် ဖြစ်ပေါ်၍ လာရသော။ ဘူတံ၊ အထင်အရှား ကြောင်းတရား

ကြောင့် တဘွားဘွားဖြစ်ပေါ်၍နေသော၊ သမုပ္ပန္နံ၊ ကောင်းစွာ ပေါင်းမှု အကြောင်းရတို့ကြောင့် ဥပါဒ်၍နေသော၊ ကတံ၊ အကြောင်းတရားတို့ မနားမရပ် အမြဲပြုပြင်အပ်သော၊သင်္ခတံ၊ခန္ဓာ နာမ်ရုပ် အကောင်ပုတ်တည်းဟူသော၊ သင်္ခတ၊ တရားရသည် ကား၊ အရုဝံ၊ မြဲမြံ ခိုင်ခံ့ခြင်း မရှိ၊ ဇရာမရဏာသံယုန္တံ၊ အိုႇနာ, သေရေး ဒုက္ခဘေးတို့၊ လုံးထွေးရောယှက် နေ့ရက်မပြတ် ဒလ စပ်ပင် အမြဲထိခတ်ညှဉ်းဆဲအပ်၏၊ ရောဂနိဍ္ဍံ၊ ကိုးဆယ့်ရှစ်ဖြာ ဘေးရောဂါတို့၊ မခွါမစဲ အမြဲကိန်းစက်မှီခိုရာ အသိုက်အအုံကြီး ဖြစ်ဘိ၏၊ပဘင်္ဂုနံ၊ပရိဗုဲ ပြိုကွဲပျက်စီးခြင်းအလေ့ရှိ၏၊အာဟာရ နေတ္တိ ပဘဝံ၊တဏှာဟာရ စသည်ထွေပြား ကြောင်းတရားလျှင် အမွန်ရှိသော၊ တံ၊ ထိုသင်္ခတရုတ် အကောင်ပုတ်မှန် ရုပ်နာမ်နှစ် ဖြာကို၊ အဘိနန္ဒိတုံ၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုး၍ နေခြင်းငှါ၊ နာလံ၊မသင့်မလျော် မတော် မထိုက်တော့ချေ၊ ဝါ၊ တကယ့်တ ကယ် တွေးကြပေတော့၊ဘေးတွေကပိုင်းအုံကြောက်မက်ဘွယ် အနန္တအကြောင်း ပေါင်းရခါဆုံလို့မို့၊ ဘယ်ပုံဘယ်နည်း ဘယ် အကြောင်းတစက်လောက်မှ ကောင်းကွက်ရှိသည်ဟူ၍ မမှတ် ထင်သင့်တော့ပေ။

ဘိက္ခဝေ၊ ဒုက္ခမခင်-သုခမင်၍၊ အလျှင်အမြန် နိဗ္ဗာန်လိုလား ရဟန်းများတို့၊ တဿ၊ထိုသင်္ခတရုတ် အကောင်ပုတ်မှန် ရုပ်နှင့် နာမ်မှ၊ နိဿရဏံ၊ကျွတ်လွတ်ထွက်မြောက်၍ နေထသော၊ ဝါ၊ ကျွတ်လွတ်ထွက်မြောက်ရာ ဌာန ဖြစ်ထသော၊ အတက္ကာဝစရံ၊ ပညာဉာဏ်မရှိ အကြံသာရှိသောသူတို့၏ သက်ဝင်ကျက်စား ရာ မဟုတ်ထသော၊ ဓုဝံ၊ ဘယ်တော့ကမှ ပျက်စီးခြင်း မရှိဘဲ မြဲမြံခိုင်ခံ့တည်တံ့ထသော၊ အကတံ၊အကြောင်းတရားတို့သည်

မပြုပြင်အပ်ထသော၊ အသမုပ္ပန္နံ၊ ဥပါဒ်အားဖြင့် မြတ်စွာဘုရားသခင် ရွှေဉာဏ်တော် နှင့် မှ မြင်ကောင်းလောက်အောင် မဖြစ်ပေါ်ထသော။ သင်္ခတံ၊ အသင်္ခတ ဓါတ်- ပရမတ္ထ အနေအားဖြင့် ထင်ရှားဧကန် အမှန်တကယ်ပင်ရှိထသော။ ပဒံ၊ နိဗ္ဗာန်စခန်း-အံ့မခမ်းကြီးသည်ကား။ ဝါ၊ အနန္တ,ဘေးရန်ကင်းကုန်သည့် နိဗ္ဗာန်ဘုံကြီးသည်ကား။ ဝိရဇံ၊ ရာဂ၊ ဒေါသ၊ စသည့်မြူမှေး အညစ်အကြေးတို့မှ၊ ကင်းဝေးလွှင့်စင် တကယ်ပင်ဖြူစင်ရာ ဌာနကြီးဖြစ်ပေ၏။ အသောကံ၊ ပူပင်စရာ သောက-အနန္တ ကြောင့်ကြ စိုးရိမ်ခြင်းတို့မှ ကင်းဝေးပြတ်စဲရာ ဌာနကြီး ဖြစ်ပေ၏။ ဒုက္ခဓမ္မာနံ၊ အပိဋ္ဌာ,အစ၊ ဇရာမရဏ,အဆုံး၊ တဆယ့်နှစ်ပါး သော ပဋိစ္စသမုပ္ပါဒ် စက်တိုး-ဒုက္ခတုံး ဒုက္ခခဲတို့၏။ နိရောဓ၊ ပျောက်ကင်းကွယ်ချုပ်ရာဌာနကြီးဖြစ်ပေ၏။ သင်္ခါရူပသမော၊ သင်္ခါရတရားတို့၏ ဘယ်တော့မှမဖြစ်မပေါ်ကွယ်ပချုပ်ငြိမ်းရာ ဌာနကြီးဖြစ်ပေ၏။ သုခေါ၊ ဘယ်လိုချမ်းသာမျိုးတွေနှင့်မျှ မနှိုင်းသာ မစာသာ ယှဉ်လာလျှင် အရှုံး ပေးကြရမှာမို့။ ဩော်- တုဘက်ပြိုင်ကင်း ချမ်းသာခြင်းကြီးမက အလွန်တရာပင် ချမ်းသာလှပါပေ၏တကား၊ တည်းဟူသောအဓိပ္ပါယ်စကားကို မှတ်သားရန်တချက်။ ၎င်းမှတပါး နိဗ္ဗာန်တရား၏။ ချမ်းသာစစ် ချမ်းသာမှန်ကြောင်းကို။ နိဂုံးချုပ် အနေအားဖြင့်- မဟာပရိနိဗ္ဗာန သုတ်အလာကို။ ထုတ်ခါဘော်ပြရပါလျှင်။

အနိစ္စာဝတ သင်္ခါရ-ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမော သုခေါ။
ဒုက္ခာဝတ သင်္ခါရ ဥပ္ပါဒဝယဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမောသုခေါ။

အနစ္စာဝတ သင်္ခါရ ဥပ္ပါဒဝယ ဓမ္မိနော၊
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ တေသံဝူပသမောသုခေါ။

ဟူသော ပါဠိတော်နှင့်အညီ၊ သင်္ခါရာ၊ ကံ, စိတ်, ဥ,ဟာ, ကြောင်းလေးဖြာတို့-ပြုပြင်ကြငြား၊ငါးဝခန္ဓာ၊ ရုပ်နာမ်နှစ်ဖြာတို့သည်။ အနိစ္စာဝတ၊အဖန်တလဲလဲ ဖြစ်ပျက်၍နေတတ်သော သဘောတရားကြောင့် အမြဲမရှိကုန်စွတကား။ဥပ္ပါဒဝယ ဓမ္မိနော၊ ဖြစ်တတ် ပျက်တတ်သော သဘောတရား သာလျှင် ရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပေါ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက်တတ်ကုန်၏။ တေသံ၊ ထိုသို့-ကာမရူပ အရူပ,ဟု သုံးဝဘုံတွင်၊ဗုံ ဆန်အောက်ထက်၊အစဉ်ဒလစပ် ဖြစ်ပျက်၍ နေတတ်သော။ ရုပ်နာမ် နှစ်ပါး အနိစ္စသင်္ခါရ သဘောတရားတို့၏။ ဝူပသမော၊အဖန်ဖန်အထပ်ထပ် ဖြစ်ပျက်မှုဓာတ်တွေသိမ်းလို့မို့။ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဇကန်၊ သုခစစ် သုခမှန်ဖြစ်သော အနုပါဒိသေသ နိဗ္ဗာန်ကြီးသည်သာလျှင်။သုခေါ-သုသုခေါ၊ ဘယ်ချမ်းသာမျိုးတွေနှင့် မှမတူ အပူနယ်ဖျက်သိမ်း အဓေါတ်ဝင်ကိန်းလျက်၊ အငြိမ်းကြီး ငြိမ်းချမ်းသာရပေတော့၏။ ဝါ၊ အနန္တသုခ,ချမ်းသာစစ်,ချမ်းသာမှန်,ချမ်းသာတုံး,ချမ်းသာခဲ ထာဝစဉ် မြဲ တည်မြဲပေသည့် ဪ—ဘေးရန် ကင်းကုန် ချမ်းသာတုံကြီး ဖြစ်ပါပေတော့၏။ ဒုက္ခဝတ သင်္ခါရ၊ အနတ္တဝတသင်္ခါရ- အစရှိသော ဂါထာများ၏ အနက်အဓိပ္ပါယ်မှာ-ဒုတိယဂါထာတွင်။ ဒုက္ခာဝတ၊ ခံသာမခံ ဘေးများစွာတို့နှင့် အမြဲမပြတ် နှိပ်စက်အပ်သဖြင့် အဖန်တလဲလဲ ဖြစ်ပျက်၍ နေသော သဘောတရားကြောင့် ဆင်းရဲလေစွ တကား။ထိုဂါထာ အပရဈတွင်။တေသံ၊ရုပ်နာမ်နှစ်ပါး။ဒုက္ခသင်္ခါရ

သဘောတရားတို့၏-ဟူ၍ ပြင်ဆင် ဘတ်သားရာ၏။ တတိယ ဂါထာ၌၊အနတ္တာ၀တ၊အဖန်ဖန်အထပ်ထပ် ဖြစ်ပျက်ပြောင်းလဲ၍ နေမှု သဘောတရားကို၊ မဖြစ်မပျက် မပြောင်းလဲရလေအောင် မြတ်စွာ ဘုရား သခင် ကိုယ်တော် မြတ်ကြီး၏၊ တန်ခိုးတော် အာဏာစက် တွေ့နှင့်မှု - ကန့်ကွက် တားဆီး၍ မရပေသော ကြောင့်၊ သတ္တဝါ တို့၏ အလိုသို့ မလိုက်တတ်, အစိုးမရအပ် သော သဘောတရားတွေ ဖြစ်ပေစွ တကား။ ထို ဂါထာ အပရစ္စ,တွင်။ တောသံ၊ ရုပ်နာမ် နှစ်ပါး အနတ္တသင်္ခါရ သဘော တရားတို့၏ ဟူ၍ ပြင်ဆင် ဘတ်သားရာ၏။ အခြားသောနေရာ များတွင် အနိစ္စာ၀တ-ပဌမဂါထာ၏ အနက်နှင့်-ထပ်တူထပ်မျှ ပင် ဖြစ်ပေ၏။

အထက်၌ ပြဆိုခဲ့ပြီးသော–ဒေသနာအရပ်ရပ်တို့ကိုထောက် ဆဆင်ခြင်သောအားဖြင့် ချမ်းသာလိမ်–ချမ်းသာကောက်-ချမ်း သာမှောက်-ချမ်းသာမှား - ချမ်းသာရတ်- ချမ်းသာမွဲ- အပါယ် လေးဘုံ လောကထဲသို့ ပြန်လည် ဆွဲဆောင်နိုင်သည့်- ပုထုဇဉ် သတ္တဝါ-လူနတ်ဗြဟ္မာတို့၏ ချမ်းသာနှင့်။ ရုဋ္ဌသောတာပန်အစ ပရိနိဗ္ဗုတပုဂ္ဂိုလ်အဆုံး။ ချမ်းသာတုံး–ချမ်းသာခဲ ချမ်းသာစစ် ချမ်းသာမှန်တို့မှာ။ မနိုင်းသာ မယှဉ်သာအောင်၊ ကွာခြင်းကြီး မက ကွာခြား၍နေကြကြောင်းကို၊သိသာထင်ရှားလောက်ပေပြီ။ လောက ဥပမာအားဖြင့်၊ မီးလောင်လျက်နေသော တခုသော တောအတွင်း၌ရှိ တောတိရစ္ဆာန် သတ္တဝါများအနက်၊ မီးလောင် မှန်းကို မသိသောသတ္တဝါများနှင့်တကွ၊ မီးရောင်ကိုပင် လိုချင် မက်မောရမက်စောနှင့်-နှစ်သက် သာယာ စွဲလမ်း၍နေကြရှာ သော ပိုးဖလံမျိုးတို့မှာ၊ မီးလောင်ရာ စခန်း၌ပင် လောင်ကျွမ်း

ပြာကျလျက်၊ ထိုမီး၏ဒါဏ်ချက်ဖြင့် မချိမဆ သေဆုံးရလေ၏။ အချို့သော သတ္တဝါများမှာ၊ မီးလောင်မှုန်းသိ၍ မိမိတို့ အားရှိသမျှ ပြေးကြပါသော်လည်း၊ လေအဟုန်ပင့်လျက် အလိုက်သင့် ဒလကြမ်း လောင်ကျွမ်းသောမီး၏ဒါဏ်ချက်ဖြင့်၊ ဒုတိယတဖန် သေကြရရှာပြန်၏။

တတိယတဖန် ပိုရို၍အပြေးမြန်ကြသည့် သတ္တဝါတရတို့မှာလည်း၊ သတ္တဝါအများအား ပြာအတိ လောင်ကျွမ်းနိုင်သည့် မီးလောင်ရာစခန်းကို ကျော်လွှားရန်ပေါက်နိုင်စွမ်း မရှိကြသဖြင့်၊ ထိုမီး၏ဒါဏ်ချက်ကြောင့်ပင် တဖန်သေရရှာပြန်၏၊ ထိုသတ္တဝါအပေါင်းတို့အနက် အကြံဉာဏ် ကောင်းကြသည့် အချို့သော သတ္တဝါတို့မှာ၊ မီး မလောင် မဟပ်နိုင်ရာ ရှိကောင်း မြောင်ကောင်းကိုကပ်လျက်၊ အစဉ်ဒလစပ်ပြေးကြလေသောကြောင့်၊ အသက်ကိုပါသေဆုံးနိုင်သည့်၊ မီးအပူဘေးမှ အဆင့်ဆင့် ကင်းဝေးသည်ထက် ကင်းဝေးသွားလျက်၊ အပူရှိန်ကလေး အကြားတွင် ပြေးရင်းလွှားရင်း- ဩော်-ငါတို့မှာ-ပဌမ-ဒုတိယ-တတိယ သတ္တဝါများကဲ့သို့၊ အသက်၏ သေဘေးကို ထိခိုက်လောက်အောင် လောင်ကျွမ်းမည့် မီးဘေးမှကင်းဝေးပေပြီဟု၊ တွေးမိတိုင်း ဝမ်းသာအားရဖြစ်ကြလျက်၊ အပူရှိန်သော်မှ လုံးဝပြတ်ခဲ့သည့်-အနဝဒတ်အိုင် ကမ်းခြေမှတဆင့်၊ နောက်ဆုံး၌ အပူနယ်ဘင်စွန်းနှင့်မှ မထိမစပ်နိုင်သည့်၊ သုဒဿန-ဂန္ဓမာဒန, အစဉ်သော-တောင် ငါးလုံးတို့ ပိတ်ဖုံး ခြံရံအပ်သော- အနဝဒတ်အိုင်ကြီးအတွင်းသို့ ရောက်ကြလျက်၊ အလိုရှိသမျှ-စိတ်ချ လက်ချ အဩောတ်တွေ့အစဉ်ထာဝရတည်မြဲနေသည့်၊ချမ်းသာတုံး,ချမ်းသာခဲ-ချမ်းသာစစ်-ချမ်းသာမှန်ကြီးကို ခံစားကြရပေတော့၏။

ဤအထက်ပါ ဥပမာ၌။ တောမီးလောင်ရာမှအစ၊ တောင်ငါးလုံးခြံရံအပ်သည့် အနဝဒတ်အိုင်ကမ်းခြေနှင့်၊သုံးဆယ့်တဘုံ ဗဟိဒ္ဓသြကာသလောကကြီး။ တောတွင်းတွင် မှီတင်းနေထိုင်လျက်ရှိသော သတ္တဝါများနှင့် သုံးဆယ့်တဘုံ လောကကြီးအတွင်းဝယ် မှီတင်းနေထိုင်ကြသည့်အပါယ်လေးဘုံသား သတ္တဝါနှင့်တကွ၊ပုထုဇဉ်အရိယာ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏အဇ္ဈတ္တရုပ်နာမ် သတ္တလောကကြီး၊ လောင်ကျွမ်းလျက် ရှိသော မီးနှင့် လောဘ-ဒေါသ-မောဟ-ဒိဋ္ဌိ-ဝိစိကိစ္ဆာ အစရှိသောအကုသိုလ်စေတသိက်တဆယ့်လေးပါးနှင့်တကွ။ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ, အစရှိသော တဆယ့်တပါးသောမီး၊ မီးလောင်မှန်း မသိသော တောတွင်းသတ္တဝါများနှင့် အပါယ်လေးဘုံတွင်းရှိသတ္တဝါများ။မီးရောင်ကိုပင်သာယာခင်မင်လိုချင်မက်မောသောပိုးဖလံများနှင့်အကုသိုလ်မှုကို ရုံပုံမက်မက်ပြုလုပ်ကြသည့်သတ္တဝါများ။သတ္တဝါတို့၏ အသက် ခန္ဓာကိုပျက်ပြိုးအောင်လောင်ကျွမ်းမှုနှင့် အပါယ်ဘုံတွင်းသို့ကျရောက်မှု။ အပါယ်လေးဘုံတွင်းသို့ ကျရောက်အောင် ဆွဲဆောင်လောင်ကျွမ်းမှု မီးကြမ်းအရှနှင့် ဒိဋ္ဌိ,ဝိစိကိစ္ဆာ,မီးနှစ်ဖြာ။ ပဌမစခန်းတွင် သေဆုံးရသောသတ္တဝါများနှင့်အပါယ်လေးဘုံသတ္တဝါများနှင့်တကွ အကုသိုလ်တရားကို ပွါးများ ပြုလုပ်ကြသည့် ပုထုဇဉ်သတ္တဝါများ။ မီးလောင်မှန်းသိ၍ အားရှိသမျှပြေးကြသော သတ္တဝါအချို့နှင့် အကုသိုလ်တရားကို မကောင်းမှန်းသိ၍ရှောင်ရှားလျက်။ ဒါန,သီလ,စသော တရားများတွင်။ဝိပဿနာ ဘာဝနာ ပညာဉာဏ်မယှဉ်ကဲ၊ ပွါးများအားထုတ်ကြသော ပုဂ္ဂိုလ်သတ္တဝါများ။

မီးဓါတ်ကိုတိုးပွါးအောင် ပင့်ဆောင်နေသည့်လေအဟုန်နှင့် အဆင်မျိုးရုံ–ရူပါရုံ။ အသံမျိုးရုံ–သဒ္ဒါရုံ။ အနံ့မျိုးရုံ–ဂန္ဓာရုံ။ ချို, ချဉ်, ခါး, ငန်, စပ်, ဖန်, မျိုးရုံ–ရသာရုံ။ ထိအပ်သော ဝတ္ထုပစ္စည်းမျိုးရုံ–ဖေါဋ္ဌဗ္ဗာရုံ။ သဘောတရားမျိုးရုံ–ဓမ္မာရုံ ဟူသော ဗဟိဒ္ဓ အာယတန ခြောက်ပါး။ စက္ခုဝတ္ထုဟုဆိုအပ်သော–မျက်စိ။ သောတဝတ္ထုဟု ဆိုအပ်သော–နား။ ဃာနဝတ္ထုဟု ဆိုအပ်သော–နှာခေါင်း။ ဇိဝှါဝတ္ထုဟုဆိုအပ်သော–လျှာ။ ကာယဝတ္ထုဟုဆိုအပ်သော–ကိုယ်။ ဝါ–ရုပ်ကာယ။ ဟာဒယဝတ္ထုဟုဆိုအပ်သော–နှလုံးအိမ်။ ဤ အဇ္ဈတ္တိက–အာယတန ခြောက်ပါး။ အရပေါင်း–အာယတန–တဆယ့်နှစ်ပါး။ တတိယတဖန်–ပုံရိ အပြေးမြန်ကြသည့် သတ္တဝါများနှင့်ဒါန, သီလ, သမထဘာဝနာတရားများကို ဝိပဿနာ ဘာဝနာပညာဉာဏ် မတွဲဘက်ဘဲ ပြုလုပ်အားထုတ်သော ပုထုဇဉ်ပုဂ္ဂိုလ်များ။ ဒုတိယနှင့်တတိယ အစရှိသောသတ္တဝါတို့သည့် ပြာအတိလောင်ကျွမ်းစေနိုင်သည့်နယ်စခန်းကို မကျော်လွှမ်းနိုင်ဘဲ၊ မီးဘေး, မီးဒါဏ်နှင့်တဖန်သေရပြန်သည်နှင့် ဝိပဿနာ, ဘာဝနာ, ပညာဉာဏ် မတွဲဘက်သော ဒါန, သီလ, သမထ, ဘာဝနာတရားများသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာမီးနှစ်ဖြာကို အပြီးတိုင်အောင် မပယ်ခွါနိုင်သဖြင့်။ နောင်တဖန် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကိလေသာမီးတွေလောင်လျက်။ အပါယ်လေးဘုံတွင်းသို့ ကျရောက်ရပြန်ခြင်း။

မီးမလောင်, မဟာပ်နိုင်သည့် ရှိကောင်း–မြောင်ကောင်း, နှင့် ဝိပဿနာ ဘာဝနာတရား။ ရှိကောင်း–မြောင်ကောင်းကို ကပ်၍ ဒလစပ်ပြေးနေကြသော အကြံဉာဏ် ကောင်းလှသည့် ပုဂ္ဂိုလ်များနှင့် ဒါန, သီလ, သမထ, ဘာဝနာတရားများတွင်။ ဝိပဿနာ

ဘာဝနာပညာဉာဏ် ယှဉ်တွဲလျက် ကြိုးစားပွါးများအားထုတ်မှု ဉာဏ်ဝိရိယရှိသူ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်များ၊ မိုးဘေးမှ အဆင့်ဆင့် ဝေးသည်ထက် ဝေး၍သွားခြင်းနှင့်၊ ရှုဋ္ဌသောတာပန် အစ–ရဟန္တာပုဂ္ဂိုလ်အဆုံး၊ အစရှိသော ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိ ဝိစိကိစ္ဆာအစရှိသော အကုသိုလ်စေတသိက်တဆယ့်လေးပါး၊ ကိလေသာမိုးများကို အဆင့်ဆင့် ပယ်သတ်၍သွားမှု၊ အပူရှိန် ကလေးနှင့် အပါယ်လေးဘုံသို့မဆွဲဆောင်နိုင်သည့် ကိလေသာ တရားများ၊ အပူရှိန်အကြားတွင်ပြေးရင်း လွှားရင်း,ဩဝါ-ဝါတို့ မှာ-ပဌမ,ဒုတိယ,တတိယ, သတ္တဝါများကဲ့သို့ သေဘေးကိုဖြစ် စေတတ်သည့် မိုးကြမ်းရေဘေးရန်မှ ကင်းဝေးပေပြီဟု တွေးမိ တိုင်း ဝမ်းသာအားရဖြစ်ခြင်းနှင့်၊ သောတာပန် အစ- ရဟန္တာ ပုဂ္ဂိုလ်အဆုံး၊ အစရှိသော ပုဂ္ဂိုလ်များသည်၊ မိမိတို့သိမြင်အပ် ပြီးသော မဂ်အစဉ်အလိုက်၊ အပါယ်ဘေး,ကိလေသာဘေးတို့မှ ကင်းဝေးပေပြီဟု တွေးမိတိုင်း ဝမ်းမြောက်စွာခံစားမှု ဖိုလ်ချမ်း သာ၊ အပူရှိန် လုံးဝပြတ်စဲသော အနဝဒတ်အိုင်ကမ်းခြေနှင့် အရ ဟတ္တမဂ်ဉာဏ်၊ အပူရှိန် လုံးဝပြတ်စဲမှုနှင့် အရဟတ္တမဂ်ဉာဏ် သည်၊ အလုံးစုံသော ကိလေသာတရားများကို ပယ်ဖြတ်မှု၊ အန ဝဒတ်အိုင်ကမ်းခြေသို့ရောက်သောသတ္တဝါများနှင့်သဥပါဒိသေ သ နိဗ္ဗာန်ချမ်းသာကိုခံစားရသော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာ ပုဂ္ဂိုလ်များ၊ နောက်ဆုံး အပူရှိန် ဘင်စွန်းနှင့်မှ မထိမစပ်သော အနဝဒတ်အိုင်ကြီးနှင့် အနုပါဒိသေသနိဗ္ဗာန်၊ ထိုအနဝဒတ်အိုင် ကြီးထဲ၌ အလိုရှိသမျှ မြဲတည်မြဲသော ချမ်းသာတုံး,ချမ်းသာခဲ, ကိုခံစားနေကြသည့် ပုဂ္ဂိုလ်များနှင့်၊ပရိနိဗ္ဗာန်ပြုပြီး ဖြစ်ကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန်းန္တာ, အစရှိကုန်သော ပုဂ္ဂိုလ်များ

သည်၊အစဉ်ထာဝရမြဲမြံတည်မြဲသော ချမ်းသာစစ်,ချမ်းသာမှန်, ကို၊အနုပါဒိသေနိဗ္ဗာန်ကြီး၌ ခံစား၍နေကြရပုံတို့နှင့် အဆင့်ဆင့် တူညီကြောင်း မှတ်သားရာ၏။

သံသရာစခန်း–လှည့်ပတ်လမ်း။

အဝိဇ္ဇာနှင့်၊ မှတ်ပတကျာ။
အိုနာသေရေး၊ ပါယ်ဘေးခါခါ။
သံသရာထဲ၊ ဝဲလှည့်နေရှာ။
ကြောင်းနှစ်ပါး၊ မှတ်သားလမ်းမှားသာ။ ။

ဒိဋ္ဌတဝ၊ မှတ်ပတကျာ။
မာနတရား၊ကြောင်းအားသုံးဖြာ။
လမ်းလိမ်လမ်းကောက်၊ လမ်းမှောက်ပမာ။
လိုက်မိမှား၊ လည်ငြားသံသရာ။ ။

မောဟ,လောဘ၊ ဒေါသသုံးဖြာ။
သံသရာထဲ၊ ဝဲလှည့်နေရှာ။
ဗုဒ္ဓဇိန၊ ဟောပြမိန့်မှာ။
လမ်းအမှား၊ ရှောင်ရှားကြစမ်းပါ။ ။

ဟူသော-ရှစ်လုံးဘွဲ့ကဗျာ၏ အဓိပ္ပါယ် သဘောသွားကို အကျယ်အားဖြင့် ဖြေရှင်း၍ဘော်ပြပါဦးအံ့။

မိမိအလိုရှိအပ်သော စခန်းသို့၊ ချောင်မြန်စွာ ရောက်လိုသော ခရီးသည်တယောက်သည်၊ လိုအပ်သောစခန်းသို့ မရောက်နိုင် လောက်အောင် ဆီးတား ကာကွယ်ထားသည့် အန္တရာယ် အသွယ်သွယ်တို့ကိုသိရှိ၍၊ထိုအန္တရာယ်များကို ဖြစ်ပေါ်စေကြောင်း လမ်းလိမ်လမ်းကောက်, လမ်းမှောက်လမ်းမှား,တွေကိုဖယ်ရှား ကာ၊အန္တရာယ်လွတ်ကင်းလျက်၊ လိုအပ်သောစခန်းသို့ ချောင်မြန်

စွာ ရောက်စေနိုင်သည့် လမ်းဖြောင့်,လမ်းမှန်,အားဖြင့် သွားပါမှ မိမိအလိုရှိအပ်သောစခန်းသို့ ဆောလျှင်စွာရောက်နိုင်ရာ၏။

ထိုနည်းမခြား-အလိုရှိအပ်သော စခန်းနှင့်တူသည့်၊ နိဗ္ဗာန်သို့ လျှင်မြန်စွာ ရောက်လိုသော ခရီးသည်နှင့် တူသည့်၊ လူ, နတ်, ဗြဟ္မာ,ပုထုဇဉ် သတ္တဝါတို့သည်၊ မိမိတို့သွားလာရာ သံသရာ ခရီးစဉ်အတွင်းမှ နိဗ္ဗာန်သို့မရောက်နိုင်လောက်အောင်၊တာဆီး ကာကွယ်ထားသည့် အန္တရာယ်နှင့်တူသော အို,နာ,သေရေး ပါယ်ဘေးဒုက္ခ ဟူသမျှတို့ကိုသိမြင်သောအားဖြင့်၊ထိုဒုက္ခတရား များကို ဖြစ်ပွါးပေါ်ပေါက်၍လာအောင် ဖန်တီး၍ပေးတတ်သော လမ်းလိမ်, လမ်းကောက်, လမ်းမှောက်, လမ်းမှား,တွေနှင့် တူ သည့်၊ ဒိဋ္ဌိ-တဏှာ-မာန-အစရှိသော သဘောတရားများကိုဖယ် ရှားလျက်၊ ဝါ၊ မောဟ,လောဘ,ဒေါသ, အစရှိသော သဘော တရားများကို ဖယ်ရှားလျက် အန္တရာယ်လွတ်ကင်းပြီး၊ လိုအပ် သောစခန်းကို ဆောလျှင်စွာ ရောက်စေနိုင်သည့်၊ လမ်းဖြောင့်, လမ်းမှန်ဖြင့် သွားခြင်းနှင့်တူသော-မဂ္ဂင်ရှစ်ပါး ဝိပဿနာ ဘာ ဝနာ တရားများကို ပွါးများအားထုတ်ကြပါမှ၊ အလိုရှိအပ်သော နိဗ္ဗာန်စခန်းသို့ ဖြောင့်ဖြောင့် တန်းတန်း မျှော်မှန်းချက်အတိုင်း ရောက်ရှိနိုင်ကြပေမည်။

သို့ဖြစ်ပါ၍ အထက်ပါ ကဗျာစကားအရ၊ အဝိဇ္ဇာနှင့်တဏှာ တို့သည်၊ သံသရာစခန်းအတွင်းဝယ် အဖန်ဖန်အခါခါ လှည့်ပတ် မြုပ်မျောလျက်၊ ဒုက္ခာ-ဟူသမျှ ဆင်းရဲခြင်း အဝဝတို့အား ဖန်တီးပြုလုပ်နေကြပုံအကြောင်းကို၊ဂေါတမမြတ်စွာဘုရားသခင် သည် ဗောဓိပင်ခြေပလ္လင်ဗွေထက်၌ နေထိုင်ရွှင်ပြုံး သိတင်းသုံး တော်မူခိုက် စဉ်းစားဆင်ခြင်တော်မူသည်မှာ၊ ဪ-သံသရာ

လောကကြီးထဲ၌၊ ပဋိသန္ဓေဟူသော ဇာတိတရား ပေါ်ပေါက်ဖြစ်ပွါး၍လာလျှင်ပင်။ သွားကြိုး, ဆံဖြူ, ငယ်မူတွေ ယိုယွင်းပြီး။ အိုမင်းခြင်းဆိုသည့် ဇရာ-တရား။ ယူပါ,ကယ်ပါ-တစာစာနှင့် မခံသာအောင် နှိပ်စက်တတ်သော ကိုးဆယ့်ခြောက်ဖြာ ဗျာနာခြင်းအမှု-ဒုက္ခအစုဗျာဓိတရား။ရုပ်နာမ်နှစ်ပါး ဖရိုဖရဲပြိုကွဲပျက်စီးမှု သေခြင်းဟုဆိုအပ်သည့် မရဏ သဘောတရားတွေမှာ။ တကယ်ပင်ဆိုးဝါးယုတ်မာကြောက်ဘွယ်ရာကောင်းပေစွတကား။

ထို ပဋိသန္ဓေနေရမှု-ဇာတိတရားသည်။ အဘယ်အကြောင်းကြောင့် ဖြစ်ပေါ်၍လာရပါလိမ့်ဟု ထပ်မံဆင်ခြင်ပြန်ရာ။ ဘဝဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရကြောင်း။ ရွှေဉာဏ်တော် အတွင်း၌ ထင်လင်းပေါ်ပေါက်လာပြန်၏။

ထိုမှတဖန်– ဆက်လက်၍ ဆင့်ထက်ကဲ ကြံစည်ပြန်သောကြောင့်။ ဘဝ၏ဖြစ်ကြောင်းသည် စွဲလမ်းမှုသဘော-ဥပါဒါန်။ ဥပါဒါန်တရား၏ ဖြစ်ပေါ်ရင်း အကြောင်းရင်းသည် လိုချင်မှုသဘော-လောဘတဏှာ။ တဏှာ၏ဖြစ်ပေါ်မှု အကြောင်းသည်၊ ခံသာ–မခံသာ ဖြစ်မှုသဘော - ဝေဒနာ။ ဝေဒနာ၏ ဖြစ်ပေါ်မှုအကြောင်းသည် ထိတွေ့မှုသဘော-ဖဿ။ ဖဿ ၏ ဖြစ်ပေါ်မှုအကြောင်းသည်၊အဇ္ဈတ္တိကအာယတနခြောက်ပါး။ ဗဟိဒ္ဓအာယတနခြောက်ပါး။အစုစုပေါင်း အာယတနတဆယ့်နှစ်ပါး။အာယတန၏ ဖြစ်ပေါ်မှုအကြောင်းသည်၊ အာရုံကိုညွတ်တတ်,သိတတ်သော သဘော။ နာမ်တရားနှင့် ဖောက်ပြန် ပျက်စီးတတ်သောသဘော–ရုပ်တရား နာမ်ရုပ်။ နာမ်ရုပ်၏ ဖြစ်ပေါ်မှု အကြောင်းသည်၊သိမြင်တတ်သောသဘော-ဝိညာဏ်။ဝိညာဏ်၏ဖြစ်ပေါ်မှုအကြောင်းသည်၊ ကောင်းမှု, မကောင်းမှု, အကြောင်းရတ္ထိကို

ပြုပြင်တတ်သောသဘော-သင်္ခါရ၊သင်္ခါရ၏ဖြစ်ပေါ်မှုအကြောင်းသည်၊လမ်းဖြောင့်,လမ်းမှန်,ကိုမသိတတ်သောသဘော-အဝိဇ္ဇာမောဟ။ ဝါ-သက္ကာယဒိဋ္ဌိ အကြောင်းတရား တို့ကြောင့် ဟူ၍၊ ခရေစေ့ တွင်းကျ၊သံသရာစခန်း လှည့်ပတ်လမ်းဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံအားဖြင့် စဉ်းစားဆင်ခြင်၊ဉာဏ်အားဖြင့် ထင်တော်မူပြီးမှ၊ သစ္စာလေးပါး တရားတော်မြတ်ကို သိမြင်လိုသော အာသာဆန္ဒဖြင့်၊ မလျော့သော ဝိရိယတရား အဓိက လက်ကိုင်ထားလျက်၊ တိုးတက်ခါကြံစည်၊ စိတ်အစဉ်တည်ကြည်ပြီး၊ ပဋ္ဌမဈာန်မှအဆင့်ဆင့် စတုတ္ထဈာန်သို့ရောက်ရှိလျက်၊ရှေးကဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို မြင်လိုသောစိတ်ဓါတ်ဖြင့်၊ သုံးသပ်ဆင်ခြင်လေရကား၊

ညဉ့်ဦးယံအချိန်၌ ပုဗ္ဗေနိဝါသ ဉာဏ်တော်ကို ရပြီးနောက်၊ သန်းခေါင်ယံအချိန်သို့ ရောက်ကာလ၊ ထို-အိုနာသေရေး ဒုက္ခဘေးတို့သည်၊ အဘယ်ကဲ့သို့သော နည်းအားဖြင့် ချုပ်ဆုံးလေမည်နည်းဟု၊ ဝေဘန်ထောက်မျှော် ကြံဆတော်မူခြင်းကြောင့်၊ ဓမ္မဉာဏ်တော်အတွင်းဝယ် ထင်လင်း ပေါ်ပေါက်တော်မူလာပုံမှာ၊ အဝိဇ္ဇာချုပ်ငြိမ်းက-သင်္ခါရချုပ်ငြိမ်းမည်၊ သင်္ခါရချုပ်ငြိမ်းက-ဝိညာဏ်၊ ဝိညာဏ်ချုပ်ငြိမ်းက-နာမ်ရုပ်၊ နာမ်ရုပ်ချုပ်ငြိမ်းက-သဠာယတန၊ သဠာယတန ချုပ်ငြိမ်းက-ဖဿ၊ ဖဿ ချုပ်ငြိမ်းက-ဝေဒနာ၊ ဝေဒနာချုပ်ငြိမ်းက-တဏှာ၊တဏှာချုပ်ငြိမ်းက-ဥပါဒါန်၊ ဥပါဒါန် ချုပ်ငြိမ်းက-ဘဝ၊ ဘဝချုပ်ငြိမ်းက-ဇာတိ၊ ဇာတိချုပ်ငြိမ်းက-ဇရာမရဏ၊စသည်အားဖြင့် အဆင့်ဆင့် ချုပ်ငြိမ်းမှု သံသရာပြတ်ကြောင်း၊"နိဗ္ဗာန်စခန်းထွက်ရပ်လမ်း" ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို ပဋိလုံအားဖြင့် သိမြင်တော်မူ

ပြီး၍၊ ရွှေကိုယ်တော်အားလုံး၌ ပညာဉာဏ်ရောင်တွေ လွှမ်းဖုံးလျက်၊ အထူးသန့်စင် ကြည်လင်တောက်ပပြီး၊ သန်းခေါင်ယံအချိန်တွင်၊ သတ္တဝါတို့၏ ရုပ်ပရိသဋ္ဌေကို သိလိုသောစိတ်ဓါတ်နှင့် ရှေ့ရှု ဆင်ခြင်သောအားဖြင့်၊ ဒိဗ္ဗစက္ခုဉာဏ် ထင်လင်းစွာပေါ်လာပြန်လျက်၊ မိုးသောက်ယံသို့ ကျသောအခါမှ၊ ခန္ဓာငါးဝတို့၏ဖြစ်ပျက်ပုံအလုံးစုံကို အာရုံပြုပြီး၊ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ-ပဋိလုံ အားဖြင့် ဆင်ခြင်တော်မူခြင်းကြောင့်၊ မိုးသောက်ယံ အာရုံကျင်းသည့်၊ ကောဇာသက္ကရာဇ်-တရာ့သုံးခုကဆုန်လပြည့်-ဗုဒ္ဓဟူးနေ့၊ ဝိသာခါနက္ခတ်နှင့် ငွေသော်တာလမင်း စန်းယှဉ်ခြင်းကြုံသောအချိန်အခါတွင်၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူလျက်၊ အရဟတ္တမဂ်ဉာဏ်လက်နက်ဖြင့်၊ သုံးထောင်ဝက်ကိလေသာတို့ကိုတိချွေကာအဆုံးသတ်ပြီးသကာလ၊ သဗ္ဗညုတဉာဏ် မဟာဂရုဏာသမာပတ္တိ အစရှိသော ဉာဏ်တော်အပေါင်းတို့ကိုရရှိလျက်၊ ဘုရားအဖြစ်သို့ ရောက်ရှိခါ၊ မိမိ၏ရည်ရွယ်ချက် ဆုံးခန်းတိုင်ရောက်ထမြောက်အောင်မြင် ကြည်ရွှင်သောနှလုံးဓါတ်ဖြင့်၊ ရှေး-နောင်တော်ဘုရားများ၏ ကြူးရင့်မြဲဓမ္မတာဖြစ်သော ပထမ ဗုဒ္ဓဝစနဥဒါန်းစကားကို၊ ရွှင်ရွှင်မြူးမြူး ကြည်နူးသာယာ မိန့်မှာတော်မူခဲ့ပုံအကြောင်းမှာ–

အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ ဂဟကာရံ
ဂဝေသန္တော ဒုက္ခာဇာတိပုနပ္ပုနံ၊ ဂဟကာရကဒိဋ္ဌောသိ
ပုနဂေဟံ နကာဟာသိ သဗ္ဗာတေ ဖါသုကာဘဂ္ဂါ ဂဟာ
ကူဋံ ဝိသင်္ခတံ ဝိသင်္ခါရဂတံစိတ္တံ တဏှာနံခယမဇ္ဈဂါ၊

ဂဟာကာရက၊ အိုနာသေရေး၊ ပါယ်ဘေးပိုင်နက်၊ သူ့စားကျက်၌၊ မြေကွက်ဂရုံ၊ အမိန့်ခံ၍၊ ရုပ်နာမ်ယှက်လိမ်၊ခန္ဓာအိမ်ကို၊ကြိမ်ဖန်များစွာ၊ တည်ဆောက်လာသည့်၊ တကဲ့ယောက်ျား၊ ဟယ်-တဏှာလက်သမား၊ ပုနပ္ပုနံ၊ အမှန်းအဆ၊ ဂဏန်းမပြနိုင်ဘုံ၊ဘဝအတန်၊အဖန်ဖန်အထပ်ထပ်။ ဇာတိ၊အိုနာသေရေး၊ပါယ်ဘေးအဝဝ၊ ရုပ်ထွေးလှစွာ၊ ဖြစ်ခါသန္ဓေ၊ တည်နေရခြင်းသည်၊ ဒုက္ခာ၊အနန္တဒုက္ခပေမို့ ပြောပြ၍မကုန်နိုင်ဘွယ်၊ လောကဓါတ်ဘုံသုံးနယ်မှာ၊ မကုန်ဆုံးဘွယ် ညှင်းဆဲဘာက ကြီးပေသမို့၊ ဆင်းရဲခြင်းကြီးမက ဆင်းရဲလှပေ၏တကား၊တဘွာ၊ထိုသို့ ညှင်းဆဲ အလွန့်အလွန်ပင် ဆင်းရဲလှလေသောကြောင့်၊ ဂဟာကာရုံ၊ ကပ်ကမ္ဘာအနန္တတွင် လပ်ကွာ၍ မကျန်ရအောင်၊ သဗ္ဗာဝါမှန်သမျှတို့၏ဘဝတပင်တိုင်ခန္ဓာအိမ်၊လေးပင်တိုင်ခန္ဓာအိမ်၊ငါးပင်တိုင်ခန္ဓာအိမ်၊တွေကို၊အကြိမ်ကြိမ် အဖန်ဖန် ကန်ထရိုက်ဆွဲပြီးလျှင်၊တဆောက်ထဲဆောက်လုပ်၍နေသော တကဲ့ယောက်ျားသင်-တဏှာလက်သမားကို၊ ဂဝေသန္တော၊ ဘယ်လိုဘယ်ကဘယ်သူစလျက် ဖြစ်ပျက်လာရသနည်းဟု၊ နိသျှည်းမခံ သိပ်သည်းစွာ ကျိတ်ကြိတ်လျက်၊ ကိုယ်ပိုင်ဉာဏ်အဟုန်အစွမ်းဖြင့် ရုံစမ်းရှာဖွေ၍လာခဲ့ရသော၊အဟံ၊ငါဘုရားကိုယ်တော်မြတ်သည်၊ အနိစ္စသံ တံဉာဏ်အဝိန္ဒန္တော၊ သင့်ကိုယ်လှမ်း၍ အတင်း ဘမ်းကိုင် မြင်စွမ်းနိုင်သည့် ကိုယ်ပိုင်ဉာဏ် မှန်ပြောင်းကို၊ ကောင်းကောင်းပိုင်ပိုင် လက်ကိုင်မရရှိသေးသည်ဖြစ်၍၊ အနေကဇာတိသံသာရံ၊ ဘုရားမြတ်ဒီပင်္ကရာနှင့်သုမေဓါရသေ့ဘဝမှာတွေ့ကြစဉ်အခါကစပြီးလျှင်၊ ရက်-လ-နှစ်-တွေ၊ သင်္ကာရဖဲ့ တွက်စစ်၍ရခဲ့သော်၊သင်္ချေလေးရပ် ထိမ်းအမှတ်နှင့် တသိန်းကပ်ကာလ

ပတ်လုံး။သဒ္ဓါဝိသံ သံသရိ၊ခန္ဓာဒိမ်အကြိမ်ကြိမ်ဆောက်လို့
ရို့။သံသရာပြန်ခါရောက်ပြီးလျှင်တုံ့ခေါက်လှည့်လည်၍လာခဲ့ရ
ပေပြီတကား။ဝါ၊ ရုပ်နာမ်နှစ်ရပ် ခေါင်းဆောင်လျက်။အလောင်း
ကောင် သေစရာမပြတ်နိုင်သဖြင့်။ မြေကမ္ဘာတွင် ခြေရာတွေ
ထပ်လောက်အောင်။ ဩဝေ်—လှည့်ပတ်ခါ ကျင်လည်၍လာခဲ့ရ
ပေပြီတကား။ ဂဟာကာရက၊ တကဲ့ယောက်ျား ဟယ်-တဏှာ
လက်သမား၊တွံ၊ချွဲချင်တိုင်းချွဲ,ဖွဲ့ချင်တိုင်းဖွဲ့,လှည့်ချင်တိုင်းလှည့်
တတ်သည့်တကဲ့ယောက်ျား၊သင်တဏှာလက်သမားကို။ မယာ၊
ဒိဋ္ဌိမှုတဖြာ-နာမှုတထွေ—သေမှုတဖုံ၊ကြောက်မက်ဘွယ်ဝိုင်းအုံ၍
လက်နက်ရံပစ်ဖေါက်သည့် ရန်သူတို့လက်အောက်၌၊ရုံထောက်
ခန်းဖွင့်ကာ။ ပွင့်ထွန်း၍ ပေါ်ပေါက်လာရသော ငါဘုရားကိုယ်
တော်မြတ်သည်။ ဒိဋ္ဌော၊ဗောဓိပင်အောက် အလင်းရောင်ဉာဏ်
အမြင်ပေါက်သဖြင့်။ သင်ဆောက်သည့် ခန္ဓာဒိမ်တွေပါ။မနိုင်ဖြေ
ကွန့်မြူးလျက်။ လက်ပူးလက်ကြပ် ယခုတွေ့မြင်အပ်သည်။အသိ၊
ဖြစ်လေပြီ။ ပုန၊ နောက်ထပ်တဖန် ပြန်လှန်ကွန့်လျက် လွှန့်တက်
တော်လှန်ခါ။ ဂေဟာံ၊ရေ,မြေ,လေ,မီး, ဓါတ်ကြီးလေးရု တိုင်ခြေ
ပြု၍၊ သွေးရု,သားရု,ရိုးရု,တပ်ဆင် ဒိုင်းတန်းတင်လျက်။ ကိုယ်
တွင်ဖြစ်လာ ဒွတ္တိံသာဟု ညီညာစပ်နှော ငါ့ခန္ဓာဒိမ်အတွဲ့သော
ကို။ နကာဟာသိ၊ သင်ဘယ်လိုစိမ့် ဘယ်လိုဖန်လို့မှ။ ဉာဏ်နိ
စွမ်းယုတ် ကြံစည်ဆောက်လုပ်နိုင်တော့မည် မဟုတ်ပေ။ တော၊
ကာမဂုဏ်ငါးပါး လာဘ်လက်ဆောင်တန်ဖိုးစားပြီးလျှင်။ဆိုးဝါး
ယုတ်မာ တိုးပွါးရှည်ကြာအောင် ကြီးထွား၍လာခဲ့ရသော တ
ကဲ့ယောက်ျား သင်-တဏှာလက်သမား၏။ သဗ္ဗာ၊ တခုမကြွင်း
ခပင်းဉာဏ်ယံ ကရိယာအစုံ အကုန်လုံးဖြစ်သော။ ဖါသုကာ၊ညစ်ပူ

နောက်ရှပ် အဆောက်အဦး အကူ တန်ဆာ အတူ ပါထျက်၊ တွဲဖက်ပူးဝင် အခြင်ဒိုင်းထုတ် အဟုတ်တူစွာ၊ သုံးထောင်ဝက် ကိလေသာတို့ကို၊ ဘဂ္ဂါ၊ ကမ္ဘာဗွယ်သိန် ဉာဏ်လက်နက် ဝရဇိန် ဖြင့် ချိန်ရွယ်ခါပစ်သွင်းလျက်၊ အမြစ်အရင်း ခုတ်ပန္နက်တို့ပါ၊ နှုပ် ဖျက်ချိုးပဲ့ အပ်ကုန်ပြီ၊ ဂဟာကူဋ၊ သင်ဆောက်လုပ်ပြီး ခန္ဓာကိုယ် တိုက်အိမ်ကြီး၏၊ ထွင့်ထိုးပမာ မိုးကာလွှမ်းချုပ် အဝိဇ္ဇာတည်း ဟူသော ခေါင်အုပ်ကိုလည်း၊ ဝိသင်္ခတံ၊ အရဟတ္တမဂ်ဉာဏ် လက်နက်ဖြင့် လွှင့်ပစ်အပ်လေပြီ၊ စိတ္တံ၊ ညစ်နောက်ပူကင်း သန့် ရှင်းကြည် ငါဘုရား၏ စိတ်နှလုံးရည်တော်သည်၊ ဝိသင်္ခါရဂတံ၊ ဘုံသုံးခွင် လောကခါက်တွင် အတောမသတ်ရှုပ်ပွေသည့်၊ အ လုပ်တွေဇာတ်သိမ်းလျက်၊ အငြိမ်းဓါတ်နိဗ္ဗာန်ဟု အသခ်တစား ကျက်တွင်းသို့ သက်ဆင်းဝင်ရောက်ရလေပြီ၊ တဏှာနံ၊ သံသ ရာ ဘုံသုံးခွင်တွင် ခန္ဓာအိမ်တွေစိစဉ်လျက်၊ စည်ပင်သာသာရှုံး ထောင်ပြီး၊ မဆုံးနိုင်အောင်ချွတ်တတ်သည့် ပပဥ္စတရားတဏှာ တည်းဟူသော သင်လက်သမားတို့၏၊ ခယံ၊ ကိလေသာစာရင်း အင်းနှင့် အသင်းအပင်းတွေကိုပါ အကုန်ဖျက်တတ်သည့်၊ ထက် မျက်ပြင်းထန် ခယခေါ်သည့် အရဟတ္တမဂ်ဉာဏ်ကို၊ အဇ္ဈဂါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်က ထိုင်ရာမထ၊ ယခု ကိုယ်တော်တိုင် လက်ဆုပ်လက်ကိုင် ရရှိတော်မူခဲ့လေပြီတကား၊

အထက်ပါ-ပထမဗုဒ္ဓဝနဉဒါန်းစကားတော်၏အဓိပ္ပါယ်အတို ချုပ်မှာ၊ အမှန်သဘောကို မသိနိုင်အောင် ဖုံးလွှမ်းပိတ်ဆို့တတ် သောသဘောတရား အဝိဇ္ဇာ၊ ဝါ-မောဟတရားနှင့်လိုချင်တောင့် တ နှစ်သက်တတ်သော သဘောတရား-တဏှာ၊ ဝါ- လောဘ တရားတို့ အရင်းခံလျက်၊ ၎င်းတို့၏ အပေါင်းပါ-ဒေါသ, မာန,

အစရှိသော ကိလေသာ တရားတွေကြောင့်၊ သံသရာဘုံသုံးခွင် အတွင်း၌၊ဒိ,နာ,သေ,ရေး ပါယ်ဘေးအဝဝဒုက္ခဟူသမျှတို့လှည့် ပတ်၍ ကျင်လည်ကာ ခံ၍နေရကြောင်း၊ ထို–မောဟ,လောဘ, ဒေါသ,မာန,အစရှိသောသဘောတရားများသည်၊သံသရာစခန်း လှည့်ပတ်လမ်းပင်ဖြစ်ကြောင်း၊

ထို-အဝိဇ္ဇာနှင့်တဏှာ အရင်းခံသည့်၊ ကိလေသာအသင်းသူ အသင်းသား,တထောင့်ငါးရာကို၊ အလင်းဓါတ်ဟု ဆိုအပ်သော အမှန်ကို သိမြင်တတ်သည့် သဘောတရား-ဝိဇ္ဇာဉာဏ်၊ ဝါ–အ မောဟတရား၊ မလိုချင်,မတွဲလမ်းမှု,သဘောတရား-အလောဘ၊ မကြမ်းတမ်း, မခက်ထန်မှု သဘောတရား– အဒေါသနှင့်တကွ သဒ္ဓါ,သတိ,အစရှိသော အပေါင်းပါသဘောတရားတွေနှင့် ပယ် ရှား၍၊အရဟတ္တမဂ် ဉာဏ်အရောင်အလင်းကို ရရှိခြင်းအားဖြင့်၊ ဘုံသုံးပါးအတွင်းရှိ ဒိ,နာ,သေရေး, ပါယ်ဘေးဟူသမျှ ဒုက္ခအ ဝဝတို့ကိုရုပ်သိမ်းပြီး၊ အငြိမ်းစား နိဗ္ဗာန်စခန်းတွင် ဧချမ်းတည် တံ့စွာ စံမြန်းတော်မူရပုံ ကြူးရင့်မိန့်ကြားတော် မူကြောင်းကို ထောက်ဆဆင်ခြင်သောအားဖြင့်၊ အမောဟ,အလောဘ,အဒေါ သ,သဒ္ဓါ,သတိ,အစရှိသောသဘောတရားများသည်၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်များပင် ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပထမဗုဒ္ဓဝစန ဉဒါန်းစကားတော်အရ၊သံသရာစခန်း လှည့်ပတ်လမ်းနှင့်၊ နိဗ္ဗာန် စခန်းထွက်ရပ်လမ်းစဉ်များကို ပေါ်လွင်ထင်ရှားစွာခွဲခြားသိသာ နိုင်ပေတော့ကြောင်း၊

အဝိဇ္ဇာကြီး-မှောင်ကာဆီး။

ဇောတိပါလ၊ ဗုဒ္ဓလောင်းလျာ။

ဘုရားဆိုက၊ နားမှမသာ။

အဝိဇ္ဇာကြီး၊ တားဆီးပိတ်ကာ။
မှောင်အပေါင်း၊ ထိပ်ဆောင်းလွှန်ကဲစွာ။ ။
မှောင်ထုကြီး၊ တွေးပြီးကြောက်စရာ။ ။

ဟူသော ၅စ်လုံးဘွဲ့ကဗျာ၏ အဓိပ္ပါယ်သဘောသွားကို ထင်ရှား စေရန်။ ချဲ့ထွင်၍ ရှင်းလင်း တော်ပြပါဦးအံ့။

ဘုံသုံးပါးသံသရာတွင်၊ ဖန်ခါခါလှည့်လည်နေရအောင်၊ ဖန် တီးမှုခေါင်းဆောင်ကြီးဖြစ်သည့် အဝိဇ္ဇာတည်းဟူသော မောဟ တရားသည်၊ သတ္တဝါတို့၏ စိတ်အစဉ်၌ အမှားသဘောကို မြင် အောင်၊ မည်းမှောင် အမှောင် ချထားနိုင်ကြောင်း၊ ထောက် ထားစာနာဘွယ် ဥပမာပြရလျှင်၊ ဂေါတမ မြတ်စွာဘုရား အ လောင်းတော်သည်၊ သုမေဓါရှင်ရသေ့ဘဝမှအစပြု၍၊ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်း၌၊ ပဌမ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးနောက်၊လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလ အတွင်းဝယ်၊ပါရမီဆယ်ပါး အပြားအားဖြင့်သုံးဆယ်ကိုကျင့်ကြံ အားထုတ်လျက်၊ နှစ်ဆယ့်သုံးဆူသော ဘုရားအဆူဆူတို့ ထံ၌ နိယတဗျာဒိတ်ပန်း ခံခဲ့၍၊ နှစ်ဆယ့်လေးဆူမြောက် ဖြစ်သော ကဿပမြတ်စွာဘုရား ပွင့်တော်မူစဉ်၊ ဝေဟာဠိဂ်နိဂုံး၌ ပစ္စည်း ဥစ္စာကြွယ်ဝချမ်းသာသော ဇောတိပါလပုဏ္ဏားလုလင်ဘဝဖြစ်ရ လျက်၊မိဘရိုးရာကိုးကွယ်ရှာသည့်၊ဖြဟ္မာမိဿဏ္ဍုးကိုးကွယ်မှု မိစ္ဆာ အယူကို အမြတ်ပြုလုပ်၍ ကိုးကွယ်ကာ၊ ပစ္စည်းဂုဏ်, ဆွေမျိုးဂုဏ်,ပညာဂုဏ်, တည်းဟူသော အကြောင်းတရားတို့ ကြောင့်၊ ငါတည်းဟူသော မာန်မာနတရားတွေက မီးလောင်ရာ မှာ-လေပင့်သလို၊ အဝိဇ္ဇာတည်းဟူသော မှောင်ထုကြီးကို ပိုမို အားကောင်းရလေအောင်၊ ထပ်လောင်းခါ အမိုက်တွေပေါင်း

လိုက်သဖြင့်၊ ရတနာသုံးပါးကို ကျောခိုင်းလျက်၊ ရိုင်းချင်တိုင်း ရိုင်း၍နေခြင်းကို၊ မိမိ၏မိတ်ဆွေတော်စပ်သူ ကဿပဘုရားသခင်၏အလုပ်အကျွေး၊ အနာဂါမ်ပုဂ္ဂိုလ် ဃဋိကာရအိုးထိန်းသည်က၊မိမိနှင့်အသွင်တူ၍ စင်ပြူသော ဗုဒ္ဓဘာသာဝါဒကိုကိုးကွယ်စေလိုသော သဘောသွားဖြင့်၊

တနေ့သောအခါ၊ ဇောတိပါလ လုလင်အိမ်သို့ ရောက်ခိုက်၊ အို–မိတ်ဆွေကြီးရဲ့၊ လောကမှာ သုံးလူ့ထွတ်ထား– ကဿပဘုရားသျှင်ရယ်လို့ ထင်ရှားစွာပေါ်လွင်ကာ၊ လူ, နတ်, ဗြဟ္မာ, သတ္တဝါ အပေါင်းတို့အား၊ တရားရေ အမြိုက်ဆေးကို တိုက်ကျွေးနေခိုက်၊တခေါက်တခါ တရားတော်နာသွားကြပါစို့ရဲ့ဟု မိတ်ဆွေကောင်းအင်္ဂါ ညီညွတ်စွာဖြင့် ခေါ်ရှာသောစကားကို ကြားရသည့် ဇောတိပါလလုလင်က၊ တော်ပါတော့ မိတ်ဆွေရယ်၊ ဘုရား-တရား,ဆိုသည့် အသံကိုကြားရလျှင်၊နားဝမှာ ခါးလွန်းလို့မရှုနိုင်မပြုံးနိုင်၊အသည်းဆိုင်မီးဟပ်သလို သေမတတ်ပူလှချေ၊ သည်နေရာမှာ အသာဖြတ်ပြီး၊ ရပ်စကား, ရွာစကား, ပြောလျှင် တော်လိမ့်မည်ဟု၊ဒေါမနဿစိတ် အနိုးအရောင်တို့မှာ ညှိုးမှောင်ညို့မဲသောမျက်နှာပေါ်တွင်၊ သက်သာရာ မရလောက်အောင်ပင်ပေါ်လွင်ထင်ရှားလာရကား၊

ဃဋိကာရ အိုးထိန်းသည်မှာ၊ ထိုစကား အသာဖြတ်လို့မို့ တနေ့ကြလျှင် မရ,အရ,ခေါ်မည်ဟူသော စိတ်ထားနှင့်၊ ဒုတိယအကြိမ်တဖန် တွေ့မြင်ပြန်သောအခါ၊ ယခင်နည်းအတိုင်းခေါ်ဆိုပြန်ရာ၊တော်,တန်,တိတ်,မိတ်ဆွေ၊ကျွန်ုပ်နှင့်သာတာရှည်ပေါင်းလိုက သည့်လိုမင်္ဂလာမဲ့သည့် အမင်္ဂလာစကား ထပ်မံ၍ဖြင့် မပြောကြားလေနှင့်၊ နောက်တဖန် ပြောဆိုပြန်ပါလျှင် ကျွန်ုပ်၏

ရန်သူစစ်ဟု တထစ်ချ ဆုံးဖြတ်ပြီး။သင့်ကိုလည်း အမုန်းဓါတ်စာ ရင်းသို့ သွတ်သွင်းရပါလိမ့်မည်ဟု-အဝိဇ္ဇာ, မှောင်ကာဆီး သဖြင့်၊ ဒေါ်ကြီး မောကြီးနှင့်-ပြောချ်ပြီး ဖြိုးခြင်း ပြန်သွားပေ၏၊ ဃာဋိကာဝ, အိုးထိန်းသည်ကလည်း၊ မိမိ၏ မိတ်ဆွေ-စိတ်မာန ဆိုးစွာ ရှစ်ခေါက်ချိုးမျက်နှာနှင့် ပြန်သွားသည်ကိုပင်၊ အနာဂါမိ မဂ်တန်ခိုးကြောင့်-မာန်မဝင် စိတ်မဆိုးဘဲ၊ မိမိ၏ရည်ရွယ်ချက် ပန်းတိုင်ကို ပြီးမြောက်အောင်- ဘုရားထံမှောက်သို့ အရောက် ပင် ခေါ်မည်ဟု၊ တနေ့သောအခါ- ဇောတိပါလ လုလင်အား၊ မြစ်ဆိပ်သို့ ရေချိုး သွားရလေအောင်ဟု- သွေးဆောင်ခေါ်ငင် လျက်၊ကဿပ ဘုရားသခင်၏ ကျောင်းတော်အနီးသို့ ရောက်ရှိ မှ၊မိတ်ဆွေရယ်- ဘုရားကျောင်းတော်ကလည်း ခရီး မဝေးလှ တော့သဖြင့်၊တခဏကလေးမျှ သွားကြပါစို့ ခဲ့ဟု-မျက်နှာတော် အချိုသွေးလို့မို့၊လေနုကေလေးဖြင့်ခေါ်ပါသော်လည်း၊ မလိုက် ဟု ဖွတ်တင်းပြီး အငြင်းကြီးငြင်းနေသောကြောင့်၊သည်လောက် ဖြစ်မှဖြင့် ငြင်းနိုင်လျှင် ငြင်းပေတော့ဟု-ဆံပင်ကို အသာဆွဲပြီး၊ အပါဘဲ ခေါ်တော့မှ၊ ဇောတိပါလ လုလင်က-တွေးဆကြံစည်မိ သည်မှာ၊ ငါတို့နှစ်ယောက်-မျိုးဇာတ်မတူ-အမှုယုတ်ညံ့၊ ကွာ ခြင်တိုင်းကွာခြားနေကြပါလျက်၊ သည်ကဲ့သို့ဆံပင်ကို ဆွဲငင်၍ ခေါ် နိုင်ခြင်း အမှုမှာ၊ သူကိုးကွယ်သည့် ဘုရားက-ငါတို့ထက် အားထားဘွယ်ရှိပေမည်၊ အားကိုးသင့် မသင့် ရုံစမ်းသည့်အနေ နှင့် လိုက်လေမှသင့်မည်ဟု-စိတ်မပါတပါနှင့် လိုက်သွားရှာပြီး၊ ကဿပဘုရားသျှင်အား ဖူးမြင်လျက် တရားအထူးကို ကြားနာ မိမှ၊ (မိုးဃာ်းနူးသစ်ပင်,လန်းလန်းရွှင်)-ဟူသကဲ့သို့၊ အို မိတ်ဆွေ ဘုရားကိုဖူးတွေ့ရသည်မှာ၊ နောက်ကျလှလေခြင်း-လွန်ခဲ့သည့်

ရက်တွေကို ပြန်လှန်၍သော နှုမြောဖွယ်ပေ၏ဟု၊မနေ့ဟာဒယ၀ တ္တု အိမ်တွင်၊ ဝိတိရိန် ခါခါလွှမ်းပြီး၊ ရှင်လန်းကြီးမက - ရှင်လန်းဝမ်း မြောက်လျက်၊ ယခင်ကအမှားတွေအုပ်ရှိုင်း၍-အမှောင်ဖုံးသမျှ အဝိဇ္ဇာ မြူအပေါင်းတို့မှာ၊ ဝိဇ္ဇာ,တည်းဟူသော-ပညာဉာဏ် အလင်းဓါတ်စခန်း-သူရကံ နေရောင်တွေလွှမ်းသဖြင့်၊ အမှောင် ဓါတ် မသန်းနိုင်တော့ဘဲ၊ ဇောတိပါလ,ဟု-ဆိုအပ်သော လူ့အ ဖြစ်ကိုစွန့်ခွါလျက်၊ရဟန်းအသွင်ပြောင်းပြီးသကာလ၊ နှစ်ဆယ့် လေးကြိမ်မြောက်- နိယတဗျာဒိတ်ပန်းကို ဆင်မြန်း ခံယူတော် မူရပေတော့၏။

ဤအထက်ပါ ဝတ္ထုကို ထောက်ရှုသောအားဖြင့်၊နောက်ဆုံး အကြိမ်-ဗျာဒိတ်ပန်းကို ဆင်မြန်း ခံယူမည့် ပါရမီရှင်-ဂေါတမ, ဘုရား အလောင်းတော်မှပင်လျှင်-ကဿပဘုရားသျှင်အား၊မဖူး တွေ့ရမှီ ဘုရားဆိုသော စကားကို မကြားချင်လောက်အောင် အဝိဇ္ဇာတရားသည်၊အမှောင်ထုဖြင့် ဖုံးလွှမ်း ပိတ်ကာလျက်၊အ မှားလမ်းဘက်သို့သာ သွေးဆောင် ထားနိုင်ကြောင်းကို သတိမူ လျက်၊ထို အဝိဇ္ဇာကြီး မှောင်ကာဆီးတတ်သည့်၊ အမိုက်ပါတီ မောဟ-လောဘ-ဒေါသ-မာန, အစရှိသော အဏ္ဏဝ ရန်သူများ ကို၊ လုံးလုံး လျားလျား အမြဲမပြတ်-ဝိပဿနာ-ဘာဝနာ-ပညာ ဉာဏ် အရောင် အလင်းဖြင့်၊ ဖြိုခွင်း နှင်ထုတ်အပ် ပေတော့၏၊ ဖြိုခွင်းနှင်ထုတ်နိုင်ကြပါစေသတည်း။ ။

ဝိဇ္ဇာဉာဏ်မြတ်–အလင်းဓါတ်။

ပဋ္ဌာန်းကျမ်းမြတ်၊ သုံးသပ်ဆင်ခြင်၊
ဉာဏ်တော်ကွန့်မြူး၊ လွန်ထူးသည့်တွင်။

ဝိဇ္ဇာဉာဏ်မြတ်၊လင်းဓါတ်ကြည်ရှင်။
ခြောက်ရောင်ပေါင်း၊နှံ့ကြောင်းအနန္တပင်။

ဟူသော-၅စ်လုံးဘွဲ့ကဗျာအရ၊ ယခုအခါ-အမေဘဟ ဟုဆို အပ်သော ဝိဇ္ဇာဉာဏ်အလင်းဓါတ်သည်၊ မည်မျှလောက်သော အမှောင်ဓါတ်ကိုပယ်ခွင်း၍၊အလင်းကြီးလင်းနိုင်သော သဘော သဘာဝရှိကြောင်းကို၊ပေါ်လွင်ထင်ရှားစေခြင်းအလို့ငှါ၊ သက် သေ သာဓက-ဥပမာထုတ်၍ပြရလျှင်၊ ဂေါတမမြတ်စွာဘုရား သခင်သည်၊မဟာဗောဓိပင်၏အနောက်မြောက်ဘက်၊အတောင် လေးဆယ် အကွာတွင်၊ နတ်များစွာတို့ စီမံဖန်ဆင်းအပ်သည့်၊ ရတနာ ခနစ်ပါး အတိပြီးသဖြင့်၊ တညီးညီး ထိန်ပြောင်သော ရတနာကျောင်းဆောင်တွင်း၌၊ ထက်ဝယ် ဖွဲ့ခွေ သီတင်းသုံးနေ တော်မူလျက်၊ အဘိဓမ္မာ ခုနစ်ကျမ်းတွင်၊ ဓမ္မသင်္ဂဏီ ကျမ်းမှ တစတစ-ဝိဘင်း၊ ဓါတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ကျမ်းများကို၊ဆုံးခန်းတိုင်အောင် ဆင်ခြင်ပါသော်လည်း ရွှေဉာဏ်တော်ကွန့်မြူးမှုမှာ၊မလူးသာ မလွန့်သာသဖြင့်၊ ပကတိ ကိုယ်တော်ရောင် တလံမျှမှ၊ ဘိုး တက် ပိုမိုခါ မမြူးကြွရှာဘဲ၊ မဟာ ပကရဏ-အနန္တ ပါသာဒိက ဟု ဆိုအပ်သော ပဋ္ဌာန်း ကျမ်းတော်ကြီးကို၊ ဆင်ခြင် သုံးသပ်တော်မူသောအခါသို့ကျ ရောက်မှ၊ ကိုယ်တော်မြတ်၏- ဝိဇ္ဇာဉာဏ်ရောင် အလင်းဓါတ် သည်၊အဆုံးသတ်ကွန့်မြူးလျက်၊လွန့်လူးသာသေရကား၊ပကတိ ကိုယ်တော်ရောင် တလံမျှမှ၊ ခြောက်ဖြာသော ရောင်ခြည်တော် တို့မှာ၊ ပိုမိုကာမြူးကြွလျက်၊ အနန္တ စကြာဝဠာ လောကဓါတ် ကြီး၏၊ အမိုက်မှောင်ကိုခွင်းပြီး၊ သိကြား၊နတ်၊ဗြဟ္မာ တို့၏ အ ရောင်တွေပါ ကင်းပျောက်အောင်၊ လင်းခြင်းကြီးမက အလင်း

ရောင်တော်တွေ မြူးကြွတောက်ထွန်းတော်မူနေကြပုံမှာ။

ဆဗ္ဗညုရှံသိယော-နိဗ္ဗယန္တိ၊ ပါဠိ မဂဓ ပြအပ်သည်နှင့် လျော်ညီစွာ။ ဒိသာဆယ်ရပ်။ လျှပ်လျှပ်ဖိတ်ဖိတ်။ ဝိဇ္ဇုလတာ။ ရောင်ဝါပြိုးပြက်။ရဲရဲလက်မျှ။ အကွက်အကန့်။ သက်တန့်ရောင်ဟန်။ ပြုပ္ပွှားပြုပ်ပွှ ။တလံ မျှလောက်။ ဝင်းဝင်းတောက်လျက်။ ထွန်းမြောက်မြဲ အနေတွင်။ ပညိန္ဒြေပြဋ္ဌာန်းလျက်။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောကြောင့်။ ရွှေကိုယ်တော်အားလုံးမှ သည်။ဟုံးကနဲကြွ။ထလေသည့်ပမာ။စိမ်းပြာညိုမောင်း။ မြရောင်မိလ္လာ။စိန်ဇာမကာန်း။ရေပွှမ်းကူးခါ၊သဏ္ဍာန်နှောယှက်။ငှက်ခါးတောင်လို။ မြရည်ယိုသကဲ့သို့။ ညိုလှသော ရောင်ခြည်တော်။

ဇမ္ဗော်နဒ၊ ကနကလျှော်သစ်။ဇမ္ဗုရာဇ်သိင်္ဂီ၊ နာရဏီရွှေသား တို့။ဦးထားသည့်ပမာ။ ရောင်ဝါလျှမ်းဝေ။ လျှပ်ပန်း ကြွေသကဲ့သို့။ ရွှေလှသောရောင်ခြည်တော်။

နှင်းဆီခေါင်ရမ်း။ ဆင်မြန်းချိတ်ရည်။ ထည်ကမ္ဗလာ။နီတျာရောယှက်။ အကွက်အကွက်။ ကျောက်မျက်ရတနာ။ ကျီးအာမှည့်အဆင်း။ ချင်းချင်းသွေးဆီ။ ထွေးထွေးချည်မျှ။ နီလှသောရောင်ခြည်တော်။

ဇလပ်ကြက်ရုံး။ ဂမုံးပွင့်ချပ်။ နာရတ်ကန္တိ၊ စိန်ဝဇိရာ။ သာဠှါ ဘော်ပြူ။ ပန္နူမိုက်ထောင်။ ပုလဲရောင်အဆင်း။ တကျွန်းဖြစ်ဖလ်တိုင်။ အဆိုင်အဆိုင်။ ဖွေးဖွေးလှိုင်မျှ။ ပန်းခိုင်ဖြူစွာ။ငွေသင်္ဂါတို့သည်။ ယှဉ်မသာနှုန်းမရသော ဩဒါတ ရောင်ခြည်တော်။

မှိုင်းညိုပြာသန်း။ မကာန်းကွက်ကွက်။ ရေယှက်ပြာမှောင်။ အရောင်ပြိုးတတ်။ နဝရတ်လို။ ချိတ်ရည်အဆင်း။ ဖိတ်ဖိတ်လင်းလျက်။ ခပင်းလူပေါင်း။ ရှုမညောင်းမျှ။ မောင်းမဲမှိုင်းအုံ။ ရည်မှုံ

သော အဆင်းရှိသော မဉ္ဇိဋ္ဌရောင်ခြည်တော်၊

တိမ်လိပ်တိမ်ပန်း၊ မရမ်းရူကာ၊ လျှံဝါရိုးရဲ၊ ခဲတောင်လို၊ လျှပ်ခြည်ကွန်ရက်၊ ဒိုးကြိုးစက်ကဲ့သို့၊ ပြိုးပြိုးပြက်ပြက်၊ ရိုးရိုးရဲ့ရဲ့၊ တခဲနက်သော ပဘာဿရရောင်ခြည်တော်။

ဤသို့လျှင်-နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘာဿရ,တည်းဟူသောခြောက်ပါးသောရောင်ခြည်တော်တို့သည်၊ ရွှေကိုယ်တော် အားလုံးမှသည်-ရုံးလျက်,ရုံးလျက်၊ ကူးတုံပျံတုံ၊ ဆန်ပုံအောက်ထက်၊ဘဝဂ်ဝိမ် နှင့်ဘိစကြာဝဠာ၊ အာကာဓာတ်၊ ခေတ်ပိသယ၊အနန္တသို့၊ ဆုံးဆမရှိအောင်၊တပြောင်ပြောင်ထွက် သွားတော်မူသောဂုဏ်ထူးပိသေသ,သကတဋ္ဌကြောင့်၊ဆဗ္ဗညုနှင့်ရှိ၊အင်္ဂီရသ ရွှေဘွဲ့တော်ရသည့်၊တုမရှိ ဟိုးဟိုးကျော်သော ရွှေကိုယ်တော်သဗ္ဗညုသည်၊ ယမိုက်ကျမ်းကို ဟောတော်မူသည်၏ အခြားမဲ့၌၊ ပဋ္ဌာန်းကျမ်းကို ဟောတော်မူ၏။

ထိုပဋ္ဌာန်းကျမ်း၌ရှိတုံသော်သည်း၊ ဥဒ္ဒေသ,နိဒ္ဒေသ,ပရိနိဒ္ဒေသ,အားဖြင့် သုံးပါးအပြား ရှိ၏၊ ထိုသုံးပါးတို့တွင်-ဥဒ္ဒေသ,ကို ရှေးဦးစွာ ဟောတော်မူ၏၊ ဟောကြားတော်မူဟန်ကား—

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊နိဿယပစ္စယော၊ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယော၊ အတ္ထိ

ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စ
ယော ဟောတိ။ ။

အစရှိသော-ဤ ပဋ္ဌာန်းကျမ်းတော်ကြီးကို၊မယ်တော်-သန္တုသိတ,နတ်သားကို အကြောင်းပြုပြီး၊ တာဝတိံသာနတ်ပြည်၌ နှစ်ဆယ့်ငါးရက်တိုင်တိုင် မပြတ်မလပ် ဟောကြားတော်မူ၏။

ထိုတရားပွဲတော်ကြီးတွင်၊ ကမ္ဘာပေါင်း သုံးရာ့ရှစ်ဆယ်အထက်မှ၊ မြတ်စွာဘုရားသခင်၏ မယ်တော် ဖြစ်ခဲ့ဘူးကုန်သော ကုဋေလေးဆယ်သော နတ်တို့မှာ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ဖြင့် ကျွတ်တန်း ဝင်ကြကုန်၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ ဤ ပဋ္ဌာန်းကျမ်းတော်ကြီး၌၊ ခန္ဓာနာမ်ရုပ်တို့၏ အကြောင်း, အကျိုး, ဆက်သွယ်ပုံကို၊ အကျဉ်း အားဖြင့် နှစ်ဆယ့်လေးဌာန၊ အကျယ်အားဖြင့်-အနန္တောအနန္တ၊ ဆုံးသဘွယ် မရှိနိုင်လောက်အောင်၊ သုံးသပ်ဆင်ခြင် ထင်မြင်တော်မူသည့်အလိုက်၊ မိမိ၏ရုပ်ခန္ဓာတွင် ဝိဇ္ဇာဉာဏ်မြတ် အလင်းဓါတ် တွဲစပ် ပေါင်းယှဉ်မိလေရကား၊ ခြောက်ဖြာသော ရောင်ခြည်တော်တို့မှာ၊ ကိုယ်ခန္ဓာအားလုံးမှ ရုံးထွက်ကွန့်မြူးကာ၊ အနန္တစကြာဝဠာ၏ အမိုက်မှောင်အပေါင်းကိုပယ်ခွင်းပြီး၊အလင်းကြီး လင်းကြရှာကြောင်းကို ထောက်ဆသောအားဖြင့်၊ ဝိဇ္ဇာဉာဏ်မြတ် အလင်းဓါတ်သည်၊အမှောင်ဓါတ် သဘောတရားကို၊ ကင်းပြတ် ပယ်ရှားနိုင်သော သဘော သတ္တိအင်အား ရှိကြောင်း သိအပ်၏။

ရှင်းပြင်-ထိုပဋ္ဌာန်းဒေသနာတော် ဟေတုပစ္စယောအရ၊ညွှန်ပြ ဟောကြားတော်မူသည်မှာ၊ လိုချင်တောင့်တ စွဲလမ်းတတ်

သောသဘော-လောဘ၊ ကြမ်းတမ်း ခက်ထန်သော သဘော ဒေါသ၊အမှားကိုမြင်အောင်ဖုံးလွှမ်းပိတ်ဆို့တတ်သော အမှောင်ဓါတ်သဘော-မောဟ,ဟုဆိုအပ်သော သံသရာစခန်းလှည့်ပတ်လမ်း အကြောင်းတရားသုံးပါးတို့ကို။ မလိုချင်,မတောင့်တ,မစွဲလမ်းတတ်သော သဘော-အလောဘ၊ မကြမ်းတမ်း မခက်ထန်သော သဘော- အဒေါသ၊ အမှန်ကို မြင်အောင် ထွန်းလင်းတောက်ပတတ်သော အလင်းဓါတ် သဘော-အမောဟ-ဟုဆိုအပ်သော-နိဗ္ဗာန်စခန်းထွက်ရပ်လမ်း,အကြောင်းတရား သုံးပါးတို့ဖြင့် ပယ်သတ်ရကြောင်း၊ အမှောင်ဓါတ် သဘောတရားနှင့် အလင်းဓါတ် သဘောတရား တို့သည်၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်၍နေကြောင်းကို၊ညွှန်ကြားပြသ ဆုံးမဟောကြားတော်မူခဲ့ပေ၏။ သို့ဖြစ်ပါ၍- အဝိဇ္ဇာကြီး မှောင်ကာဆီး၍နေသည့်၊သံသရာစခန်း လှည့်ပတ်လမ်းစဉ်ကို၊ ဝိဇ္ဇာဉာဏ်မြတ်-အလင်းဓါတ် ဟုဆိုအပ်သော- နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ်ဖြင့်၊ ကြိုးစားအားထုတ်၍ ပယ်သတ်ရာ၏၊ ပယ်သတ် နိုင်ကြ ပါစေသတည်း။ ။

နိဗ္ဗာန်စခန်း–ထွက်ရပ်လမ်း။

ဆင် မြင်း ယာဉ် လှည်း၊ လွန်ကဲမြန်စွာ။
ရှာန်ယာဉ်ကိုစီး၊ လှည့်ပြီးရှာခါ။
လောကဆုံးမြောက်၊ မရောက်လေရှာ။
ရောဟိတ၊ မှတ်ပ နမူနာ။ ။
ဗုဒ္ဓဇိန၊ ဟောပြမိန့်မှာ။
နိဗ္ဗာန်စခန်း၊ ထွက်လမ်းသာယာ။
မဂ္ဂင်ရှစ်ဝ၊ ပွါးရခါခါ။
ကွေ့မကောက်၊ ဖြောင့်ဖြောင့်လိုက်စမ်းပါ။ ။

ဟူသော ဂုဏ်လုံးဘွဲ့ ကဗျာ အရ၊ ယခုအခါ- သံသရာ ခရီးသည်တိုင်း တို့၏၊ မျှော်မှန်း တန်းတ၍ နေအပ်သော လောက သုံးပါးတို့၏ ချုပ်ဆုံးရာ။မကွေ့ မကောက်၊ ဖြောင့်မတ်စွာ သွားလာအပ်သော-နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ်ကို ဖြေရှင်းဘော်ပြရပါမူ၊

နဟိဧတေဟိ ယာနေဟိ ဂစ္ဆေယျ-အဂတံဒိသံ။

ဟူသော ဓမ္မပဒ ပါဠိတော် ဂါထာအရ၊ အမိပ္ပါယ်မှာ-သံသရာခရီးသည်တို့၊ ရှေးရှေးသော ဘယ်ခါကာလ ခါသမယကမှ၊ မရောက်ခဲ့ဘူးသည့် လောက သုံးပါး တို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းသို့၊ လှည်းယာဉ်၊ လှေယာဉ်၊ ဆင်၊ မြင်း၊ ရထားယာဉ်၊ တို့ဖြင့် ဘယ်လိုပင်သွားသော်လည်း။ မရောက်နိုင်ကြောင်း ဟောကြားတော်မူသည် တရပ်။ ထိုမှတဖန်- ရှေးလွန်လေပြီးသောအခါ၊ ဇမ္ဗူဒိပါကျွန်းသား-ရောဟိတဿ အမည်ရသည့် ရသေ့ ရှာန်ပျံ တဦး-ယောကျ်ားထူးအာဇာနည်သည်။ လောက၏ ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းသို့ ရောက်လိုသော စိတ်ဇောဖြင့်၊ စားသောက်ရုံမျှသော-ဇာရိယာပုတ်ကိုချန်လှပ်၍၊ မရပ်မနား အနှစ်တရာကာလ ပတ်လုံး။ထန်းပင်ရိပ်တခုကို မျှား၊ဖြတ်၍သွားသည့် အချိန်ကာလ အတွင်း၌၊ ယူဇနာ - တသန်း နှစ်သိန်း သုံးသောင်း လေးရာ ငါးဆယ်၊ အလျား အနံကျယ်သော စကြာဝဠာ တခုသို့ရောက် နိုင်သည့် အဘိညာဏ် ဈာန်တန်ခိုးနှင့်၊ အဆင့်ဆင့် လေးကျွန်း တမြင်းမိုရ်၊အစရှိသဖြင့် ပြေးသွားရှာဖွေပါသော်လည်း။လောက ကြီးကား မဆုံး။မိမိ၏အသက်သာလျှင် သေဆုံးလျက်၊ ဤစကြာဝဠာ၌ပင်၊ ရောဟိတဿ၊ ဗြဟ္မာကြီး ဖြစ်ပြီး၊ ဂေါတမမြတ်စွာ

ဘုရား ပွင့်ထွန်း ပေါ်ပေါက် တော်မူသောအခါ၊ အရှင်ဘုရား လောက၏ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းသို့ ခြေနှင့် ပြေးသွားခြင်းအားဖြင့် ရောက်ရှိနိုင်ပါမည်လောဟု-မေးလျှောက်ရာတွင်၊ မြတ်စွာဘုရားသခင်က၊

ယတ္ထခေါ- အာဝုသော နဇာယတိ နဇီယတိ နမီယတိ နစဝတိ-နဥပပဇ္ဇတိ၊ နာဟံတံ ဂမနေန လောကဿန္တံ ဉာတေယျံ ဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ၊ နာစာဟံ အာဝုသော အပ္ပတွာဝ လောကဿန္တံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ၊ အပိစာဟံ အာဝုသော ဣမသ္မိံယေဝ ကဠေဝရေ ဗျာမမတ္တေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယံ လောကနိရောဓံ လောကနိရောဓဂါမိနိ ပဋိပဒန္တိ။ ဂမနေန နပတ္တဗ္ဗော လောကဿန္တော ကုဒါစနံ၊ နစအပ္ပတွာ လောကဿန္တံ။ ဒုက္ခာ အတ္ထိပမောစနံ လောကန္တိ ဒုက္ခသစ္စံ၊ လောကသမုဒယန္တိ သမုဒယသစ္စံ။ လောကနိရောဓန္တိ နိရောဓသစ္စံ လောကနိရောဓဂါမိနိ ပဋိပဒန္တိ မဂ္ဂသစ္စံ။

ဟူ၍-စတုက္က အင်္ဂုတ္တိုရ်ပါဠိတော် အရ။ ဟောကြားတော်မူသည်မှာ။ အာဝုသော၊ လောက၏ ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းထွက်ရပ်လမ်း စဉ် ကို မေးလျှောက် လိုငြား ဒိုဒါယကာ နတ်သား။ ယတ္ထခေါ၊ အကြင်နိဗ္ဗာန်အရပ်၌။ နဇာယတိ၊ ဇာတိ ဘေးကြီးမရှိ။ နဇီယတိ၊ ဇရာဘေးဟူသမျှမဝင်နိုင်။ နမီယတိ၊ သေဘေး ဟူ၍လည်း မဖြစ်ပေါ်။ နစဝတိ၊ ဘုံတပါးသို့ မရွှေ့မပြောင်းရ။ နဥပပဇ္ဇတိ၊ဘုံတပါး၌ ပဋိသန္ဓေတွယ်ကပ်ဖြစ်ပွါးရာ

ဌာနမဟုတ်။ အဟံ၊ငါဘုရားသည်။ လောကဿ၊ လောက၏။ အန္တံ၊အဆုံးဟုဆိုအပ်သော။ တံဌာနံ၊ မဒိုမသေ–အမြဲတည်နေရာနိဗ္ဗာစခန်းသို့။ ဂမနေန၊ ခြေနှင့်သွားခြင်းဖြင့်။ ဂတွာ၊သွား၍။ ဉာတေယျံ၊သိထိုက်၏ဟူ၍။ ဒိဋ္ဌေယျံ၊မြင်ထိုက်၏ဟူ၍။ ပတ္တေယျံ၊ရောက်ထိုက်၏ဟူ၍။ နဝဒါမိ၊ဟောတော်မမူ။ အာဝုသော၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို ကြိုးပန်းရှာဖြေး- ဒါယကာနတ်သား။ အဟံ၊ငါဘုရားသည်။ လောကဿ၊လောက၏။ ဝါ၊ရုပ်နာမ်လောက၏။ တံအန္တံ၊ထိုအဆုံးသို့။ အပ္ပတွာ၊မရောက်သရွေ့ ကာလပတ်လုံး။ ဒုက္ခဿ၊ဆင်းရဲအပေါင်း၏။ အန္တကိရိယံ၊ အဆုံးကိုပြုနိုင်၏ဟူ၍။ နစဝဒါမိ၊ဟောတော်မမူသည်သာလျှင်တည်း။ အာဝုသော၊အို နတ်သား။ အပိစ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ သသညိမှိ၊သညာရှိသော။ သမနကေ၊စိတ်ရှိသေးသော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤခန္ဓာကိုယ်အတွဲဘောင်၌ပင်လျှင်။ လောကဉ္စ၊ဒုက္ခသစ္စာကိုရင်း။ လောကသမုဒယဉ္စ၊သမုဒယသစ္စာကိုရင်း။ လောကနိရောဓဉ္စ၊နိရောဓသစ္စာကိုရင်း။ လောကနိရောဓဂါမိနိံ ပဋိပဒဉ္စ၊ မဂ္ဂသစ္စာကိုရင်း။ ပညပေမိ၊ ငါပညတ်တော်မူ၏။ ဂမနေန၊ခြေနှင့်သွားခြင်းဖြင့်၊ လောကဿ၊ဒုက္ခသစ္စာဟူသောလောက၏။ အန္တော၊အဆုံးသို့။ ကုဒါစနံ၊ တရံတဆစ်မျှ။ နပတ္တဗ္ဗော၊ မရောက်နိုင်။ လောကန္တံ၊ လောက၏ အဆုံးသို့။ အပ္ပတွာ၊မရောက်မခြင်း။ ဒုက္ခံ၊ ဆင်းရဲမှ။ ပမောစနံ၊ လွတ်နိုင်ခြင်းမည်သည်။ နစအတ္ထိ၊ရှိလည်းမရှိ။ လောကန္တိ၊ရုပ်နာမ်တည်းဟူသော လောကသည်ကား။ ဒုက္ခသစ္စံ၊ဆင်းရဲခြင်းမှန်ကန်သောသဘောတရား ဒုက္ခသစ္စာမည်ပေ၏။ လောကသမုဒယန္တိ၊ ရုပ်နာမ်တည်းဟူသောလောကကိုဖြစ်ပေါ်စေတတ်ခြင်း အကြောင်း

တရားသည့်ကား။ သမုဒယသစ္စံ၊ လိုချင် တောင့်တ စွဲလမ်းမှု မှန်ကန်သော သဘောတရား-တဏှာလောဘ- သမုဒယသစ္စာ မည်၏။လောကနိရောဓန္တိ၊ရုပ်နာမ်လောက၏ချုပ်ဆုံးမှုသဘော တရားသည့်ကား။နိရောဓသစ္စံ၊ ရုပ်ဓါတ်နာမ်ဓါတ်တို့ ချုပ်ဆုံး ပြတ်စဲရာမှန်ကန်သော နိဗ္ဗာန်စခန်း အံ့မခမ်း နိရောဓသစ္စာ မည် ၏။လောကနိရောဓဂါမိနိ ပဋိပဒန္တိ၊ရုပ်နာမ်လောက၏ ချုပ်ဆုံး ပြတ်စဲရန် ကျင့်ကြံ အားထုတ်မှု အကြောင်းတရားသည့်ကား။ မဂ္ဂသစ္စံ၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်စေကြောင်း မှန်ကန်သည့်သဘောတရား မဂ္ဂင်ရှစ်ပါး၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ် မဂ္ဂသစ္စာတရားမည်ပေ၏ဟူ၍။ ရုပ်နာမ်လောက၏ ချုပ်ဆုံးပြတ်စဲရာ နိဗ္ဗာန်စခန်းသည်၊ပဋိသန္ဓေနေခြင်း။အိုခြင်း သေခြင်း၊ တပါးသော ဘုံဌာနသို့ ရွေ့ပြောင်းရခြင်း။ တပါးသောဘုံဌာနမှ ပဋိသန္ဓေဖြစ်ပေါ်လာရာ ဌာနမဟုတ်ခြင်း။

ထို-မအို မသေ အမြဲတည်နေရာ နိဗ္ဗာန်စခန်းသို့-လှည်းယာဉ် လှေယာဉ်-ဆင်-မြင်း-ရထား- ဗျာန်ယာဉ်တွေ စီး၍ သွားသော်လည်း။အဘယ်သို့သောနည်းနှင့်မှ မရောက်နိုင်ကြောင်း။ ထိုရုပ်နာမ်တည်းဟူသော လောက မချုပ်မဆုံးမခြင်း။ဆင်းရဲအပေါင်းတို့မကုန်ဆုံးကြောင်း။ စင်စစ်အားဖြင့် ဤတလံမျှလောက်သော ရုပ်ခန္ဓာအိမ်နှင့် တကွ။ ၎င်းခန္ဓာအိမ်နှင့် တွဲစပ်ဖြစ်ပေါ်သည့်။ မှတ်သားတတ်- သိတတ်သော သဘောဟုဆိုအပ်သော။ နာမ်ခန္ဓာများ ရှိနေသေးသော ရုပ်နာမ်နှစ်ပါးကိုပင်။ ဆင်းရဲခြင်းမှန်ကန်ကြောင်းကို၎င်း။ ဆင်းရဲခြင်းဖြစ်မှု မှန်ကန်ကြောင်းကို၎င်း။ ဆင်းရဲခြင်းချုပ်ငြိမ်းမှု မှန်ကန်ကြောင်းကို၎င်း။ ဆင်းရဲခြင်းချုပ်ငြိမ်းရာ ဖြစ်ကြောင်းတရား မှန်ကန်ကြောင်းကို၎င်း။ ငါပညတ်

အားဖြင့် မှတ်သား၍ ဟောကြားတော်မူကြောင်း၊ လှေ-လှည်း ဆင်-မြင်း-ရထား-ဗျာန်ယာဉ်တွေ စီးသွားခြင်းအားဖြင့်၊ ရုပ်နာမ် လောက၏ ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းသို့ မရောက်နိုင်၊ထို ရုပ်နှင့် နာမ် မချုပ်မဆုံးမခြင်း၊ ဆင်းရဲခြင်း အပေါင်းကို ဘယ်လိုနည်း နှင့်မှ မလွတ်၊ ရုပ်နာမ်လောကကြီးသည် ဆင်းရဲခြင်း မှန်ကန် သော-ဒုက္ခသစ္စာတရားမည်ပေ၏၊

ထို ရုပ်နာမ် လောကကြီးကို ဖြစ်ပေါ်၍လာအောင်၊ လိုချင် တောင့်တစွဲလမ်းမှုသဘော လောဘတဏှာ သည်၊ ဆင်းရဲခြင်း ဖြစ်ကြောင်းမှန်ကန်သော သမုဒယသစ္စာတရား မည်ပေ၏၊ ထို ရုပ်နာမ် လောကကြီး၏ ချုပ်ဆုံးရာ နိဗ္ဗာန်စခန်းသည်၊ ဆင်းရဲ ခြင်းချုပ်ဆုံးရာမှန်ကန်ကြောင်း နိရောဓသစ္စာ တရားမည်ပေ၏၊ ထို ရုပ်နာမ် လောကတို့၏ ချုပ်ဆုံးရန် ကျင့်ကြံ အားထုတ်မှု၊ မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကြီးသည်၊ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း, လမ်းဖြောင့်, မှန်ကန်သော မဂ္ဂ သစ္စာတရားကြီးမည်ပေ၏ဟုဟောကြားတော်မူသည့်၏အဆုံး၌ မေးလျှောက်လာသော နတ်သားသည်၊ ရုပ်နာမ်လောကကြီး၏ ချုပ်ဆုံးရာသို့ ခြေနှင့်လည်း မသွား၊ တန့်ရပ်ခါနေသည်လည်း မဟုတ်ဘဲ၊တခဏတွင်း၌ပင်လျှင် ရောက်၍သွားရပေတော့၏၊

ရင်းပြင် တ၀- ဘုရားသျှင် လက်ထက်၌၊ (ငါး၀ါ) ရ သော ရဟန်းငယ် တပါး-သည်၊တောသို့ဝင်၍ တပါးတည်း-ဝိပဿနာ တရားကိုအားထုတ်လျက်၊ဒုက္ခလက္ခဏာကို ထင်မြင်ကာ၊ လွန် မင်းစွာ ကြိုးစားအားထုတ်၍ နေတော်မူခိုက်၊ မဂ်သို့မဆိုက်မီ ရင်ကိုလေဖြတ်သဖြင့်၊ပျံလွန်တော်မူလေရာ၊ တာဝတိံသာနတ် ပြည်ဝယ်၊ တဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန် အလယ်တွင်၊

ထက်ဝယ်ဘွဲ့ခွေလျက်။နတ်သားဖြစ်နေသည့်ကိုမှ မသိပါဘဲ။မိမိ ထံမှောက်သို့ ခစားရန် ရောက်လာကြကုန်သော နတ်သို့်း တ ထောင်တို့အားတကာမတွေထင်မှတ်ခါနတ်ဝတ်ပုဆိုးကိုသက်နိုး အသွင်လက်ကတော့ထိုးပြီး'စကျွ ခြေချလျက်။သမဏာသာရုပ္ အ သွင်ဖြင့်နေထိုင်ခြင်းကို၊ နတ်သို့်းအပေါင်းတို့က သောင်းသောင်း ဖျဖျ။အရှင်နတ်သား-အရှင်ကား ရဟန်းမဟုတ်တော့ပါ။နတ်တို့ ၏ချမ်းသာကို တင့်တယ်စွာခံစားပါလော့ဟုအတန်တန်ပြောကြ ပါသော်လည်း မယုံကြည်သဖြင့်၊ အကြံပိုင်လှသည့် နတ်သို့်းတ ယောက်က မိမိတို့အဆောင်ထဲရှိ ကိုယ်လုံးပေါ်မှန်ကြီးကိုဆွဲပြီး ပြတော့မှ၊ မိမိ၏အရိပ်ကိုကြည့်ရှုခါ နတ်ဖြစ်၍နေမှန်းသိရှာလေ လျှင်၊ ဩော်-ငါသည် ဤမျှလောက်အသုံးမကျ၊ ဒုက္ခတုံး,ဒုက္ခခဲ တွေ ရပေါင်းခိုအောင်းရာ-ရုပ်နာမ်လောကကြီးထဲမှလွန်မြောက် ရန်၊ နိဗ္ဗာန်ကိုအားခဲပြီး တရားအားထုတ်ပါလျက်၊ ယခု တဖန် ဘာလောက်မှ အသုံးမကျသည့်၊ ရုပ် နာမ် နှစ်ရပ် ယှက်တွဲပြီး နတ် အဖြစ်ထဲသို့ ရောက်လာရ ခြင်းမှာ ကြောက်လန့် ဘွယ် ကောင်းပေစွ။ ယခုတဖန် အုတ်အုတ် သဲသဲ ကြိုဆိုပွဲ ဆင်နေ ကြသည့် နတ်သို့်းအပေါင်းနှင့်တကွ။ သေရမည့်အရေးကိုပင်၊ မေ့ငေး၍နေလောက်အောင်၊ ပျော်ရွှင်ဘွယ်ကိုဆောင်နိုင်သည့်၊ ဤ နန္ဒဝန် ဥယျာဉ်ကြီးသည်၊ ငါ့အား ရုပ်နာမ် လောကမှ လွန်-မြောက်၍၊ နိဗ္ဗာန်စခန်းထွက်ရမည့်လမ်းစကို၊ ရှာကြံ မရနိုင် လောက်အောင် အမှောင်ကားချလျက်၊ အမဲမှန်တွေပြနေသည့်၊ ဗဟိဒ္ဓ,မှိုင်းရောင်,အမှောင် မောဟတရားကြီးပါတကား၊ သည် ကဲ့သို့ အပြင်က မှိုင်းရောင်တွေ-ရုပ်နာမ် ဆိုသည့် အတွင်းလော ကနှင့် တွဲမိကြမှဖြင့်၊ တမိုက်ထဲ မိုက်၊ တမဲထဲမဲ တမှောင်ထဲ

ပျော်နေတော့မှာမို့၊ သည် ရုပ်နာမ်ဆိုသည့် သံသရာလောက ကြီးထဲကဖြင့်၊ ဘယ်လိုနည်းနှင့်မှ ထွက်ပေါက်ကိုရှာကြံ၍ ရနိုင် ဘွယ်မမြင်ဟု၊ အလွန်တရာပင် ထိပ်လန့်တုံလှုပ်လျက်၊ နတ်သ္မီး များစွာ ဗိမာန်နှင့်တကွ သိလမပျက်မှိ ဘုရားသျှင် ထံတော်သို့ ဆင်းသက်ခါ။

အဋ္ဌရာဂဏာ သံယုဋ္ဌံ၊ ပိသာခ ဂဏာသေဝိတံ။
ဝန္တံ့ မောဟနံနာမ၊ ကထံယပြဲ့ဘာပိဿာတိ။

ဟူ၍ သဂါထာဝဋ္ဋသံယုတ်ပါဠိတော်လာ၊ ဘုရားသခင်အား လျှောက်ကြားခြင်း အလိုအဓိပ္ပါယ်မှာ- အရှင်ဘုရား နတ်သ္မီးအပေါင်းတို့ သောင်းသောင်းဖျဖျ မြူးရွှင် ခုန်ကနေသော သတ္တဝါအများတို့အား၊ အမှားလမ်းကို လိုက်စေတို့ အမိုက်ကို ဆောင်ပြီးသကာလ၊ အမှောင်သဘောသို့ တွန်းချဆွဲငင်စေတတ်သည့်၊ ကာမောဃ-ဘဝေါဃ-ဒိဋ္ဌောဃ-အဝိဇ္ဇောဃ- တည်းဟူသော ဩဃ လေးဖြာ သံသရာစခန်း လှည့်ပတ်လမ်းကို၊ ပွားစီးသွေးဆောင်စေတတ်သော- အမိုက်ခေါင်းဆောင် မောဟတရားနှင့် တူသည့်၊ နန္ဒဝန်ဥယျာဉ်ကြီးထဲမှ လွန်မြောက်ထွက်ခွါနိုင်မည့်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကြီးကား၊ အဘယ် မည်သောနည်းလမ်းဖြစ်ပါသနည်းဟု မေးလျှောက်သောအခါ၊ မြတ်စွာဘုရားသခင်က၊

ဥဇုကောနာမသောမဂ္ဂေါ-အဘယာနာမ သာဒိသာ။
ရထော အကူဇနောနာမ ဓမ္မစက္ကေဟိ သံယုတော။
ဟိရိတဿ အပါလမ္ဗော သတျဿာရိဝါရဏံ၊ ဓမ္မာ
ဟံသာရထိံဗြူမိ-သမ္မာဒိဋ္ဌိ ပုရေဇဝံ၊ ယဿ ဧတာ

ဒိသံယာနံ-ဏ္ဍတ္တိယာပရိသဿဝါသဝေ-ဇေတာန ယာ
နေန-နိဗ္ဗာနသေဿဝသင္ကြကေတိ။

ဟူ၍ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို ညွှန်ပြသောအားဖြင့်။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ရထူပမသုတ်၌ဟောကြားတော်မူ၏။ ။ဒေဝပုတ္တ၊ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကို မေးလျှောက်လာငြား ဒိုနတ်သား။ သောမဂ္ဂေါ၊ ထိုမဂ္ဂင်ရှစ်ပါးတည်းဟူသော လမ်းခရီးသည်ကား။ ဥဇုကောနာမ၊ ဝက်ပါစခန့်သွားလမ်းလိမ် လမ်းကောက် လမ်းမှောက်လမ်းမှားတို့၏ ဆန့်ကျင်ဘက်၊တသမတ်တည်း မကွယ်မထောက် တကယ်ဖြောင့်သောလမ်းမှန်ခရီးကြီးမည်၏။ သာဒိသာ၊ ထိုနိဗ္ဗာန်စခန်း နိဗ္ဗာန်နန်းသည့်ကား၊ အဘယနာမ၊ ဘေးရန်ကင်းပ ဘုံဌာနမည်၏။ ဓမ္မစက္ကေဟိ၊ ကိုယ်၏ အားထုတ်မှု-စိတ်၏ အားထုတ်မှုတည်းဟူသော-ရထားဘီးတို့နှင့်။ သံယုတ္တော၊ ဘယ်တော့မှမကျွတ်နိုင်အောင် အမြဲယှဉ်တွဲပေါင်းစပ်အပ်သော။ ရထော၊ မဂ္ဂင်ရှစ်ပါးယာဉ်ရထားသည်ကား။ အကူဇနောနာမ၊ လှည်းဆိ မထိုးသော်လည်း-မကျိုးနိုင် မမြည်နိုင်သော ယာဉ်ရထား မည်၏။ ဟိရိ၊ မကောင်းမှုဒုစရိုက်အား ရှက်ခြင်း ကြောက်ခြင်း သဘောတရားဟိရိ-ဩတ္တပ္ပ နှစ်ပါး တို့သည်။ တဿ၊ ထို မဂ္ဂင်ရှစ်ပါး ယာဉ်ရထား၏။ အပါလမ္ဗော၊မှီရာတံကဲမည်၏။သတိ၊ ကုသိုလ်အာရုံတရားကို မပျောက် မပျက် ရအောင် ကောင်းစွာ မှတ်သားအောက်မေ့တတ်သော သဘောတရား သတိ သည်။ အဿ၊ ထို မဂ္ဂင်ရှစ်ပါး တည်းဟူသော ယာဉ် ရထား၏။ ပရိဝါရဏံ၊ ရံတိုင်မည်၏။ သမ္မာဒိဋ္ဌိ-ပုရေဇဝံ၊ ရုပ်ဓါတ် နာမ်ဓါတ်တို့အား။ လက္ခဏာရေး သုံးပါး တို့ဖြင့် မှတ်သားအပ်သည့်-ဝိပဿနာ

ဘာဝနာ-သမ္မာဒိဋ္ဌိ,လျှင် ရှေ့သွားရှိသော၊ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိ,ကို။သာရထိ၊ရထားထိန်းဟူ၍ ဝါ၊နိဗ္ဗာန်စခန်းသို့ဖြောင့် ဖြောင့် တန်းတန်း သွားလာသူ ယောဂီပုဂ္ဂိုလ်ဟူ၍၊ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောကြားတော်မူ၏။ ဒေဝပုတ္တ၊နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းကို မေးလျှောက် လာငြား အိုနတ်သား။ ယဿာဂုဏ္ဍိယာဝါ၊အကြင်မိန်းမအားလည်းကောင်း။ ယဿပုရိသဿဝါ၊ အကြင်ယောကျာ်းအားလည်းကောင်း။ ဧတာဒိသံ၊ ဤသို့သဘောရှိသော၊ ယာနံ၊ မဂ္ဂင်ရှစ်ပါး ယာဉ်ရထားသည်။ အတ္ထိ၊ ရှိသည် ဖြစ်အံ့။ သဘောဍုဋ္ဌိပုရိသော၊ထိုမိန်းမ ယောကျာ်း သတ္တဝါများသည်။ ဧတေနယာနေန ဝေ၊ဤမဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်မှု ယာဉ် ရထား စီး၍ ဖြောင့်တန်းစွာ ထွက်ခွါ သွားခြင်းဖြင့် သာလျှင်။ နိဗ္ဗာနဿ၊နိဗ္ဗာန်စခန်းနိဗ္ဗာန်နန်းသို့။ ဝေ၊ဧကန်စင်စစ်။သန္တိကေ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကြီး မှန်လှပေသောကြောင့်။ မ ကွယ်မထောက် တကယ်ဖြောင့်လို့ရို့- ပြေ့ဲ လွယ်လွယ် မြန် မြန်ကြီး နိုးကပ်ဆိုက်ရောက်နိုင်ပေတော့၏ ၊ဣတိ၊ဤတွင်-ရထူ ပမာသုတ်အပြီးတည်း။

ဤကဲ့သို့-မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက။ ဘေး ရန်တွေ အနန္တ တွဲဘက်၍နေသော- အဇ္ဈတ္တ- ဗဟိဒ္ဓ-ရုပ်နာမ် သံသရာလောကကြီးထဲသို့ ခွဲငင်ဖန်တည်းတတ်သည်။မောဟ, လောဘ,ဒေါသ, အစရှိသော လမ်းမှားတွေကို လွှန်မြောက်၍။ ဘေးရန်ကုန်ခန်း နိဗ္ဗာန်နန်းသို့ ထွက်ရ ရောက်ရသည့်လမ်းခရီး မှာ။ရုပ်နာမ်နှစ်ဖြာသည် အစဉ် အဆက်-ဖြစ်ပျက်၍နေမှုကြောင့်။ မမြဲသော သဘောတရား-အနိစ္စ လက္ခဏာ။ ရုပ်နာမ်နှစ်ဖြာအ စဉ် အဆက် ထိုကဲ့သို့ ဖြစ်ပျက်၍နေမှုသည်။ ခံသာမှု-မခံသာမှု

ဝေဒနာသဘောတရားရတ်ခြင်း၊နှိပ်စက်အပ်လေရကား၊ ဆင်းရဲခြင်းသဘောတရား-ဒုက္ခလက္ခဏာ၊ ရုပ်နာမ်နှစ်ပြားတို့၏ အစဉ်အဆက် ဖြစ်ပျက်၍ နေမှုကို၊ မဖြစ်မပျက် ရအောင် တားဆီး၍လည်းမရ၊ အာဏာလည်းမပေးပိုင်သဖြင့်၊သတ္တဝါတို့၏ အလိုသို့မလိုက်တတ်၊ အစိုးမရအပ်သည့်သဘော၊ ကိုယ်နှင့် မဆိုင်ကိုယ်ပိုင်လည်းမဟုတ်၊ ကိုယ့်ဥစ္စာလည်းမမည်၊ ငါ-သူတပါးယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ-လူနတ်ဗြဟ္မာ, မှတ်ထင်စရာမရသည့် သဘောတရား၊ အနတ္တလက္ခဏာတွေ့သာပါတကားဟု၊အရိယာပုတ်လေးပါး၌၊ မနေမနားကြိုးစားအားထုတ် အောက်မေ့ ပွါးများအပ်သော၊ လောကီ ဝိပဿနာဘာဝနာ သမ္မာဒိဋ္ဌိ၊ အမှူးရှိသော မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင်၊ လောကုတ္တရာသမ္မာဒိဋ္ဌိ နိဗ္ဗာန်စခန်းသို့ဖြောင့်တန်းစွာ ထွက်ခွါသွားရာလမ်းစစ်လမ်းမှန်ဖြစ်ကြောင်း၊

ထိုလောကီ ဝိပဿနာဘာဝနာသမ္မာဒိဋ္ဌိ အမှူးရှိသော မဂ္ဂင်ရှစ်ပါးကိုပွါးများအားထုတ်သောယောဂီပုဂ္ဂိုလ်ဟူသမျှတို့သည် နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်အရ ဖြောင့်တန်းစွာသွားလာသုံးသရ ချိုးသည် မှန်ပေသောကြောင့်၊ နိဗ္ဗာန်သို့ လျှင်မြန်စွာနီးသည်ထက် နီးကပ် ရောက်ရှိနိုင်ကြောင်း ဟောကြားတော်မူသည်၏အဆုံး၌၊နတ်သားနှင့်တကွ နတ်သမီးအပေါင်းတို့မှာ နိဗ္ဗာန်ခရီးလမ်းမကြီးကို ဝိတ်ဆီးကာကွယ်လျက်၊အမှောင်ဖုံးလွှမ်းသည့် အဂိက်မေဟာလမ်းမကြီးနှင့်ဆက်သွယ်ရာ၊သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာဟုဆိုအပ်သော အပါယ်လေးဘုံသို့သွားရာ လမ်းနှစ်သွယ် ကင်းကွယ်လွန်မြောက်လျက်၊ သောတာပတ္တိ မဂ်ဉာဏ်ပေါက်ပြီး၊ သောတာပန်အဖြစ်သို့ရောက်ရှိခါ၊အပါယ်လေးဘုံသို့

ကျရောက်မှုလမ်းမှားကြီးတွေမှ အစဉ်လွတ်မြောက်ပြီး၊ ပထမ နိဗ္ဗာန်စခန်းသို့ ဆိုက်ရောက်ကြ ပေတော့၏။ သို့ဖြစ်ပါ၍-နိဗ္ဗာန် စခန်းထွက်ရပ်လမ်းစဉ် မှန်ကန်သည့် မဂ္ဂင်ရှစ်ပါးဝိပဿနာဘာ ဝနာကို ကြိုးစားအားထုတ်၍ ပွါးများရာ၏၊ ကြိုးစားအားထုတ် ပွါးများနိုင်ကြပါစေသတည်း။

ဓမ္မစကြာ-ညွန်ပြရှာ၊

ဂင်္ဂါသဲမျှ၊ ပွင့်ကြဗုဒ္ဓါ။
ဟောပြောမပျက်၊ စဉ်ဆက်မှန်စွာ။
ဓမ္မစကြ၊ ဝဂ္ဂငါးဖြာ။
မြတ်ဇိနှ၊ ဟောပြညွှန်ကြားရှာ။ ။
သိ-ပယ်-ဆိုက်-ပွါး၊ လေးပါးသစ္စာ။
ဆင်းရဲမှန်းသိ၊ ဖြစ်ဘိပယ်ခွါ။
နိဗ္ဗာန်ဘုံမြတ်၊ ဆိုက်ကပ်အောင်သာ။
မဂ်တရား၊ ပွါးများကြစမ်းပါ။ ။

ဟူသော ရှစ်လုံးဘွဲ့ကဗျာများကို ထင်ရှားစွာ ဘော်ပြပါဦးအံ့။

မြတ်စွာဘုရားသခင်သည်၊ အဇပါလအမည်ရှိသော ဆိတ် ကျောင်းညောင်ပင်ရင်း၌၊ သီတင်းသုံးနေတော်မူစဉ်၊ ကိုယ်တော် တိုင် ထိုးထွင်း၍ သိမြင်ပြီးသော-သစ္စာလေးပါး မြတ်တရားကို၊ ဆင်ခြင်တော်မူပြန်ရာ လွန်စွာပင်နက်နဲတော်မူကြောင်း သိမြင် လျက်၊ ယခု ငါ ထိုးထွင်း၍ သိမြင်ပြီးဖြစ်သော-တရားတည်းဟူ သော ခြသော် ဆိသည့်၊ ကိလေသာ ပြောထူ၊ ညစ်ကြေးမှုမှုအ ထပ်ထပ်လိမ်းကပ်အပ်သည့်၊ အိုးကြမ်း ခွက်ကြမ်းနှင့်တူသော သတ္တဝါတို့၏စိတ်အစဉ်တွင် တည်နေ ကိန်းအောင်းရန်၊ ဘယ် နည်းနှင့်မှမမြင်၊ တရားမဟော-တုဏှိဘော,ဖြင့်၊ ဖိုလ်ချမ်းသာ

ခံစားကာသာ နေတော့မည် နှလုံးသွားကို၊ သဟာမွတ်ပြဖြူဟ္မာမင်း
ထင်လင်းစွာ သိမြင်သဖြင့်။ (နသာတိ ဝတာဘော လောကော)
ဒိုအချင်းတို့- လောကကြီးကား ပျက်စီးလေပြီတကား ဟု-ငြီး
တွားကာ ပူပန်ဇောစိတ်တွေသန်သန်နှင့်၊ အရှင်ဘုရား၏ တရား
သဘောကို၊ အချို့သောပုဂ္ဂိုလ်များလည်း။ သိတန်ကောင်းပါသ
ဖြင့်၊သံသရာစခန်း လှည့်ပတ်လမ်းအဆုံးသတ်အပ်သော၊ နိဗ္ဗာန်
စခန်း ထွက်ရပ်လမ်းစဉ်- တရားရေ‌ဇ အမြိုက်ဆေးကို တိုက်
ကျွေးကယ်တင်တော်မူပါမည့်အကြောင်းအတန်တန်တောင်းပန်
လျှောက်ထားလေလျှင်။ ဘုရားသျှင်ကိုယ်တော်မြတ်သည်၊ ရွှေ
ဉာဏ်တော်ကွန်ရက်ဖြင့်။ဖြန့်ကျက်၍ ရှုလေသော်-ဉာဏ်စက္ခု
အတွင်း၌ ထင်လင်း မြင်လာပုံ- မိဂဒါ မြိုင်ရဂုံတွင်၊ ပြည့်ရုံပြီး
ပါရမီ၊ ငါးပါးသောဝဂ္ဂီအား-အစချီအာဒိကံ-ဓမ္မစက်သုတ္တန်ကို၊
သမုဋ္ဌာန် ခွန်းအိမ့်၍၊ ညွှန်းမိန့်ဆိုတော်မူခြင်းငှါ၊ ရွှေစက်ကြွ
ပဒုံပန်း၊ပုံနှစ်ဖြာကြွမြန်း၍၊ဗောဓိနန်းအောင်မြေမှ၊ ရှောင်သွေခါ
ကြွ၊မိဂဒါမဟာဝနတွင်၊တာပသ ငါးဦးတို့အား။ တရားဦးဟော
ကြားတော်မူသည်မှာ။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို မျှော်မှန်း
တမ်းတ-လိုချင်၍နေကြသည့်ချစ်သားတို့၊ နိဗ္ဗာန်ကိုအလိုရှိသော
သူသည်၊ကာမဂုဏ်တရားများကို၊ တင်းတိမ်အောင်လိုက်စားပြီး
ပါက၊ ကိလေသာတရားတွေကုန်ပြီး၊နိဗ္ဗာန်ရမည်ဟု၊ ရော့ရော့
ရဲရဲ၊ အယူအဆတွေလွဲမှားလျက်၊ ကာမဂုဏ်တရားတွေကိုသာ
အားရတင်းတိမ်အောင် ခံစားလေသောကြောင့်၊ သောက်လေ,
သောက်လေ။ ငတ်မပြေသည်၊ရေငံဆားကျင်း၊နွားတသင်းတို့၊
ဟူသော ဥပမကဲ့သို့၊ ကိလေသာခေါင်းပါးအောင် ပြုလုပ်ရာမှာ၊
ပြုလုပ်မှု အကြောင်းတရားက မှားလေသောကြောင့်။ ခုတ်ရာ

တခြား-ရှရာတခြား၊ သံသရာဘုံသုံးခွင်မှာ စခန်းသွားတတ်သည့် သဿတဒိဋ္ဌိသမား တို့၏ အယူအဆလွဲမှားနေကြသော-ကာမ သုခလ္လိက-ဟုဆိုအပ်သည့် လောဘတရား။ အချို့သော ပုဂ္ဂိုလ် တို့က၊ စက္ခုနှစ်ကွင်းမမြင်၍ ကန်းကာ ဆင်ကိုစမ်းလျက် ပြော နေရှာကြသော ပုဏ္ဏားခြောက်ရောက်ကဲ့သို့၊ ကိုယ်စမ်းသပ်မိ သော နေရာ တပိုင်းတစကိုသာ၊ အမှန် ထင်နေကြလျက်၊ ဤ ကိုယ်ကာယ ကြီးကို၊ ချမ်းသာအောင် မွေးမြူ နေထိုင်မိကြ၍၊ တဏှာတွေမကုန်ခန်းဘဲ၊ နိဗ္ဗာန်ဆိုသည့်ဘုံနန်းသို့ မရောက်နိုင် ဟုကြံတွေးလျက်၊တဏှာကုန်ခန်းစေရန်၊ရေငတ်ခြင်း၊မီးလှုံခြင်း တုံးချန်ခြင်း၊ဆူးပေါ်အိပ်ခြင်း၊ အာဟာရတွေ ဖြတ်တောက်ခြင်း တည်းဟူသော နည်းတို့ဖြင့်၊ ခန္ဓာကိုယ်ကြီးကို ဆင်းရဲပင်ပမ်း အောင်ပြုလုပ်ခါ။တရားကိုရှာကြပါသော်လည်း၊ အကြံနှင့်အလုပ် စိမ်ပုံ နည်းမဟုတ်သဖြင့်၊ သံသရာ ဝဋ်တွင်းမှ-လွတ်ကင်းခွင့် မရ၊ ခန္ဓာကိုယ် ပင်ပမ်းရုံသက်သက်၊ အကျိုးမဲ့အချီးနှီး လိုအပ် သောကိစ္စမပြီးသည့်-ဥစ္ဆေဒဒိဋ္ဌိသမား တို့၏ အယူအဆမှားနေ ကြသော- အတ္တကိလမထနုယောဂ-ဟု ဆိုအပ်သည့် ဒေါသ, တရား။ဤတရားနှစ်ပါးသည် သံသရာမှာ မြုပ်မျောပြီး။ ဒုက္ခော, ဆိုသော ဆင်းရဲမှုဟူသမျှတို့ကို၊ ကြီးသည့်ထက် ကြီးအောင် ဖန်တည်းစွမ်းဆောင်နိုင်ကြသည့်၊ အယုတ်တရား အစွန်းတရား တွေ ဖြစ်ပေသောကြောင့်၊ လုံးဝရှောင်ရှားကြလော့ဟု၊ ဆုံးမ ဟောကြားတော်မူရာတွင်၊ "ရေယူခဲ့ပါဆိုလျှင် ခွက်နှင့်ကင်း ၍ယူခြင်းငှါ မစွမ်းနိုင်" သကဲ့သို့၊ ဤလောဘ,ဒေါသ,တည်းဟူ သောတရားနှစ်ပါးသည်၊မှန်ကန်မှု သဘောတရား အလင်းရောင် ကို မမြင်နိုင်လောက်အောင်၊ အမှောင်ဓါတ်တွေကွယ်ဖုံးသဖြင့်၊

အမှားကိုသာမြင်တတ်သည့်၊မောဟ–ဟုဆိုအပ်သော သဘော တရားနှင့်ကင်း၍ ဖြစ်ပေါ်ခြင်း၌ မစွမ်းနိုင်ရကား။ မောဟ,တ ရားကိုပါ ရှောင်ရှားရမည်ဟု ဟောကြားတော်မမူပါဘဲ။ ပါဝင် ပြီးဖြစ်ကြောင်းကို-သိသာနှုံးသွင်းအပ်၏။

ထိုမှတပန် သံသရာစခန်းလှည့်ပတ်လမ်းမှ၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း၊နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကို။ ညွှန်ကြား ပြသ,ဆုံးမဟောကြားတော်မူလိုပြန်သဖြင့်။ကိုယ်တော်တိုင် ထိုး ထွင်း၍သိမြင်တော်မူပြီးဖြစ်သော။ ချိန်ခွင်လျှာကဲ့သို့ ဘယ်ဘက် ကိုမှ မတိမ်းမစောင်းဘဲ။ အလယ်တွင်-ညီမျှတည့်မတ် မှန်ကန် သည့်ပမာ၊ မဇ္ဈိမပဋိပဒါဟုဆိုအပ်သော။ နိဗ္ဗာန်စခန်းထွက်ရပ် လမ်းစဉ်ကို။ မဂ္ဂင်ရှစ်ပါးအရ ညွှန်ကြားကာပြတော်မူသည်မှာ။

၁။ ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတို့ကို ကောင်းစွာ သိမြင်ခြင်း-သမ္မာဒိဋ္ဌိမဂ္ဂင်၊

၂။ ရုပ်နာမ်လောကမှ ထွက်မြောက်ကြောင်း၊ ဝါ၊ နိဗ္ဗာန် ရောက်ကြောင်း တရားတော် တို့ကို ကောင်းစွာ ကြံစည်ခြင်း သမ္မာသင်္ကပ္ပမဂ္ဂင်။

၃။ ဝစီဒုစရိုက်လေးပါးမှရှောင်ရှား၍ပြောဆိုခြင်း၊ဝါ၊နိဗ္ဗာန် ရောက်ကြောင်းတရားစကားကို ပြောဆိုခြင်း- သမ္မာဝါစာမဂ္ဂင်။

၄။ ကာယဒုစရိုက်တရား သုံးပါးမှ ရှောင်ရှား၍ပြုလုပ်ခြင်း။ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို အားထုတ်ခြင်း-သမ္မာ ကမ္မန္တမဂ္ဂင်၊

၅။ ကာယဒုစရိုက်သုံးပါး။ ဝစီဒုစရိုက်လေးပါးမှ ရှောင်ရှား ၍အသက်မွေးမှုခြင်း၊ဝါ၊အစာစားလေတိုင်း-ရုပ်နာမ်-လက္ခဏာ ရေးသုံးပါး တို့၏ ဖြစ်ပျက်မှုကို ဆင်ခြင်၍ စားသုံးခြင်း။ အာရုံ

ခြောက်ပါးနှင့်တွေကြုံတိုင်း၊ ရုပ်နာမ်-လက္ခဏာရေး သုံးပါးတို့၏ ဖြစ်ပျက်မှုကို သုံးသပ်ဆင်ခြင်ခြင်း သမ္မာအာဇီဝမဂ္ဂင်။

၆။ ဒုစရိုက်တရားဆယ်ပါး မဖြစ်ပွါးရအောင်၊ ကောင်းစွာအားထုတ်ခြင်း၊ ဝါ၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို မေ့ပျောက်ရန်အားထုတ်မှု၊ မဖြစ်ရသေးသော အကုသိုလ် တရားတို့ကို မဖြစ်ပွါး ရအောင် ရှောင်ရှားမှု၊ မပြုလုပ်ရ သေးသော ဝိပဿနာဘာဝနာကုသိုလ်တရားတို့ကို ဖြစ်အောင်အားထုတ်မှု၊ ပြုလုပ်ပြီးသော ဝိပဿနာဘာဝနာကုသိုလ်တရားတို့ကို တိုးပွါးအောင် ဆောင်ရွက်မှု-သမ္မာဝါယာမမဂ္ဂင်။

၇။ ကုသိုလ်တရားတို့ကို ကောင်းစွာ အောက်မေ့ခြင်း။ ဝါ၊ ဇာရိယာပုတ်လေးပါး၌၊ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုအစဉ်ကိုမလွတ်မကင်းရအောင်၊ လက္ခဏာရေး သုံးပါး သဘောတရားတို့ဖြင့်၊ ကောင်းစွာအောက်မေ့မှတ်ထင်ခြင်း-သမ္မာသတိမဂ္ဂင်။

၈။ ကုသိုလ်ကို ဖြစ်စေတတ်သော အာရုံသဘောတရားတို့၌ကောင်းစွာတည်ကြည်ခြင်း၊ ဝါ။ရုပ်နာမ်ဖြစ်ပျက်မှု လက္ခဏာရေးသုံးပါး သဘောတရားတို့၌သာလျှင်၊စိတ်အာရုံစူးစိုက် ဆင်ခြင်ငြိမ်သက်ခြင်း-သမ္မာသမာဓိမဂ္ဂင်-ဟုဆိုအပ်သော၊ ဤနိဗ္ဗာန်စခန်းထွက်ရပ်လမ်း-မဂ္ဂင်ရှစ်ပါး သဘောတရားတို့ကို၊ ပွါးများကျင့်ကြံ အားထုတ်ရမည် ဖြစ်ကြောင်း ဟောကြားတော်မူ၏။ ၎င်းမဂ္ဂင်ရှစ်ပါးကိုပင်၊

သီလံ သမာဓိ ပညာစ၊ ယဿေတေ သုဘာဝိတာ၊
အတိက္ကမ္မ မာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိ၊

ဟူ၍-ဋ္ဌတိဝုတ်ပါဠိတော်၌၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ-မဂ္ဂင် သုံးပါးကို သီလတရား-အဓိသီလသိက္ခာ၊ သမ္မာ

ဝါယမ။သမ္မာသတိ။သမ္မာသမာဓိ–မဂ္ဂင်သုံးပါးကို၊ သမာဓိတရား အဓိစိတ္တသိက္ခာ။သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိ–မဂ္ဂင်နှစ်ပါးကို။ ပညာ တရား–အဓိပညာသိက္ခာ,ဟူ၍–သိက္ခာသုံးပါး ဖွဲ့လျက်။ ထိုသီလ သမာဓိ, ပညာ, တရားသုံးပါးကို၊ ဆုံးခန်းတိုင်အောင် ပွါးများ အားထုတ်သောပုဂ္ဂိုလ်သည်။မာရ်မင်းတို့၏ပိုင်နက်၊ သုံးဆယ့် တဘုံ လောကကြီးကို လွန်မြောက်၍။ ဆီးနှင်း–မြူ–တိမ်–သူရိန် မိုးခိုး၊ညစ်မျိုးငါးဝ၊ ကင်းစင်ပသည့် နေမင်း၏ အရောင်အလင်း ကဲ့သို့။ လောဘ–ဒေါသ–မောဟ–ဟု ဆိုအပ်သော၊ ကာမဂုဏ် အညစ်အကြေးတွေ ကင်းပြီး။ နိဗ္ဗာန်သို့ရောက်ခါ။ အလင်းကြီး လင်းပေမည်ဟုဟောကြားတော်မူပေ၏။သို့ဖြစ်ပါ၍–နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးကို။ ကြိုးစား၍ ပွါး များအားထုတ်ရာ၏။ပွါးများအားထုတ်နိုင်ကြပါစေသတည်း။

သစ္စာလေးပါး–ဟောညွှန်ကြား၊

ဒုက္ခသစ္စာ။ ဟူသမျှ၊ ယူကြငါးခန္ဓာ။
ဆင်းရဲအစု။ ခန္ဓာဟု၊ တွေးရှုဉာဏ်နှင့်သာ။
ခန္ဓာငါးပါး၊ဆိုသည်ကား၊မှတ်သားဒုက္ခသာ။
သူနှင့်အတူ၊ ဆင်းရဲသူ၊ ဘယ်မူမရှိပါ။
ဒုက္ခပင်ပျိုး၊ တဏှာဆိုး၊ ခေါ်ရိုးသမုဒယာ။
ဆင်းရဲအပေါင်း၊ ဖြစ်စေကြောင်း၊ ကောင်းကောင်းမှတ်လိုက်ပါ။
ဒုက္ခတန်တန်၊ငြိမ်းရာမှန်၊မှတ်ရန်နိရောဓါ။
ဆင်းရဲအပေါင်း၊မဖြစ်ကြောင်း၊ ကောင်းကောင်းမှတ်လိုက်ပါ။
နိရောဓံသိ၊ ဉာဏ်မျက်စိ၊ မှတ်ဘိမဂ္ဂသာ၊
နိဗ္ဗာန်ရောက်ကြောင်း၊တရားပေါင်း၊ကောင်းကောင်းမှတ်လိုက်ပါ၊
သစ္စာတရား၊ မသိငြား၊ ရှည်လျားသံသရာ။
သစ္စာလေးပါး၊ သိသူများ၊ ရောက်ငြားနိဗ္ဗူတာ။ ။

ဟူသော သံပေါက်ကဗျာများ၏ အဓိပ္ပါယ် သဘောသွားကို ထင်ရှား သိသာစေခြင်းအလို့ ၄၁။ ပဥ္စဝဂ္ဂီ ငါးဦးတို့အား-သစ္စာ လေးပါးမြတ်တရားကို၊မြတ်စွာဘုရားသခင် ထပ်မံ၍ဟောကြား တော်မူခြင်းအကြောင်းကို ဘော်ပြပါဦးအံ့။ ချစ်သားတို့-

အရိယေဟိ-ပဋိဝိဇ္ဈိတဗ္ဗာနိ သစ္စာနိ-အရိယ သစ္စာနိ။

ဟူသော ဝစနတ္ထ နှင့် အညီ- ဘုရားအစရှိသော အရိယာ ပုဂ္ဂိုလ်မြတ်တို့ ထိုးထွင်း၍သိမြင်အပ်သောကြောင့်၊အရိယသစ္စာ မည်သော၊ ဝါ၊အပိစ အရိယာနိ-သစ္စာနိတိပိ အရိယသစ္စာနိ, ဟူ သော ဝစနတ္ထနှင့်အညီ၊ ယွင်းချက် မရှိ ပကတိဧကန် တကယ် ပင်မှန်သောကြောင့် အရိယသစ္စာ, ဟူ၍ ခေါ်ဆိုအပ်သော၊ ထို သစ္စာတရားသည် လေးပါးရှိ၏။ ၎င်းလေးပါးဟူသော်ကား၊

၁။ ဒုက္ခသစ္စာ–ဆင်းရဲခြင်းမှန်ကန်ကြောင်းကို သိအပ်သော သဘောတရားရ၊

၂။ သမုဒယသစ္စာ-ဆင်းရဲခြင်းဖြစ်ပေါ်လာရန်၊ စွဲလမ်းခြင်း မှန်ကန်ကြောင်းကိုပယ်အပ်သော သဘောတရားရ၊

၃။ နိရောဓသစ္စာ– ဆင်းရဲခြင်း ချုပ်ဆုံးရာ မှန်ကန်သော နိဗ္ဗာန်ကိုမျက်မှောက်ပြုအပ်သော သဘောတရားရ။

၄။ မဂ္ဂသစ္စာ–နိဗ္ဗာန်သို့ရောက်ကြောင်းမှန်ကန်သည့်၊နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းစဉ် မဂ္ဂင်ရှစ်ပါးကို ပွါးများကျင့်ကြံ အား ထုတ်အပ်သော သဘောတရားရ-ဟူ၍ဟောကြားတော်မူ၏။

ထိုလေးပါးတို့တွင်၊ သမုဒယသစ္စာ တည်းဟူသော လောဘ တဏှာ အကြောင်းတရားကြောင့်၊ ဒုက္ခသစ္စာဟု ဆိုအပ်သော ဆင်းရဲအမျိုးမျိုး၊အကျိုးတရားတွေဖြစ်ပွါးပေါ်ပေါက်လာလျက်၊

မဂ္ဂသစ္စာတည်းဟူသော မဂ္ဂင်ရှစ်ပါး၊ ဝါ၊သီလ-သမာဓိ-ပညာ, တရားများကို ကျင့်ကြံ ပွါးများ အားထုတ်မှု အကြောင်းတရားကြောင့်၊ နိရောဓသစ္စာ,ဟု ဆိုအပ်သော၊ ဆင်းရဲခြင်းသဘော ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ဆိုက်ရောက် ရခြင်း အကျိုးတရားတွေ ပေါ်ပေါက်လာရကြောင်း၊သို့ဖြစ်၍-သမုဒယသစ္စာနှင့်-မဂ္ဂသစ္စာ နှစ်ပါးကို အကြောင်းသစ္စာ၊ဒုက္ခသစ္စာနှင့်-နိရောဓသစ္စာ နှစ်ပါးကို၊ အကျိုးသစ္စာဟု ခေါ်ဆိုအပ်ကြောင်း၊ ၎င်းပြင်တဖန်-ဒုက္ခသစ္စာနှင့်-သမုဒယသစ္စာတို့သည်၊ သံသရာဝဋ်တွင်းမှ၊ မလွတ်ကင်းနိုင်ဘွယ် သံသရာ တွင်းသို့သာ ဆွဲဆောင် တတ်သောကြောင့်၊ သံသရာခန်း ဖွည့်ပတ်လမ်းဖြစ်သော ဝဋ်သစ္စာ၊ဝါ၊ လောကီသစ္စာဟုခေါ်ဆိုအပ်ပြီး၊နိရောဓသစ္စာနှင့်-မဂ္ဂသစ္စာနှစ်ပါးတို့မှာ၊ သံသရာ ဝဋ်တွင်းမှ လွတ်ကင်းရာ နိဗ္ဗာန်သို့သာ ဆွဲဆောင်တတ်သောကြောင့်၊နိဗ္ဗာန်ခန်း ထွက်ရပ်လမ်းဖြစ်သော ဝဋ်မှ လွတ်ကင်းကြောင်း-သစ္စာ၊ ဝါ၊ လောကုတ္တရာသစ္စာ ဟု ခွဲခြားမှတ်သားအပ်ကြောင်း၊ ထိုသံသရာခန်း ဖွည့်ပတ်လမ်းဖြစ်သော- သမုဒယသစ္စာ တဏှာလောဘ, အကြောင်းတရားကို၊နိဗ္ဗာန်ခန်းထွက်ရပ်လမ်းဖြစ်သော၊မဂ္ဂသစ္စာ,သီလ,သမာဓိ ပညာ, အကြောင်းတရား ပွါးများ အားထုတ်မှုဖြင့်၊ ပယ်သတ်ရကြောင်း ဟောကြားတော်မူ၏။

ထိုနောက် တဖန် မြတ်စွာဘုရားသခင်က၊ သုံးဆယ့်တဘုံတွင်းကျင်လည်ရာ၊ရုပ်နာမ်လောကကြီးသည်၊ ဒုက္ခသစ္စာဟုဆိုအပ်သော၊ ဆင်းရဲခြင်း မှန်ကန်ကြောင်းကို ဟောကြားတော်မူလိုပြန်ရကား၊ ဓာတ်ပိဒုက္ခာအရ၊ ချစ်သားတို့- ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ၏၊ ဝါ၊ချုပ်ဓါတ် နာမ်ဓါတ် တွေ အမျှင်မပြတ်

ကဲ၊ ဒလစပ်တည်း ဖြစ်ပေါ်၍ နေရခြင်းသည် ဆင်းရဲ၏-ဟူ၍ ဟောကြားတော်မူချက်နှင့် အညီ၊ ဤကဲ့သို့ ရုပ်နာမ်တရားတွေ ဖြစ်ပေါ်၍နေခြင်းသည်၊ အဘယ်အတွက်ကြောင့် ဆင်းရဲရပါသနည်း၊ဖြစ်ပေါ်မှုသဘောတရားသည်၊ ပျက်စီးမှု သဘောတရားသို့ ရှေ့ရှုလျက်၊ ဖြစ်ပွါးပေါ်ပေါက်မှုရှိက၊ ပျက်စီးမှု ဖြစ်လာရမည်မှာ၊မလွဲဧကန် တကယ်ပင် မှန်သောကြောင့်၊ ယိုဖြစ်ပေါ်မှုနှင့်တွဲဘက်လျက်၊ဒိုရမှု-နာရမှု-သေရမှု တည်းဟူသော ဘေးဒုက္ခတို့မှာ၊ ရောထွေးပါဝင်မြဲဖြစ်တော့၏၊ ထို နောက်ဆက်တွဲ ဒို,နာ,သေရေး ဘေးဒုက္ခတို့မှာ၊ ဖြစ်ပေါ်မှုသဘောတရားကိုအမှီပြု၍ ဖြစ်ပွါးပေါ်ပေါက်လာရ၏၊ ဖြစ်ပေါ်မှု သဘောတရားကို အမှီမပြုရပါက၊အဘယ်မှာလျှင်ဖြစ်ပွါးနိုင်တော့အံ့နည်း၊သို့ဖြစ်၍ ရုပ်တရား-နာမ်တရားတွေ၊ ဖြစ်ပေါ်လာရမှုမှန်သမျှ၊ဇာတိတရားသည်၊၎င်းရုပ်နာမ်တရားတို့၏ ပျက်စီးကြောင်း ခိုအောင်းတည်မှီးရာ၊အရင်းခံမူလသဘောတရားဖြစ်ပေသောကြောင့်၊ ရုပ်ဓါတ်နာမ်ဓါတ်တွေအမျှင်မပြတ်နိုင်ဘဲ၊ ဒလစပ်တည်းဖြစ်ပေါ်၍နေမှုကိုဆင်းရဲ၏ဟုဟောကြားတော်မူ၏၊ဇရာပိဒုက္ခာအရ၊ မျက်စိကသိ၊ ခါးတွေကကိုင်း၊ နားထိုင်းခါ ငယ်မူတွေ ယိုယွင်းရသည့်၊ ဒိုရခြင်းဆိုသော သဘောတရားသည်၊ ဝါ၊ ရုပ်နာမ်တွေ ဥပါဒ်တွင် မတည်ဘဲ၊မြဲ,ဟူခါတဆင့်ပြောင်းလို့ မို့၊ ရင့်ရော်ကြောင်းဆိုသည့်၊ ဒို,ခြင်း သဘောတရားသည် ဆင်းရဲ၏ ဟူ၍ဟောကြားတော်မူချက်အရ၊ ဒိုရမှုသဘောတရားသည်၊အဘယ်အတွက်ကြောင့် ဆင်းရဲရပါသနည်းဟူငြားအံ့၊ယခုလောက မျက်မြင်အနေအားဖြင့်၊ ဒိုသောသူများနှင့်-ပျိုရွယ်သူတို့၏၊ အသွား,အလာ,အနေအထိုင်,အစား,အသောက်,စသည်တို့ ပြုလုပ်ဆောင်

ရှက်မှု၌၊ ခဲယဉ်းပုံ လွယ်ကူပုံ ကွာခြား နေကြပုံကိုသာ နှိုင်းစာသောအားဖြင့်၊ဒိရှမှ ဇရာ,တရားသည်၊ ဆင်းရဲကြောင်း ထင်ရှားလှပေ၏၊ရင်းပြင်-ဒိရှမှသဘောတရားသည်၊ သေဆုံးမှု ဟူသော သဘောတရားနှင့် ဗိမိ၍ပင်နီးစပ်လာပြန်ရကား၊ ဒိရှမှကို ဆင်းရဲ၏ဟူ၍ ဟောကြားတော်မူပြန်၏။

ဗျာဓိပိဒုက္ခာ အရ၊ ကိုးဆယ့်ခြောက်ပြာ ဘေးရောဂါတို့၊ ဖြစ်ပေါ်၍လာရခြင်းသည် ဆင်းရဲ၏။ ဝါ၊ ရုပ်နာမ်နှစ်ရပ် တွဲစပ်လျက်၊မခံသာမှု ဝေဒနာသဘောတရားတို့ ဖြစ်ပေါ်၍ လာရခြင်းသည် ဆင်းရဲ၏- ဟူ၍ ဟောကြားတော်မူချက်အရ။ ကိုးဆယ့်ခြောက်ပြာ-ဘေးရောဂါ တို့သည်၊ သတ္တဝါ အပေါင်းတို့အား ကိုယ်၏ဆင်းရဲမှု-စိတ်၏ ဆင်းရဲမှုကိုဖြစ်အောင် ဖန်တည်းတတ်၏၊ ထိုကဲ့သို့-ကိုယ်, စိတ်, နှစ်ပါး၏ ဆင်းရဲမှုကိုဖြစ်အောင် ဖန်တည်းတတ်သည့်၊ ကိုးဆယ့်ခြောက်ပါးသော ရောဂါဝေဒနာကို အမှီပြု၍၊တွဲစပ်ဖြစ်ပေါ်လာရသည့်ဒေါမနဿဝေဒနာတရား၊ သောမနဿဝေဒနာတရားတို့သည်၊ အပူဓါတ်မီး၊ အအေးဓါတ်မီး သဘောတရားကို ဗိမိ ကြီးပွါးစေလျက်၊ မိမိတို့တည်မှီးရာ ရုပ်နာမ်တည်းဟူသော သတ္တ လောကကြီးကို၊ လျှင်မြန်စွာပျက်စီးအောင် ဖျက်ဆီး စွမ်းဆောင်နိုင်သည့် သေမင်းတမန်ကြီး ပေတည်း။

ဥပမာအားဖြင့်-ဒေါမနဿဝေဒနာတရားအားကြီးမှုကြောင့်၊ ဘားမင်းနှင့်ယှဉ်ပြိုင်သော-ခြသေ့မင်း သည်၊ ဟောက်ဖန်များသဖြင့် အပူမီးတောက်လောင်ကာ၊ရင်ကွဲ၍သေဆုံးဘူးကြောင်း၊ သောမနဿဝေဒနာတရားအားကြီးမှုကြောင့်၊ရှူဋ္ဌသုဘဒ္ဒါမိဖုရားသည်၊ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ အစွယ်နှစ်ဆူကို ပိုက်ခါ၊

ရေးကဖြစ်ခဲ့ပုံ အကြောင်းကို တွေးတော ကြံဆ၊ သောကပန်း ပိုက်၊ လှိုက်လှိုက်လှဲလှဲ၊ အဝေါတ်မီးလောင်စွဲရှာသဖြင့်၊ ရင်ကွဲ နာကျ၍ နတ်ရွာ စံရဘူးကြောင်း၊ ထုံးဟောင်း သာဓကတွေကို ထောက်ရှု၍ သိသာနိုင်ပေ၏။

ဂုဏ်းပြင်–ဒေါမနဿ ဝေဒနာ ဟူသော–ဒေါသ တရားနှင့်၊ သောမနဿ ဝေဒနာဟူသော-လောဘ,တရားတို့ကို လက်ကိုင် ထားကာ သေဆုံးရသူတွေမှာ၊ အပါယ် ပဋိသန္ဓေအကျိုးကိုပေး နိုင်လေရကား၊ သေမည့်အခါ ဖျား-ဟူသော စကားဥပမာအရ၊ ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ ဖြစ်ပေါ်၍လာရခြင်းသည်၊ ကိုယ်စိတ် နှစ်ဖြာ ဆင်းရဲစေမှု၊ အပါယ်ပဋိသန္ဓေအကျိုးကိုပေး စေတတ်သည့် အကုသိုလ် တရားတွေ တိုးပွါး၍ ဖြစ်ပေါ်လာ အောင်၊ ဆွဲဆောင်တတ်သော သဘောတရားသာမက၊ မိမိ၏ တည်မှီးရာ ရုပ်ဓါတ် နာမ်ဓါတ် တရားတို့ကို၊ မဠ္ဌမရဏာ သ ဘောတရားသို့ကြရောက်အောင်၊ဆွဲဆောင်တတ်သည့် သေမင်း တမန်ကြီးပင်ဖြစ်လေပြန်ရကား၊ နာရမှုသဘောတရားကို ဆင်း ရဲ၏ဟု ဟောတော်မူ၏။

မရဏံပိဒုက္ခံ,အရ၊သေရခြင်းသည် ဆင်းရဲ၏၊ ဝါ၊ ရုပ်နာမ် နှစ်ပါး၊ ခဏိက မရဏ,အစဉ်အားဖြင့်၊ ပျက်ပြား၍ နေရခြင်း သည် ဆင်းရဲ၏ဟူ၍ ဟောကြားတော်မူချက်အရ၊ သေရခြင်း သည် အဘယ်အတွက်ကြောင့် ဆင်းရဲသနည်းဟူငြားအံ့၊မရဏ မီး၏ ကြီးကျယ်ပုံ သဘောတရားကို ပေါ်လွင် ထင်ရှားအောင် ဥပမာဆောင်ပါဦးအံ့၊ မီးကို လုပ်ကျွေးခြင်းအားဖြင့်၊ ဗြဟ္မာ့ပြည် သို့ရောက်မည်ဟု အယူရှိကြသော-မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားး လူမျိုးများ သည်၊ သားသမီးများဘွားမြင်သောအခါ၊ ဘွားမြင်သည့်နေ့မှစ၍

တဆယ့်ခြောက်နှစ် ကာလပတ်လုံး-မိဘများက- ဘွားဘက်တော်မီးကို မွေးကာ။ မသေရအောင် သိမ်းဆည်းထားလျက်၊ တဆယ့်ခြောက်နှစ် အရွယ်သို့ ကျရောက်ကာလ၊ လူ့လောကတွင်နေထိုင်မည်လော၊ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်း အကျင့်တရားကို အားထုတ်မည်လော ဟု မေးမြန်းပြီး၊ တရားကျင့်မည့်ပုဂ္ဂိုလ်များအား၊ ထိုသူ မွေးဘွားစဉ်အခါက၊ မျိုးထောင်သိမ်းဆည်း၍ ထားသည့်၊ ဘွားဘက်တော်မီးကို ပေးလျက်၊ မိမိအသက် မသေမခြင်း၊ ထိုမီးအား ဆီဦး ထောပတ် ထင်း အစရှိသည့်တို့ဖြင့်၊ မီးမသေရအောင် လုပ်ကျွေး ပူဇော်စေ၏။

တဦးသောထိုအယူဝါဒကို ယူသည့်၊ မီးကို လုပ်ကျွေးမွေးမြူပူဇော်မည့်၊ အဂ္ဂိက ပုဏ္ဏားသည်၊ ထိုအယူကိုယူ၍ ကျင့်ကြံသည့်နေ့မှအစပြုခါ၊ထောပတ် ဆီဦး ထင်းကြီးထင်းငယ် အသွယ်သွယ် တို့ဖြင့်၊နေ့ညဥ့်မလပ် မီး မသေပြတ်ရအောင်၊ ဒလစပ်ပြုရ မျိုးထောင် လုပ်ကျွေးမွေးမြူရပေ၏၊ သို့ပါသော်လည်း မိမိလုပ်ကျွေးမွေးမြူအပ်သောမီးက၊ မိမိ၏စွဲမှီရာ လောင်စာထင်းအစရှိသည်တို့ကို၊ အစဉ်မျက်ဆီးကာ ကြီးပွါးတောက်လောင်၍လာသည်နှင့်အမျှ၊ ထက်ချပ်မကွာ ထိုတောက်လောင်လျက်ရှိသော၊ မီးခါတ်အင်အားကို၊ ချုပ်ငြိမ်း ပျက်ပြားစေတတ်သည့် မရဏာခါတ်မီးက၊ ထိုမီးအားအစဉ်လိုက်၍ ချုပ်ပျောက် သေငြိမ်းစေဘော့၏၊ တောက်လောင်နေသောမီးကို ပျက်စီးစေ၏၊ သို့ဖြစ်လေရကား၊ထို အဂ္ဂိကပုဏ္ဏားသည်၊ အကယ်၍ အသက်မသေဘဲ၊အသင်္ချေ အနန္တ နေရလျက်၊ရည်ကြာလေးမြင့်စွာလုပ်ကျွေးစေကာမူ၊ ပျက်စီးမှုသဘော မရဏာခါတ်မီးက၊ ထို တောက်လောင်လျက်ရှိသောမီးနှင့်၊အစဉ်တစိုက် ထက်ချပ်မကွာ၊ တပါ

တည်းပါ၍ ဖျက်ဆီးနေလေရကား၊ ထိုပုဏ္ဏားဘ်၏ မီးမသေပြတ်ရအောင်၊ ပြုစုမျိုးထောင်ရမည့် ဆင်းရဲမှု ဒုက္ခ၊ အလုပ်တာဝန်ဝတ္တရား သည်၊ အဘယ်မှာလျှင် ကုန်ဆုံးနိုင်ဘွယ် ရှိပါတော့အံ့နည်း။

ထိုဒုက္ခတွင်းမှ လွတ်ကင်းရတော့မည် မဟုတ်ပေ၊ ထိုနည်းမခြား-လူနတ်ပြဟ္မာ သတ္တဝါ,တို့၏ ခန္ဓာ တည်းဟူသော–သတ္တလောက,အဇ္ဈတ္တိက ရုပ်ဓါတ် နာမ်ဓါတ်တွေကို တွယ်တာသာယာမှုသမုဒယသစ္စာ-တဏှာ-လောဘ-သဘောဖြင့်၊ဒါန,သီလ,သမထဘာဝနာ,စသော၊ဆီဦးထောပတ် ထင်းကြီး ထင်းငယ် အသွယ်သွယ်တို့၊ကျွေးမွေးပြုစုမျိုးထောင်၍ဖြစ်ပေါ်လာရသည့်၊ရုပ်နာမ်,ဟုဆိုအပ်သော မီးသည်၊ပျက်စီးမှုသဘောတရား မရဏာဓါတ်မီးအင်အား၏ဒါဏ်ချက်ကြောင့်၊လွန်ခဲ့သော ဘဝအသင်္ချေအနန္တက၊ ခဏိကမရဏာ-သမုတိမရဏာ,အနေအားဖြင့်၊ပျက်စီး၍လာခဲ့ချေပြီ၊ယခုဘဝတွင်လည်း–ခဏိကမရဏာအနေဖြင့်ပျက်စီးဆဲ၊နေ့ခင်ကိုနိဗ္ဗာန်သို့ မရောက်မခြင်း၊သမုတိမရဏာ,အနေဖြင့်ပျက်စီးရလေဦးမည်၊ ထိုကဲ့သို့- သမုတိမရဏာ,အနေဖြင့် ပျက်စီးမှုအကြောင်းတရား။ ပေါ်ပေါက်လာရသောအခါကာလ၊ ဝိဉ္ဉာ နှင့်-ဝိစိကိစ္ဆာ အပါယ် လားရောက်ရမှု၊ အကုသိုလ် မျိုးစေ့မကင်းပြတ်သေးသော ပုထုဇဉ် ပုဂ္ဂိုလ်တို့မှာ၊ မိမိတို့၏ အကုသိုလ်ကံအလိုက်၊ အပါယ်ဘုံ လောကကြီး ထဲသို့ ပြောင်းရွှေ့နေထိုင်ရမည့်၊ အပါယဒုက္ခဘေးကြီး ၏ အခွင့်အရေးပေါ်ပေါက်လာရပြန်၏၊သို့ဖြစ်ပါ၍-မရဏာဓါတ်မီးသည်၊ရုပ်ဓါတ်နာမ်ဓါတ်တရားတို့ကို၊အစဉ်ပျက်စီးအောင် ဖျက်ဆီးတတ်သော သဘောရှိလေရကား၊ ရုပ်ဓါတ် နာမ်ဓါတ် တို့အား၊ မွေးမြူ နေရသော

သတ္တာဝါ ဟူသမျှတို့၏ အသက်တန်းအလိုက်။ ခဏိက မရဏာ သဘောတရားဖြင့်။အစဉ်တစိုက်ဆင်းရဲမှုကိုဖြစ်စေခြင်း။သမုတိ မရဏအားဖြင့် ပိုမိုပြင်းထန်သော ဆင်းရဲမှုကို ဖြစ်စေခြင်း။ အပါယဒုက္ခဘေး-ဒုက္ခဒါဏ် တို့သို့ ရောက်ရှိရန် အခွင့်အရေးကို။ အားပေး ရွက်ဆောင်သည့် ဇရာ,တော်ပြေး တမန်နှင့် တူသော ကြောင့်။မရဏံပိဒုက္ခံ-ဟူ၍ ဟောကြားတော်မူ၏။

အပ္ပိယေဟိ-သမ္ပယောဂေါ ဒုက္ခော,အရ။ မချစ် မနှစ်သက် အပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ အစဉ်မပြတ် ယှဉ်တွဲပေါင်း စပ်၍ နေရခြင်းသည် ဆင်းရဲ၏။ ဝါ၊ရုပ်ဓါတ် နာမ်ဓါတ် အစဉ် တွင်၊လောဘ-ဒေါသ-မောဟ,အစရှိသော၊ အကုသိုလ် စေတ သိက်တရား–တဆယ့်လေးပါး တို့နှင့်။ ပေါင်းဘက်ယှဉ်တွဲ၍ နေရခြင်းသည် ဆင်းရဲ၏ ဟူ၍ ဟောကြားတော်မူချက် အရ။ မချစ်မနှစ်သက်အပ်သော သတ္တဝါနှင့် သင်္ခါရ ဆိုသည်မှာ။မိမိ ၏ လောကီ–လောကုတ္တရာ, အကျိုးစီးပွား နှစ်ပါးကို၊ ပျက်စီး အောင် ဖျက်ဆီးတတ်သောသူ၊ ဖျက်ဆီးတတ်သော သဘော တရားများကို ဆိုလိုသည်။ လောကတွင်- ရေ,မီး,မင်း, ခိုးသူ, မချစ်မနှစ်သက်အပ်သောသူ,ဟူ၍ ရန်သူမျိုးငါးပါး၊ အပြားအား ဖြင့် ပညတ်ထားရာတွင်။ဗဟိဒ္ဓ-ဟုဆိုအပ်သော အပြင်ရေခါတ် အင်အားဖြင့်၊ သတ္တလောက, ဟု ဆိုအပ်သော၊ ရုပ်ဓါတ် နာမ် ဓါတ်ကို၊သမုတိမရဏ,အနေသို့ရောက်အောင်။ ရေနစ်ခြင်း။ရေ မွန်ခြင်း၊ရေမွန်းခြင်း အစရှိသဖြင့်။တဘဝမှာတခါသာလျှင် ပျက် စီးအောင် ကူညီဖျက်ဆီးနိုင်၏။ ဩကာသ လောကကြီးအား။ ကပ္ပကာဖျက်ရေအင်အားဖြင့်၊ ဒုတိယဈာန် သုံးဘုံဘိုင်အောင်။တ ကပ္ပာမှာ တခါသာ ပျက်စီးအောင် ဖျက်ဆီးနိုင်၏။ ဗဟိဒ္ဓ,ဟု

ဆိုအပ်သော အပြင်မီးဓါတ် အင်အားဖြင့်။ ရုပ် နာမ်ဟုဆိုအပ်သော သတ္တလောကကို။ မီးလောင်ခြင်း၊မိုးကြိုးပစ်ခြင်း၊ အစရှိသဖြင့်။ တဘဝမှာ တခါသာ သေရမှု အဖြစ်သို့ရောက်အောင်။ ကျည်ဖျက်ဆီးနိုင်၏။ ဩကာသလောကကြီးအား။ကမ္ဘာဖျက်မီးအင်အားဖြင့်။ပထမဈာန်သုံးဘုံတိုင်အောင်။တကမ္ဘာမှာ တခါသာလျှင်ဖျက်ဆီးနိုင်၏။ အပြင်လေဓါတ် အင်အားဖြင့်။ ရုပ်နာမ်တည်းဟူသော သတ္တလောကကြီးကို။ လေးထိုးခြင်း လေဖြတ်ခြင်း။ လေမိခြင်း-အစရှိသဖြင့်။ သေဆုံးမှုဒါဏ်ချက်သို့ရောက်အောင်။တဘဝတွင်တခါသာကျည်ဖျက်ဆီးနိုင်၏။ ကမ္ဘာဖျက်လေအင်အားဖြင့်။ ဩကာသ လောကကြီးအား။ တတိယဈာန်သုံးဘုံတိုင်အောင်-တကမ္ဘာမှာ တခါသာ ဖျက်ဆီးနိုင်၏။ မင်းခိုးသူ-မချစ် မနှစ်သက်သော အပြင် ရန်သူကြီးတို့၏။ အကြီးကျယ်ဆုံးဖျက်ဆီးနိုင်သည့် အန္တရာယ်ကြီးမှာ။ သေဆုံးမှုဒါဏ်ချက်သို့ရောက်အောင်။ ယခု တဘဝအတွင်း၌။ တခါသာလျှင်ဖျက်ဆီးနိုင်ပေ၏။ အတွင်းရန်သူဟု ဆိုအပ်သော- လောဘမီးဒေါသမီး-မောဟမီး အစရှိသည့်။ အာဂန္တုက-အကုသိုလ်စေတသိက်တရား-တဆယ့်လေးပါးတို့သည်ကား။ သတ္တဝါတဦး၏ ရုပ်နာမ် အစဉ်တွင် အမျှင် ယှက်တွဲလျက်။ အရဟတ္တမဂ်သို့မရောက်မခြင်း အတွင်း ရန်သူကြီး အဖြစ်ဖြင့် အစဉ်ဖျက်ဆီးလျက်။ သတ္တဝါတဦးတယောက်အား။ သံသရာဝဋ်ဒုက္ခတွင်းမှမလွတ်ကင်းနိုင်ဘွယ်။ နိဗ္ဗာန်ဟု ဆိုအပ်သော-သန္တိသုခဓါတ်ချမ်းသာစစ် ချမ်းသာမှန်ကြီးကို။မရနိုင်လောက်အောင် တားဆီးပိတ်ပင်သည့်။ ထာဝစဉ်ရန်သူကြီးဖြစ်ပေသောကြောင့်။ ထိုကဲ့သို့ မိမိ၏- လောကီ လောကုတ္တရာ အကျိုးစီးပွါးတွေကို။ ပျက်

စီးအောင် ဖျက်ဆီးတတ်သည့်၊ သတ္တဝါ-သင်္ခါရ သဘောတရား တို့နှင့်၊ ပေါင်းဘက်ယှဉ်တွဲ၍နေရခြင်းသည်၊ ဆင်းရဲ၏ဟုဟော ကြားတော်မူ၏၊

ဝိယောဟိ ဝိပ္ပယောဂေါဒုက္ခော-အရ၊ ချစ်ခင် နှစ်သက်ဖွယ်ကောင်း မြတ်နိုးအပ်သော၊ သတ္တဝါ သင်္ခါရ သဘောတရားတို့နှင့်၊ ကွေ ကွင်း ခွဲခွါ၍နေရခြင်းသည် ဆင်းရဲ၏၊ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို၊ ညွှန်ကြားပြသ ဆိုဆုံးမနိုင်သည့်၊ ဘုရား-တရား သံဃာ, အမိ, အဘ, ဆရာသမား-အစရှိသောပုဂ္ဂိုလ်များနှင့်တကွ အလောဘ, အဒေါသ, အမောဟ, အစရှိသော ကုသိုလ်မျိုးစေ့ စေတသိက်တရား-သုံးဆယ့်ရှစ်ပါး တို့နှင့် ကွေကွင်း ခွဲခွါ၍နေ ရခြင်းသည် ဆင်းရဲ၏-ဟူ၍ဟောကြားတော်မူချက်အရ၊ ချစ်ခင် နှစ်သက်အပ်သော သတ္တဝါနှင့် သင်္ခါရသဘောတရားဆိုသည် မှာ၊ မိမိ၏ လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါး ကို၊ဆောင်ရွက်ပေးစွမ်းနိုင်သည့် ပုဂ္ဂိုလ်များနှင့်တကွ၊ သဘော တရားတို့ကိုဆိုလိုသည်၊

ထိုအကျိုးစီးပွါး နှစ်ပါး တွင်လည်း၊ လောကီ အကျိုးစီးပွါး ထက်၊ လောကုတ္တရာ အကျိုး စီးပွါးကို စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များနှင့်တကွ၊ သဘောတရားတို့ကို ပိုမို အဓိကထား၍ ချစ်ခင်နှစ်သက်အပ်၏၊ ယခု လောကကြီးတွင် လောကီအကျိုး စီးပွါးလောက်သာ ဆောင်ရွက်နိုင်ကြသည့်၊ မိဘ, နှင့် သားသမီး လင်နှင့်-မယား၊ဆရာသမား မိတ်သင်္ဂဟ,အပေါင်းတို့နှင့် တကွ၊ ဝိပဿနာ ဘာဝနာ,မတွဲဘက်သော၊ ဒါန,သီလ,သမထဘာဝ နာ, သဘောတရားတို့မှာ၊ သမုတိသစ္စာ-ပညတ်အလိုအရ၊ ချစ် ခင် နှစ်သက် အပ်သော ပုဂ္ဂိုလ်များနှင့် သဘောတရားတို့ပေ

တည်း။ ထိုပုဂ္ဂိုလ်များနှင့်–ရှင်ကွဲသေကွဲ တနည်းနည်းအားဖြင့်။ ကွဲကွာကြရသောအခါ၊ ထိုပုဂ္ဂိုလ်များကို အမှီပြု၍ရအပ်သော၊ လောကီ စီးပွါးချမ်းသာတို့ ပျက်ပြားသွားရသည်သာမက၊ ထိုပုဂ္ဂိုလ်တို့နှင့် ကွဲကွာမှုကိုအကြောင်းပြု၍၊ ထိုပုဂ္ဂိုလ်များအပေါ်တွင် ချစ်ခင်စွဲလမ်းသောသဘော၊သမုဒယသစ္စာ တဏှာလောဘ,ကို မဖြတ်တောက်နိုင်ကြရကား၊ ထိုပုဂ္ဂိုလ်များကိုအမှီပြု၍၊ သောက-ပရိဒေဝ–ဒုက္ခ-ဒေါမနဿ-ဥပါယာသ,စသော၊ အကုသိုလ်မီးများတောက်လောင်လျက်၊ ထိုအကုသိုလ်မီးတွေ ကြီးပွါးသည်ထက် ကြီးပွါး၍လာလေရကား၊သံသရာစခန်းမှ ထွက်လမ်းကိုမရနိုင်ဘဲ၊ သုံးဆယ့်တဘုံသံသရာတွင်းဝယ်၊ အနန္တဒုက္ခနှင့်တွေ့ကြုံကာဆင်းရဲရပေမည်။

ဝိပဿနာ ဘာဝနာ မတွဲဘက်သော၊ ဒါန, သီလ, သမထဘာဝနာသဘောတရားများမှာ၊မိမိတို့ပြုလုပ်အပ်သော ကုသိုလ်ကံ သဘော အလိုက်၊ နိဗ္ဗာန်ခရီးသို့ သွားရောက်ခိုက်တွင်၊အပါယ်လောကကြီး၏ ဆင်းရဲ ဒုက္ခများကို၊ မိမိတို့ ရောက်ရှိရာဘုံဌာန သက်တန်းအလိုက်၊ ပယ်ရှားဈားနိုင်သော သတ္တိထူးရှိကြ၏၊လူနတ်ဗြဟ္မာ အဖြစ်နှင့်ကင်း၍၊နိဗ္ဗာန်စခန်းထွက်ရပ်လမ်းသို့ မသွားမရောက်နိုင်၊ လူနတ်ဗြဟ္မာဖြစ်နိုင်ရန်မှာလည်း၊ ဒါန, သီလ,သမထဘာဝနာ,တရားတွေကို ကျင့်ကြံအားထုတ်မှ ကင်း၍မဖြစ်။ ထိုသဘောတရားတွေ ကျင့်ကြံအားထုတ်မှ ကင်းနေပါက၊အပါယ်ဝဋ်ဒုက္ခတွင်းမှ၊လူအဖြစ်သို့ရနိုင်ဘွယ်မရှိ၊ သို့ဖြစ်လေရကား၊ ထို–ဒါန,သီလ,သမထဘာဝနာ,သဘောတရားများသည်၊နိဗ္ဗာန်စခန်းထွက်ရပ်လမ်းသို့သွားလာရာ၊ လမ်းဆုံးလမ်းစသို့ ကျရောက်အောင် ထောက်ပံ့ ကူညီ ပို့ဆောင်ပေးစွမ်းနိုင်

သည့် သတ္တိထူး သဘောတရားများရှိခြင်းကြောင့်၊ ထိုသဘောတရားများ ရုပ်နာမ် အစဉ်တွင်၊ ကွေကွင်း၍ နေရခြင်းသည်။ ဆင်းရဲ၏ဟုဟောကြားတော်မူ၏၊

လောကုတ္တရာစီးပွါး နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို ဆောင်စွမ်းနိုင်သည့်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို၊ နည်းပေးလမ်းပြ- ဆို ဆုံးမတတ်သော–ဘုရား,တရား, သံဃာ, အမိအဘ,ဆရာသမား,မိတ်ဆွေသင်္ဂဟ အပေါင်းတို့နှင့်ကင်း၍၊ မိမိ၏စိတ်၌-လောကီကိုလွန်မြောက်၊ နိဗ္ဗာန်သို့ထွင်းဖေါက်နိုင်သည့် ဉာဏ်ရောင် ဉာဏ်လင်းကိုမရရှိနိုင်။ မိမိ၏ ရုပ်နာမ်အစဉ်တွင် အလောဘ-အဒေါသ-အမောဟ, အစရှိသော၊ ကုသိုလ်မျိုးစေ့စေတသိက်တရား-သုံးဆယ့်ရှစ်ပါးနှင့်ကင်း၍၊နိဗ္ဗာန်စခန်းထွက်ရပ်လမ်း ဉာဏ်ရောင် ဉာဏ်လင်းကိုမရရှိနိုင်။ ထိုဉာဏ်ရောင် ဉာဏ်လင်းကိုမရရှိသမျှ နိဗ္ဗာန်သို့မရောက်။ ပထမ နိဗ္ဗာန်စခန်း သောတာပတ္တိ မဂ်ဉာဏ်သို့ မဆိုက်ရောက်သေးသမျှ၊ အပါယ်ဘေးဒုက္ခတို့နှင့် မကင်းလွတ်နိုင်။သို့ဖြစ်၍ မိမိ၏-လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုး စီးပွါးကို ဆောင်စွမ်းနိုင်သည့်၊ ချစ်ခင်နှစ်သက်အပ်သော၊ သတ္တဝါ သင်္ခါရ သဘောတရားတို့နှင့်၊ ကွေကွင်း ခွဲခွါ၍ နေရခြင်းသည် ဆင်းရဲ၏ဟု ဟောကြားတော်မူ၏။

ယမ္ပိစ္ဆံ နလဘတိ-တံပိဒုက္ခံ-အရ၊ မိမိအလိုရှိအပ် နှစ်သက်အပ်သောအဖြစ်ကို၊ တောင့်တတိုင်းမရခြင်းသည် ဆင်းရဲ၏။ဝါ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊နာခြင်း၊သေခြင်း၊ အပါယ်လေးပါးသို့ကျရောက်ခြင်းဟု ဆိုအပ်သော ဘေးဒုက္ခတို့ကင်းလွတ်သည့်။ ရုပ်ဓါတ်-နာမ်ဓါတ်တွေ ချုပ်ငြိမ်းရာ အလိုရှိအပ်သည့်၊ နိဗ္ဗာန်

ချမ်းသာကြီးကို၊ တောင့်တတိုင်း မရရှိခြင်းသည် ဆင်းရဲ၏ ဟူ၍ ဟောကြားတော်မူချက်အရ၊ အလိုရှိအပ် တောင့်တအပ်ခြင်းသည်၊ဆင်းရဲခြင်းကင်းမှုကိုသာ အလိုရှိအပ် တောင့်တအပ်၏၊ ဆင်းရဲခြင်းကင်းမှုမှာလည်း၊ သမုတိသစ္စာအလိုအားဖြင့် ဆင်းရဲခြင်းကင်းမှု၊ ပရမတ္ထသစ္စာ အလိုအားဖြင့် ဆင်းရဲခြင်းကင်းမှုဟူ၍ နှစ်မျိုးရှိရာတွင်၊ လူ,နတ်,ဗြဟ္မာ, သုံးတန်သော ချမ်းသာတို့သည်၊ အပါယ်လေးဘုံ လောက၏ဘေးဒုက္ခနှင့် နှိုင်းစာလျှင်၊ ဆင်းရဲခြင်းကင်းသည်လည်းတကြောင်း၊ ၎င်းဘုံဌာနများမှ တဆင့်၊ နိဗ္ဗာန်ချမ်းသာကြီးကိုရှာကြံ၍ရပေသောကြောင့်၊ ထိုဘုံဌာနများကို-သမုတိသစ္စာအလိုအရ အလိုရှိအပ်၏။

ထိုဘုံဌာနများ၏ချမ်းသာကို မခံစားရဘဲ၊ အပါယ်လေးဘုံ၌ နေရခြင်းသည် ဆင်းရဲခြင်းမှန်ပေ၏။ ပရမတ္ထသစ္စာ-အလိုအရ၊ ဆင်းရဲခြင်းဆိုသည်မှာ၊ သုံးဆယ့် တဘုံ လောကတွင်းဝယ်၊ ဘယ်ဘုံဌာန၌ဖြစ်ရှိနေရစေကာမူ၊ ရုပ်ဓါတ်-နာမ်ဓါတ်တို့ရှိသမျှ အိုရမှု,နာရမှု, သေရမှု, ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရ သဘောတရားတို့နှင့် ကွေကွင်းရမှု၊ မချစ် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရ သဘောတရားတို့နှင့် ပေါင်းသင်းရမှုတို့မှာ၊ ခဏိက,ကာလအားဖြင့်၎င်း၊ မရှိမ,ကာလအားဖြင့်၎င်း၊ ဧကန်မုချ ရုပ်ဓါတ်,နာမ်ဓါတ်,တရားတို့၏-သဘာဝ လက္ခဏာအရ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခ-တွေ့ တွေ့ကြုံရမည် ဖြစ်ပေသောကြောင့်။ ပဋိသန္ဓေ နေရမှု – အိုရမှု- နာရမှု- သေရမှု-သဘောတရားများတွဲစပ်ခါနေသည့်၊ ရုပ်ဓါတ်, နာမ်ဓါတ်, တရားတို့၏ ချုပ်သုံးရာ၊ အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာကြီးကို၊ တောင့်တတိုင်း မရရှိခြင်းသည် ဆင်းရဲပေ၏ဟု၊ အဓိက

သဘောထား၍ဟောကြားတော်မူပေ၏။

သံခိတ္တေန-ပဉ္စု ပါဒါ နက္ခန္ဓာပိ ဒုက္ခာ- အရ။ အကျဉ်းချုပ် အားဖြင့်။ရုပ်နာမ်နှစ်ပါးဟုဆိုအပ်သော။ခန္ဓာငါးပါးတို့၏ တာဝန်ကို ထမ်းဆောင်၍ နေရခြင်းသည် ဆင်းရဲ၏ ဟူ၍ ဟောကြားတော်မူ၏။ အဘယ် အတွက်ကြောင့် ခန္ဓာငါးပါး၏ တာဝန်ကို ထမ်းဆောင် နေရခြင်း သည်။ ဆင်းရဲ ပါ သနည်း ဟူငြားအံ့။ ရုပ္ပတီတိ-ရူပံ-ဟူသော ဝိဂြိုဟ်နှင့်အညီ။ ဖောက်ပြန် ပျက်စီး တတ်သော သဘောရှိခြင်းကြောင့်။ ရုပ်ဟူ၍ခေါ်ဆိုအပ်သော။ နူးညံ့ ခက်မာ။ နှစ်ဖြာသော-ပထဝီရုပ်ဓါတ်သဘော။ ယိုစီး ဖွဲ့ ပတ် နှစ်ရပ်သော အာပေါရုပ်ဓါတ်သဘော။ ထောက်ကန်-လှုပ်ရှား။ နှစ်ပါးသော ဝါယောရုပ်ဓါတ်သဘော။ ပြေန် ပူပြန် နှစ် တန်သော-တေဇောရုပ်ဓါတ် သဘော-တည်းဟူသော မဟာ ဘုတ် ရုပ်ဓါတ်ကြီး လေးပါးနှင့်တကွ။ ကြွင်း နှစ်ဆယ့် လေးပါး သော သဘောတရား၊ဥပါဒါရုပ်များကိုပေါင်း၍။မသိတတ်သော သဘောတရားပု။ ရုပ်ဓါတ်- နှစ်ဆယ့်ရှစ်ပါး ရူပက္ခန္ဓာတရား နှင့်။ ၎င်းရုပ်ဓါတ်အပေါ်တွင် မှီတွယ်စွဲကပ် ဖြစ်ပေါ်အပ်သော။ နမတီတိ-နာမံ-ဟူသောဝိဂြိုဟ်နှင့်အညီ။ အာရုံသဘောကိုညွတ် တတ်သောကြောင့်။ နာမ် ဟူ၍ခေါ်ဆိုအပ်သော။ခံသာ မခံသာ ဖြစ်တတ်သည့် သဘောတရားပု-ဝေဒနက္ခန္ဓာ။ မှတ်သားတတ် သော သဘောဘရားပု-သညက္ခန္ဓာ။ ကောင်းမှု မကောင်းမှုကို စေ့ဆော် ပြုပြင်တတ်သော သဘောတရားပု- သင်္ခါရက္ခန္ဓာ။ သိတတ်သောသဘောတရားပု-ဝိညာဏက္ခန္ဓာ အားဖြင့်။ နာမ် ခန္ဓာ လေးပါး၊၍ ရူပက္ခန္ဓာတပါးနှင့်။နာမက္ခန္ဓာ လေးပါးပေါင်း ရုပ်နာမ်နှစ်ပါး၊ ခန္ဓာ အားဖြင့် ငါးပါး။ သဘောတရားပုတို့ကို။

ဇာတိဇရာ-မရဏာဒီဟိ-ခဗ္ဘိတပ္ပေါ်တိ ခန္ဓာ။ ဟူသော ဝစနတ္ထ နှင့်အညီ။ဖြစ်ပေါ်မှု၊ဆွေးရင့်မှု၊ ပျက်စီးသေဆုံးမှု သဘောတရား တွေ အစဉ်တစပ်တည်း ခဲစား၍နေအပ်သဖြင့်၊ခန္ဓာဟူ၍ခေါ်ဝေါ် သမုတ်အပ်လေရကား၊ ထို ရုပ်ဓါတ် နာမ်ဓါတ် နှစ်ရပ်ရှိသမျှ ကာလပတ်လုံး။ အိုရမှု,နာရမှု,သေရမှု,ဘေးဒုက္ခတွေ ဖြစ်ပေါ်ရ မည်မှာ။မလွဲဧကန် တကယ်ပင်မှန်သောကြောင့်၊ ရုပ်နာမ်နှစ်ရပ် တွဲစပ်ဖြစ်ရှိခြင်းသည်။ အိုမှု, နာမှု,သေမှု,ဒုက္ခဘေး တာဝန်ကို၊ ထမ်းဆောင်၍နေရခြင်းပင် ဖြစ်လေရကား၊ ထို အိုရမှု,နာရမှု, သေရမှု,သဘောတရားဘေးဒုက္ခတွေမကင်းရာ၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့၏တာဝန်ကိုထမ်းဆောင်နေရခြင်းသည်၊ ချမ်းသာ ဟူ၍-ပရမာဏုမြူမျှမဘာက်၊ ဆင်းရဲခြင်းသက်သက်သာ ဖြစ်ပေ ကြောင်းကို၊အကျဉ်းချုပ်အနေအားဖြင့် ဟောကြားတော်မူ၏။

ထိုနည်းတူစွာ—ဓမ္မပဒပါဠိတော်၌လည်း၊ နတ္ထိခန္ဓာ သမာ ဒုက္ခာ, ဟူ၍၊ ခန္ဓာငါးပါး ရုပ်နာမ်တရားနှင့်တူမျှသော၊ ဆင်းရဲ ခြင်းမရှိကြောင်း ဟောကြားတော်မူလေရကား၊ ခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါးသည်သာလျှင်၊ တကဲ့ဆင်းရဲမှုအစစ်ဖြစ်ကြောင်း၊ တထစ်ချအားဖြင့် မှတ်သားရာ၏။ သို့ဖြစ်၍ အထက်ကဟောပြ ခဲ့သော သဘောတရားများသည်၊ ဆင်းရဲခြင်း စင်စစ် မှန်ကန် သောကြောင့်၊ထိုသဘောတရားများကို၊ဒုက္ခသစ္စာတွင်းသို့သွတ် သွင်း ဟောကြားတော်မူလျက်၊ ဤကဲ့သို့ ဆင်းရဲခြင်း မှန်ကန် သော သဘောတရားတွေကို၊ သိမြင်အောင်အားထုတ်အပ်၏ဟု ဟောကြားတော်မူ၏။ သိသာထင်ရှားအောင် အားထုတ်ကြိုးစည် နိုင်ကြပါစေသတည်း။

ထို ဒုက္ခသစ္စာ- ဆင်းရဲခြင်း မှန်ကန်သော သဘောတရား

သည်၊ တရားကိုယ်အားဖြင့်– လောကီစိတ်–၈၁ဆယ့် တပါး။ လောကုတ္တရာ ကြည်သော စေတသိက် ငါးဆယ့် တပါး။ ရုပ်ဝါတ် နှစ်ဆယ့်၈ပါး ဖြစ်ပါသည်၊ ထိုကဲ့သို့ဟောကြားတော်မူပြီး၍၊ ထို ဆင်းရဲမှု ဆင်းရဲရ သဘောတရား တို့သည်၊ အဘယ်အ ကြောင်းကြောင့် ဖြစ်ပေါ်လာရပေသနည်းဟူ၍ တဖန် သိစေလို ပြန်သောကြောင့်။

ဇာနံခါပန ဘိက္ခဝေ–ဒုက္ခသမုဒယံ အရိယသစ္စံ–ယာယံ တဏှာ ပေါနောဗ္ဘဝိကာ–နန္ဒီ ရာဂ သဟဂတာ–တတြ တတြာဘိနန္ဒိနီ–သေယျထိဒံ–ကာမတဏှာ–ဘဝတဏှာ ဝိဘဝတဏှာ။ ဟူ၍ ဟောကြားတော်မူချက်အရ။

ပုန ဗ္ဘဝံ ပဝတ္တေတီတိ–ပေါနောဗ္ဘဝိကာ–ဟူသော ဝိဂြုဟ် အရ၊ အကြင် လိုချင်မှုသဘောတရား လောဘတဏှာသည်။ သံသရာ တခွင်မှာ ရုပ်နာမ်အစဉ်ကို။ အမျှင်မပြတ် ဒလစပ်ဖြစ် ပွားနေအောင်။ စွမ်းဆောင်နိုင်သော သဘော သတ္တိ ကြောင့်၊ ပေါနောဗ္ဘဝိကာ–ဟူ၍ ခေါ်ဆိုအပ်သော။ တတြ တတြ – အာ ရမ္မဏေသု – အဘိနန္ဒတီတိ– တတြတတြာ ဘိနန္ဒိနီ– ဟူသော ဝိဂြုဟ်အရ၊အာရုံခြောက်ပါး ကာမဂုဏ်တရားတွေကို၊ တင်းမ တိမ် အားမရ၊အာသာမပြေနိုင်ဘဲ တစွဲထဲစွဲလမ်းသာယာ၊လိုချင် နှစ်သက်သော သဘော၊အတောမသတ်နိုင်ခြင်းကြောင့်၊ တတြ တတြာဘိနန္ဒိနီ–ဟု အမည်ရသော၊ ထိုလိုချင် စွဲလမ်းမှုမှန်ကန် သော သဘော၊ လောဘ တဏှာ အကြောင်းတရား–သမုဒယ သစ္စာ ကြောင့်သာလျှင်၊ သံသရာတခွင်တွင် ဆင်းရဲခြင်းမှန်ကန် သော ဒုက္ခသစ္စာ အကျိုးတရား ရုပ်နာမ်တွေ ဖြစ်ပွါးပေါ်ပေါက်

လာရကြောင်း။ ထိုဆင်းရဲမှ ဆင်းရဲရတွေကို ဖြစ်ပွားပေါ်ပေါက်၍လာအောင်ဖန်တည်းသူ ခေါင်းဆောင်ကြီး။ လိုချင်မှုသဘောတရား လောဘဘာဏ္ဍာ။ သမုဒယသစ္စာကို ပယ်ခွါအပ်ကြောင်း ဟောကြားတော်မူ၏။ ထိုတဏှာမှာ။

၁။ အာရုံခြောက်ပါး ကာမဂုဏ်တရားတို့၌၊ ရူပါရုံ,အစရှိသော အာရုံတို့တွင်။ ကာမဂုဏ်သဘောမျိုးအားဖြင့်၊ စွဲလမ်းသာယာသော သဘော ကာမတဏှာ။

၂။ ထာဝစဉ် တည်မြဲ၏ဟူ၍၊ သဿတဒိဋ္ဌိနှင့်တကွ၊ စွဲလမ်းသာယာသော သဘော ဘဝတဏှာ။

၃။ ထာဝစဉ် တည်မြဲသည်မဟုတ် ပြတ်စဲခြင်းသဘော တရားရှိ၏။ အကြောင်း အကျိုး ဆက်လက် ဖြစ်ပေါ်ခြင်း မရှိဟု။ ဥစ္ဆေဒ ဒိဋ္ဌိ နှင့် တကွ စွဲလမ်းသာယာသော သဘော ဝိဘဝတဏှာ ဟူ၍ သုံးပါး၊ အာရုံဝေဖန်နည်းအားဖြင့်။

၁။ အဆင်းမျိုးရုံ၌ စွဲလမ်းသာယာမှုသဘော-ရူပတဏှာ၊
၂။ အသံမျိုးရုံ၌ စွဲလမ်းသာယာမှုသဘော သဒ္ဒတဏှာ၊
၃။ အနံ့မျိုးရုံ၌ စွဲလမ်းသာယာမှုသဘော ဂန္ဓတဏှာ။
၄။ ရသာမျိုးရုံ၌ စွဲလမ်းသာယာမှုသဘော ရသတဏှာ၊
၅။ အတွေ့အထိမျိုးရုံ၌ စွဲလမ်းသာယာမှုသဘော ဖေါဋ္ဌဗ္ဗတဏှာ။
၆။ အာရုံ ခြောက်ပါး- ဓမ္မာရုံ သဘောတရားတို့၌ စွဲလမ်းသာယာမှုသဘော-ဓမ္မတဏှာ ဟူ၍ ခြောက်ပါးရှိ၏၊

စင်စစ်တရားကိုယ်အားဖြင့်။ လိုချင် စွဲလမ်းမှုသဘော လောဘ စေတသိက်ဓါတ်သည်၊ ဆင်းရဲဆင်းကို အမှန်ဖြစ်စေတတ်

သောအကြောင်းတရား-သမုဒယသစ္စာဖြစ်ပါသည်၊ ထိုသမုဒယသစ္စာ-တဏှာ-လောဘ-ရာဂ စသည့် အမည်များ ခေါ်ဆိုအပ်သော လိုချင်မှု သဘောတရားသည်၊ ကမ္ဘာပျက်မီး- ကမ္ဘာပျက်ရေမကာ၊ သတ္တဝါတွေအား သံသရာတခွင်မှ၊ ထွက်ပေါက်ကိုမရစေဘဲ၊ အို,နာ,သေရေး, ပါယ်ဘေးဒုက္ခတွေကိုသာ၊ အထပ်ထပ်အခါခါ ပေးစေတတ်သောကြောင့်၊ နတ္ထိရာဂ သမော အဂ္ဂိ-လိုချင်မှုသဘောတရား၊ ရာဂ,နှင့်တူသော အပူမီး မရှိဟူ၍ ငင်း၊ နတ္ထိတဏှာ သမာနဒီ-လိုချင်မှုသဘောတရား၊ တဏှာနှင့်တူသော မြစ် မရှိဟူ၍ ငင်း၊ ပိယတော ဇာယတီ သောကော-ပိယတော ဇာယတီဘယံ၊ ဗဟိဒ္ဓ,မှ အာရုံမျိုးစုံ ကာမဂုဏ်ကို ချစ်ခြင်း။ ဝါ၊ လိုချင်စွဲလမ်းခြင်း သဘော၊ သမုဒယသစ္စာ,အကြောင်းတရားကြောင့်၊ အဇ္ဈတ္တိက-ကိုယ်ကာယတွင်း၌၊ စိုးရိမ်ကြောင့်ကြခြင်းသဘော-သောက၊ ပဋိသန္ဓေနေရခြင်း,အိုရခြင်း နာရခြင်း၊ သေရခြင်း၊ အပါယ်လေးဘုံ ဌာနသို့ ကျရောက်ရခြင်း စသော၊ ဆင်းရဲ ဒုက္ခ မှန်သမျှတွေ ဖြစ်ပေါ်၍ လာရပေ၏ဟု၊ ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူခြင်းမှာ။ ထပ်တူထပ်မျှပင် ဖြစ်ပေ၏၊ သို့ဖြစ်၍ ဆင်းရဲခြင်း အပေါင်းကို ဖြစ်ပေါ် စေတတ်သည့်၊ လိုချင်မှုသဘောတရား လောဘတဏှာ၊ သမုဒယသစ္စာကို ပယ်ခွါရမည်ဟု ဟောကြားတော်မူပေ၏၊ ကြိုးစား၍ ပယ်ခွါနိုင်ကြပါစေသတည်း၊

ထိုနောက်တဖန်၊ ဝါနတော-နိက္ခန္တီတိ နိဗ္ဗာနံ- ဟူသော ဝိဂြိုဟ်နှင့်အညီ၊ တဏှာ မှ ထွက်မြောက်ရာဖြစ်သောကြောင့်၊ ဝါ၊ တဏှာ,မှ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းကြောင့်၊ နိဗ္ဗာန်ဟုခေါ်ဆိုအပ်သော၊ ဆင်းရဲခြင်းအပေါင်းတို့၏ ချုပ်ငြိမ်းရာ မှန်ကန်သည့်၊

နိရောဓသစ္စာ။ နိဗ္ဗာန်ကိုဟောကြားတော်မူလိုပြန်သောကြောင့်

ဣဒံခေါပန ဘိက္ခဝေ-ဒုက္ခ နိရောဓံ အရိယ သစ္စံ ယော
တဿာ-ယေဝ-တဏှာယ-အသေသ ဝိရာဂ နိရောဓော
စာဂေါ-ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ဟူ၍ ဟောကြားတော် မူချက်အရ။ ချစ်သားတို့—အကြင် လိုချင်မှုသဘော လောဘ တဏှာ တရား၏ အကြွင်းမဲ့ တတ် နှစ်သက်ခြင်းကင်းရာ။ ချုပ်ရာ၊စွန့်ရာ၊ ဝေးစွာစွန့်ရာ၊ လွတ်ရာ၊ ကပ်ငြိခြင်းကင်းရာ၊ သဘောတရားနိဗ္ဗာန် သည် ရှိ၏။ ထိုဆင်းရဲ ခြင်းအပေါင်းတို့၏ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို။ မျက်မှောက် ပြုအပ်၏ဟု ဟောကြားတော်မူ၏။ မျက်မှောက်ပြုနိုင်ရန်။ နိဗ္ဗာန် ရောက်ကြောင်းတရားတော်များကို။ ကြိုးစားပွားများ အားထုတ် နိုင်ကြပါစေသတည်း။

စင်စစ်အားဖြင့် တဏှာ ဟုဆိုအပ်သော။ လိုချင် စွဲလမ်းမှု သဘောတရား အကြောင်းခံ၊ သမုဒယသစ္စာကြောင့်သာလျှင်။ သံသရာ ဘုံသုံးခွင်တွင်။ ဆင်းရဲခြင်း မှန်သမျှတွေဖြစ်ပေါ်၍လာ ရပေ၏။ ထို ဆင်းရဲမှု ဆင်းရဲဗုအမျိုးမျိုးကို ဖြစ်ပွား ပေါ်ပေါက် စေတတ်သည့် အကြောင်း၊ တဏှာ သမုဒယ သစ္စာ သဘော တရားချုပ်ငြိမ်းသွားပါက။ ထိုသဘောတရားကို အမှီပြုရမှ ဖြစ် ပေါ်လာနိုင်သည့် ဆင်းရဲခြင်း အမျိုးမျိုး အကျိုးတရားတွေသည်။ အဘယ်မှာလျှင် ဖြစ်ပေါ် နိုင်ပါတော့အံ့နည်း။ သို့ဖြစ်ပါ၍—လိုချင်မှု သဘော လောဘ တဏှာ- သမုဒယသစ္စာတရား၏ အကြွင်းမဲ့ ချုပ်ငြိမ်းရာကို။ ဆင်းရဲခြင်းချုပ်ငြိမ်းရာ မှန်ကန်သော-နိရောဓ

သစ္စာ-နိဗ္ဗာန်ဟူ၍ဟောကြားတော်မူ၏။ ထို့ကြောင့်-ဓမ္မပဒပါဠိ တော်၌။

ဝိယတော ဝိပ္ပမုတ္တဿ-နတ္ထိသောကော-ကုတော ဘယံ။

ဟူ၍-ဗဟိဒ္ဓ,မှ အာရုံမျိုးရုံ ကာမဂုဏ်တရားတို့ကို ချစ်ခင်ခြင်း။ ဝါ၊ လိုချင်တွဲလမ်းမှုသဘော။ လောဘတဏှာ သမုဒယသစ္စာ-ကင်းပြတ်သော သူ့အား။ အဇ္ဈတ္တိက-ရုပ်နာမ်ဟု ဆိုအပ်သော-ကာယ,၌။ စိုးရိမ် ကြောင့်ကြခြင်းသဘော-သောက။ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊နာခြင်း။သေခြင်း၊ အပါယ်လေးဘုံသို့ ကျရောက်ရခြင်း စသော။ဆင်းရဲဒုက္ခမှန်သမျှတို့သည်၊ အဘယ်မှာ ရှိပါတော့အံ့နည်းဟု ဟောကြားတော်မူခြင်းသည်ရင်း။

ဒုက္ခံ-ဒုက္ခ သမုပ္ပါဒံ-ဒုက္ခဿစ အတိက္ကမံ-အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ-ဒုက္ခူပသမဂါမိနံ ဧတံခေါ သရဏံခေမံ ဧတံ သရဏမုတ္တမံ-ဧတံသရဏ မာဂမ္မ-သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူသော ဓမ္မပဒပါဠိတော်အရ။ ဒုက္ခံ၊ဆင်းရဲခြင်းမှန်ကန်သော ဒုက္ခသစ္စာ သဘောတရား ကိုလည်း၊ ပဿတိ၊ မြင်၏။ ဒုက္ခသမုပ္ပါဒံ၊ ဆင်းရဲခြင်းကိုဖြစ်ပေါ်စေတတ်သော လိုချင်မှု သဘောတရား လောဘတဏှာ, သမုဒယသစ္စာ, ကိုလည်း။ ပဿတိ၊မြင်၏။ ဒုက္ခဿ၊ဆင်းရဲအပေါင်း၏။ အတိက္ကမံ၊လွန်မြောက်ချုပ်ငြိမ်းမှုကိုလည်း။ ဝါ၊နိရောဓသစ္စာ နိဗ္ဗာန်သဘောတရားကိုလည်း။ပဿတိ၊မြင်၏။ ဒုက္ခူပသမဂါမိနံ၊ဒုက္ခအပေါင်း၏ ချုပ်ငြိမ်းမှုသို့ ဆိုက်ရောက်စေတတ်သော။ အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ၊ အဋ္ဌင်္ဂိက,အရိယမဂ်ကိုလည်း။ပဿတိ၊မြင်၏။ ခေါ၊စင်စစ်။ဧတံ

၅၅ အမြင်လေးချက်သည်သာလျှင်။ ဥက္ကမံ၊မြတ်သော။ သရဏံ၊ ကိုးကွယ်ရာဖြစ်၏။ ဝေတံ သရဏံ၊ ဤကိုးကွယ်ရာကို။ အာဂမ္မ၊ ဆည်းကပ်၍၊ဝါ၊ရောက်၍၊ရ၍။သဗ္ဗဒုက္ခာ၊အလုံးစုံသော ဝဋ်ဒုက္ခမှ။ပမုစ္စတိ၊လွတ်နိုင်၏ ဟူ၍—ဟောကြားတော်မူခြင်း၊ အမိပ္ပါယ် သဘောတရားတို့မှာ။ထပ်တူထပ်မျှပင်ဖြစ်ပေ၏၊ ထိုဆင်းရဲခြင်း ချုပ်ငြိမ်းရာနိဗ္ဗာန်တရားကို၊

၁။ ရုပ်နာမ် တရား ခန္ဓာငါးပါး ကြွင်းကျန်သေးသော—သ ဉပါဒိသေသနိဗ္ဗာန်၊

၂။ ရုပ်နာမ်တရား ခန္ဓာငါးပါး အကြွင်းအကျန် မရှိသော။ အနုပါဒိသေသနိဗ္ဗာန် အားဖြင့် နှစ်ပါး။

၁။ အနဏ္ဏဝိပဿနာဉာဏ်,ရင့်သန်ပွားများ၍ဆိုက်ရောက် သော-ပလိဗောဓ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းသည့် သုညတ နိဗ္ဗာန်၊

၂။ အနိစ္စဝိပဿနာဉာဏ် ရင့်သန်ပွားများ၍ ဆိုက်ရောက် သော။အန္တရာယ်ဘေးရန် မဆက်ဆံသော အနိမိတ္တနိဗ္ဗာန်။

၃။ ဒုက္ခဝိပဿနာဉာဏ် ရင့်သန် ပွားများ၍ ဆိုက်ရောက် သော၊ တောင့်တပူပန်မှုမဆက်ဆံသည့်-အပ္ပဏိဟိတ, နိဗ္ဗာန် ဟူ၍ သုံးပါး၊ အပြားအားဖြင့်ခေါ်ဆိုကြပေ၏။

ထိုနောက်တဖန် နိဗ္ဗာန်သို့ ဆိုက်ရောက်ရန်။ ပွားများ အား ထုတ်အပ်ခြင်းမှန်ကန်သော။ မဂ္ဂင်၈ပါး အကြောင်းတရားကို။ ဟောကြားတော်မူပေ၏။ ၎င်း မဂ္ဂင်၈ပါး သဘောတရားကို၊ အကျယ်အားဖြင့် အထက်က ပြဆိုခဲ့ပေပြီ၊ သို့ဖြစ်၍ နိဗ္ဗာန်ကို ဆောလျှင်စွာ မျက်မှောက်ပြုလိုသော ပုဂ္ဂိုလ်တို့သည်၊ မဂ္ဂင် ၈ပါး အကြောင်းတရားကို၊ ပွားများ အားထုတ်ရမည်၊ သို့မှ

သာလျှင်-အကျိုးတရား တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက် ပြုရပေမည်၊

သမုဒယသစ္စာ-ဆင်းရဲခြင်းကို ဖြစ်စေကြောင်း၊ လိုချင်မှုသဘော၊ လောဘတဏှာ အကြောင်းတရားကို၊ မဂ္ဂသစ္စာ ဆင်းရဲခြင်းချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ရန်၊ ပွားများ ကျင့်ကြံအားထုတ်အပ်သော၊ မဂ္ဂင်ရှစ်ပါး အကြောင်းတရားနှင့် ပယ်ဖြတ်မှုကြောင့်၊ သမုဒယ သစ္စာ– လိုချင်မှု သဘောတရားတွေ ပြတ်စဲလျက်၊ ထိုသဘောတရားကြောင့် ဖြစ်ပွားပေါ်ပေါက်လာသည့်၊ အကျိုးတရား ဒုက္ခသစ္စာ–ဆင်းရဲခြင်း မှန်ကန်သော သဘောတရားတွေချုပ်ငြိမ်းပြီး၊ နိရောဓ သစ္စာ- ဆင်းရဲခြင်းချုပ်ငြိမ်းရာမှန်ကန်သောနိဗ္ဗာန်ကို၊ မျက်မှောက်ပြုရခြင်းပင် ဖြစ်ပေ၏၊ သို့ဖြစ်၍ သစ္စာ လေးပါးအနက်၊ မဂ္ဂသစ္စာ မှာ– ကျင့်ကြံပြုလုပ် ပွားများ အားထုတ်ရမည့် အကြောင်း သစ္စာ ဖြစ်ပေ၏၊အကြောင်းတရားကြောင့်- အကျိုးတရား ဖြစ်ပွားပေါ်ပေါက်လာရပုံကို၊ သချာ ကျနစွာ ဝေဘန် သုံးသပ် နှလုံးသွင်းအပ်၏၊ ထိုနောက်မှတပန်၊

၁၊ သစ္စာလေးပါး၏ သရုပ်သဘောသက်သက်ကို၊သိသော သစ္စဉာဏ်၊

၂၊ ထိုသစ္စာလေးပါးနှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်ကို၊ သိရှိသော ကိစ္စဉာဏ်၊

၃၊ သစ္စာလေးပါးတို့၌၊ အလုပ်စခန်းပြီးစီးကြောင်းကို သိရှိသော ကတဉာဏ်၊

ဟူ၍-သစ္စာတပါးတွင်၊ ဉာဏ်သုံးပါး ထပ်မံ ပွားများခြင်းအားဖြင့်၊ဉာဏ် တဆယ့်နှစ်ပါးရှိကြောင်းကို ဟောကြားတော်

မှုပြီး၍။ ထိုဆင်းရဲခြင်း မှန်ကန်ကြောင်းကို သိအပ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းကိုဖြစ်စေကြောင်း။ လိုချင် စွဲလမ်းမှုမှန်ကန်ကြောင်းကိုပယ်အပ်သော-သမုဒယသစ္စာ၊ ဆင်းရဲခြင်းချုပ်ငြိမ်းရာ မှန်ကန်သည့်၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာ။နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ရန်။ကျင့်ကြံပွားများအားထုတ်ရခြင်း မှန်ကန်သော မဂ္ဂသစ္စာ, အားဖြင့် သစ္စာ လေးပါး၊ သစ္စဉာဏ်။ကိစ္စဉာဏ်၊ ကတဉာဏ်-အားဖြင့် ပြား၍၊ တဆယ့်နှစ်ပါး ပြုဘွယ်ကိစ္စ ဟူသမျှတို့ကို၊ ပြီးမြောက် အောင်မြင်လျက်၊ ဟုတ်တိုင်းမှန်ရာကို သိမြင်တတ်သော၊ ယထာဘူတဉာဏ်,မစင်ကြယ်သေးသမျှ ကာလပတ်လုံး၊ ဗဟိဒ္ဓ သြကာသလောက နှင့်တကွ၊ လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏။ သတ္တလောကကြီးကိုလွန်မြောက်သည့်၊ အတုမရှိသော-အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ကို။ ထိုးထွင်း၍သိမြင်ပြီးသော ဘုရားအဖြစ်သို့ရပြီဟု၊ သင်တို့အား-ငါ တာဝန်မခံသေး၊ ယခုအခါ၌မူကား-သစ္စာလေးပါး တရားတော်ကို၊ ပိတ်ဆို့ ဖုံးလွှမ်းတတ်သည့် မောဟ မှောင်အမိုက်,ကြီးကို။ ဖျက်ဆီး သုတ်သင်အပ်သော၊ယထာဘူတဉာဏ်၊အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတ-အစရှိသော-ပညာဉာဏ် အရောင်အလင်းတို့ကို ရသဖြင့်၊ ပြုဘွယ်ကိစ္စ အဝဝ ပြီးမြောက်အောင်မြင်လျက်၊ ဉာဏ်အမြင်စင်ကြယ်လေရကား။ သုံးဆယ့်တဘုံ ဗဟိဒ္ဓ သြကာသလောကနှင့် တကွ။လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏။ သတ္တလောက, အားလုံးကို လွန်မြောက်သည့် အတုမရှိသော၊ ယထာဘူတ ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တော်တို့ကို။ ထိုးထွင်း၍သိမြင်ပြီးသော။ဘုရားအဖြစ်ကို ရရှိပေ

ပြီဟု၊ငါ-တာ၁ဝနှံ့ပြီ၊ ယခု ငါ့လက်ကိုင်ရရှိပြီးဖြစ်သော၊ဉာဏ်တော် အပေါင်းတို့ကို၊ ဆန့်ကျင်ဘက်တရားတို့ မဖျက်ဆီးနိုင်တော့ပြီ၊ဤ ခန္ဓာကိုယ်၏ အဖြစ်ကား၊ နောက်ဆုံးအဖြစ်ပင်ဖြစ်ပေတော့၏၊ နောက်အသစ်တဖန်ထပ်မံ၍၊ ငါ့ အား ပဋိသန္ဓေနေရန်မရှိတော့ပြီ၊ ဤကဲ့သို့သော ဉာဏ်အမြင်သည်၊ ငါ့ အား စင်ကြယ်ခြင်းရှိ၏ဟူ၍ ဟောကြားတော်မူ၏၊

ဤ ဓမ္မစကြာတရား ဒေသနာတော်၏အဆုံး၌၊ ပဥ္စဝဂ္ဂီ ငါးဦးအနက်၊အရှင်ကောဏ္ဍညနှင့် ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေ၊ နတ်သား အသင်္ချေတို့မှာ၊ သစ္စာဉာဏ်ပွင့်လန်း၍ ကျွတ်တန်းဝင်ကြပေ၏၊ဝါဆိုလပြည့်ကျော် တရက်နေ့မှ၊ လေးရက်နေ့ထိ၊ ထိုဓမ္မစကြာတရားဒေသနာကိုပင်၊ ဆက်လက်ဟောကြားသောအားဖြင့်၊ အရှင်—ဝပ္ပ၊ဘဒ္ဒိယ၊ မဟာနာမ်၊အဿဇိ—ပုဂ္ဂိုလ်များနေ့ရက် အစဉ်၊ ထေရ် အစဉ် အတိုင်း သောတာပန်အဖြစ်သို့ရောက်လျက်၊အပါယ်လေးပါး သံသရာတွင်းဝယ်၊ ပဋိသန္ဓေနေရခြင်း၊ ဆင်းရဲမှု ဟူသမျှ ချုပ်ငြိမ်းရာ၊ ပဌမ နိဗ္ဗာန်စခန်းသို့ဆိုက်ရောက်ကြပါကြောင်း။

သို့ဖြစ်ပါ၍ ဂင်္ဂါ ဝါဠုသဲစုမက ပွင့်ပြီးတော်မူကြကုန်သောဘုရားပေါင်း အသင်္ချေအနန္တ နှင့်တကွ၊ ဂေါတမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်တို့၏၊ ဖွေးဦးစွာ ဟောကြားတော်မူကြရမြဲဓမ္မတာ ဖြစ်ပေသော၊ ဓမ္မစကြာ ဒေသနာတော် မြတ်ကို၊ သေချာစွာ သုံးသပ်ဆင်ခြင်လျက်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို၊အလိုရှိသောပုဂ္ဂိုလ်များသည်၊ ဘုရားသခင်၏ ဟောကြားတော်မူချက်အတိုင်း၊ ဆင်းရဲခြင်းမှန်ကန်သော သဘောတရားဒုက္ခ သစ္စာကို၊ သိခြင်း ဆင်းရဲခြင်းကို ဖြစ်ပေါ်စေ တတ်သည့်

စွဲလမ်းလိုချင်မှုမှန်ကန်သော သဘောတရား-ဒေလာဘ၊ ဝါ၊ တဏှာ သမုဒယသစ္စာကိုပယ်ခြင်း။ ဆင်းရဲခြင်း ချုပ်ငြိမ်းရာ မှန်ကန်သောသဘောတရား နိရောဓသစ္စာ။ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း။ ဆင်းရဲခြင်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ရန်။ ကျင့်ကြံပွားများအားထုတ်ရခြင်းမှန်ကန်သောသဘောတရား၊ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာ တရားများကို၊ ကြိုးစားပွားများအားထုတ်ခြင်း အားဖြင့်၊ မိမိတို့ လိုလား တောင့်တ အပ်သော နိဗ္ဗာန်သို့-မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

အနတ္တလက္ခဏာ-ညွှန်ကြားချာ၊

ဗုဒ္ဓမြွက်ဖျား၊ ဟောကြားစဉ်လာ၊ အနတ္တဟု၊ မှတ်ပလက္ခဏာ၊
အတ္တတရား၊ ပျက်ပြားအောင်သာ၊ ဉာဏ်လက်နက်၊ တိုက်ဖျက်ဘေးသို့ရာ။
အတ္တတရား၊ ပျက်ပြားမှသာ၊ အပါယ်ဝဋ်က၊ ကျွတ်လွတ်ကျမှာ၊
နိဗ္ဗာန်စခန်း၊ ထွက်လမ်းစဟာ၊ အနတ္တ မှတ်ပလက္ခဏာ။ ။

ဟုဆိုအပ်သော။ရှစ်လုံးဘွဲ့ကဗျာသဘောကို။ ထင်ရှားစေရန် ရှင်းလင်းဘော်ပြပါဦးအံ့။ ဘုံသုံးပါး ဟုဆိုအပ်သော-ရုပ်,လောက-နာမ်,လောကကြီးသည်။ စင်စစ်အားဖြင့်-ဓမ္မနိယာမ အစဉ်အလာ။ လက္ခဏာရေးသုံးပါး သဘောတရားသာလျှင်။ ဧကန် စင်စစ် ဖြစ်ပြားသော်လည်း။ ထိုလက္ခဏာရေး သုံးပါးအနက်။ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ။ အနိစ္စဟုဆိုအပ်သော မမြဲခြင်း သဘောလက္ခဏာ။ ဒုက္ခဟုဆိုအပ်သော ဆင်းရဲခြင်း သဘောလက္ခဏာတို့ကို။ ဘုရားသခင် ပွင့်ထွန်းပေါ်ပေါက်တော်မူသော အခါကာလ၌ ဖြစ်စေ။ မပွင့်ထွန်းမပေါ်ပေါက်သော အခါကာလ၌ဖြစ်စေ။

သိသာထင်ရှားနိုင်ပါလျက်။ အနတ္တ, ဟု ဆိုအပ်သော သဘော လက္ခဏာကို ထင်ရှားစွာသိသာနိုင်ခြင်း၊ ဝိဇ္ဇာဉာဏ် ကင်းမဲ့ ကြလေသောကြောင့်။ ဂဂ်ါဝါဠု သဲပုမကာ,ပွင့်ထွန်းတော်မူကြ သည့် ဘုရားပေါင်း အနန္တတို့နှင့် တွေ့ဆုံကြုံကြိုက်လင့်ကစား၊ သံသရာဝဋ်တွင်းမှ လွတ်ကင်းဘွယ်ကိုမရကြရှာဘဲ။ ယခုထက် တိုင်အောင်ပင်။ သံသရာ လောကထဲ၌ ဝဲလှည့် မြလှည့်၍နေကြ ရပေ၏၊ ယခု ဂေါတမမြတ်စွာဘုရား သာသနာတော်နှင့်။ကံ ကောင်းထောက်မကာ၊တွေ့ကြုံရသောအခါတွင်။ ထိုနိဗ္ဗာန်စခန်း ထွက်ရပ်လမ်း၏၊ အဦး အစဖြစ်သော-အနတ္တလက္ခဏာ-ဝိဇ္ဇာ ဉာဏ်,ကို၊သဘောပိုင်ပိုင် ရှာကြံ သိမြင်နိုင်ပါလျက်။ မေ့လျော့ ပေါ့တန်ပြီးသကာလ၊ အပိုအမိုအလုပ်တွေနှင့်၊ အချိန်ကုန်ခံနေ ကြပါမူကား၊ တထစ်ချမလွဲ နောင်သံသရာလောကထဲမှာ၊မျော ချင်တိုင်းမျော၍၊မြုပ်ချင်တိုင်း မြုပ်ကြရပေဦးမည်၊

အဘယ်ကြောင့်ဆိုသော်။ သုံးဆယ့်တဘုံ သံသရာ ဝဋ်မြစ် ကို ဖြတ်တောက်လျက်။နိဗ္ဗာန်စခန်းထွက်ရပ်လမ်းမှာ-သံသရာ တွင်းသို့ ဆွဲငင်မှု အမိုက်ခါတ်ကို ပယ်ရှင်းသည့်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း အလင်းဉာဏ်-အလိုက်သင့်မဂ်စဉ်တွေ မှန်ကန် ပါမှ၊ (အနာနှင့်ဆေး- သင့်အောင်ပေး။ ပျောက်ရေး မခက်ပါ၊) ဆိုသော သံပေါက် ကဗျာကဲ့သို့။ မိမိအလိုရှိအပ်သောအကျိုး ပြီး မြောက် အောင်မြင်ခြင်းအကြောင်း ဖြစ်ပေ၏။ (အနာနှင့် ဆေး- မသင့်အေး-ပျောက်ရေးခက်လှပါ။) ဆိုသကဲ့သို့ သံသရာတွင်း သို့ဆွဲငင်မှု အမိုက်ဓါတ်ကိုပယ်ရှင်းသည့်၊ နိဗ္ဗာန်စခန်းထွက်ရပ် လမ်းအလင်းဉာဏ်မဂ်စဉ်တွေ မမှန်ကန်ပါက၊ မိမိအလိုရှိအပ် သောနိဗ္ဗာန်ကြီးသို့၊ဘယ်လိုနည်းတွေနှင့်မှ ရောက်နိုင်တော့မည်

မဟုတ်ပေ။သို့ဖြစ်လေရကား–သုံးဆယ့်တဘုံ သံသရာလောကကြီးအတွင်း၌၊ ဖြစ်ပေါ်စေတတ်သော ဝဋ်မြစ်နှင့်တကွ၊ ထို ဝဋ်မြစ်တို့အား ပယ်သတ်ပုံ-လက္ခဏာဉာဏ်တို့ ကိုဘော်ပြပါအံ့။

သံသရာလောကကြီးသည်၊အောက်ပိုင်းသံသရာ၊ အလယ်ပိုင်သံသရာ၊ အထက်ပိုင်း သံသရာ-ဟူ၍ သုံးပါး ရှိရာတွင်၊အပါယ်လေးဘုံသည်၊ အောက်ပိုင်းသံသရာ ဖြစ်၏၊ ၎င်းအောက်ပိုင်း သံသရာတွင် ဖြစ်စေတတ်သည့်၊သက္ကာယဒိဋ္ဌိ၊ ဝါ၊အတ္တဒိဋ္ဌိမှားသောအယူဝါဒသဘောတရားများသည်၊ကိလေသဝဋ် မည်၏၊ဒုစရိုက်တရားဆယ်ပါးသည် ကမ္မဝဋ်၊အပါယ်လေးဘုံ သတ္တဝါ တို့၏ ရုပ်နာမ် နှင့်တကွ ဝဋ်ဒုက္ခအပေါင်းသည်- ဝိပါကဝဋ်မည်၏၊ထိုအပါယ်လေးဘုံလောကတွင်း၌ ဖြစ်ပေါ်စေတတ်သော ဝဋ်သုံးပါးကို၊ အနတ္တလက္ခဏာ–ဝိဇ္ဇာဉာဏ်သဘောတရားနှင့်၊ သောတာပတ္တိ မဂ်ဉာဏ်သို့ ဆိုက်ရောက်သည်အထိ၊ ဘောက်တွင်းသိမြင်နိုင်အောင်၊ ကျင့်ကြံပွားများအားထုတ်မှုအကြောင်းတရားဖြင့် ပယ်သတ်ရ၏။ လူ့ပြည်နှင့်တကွ–နတ်ပြည်ခြောက်ထပ်ဟုဆိုအပ်သော၊ ကာမသုဂတိ-ခုနစ်ဘုံ သည် အလယ်ပိုင်းသံသရာဖြစ်၏၊ ထိုအလယ်ပိုင်း သံသရာတွင်ဖြစ်စေတတ်သည့်၊ ကာမတဏှာ-ကာမုပါဒါန် တရားသည် ကိလေသဝဋ်မည်၏၊ ဝိပဿနာ ဘာဝနာ ပညာဉာဏ် ကင်းသော- သုစရိုက်တရားဆယ်ပါးသည် ကမ္မဝဋ် မည်၏၊ လူနတ်သတ္တဝါ အပေါင်းတို့၏ ရုပ်နာမ်ခန္ဓာနှင့်တကွ ဝဋ်ဒုက္ခ အပေါင်းသည်–ဝိပါကဝဋ် မည်၏၊ ထိုကာမသုဂတိ-ခုနစ်ဘုံ အလယ် သံသရာလောကတွင်း၌ ဖြစ်စေတတ်သော- ဝဋ်မြစ် သုံးပါး ကို၊ အနိစ္စလက္ခဏာ ဝိဇ္ဇာဉာဏ် သဘောတရား နှင့်-သကဒါဂါမိ မဂ်ဉာဏ်မှတဆင့်၊

အနာဂါမိမဂ်ဉာဏ်သို့ ဆိုက်ရောက်သည်အထိ၊ ဘောက်ထွင်းသိမြင်အောင် ကျင့်ကြံပွါးများအားထုတ်မှု အကြောင်းတရားဖြင့် ပယ်သတ်ရ၏။ ပြဟ္မာဘုံ နှစ်ဆယ် သည်၊ အထက်ပိုင်းသံသရာဖြစ်၏။ ထိုအထက်ပိုင်းသံသရာတွင် ဖြစ်စေတတ်သည့်၊ ဘဝ တဏှာ- ဈာန် ချမ်းသာ သဘောတရားသည်၊ ကိလေသဝဋ် မည်၏၊ ဝိပဿနာ ဘာဝနာ ပညာဉာဏ် ကင်းသော သမထ ဘာဝနာ ရူပါဝစရ ကုသိုလ်-ကံငါးပါး၊ အရူပါဝစရကုသိုလ် ကံ လေးပါး၊ သဘောတရားသည် ကမ္မဝဋ် မည်၏၊ ပြဟ္မာအပေါင်းတို့၏၊ ရုပ်ခန္ဓာ-နာမ်ခန္ဓာနှင့်တကွ၊ ဝဋ်ဒုက္ခအပေါင်းသည်၊ ဝိပါကဝဋ်မည်၏၊ ထို ပြဟ္မာဘုံနှစ်ဆယ် အထက်ပိုင်း သံသရာလောကကြီးတွင်း၌၊ ဖြစ်စေတတ်သော ဝဋ်မြစ်သုံးပါးကို၊ ဒုက္ခလက္ခဏာ ဝိဇ္ဇာဉာဏ် သဘောတရားနှင့်၊ အနာဂါမိမဂ်ဉာဏ်မှတဆင့်၊ အရဟတ္တ မဂ်ဉာဏ်သို့ ဆိုက်ရောက်သည် အထိ၊ ဘောက်ထွင်း သိမြင်အောင်၊ ကျင့်ကြံ ပွါးများအားထုတ်ခြင်း အကြောင်းတရားဖြင့်ပယ်သတ်ရ၏။

သို့ဖြစ်လေရကား-အောက်ပိုင်း သံသရာကို မဖြတ်တောက်နိုင်ပါဘဲ၊ အလယ်ပိုင်း အထက်ပိုင်း သံသရာများကို၊ မဖြတ်တောက်နိုင်ကြောင်း၊ သောတာပတ္တိမဂ်ကိုမရရှိပါဘဲ၊ အထက်မဂ်စဉ်အဆင့်ဆင့်ကို မရရှိနိုင်ကြောင်းထင်ရှားပေ၏၊ လက္ခဏာရေး သုံးပါး သဘောတရား တို့တွင်၊ အပါယ်လေးဘုံ အောက်ပိုင်းသံသရာ တံခါးပိတ်မှု၊ သောတာပတ္တိမဂ်ဉာဏ်အင်အားကို ရရှိနိုင်ရန်အကြောင်းတရားသည်၊ အနတ္တလက္ခဏာ ဝိဇ္ဇာဉာဏ် သဘော တရားအား၊ သိမြင်အောင် ပွားများ အားထုတ်မှုသာလျှင်၊ ပဌမဆင့် အဓိက လိုရင်းသဘောတရား ဖြစ်လေရကား၊

နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း အစ,သည်၊ အနတ္တလက္ခဏာ ဝိဇ္ဇာဉာဏ်သဘောတရားကိုသိမြင်မှု-ပဌမအစ ပဓါနလိုရင်း ဖြစ်ပေသောကြောင့်။ ဂင်္ဂါဝါဠူ သဲစုမက ပွင့်ထွန်းတော်မူကြသည့်၊ ဘုရားပေါင်း အသင်္ချေ အနန္တ တို့မှာ၊ ထို အနတ္တလက္ခဏာသဘောဉာဏ် ရရှိမှုကိုသာ အခြေခံပြုလျက်၊ သုံးဆယ့်တဘုံ သံသရာလောကကြီးအတွင်းရှိ၊ ပုထုဇဉ်သတ္တဝါအပေါင်းတို့အား၊ နိဗ္ဗာန်စခန်း နိဗ္ဗာန်နန်းသို့ ဆွဲဆောင် ကယ်တင်တော်မူပေသောကြောင့်။ပဌမဆင့်အနေအားဖြင့် အဓိကထား၍သိမြင်အပ်သော၊ ထို အနတ္တ လက္ခဏာ ဝိဇ္ဇာဉာဏ် သဘောတရားကိုသာလျှင်၊ မသိ-သိအောင်- ထိထိ-မိမိ-ရှုးရှုး-ဝိုက်ဝိုက်၊ လေ့လာပွားများကြိုးစည်သုံးသပ် နှလုံးသွင်းအပ်၏၊ သိမြင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း၊

ယခုအခါ-ပုထုဇဉ်ပုဂ္ဂိုလ် သတ္တဝါတို့အား၊ အပါယ်လေးပါးသို့ ဆွဲငင်ကျရောက်စေတတ်သော။ငါ-သူတပါး ယောကျ်ား-မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ထင်ရှားရှိ၏ဟူ၍၊ မှားယွင်း မှတ်ထင်သော အတ္တဒိဋ္ဌိ။အသက်လိပ်ပြာ ပုဂ္ဂိုလ်သတ္တဝါ ဖြစ်သော။ငါ ကောင်ကလေးသည်။သတ္တဝါ-ဖိုလ်-မ-တို့၏ ကိုယ်ကာယ အတွင်း၌၊ အစဉ်ထာဝရတည်ရှိ၏ဟု၊ မှားယွင်းမှတ်ထင်သော အယူဝါဒ, အတ္တနုဒိဋ္ဌိ။ကောင်းမှု မကောင်းမှုသည်ပင် ငါ၊ ငါသည်ပင်လျှင် ကောင်းမှု-မကောင်းမှု။ ကုသိုလ်ကံ-အကုသိုလ်ကံ ဟူ၍၊ ချပ်နှာမ် နှစ်ရပ်နှင့်-ငါ၊ မကွဲမပြား တသားတည်း မှားယွင်း မှတ်ထင်သော အယူဝါဒ-အတ္တဝါဒုပါဒါန်-အစရှိသော၊ အယူမှားမှုဝါဒ- ဟူသမျှတို့၊ ပျောက်ကင်း ပယ်ဖြတ်တော် မူနိုင်သည့်၊ ပဥ္စဝဂ္ဂီ ရဟန်း ငါးပါး တို့အား။ ရဟန်းကိစ္စ ပြီးဆုံးမှုကို အ

ကြောင်းပြုလျက်၊ ကောဇာသက္ကရာဇ်—၁၀၃-ခု၊ ဝါဆိုလပြည့်ကျော်-၅-ရက်နေ့တွင်ဟောတော်မူပြီး၊ ဆိုဆုံးမခဲ့သော-အနတ္တလက္ခဏာသုတ်၏ သဘော အဓိပ္ပါယ် အကျဉ်းချုပ်ကို တော်ပြပါအံ့၊ ပါဠိတော်အစုံအလင်ကို ထိုသုတ်စဉ်၌ ကြည့်ရှုတော်မူကြပါကုန်။

ရုပ်ဘိက္ခဝေ အနတ္တာ-အစရှိသော ပါဠိတော်အရ။ ချစ်သားတို့-ကံ,စိတ်,ဥတု,အာဟာရဟုဆိုအပ်သော၊ အကြောင်းတရားလေးပါးတို့၏၊ စီမံဖန်တီးပြုပြင်မှုကြောင့်၊ ဖြစ်ပေါ်၍လာရသော၊ ဤရုပ်ခန္ဓာကြီးသည်၊ ဝါ၊ အဇ-အပု စသော ဆန့်ကျင်ဘက်သဘောတရားတို့ကြောင့်၊ ဘောက်ပြန် ပျက်စီးတတ်သော ရုပ်တရားကြီးသည်၊ ပုထုဇဉ်သတ္တဝါတို့ ထင်မှတ်နေကြသည့် မှားယွင်းသော အယူဝါဒ၊ ငါ-သူ-တပါး-ပုဂ္ဂိုလ် သတ္တဝါ အသက်လိပ်ပြာ-ယောကျ်ား မိန်းမ-လူနတ် ဗြဟ္မာ တို့၏၊ အတ္တ,တည်းဟူသောကိုယ်မဟုတ်၊ အတ္တကိုယ်၏ဆန့်ကျင်ဘက်တရား၊ အနှစ်မရှိအလိုသို့ မလိုက်တတ်၊ အစိုးမရအပ်သည့် ဘောက်ပြန်ပျက်စီးတတ်သော သဘောတရား ရုပ်ခန္ဓာ- အနတ္တ သဘောတရားသာလျှင်ဖြစ်ပေ၏။ တနည်းအားဖြင့်၊ အလိုသို့မလိုက်တတ်သော သဘော၊ အစိုးမရအပ်သော သဘော၊ ခံစားပြုပြင်စီရင်ဆုံးဖြတ်မှုမှ ဆိတ်သော သဘော၊ မိစ္ဆာဒိဋ္ဌိတို့ ကြံဆအပ်သော၊ ငါ-သူ တပါး—ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ, အသက်လိပ်ပြာ-အစရှိသည့်၊ အတ္တ ကိုယ်တို့၏ ဆန့်ကျင်ဘက်သဘောတရား များကြောင့်၊ ဘောက်ပြန် ပျက်စီးတတ်သော သဘောတရား ရုပ်ခန္ဓာသည်၊ အနတ္တသဘောတရားသာလျှင်ဖြစ်ပေ၏၊ ချစ်သားတို့- ထို ရုပ်ခန္ဓာကြီးအား၊ အနတ္တသဘော

လက္ခဏာ ရှိပေ၏ဟု၊ ငါဘုရား ဟောကြားတော်မူ အပ်သော စကားသည်၊မလွဲဧကန် တကယ်ပင်မှန်တော့၏။

အဘယ့်ကြောင့် နည်းဟူမူကား၊ ဤဘောက်ပြန် ပျက်စီး တတ်သော၊ သဘောတရားရုပ်ခန္ဓာကြီးသည်၊ မိန္တာဒိဋ္ဌိတို့ ကြီစည်၍ ယူဆနေကြသည့်၊ ငါ့,သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ,အသက်လိပ်ပြာ,အစရှိသဖြင့်၊အတ္တ တည်းဟူ သော ကိုဝ်ရှိသည်၊ အနှစ်ရှိသည်၊ အလိုသို့လိုက်တတ်သည်၊အ စိုးရအပ်သည့် သဘောရှိသည်၊ အကယ်၍ ဖြစ်ခဲ့ပါမူကား၊ဤ ဘောက်ပြန် ပျက်စီးတတ်သော သဘောတရားရုပ် ရုပ်ခန္ဓာကြီး သည်၊ သတ္တဝါတို့၏ စိတ်ဓါတ်ကို မွှေနှောက် ချောက်ခြားခြင်း ငှါ၊အဘယ်နည်းနှင့်မှမစွမ်းဆောင်နိုင်ရာ၊ မဖြစ်ပေါ်နိုင်ရာ၊အလို သို့လိုက်တတ်သောသဘော၊ အစိုးရအပ်သောသဘော၊ ခံစား ပြုပြင်စီရင်ဆုံးဖြတ်မှုသဘော၊ အတ္တကိုဝ်မှ မဆန့်ကျင်သောသ ဘောတရားတွေဖြစ်ပါစေ၊ အလိုသို့မလိုက်တတ်သောသဘော အစိုးမရအပ်သော သဘော၊ ခံစားပြုပြင်စီရင်ဆုံးဖြတ်မှုမှကင်း ဆိတ်သောသဘော၊အတ္တကိုဝ်မှ ဆန့်ကျင်ဘက် သဘောတရား တွေ မဖြစ်ပါစေနှင့် အစရှိသဖြင့် တောင့်တငြားအံ့၊ အသင်တို့ အလိုရှိအပ် တောင့်တအပ်သော၊ စိတ်ဆန္ဒအတိုင်းသာ ဖြစ်ပေ ရာ၏၊စင်စစ်မူကား ဤဘောက်ပြန်ပျက်စီးတတ်သော၊ သဘော သဘာဝ အရ ရုပ်ခန္ဓာကြီးသည်၊ အကြောင်းအား လျော်စွာ၊ သူ့ သဘောသဘာဝကို သူဆောင်လျက်၊ သူဖြစ်ချင်သလိုဖြစ်၍ နေပေသောကြောင့်၊ သင်တို့၏ လိုအင်ဆန္ဒ,သို့ မလိုက် ပါဘဲ၊ စိတ်၏ညစ်ငြူးဘွယ် အသွယ်သွယ်ကို ဖြစ်ပေါ်လာရပေ၏။ မိမိ အလိုရှိအပ် တောင့်တအပ်သော သဘောတရားများသာ ဖြစ်ပါ

စေ၊ အလိုမရှိအပ် မတောင့်တအပ်သော သဘောတရားတွေ မဖြစ်ပါစေနှင့်ဟူသော၊ သင်တို့၏ လိုအင်ဆန္ဒသည်၊ အကယ် စင်စစ်အားဖြင့်၊ ဘောက်ပြန်ပျက်စီးတတ်သော သဘောတရား ရှ၊ရုပ်ခန္ဓာကိုယ်က အလိုသို့မလိုက်တတ်သော သဘော၊ အစိုး မရအပ်သောသဘော၊ ခံစားပြုပြင်စီရင်ဆုံးဖြတ်မှုမှကင်းဆိတ် သော သဘော၊အတ္တကိုစ်၏ ဆန့်ကျင်ဘက် သဘော သတာဝ၊ အနတ္တလက္ခဏာ သဘောတရားသာလျှင် ဖြစ်ပေသောကြောင့် အဘယ်နည်းနှင့်မှမရနိုင်ရာဟု ဟောကြားတော်မူပေ၏။

အထက်က ဟောကြားတော်မူချက်အရ၊ ရုပ်ခန္ဓာကြီးသည် အနတ္တလက္ခဏာ သဘောတရားသာ ဖြစ်ကြောင်း၊ ထင်ရှားစွာ သိသာစေရန် အလို့ငှါ၊ ဉာဏ်ကဘီလူးအား ပဋိသန္ဓေရုပ်ခါတ် ဖြစ်ပေါ်လာပုံအကြောင်း၊ မြတ်စွာဘုရားသခင်ဟောကြားတော် မူခြင်းကို၊ဥပမာပြ၍ ဖြေရှင်းပါဦးအံ့၊ သံယုတ်ပါဠိတော်၌၊

ပဌမံ ကလလံ ဟောတိ-ကလလာဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတေ ပေသိ-ပေသိ နိဗ္ဗတ္တတေ ဃနော၊
ဃနာ ပသာခါဇာယန္တိ-ကေသာ-လောမာ-နခါ-ပိစ။

ဟူသောပါဠိတော်အရ၊ ပဋိသန္ဓေတည်နေပုံအဆင့်ဆင့်မှာ၊

၁။ ကလလရေကြည် ၇-ရက်။
၂။ အမြှုပ် ၇-ရက်။
၃။ အသားတစ် ၇-ရက်၊
၄။ မာချော ၇-ရက်၊
၅။ ခက်မငါးပြာ ၇-ရက်။ ၎င်းနောက်မှ၊

နွံ စတ္တာလီသ မေ သတ္တဟေ-တောဒနိ ဇာယန္တိ- ဟူသော

သံယုတ်အဋ္ဌကထာအရ၊ ဆံပင်,အမွေး,ခြေသည်း, လက်သည်း တို့သည်၊ လေးဆယ်နှစ်သက္ကာဝဟ မြောက်၌ဖြစ်ပေါ်ကုန်၏ဟူ၍ ဟောကြားတော်မူလေရကား။

၄။ အကြည်ဓါတ်ကင်းမဲ့သော–မျက်စိအိမ်၊ နားအိမ်၊ နှာခေါင်းအိမ်၊လျှာအိမ် ဖြစ်ပေါ်ခြင်း၊ သုံးဆယ့်ငါးရက်၊

၅။ ထို မျက်စိ၊နား၊နှာခေါင်း၊လျှာ, တို့တွင်။ အကြည်ဓါတ် ဖြစ်ပေါ်ခြင်း ခုနစ်ရက်။

၆။ တကိုယ်လုံး၌ ရုပ်များ ရင့်ကျက်ခြင်း။ နှစ်ရာ့တဆယ် ရက်၊

၉။ ဆံပင်၊အမွေး၊ခြေသည်း၊လက်သည်း၊ဖြစ်ပေါ်ခြင်း၊ခုနစ် ရက် ဖြစ်ပေ၏။ အရဗုပေါင်း–သတ္တာဝဟ အားဖြင့်- လေးဆယ့် နှစ်သတ္တာဝဟ–ရက်အားဖြင့် ကိုးလ နှင့် နှစ်ဆယ့် လေးရက် တွင် အမိဝမ်းမှ ဘွားမြင်ရပေ၏၊

ဤအထက်ပါ သဘောအလိုမှာ အဘိဓမ္မာ အဋ္ဌကထာ မူလ ဋီကာကျမ်းအလို တို့နှင့်လည်း ညီညွတ်ပေ၏။ ထိုနောက်

ကလလရူပံ ဓာတိဥဏ္ဏာဝယ ဧကေန အံသုနာ ဥဒ္ဓ‌ဋတတေ လ ဗိန္ဒုမတ္တံ ဟောတိ။

ဟူသော ဝိနည်း အဋ္ဌကထာ,အရ၊ ပဌမ ခုနစ်ရက် အတွင်း ကလလရေကြည်တည်စ၊ရုပ်စိုင် ရုပ်ခဲကလေးသည်၊ဓာတိဥဏ္ဏာ အမည်ရသော သုံးမျိုးသော သိုးကောင် တို့၏ တချောင်းသော သိုးမွေးဖျား၌၊လုတ်ဆယ် ယူငင်၍ရအပ်သော ဆီကြည်ပမာဏ ရှိ၏။ ထို သိုး သုံးမျိုးမှာ၊

၁။ ဝမ်းခွဲ၍ယူသောသိုး။

၂။ ဘုရားခါစသို။

၃။ ဧဏီ အမည်ရှိသော သားကောင်တမျိုးမျိုးတို့၏အမွေး တချောင်းကိုယူ၍။ အကြိမ်များစွာ စစ်အပ်ပြီးသော ဆီကြည် တွင်။နှစ်လျက်ယူငင်ကြည့်ရှုသောအားဖြင့်၊ ထိုအမွေးမျှင်ဖျား၌ တည်ရှိသော ဆီကြည် ပမာဏရှိ၏ ဆိုလိုသည်၊ စင်စစ်သော် ကား ပကတိမျက်စိဖြင့် မမြင်ကောင်းပြီ၊ သမ္မောအဋ္ဌကထာ၌။ တောင်ကျွန်းသူ၏ဆံပင် ရှစ်ဖိတ်တဖိတ်သည်။ မြောက်ကျွန်းသူ ၏ ဆံပင်တပင်ပမာဏရှိ၏။ ထိုမြောက်ကျွန်းသူ၏ဆံပင်အောက် သိုးမွေးက သေးငယ်ကြောင်း ဟောကြားတော်မူ၏။ စင်စစ်သိ စေလိုရင်းသဘောတရားမှာ၊ ဤမမြင်စကောင်းသော ကလလ ရေကြည်ကလေးသည်၊ဥပါဒ်ဟူ၍ဖြစ်ပေါ်သည့်မှ အစပြုလျက်။ ကံ,စိတ်,ဥတု, အာဟာရ-လေးဝသော အကြောင်း တရားတို့ ပေါင်းရုပြုပြင်သောအားဖြင့်၊ ဋ္ဌီ,ဘင်,ဟူ၍- ဥပါဒ်,ဋ္ဌီ,ဘင်,အစဉ် အားဖြင့်၊ ရုပ်ဟောင်းများ အဆင့်ဆင့်ပျက်လျက်။ ရုပ်သစ်တွေ အဆင့်ဆင့်ပြောင်းလဲကာ၊ ပျက်ခြင်းသဘော-ဖြစ်ခြင်းသဘော တရားနှစ်မျိုးအရ ပြောင်းလဲလာခဲ့ရာ၊ ဒုတိယ-အမြှုပ်ခုနစ်ရက် တွင် တွေ့မြင်ကောင်းသော-ပဏာမသို့ကျရောက်ခဲ့ပေ၏။

ဤနည်းအားဖြင့်-အဆင့်ဆင့် တက်လျက်။ ရှေ့သို့ အဖြစ်သ ဘောတရား အသစ်တွေဖြစ်၍ သွားလေသမျှ၊ နောက်မှ အဖြစ် ဟောင်း သဘောတရားတွေ၊ ပျက်စီးလာခဲ့ရပေပြီဟု ဘုရားမြင် သည့်ကာလသို့တိုင်အောင်၊ ရုပ်သစ်,ရုပ်ဟောင်း အစဉ်ဒလစပ် ပြောင်းလဲ ဖြစ်ပျက်ခဲ့ရပုံ။ဘုရားမြင်ပြီးသည့်နောက်။ ပက်လက်အ ရွယ်မှောက်ရက်အရွယ်။ လေးဘက်တွားအရွယ်၊မတ်တတ်ရပ် အရွယ်။ဆယ်နှစ်အရွယ်-အစရှိသဖြင့်၊အရွယ်အမျိုးမျိုးအစားစား

ပြောင်းလဲ ဖြစ်ပျက်၍သွားပုံကို၊ မျက်မြင်အကြမ်းစားအနေဖြင့်၊ မှန်းဆခါ-မျက်စိတမှိတ်မျှလောက်သော အချိန်ကာလ အတွင်းဝယ်။ ရုပ်ပေါင်း-ကုဋေ ငါးထောင်ကျော်၊ အဖြစ်ဟောင်း သဘောတရားတွေပျက်လျက်၊ အဖြစ်သစ် သဘောတရားတော်ဖြစ်ခါ၊ ပျက်-ဖြစ် ပျက် ဖြစ်။ အနေအားဖြင့် ပြောင်းလဲ ဖန်တီး၍သွားပုံ၊ ဟောကြားတော်မူခြင်းကို ထောက်ဆဆင်ခြင်လျက်။ ဥပါဒ်အားဖြင့် ဖြစ်ပေါ်ပြီးသောရုပ်ဓါတ်အား။ ရင့်ရော်ဆွေးမြေ့စွာတည်သော-ဌီ,သဘောသို့ မရောက်အောင်။ ရင့်ရော် ဆွေးမြေ့စွာတည်သောရုပ်ဓါတ်အား၊ ယိုယွင်းပျက်စီးသောသဘော-ဘင်,သို့ မရောက်ရ လေအောင်။ မည်သို့သော အာဏာစက် သတ္တိတန်ခိုးတွေနှင့်မှ တားမြစ်၍မရ။ မည်သူတဦးတယောက်မှလည်း အာဏာမပေးပိုင်၊ မည်သူ့ အလိုသို့မှလည်းမလိုက်၊ မည်သူ့အကြိုက်ကိုမှလည်းမပါဘဲ၊ ဘောက်ပြန် ပျက်စီးတတ်သော သဘောတရားရှ ရုပ်ခန္ဓာကြီးသည်။ ကံ-စိတ်-ဥ-ဟာ-ကြောင်းလေးဖြာတို့။ ပြုပြင်မှု အကြောင်းအားလျော်ညီစွာ။ သူ့သဘောသဘာဝကို သူ ဖန်တီးလျက်၊ အစဉ်ဒလစပ် ပျက်စီးမှုမှ ဖြစ်ပေါ်မှုသဘောတရားသို့၊ ဖြစ်ပေါ်မှုမှ ပျက်စီးမှုသဘောတရားသို့၊ ပျက်,ဖြစ်,ပြောင်းလဲ၍ နေတတ်သော သဘောတရားသာလျှင်ဖြစ်ပေသောကြောင့်။ အလိုသို့မလိုက်တတ်သောသဘော၊ အစိုးမရအပ်သောသဘော။ ခံစားပြုပြင်စီရင်ဆုံးဖြတ်မှု ကင်းဆိတ်သောသဘော။ အတ္တဒိဋ္ဌိ အယူဝါဒ သမားတို့၏ တွေးကြံဆုံးဖြတ်ချက် နှင့်၊ ဖြောင့် ဖြောင့်ကြီး ဆန့်ကျင်ဘက်ကြလျက်နေသော။ အနတ္တလက္ခဏာသဘောတရားသာလျှင်ရှိကြောင်းမှတ်သားအပ်ပေ၏။

ဤအထက်၌ ပြဆိုခဲ့ပြီးသော ရုပ်တရား၏ အလိုသို့ မလိုက် တတ်မှု၊အစိုးမရအပ်မှု–စသောအနတ္တလက္ခဏာသဘောတရား များရှိကြောင်းကို ထောက်ထားဆင်ခြင်သောအားဖြင့်၊ ဝေဒနာ ဘိက္ခဝေ အနတ္တာ- အရ၊ ခံစားတတ်သော သဘောတရားရ၊ သုခ-ဒုက္ခ–သောမနဿ-ဒေါမနဿ-ဥပေက္ခာဝေဒနာ, အားဖြင့် ပြားအပ်သော-စိတ်တခုယုတ် ကိုးဆယ် ၌ရှိသော၊ ဝေဒနာတခု ယုတ်ကိုးဆယ် နာမ်ခန္ဓာတရား၏၊ အနတ္တလက္ခဏာ သဘော တရား၊ သညာဘိက္ခဝေ-အနတ္တာ–အရ၊ မှတ်သားတတ်သော သဘောတရားရ၊ စိတ်တခုယုတ်ကိုးဆယ်၌ရှိသော သညာတခု ယုတ်ကိုးဆယ်၊ နာမ်ခန္ဓာတရား၏–အနတ္တ လက္ခဏာသဘော တရား၊ သင်္ခါရာဘိက္ခဝေ အနတ္တာ အရ၊ ဝေဒနာသညာမှကြွင်း သော၊စေတသိက် ငါးဆယ် နှစ်ပါးအနက်၊ ကျန်ငါးဆယ်သော ကောင်းမှု မကောင်းမှု အကြောင်းရတို့ကို၊ ပြုပြင် ဖန်တီးတတ် သော သဘောတရားရ သင်္ခါရက္ခန္ဓာ-နာမ်ခန္ဓာ၏ အနတ္တလက္ခ ဏာ သဘောတရား၊ ဝိညာဏံဘိက္ခဝေ-အနတ္တ အရ၊ စိတ် တခုယုတ် ကိုးဆယ် ဟုဆိုအပ်သော၊ သိတတ်သော သဘော တရားရ၊ဝိညာဏက္ခန္ဓာ-နာမ်ခန္ဓာ၏–အနတ္တလက္ခဏာသဘော တရားတို့မှာ၊ မျက်စိတမှိတ် လျှပ်တပစ်-အချိန်ကာလ အတွင်း တွင်၊ ဥပါဒ်-ဋ္ဌီ-ဘင်-အစဉ်အားဖြင့်၊ ကုဋေတသိန်းမျှ-နာမ်သစ် နာမ်ဟောင်း-ဖြစ် ပျက် ပြောင်းလဲ သွားပုံမှာ၊ အထက်ကတော် ပြခဲ့ပြီးသော ဝိထိ ကျပုံကို ထောက်ဆ ဆင်ခြင်သောအားဖြင့်၊ သိမြင် နှလုံးသွင်းတော်မူကြပါကုန်၊

ထိုကဲ့သို့ ခန္ဓာငါးပါး ရုပ်နာမ်သဘောတရားတွေကို၊ အနတ္တ လက္ခဏာသာလျှင် ဖြစ်ကြောင်း ဟောကြားတော်မူပြီး၍၊ ၎င်း

ခန္ဓာငါးပါး ရုပ်နာမ်တရားများကို၊ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခ
ဏာ သဘောတရားအားဖြင့်၊ဟောကြားတော်မမူသေးရကား၊
ထို လက္ခဏာ နှစ်ပါးကို ဟောကြားလျက်။ အားလုံး ပူးပေါင်း
ကာ၊ လက္ခဏာရေး သုံးပါး သဘောသရားကို သိမြင်စေခြင်း
အလို့ငှါ။ ကိံ မညထ ဘိက္ခဝေ - ရူပံ နိစ္စံဝါ- အနိစ္စံဝါ- အစရှိ
သည်ဖြင့်။ ဟောကြားတော်မူခြင်း အဓိပ္ပါယ်အလိုမှာ၊ ချစ်သား
တို့-ငါဘုရား ယခု ဟောကြားတော်မူအပ်လတံ့သော အကြင်
စကားကို၊သင်တို့အဘယ်ကဲ့သို့ အောက်မေ့ မှတ်ထင်ကြပါသ
နည်း။ ကံ,စိတ်,ဥတု,အာဟာရ, အကြောင်းတရား လေးပါးတို့
ပေါင်းစပ် ပြုပြင်မှုကြောင့် ဖြစ်ပေါ်၍လာရသော၊ ဘောက်ပြန်
ပျက်စီးတတ်သည့် သဘောတရားရှိသော ရုပ် ခန္ဓာသည်။ မြဲ
သော သဘောတရားရှိသလော။ မမြဲသော သဘောတရားရှိသ
လောဟုမေးလတ်သော်၊ အရှင်ဘုရား-ကံ,စိတ်,ဥ,ဟာ,လေးဖြာ
သောအကြောင်း ရပေါင်း၍ ဖြစ်ပေါ်လာရသော ဤ ရုပ်တရား
သည်၊ရင့်ရော် ဆွေးမြေ့မှုသဘော—ဋ္ဌီ,ကာလတွင် တည်တံ့၍
မနေဘဲ။ ယိုယွင်းပျက်စီးမှု သဘော-ဘင်,ကာလသို့ ပြောင်းလဲ
သွားလေသောကြောင့်။ မမြဲသော အနိစ္စ လက္ခဏာ သဘော
တရားရှိပါသည်ဘုရား။ တနည်းအားဖြင့်-ရုပ်ခန္ဓာကြီးသည်၊

၁။ ဖြစ်ခြင်း ပျက်စီးခြင်း သဘောတရားရှိသည့်၏အဖြစ်။

၂။ တခဏသောကာလမျှသာ ဖြစ်တတ်သည်၏အဖြစ်။

၃။ ဘောက်ပြန်ခြင်းသဘောတရား ရှိတတ်သည်၏အဖြစ်၊

၄။ မြဲသောသဘောတရားကို ပယ်ရှားတတ်သည့်၏အဖြစ်
များကြောင့်၊ မမြဲသော--အနိစ္စ လက္ခဏာ သဘောတရား ရှိပါ
သည်ဘုရား ဟု လျှောက်ကြလေသော်၊ ထိုမမြဲသော သဘော

လက္ခဏာ ရှိသည့် ရုပ်ခန္ဓာကြီးသည်၊ ဆင်းရဲသလော–ချမ်းသာ သလော ဟု မေးတော်မူပြန်ရာ၊ အရှင်ဘုရား ဤ ဘောက်ပြန် ပျက်စီးတတ်သော သဘောတရားရှ ရုပ်ခန္ဓာကြီး သည်၊ ရင့် ရော်ဆွေးမြေ့၊ ယိုယွင်း ပျက်စီးမှုသဘောတရားတို့ဖြင့်၊ ခံသာ မခံသာအောင် အစဉ်ဒလစပ် နှိပ်စက်အပ်သော အခြင်း အရာ ကြောင့် ဆင်းရဲခြင်းသဘောရှိပါသည်ဘုရား၊ တနည်း အားဖြင့် ဤရုပ်ခန္ဓာကြီးသည်၊

၁။ ပူလောင် မြေခြင်းသဘော၊

၂။ သည်းခံနိုင်ခဲသောသဘော၊

၃။ ဆင်းရဲခြင်းအပေါင်းတို့၏ တည်ရာသဘော၊

၄။ ချမ်းသာကိုပယ်ရှားတတ်သော သဘောသဘာဝများ ကြောင့်၊ဆင်းရဲခြင်း ဒုက္ခလက္ခဏာ သဘောတရားသာ ဖြစ်ပါ သည်ဘုရားဟူ၍ လျှောက်ထားကြသောအခါ၊ ဤ ရုပ်ခန္ဓာကြီး သည် ဖြစ်ပေါ်ပြီး၍၊ ပျက်စီးခြင်း သဘောသို့ ပြောင်းလွဲခြင်း အားဖြင့် မမြဲခြင်းမည်၏၊ ဝါ၊ အနိစ္စ လက္ခဏာ သဘောတရား မည်၏၊ရင့်ရော်ဆွေးမြေ့ ယိုယွင်းပျက်စီးမှုတို့ဖြင့်၊ခံသာမခံသာ အောင် အစဉ်ဒလစပ် နှိပ်စက်အပ်သော အခြင်းအရာကြောင့်၊ ဆင်းရဲခြင်းမည်၏၊ ဝါ၊ ဒုက္ခလက္ခဏာမည်၏၊ ဤရုပ်ခန္ဓာကြီး သည်၊ ဇရာ-မရဏ,အားဖြင့် ဘောက်ပြန် ပျက်စီးတတ်သော သဘောရှိ၏၊ ထိုကဲ့သို့ မမြဲသော သဘောတရား–အနိစ္စလက္ခ ဏာ၊ဆင်းရဲသောသဘောတရား ဒုက္ခလက္ခဏာ၊ ဘောက်ပြန် ပျက်စီးတတ်သည့်- ဝိပရိဏာမ, သဘောတရားသာလျှင် ဖြစ် သော ဤရုပ်ခန္ဓာကြီးကို၊ ဧတံ မမ၊ ဤရုပ်သည် ငါ၏ဥစ္စာပေ တည်းဟု၊လိုချင်စွဲလမ်းမှုသဘောတရား တဏှာ၏ အစွမ်းအား

ဖြင့်ရင်း၊ ဇေသောပဟာသ္မိ-ဤရုပ်ကြီးသည် ငါဖြစ်၏ဟူ၍၊ ထောင်လွှား တက်ကြွတတ်သော သဘောတရား-မာန်မာန,၏ အစွမ်းအားဖြင့်ရင်း၊ ဇေသောမေအတ္တာ-ဤရုပ်ကြီးသည်၊ ငါ၏အလိုသို့ လိုက်တတ်သော ကိုယ်ပင်တည်းဟူ၍၊ ရုပ် နှင့်ငါ-မကွဲမပြားတ သားတည်း မှတ်ထင်တတ်သည့်၊ မှားယွင်းသော အယူဝါဒသ ဘောတရား၊အတ္တဒိဋ္ဌိ,အစွမ်းအားဖြင့်ရင်း၊ ရှုဆင်ခြင်ခြင်းငှါသင့် လျော်ပါမည်လောဟုမေးပြန်သော်၊ အရှင်ဘုရား-အနတ္တ—အနိစ္စ ဒုက္ခ—လက္ခဏာရေးသုံးပါး သဘောဘာရားသာလျှင် ဖြစ်သော၊ ဤဘောက်ပြန် ပျက်စီးမှုသဘော သဘာဝ အရ ရုပ်ခန္ဓာကြီး ကို၊တဏှာ,မာန,ဒိဋ္ဌိ,သဘောတရားတို့၏အစွမ်းအားဖြင့်၊ ရှုဆင် ခြင်းငှါ မသင့်လျော်ပါဘုရားဟူ၍ လျှောက်ကြလေ၏၊

ထိုအခါ မြတ်စွာဘုရား သခင်က- ဝေဒနာ-သညာ-သင်္ခါရ ဝိညာဏ်-ဟုဆိုအပ်သော နာမ်ခန္ဓာတရား လေးပါးတို့ကိုလည်း အထက်ပါနည်းအရ၊မြဲ-မမြဲ၊ဆင်းရဲ-မဆင်းရဲ၊ တဏှာ-မာန-ဒိဋ္ဌိ သဘောတရားတို့၏ အစွမ်းအားဖြင့်၊ ရှုဆင်ခြင်ခြင်းငှါ သင့် မ သင့်မေးတော်မူချက်အရ၊မမြဲကြောင်း၊ ဆင်းရဲကြောင်း-တဏှာ မာန,ဒိဋ္ဌိ, သဘော တရားတို့၏ အစွမ်းအားဖြင့်၊ ရှုဆင်ခြင်ရန် မသင့်လျော်ကြောင်း လျှောက်ကြသော အခါ၊ မြတ်စွာဘုရား သခင်က-အလုံးစုံသော မိမိသန္တာန်ဖြစ်၍၊အဇ္ဈတ္တိက ဟုခေါ်ဆို အပ်သော၊အခြားတပါးသောပုဂ္ဂိုလ်သန္တာန်၌ဖြစ်၍၊ ဗဟိဒ္ဓ,ဟု ခေါ်ဆိုရသော၊ ရုပ် ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်,တည်း ဟူသော၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို၊ တဏှာ, မာန, ဒိဋ္ဌိ, ဟုဆိုအပ်သော၊ မှားယွင်းမှု အယူဝါဒ သဘောဘာရားတို့ဖြင့် မရှုအပ်၊ နေတံမမငါ၏ဥစ္စာမဟုတ်ကြောင်း၊ နေသောဟမသ္မိ၊

ငါမဖြစ်ကြောင်း။ နမော သော အဇ္ဈာတ္တိ၊ ငါ၏အလိုသို့မလိုက် ခြင်းစသော သဘောတရားကြောင့် အဇ္ဈ မည်သည့် မဟုတ် ကြောင်း၊ တဏှာ,မာန,ဒိဋ္ဌိ,သဘောတရားတို့၏ အစွမ်းကိုပယ် ရှားလျက်။ အနတ္တ,အနိစ္စ,ဒုက္ခ–သုံးဝသော လက္ခဏာ သဘော တရားအစွမ်းအားဖြင့်၊ မဘောက်မပြန် ဟုတ်မှန်သော အတိုင်း၊ သမ္မာဒိဋ္ဌိ–ဝိပဿနာ ဘာဝနာဉာဏ်–မဂ်ဉာဏ်တို့ဖြင့်။ ရှုဆင် ခြင်အပ်ကြောင်း ဟောကြားတော်မူ၏။ ပုင်းနေ့ခက်တမန်။

သံ ပဿံ ဘိက္ခဝေ-သုတဝါ-အရိယ သာဝကော
ရူပသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ အစရှိသောပါဠိတော်အရ။

ချစ်သားတို့–ဤ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို၊ မမြဲသော အနိစ္စသဘောလက္ခဏာ။ဆင်းရဲသော-ဒုက္ခသဘောလက္ခဏာ၊ အလိုသို့မလိုက်ဘဲ အစိုးမရအပ်သော-အနတ္တသဘော လက္ခ ဏာ၊ သမ္မာဒိဋ္ဌိ ဝိပဿနာ ဘာဝနာ ဉာဏ်၊ မဂ်ဉာဏ်,တို့ဖြင့် ရှုဆင်ခြင်သော–ပရိယတ်–ပဋိပတ်-ပဋိဝေဓ- ဟု ဆိုအပ်သော၊ အကြားအမြင်, ဗဟုသုတ,နှင့်ပြည့်စုံသော၊ အရိယာပုဂ္ဂိုလ်ဖြစ် သည့်–ငါဘုရား၏တပည့်သားသည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရား တို့၌၊ ဝိပဿနာ ဘာဝနာဉာဏ်, အခြေပါဒ အားဖြင့် ငြင်းငြုန်း ငြီးငွေ့၏၊ထိုကဲ့သို့ တရားသဖြင့် ငြင်းငြုန်း ငြီးငွေ့ခြင်းကြောင့်၊ လေးပါးသောမဂ်ဉာဏ်အစဉ်သို့ရောက်လျက်၊ ဒုက္ခသစ္စာ-ခန္ဓာ ငါးပါးအပေါ်တွင်၊လိုချင်တတ်မက်ခြင်း တဏှာ-သမုဒယသစ္စာ ကင်း၏၊ ထိုကဲ့သို့ ခန္ဓာငါးပါးကို လိုချင်မှု လောဘတဏှာ-သမု ဒယသစ္စာ, ကင်းလေသောကြောင့်၊ လေးပါးသော ဖိုလ်အစဉ် အားဖြင့်၊ ဒုက္ခသစ္စာ ကိလေသာ အပေါင်းတို့မှ လွတ်ကင်း၏၊

ဤကဲ့သို့ အလုံးစုံသော ကိလေသာကင်းလွတ်သည့်၊ အရဟတ္တဖိုလ်သို့ရောက်ပေပြီဟူ၍၊ သိမြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပေါ်လာ၏၊

နောက်ထပ်မံ၍ တဖန် ဘဝသစ်၌ ပဋိသန္ဓေနေရန် မရှိတော့ပြီ။မဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ကြံပြီးပြီ။ သစ္စာလေးပါးတရားတို့၌ ပြုဘွယ်ကိစ္စ ဟူသမျှ တို့ကို ပြုလုပ်ပြီးစီးပြီဖြစ်၍၊ နောက်တဖန် ထပ်မံ၍ အခြားတပါးသော ပြုဘွယ်ကိစ္စမရှိတော့ပြီဟု၊ ပိုင်းခြား၍ သိပေ၏ဟု ဟောကြားတော်မူသည်၏အဆုံး၌၊ ပဥ္စဝဂ္ဂီရဟန်း-ငါးပါး တို့မှာ၊ အဍ္ဍတ္တ-ဗဟိဒ္ဓ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို၊ ငါ၏ဥစ္စာဟူ၍ စွဲလမ်း မှတ်ထင်မှုတဏှာ၊ ငါဖြစ်၏ဟူ၍ စွဲလမ်း မှတ်ထင်မှု-မာန၊ အလိုသို့လိုက်တတ်ခြင်း သဘောရှိသော-အတ္တ, ကိုယ်ပင်တည်းဟူ၍ စွဲ လမ်းမှတ်ထင်မှု- ဒိဋ္ဌိ-ဟု ဆိုအပ်သည့်၊ အလုံးစုံသော ကိလေသာတရားတို့ ကုန်ခန်းလျက်၊ အရဟတ္တမဂ် ဉာဏ် လက်နက်ကို၊ လက်ဆုတ်လက်ကိုင်ရရှိပြီးသကာလ၊ အရဟတ္တဖိုလ်တရားကိုခံစားရပေတော့၏၊သို့ဖြစ်ပါ၍-ဗဟိဒ္ဓ-အဍ္ဍတ္တ ရှိ-ရုပ်ဓါတ် နာမ်ဓါတ် တို့ကို။ လက္ခဏာရေး သုံးပါး သဘောတရားဖြင့် ရှုဆင်ခြင်ရမည်။ ပွားများဆင်ခြင် ထင်မြင်သော ဉာဏ် ရရှိကြပါစေသတည်း။

ပဋိစ္စသမုပ္ပါဒ်-စက်ရဟတ်။

ကြောင်း ကျိုး ဆက်စပ်၊ မပြတ် ခါခါ။
စက်ဝိုင်းပုံကြီး၊ ခရီး တူစွာ။
အဝိဇ္ဇာနှင့်၊ လောဘတဏှာ။
သူ့ကြောင့်ဘဲ၊ စဲလှည့်သံသရာ။ ။

အဝိဇ္ဇာနှင့်၊ လောဘတဏှာ။
သူ့ကိုသတ်က၊ ရပ်ရသံသရာ။
နိဗ္ဗာန်စခန်း၊ ထွက်လမ်းသာယာ။
ဝိဇ္ဇာဓါတ်၊ မပြတ်ယှဉ်စမ်းပါ၊

ဟူသော ၅စ်လုံးဘွဲ့ ကဗျာ သဘောကို၊ အကျယ်အားဖြင့် ၅င်းလင်းဘော်ပြပါဦးအံ့။ မြတ်စွာဘုရားသခင်သည်၊သုံးဆယ်. တဘုံ သံသရာလောကကြီးအတွင်း၌၊ ပုထုဇဉ်–ဗြဟ္မာ နတ်လူ နှင့်-ငရဲသူ သတ္တဝါတို့။ မပြတ်မလပ်-ဒလစပ် ဗျည့်ပတ်ခါဖြစ် ပေါ်နေရခြင်း၊ သံသရာစခန်းလှည့်ပတ်လမ်း အကြောင်းရင်းနှင့် တကွ၊ ထိုသံသရာစခန်းကို ချွတ်ထွက်တတ်သည့်၊

၁၊ အသက် လိပ်ပျာ- ပုဂ္ဂိုလ် သတ္တဝါ- ငါ- သူတပါး ယောကျ်ား–မိန်းမ ထင်၅ားရှိ၍ဟူ၊ အထင်,အမြင်,အမှတ်,အယူ အစွဲမှားယွင်းခြင်း-အတ္တဒိဋ္ဌိ၊

၂၊ အသက်လိပ်ပျာ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ- ဟူသောအ ကောင်ကလေးသည်၊ သတ္တဝါ ဖို,မ, တို့၏ ခန္ဓာကိုယ်တွင်း၌၊ အစဉ်အမြဲရှိ၍ဟူ၊ အထင်,အမြင်,အမှတ်, အယူ အစွဲ,မှားယွင်း ခြင်း-အတ္တနုဒိဋ္ဌိ၊

၃၊ ကောင်းမှု- မကောင်းမှု ကုသိုလ်– အကုသိုလ် တရား သည် ပင်လျှင်-ငါ၊ ငါ-သည်ပင်လျှင်- ကောင်းမှု မကောင်းမှု၊ ကုသိုလ် အကုသိုလ်ကံဖြစ်သည်ဟူ၍၊ အထင်,အမြင်, အမှတ်, အယူအစွဲ မှားယွင်းခြင်း-အတ္တဝါဒုပ္ပါဒ်၊

၄၊ ပရမတ္ထ သဘာဝ သဘောတရားများကို၊ ငါ,သူတပါး, ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ ဖြစ်သည်ဟု၊ အထင်,အမြင် အမှတ်,အယူအစွဲ,မှားယွင်းခြင်း–သက္ကာယဒိဋ္ဌိ၊

၅။ ပရမတ္ထသဘာဝ သဘောတရားများကို၊ အသက်၊ လိပ်ပျာ-ပုဂ္ဂိုလ် သတ္တဝါ-ငါ ကောင်ကလေးသည်။ ကမ္ဘာများစွာကုန်သော်လည်း၊ မသေ မပျက် မြဲ၏ဟု အထင်, အမြင်, အမှတ်, အယူအစွဲ, မှားယွင်းခြင်း-သဿတဒိဋ္ဌိ၊

၆။ အသက် လိပ်ပျာ-ပုဂ္ဂိုလ်, သတ္တဝါ-ငါကောင် ကလေးသည်၊ သေသည့်၏အခြားမဲ့၌၊ အကြောင်း အကျိုး ဆက်လက်၍ ဖြစ်ပေါ်ခြင်းမရှိ၊ ပြတ်တောက်သွား၏ဟု၊ အထင်, အမြင်, အမှတ် အယူအစွဲ မှားယွင်းခြင်း-ဥစ္ဆေဒဒိဋ္ဌိ၊

အစရှိသဖြင့်၊ ပရမတ္ထသဘာဝ-ရုပ်နာမ်သဘောတရားတွေကို၊ အထက်ပါ သဘောတရားများအရ၊ မိစ္ဆာဒိဋ္ဌိ တရားတွေ အစဉ်မပြတ် ပူးဝင်နေကြသည့် အန္ဓ ပုထုဇဉ်တို့၏ မှားယွင်းသော အယူဝါဒများကို၊ မှန်ကန် စွာ စင်ပြို ဖြောင့်စင်း လျက်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းဟု ဆိုအပ်သော၊ အနတ္တလက္ခဏာ ဉာဏ်၊ အရောင်အလင်း ရကြစေခြင်းအကျိုး၄၁၊ ခန္ဓာ, အာယတန ဓါတ်တို့သည်၊ ဓမ္မနိယာမ, အစဉ်အလာ-သဘော သဘာဝအတိုင်း၊ အကြောင်းအကျိုးဆက်စပ်လျက်၊ မရပ် မနား ဖြစ်ပွား ပေါ်ပေါက်၍နေပုံသဘောတရားကို၊

နှစ်ပါးမူလ၊ ကာလသုံးသွယ်၊ ဝင်္ဂဝယ်သုံးရပ်၊ သုံး
အစပ်နှင့်၊ လေးထပ်အသွာ၊ ဆယ့်နှစ်ဖြာအင်္ဂါ၊
ခြင်းရာနှစ်ဆယ်၊ အားဖြင့်၊ ဟောကြား ထုတ်ဘော်

ဆုံးမတော်မူပေသော၊ ပဋိစ္စသမုပ္ပါဒ-ဆိုသည်မှာ၊

ဇာတိခေါ် ဘဝကြွေ-ယာတတြ တတဝါ၊ အဝိတထ
တာ၊ အနညတထာ၊ ဣဒပ္ပစ္စယထာ၊ အယံ ဝုစ္စတိ ပဋိစ္စ
သမုပ္ပါဒေါ၊ ဟူ၍-နိဒါနဝဂ္ဂသံယုတ်ပါဠိတော်အရ၊

ဘိက္ခဝေ၊ငါ၏ချစ်သားရဟန်းများတို့၊ ဇာတိခေါ၊ ဤသို့လျှင်၊ ယာ၊အကြင် ပရမတ္ထသဘာဝ ဖြစ်သော ဓမ္မာရုံ-ဓမ္မနိယာမ သဘောတရားကြီးသည်၊ တတြ၊ ထို ပဋိစ္စသမုပ္ပါဒမည်သော သံသရာ၌၊တထတာ၊မှန်သောအဖြစ်ကိုရင်း၊ အဝိတထတာ၊မချွတ်မယွင်းသော အဖြစ်ကိုရင်း၊ အနညတထာ၊ ဖြစ်ခြင်းမှတပါး မပြောင်း မရွေ့ခြင်းကိုရင်း၊ ဣဒပ္ပစ္စယတာ၊ အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်၍နေသော သဘောတရားကိုရင်း၊ အယံ၊ဤအထက်က ပြဆိုခဲ့ပြီးသော အလုံးစုံသော သဘောတရား တို့ကို၊ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ-ဟူ၍၊ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါ ပေ၏၊

အဓိပ္ပါယ်ကား၊ ။ဤ ပဋိစ္စသမုပ္ပါဒ်အားဖြင့် လှည့်ပတ်လျက် ရှိသော သံသရာလောကကြီးသည်၊ ဘုံသုံးပါးအတွင်း၌ ဘုရားသျှင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်း ပေါ်ပေါက်သော ကာလ၌ သော်ရင်း၊ မပွင့်ထွန်း မပေါ်ပေါက်သော ကာလ၌ သော်ရင်း၊ ပရမတ္ထသဘာဝ-ဓမ္မနိယာမအစဉ်အလာအားဖြင့်၊အကြောင်းအကျိုးဆက်လက်လျက်၊အစဉ်ထာဝရ ဖြစ်ပေါ်၍နေသောသဘောတရား ပေတည်း၊ အဘယ်ကဲ့သို့သော သဘောတရား ရှိပါသနည်းဟူငြားအံ့၊အဝိဇ္ဇာ ဟုဆိုအပ်သော သဘောတရား ဖြစ်ပွားပေါ်ပေါက်လာသည်ရှိသော်၊ ထို အကြောင်းသဘောတရားနှင့် ဆက်စပ်လျက်ရှိသော၊ အကျိုးတရားသည် ဖြစ်ပေါ်၍လာရခြင်းကြောင့်၊တထတာ-ဟူ၍ရင်း၊မချွတ်မယွင်း ဖြစ်ပေါ်၍ လာရခြင်း မှန်သောကြောင့်၊ အဝိတထတာ-ဟူ၍ရင်း၊ ရင်းဖြစ်ပေါ်ခြင်း၏အခိုက်အတန့်ကိုသာယောကြားတော်မူခြင်းကြောင့်၊အနညာထတာ ဟူ၍ရင်း၊ အကြောင်းတရားဖြစ်ပေါ်လာသည်ရှိသော်၊ အကျိုး

တရားဖြစ်ပေါ်၍လာရခြင်း ဖြသောကြောင့်။ ဋ္ဌာဒပ္ပစ္စယထာ-ဟူ၍ရင်း အမည်ရ၏။ရင်း ပဋိစ္စသမုပ္ပါဒ်တရားကို။

၁။ အဝိဇ္ဇာ စသောအကြောင်းတရားတို့သည်၊ အကြောင်းအကျိုး ဆက်စပ် လျက် တည်လျှာန် တည်း- တခုတည်း ဖြစ်ကြောင်းကို ခေါ်ဝေါ်သော-ဧကတ္တနည်း။

၂။ အဝိဇ္ဇာ သင်္ခါရ စသော သဘာဝတရားတို့အား။ အထူးထူး အထွေထွေ-တမျိုး တခြားစီ မှတ်သားအပ်သော-နာနတ္တ,နည်း။

၃။ အဝိဇ္ဇာ, က သင်္ခါရ, ကို ဖြစ်စေအံ့ဟူ၍-ဗျာပါရ မရှိ။ သင်္ခါရ,ကလည်း အဝိဇ္ဇာကြောင့် ဖြစ်လာရသည် ဟူ၍ မသိကြောင်းကို မှတ်သားအပ်သော-အဗျာပါရ နည်း။

၄။ အကြောင်းအား လျော်ညီစွာ။ အကျိုးတရားတို့သည် သူ့သဘော သဘာဝ အလျောက် ဖြစ်ပေါ်၍ နေကြသည်ကို။ မှတ်သားအပ်သော- ဧဝံဓမ္မတာ နည်း။ ဟူ၍- ပဋိစ္စသမုပ္ပါဒ်တရားကို။ နည်းလေးပါးအားဖြင့် ပိုင်းခြားသိအပ်၏။

ထို အထက်ပါ နည်းလေးပါးကို ခွဲခြားသိမြင်နိုင်အောင်-ဥပမာဆောင်၍ ဘော်ပြပါဦးအံ့။ (မူလနှစ်ပါး။ကာလသုံးပါး။ဝဋ်သုံးပါး။ အစပ်သုံးပါး။ အလွှာလေးလွှာ။ အင်္ဂါ တဆယ့်နှစ်ပါး။ အခြင်းအရာ နှစ်ဆယ်။) အားဖြင့် ပိုင်းခြား၍ ဟောကြားတော်မူအပ်သော-ပဋိစ္စသမုပ္ပါဒ် ခဏ္ဍာကောင်ကြီးသည်၊ မြေမှပေါက်သော အဆိပ်ပင်ကြီးနှင့် ဥပမာအားဖြင့် အလားသဏ္ဍာန်တူ၏။ အဘယ်ကဲ့သို့ အဆင့်ဆင့်တူညီပါသနည်း ဟူမူကား။ မြေကြီးနှင့်အဝိဇ္ဇာ။ပင်စည်နှင့် သင်္ခါရသုံးပါး။ခက်မငါးဖြာနှင့် ဝိညာဏ်။ နာမ်ရုပ်။သဠာယတန။ဖဿ။ဝေဒနာ။အပွင့်နှင့်တဏှာ။အသီးနှင့်

ဥပါဒါန်။ အဆိပ်သီးတွင်းရှိအဆိပ်ပင်ကို တဖန်ပြန်၍ပေါက်စေတတ်သော အဆိပ်သီး၏မျိုးစေ့နှင့် ကံဘဝ၊ ထို အဆိပ်စေ့မှ တဖန် အပင်ပြန်၍ ဖြစ်ပေါ်လာရခြင်း၊ နှင့်-ဇာတိ။ အဆိပ်ပင်ကို စိုက်ပျိုးမိသဖြင့် အဆိပ်ပင်ရိပ်ကိုမှီလျက်၊ အဆိပ်သီးကိုစားသုံးမိခြင်းကြောင့်၊ ပူလောင်ဆိုးဝါးစွာခံရရှာသော ဒုက္ခတရားများနှင့်-ဇရာ-မရဏ-သောက-ပရိဒေဝ- ဒုက္ခ-ဒေါမနဿ-ဥပါယာသ-စသော၊သဘောတရားတို့နှင့်တူညီကြောင်း။ ဤအထက်ပါ ဥပမာဒွန်-ဧကတ္တ,နည်းအရ ဖြေရှင်း၍ပြရလျှင်၊ မြေကြီးတခြား၊ အဆိပ်ပင်တခြား၊ ခက်မငါးဖြာတခြား၊ အပွင့်-အသီး-မျိုးစေ့စသည်အားဖြင့် တခြားစီ မှတ်သားအပ်၏၊ မြေကြီးရှိ၍-အပင် ခက်မငါးဖြာ-အပွင့်-အသီး မျိုးစေ့တို့၊ အဆင့်ဆင့်အားဖြင့် ဖြစ်ပွားပေါ်ပေါက်လာရ၏၊ မြေကြီးမရှိပါက အပင်နှင့်တကွ မည်သည့်အရာဝတ္ထု တခုမှ မပေါ်ပေါက်နိုင်ရာ၊

ထိုနည်းတူစွာ- အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ, တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-စသောသဘောတရားတို့သည်၊ တခုစီအားဖြင့် ကွဲပြားနေကြ၏၊ အဝိဇ္ဇာ, ဟု ဆိုအပ်သော အကြောင်း သဘောတရားကြောင့်၊ နောက်ဆက်တွဲ အကျိုးတရားတွေ၊ ထပ်တလဲလဲ အကြောင်း အကျိုးဆက်လက်၍ ပေါ်ပေါက်လာကြရ၏၊ အဝိဇ္ဇာ,ဟု ဆိုအပ်သော အကြောင်းသဘောတရား မရှိပါက၊နောက်ဆက်တွဲ မည်သည့် သဘောတရား တခုမှ မပေါ်ပေါက် နိုင်တော့ပြီဟု မှတ်သားရာ၏၊

နာနတ္တ နည်း,အရ ဖြေရှင်း၍ ပြရလျှင်၊ မြေကြီး အထူးထူး

အထွေထွေရှိ၍၊ ပင်စည် အထူးထူးအထွေထွေ၊ ခက်မငါးဖြာ အပွင့် အသီး- အစေ့ စသည်တို့ အထူးထူး အထွေထွေ ဖြစ်ပေါ်၍လာရ၏။ မြေကြီး အထူးထူးအထွေထွေမရှိပါက၊ မည်သည့်အရာဝတ္ထု တခုမှမပေါ်ပေါက်နိုင်တော့ပြီ၊ ထိုနည်းမခြားအမှန်သဘောတရားကို မသိတတ်မှု၊ အဝိဇ္ဇာအကြောင်းတရားအထူးထူးအထွေထွေကွာခြားမှုကြောင့်၊ သင်္ခါရသုံးပါး အထူးပါး-အထူးထူးအထွေထွေကွာခြားဖြစ်ပေါ်၍လာရခြင်း၊ ဝိညာဏ်နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,ဘဝ, ဇာတိ,ဇရာ,မရဏ,သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ,စသော သဘောတရားတို့၊ အဆင့်ဆင့်အားဖြင့် အထူးထူးအထွေထွေဖြစ်ပွားပေါ်ပေါက်လာရ၏၊ အဝိဇ္ဇာ,အကြောင်းသဘောတရား အထူးထူးအထွေထွေ မရှိပါက၊ နောက်ဆက်တွဲ-သင်္ခါရ,မှစ၍၊ အခြားမည်သည့် သဘောတရားတခုမှ၊ အထူးထူးအထွေထွေမပေါ်ပေါက်နိုင်ကြောင်း မှတ်သားရာ၏။

•အဗျာပါရ, နည်းအရ ဖြေရှင်း၍ပြရလျှင်၊ မြေကြီးကလည်း အပင် ဖြစ်ပွားပေါ်ပေါက်စေခြင်းငှါဟူသော သဘောဖြင့်၊ ဖြစ်ထွန်းပေါ်ပေါက်သည်မဟုတ်၊ အပင်ကလည်း မြေကြီးကြောင့် ဖြစ်ပွား-ပေါ်ပေါက်၍ လာခဲ့ရ ကြောင်းကို မသိနိုင် သကဲ့သို့၊ အဝိဇ္ဇာ,ကလည်း-သင်္ခါရ, ဖြစ်ရန် ဟူသော သဘောဖြင့် ဖြစ်ပေါ်ခြင်းမဟုတ်၊ သင်္ခါရ,ကလည်း-အဝိဇ္ဇာ,ဟူသောအကြောင်းကြောင့်၊ ဖြစ်ပေါ်၍ လာရသည် ဟု မသိနိုင်ကြောင်းကို မှတ်သားရာ၏။

ဇေ၀ မဓမ္မတာ,နည်းအရဖြေရှင်း၍ပြရလျှင်၊မြေကြီး-အပင်-ခက်မငါးဖြာ-အပွင့် အသီး-မျိုးစေ့ တို့သည်၊ မိမိတို့သဘာဝသတ္တိ

ထူးအားဖြင့်။တမျိုးတဖုံစီ ခြားနား၍နေကြပါသော်လည်း၊ တမျိုးနှင့် တမျိုး အကြောင်းအကျိုး ဆက်စပ်လျက်။ မြေဓါတ်ကြီးကို အမှီပြု၍၊ အပင်ပေါ်ပေါက်လာရမြဲ။ အပင်ကိုအမှီပြု၍-ခက်မငါးဖြာ ပေါ်ပေါက်လာရမြဲ၊ ခက်မငါးဖြာကိုအမှီပြု၍-အပွင့်-အသီး-အစေ့-စသည်တို့ အဆင့်ဆင့် အကြောင်း အကျိုး ဆက်စပ်၍ဖြစ်ပေါ်နေကြခြင်းမှာ။ ဓမ္မနိယာမ- သဘောတရားကြီးပေတည်း။ မြေကြီးဟု ဆိုအပ်သော ဓမ္မနိယာမ သဘောတရားမဖြစ်မရှိပါက။ အပင်နှင့် တကွ-နောက်ဆက်တွဲ အဘယ်အရာဝတ္ထု တခုမှ မပေါ်ပေါက်နိုင်တော့ပြီ။

ထိုနည်းအလား-အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန်,ဘဝ, ဇာတိ, ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ, ဥပါယာသ-စသည်တို့သည်၊ မိမိတို့ သဘာဝသတ္တိထူးအားဖြင့် တမျိုး တဖုံစီခြားနား၍ နေကြပါသော်လည်း။ တမျိုးနှင့် တမျိုး အကြောင်း အကျိုး ဆက်စပ်လျက်၊ အမှန်ကို မသိတတ်သော- အဝိဇ္ဇာ တရားကို အမှီပြု၍၊သင်္ခါရသုံးပါး ဖြစ်ပေါ်လာရ၏။ သင်္ခါရတရားကို အမှီပြု၍။ ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ, ဇရာ,မရဏ, သောက,ပရိဒေဝ, ဒုက္ခ,ဒေါမနဿ,ဥပါယာသ-စသော သဘောတရားတို့။ အကြောင်း အကျိုး ဆက်စပ်၍ ဖြစ်ပေါ်နေကြခြင်းမှာ။ ဓမ္မနိယာမ- သဘောတရား ကြီးပေတည်း။အဝိဇ္ဇာဟုဆိုအပ်သောအမှန်ကိုမသိတတ်သည့် ဓမ္မနိယာမသဘောတရားမဖြစ်မရှိပါက၊ သင်္ခါရနှင့်တကွ အဘယ်သဘောတရားတခုမှ မပေါ်ပေါက်နိုင်တော့ပြီဟု မှတ်သားအပ်၏။ ယခုအခါ-မူလ နှစ်ပါး အကြောင်းတရားကြောင့်

ပဋိစ္စသမုပ္ပါဒ်- စက်ရဟတ်ကြီး လှည့်ပတ်ပုံ အကြောင်းကို ရှင်းလင်း ဘောင်ပြပါအံ့။

အဝိဇ္ဇာ-တဏှာ-ဝသေန ဒွေမူလာနိ- ဟူသော လက်သန်းအဋ္ဌကထာပါဌ် အရ၊ ပဋိစ္စသမုပ္ပါဒ်-သံသရာစက်တပတ်လှည့်လည်နိုင်မှု အင်္ဂါ တဆယ့်နှစ်ပါး ပြည့်စုံနိုင်ရန် အကြောင်းမှာ၊ အဝိဇ္ဇာ နှင့် တဏှာ-အရင်းခံမူလ အကြောင်းတရား နှစ်ပါး၏၊ ဖန်တီးပြုပြင်ချက် သဘောတရားသာလျှင်ဖြစ်၏၊ အဝိဇ္ဇာ,ဟုဆိုအပ်သော အကြောင်းတရားသည်၊ သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ, တည်းဟူသော-ပဋိစ္စ သမုပ္ပါဒ်စက်ခြောက်ချက်၏၊ ခေါင်းတွဲကြီးဖြစ်၍၊ တဏှာ,ဟုဆိုအပ်သော အကြောင်းတရားသည်၊ ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ,မရဏ, ပဋိစ္စသမုပ္ပါဒ်စက်လေးချက်၏ ခေါင်းတွဲကြီးဖြစ်ပေ၏၊ အဘယ်ကြောင့်ဆိုသော်။

ဇာတိ ဒုက္ခသာ-တဏှာမူလ ကတ္တာ-ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာအရ။ပဋိသန္ဓေဟူသော ဇာတိဒုက္ခ,သည်။ တဏှာသာလျှင်အကြောင်းရင်းမူလရှိ၏ဟူ၍ မိန့်ဆိုလေရကား။ဇာတိ, ဖြစ်ပေါ်လာပြန်ကလည်း၊ ဇရာမရဏ,ဖြစ်ပေါ်လာရမြဲ ဖြစ်လေသောကြောင့်၊ တဏှာ အကြောင်းတရားသည်၊ ပဋိစ္စ သမုပ္ပါဒ်စက်လေးချက်၏ ခေါင်းတွဲဖြစ်ပေ၏၊ သို့ဖြစ်လေရကား-အဝိဇ္ဇာ စက်ခေါင်းတွဲ၏နောက်တွင်၊ သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ, ဟူသော-ဘဝစက်ခြောက်ခု ဆက်တွဲလျက်၊ တဏှာစက်ခေါင်းတွဲ၏ နောက်တွင်၊ ဥပါဒါန်, ဘဝ, ဇာတိ,ဇရာ မရဏ, ဟူသော- သဘာဝစက်လေးခု ဆက်တွဲမိကြခြင်းအားဖြင့်၊ အဝိဇ္ဇာ,အစ၊ ဇရာမရဏ,အဆုံး၊ တဆယ့်

နှစ်ပါး သော-ပဋိစ္စသမုပ္ပါဒ် သဘာဝ စက်လုံးကြီး။ အကြောင်း အကျိုး ပစ္စည်းဆက်လက်ခါ၊အင်္ဂါရုံညီကြသဖြင့် သံသရာ တ ပတ် လှည့်လည်ရပေ၏၊ ထို့ကြောင့်-သံသရာလည်မှုမှာ-အဝိဇ္ဇာ နှင့်တဏှာသာလျှင် အရင်းခံမူလ ပဓါန အကြောင်းတရားဖြစ် ပေ၏ဟု၊အဝိဇ္ဇာနှင့် တဏှာသဘောသဘာဝတရားကို၊ သံသ ရာစခန်း-လှည့်ပတ်လမ်းအဖြစ်ဖြင့်၊ ဟောကြားညွှန်ပြ ဆိုဆုံးမ တော်မူ၏။ ထိုသံသရာစခန်း လှည့်ပတ်လမ်း အကြောင်းတရား နှစ်ပါးအနက်၊ အဝိဇ္ဇာတရား၏-ပရမတ္ထ သဘာဝ မှာ၊ အဝိဇ္ဇာ တရားသည်။

၁။ အညာဏလက္ခဏာ-အမှန်သဘော တရားကို မသိခြင်း လက္ခဏာရှိ၏။

၂။ သမ္မောဟရသာ-တွေဝေမိုက်မဲအမြင်နဲ့ခြင်းကိစ္စရှိ၏။

၃။ ဆာဒန ပစ္စုပဋ္ဌာနာ-အာရုံ၏သဘောကို ဖုံးဖိကွယ်ကာ ခြင်း အခြင်းအရာပစ္စုပဋ္ဌာန်ရှိ၏။

၄။ အာသဝ ပဒဋ္ဌာနံ- ကာမာသဝ- ဘဝါသဝ- ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ-ဟု ဆိုအပ်သော၊ အာသဝေါ တရား လေးပါးနှင့် နီးကပ်စွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

ထိုနည်းတူစွာ-အဘိဓမ္မာ ဝိဘင်း ပါဠိတော်၌လည်း၊

တတ္ထ ကတမာ အဝိဇ္ဇာ၊ဒုက္ခေအညာဏံ၊ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေအညာဏံ၊ ဒုက္ခ နိရောဓဂါမိနိ ပဋိပဒါယအညာဏံ၊အယံဝုစ္စတိ အဝိဇ္ဇာ။

ဟူ၍ ဟောကြားတော်မူချက်အရ၊ အဝိဇ္ဇာဆိုသည်မှာ။

၁။ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်နေရခြင်းသည်၊ဆင်းရဲခြင်း ဧကန်မှန်ကြောင်း–ပရမတ္ထသဘာဝဉာဏ်ဖြင့်၊ ပိုင်းခြားဝေဘန်၍ ဒုက္ခသစ္စာတရားကို မသိခြင်း၊

၂။ ဆင်းရဲခြင်းမှန်ကန်သော ရုပ်နာမ်တရားကို ဖြစ်စေခြင်းအကြောင်း–လောဘတဏှာ–သမုဒယသစ္စာကိုမသိခြင်း၊

၃။ ဆင်းရဲခြင်း သဘော-ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်းရာမှန်ကန်သောနိဗ္ဗာန်၊နိရောဓသစ္စာကိုမသိခြင်း၊

၄။ နိဗ္ဗာန်သို့ ပျက်မှောက်ပြုနိုင်ရန် ကျင့်ကြံပွားများ အားထုတ်အပ်ခြင်း အကြောင်း မှန်ကန်သော-မဂ္ဂင်ရှစ်ပါး–မဂ္ဂသစ္စာသဘောတရားကိုမသိခြင်း၊

ဤမသိမှုသဘောတရား လေးပါးကိုပင်-အဝိဇ္ဇာ,ဟူ၍ခေါ်ဆိုကြောင်း ဟောကြားတော်မူ၏။ ယခုအခါ- တဏှာ တရား၏ ပရမတ္ထသဘာဝ ကိုဘော်ပြပါအံ့၊ တဏှာ,သည်။

၁။ ပိုးဖလံမျိုးတို့ မီးကို တပ်မက်မော တိုးဝင်ကြသကဲ့သို့၊ပူပန်မိန်းမောခြင်းနှင့်တကွ၊ အာရုံခြောက်ပါးတို့၌ သာယာနှစ်သက်တတ် မက်မောခြင်းလက္ခဏာ၊

၂။ စပါးကြီးမြွေ ညှို့ချက်ငြိနေသောသူကဲ့သို့၊ မိမိဘေးကိုလည်းမမြင်၊ သူတပါး၏အကျိုးကိုလည်းမထင်၊မိန်းမောတွေဝေခြင်းနှင့်တကွ၊အာရုံကိုမစွန့်ခွါနိုင်ခြင်းကိစ္စရှိ၏၊

၃။ အာရုံ၌ တပ်မက်မောခြင်းကို အကြောင်းပြု၍ ကြည်ညိုဘွယ်မရှိ ကိုယ်နှုတ်အမူအရာ ဘောက်ပြန်ခြင်းလျှင် ထင်သောအပါသာဒိကဘာဝ-အခြင်းအရာ ပစ္စုပဋ္ဌာန်ရှိ၏၊

၄။ မိမိ၏ အလို ပြည့်စေလိုခြင်း ဆန္ဒ-နှင့်၊ နီးစွာသောအ

ကြောင်း ပဒဋ္ဌာန်ရှိ၏၊ ထိုနည်းတူစွာ အဘိဓမ္မာပိဘင်းပါဠိတော်၌လည်း။

တဏ္ဍာ ကတမာ-ဝေဒနာ ပစ္စယာတဏှာ၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖေါဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာ၊ အယံဝုစ္စတိ ဝေဒနာ ပစ္စယာတဏှာ။

ဟူ၍-ဟောကြားတော်မူချက်အရ" တဏှာဆိုသည်မှာ-အဆင်းမျိုးစုံ၊ အသံမျိုးစုံ၊ အနံ့မျိုးစုံ၊ အရသာမျိုးစုံ" အတွေ့အထိမျိုးစုံ၊ အာရုံငါးပါးစသော ဓမ္မာရုံ သဘောတရားတို့၌၊ သာယာစွဲလမ်းမှုမျိုးစုံတို့သည်၊ ဝေဒနာတရားကြောင့် ပေါ်ပေါက်လာရသော တဏှာ ဟူ၍ခေါ်ဆိုကြောင်း ဟောကြားတော်မူပေ၏။

အထက်၌-အဝိဇ္ဇာ နှင့်-တဏှာ အကြောင်းခံ မူလ တရားနှစ်ပါး အရ၊ သံသရာစခန်း- လှည့်ပတ်လမ်းကို ဘော်ပြပြီး၍၊ ယခုအခါ-ဝဋ်သုံးပါး အကြောင်းတရားကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး လှည့်လည်ပုံ၊ သံသရာ စခန်း လှည့်ပတ်လမ်းကို ဘော်ပြပါဦးအံ့။

လူ့အဖြစ်၊ နတ်အဖြစ်၊ ဗြဟ္မာ့အဖြစ်, များကို၊ လိုချင်တောင့်တခြင်းအကြောင်းမှာ၊ ထိုအဖြစ်များ ဖြစ်နေရခြင်းကို ဆင်းရဲမှန်းမသိ၍၊ လိုချင်မှုသဘောတရား ဖြစ်ပေါ်လာရသည်။ လိုချင်မှုသဘောတရား အားကြီးလာပြန်က၊ ထိုအဖြစ်များ ဖြစ်ပေါ်ရမှုကို၊ စွဲလမ်းသော သဘောတရား ဖြစ်ပေါ်လာရသည်၊ စွဲလမ်းမှု သဘော တရားအားကြီးလာပြန်က၊ ထိုအဖြစ်ဘဝမျိုးတွေကို၊ မဖြစ်မနေ ဟူသော စိတ်ခါတ်ဖြင့်၊ ထို ဘဝမျိုးတွေကို ဖြစ်စေတတ်သည့် ပြုလုပ်မှုသဘောတရား ဖြစ်ပေါ်လာရပြန်သည်၊ ထိုကဲ့သို

ပြုလုပ်မှု သင်္ခါရတရားကြောင့်၊ ထို-လူ့,နတ်,ဗြဟ္မာ,အဖြစ်များ ဖြစ်ပေါ်၍လာရပေသည်။အထက်၌ပြဆိုခဲ့သည့်အတိုင်း။ လူနတ် ဗြဟ္မာအဖြစ်ကို ဆင်းရဲမှန်း မသိမှု သင်္ခါရတရား က-အဝိဇ္ဇာ။ လိုချင်မှုသင်္ခါရတရားက-တဏှာ။ စွဲလမ်းမှုသင်္ခါရတရားက ဥပါဒါန်။ ၎င်း-အဝိဇ္ဇာ-တဏှာ-ဥပါဒါန် သင်္ခါရတရား သုံးမျိုး ကား-ကိလေသဝဋ်ဖြစ်၏။ မဖြစ် ဖြစ်အောင်ပြုလုပ်မှု အကြောင်း တရားက- သင်္ခါရ နှင့်-ဇာတိ ကို ဖြစ်စေတတ်သော-ကမ္မဘဝ တစိတ်၊ ၎င်း သင်္ခါရသင်္ခါရတရား နှင့်-ဇာတိကိုဖြစ်စေတတ် သော ကမ္မဘဝ တစိတ်၊ သင်္ခါရတရား နှစ်မျိုးကား ကမ္မဝဋ် ဖြစ်၏။ ပြုလုပ်မှုအကြောင်းတရားကြောင့် ဖြစ်ပေါ်၍လာရသော၊ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဥပပတ္တိဘဝ တစိတ်၊ ဇာတိ,ဇရာမရဏ,၎င်းသင်္ခါရတရားတို့ကား-ဝိပါက ဝဋ်ဖြစ်၏၊ သို့ဖြစ်လေရကား- ကိလေသဝဋ် သုံးပါး၊ ကမ္မဝဋ် တပါးနှင့် ကမ္မဘဝတစိတ်။ဝိပါကဝဋ် ခုနစ်ပါး နှင့်-ဥပပတ္တိဘဝ တစိတ်အားဖြင့်၊ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်ကြီး၏ တ ပတ် လှည့်လည်နိုင်ကြောင်း၊အင်္ဂါ တဆယ့်နှစ်ပါး ပြည့်စုံလေ ရကား၊သံသရာ တပတ်လည်ရပြန်သည်။

ထို သံသရာလည်မှုတွင်၊ ကိလေသာ သင်္ခါရတရား က၊ ကံ-ကို အားပေးသည်၊ ကံ-သင်္ခါရတရားက ဝိပါက်ကိုဖြစ်စေ သည်၊ ဝိပါက်ကို စွဲမှီ၍ တဖန် ကိလေသာနှင့်-ကံ-ပေါ်ပေါက် လာရပြန်သည်၊ ဤနည်းအားဖြင့်-ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါ ကဝဋ်-တို့မှ လွတ်ပေါက်ကိုမရဘဲ၊မနား မရပ်၊ ချားရဟတ်ကဲ့ သို့ လှည့်ပတ်၍ သံသရာတွင်း၌၊ ကျင်လည် နစ်မြုပ် နေရပေ သည်၊ကိလေသာချုပ်ငြိမ်းမှ၊ကံ ချုပ်ငြိမ်းမည်၊ ကံ ချုပ်ငြိမ်းမှ

ဝိပါက်ချုပ်ငြိမ်းမည်၊ ဝိပါက် ချုပ်ငြိမ်းမှုဆိုသည်မှာ၊ နောက် တဖန် ဘဝသစ်၌- ပဋိသန္ဓေ အကျိုးဖြစ်သော၊ ရုပ်နာမ် ခန္ဓာ ကောင်တွေ မဖြစ်ပေါ်ခြင်းကိုဆိုလိုသည်။ ရုပ်နာမ်ခန္ဓာကောင် တွေ မဖြစ်ပေါ်ပါက။ အိုနာသေရေး-ပါယ်ဘေးဒုက္ခ လုံးဝလွတ် ကင်းသော နိဗ္ဗာန်သို့ ဆိုက်ရောက်ရပေပြီ၊ ထို့ကြောင့်-ထိုထို အဋ္ဌကထာ တို့၌၊

ကိလေသာ-ဘာဝေကမ္မံ အပ္ပဋိသန္ဓိကံ ဟောတိ၊

ဟူ၍-ကိလေသာတရားမရှိခဲ့သော်။ ပဋိသန္ဓေအကျိုးကိုမပေး နိုင်ကြောင်း မိန့်ကြားတော်မူကြပေ၏။ သို့ဖြစ်၍- သံသရာ စခန်း ယှဉ့်ပတ်လမ်း အကြောင်းတရားဖြစ်သော၊ အကျဉ်းဆုံး နည်းအားဖြင့်၊ အဝိဇ္ဇာ,တည်းဟူသော-မောဟတရား၊ တဏှာ, တည်းဟူသော-လောဘတရား။ ထိုအကြောင်းမူလတရားနှစ်ပါး တို့ကို လက်ကိုင်ထားမိခြင်းကြောင့်၊ အဝိဇ္ဇာ,အစ-ဇရာမရဏ, အဆုံး၊ တဆယ့်နှစ်ပါး သော-ပဋိစ္စသမုပ္ပါဒ် သံသရာ စက်လုံး ကြီးနှင့်တကွ။ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ,စ သော၊ နောက်ဆက်တွဲ ဆင်းရဲခြင်း အမှု ဆင်းရဲရ တို့ အစဉ် မပြတ် ဖြစ်ပွားပေါ်ပေါက်ခါနေကြခြင်းအကြောင်းကို။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ။
ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ။
သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊
ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါ
ဒါန ပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ
ဇရာမရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ပါ

ယာသာ သမ္ဘဝန္တိ - ဧဝ မေ တသာ - ကေ ဝလသာ
ဒုက္ခက္ခန္ဓသာ-သမုဒယော ဟောတိ။

ဟူ၍-အဘိဓမ္မာဝိဘင်း ပါဠိတော်၌ ဟောကြားတော်မူပေ၏။ ထိုအဝိဇ္ဇာနှင့် တဏှာ-သံသရာစခန်း လှည့်ပတ်လမ်းအကြောင်း တရားနှစ်ပါးကို။လက်ကိုင်ထားမိခြင်းကြောင့်။ ဆင်းရဲမှု-ဆင်းရဲရ သဘောတရားတွေ။ ပေါ်ပေါက်လာရပုံအကြောင်းကို။ထင်ရှားလောက်အောင် ဥပမာပြရပါမူ။ ဝေလပဋ္ဌာတ်၌။ဘုရားအလောင်းတော် မင်းသား သည်။ မင်းအဖြစ်ကို အဘယ်နည်းနှင့်ရပါမည်နည်းဘုရားဟု။ ပစ္စေကဗုဒ္ဓါအား လျှောက်ရာ-ဗာရာဏသီပြည်မှ-တက္ကသိုလ်ပြည်သို့ ခုနစ်ရက်အတွင်း သွားနိုင်ပါက မင်း ဖြစ်ပေမည်ဟု မိန့်ဆိုချက် အရ။ တရားနာပြီးနောက် ပရိတ်ချည်- ပရိတ်ပန်းများကို ဆောင်လျက်။ နောက်ပါ- ကျွန်ငါးယောက်နှင့်တကွ သွားရာ။ တက္ကသိုလ်ပြည်သို့ မရောက်မှီ စပ်ကြား။ တခုသော တောလမ်းခရီးကိုဖြတ်၍ သွားခိုက်တွင်။ ထိုတောတွင်းရှိ ဘီလူးမက ပြေပြစ်လှပ-အချိုးအဆစ် ကျနသော လူမိန်းမရောင် ဖန်တီးလျက်။ ထိုပုဂ္ဂိုလ်များအား စားလိုမှုစိတ်ထားဖြင့်။ဖျားယောင်း သွေးဆောင်လတ်သော်။ ဘုရားလောင်းမင်းသားလည်း။ ထိုမိန်းမ၏ ရုပ်ဆင်းသွင်ပြင်ကို ဆင်ခြင်လျက်။ ဧကန်စင်စစ် လူမိန်းမကား မဟုတ်။ ဘီလူးမ ဖြစ်ကြောင်းကိုသိသောကြောင့်။နောက်ပါ ယောက်ကျ်ားများအား ဘီလူးမဖြစ်ကြောင်း ပြောကြားပါသော်လည်း။ထိုလူရောင်ဆောင် ဘီလူးမ၏ အဆင်းအသံ,အနံ့,အရသာ, အတွေ့အထူး တွေကို။ မေ့မူးလိုချင်ဘွယ်ဖြစ်ပေါ်၍လာလေအောင်။ အဝိဇ္ဇာ,ဖျက်လုံးတွင်-တဏှာ ဟုဆို

အပ်သော မျက်မှန်တပ်ဆင်လိုက်သဖြင့်၊ ကိလေသာတိမ်သလာ များ ဖုံးလွှမ်းကာ၊ အမှန်သဘောတရားကို လုံးဝမသိမြင်ရှာကြ သော၊ ငယ်ကျွန် ငါးယောက် တို့မှာ၊ ဘိလူးမကိုပင် လူမိန်းမ တကယ် ထင်မှတ်လျက်။ ဘီလူးမအား ပေါင်းသင်း ရလို မှုသ ဘော၊ လောဘ တဏှာတွေပေါ်ပေါက်ခဲ၏။ ဘီလူးမနောက်သို့ တကောက် ကောက်လိုက်ကြလေသောကြောင့်၊ ဘီလူးမ၏အ စာဖြစ်ရခြင်း။ ဆင်းရဲမှု-ဆင်းရဲဗုတွင်းသို့၊သက်ဆင်းရပေတော့ ၏။ဘုရားလောင်း သည်လည်း ခရီး ဆက်လက်သွားလာခဲ့ခြင်း ဖြင့်။တက္ကသိုလ်ပြည် ဖေရသော ဇရပ်တွင်း၌ တည်းခိုနေခိုက်။ ဘီလူးမ က တဖန် ရှေးနည်းအတိုင်း။ သွေးဆောင် ဖျားရောင်းမှု အသွင်ဖြင့်။ ဇရပ်၏အနီးတွင်ရစ်ပတ်လျက်နေပေ၏။ ထိုအခိုက် အတန့်တွင်-တက္ကသိုလ်ပြည်မင်း။ တိုင်းခန်း လှည့်လည်လာရာ၊ လှုရောင်ဆောင် ဘီလူးမ ကို တွေ့မြင်လျှင်။ အရှင်ရှိ-မရှိမေးရာ။ ဘုရားလောင်းအား မိမိ၏ ခင်ပွန်းသည်ဖြစ်ကြောင်း ညွှန်ကြား သဖြင့်၊ ဘုရားလောင်းအားတဖန်မေးပြန်ရာ၊ မိမိ ခင်ပွန်းသည် မဟုတ်၊ လူရောင်ဆောင် ဘီလူးမဖြစ်ကြောင်း။ မိမိ၏နောက်ပါ ငယ်ကျွန် ငါးယောက်အားလည်း။ အာရုံငါးပါးဖြင့် ဖျားယောင်း လှည့်ပတ်ခါ စားလိုက်ကြောင်းပြောကြားပါသော်လည်း၊ အဝိဇ္ဇာ မျက်လုံးတွင်-တဏှာ,ဟုဆိုအပ်သော မျက်မှန်တပ်ခါ၊ ကိလေ သာ-တိမ်သလာတွေဖုံးပြန်သည့် ဘုရင်မိုက်ကြီးမှာ။ ဘီလူးမ ဟူ၍ပင် လုံးဝ မမှတ်ထင်မိဘဲ။ ချစ်ကြိုက်မိသည့်အလို တဏှာ ရမ္မက်ဇောက။ အတော မသတ်နိုင်လေရကား။ မိဖုရားရာထူး မြှောက်လျက်။နန်းတွင်းကို အပိုင်စားအပ်နှံလိုက်သဖြင့်၊ ဘုရင် မိုက်ကြီးနှင့်တကွ-နန်းတော်တွင်းသူ-နန်းတော်တွင်းသား အား

လုံးတို့ ဘီလူးမအစာဖြစ်ခါ၊ ပြုတ်ပြုတ်ပြုး သေဆုံးရသည့်-ဒုက္ခ တုံး,ဒုက္ခခဲ,ဒုက္ခမှ,ဒုက္ခပု တို့ကို၊ တညတွင်းခြင်းပင်ခံစားကြရ ရှာပေ၏။ ထိုနောက်မှကြွင်းကျန်သော တိုင်းသူပြည်သားတို့က၊ ဘုရားလောင်းအား မင်းမြှောက်ကြသဖြင့်။ ဘုရားလောင်းသည် မင်းအဖြစ်ကိုရလေ၏။

ဤဝတ္ထု၌-ကျွန်မိုက် ငါးယောက်နှင့်တကွ။ ဘုရင်မိုက်ကြီး တို့-လူရောင်ဆောင် ဘီလူးမ အား။ ဘီလူးမမှန်းကိုမှ မသိနိုင် လောက်အောင် တွေဝေမိုက်မဲ။ ဉာဏ်ပညာနည်းပုံမှာ-အဝိဇ္ဇာ၊ ဘီလူးမ၏ အာရုံငါးပါး ကာမဂုဏ်တရားတွေကို။သာယာခံစား လိုမှုသဘောက–တဏှာ၊ ထိုကဲ့သို့-အဝိဇ္ဇာ နှင့်–တဏှာ-ဟုဆို အပ်သော၊ သံသရာ လှည့်လည်မှု-မူလစက်ကြီး နှစ်ပါး ဖြစ်ပွား သည်နှင့်တပြိုင်နက်၊ သင်္ခါရ,ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ,နှင့် တကွ၊ ဥပါဒါန်,ဘဝ, ဇာတိ, ဇရာမရဏ,စ သော သဘောတရားတွေ ပေါ်ပေါက်လာလျက်။ သောက,ပရိ ဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ-ဟု ဆိုအပ်သော၊ ဘေးဒုက္ခ အပေါင်းနှင့်တကွ။ နောက်ဘဝတွင် တဖန်-အပါယ် ပဋိသန္ဓေ အကျိုးကို ပေးစေနိုင်သည့်။ အကုသိုလ်ကံ-စေတနာ ခုနစ်တန် ဟုဆိုအပ်သော၊ပဋိစ္စသမုပ္ပါဒ် သံသရာစက်တပတ်သည်။မနော ဝိညာဏ်အစဉ်တွင်ဖြစ်လျက်လည်လေ၏။

ဤကဲ့သို့သော စိတ် အစဉ်သည်။ မျက်စိတမှိတ်-လျှပ်တပြက် အတွင်း၊ ဥပါဒ်,ဌီ,ဘင်,အားဖြင့် ကုဋေ တသိန်း ဖြစ်ပျက်နိုင်ရ ကား၊မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာ၊ကျွန်မိုက်ငါးယောက် နှင့်တကွ။ဘုရင်မိုက်ကြီးတို့၏-မနောဝိညာဏ်အစဉ်၌၊ အပါယ် ကို ပဋိသန္ဓေအကျိုးပေးနိုင်သည့်၊ သံသရာလှည့်ပတ်မည့်၊ ပဋိစ္စ

သမုပ္ပါဒ် စက်ရဟတ်ကြီး- ကုဋေ ခုနစ်သိန်း လှည့်ပတ် နိုင်၏။ ဒိဋ္ဌဓမ္မ ဝေဒနီယကံ-ပဌမဇော စေတနာ,အရ။ယခုမျက်မှောက် ဘဝတွင်း၌ပင်၊ ဘီလူးမ၏အစာဖြစ်ရခြင်း။ အကုသိုလ်ကံ ဒုက္ခ ဆင်းရဲကို ခံကြရ၏။ ဥပပဇ္ဇဝေဒနီယကံ-အဆုံး သတ္တမဇော စေတနာအရ။ဒုတိယဘဝအတွင်း၌၊ မကောင်းကျိုးကို ပေးနိုင်၏။ အပရာပရိယ ဝေဒနီယကံ-ဒုတိယ ဇောစိတ်မှ-အဋ္ဌမ ဇောစိတ် အထိ၊ အလယ်ဇောငါးတန်-စေတနာကံအရ၊ တတိယ ဘဝမှ အစပြု၍၊ နိဗ္ဗာန်သို့ရသည့် ဘဝတိုင်အောင် မကောင်းကျိုးကို ပေးနိုင်၏။ ထို စေတနာ ခုနစ်တန်ကို အကျဉ်း ချုံးလိုက်သော်။ ကာယကံ-ဝစီကံ-မနောကံ,ဟူ၍-ကံ,သုံးပါး ရ၏။ ကိုယ်နှင့်လုပ် လျှင်-ကာယကံ။နှုတ်ကပြောလျှင်-ဝစီကံ၊ စိတ်မှကြံလျှင်-မနော ကံ,ဟူ၍မှတ်သားရာ၏။ ၎င်းကံသုံးပါးကို အကျဉ်းချုံးလိုက်ပြန် သော်၊ကုသိုလ်ကံ-အကုသိုလ်ကံ-ဟူ၍ နှစ်ပါးသာရ၏။သို့ဖြစ် ပါ၍ ဝိဘင်းပါဠိတော်၌။

စက္ခုံ ပဋိစ္စ ရူပေစ-ဥပ္ပဇ္ဇတိ- စက္ခု ဝိညာဏံ တိဏ္ဏံ
သင်္ဂတိ ဖဿော-ဖဿပစ္စယ ဝေဒနာ-ဝေဒနာပစ္စယာ
တဏှာ-အယံဒုက္ခဿ သမုဒယော။

ဟူ၍ ဟောကြားညွှန်ပြတော်မူခြင်းအလိုတော်မှာ၊ စက္ခုံစ၊ ကျွန်မိုက် ငါးယောက်နှင့်တကွ ဘုရင်မိုက်ကြီးတို့၏၊ မျက်စိ အကြည့်ဓါတ် စက္ခု ပသာဒရုပ်တို့ကို၎င်း၊ ရူပေစ၊ ဘီလူးမ၏ အဆင်းအင်္ဂါ ရူပါရုံရုပ်ကို၎င်း။ ပဋိစ္စ၊ စွဲမှီသမှု အကြောင်းပြု၍။ စက္ခုဝိညာဏံ၊ ကျွန်မိုက်ငါးယောက်နှင့်တကွ၊ ဘုရင်မိုက်ကြီး တို့၏ အဝိဇ္ဇာအမှုင်တွေကတန်းလို့ မို့၊ တဏှာတိမ်သလာတွေ

လွှမ်းကာ၊ချောမောလှပ လူမိန်းပါတဲ့ဟူ၍၊အရမ်းထင်စွဲ-အမြင်လွဲ
မှု စက္ခုဝိညာဏ်စိတ်ဓါတ်သည်။ ဥပ္ပန္နတိ၊ ဖြစ်ပွားပေါ်ပေါက်
ခါလာရပေ၏။ တိဿုံ၊ထိုမျက်စိအကြည့်ဓါတ် စက္ခုပသာဒရုပ်
အဆင်းရူပါရုံရုပ်၊မြင်သိ့စက္ခုဝိညာဏ်စိတ် သုံးခုတို့၏။ သင်္ဂဟိ၊
အကြောင်းရုံလျက် ပေါင်းဆုံတွဲဘက်မှုသည်။ ဖဿော၊ ဖဿ
မည်၏။ဖဿပစ္စယာ၊ ထိုအကြောင်း သုံးပါး တို့၏ တွေ့ထိပေါင်း
ဆုံမှုကြောင့်။ ဝေဒနာ၊ ပြေပြစ် လှပ လူရောင်ဆောင်ဘီလူးမ၏။
ငါးဝ အာရုံ ကာမဂုဏ်ကို ခံစား လိုလှ သောမနဿ ဝေဒနာ
အဿာဒ,တရားသည်။ ဥပ္ပန္နတိ၊ တဖွားဖွားတပွက်ပွက် ဆက်
လက်ခါပေါ်ပေါက်၍ လာရပေ၏။ ဝေဒနာပစ္စယာ၊ လူရောင်
ဆောင်ဘီလူးမ၏၊ ငါးဝအာရုံ ကာမဂုဏ်ကို၊ ခံစားလိုမှု-သောမ
နဿ ဝေဒနာ- အဿာဒ, တရား ကြီးမား၍ လာခြင်းကြောင့်၊
တဏှာ-ဘီလူးမ၏ ငါးဝအာရုံ ကာမဂုဏ်ကို ရုံရုံ မက်မက် အ
လွန်ပင် နှစ်သက် တတ်သော- လောဘာဓော တဏှာ တရား
သည်။ ဥပ္ပန္နတိ၊ သူ့ထက်သူ ဆင့်ကာကဲ့ပြီး တကယ်ဘဲပေါ်
ပေါက်လာပြန်၏။ အယံတဏှာ၊ ဤလူရောင်ဆောင်ဘီလူးမ၏၊
ငါးဝ အာရုံ ကာမဂုဏ်ကို သာယာရွှင်မြူး ပလူးချင် ကြသည့်
ထို နှစ်သက် တပ်မက်သော သဘော လောဘ တဏှာ,သည်။
ဒုက္ခဿ၊ယခုပစ္စက္ခဘဝမျက်မှောက်တွင်-ကျွန်မိုက်ငါးယောက်
ဘုရင်မိုက်ကြီးနှင့်တကွ။နန်းတော်တွင်းသူ နန်းတော်တွင်းသား
အားလုံး တို့ သေဆုံး ပျက်စီးရခြင်း အကုသိုလ်ကံ- ဆင်းရဲမှု
မှန်ကန်သော ဒုက္ခသစ္စာတရားကြီး၏။ သမုဒယော၊ဆင်းရဲခြင်း
ဖြစ်ကြောင်း မှန်ကန်သော သမုဒယသစ္စာတရားကြီးပေတည်း။
ဝါ၊ နိဗ္ဗာန်ကို ကျောခိုင်း သံသရာမှာ ဖန်ခါခါ ဒေါင်စိုင်းမည့်

သံသရာစခန်း လှည့်ပတ်လမ်းကြီးပေတည်း။

တနည်းအားဖြင့်-အထက်ပါ ဝဏ္ဏတွင် အဇ္ဈတ္တ ပုထုဇဉ်နှင့် တူသော ကျွန်မိုက် ငါးယောက်နှင့် တကွ။ ဘုရင်မိုက်ကြီး၏ အဲမြင်နှင့်။ အရိယာပုဂ္ဂိုလ်နှင့်တူသော ဘုရားလောင်းမင်းသား ၏ အမြင်တို့။ကွာခြားပုံအခြင်းအရာကို။ ဤကဲ့သို့မှတ်သားရာ၏။ ကျွန်မိုက်နှင့်-ဘုရင်မိုက်တို့၏ ဘီလူးမကို-လူမိန်းမဟု ထင်မြင်မှုသည်။ ယခုလောကတွင် ပုထုဇဉ်ပုဂ္ဂိုလ်တို့ အရာဝဏ္ဏတခု ကိုတွေ့လျှင်။ ရုပ်,နာမ်,ဟုမထင်မြင်ဘဲ၊ ငါ,သူတပါး,ယောကျ်ား မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါထင်လျက်။ ငါမြင်တယ်။ ငါသိတယ်။ငါ မြင်ဒါ- လှူဘဲ, ချွေးဘဲ, အစရှိသဖြင့်။ ပညတ်အာရုံပေါ်တင်၍။ ဗဟိဒ္ဓ-အဇ္ဈတ္တ ရုပ်နာမ် နှစ်ပါး ကို။ အမြင်များ-အမှတ်များ-အ ထင်များ။ အဝိဇ္ဇာ,တည်းဟူသော မှောင်ကားချချက်အရေ၊အယူ အစွဲတွေများကာ။ဘီလူးမအား ထိတ်လန့်ဘွယ်မထင်ဘဲ။ဘီလူးမ ၏ အာရုံငါးပါး ကာမဂုဏ်တရားတွေကို။ ခံစားရလျှင် ကောင်း မည်အထင်နှင့်။ ဘီလူးမအား လိုချင်မှု-လောဘဇော တဏှာ တရားတွေဖြစ်ခြင်းမှာ။ လူနတ်ဗြဟ္မာစည်းစိမ်ကို ကောင်းသည် အထင်နှင့် လိုချင်နေကြခြင်းနှင့် တူ၏။ ထို ဘီလူးမ နောက် တ ကောက်ကောက်လိုက်နေခြင်းနှင့်။ အပါယ်လေးဘုံသတ္တဝါဖြစ် မှု-အပုညာဘိ သင်္ခါရ-ဒုစရိုက်တရား။ လူ နတ် သတ္တဝါ ဖြစ်မှု, ပုညာဘိ သင်္ခါရ-သုစရိုက်တရား။ ရူပ-အရူပ ဗြဟ္မာဖြစ်မှု-အာ နေဉ္ဇာဘိ သင်္ခါရ။ ဝိပဿနာ ဘာဝနာတရား မတွဲဘက်သော သမထဘာဝနာ ကုသိုလ်ပြုလုပ်ခြင်းနှင့် တူပေ၏။ ဘီလူးစာဖြစ် ရခြင်းနှင့်-အပါယ်သတ္တဝါခန္ဓာ။ လူနတ်ဗြဟ္မာ ခန္ဓာတွေဖြစ်၍။ ဇရာ မရဏာမီး အထပ်ထပ်လောင်ကာ။ သံသရာတွင်း၌ နစ်မွန်း

အကြောင်းအားလျော်စွာ။ သူဖြစ်ချင်သလိုဖြစ်၍ ပျက်ချင်သလို ပျက်စီးနေတတ်သည့်။ အနတ္တလက္ခဏာ သဘောတရားတွေ ပါတကားဟူ၍။ ဘိလူးမအစစ်နှင့်တူသော ရုပ်နာမ်ကိုတွေ့ခြင်း။ ဘိလူးမသည်-သတ္တဝါတို့အား။ ဘေးရန်ကိုသာ ပြုတတ်သည် ဟူသော ရုပ်နာမ် အပေါ်တွင် လက္ခဏာရေး သုံးပါး သဘော တရား သိမြင်ခြင်းစသော-ဝိပဿနာဉာဏ်အလင်း ပညာရောင်ဟပ် သဖြင့်။ အဝိဇ္ဇာမှောင်တွေကင်းပြတ်လျက်။ အမှတ်မှန်ရာမှအစ အထင်မှန်-အမြင်မှန်-အယူဝါဒတွေမှန်ကန်ပြီးသကာလ။နောက် တဖန် သံသရာတွင်းသို့ ပြန်လည်စေတတ်သည့်။ ဝိညာဏ်-နာမ် ရုပ်-သဠာယတန-အစရှိသော။ နောက်ဆက်တွဲ သဘောတရား တွေ မပေါ်ပေါက်နိုင်တော့ဘဲ။ ပဋိစ္စ သမုပ္ပါဒ် အင်္ဂါ တဆယ့် နှစ်ပါး။ သံသရာကို လှည့်လည်မည့် စက်ရထားကြီးရပ်လျက်။ ထိုးနှန်းစည်းစိမ်ကိုရခြင်းနှင့် တူသော။ နိဗ္ဗာန် ချမ်းသာကြီးကို ခံစားရပေတော့၏။ ထို့ကြောင့်-အဘိဓမ္မာဝိဘင်း ပါဠိတော်၌။ ဝိပဿနာဉာဏ်,ဆိုသည်မှာ။

ဒုက္ခေဉာဏံ၊ ဒုက္ခသမုဒယေဉာဏံ၊ ဒုက္ခနိရောဓေဉာဏံ၊
ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယဉာဏံ။

ဟူသော ပါဠိတော်အရ။ဆင်းရဲခြင်းမှန်ကန်သော ဒုက္ခသစ္စာ သဘောတရားကို သိစွမ်းနိုင်ခြင်း။ ဆင်းရဲခြင်းဖြစ်ကြောင်း မှန် ကန်သော-သမုဒယသစ္စာ, သဘောတရားကို သိစွမ်းနိုင်ခြင်း။ ဆင်းရဲခြင်း ချုပ်ဆုံးရာ မှန်ကန်သော နိဗ္ဗာန်။ နိရောဓသစ္စာ သ ဘောတရားကို သိစွမ်းနိုင်ခြင်း။ နိဗ္ဗာန်သို့ရောက်ကြောင်းမှန်ကန် သော-မဂ္ဂင် ၈ပါး ကျင့်စဉ်တရား-မဂ္ဂသစ္စာ သဘောတရားကို

သိစွမ်းနိုင်ခြင်း၊ ဤသိမြင်မှုတရား လေးပါး ကိုသာ ဝိဇ္ဇာဉာဏ်၊ သို့မဟုတ်-အမောဟ,တရားဟူ၍ခေါ်ဆိုပေ၏။

သို့ဖြစ်၍-သစ္စာလေးပါးတရား၌၊ အမှားကို မြင်မှုဖြစ်အောင် ဖန်တီး တတ်သည့်၊ သံသရာ စခန်း လှည့်ပတ်လမ်း အမှောင် မောဟ-အဝိဇ္ဇာ သဘောတရားကို၊ အမှန်ကို သိအောင်ဖန်တီး တတ်သည့်၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း အလင်းဓါတ် အမောဟ ဝိဇ္ဇာ သဘောတရား အားဖြင့် ပယ်သတ်ရ၏၊ အလင်းပျောက် က-အမှောင်ရောက်ပြီ၊ အမှောင် ပျောက်က-အလင်းရောက်ပြီ၊ အလင်း ဓါတ်ကို အမှောင်ဓါတ်က ဖုံးလွှမ်း၏၊ အမှောင်ဓါတ်ကို အလင်းဓါတ်က ဖျက်ဆီး၏။

မသိက တပတ်ပတ်၊ သိမှအပြီးသတ်မည်၊
မသိလျှင် တွယ်၊ သိလျှင် ပြယ်သည်။
တွယ်လျှင်ကားဘေး၊ ပြယ်မှမေည်။

ဟူသော-ဒိပဲရင်း ဆရာတော်ဘုရား၏ ရေးသားချက်အရ၊ အမှောင်ဓါတ် မောဟ သဘော တရား အဝိဇ္ဇာ ဖုံးလွှမ်းမှု အကြောင်းကြောင့်၊ အလင်းဓါတ် အမောဟ သဘောတရား-ဝိဇ္ဇာ ဉာဏ် မပေါ်ပေါက်နိုင်ဘဲ၊ ဘုံသုံးပါးအတွင်းရှိ-အဇ္ဈတ္တ-ဗဟိဒ္ဓ ရုပ်နာမ်လောကကြီးကို၊ဆင်းရဲမှန်းမသိမှု-အဝိဇ္ဇာ အမှောင်ဟပ် သဖြင့်၊ လိုချင်မှု သဘောတရား လောဘတဏှာ-အမိုက်ဓါတ် တွေတွယ်ကပ်လျက်၊ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး လှည့်ပတ် ခါ၊သံသရာအတွင်း၌ အထပ်ထပ်လည်နေရရှာသည့်၊ ကျွန်မိုက် ငါးဦးနှင့်တကွ၊ ဘုရင်မိုက်တို့၏ အမှားသဘောကို အမှန်ထင် မှု၊သက္ကာယဒိဋ္ဌိ-သံသရာစခန်းလှည့်ပတ်လမ်းနှင့်၊ အလင်းဓါတ်

အမေ့ဟ သဘော တရား - ဝိဇ္ဇာ ဥာဏ်ရောင် တောက်ပမှု အကြောင့်ကြောင့်။ အမှောင်ဓါတ် အဝိဇ္ဇာ သဘောတရားတွေ ကင်းပျောက်ပြီး။ ဘုံသုံးပါး အတွင်းရှိ-အဇ္ဈတ္တ-ဗဟိဒ္ဓ-ရုပ်နာမ် လောကကြီးကို။ ဆင်းရဲမှန်း အမှန်ကို သိမှု၊ ဝိဇ္ဇာဉာဏ်ရောင် ဟပ်သဖြင့်။ပညာဟုဆိုအပ်သော အလင်းဓါတ်ကြီး ပေါ်ပေါက် လျက်။ထိုရုပ်နာမ်သံသရာ လောကကြီးတွင်းသို့ ရစ်ပတ် ဆွဲငင် တတ်သည့်၊ လောဘတဏှာ-အမိုက်ဓါတ်တွေကင်းပျောက်ပြီး သကာလ၊ ပဋိစ္စသမုပ္ပါဒ်-သံသရာစက်ကြီးရပ်ရသည့်။ ဘုရား လောင်း မင်းသား၏ အမှန်ကို သိမြင်မှု၊ သမ္မာဒိဋ္ဌိ နိဗ္ဗာန်ခန်း ထွက်ရပ်လမ်းကို ခွဲခြား မှတ်သား သိမြင်နိုင်စေခြင်းအလို့ငှါ၊ ဥဒါန်းပါဠိတော်၌။

အဝိဇ္ဇာယတွေ၀-အသေသ ဝိရာဂ နိရောဓါ၊သင်္ခါရနိရော ဓေါ၊ သင်္ခါရနိရောဓါ၊ ဝိညာဏနိရောဓော ဝိညာဏနိရော ဓါ၊ နာမရူပနိရောဓော နာမရူပနိရောဓါ၊ သဠာယတန နိ ရောဓော သဠာယတန နိရောဓါ၊ ဖဿနိရောဓော ဖဿ နိရောဓါ၊ ဝေဒနာနိရောဓော ဝေဒနာနိရောဓါ၊ တဏှာနိ ရောဓော တဏှာနိရောဓါ၊ ဥပါဒါန နိရောဓော ဥပါဒါန နိရောဓါ၊ ဘဝနိရောဓော ဘဝနိရောဓါ၊ ဇာတိနိရောဓော ဇာတိနိရောဓါ၊ ဇရာမရဏ-သောက-ပရိဒေဝ ဒုက္ခ ဒေါ မနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

ဟူ၍-ဟောကြားတော်မူချက် အရ၊ အဝိဇ္ဇာ တရား ကင်း ပျောက် ပြတ်စဲပါက၊ သင်္ခါရနှင့် တကွ နောက်ဆက်တွဲ ပဋိစ္စ

သမုပ္ပါဒ် - သံသရာကို လှည့်ပတ်နိုင်သည့် စက်ရထားကြီး၏။ ကိရိယာ အင်္ဂါ ၊ များ ပျက်စီး ရပ်တန့်လျက်၊ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့မျက်မှောက်ပြုရသော၊နိဗ္ဗာန်စခန်း ထွက် ရပ်လမ်း စက်ရထားကြီး လည်ပတ်လာကြောင်း မှတ်သားရာ ၏၊သို့ဖြစ်ပါ၍-ဓမ္မပါဠိတော်၌လည်း။

စက္ခုနာသံဝရောသာဓု၊သာဓုသောတေန သံဝရော၊ ဃာနေနသံဝရောသာဓု၊သာဓုဇိဝှါယသံဝရော၊ကာယေ န သံဝရောသာဓု၊သာဓုဝါစာယသံဝရော၊ မနသာ သံဝ ရောသာဓု၊ သာဓုသဗ္ဗတ္ထသံဝရော၊ သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟူ၍- ဟောကြားတော်မူချက် အရ၊ စက္ခုနာ၊ မျက်စိဖြင့်။ သံဝရော၊အဆင်းကိုမြင်သည့်ရှိသော်၊ မောဟ လောဘ-ဒေါသ သဘောတရားတွေ မဖြစ်ရလေအောင်၊သမ္မာသင်္ကပ္ပ ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားဖြင့် ပယ်၍ တားဆီးကြ ခြင်းသည်၊ သာဓု၊ ချမ်းသာစေ ချမ်းသာမှန်-နိဗ္ဗာန်စခန်း ထွက် ရပ်လမ်းကြောင်းကြီးပေမို့ ကောင်းခြင်းကြီးမက-ကောင်းမြတ် လှပါပေ၏။ သောတေန နားဖြင့်၊ သံဝရော၊အသံကိုကြားသည့်ရှိ သော်။ မောဟ–လောဘ-ဒေါသ- သဘောတရားတွေ မဖြစ်ရ လေအောင်၊သမ္မာသင်္ကပ္ပ ဝိပဿနာ,ဝိဇ္ဇာဉာဏ် သဘောတရား ဖြင့် ပယ်၍ တားဆီးကြခြင်းသည်။ သာဓု၊ ချမ်းသာစေ ချမ်း သာမှန်–နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကြောင်းကြီးပေမို့၊ကောင်း ခြင်းကြီးမက ကောင်းမြတ်လှ ပါပေ၏။ ဇိဝှါယ၊ လျှာဖြင့်၊သံဝ ရော၊ ချို-ချဉ်–ခါး-ငံ-စပ်-အဖန် ဟူသော အရသာများကို လျှက်

သည့် ရှိသော်။ မောဟ-လောဘ-ဒေါသ-သဘောတရားတွေ မဖြစ်ရလေအောင်။သမ္မာသင်္ကပ္ပ-ဝိပဿနာဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားဖြင့်ပယ်ခွါတားဆီးကြခြင်းသည်။ သာဓု၊ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းကြောင်းကြီးပေမို့။ ကောင်းခြင်းကြီးမက ကောင်းမြတ်လှပါပေ၏။ ကာယေနု၊ ကိုယ်ဖြင့်။ သံဝရော။ အတွေ့မျိုးစုံ အာရုံအရပ်ရပ် တွေ့ထိအပ် သည့်ရှိသော်။မောဟ,လောဘ,ဒေါသ,သဘောတရားတွေမဖြစ် ရလေအောင်။ သမ္မာသင်္ကပ္ပ- ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားဖြင့်ပယ်ခွါတားဆီးကြခြင်းသည်။ သာဓု၊ချမ်းသာ စစ်ချမ်းသာမှန် နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကြောင်းကြီးပေမို့၊ ကောင်းခြင်းကြီးမက ကောင်းမြတ်လှ ပါပေ၏။ ဝါစာယ၊နှုတ် ဖြင့်၊သံဝရော၊ပြောဆိုခဲ့သည့်ရှိသော်။ မောဟ,လောဘ,ဒေါသ, ဘဘောတရားတွေမဖြစ်ရလေအောင်။ သမ္မာသင်္ကပ္ပ ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားဖြင့် ပယ်ခွါ တားဆီးကြ ခြင်းသည်။ သာဓု၊ ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်စခန်း ထွက် ရပ်လမ်းကြောင်းကြီးပေမို့ ကောင်းခြင်းကြီးမက ကောင်းမြတ် လှပါပေ၏။မနသာ၊စိတ်ဖြင့်။ သံဝရော၊ ဓမ္မာရုံ အမျိုးမျိုးတို့ကို ကြံစည်အပ်သည့်ရှိသော်။ မောဟ, လောဘ,ဒေါသ, သဘော တရားတွေ မဖြစ်ရလေအောင် သမ္မာသင်္ကပ္ပ- ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားဖြင့် ပယ်ခွါ တားဆီးကြခြင်း သည်။ သာဓု၊ချမ်းသာစစ် ချမ်းသာမှန် နိဗ္ဗာန်စခန်း ထွက်ရပ် လမ်းကြောင်းကြီး ပေမို့ ကောင်းခြင်းကြီး မက ကောင်းမြတ် လှပါပေ၏။ သဗ္ဗတ္ထ၊ အလုံးစုံသောသဘောတရားဟူသမျှတို့၌။ သံဝရော၊ မောဟ,လောဘ,ဒေါသ,သဘောတရားတွေ မဖြစ်ရ

လေအောင် သမ္မာသက်ပ္ပ-ဝိပဿနာဘာဝနာ-ဝိဇ္ဇာဉာဏ်-လက္ခဏာယဉ် သုံးပါး သဘောတရားဖြင့် ပယ်ခွါ တားဆီးကြခြင်းသည်။ သာရ၊ ချမ်းသာစစ် ချမ်းသာမှန်-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကြောင်းကြီး ပေမို့-ကောင်းခြင်းကြီး မှက ကောင်းမြတ်လှပါပေ၏။ သဗ္ဗညု-အလုံးစုံသော သဘောတရားဟူသမျှတို့၌။ သံဂုဏော၊ မောဟ-လောဘ-ဒေါသ,သဘောတရားတွေမဖြစ်ရလေအောင်။ သမ္မာ သက်ပ္ပ-ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် လက္ခဏာယဉ်သုံးပါး သဘောတရားဖြင့် ပယ်ခွါ တားဆီးအပ်သော။ ဘိက္ခု၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို။ လိုက်လံလေ့ရှိသော ပုဂ္ဂိုလ်သည်၊ သဗ္ဗဒုက္ခာ၊ အလုံးစုံသော-ဒို့,နာ,သေရေး ပါယ်ဘေးဒုက္ခ ဆင်းရဲခြင်းအနန္တမှ။ ပမုစ္စတိ၊စခန်းမှန် လမ်းမှန် လိုက်မိကြသဖြင့်၊ ကျမ်းဂန် သဘောဉာဏ်ကို ထောက်ဆကြပေတော့။ ပြောဉ်- မြန် မြန် ဆန် ဆန်ကြီး လွတ်မြောက်ရပေတော့၏။

ဟူသည်ကို ထောက်ဆရန်လည်း တချက်။ ပဋိစ္စ သမုပ္ပါဒ်အကြောင်းအကျိုးဆက်စပ်လျက်။ လှည့်ပတ်ခါနေသည့် ဓမ္မတာသဘာဝ တရားကို မသိကြခြင်း ကြောင့်။ သံသရာ ဝဋ်တွင်းမှ မလွတ်ကင်းနိုင်ပုံ အကြောင်း။ ညီတော် အာနန္ဒာ,အား ဟောတော်ညွှန်ပြ ဆိုဆုံးမသည်မှာ။

ဗြတသာ အာနန္ဒ ဓမ္မဿ-အညာဏာ-အနနုဗောဓါ-အပ္ပဋိဝေဓါ-ဝေမယံ ပဇာတန္တာ - ကုလကဇာတာ – သကုနိဂုဏ္ဍိကဇာတာ- မုဉ္စ ပဗ္ဗဇ္ဇ ဘူတာ- အပါယံ ဒုဂ္ဂတိံ-ဝိနိပါတံ-သံသာရံ-နာတိဝတ္တတိ။

ဟူသော-ပါဠိတော်အရ။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧတသာ ဓမ္မသာ၊ ဤ ခန္ဓာ၊ အာယတန၊ ဓါတ်သစ္စာ၊ ပဋိစ္စ သမုပ္ပါဒ် သဘာဝ တရားတို့ကို။ အညာဏာံ၊ သရုပ်သဘော ကြေလည်အောင် သင် ကြားခြင်း ဖြစ်သော။ ဉာတ ပရိညာ, စခန်း ကိုမှ မသိမြင်ကြ ခြင်းကြောင့်။ အနနုဗောဓါ၊ လက္ခဏာ သုံးရ မြင်အောင်ရှုမှုဘည်း ဟူသော–တီရဏ ပရိညာ, စခန်းကိုမှ မသိမြင်ကြခြင်းကြောင့်။ အပ္ပဋိဝေဓါ၊ သက္ကာယဒိဋ္ဌိကြီးကို တားဆီးပယ်သတ်။ မဂ်ဖိုလ် သို့ ဆိုက်ကပ်နိုင်သော–ပဟာန ပရိညာ, စခန်းကိုမှ မဘောက် မထွင်း မသိမြင်နိုင်ကြခြင်းကြောင့်။ တန္တာကုလက ဇာတာ၊ သံ သရာစက်, ဝဲဿရက်မှ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းတွင် ယက် ကန်းသည့်, အဖြင်း အမိုက်၏ ကြွက်ကိုက်သော ချည်ခွင်ထွေး ကဲ့သို့။ ရောထွေးလောက်လက် အဖြေအရှင်း ခက်၍နေသော။ သကုနိဂုမ္ဗိက ဇာတာ၊ လောက်လက် ပွေလိန် စာဘူးအိမ် ကဲ့သို့ ပွေလိန်ရှုပ်ထွေး၍နေကြသော။ မုဉ္ဇပဗ္ဗဇဘူတာ၊ ပတော် မြက်ထွေးပိန်းမြက်ထွေးကဲ့သို့ ရှုပ်ထွေး-ပွေလိန်၍ နေကြသော။ အယံပဇာ၊ သံသရာမှာ ရှည်ကြာ မြင့်လျား ခရီးသွားသူ-နတ်လူ ဗြဟ္မာပုထုဇဉ်သတ္တဝါဟူသမျှတို့သည်။ဧဝံ ဤနိဗ္ဗာန်စခန်းထွက် ရပ်လမ်း သုံးခုကို မသိကြ၍။ အပါယံ၊ ချမ်းသာကင်းသဖြင့် ချမ်း သာခြင်းဟူသမျှတို့၊ ဘယ်နည်းနှင့်မျှခံစားရရာမဟုတ်သော။ ဒုဂ္ဂ တိံ၊ မကောင်းသဖြင့်မိုက်လုံးပွင့်သူတို့၏လားရောက်ရာဖြစ်သော ဝိနိပါတံ၊ တပေါင်း- တန်ကူး လေရူးတိုက်ရာ ကြွေ၍ပါသော သစ်ရွက်ခြောက်တွေကဲ့သို့၊ ပေါက်လွှတ်ဗလချာ ဗရမ်းဗတာ သေလျှင် ကျချင်ရာ ကျတတ်သော၊ သံသာရံ၊ အိုးထိန်းစက်ခံ ဆုံလည်သည့် နွား ချားရဟတ် ပမာ- ချာချာ ပတ်ရစ်-ခွေးဖြစ်

ဝက်ဖြစ်,လူနတ်ဖြစ်နှင့်၊ ဖြဟ္မာဖြစ်တော့-တဝင်းဝင်း။ ဝဲက်စား ကျင်းမှာ-တရှုပ်ရှုပ် မြုပ်တုံ ပေါ်တုံ။ သူဖြစ်ချင်သလို တဖြစ်ထဲ ဖြစ် ပျက်၍နေတတ်သော၊ ဘုံ သုံးပါး သံသရာလောကကြီးကို။ နာတိဝတ္တနှ်၊ သက္ကာယဒိဋ္ဌိ, အဝိဇ္ဇာမှောင်ကြီး မပျက်ဆီးလေ သမျှသာဖြင့်၊ ဘယ်လို နည်းတွေနှင့်မှ မလွတ်နိုင် မကျွတ်နိုင်၊ ဝဋ် ဒိဆိုင် သံသရာ ထဲမှာလ၊ ဝဲလှည့်ကာ တယ်မလွဲလေဘု၊ စဉ်အမြဲ ရစ်ခါပတ်လို့မို့၊ ဩဘ်-မပြတ်မလပ် အထပ်ထပ်နှင့်၊ ဒသစပ်ပင် နစ်မြုပ်၍ နေကြကုန်အံ့သတည်း။ ။

ဟူသည်ကို စဉ်းစား ဆင်ခြင်ရန်လည်း တတာန်။ လယ်တီ ပဏ္ဍိတ, ဦးမောင်ကြီး-သေဆုံးခါနီးတွင် ရေးသား အပ်သော သံဝေဂ-ကဗျာမဟာသံဝေဂလေးချိုးကြီးမှာ။

ရှုံလို့သာ ပိုးတော့တယ်၊ ဖြစ်မျိုးငယ် ရာ, ထောင်, နှင့်။
ကြမ္မာကောင် ခန္ဓာသိမ်းခါမှ၊ လွတ်ငြိမ်းကြည်ဆွတ်မဲ့။
သည်ဝဋ်နှယ်၊ ဥပါဒ် ဘင်,ငယ်၊ အမျှင်မပြတ်၊ ပျက်တောင်
ခတ်မျှ၊ သုံးစပ်ဇာတိ။ သန္ဓေငြိ၍၊ ကြိလောကခါတ်၊ မွေ
လို့သာပတ်သည်။ ရဟတ်ကြီးလို၊ ဤလူ့ကိုယ်နှင့်။ ထို
ကိုယ်ကောင် ပြောင်း။ ကြာမြင့်တဲ့ အပေါင်း သံသရာ၊
ကဏ္ဍာဘာဝယ်၊ တေပဋ္ဌာနာမ်၊ ရောကြိတ်ဖန်၍၊ သဏ္ဍာန်
တဖုံ၊ ထပ်လဲဘဲပုံတော့တယ်။ သုံးဘုံဝဋ်စကြာမှာ၊ လကျွ
ထာ ဥာဏ်ယှာဉ်စေနိုင်ဘု။ ရှည်မျောခါခါပတ်ပါလို့၊
ဇာတ်ကွက်ချာလယ်၊ ခါတဖန်ငယ်၊ သကြိဳနှစ်ပြောင်း၊
အသစ်တွေ ဟောင်းခဲ့ပေါ့၊ အကြောင်းလေးဖြာ၊ ဖန်တီး
ကာဖြင့်၊ ထိုင်,ရာက ရပ်၊ ထ,ရာငုပ်၍၊ တိမ်မြုပ်ပျောက်

ကွယ်။ကောင်းကင်လယ်မှာ။ လျှပ်နွယ်ရောင်လျှံ၊ ပုံနှိုင်း
လို့ စံတော့ပ။ ဉာဏ်မြင်နှင့် မျက်ကွယ်ကို၊ ယှက်သွယ်
အကြောင်းရှည်သနဲ့။

ဟူ၍-သုံးချိုးရေးပြီးသည် အဆုံးတွင်၊ ဝေဒနာဗိစီး၍ ဆက်လက်မရေးနိုင်ရကား၊တပည့်ဖြစ်ဘူးသည့်-နေရင်း ဦးကောဝိဒ, ထေရ်က–ဆက်လက်လျက်။

ဖြစ်ချုပ်ပြောင်းလဲ။ တပေါင်းထဲမို့၊ ဝေကွဲမထင်၊အသစ်
ကိုမြင်သောခါ။ဉာဏ်လျှင် ရှုးရိုက်၊ခါတ်အခိုက်မို့။ ပတ်
ဝိုက်နှောက်မွှေ၊ ပုံနေသဏ္ဍာန်၊ ကွယ်ရှိးငယ်မှန်သည်၊
လေးလံလှစွာ၊ ဤခန္ဓာကို၊ တဏှာမောဟ၊ အရင်းစ၍၊
ဘဝရှုပ်ပွေ၊ နစ်လို့ သာကြေတော့တယ်၊ လေးထွေငယ်
သစွာ၊ ဉာဏ်ကွန့်ဖြာ၍၊ ဝိဇ္ဇာ တန်ဆောင်၊ မီးရှူးကို
ဆောင်ခါမှ၊ ကိုယ်ကောင်ကြီး မသာဝန်ကို၊ ခွါသွန်ကာ
နိဗ္ဗာန်နန်းဆီသို့ - လွှမ်း တြွမည်လေး....။

ဟူ၍ရေးသား ဘတ်ပြသဖြင့်၊လယ်တီပဏ္ဍိတ-ဦးမောင်ကြီး က-သဘောကျစွာ နားထောင်ပြီးသည်၏အဆုံး၌၊ ခန္ဓာဟောင်းကို စွန့်လွှတ်လျက်၊ ခန္ဓာသစ်သို့ပြောင်းရွှေ့သွားပေတော့၏။

ဤသံထောက်လေးချိုးကြီး၏၊ အဓိပ္ပါယ် လိုရင်းအချုပ်မှာ၊ လက္ခဏာရေးသုံးပါး၊ဉာဏ်အမြင်နည်းပါးမှုကြောင့်၊ ဘုံသုံးပါး ဝဋ်လောက တွင်၊ စက်ရဟတ်ကြီးများ လှည့်ပတ်နေသည့်အလား၊ မျက်တောင်တခတ်ကာလမှ မခြားမလပ်ဘဲ၊ အာကာသ ကောင်း ကင် တွင်းဝယ်၊ လျှပ်ပန်းနွယ် များ၏ ပြောင်းလဲမှု ကဲ့သို့၊ဖြစ်-ပျက်။ ဖြစ် ပျက်-တွေ အစဉ်ဆက်လျက်၊ ဤဘဝမှ

ထိုဘာဝသို့၊ ရုပ်နာမ်ခန္ဓာကောင် အမျိုးမျိုးအနေဖြင့်၊ ပြောင်းလဲဖြစ်ပျက်ခါ၊ သံသရာတွင်း၌၊ နစ်မွန်းနေရခြင်း အကြောင်းရင်းမှာ၊ အဝိဇ္ဇာ-အမောဟတရား၊ တဏှာလောဘတရားတို့ အရင်းခံမူလပင်ဖြစ်ပေ၏၊ ထိုတရားများကို-သစ္စာလေးပါး-မြတ်တရားကိုသိမြင်မှု၊ အမောဟ ဝိဇ္ဇာဉာဏ်,ဟုဆိုအပ်သော၊ ဝိပဿနာဘာဝနာတရား မီးရှူးမီးတိုင်ကို၊ လက်ဆုတ် လက်ကိုင်ထား၍ ပယ်သတ်ပါမှ၊ အို,နာ,သေရေး,ပါယ်ဘေးဟူသမျှတို့လွတ်ကင်းရာ၊နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပေမည်ဟုဆိုလိုသည်။

အထက်၌ ဘော်ပြပါ အကြောင်းအရာများကို၊ ထောက်ဆဆင်ခြင်သောအားဖြင့်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရ-အစရှိသော ပဋိစ္စသမုပ္ပါဒ်-သံသရာစခန်း လှည့်ပတ်လမ်း နှင့်၊ အဝိဇ္ဇာယတွေ၀အသေသ-ဝိရာဂနိရောဓါ-သင်္ခါရ နိရောဓေါ-အစရှိသော၊ ပဋိစ္စသမုပ္ပါဒ်-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို၊ မိုင်းခြားဝေဘန် ပညာဉာဏ်ဖြင့်၊ ကြံစည်သုံးသပ် နှလုံးသွင်းအပ်၏၊ ကြံစည်ကြိုးစားလျက်၊ကျင့်ကြံပွားများအားထုတ် သိမြင်နိုင်ကြပါစေသတည်း။

—•—

မင်္ဂလာရှစ်ပါး—ဝိပဿနာတရား။

သမထနှင့်၊ ဝိပဿနာ။ ဘာဝနာအား နှစ်ပါးမျှသာ၊
ပညတ်ရှုက သမထသာ၊ ပရမတ် ရှုမှုဝိပဿနာ၊
အဓိသီလ စိတ္တနှစ်ဖြာ၊ သမထပွား ရငြားသည်သာ။
အဓိသီလ စိတ္တပညာ၊ ရှစ်မဂ္ဂ ပွားရ ဝိပဿနာ။
သမထနှင့် အတ္တကိုသာ၊ ဖြုတ်ခွါလို၍ မရသည်သာ။
ဝိပဿန အတ္တကိုခွါ၊ နိဗ္ဗာန်နန်း ထွက်လမ်းမှန်သည်သာ။

ဟူသော-ရှစ်လုံးဘွဲ့ ကဗျာများ၏ အဓိပ္ပါယ် သဘောကို၊ ချဲ့ထွင်ရှင်းလင်း ဘော်ပြပါဦးအံ့၊ မဂ္ဂင်ရှစ်ပါးကို ပွားများ အားထုတ်မှုသည်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း မှန်ကန်သော-မဂ္ဂသစ္စာဖြစ်ကြောင်းကို၊ သိက္ခာသုံးရပ်နှင့်တွဲစပ်လျက်၊ ဓမ္မစကြာဒေသနာအခန်းတွင် ဘော်ပြခဲ့ပေပြီ၊ သို့ဖြစ်၍- နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုသော ပုဂ္ဂိုလ် အပေါင်းတို့သည်၊ သိက္ခာအားဖြင့်သုံးပါး၊အင်္ဂါအားဖြင့် ရှစ်ပါး၊ အကြောင်းတရားတို့နှင့် ညီညွတ်ပြည့်စုံအောင် အားထုတ်ရမည် ဖြစ်ပေ၏၊ ထိုအင်္ဂါ ရှစ်ပါး ကိုတဖန် အကြောင်းနှင့် အကျိုးတရားအားဖြင့်၊ ထပ်မံခွဲခြားလိုက်ပြန်လျှင်၊ အဓိသီလသိက္ခာတွင်-သမ္မာဝါစာ၊ ကောင်းစွာသောစကားကိုပြောဆိုမှု သမ္မာကမ္မန္တ၊ကောင်းစွာသောအမှုကိုပြုလုပ်မှု၊ အကြောင်း-မဂ္ဂင် အင်္ဂါ နှစ်ပါး ညီညွတ်ပြည့်စုံပါက၊ ထိုအကြောင်းအားလျော်ညီစွာ ဖြစ်ပေါ်လာရသည့်၊ သမ္မာ အာဇီဝ၊ ကောင်းစွာသော အသက်မွေးမှုမှု၊ အကျိုး မဂ္ဂင် အင်္ဂါ တပါးသည်၊အလိုအလျောက် ပြီးမြောက်ပါဝင်ပေတော့၏။

ထို့နည်းတူစွာ-အဓိစိတ္တသိက္ခာတွင်၊ သမ္မာဝါယမ၊ ကောင်းစွာသောလုံ့လပြုမှု၊ သမ္မာသတိ၊ကောင်းစွာသော အောက်မေ့မှတ်ထင်မှု-အကြောင်း မဂ္ဂင် အင်္ဂါ နှစ်ပါးညီညွတ်ပြည့်စုံပါက၊ ထိုအကြောင်းအားလျော်ညီစွာ ဖြစ်ပေါ်လာရ သည့်၊ သမ္မာ သမာဓိ၊ကောင်းစွာ စိတ်၏တည်ကြည်မှု အကျိုး မဂ္ဂင် အင်္ဂါတပါးသည်၊ အလိုအလျောက် ပြီးမြောက်ပါဝင်ပေတော့၏၊ ထို့နည်းတူစွာ-အဓိပညာ သိက္ခာတွင်-သမ္မာသင်္ကပ္ပ၊ ကောင်းစွာသောကြံစည်မှု-အကြောင်းမဂ္ဂင်အင်္ဂါ တပါး ညီညွတ် ပြည့်စုံပါက၊ ထိုအကြောင်းအားလျော်ညီစွာ ဖြစ်ပေါ်လာရသည့်၊ သမ္မာဒိဋ္ဌိ၊

ကောင်းမွန် မှန်ကန်စွာသောအယူကိုယူမှု၊ အကျိုး မဂ္ဂင် အင်္ဂါ တပါးသည်၊ အလိုအလျောက်ပြီးမြောက်ပါဝင်ပေတော့၏၊ သို့ ဖြစ်လေရကား မဂ္ဂင် ရှစ်ပါးအနက်၊

(၁) သမ္မာဝါစာ၊ (၂) သမ္မာကမ္မန္တ၊ (၃) သမ္မာ ဝါယမ၊ (၄) သမ္မာသတိ၊ (၅) သမ္မာသက်ပ္ပ - ဟူ၍ သိက္ခာသုံးရပ်အနက်၊ အကြောင်းမဂ္ဂင် ငါးပါး၊

(၁) သမ္မာအာဇီဝ၊ (၂) သမ္မာသမာဓိ၊ (၃) သမ္မာဒိဋ္ဌိ၊ ဟူ၍ အကျိုးမဂ္ဂင် သုံးပါး ခွဲခြားနိုင်၏၊

ထိုအကြောင်း မဂ္ဂင် ငါ့ပါး တို့တွင်လည်း၊ သမ္မာသက်ပ္ပ-အ ဓိပညာမဂ္ဂင်,သည်၊ အကြီးအမှူးပြုလျက်၊ ကျန် မဂ္ဂင် လေးပါး တို့မှာအခြံအရံ သဘောအားဖြင့်၊ သမ္မာသက်ပ္ပ မဂ္ဂင်၏ ကိစ္စပြီး မြောက်မှုကို၊ ကူညီ ဆောင်ရွက်ကြလေသည်၊ သို့ဖြစ်၍-အဓိ ပညာ သိက္ခာ- သမ္မာ သက်ပ္ပ မဂ္ဂင်-ကောင်းစွာ ကြံစည်မှု၊ အ ကြောင်း ကိစ္စတခု ပြုလုပ်ဆောင်ရွက်ပါက၊ ကျန် အကြောင်း မဂ္ဂင် အင်္ဂါ လေးပါးတို့မှာ၊ အလိုအလျောက် တွဲစပ် ပါဝင်နိုင် ကြလျက်၊ ကျန် အကြောင်းမဂ္ဂင် အင်္ဂါ လေးပါး တို့ကို ပြုလုပ် ကာမျှနှင့်၊ အဓိပညာသိက္ခာ- သမ္မာသက်ပ္ပ အကြောင်း မဂ္ဂင် တပါး ပါ၊ ပြီးမြောက် မပါဝင်နိုင်ကြောင်းကို မှတ်သားအပ်၏၊ ထိုအကြောင်း အင်္ဂါ အားဖြင့်-ငါးပါး၊ သိက္ခာ အားဖြင့်- သီလ, သမာဓိ,ပညာ,ဟုခေါ်အပ်သော- သိက္ခာ သုံးပါး ကို၊ ဘာဝနာ နှစ်ရပ်ဖြင့် တွဲစပ်၍ပြရပါမူ၊

သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ ၎င်း မဂ္ဂင်အကြောင်း အင်္ဂါ လေးပါး တို့၏ ကိစ္စ သည်၊ အဓိသီလ သိက္ခာ-အဓိစိတ္တသိက္ခာ-သမထ ဘာဝနာ, မျှကိုသာ ပြီးမြောက်

စေ၍။ သမ္မာသက်ပွ မဂ္ဂင်- အဓိပညာ အကြောင်း အင်္ဂါ တပါး၏ ကိစ္စသည်။ သမထဘာဝနာနှင့် တကွ-ဝိပဿနာ ဘာဝနာကိစ္စ နှစ်မျိုးလုံးကိုပြီးမြောက်စေနိုင်၏။ သို့ဖြစ်၍ သမထဘာဝနာမှုကို အားထုတ် ပြုလုပ်ကာမျှနှင့်။ ဝိပဿနာ ဘာဝနာ၏ ကိစ္စ မပြီးမြောက် မပြည့်စုံဘဲ။ ဝိပဿနာ ဘာဝနာမှုကို အားထုတ်ပြုလုပ်ခြင်းဖြင့်။ သမထဘာဝနာနှင့် တကွ။ ဝိပဿနာ ဘာဝနာ နှစ်ရပ်လုံးတို့၏။ ကိစ္စ ပြီးမြောက် ပြည့်စုံကြောင်း မှတ်သား အပ်၏။ အဘယ် အကြောင်းကြောင့် ထိုကဲ့သို့ ကွဲပြားခြားနားရပါ နည်းဟူမူကား။ အသိပညာ၏ ကွဲပြား ခြားနားမှုကြောင့်ပင်ဖြစ်ပေ၏။ အသိတရား ဆိုသည်မှာ-တရားကိုယ်အားဖြင့်-ပညာ,ကို ပင်ဆိုလို၏။ သီလ,ဆောက်တည်မှု၊ သမထဘာဝနာ,စီးဖြန်းမှု။ ဝိပဿနာဘာဝနာ,စီးဖြန်းမှုတို့မှာ။ အသိ,တရားဟုဆိုအပ်သော ပညာကို အမှီပြု၍ ဖြစ်ပေါ်လာကြ၏။ ထို အသိပညာ, တရား တွင်လည်း။

၁။ သညာသိ၊ ၂။ ဝိညာဏ်သိ။ ၃၊ ပညာသိ၊ အားဖြင့်၊ အသိ ပညာဉာဏ် သုံးပါး ကွဲပြား ခြားနား ကြောင်း အဋ္ဌကထာ၌မိန့်ဆိုတော်မူပေရာ။ သညာသိ,သည် ဥပမာ အားဖြင့်။ ကလေးသူငယ်များ-ရွှေတုံးကိုမြင်၍ သိသည်နှင့် တူ၏၊ မည်၍ မည်မျှ အဘိုးတန်သော ဝတ္ထုပစ္စည်းဖြစ်သည့်- ရွှေဟူ၍ကားမသိ။ ဟပနှစ်သက် လိုချင်ဘွယ်ရာ အရာဝတ္ထုဖြစ်ကြောင်းကား သိ၏။ ထိုအသိမျိုးကား အနိမ့်စားပညာပင်တည်း။ ဝိညာဏ်သိ သည်-ဒိခင် ထိုရွှေကို မြင်ခြင်းဖြင့် အဘိုး ထိုက်တန်သော-ရွှေ ဖြစ်ကြောင်း သိမှုနှင့်တူ၏၊သို့သော် ထိုရွှေမှာ-ကိုးမူးရေ၊ ဆယ်မူးရေ ရှိသည်။ မည်မျှလောက် တန်ဘိုး ထိုက်တန်သည်ဟု၊အ

တိအကျအားဖြင့်မသိ။ ထိုသို့ မိခင်၏ သိမှုသည်၊ အလတ်စား ပညာပင်တည်း။ ပညာသိသည့်-ရွှေပန်းထိမ် သည့်များ။ ထိုရွှေကို မြင်ခြင်းဖြင့်၊ ဤရွှေကား-ကိုးမူးရေရှိသည်၊ ဆယ်မူးရေရှိသည်။ စသည့်ဖြင့်ခွဲခြားလျက်၊ မည်၍ မည်မျှ ခေတ်ကာလ တန်ဘိုးရှိကြောင်း။ ကျကျနန တထစ်ချ ဆုံးဖြတ်နိုင်မှု အထက်တန်းစား ပညာပင်တည်း။

ထိုဥပမာအရ-ယခု ခေတ်ကာလ-ဝိဒုစရိုက် လေးပါး။ ကာယဒုစရိုက်-သုံးပါး-တို့ကို ရှောင်ကြဉ်မှု အားဖြင့်။ သမ္မာ ဝါစာ သမ္မာကမ္မန္တ-မဂ္ဂင် အင်္ဂါများကို ထိန်းသိမ်း စောင့် ရှောက်မှု၊ ငါးပါးသီလ-ရှစ်ပါး သီလ-ဆယ်ပါးသီလ- အစရှိသော-သီလတို့အား။ ဘာဝနာနှစ်ရပ် မတွဲစပ်ဘဲ- ရိုးရိုး ဆောက်တည်မှုမှာ။ သီလ ဆောက်တည်မှု သက်သက်သာ ဖြစ်၍။ ကလေးသူငယ်များ-ရွှေကို သိမှု-သညာသိ-အနိမ့်စား ပညာနှင့် တူ၏၊ ထိုမှတဆင့် ထိုသီလတရားကိုပင်၊ ကောင်းစွာသော လုံ့လဝီရိယဖြင့် ထိန်းသိမ်းမှု၊ သမ္မာဝါယာမမဂ္ဂင်။ ကောင်းစွာသော အောက်မေ့ မှတ်ထင်မှု၊ သမ္မာသတိမဂ္ဂင်-နှစ်ပါး တိုးမြှင့်လျက်။ သီလာနုဿတိ-ပွားများခြင်း။ သမထဘာဝနာတရား တွဲဘက်ခါ အားထုတ်သော ပုဂ္ဂိုလ်များမှာကား။ မိခင်၏ရွှေကို သိမှု၊ ဝိညာဏ်သိ-အလတ်စား ပညာနှင့်တူ၏။ ထိုမှတဆင့် ထိုသီလ တရားကိုပင်။ ကောင်းစွာသော ကြံစည်မှု- သမ္မာသင်္ကပ္ပမဂ္ဂင်-သီလာနုဿတိဝိပဿနာ ဘာဝနာတရား တွဲဘက်ခါ အားထုတ်သော ပုဂ္ဂိုလ်များမှာကား။ ရွှေပန်းထိမ်သည်၏ ရွှေကိုသိမှု-ပညာသိ-အထက်တန်းစား ပညာနှင့်တူ၏၊ ဤအထက်ဒွဘော်ပြခဲ့သော နည်းများအားဖြင့်၊

၁။ သီလရိုးရိုးဆောက်တည်သူ၊

၂။ သီလတရားကို သမထဘာဝနာ တွဲ၍ သီလာနုသာတိ သမထဘာဝနာဆောက်တည်သူ။

၃။ သီလတရားကို ဝိပဿနာ ဘာဝနာတွဲ၍၊ သီလာနုဿတိ-ဝိပဿနာ ဘာဝနာ ဆောက်တည်သူ၊

အားဖြင့် သုံးမျိုး ကွာခြားပြန်ရာ။ ပဌမဆင့်- သီလ ရိုးရိုး ဆောက်တည်သောသူသည်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာ အာဇီဝ-အဓိသီလ သိက္ခာသာ ဖြစ်၍၊ ဒုတိယ ဆင့် သီလအား သမထဘာဝနာ တွဲစပ်လျက်။ သီလာနုဿတိ-သမထဘာဝနာ ဖြစ်အောင် ပွားများ ဆောက်တည်သူမှာ။ အဓိသီလ သိက္ခာ အပြင်။သမ္မာဝါယမ။သမ္မာသတိ။သမ္မာသမာဓိ-အားဖြင့်၊ အဓိစိတ္တ သိက္ခာကိုပါ ပြီးမြောက်ပေ၏၊ တတိယဆင့် သီလအား ဝိပဿ နာဘာဝနာ တွဲစပ်လျက်၊ သီလာနုဿတိ ဝိပဿနာ ဘာဝနာ ဖြစ်အောင် ပွားများဆောက်တည်သူသည်။ အဓိသီလ-အဓိစိတ္တ သိက္ခာများအပြင်။ သမ္မာသင်္ကပ္ပ-သမ္မာဒိဋ္ဌိ,အားဖြင့်။ အဓိပညာ သိက္ခာ၏ကိစ္စကိုပါပြီးမြောက်စေလျက်၊ သိက္ခာအားဖြင့် သုံးရပ် အင်္ဂါအားဖြင့် လောကီမဂ္ဂင် ရှစ်ပါး တို့၏ ပြုဘွယ်ကိစ္စကို လုံး ဝလုံလောက်ပြည့်စုံကြောင်း မှတ်သားရာ၏၊ အဘယ်ကြောင့် ဤကဲ့သို့ ကွာခြား ရကြောင်း ထင်ရှား သိသာစေရန်၊ ငါးပါး သီလ ထိန်းသိမ်းမှုကို ဥပမာဆောင်လျက်၊ ပညာအခြေခံ မတူ ညီ၍ကွဲပြား ခြားနားကြောင်း၊ အောက်၌ရှင်းလင်း ဘော်ပြပါ ဦးအံ့။

ငါးပါးသီလ ရိုးရိုး ဆောက်တည်သူမှာ၊ မိမိ ဆောက်တည် သောနေ့အတွက်-သိက္ခာပုဒ်အင်္ဂါငါးပါးမလွန်ကျူးမိရန်ထိန်းသိမ်း

ခြင်းမျှသာဖြစ်၍။ အပြင် အာယတန ဓါတ်ခြောက်ပါး။ အတွင်း အာယတန ဓါတ် ခြောက်ပါးတို့၏။ တွေ့ထိမှုကြောင့် စိတ်အစဉ်၌ ဖြစ်ပျက်သမျှ။ မောဟ-လောဘ-ဒေါသ,တရားတွေကို။ ထိန်းသိမ်းစောင့်ရှောက်ရာ မမည်သေး။ ငါးပါးသီလကို သမထ ဘာဝနာတွဲစပ်လျက်။ သီလာနုဿတိ သမထဘာဝနာ, ဖြစ်အောင်။ သိန်းသိမ်းသူမှာကား-ငါ ယနေ့ ထိန်းသိမ်း စောင့်ရှောက်အပ်သော-သီလ တရားသည်။ စင်ကြယ်လေစွ-ကောင်းလေစွဟု။ ထိုသီလတရားအပေါ်တွင် စွဲမြဲမှတ်ထင်မှု၊ သတိမဏ္ဍိုင်ကိုလက်ကိုင်ထားလျက်။ ထို သတိတရား မလစ်ဟင်းရလေအောင်။ကြိုးစားဆင်ခြင်မှု-ဝီရိယတရားပါဝင်လေသောကြောင့်။ ထိုသို့ဆင်ခြင်နေသော အချိန်ကာလတွင်။ မနောနှင့် ဓမ္မာရုံ-နှစ်ပါး သာဆုံဆည်းမှု စိတ်အစဉ်ဖြစ်လျက်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ-တည်းဟူသော။ ဗဟိဒ္ဓ, အာရုံ ငါးပါးကြောင့်။ ဖြစ်ပေါ်ရမှုစိတ်အစဉ်တွေ ချုပ်ငြိမ်းလေရကား။ ငါးပါးသီလလုံခြုံမှုအပြင်၊ ထိုငါးပါးသီလ,ပိုမိုတည်တန့်ပြူစင်စေရန်။ အမွန်းတင်ကာ ထိန်းသိမ်းရာ မည်၍။ ဒုတိယတန်းစား ဝိညာဏ်သိ-ပညာအခြေသို့ရောက်ပေ၏။

သို့ပါသော်လည်း ထို သီလနုဿတိ သမထ ဘာဝနာမှုကို ငါပြုရပေပြီ။ ဤယခုပြုလုပ်အားထုတ်အပ်သော ကောင်းမှု၊ သမထဘာဝနာအရ ကောင်းသော အကျိုးကို ဧကန် မလွဲ ခံစားရတော့အံ့ဟု။ ထိုသမထဘာဝနာမှုကို။ ငါ၏ဥစ္စာဟူ၍ သာယာစွဲလမ်းသောတဏှာ။ ငါပြုလုပ်အားထုတ်ရပေပြီဟု-ဝမ်းမြောက်တက်ကြွသော-မာန။ သီလတရား၌ ငါတည်သည်။ ငါ၌ သီလတည်သည်ဟု စွဲလမ်း မှတ်ထင်မှု-ဒိဋ္ဌိ တရားတို့မှာ မကင်းပြတ်

နှင့်၊ ငါ-သူတပါး,ယောက်ျား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ,ဟုဆိုအပ်သော၊ သမုတိသစ္စာ အမြင်-ပညတ်ပေါ်တွင်တင်၍၊ ရှုဆင်ခြင်ပွားများခြင်းမျှပင် ဖြစ်ပေ၏၊ သို့ရာတွင်-ဗဟိဒ္ဓမှ-ရူပါရုံ-သဒ္ဒါရုံဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံ-တို့ ထိခိုက်မှုကြောင့်၊ အဇ္ဈတ္တိကစိတ်ဓါတ်အစဉ်တွင် ဖြစ်ပေါ်လာရမှု၊ လောဘ-ဒေါသ-မောဟတရားတို့ကို၊ သီလရိုးရိုးစောင့်ထိန်းသူထက်၊ ပိုမိုထိန်းသိမ်းရာမည်၏။ ငါးပါးသီလကို-ဝိပဿနာဘာဝနာတွဲစပ်လျက်၊သီလာနုဿတိ ဝိပဿနာဘာဝနာ ဖြစ်အောင် ထိန်းသိမ်း သူများမှာကား၊ ဤယခု ထိန်းသိမ်း ဆောက်တည်အပ်သော-ငါးပါးသီလတရားကို ဆောက်တည်ဖြစ်အောင်-စေ့ဆော်တိုက်တွန်း ပြုပြင်မှု၊ကောင်းသောမျိုးစေ့ ကုသိုလ်သဘောတရားသည်၊ စေတနာ စေတသိက် သဘောတရားရှိ သင်္ခါရက္ခန္ဓာ-နာမ်တရားသာလျှင်ဖြစ်ပေ၏၊ ထို သင်္ခါရက္ခန္ဓာ- နာမ်တရား ကျေးဇူးပြုသောအားဖြင့် တွဲစပ် ဖြစ်ပေါ်လာရသော၊ ထို စေတနာ တရားအားကောင်းပေ၏ဟု၊ နှစ်သက်သောအားဖြင့် သာယာခံစားမှု၊သောမနဿ ဝေဒနာ သဘောတရားအရ ဝေဒနက္ခန္ဓာ သည်လည်းနာမ်တရားသာဖြစ်ပေ၏၊ ထိုစေတနာအားကောင်းပေ၏ဟု-မှတ်ထင်မှု သဘောတရားရှိ-သညာက္ခန္ဓာ သည်လည်း-နာမ် တရားသာဖြစ်ပေ၏။ ထိုစေတနာအားကောင်းမှန်းသိမှု သဘောတရားရှိ ဝိညာဏက္ခန္ဓာသည်လည်း။ နာမ်တရားသာလျှင် ဖြစ်ပေ၏၊ ထိုနာမ်တရား လေးပါးတို့သည်၊ ငါးပါးသီလကို စောင့်ထိန်းလိုမှု စေတနာ သဘောတရား ဓမ္မာယတနနှင့်၊ ဟဒယဝတ္ထုရုပ်နှလုံးအိမ်ဟုဆိုအပ်သော၊ မနာယတန-ရုပ်ဓါတ်နှစ်ပါး ထိခိုက်ပေါင်းဆုံသောအားဖြင့်၊ နှလုံးအိမ်ကို အမှီပြုလျက်၊ စိတ္တဇ ရုပ်

ကလာပ်တွေ တွဲစပ်ပြီးသကာလ။ ဥပါဒ်,ဋ္ဌီ,ဘင်,အစဉ်အားဖြင့်။ ခန္ဓာ ငါးပါး-ရုပ်နာမ်တရားတွေဖြစ်၍ ပျက်စီးကာ။ မခိုင်မြဲသော သဘောတရားဖြစ်လေသောကြောင့်။ အနိစ္စ လက္ခဏာသဘော တရားသာတည်း။

ထို စေတနာ အကြောင်းခံကြောင့်ဖြစ်ပေါ်လာရသော။ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်။ဖြစ်ပေါ်ပြီး၍-ဝိပရိဏာမသဘော တရားအရ။ ဘောက်ပြန် ပျက်စီး၍ သွားရလေအောင် နှိပ်စက် အပ်ရကား။ဆင်းရဲခြင်းသဘောတရားသာဖြစ်လေသောကြောင့် ဒုက္ခလက္ခဏာသဘောတရားသာတည်း။ထိုစေတနာအကြောင်း ခံသဘောတရားကြောင့်။ ဖြစ်ပေါ်၍ လာရသော-ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်။ ငါ-သူတပါး,ယောကျ်ား မိန်းမ,ပုဂ္ဂိုလ် သတ္တဝါ,လူနတ်,ဗြဟ္မာ,လည်းမဟုတ်။ ဖြစ်ပေါ်၍လာမှုသဘော တရားကို။ ပျက်ပြား၍ မသွားရလေအောင်။ ဆွဲဆောင်ခြင်းငှါ စွမ်းနိုင်သည့်။ အလိုသို့ လိုက်တတ်သော သဘောတရားလည်း မဟုတ်။ ဖြစ်ပေါ်၍လာမှု သဘောတရားကို မပျက်ပြားရ လေ အောင်။ ဘုရားသျှင် ကိုယ်တော်မြတ်ကြီး၏။ တန်းခိုးတော်အာ ဏာစက်တို့နှင့်မှ။ ကန့်ကွက်ခါအာဏာပေးပိုင်သည့်။ အစိုးရ အပ်သော သဘောတရားလည်း မဟုတ်။ သူ့ သဘောသဘာဝ ကိုသူဆောင်လျက်။ အကြောင်းတိုက်ဆိုင်သလို ဖြစ်ပေါ်ပြီး၍။ ပျက်စီးတတ်သောသဘောတရားသာလျှင်ဖြစ်ပေသောကြောင့် အနတ္တလက္ခဏာ-သဘောတရားသာ တည်းဟု။ သမ္မာသက်ပ္ပ မဂ္ဂင်-ကောင်းစွာသော ကြံစည်မှု သဘောတရား။ ဝိပဿနာ ဘာဝနာဘာရေးအားဖြင့်။ပွားများအားထုတ်လေရကား။

ငါးပါးသီလ စောင့်ထိန်းလို့မှ စေတနာ အကြောင်းခံကြောင့်

ဖြစ်ပေါ်လာရသော၊ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊ ဖြစ်ပျက်မှု အစဉ်တွင်-အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာ-သဘောတရား အားဖြင့် ဆင်ခြင်လေသောကြောင့်။ မသောက်မပြန် ဟုတ်မှန်သော ပရမတ္ထ သဘာဝ သဘောတရားအပေါ်တွင်၊ တင်၍ရှုဆင်ခြင်အပ်သော၊ ဝိပဿနာဘာဝနာ-ဝိဇ္ဇာ ပညာဉာဏ် တရား ကြီးထွားလေရကား၊ ထို ငါးပါးသီလ စေတနာတရားကြောင့်ဖြစ်ပေါ်၍လာရသော၊ ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့သည်၊ အကြောင်းအား လျော်ညီစွာ ဖြစ်ပေါ်ပြီး၍၊ ဝမ္မနိယာမ-သဘောသဘာဝအတိုင်း ပျက်စီးဘတ်ပေ၏ဟုသိမြင်လျက်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသည်၊ မမြဲသော အနိစ္စသဘောလက္ခဏာ။ မမြဲသောအနိစ္စသဘောလက္ခဏာသည်၊ခန္ဓာငါးပါး ရုပ်နာမ်တရား။ ခန္ဓာငါးပါးရုပ်နာမ်တရားသည်။ ဆင်းရဲသောဒုက္ခသဘောလက္ခဏာ။ ဆင်းရဲသော ဒုက္ခသဘောလက္ခဏာသည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရား။ ခန္ဓာငါးပါး ရုပ်နာမ်တရားသည်- ငါ-သူတပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ, မဟုတ်။ အလိုသို့မလိုက်တတ်၊အစိုးမရအပ်သော-အနတ္တ သဘောလက္ခဏာ။ အနတ္တသဘောလက္ခဏာသည်- ငါ, သူဘပါး, ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ, လူ, နတ်, ဗြဟ္မာ, မဟုတ်၊ အလိုသို့မလိုက်တတ် အစိုးမရအပ်သော သဘောတရား။ ခန္ဓာငါးပါး ရုပ်နာမ်တရားဟု-ဉာဏ်ဝ၌ သိမြင်လျက်၊ ထို ငါးပါးသီလ တရားကိုဆောက်တည်လိုမှု-စေတနာအကြောင်းရင်းခံကြောင့် ဖြစ်ပေါ်၍လာရသော။ ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်တွင်၊ငါ၏ဥစ္စာဟု စွဲလမ်းမှတ်ထင်မှု-တဏှာ။ ငါ၏ သီလ,သည် မြင့်မြတ်ပေစွဟု ထောင်လွှား တက်ကြွမှု-မာန။ အလိုသို့လိုက်တတ် အစိုးရ အပ်

သော-ငါ၏သီလဟုစွဲလမ်းမှတ်ထင်မှု။ ဒိဋ္ဌိ-သဘောတရားတွေ မှား၊ပရမတ်,သဘောတရားပေါ်တွင်တင်၍ ရှုအပ်သော-ဝိပဿ နာဘာဝနာ ပညာဉာဏ် အကြောင်းကြောင့်။ မဂ္ဂင်ရှစ်ပါး အင်္ဂါ များရုံညီကာ။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း မှန်ကန်ပြည့်ရုံပေရ ကား။ အတ္တဒိဋ္ဌိ- ဝါ-သက္ကာယဒိဋ္ဌိ တရားကြီးကို။ တစ တစ ဘောက်ခွဲလျက်။တိရစ္ဆာနပရိညာစခန်းမှတဆင့်။ ပဟာနပရိညာ စခန်းဟုဆိုအပ်သော- သောတာပတ္တိမဂ်၊ ပထမ နိဗ္ဗာန် နန်းသို့ တက်လှမ်းနိုင်ကြပေတော့၏။

အထက်က ပြဆိုခဲ့သော-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း-မဂ္ဂင် ရှစ်ပါးကို အတိုချုံးလျက်။ သီလ,သမာဓိ,ပညာ,သိက္ခာ, သုံးပါး တို့၏ပရမတ္ထသဘာဝကို ဖော်ပြရပါမူ။

သီလတိ- ကုသလေ - ပတိဋ္ဌာပေ တိ တိ သီလံ။ ဟူသော ဝိဂြိုဟ်နှင့်အညီ သီလ,သမာဓိ,ပညာ,ဟု ဆိုအပ်သော။ ကုသိုလ် တရားတို့ကို တည်စေတတ်သောကြောင့်-သီလ,ဟုဆိုလိုသည်၊ ထိုသီလတရားသည်။

၁။ အကုသိုလ်တရားကို မဖြစ်ပွားစေခြင်းလက္ခဏာ၊

၂။ အကုသိုလ် တရားကို ဖျက်ဆီးခြင်း၊ ကုသိုလ်တရားနှင့် ပြည့်စုံခြင်း ကိစ္စရသ။

၃။ အကုသိုလ်တရား တို့၏ စင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန်၊

၄။ သမထ-ဝိပဿနာ ဘာဝနာ နှစ်ရပ်၌၊ အသင့် အတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။ ထိုသီလ တရားကို။

၁။ ဋ္ဌိတိ ဘာဂိယ သီလ၊ ၂။ ဝိသေသ ဘာဂိယ သီလ၊

၃။ နိဗ္ဗေဓ ဘာဂိယသီလ, အား‌ဖြင့် သုံးပါးခွဲပြန်ရာ။ ဒွိတိဘာ ဝိယသီလ,သည်။

၁။ ဝိတိက္ကမကိလေသာတရားကို မဖြစ်စေခြင်း လက္ခဏာ။

၂။ ဝိတိက္ကမကိလေသာတရားကို ဖျက်ဆီးခြင်းကိစ္စရသ။

၃။ သီလယောဂီပုဂ္ဂိုလ်၏-ဉာဏ်အား-သီလစင်ကြယ်ခြင်း လျှင်ထင်သောအခြင်းအရာ ပစ္စုပဋ္ဌာန်။

၄။ ဟိရိဩတ္တပ္ပ တရားတို့နှင့် နီးကပ်စွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏၊သီလရိုးရိုးဆောက်တည်မှု ဥပမာနှင့်တူ၏။ဝိသေသ ဘာဝိယသီလသည်။

၁။ ပရိယုဋ္ဌာနကိလေသာတရားကို မဖြစ်စေခြင်းလက္ခဏာ။

၂။ ပရိယုဋ္ဌာနကိလေသာတရားကို ဖျက်ဆီးခြင်းကိစ္စရသ။

၃။ သမထယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား-သီလ စင်ကြယ် ခြင်းလျှင်ထင်သောအခြင်းအရာ ပစ္စုပဋ္ဌာန်။

၄၊ စိတ္တသုခနှင့် ယောနိသော မနသိကာရ။ နီးစွာသောအ ကြောင်း ပဒဋ္ဌာန်ရှိ၏။ သီလာနုဿတိ သမထ ဘာဝနာ စီးဖြန်း ဆောက်တည်မှု ဥပမာနှင့် တူ၏။ နိဗ္ဗေဂ ဘာဂိယသီလသည်။

၁။ အနုသယကိလေသာကို မဖြစ်စေခြင်းလက္ခဏာ။

၂။ အနုသယကိလေသာကို ဖျက်ဆီးခြင်း ကိစ္စရသ။

၃။ ဝိပဿနာယောဂီပုဂ္ဂိုလ်၏ဉာဏ်အား။ သီလစင်ကြယ် ခြင်းလျှင်ထင်မြင်သောအခြင်းအရာ ပစ္စုပဋ္ဌာန်။

၄။ သမာဓိတရားနှင့် ယောနိသော မနသိကာရ-နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။ သီလာနုဿတိ-ဝိပဿနာ ဘာဝနာ စီးဖြန်းဆောက်တည်မှု ဥပမာနှင့်တူ၏။ယခုအခါ သမာဓိတရား ၏ ပရမတ္ထသဘာဝကို ဘော်ပြပေအံ့။

သမံ သမ္မာစ-ဧကဂ္ဂ သမ္ပယုတ္တကေ-အာဓေတီတိ-သမာဓိ။ ဟူသောဝိဂြိုဟ်နှင့်အညီ၊ အကြင် တရားသဘောသည်-မိမိ နှင့် တကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သောတရားတို့ကို အညီအညွတ် အားဖြင့်ရင်း။မခဘာက်မပြန် ဖြောင့်မှန်စွာသော်ရင်း။ ကသိုဏ်း စသော-တခုတည်းသော အာရုံ၌ ထားတတ်သောကြောင့်။သ မာဓိ, ဟူ၍ ခေါ်ဆိုရ၏။ ၎င်း သမာဓိ တရား၏ ပရမတ္ထ သ ဘာဝ,မှာ။

၁။ စိတ်မပျံ့လွင့်ခြင်း လက္ခဏာ။

၂။ ပျံ့လွင့်တတ်သော ဥဒ္ဓစ္စစိတ်ကို ဖျက်ဆီးခြင်း ကိစ္စရသ။

၃။ သမထယောဂီပုဂ္ဂိုလ်၏ဉာဏ်အား။မတုန်မလှုပ် စိတ်၏ ငြိမ်သက်ခြင်းလျှင် ထင်သောအခြင်းအရာ ပစ္စုပဋ္ဌာန်။

၄။ စိတ်ချမ်းသာခြင်းလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။ထို သမထဘာဝနာတရားကိုလည်း။

၁။ ပရိကမ္မ ဥဂ္ဂဟနိမိတ်တို့ကို အာရုံပြု၍၊ ရှုကြည့်ပွားများ သော-ပရိကမ္မဘာဝနာသမာဓိ။

၂။ ပဋိဘာဂနိမိတ်ကို အာရုံပြု၍-ဂေါတြဘူတိုင်အောင် ရှု ကြည့်ပွားများသော-ဥပစာရဘာဝနာသမာဓိ။

၃။ ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ဂေါတြဘူမှ။ပဋ္ဌမဈာန်တိုင် အောင် ရှုကြည့် ပွားများသော။ အပ္ပနာ ဘာဝနာ သမာဓိ-ဟူ၍ သုံးမျိုးရှိ၏။ ယခုအခါ ဝိပဿနာဘာဝနာတရား၏။ ပရမတ္ထ သ ဘာဝကို ဘော်ပြပေအံ့၊

အနိစ္စာဒိ-ဝိဝိဓါကာရေန-ပဿတီတိ-ဝိပဿနာ။ ဟူသော ဝိဂြိုဟ်နှင့်အညီ၊ အကြင် အပြားအား ဖြင့် သိတတ်သော ပညာ တရားသည်။သင်္ခတ တရားတို့၏ ဖြစ်ပြင်စိုရင်အပ်သော၊ရုပ်နာမ်

တရားတို့ကို။ မမြဲခြင်းအစရှိသော အထူးထူးသော အခြင်းအရာ တို့ဖြင့်။ ဝါ၊မမြဲခြင်း-ဆင်းရဲခြင်း-အလိုသို့မလိုက်တတ် အစိုးမရ အစ်ခြင်းဟူသော၊အခြင်းအရာ သဘောတရားတို့ဖြင့်။ ကြည့်ရှု ဆင်ခြင်ပွားများအားထုတ်အစ်ခြင်းကြောင့်။ ဝိပဿနာဘာဝနာ ဟုခေါ်ဆိုရ၏။ ထိုဝိပဿနာ ဘာဝနာပညာတရား၏။ ပရမတ္ထ သဘာဝ,မှာ။

၁။ ရုပ်ဓါတ်နာမ်ဓါတ် တို့၏။ သာမည သဘောတရား-သဘာဝသဘောတရားတို့ကို။ထိုးထွင်း၍သိမြင်ခြင်းလက္ခဏာ။

၂။ ရုပ်ဓါတ် နာမ်ဓါတ် တို့၏။ သဘောလက္ခဏာတို့ကို မသိမြင်နိုင်အောင် ဖုံးလွှမ်းပိတ်ဆို့တတ်သည့်-မောဟ မှောင်ကြီး ကို ဖျက်ဆီးခြင်းကိစ္စရသ။

၃။ ရုပ်ဓါတ် နာမ်ဓါတ် တို့၏။ သဘောသဘာဝလက္ခဏာ များကို။ မတွေဝေဘဲ ထင်လင်းစွာ ဟုတ်မှန်သောအတိုင်း၊ သိ မြင်ခြင်းလျှင် ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား၊ ရှေ့ရှုထင် ခြင်း အခြင်းအရာ ပစ္စုပဋ္ဌာန်။

၄။ ကောင်းစွာသောစိတ်၏ တည်ကြည်မှု၊ သမာဓိတရား နှင့်နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏၊ သို့ဖြစ်၍ မဟာပရိနိဗ္ဗာန သုတ်၌၊

သီလ ပရိဘာဝိတော ၊သမာဓိ မဟပ္ဖလော ဟောတိ မဟာနိ သံသော- သမာဓိ ပရိဘာဝိတာ - ပညာ-မ ဟပ္ဖလော ဟောတိ-မဟာနိသံသာ-ပညာ ပရိဘာဝိ တံ-စိတ္တံသမ္မဒေဝ-အာသဝေဟိ-ပရိမုစ္စတိ။

ဟူသော-ပဠိတော်အရ၊ ဆိုလိုရင်းအဓိပ္ပါယ်မှာ။ သီလဖြင့်

ထိုအခါသော-သမာဓိတရားသည်။ များစွာသောအကျိုးအာနိသင်ရှိ၏၊ သမာဓိ,ဖြင့်ထိုအခါသော ဝိပဿနာ ပညာ တရားသည်။ များစွာသောအကျိုး အာနိသင်ရှိ၏။ ဝိပဿနာ ပညာဖြင့်ထိုအခါသော စိတ်သည်၊ အာသဝေါတရား လေးပါးတို့မှ ကောင်းစွာ ကျွတ်လွှတ်နိုင်၏ဟူ၍ ဟောကြားတော်မူပေ၏။ယခုအခါ ယော ဂီပုဂ္ဂိုလ်တို့၏ ခြားနားသိသာအခါသော၊ ပညတ်, နှင့် ပရမတ်, ကို၊ထင်ရှားအောင်ခွဲခြား၍ ပြပါဦးအံ့။ သုတ္တန်အဋ္ဌကထာ-အဘိ ဓမ္မာအဋ္ဌကထာတို့၌။

သင်္ကေတဝစနံသစ္စံ-လောက သမ္မုတိ ကာရဏာ-ပရ
မတ္ထ ဝစနံ သစ္စံ-ဓမ္မာနံ တထလက္ခဏံ။

ဟူ၍မိန့်ကြားတော်မူချက်အရ၊ အဓိပ္ပါယ်မှာ လောကလူတို့ တညီ တညွတ်တည်း မှည့်ခေါ်သမုတ်ခြင်း အကြောင်းခံသော။ အမည်နာမဟူသမျှတို့မှာလည်း၊ ပညတ်အနေအားဖြင့် ထင်ရှား ကေန်တကယ်ပင်မှန်ပေ၏၊ အဟုတ်ရှိ တကယ်ရှိသော-ပရမတ္ထ တရားတို့၏၊မဘောက်မပြန် ဟုတ်မှန်သော သဘောလက္ခဏာ သည်၊ပရမတ္ထ,အနေအားဖြင့် ထင်ရှားကေန် တကယ်ပင် မှန်ပေ ၏ဟု မိန့်ကြားတော်မူလေရကား။ ယောဂီပုဂ္ဂိုလ်သည်-ပညတ် အနေအားဖြင့် မှန်ကန်သော စကား။ ပရမတ်,အနေအားဖြင့် မှန် ကန်သော စကားတို့ကို ခွဲခြားမှတ်သားလျက်၊ ပညတ် သိမှတ ဆင့် ပရမတ်သိသို့ ရောက်အောင် ဘောက်ထွင်း သိမြင်ရာ၏။ ပညတ်ဆိုသည်မှာ၊

လောကသင်္ကေတ သိဒ္ဓတ္တာ-အဝိဇ္ဇာမာနံပိ-ဝိဇ္ဇာမာနံ
ဝိယ ပညာပိယတိ-ဝေါဟာရိယတီတိ ပညတ္တိ။

ဟူသောဝိဂြိုဟ်အရ။ ကဏ္ဍာဉီးသူ-ကဏ္ဍာဉီးသား တို့၏ အမှတ်အသားအားဖြင့် ပြီးသည့်၏အဖြစ်ကြောင့်။ အဟုတ်မရှိသော်လည်း။ အဟုတ်ရှိသကဲ့သို့ခေါ်ဝေါ်အပ်ခြင်းကို။ ပညတ်ဟုဆိုလို၏။ထိုပညတ်တရားကိုလည်း။

၁။ အမည်နာမကို စွဲ၍ခေါ်ဆိုအပ်သော-နာမ ပညတ်။

၂။ ပုံသဏ္ဍာန်ကိုစွဲ၍ ခေါ်ဆိုအပ်သော-သဏ္ဍာန ပညတ်။

၃။ အပေါင်း အဖွဲ့ကို စွဲ၍ ခေါ်ဆိုအပ်သော-သမူဟ ဃန ပညတ်။

၄။ အစဉ် အဆက်ကိုစွဲ၍ ခေါ်ဆိုအပ်သော-သန္တတိ ဃန ပညတ်။

၅။ တင့်တယ်မှုကိုစွဲ၍ ခေါ်ဆိုအပ်သော-သုဘ ပညတ်။

၆။ အသက် အရှင်အကောင်ကိုစွဲ၍ ခေါ်ဆိုအပ်သော-ဇီဝ ပညတ်။ အစရှိသဖြင့် အမျိုးမျိုး ကွဲပြားလျက်။ စင်စစ်အားဖြင့် ပညတ်ဆိုသည်မှာ။ခေါ်ဆိုအပ်သည့် အမည်ရှိမှုမှန်ကန်ပါသော်လည်း။ သဘောတရားကိုယ်အားဖြင့် မရှိကြောင်း မှတ်သားရာ၏။ အကြောင်းမှုကား-ပညတ် စကားသည်-ပရမတ်ဟုဆိုအပ်သော။မဖောက်မပြန် အဟုတ်အမှန်ရှိသည့် သဘောတရားကို။ အမှီပြု၍ တဆင့်ထပ်မံ သတ်မှတ် မှည့်ခေါ်သော အမည်စကားမျှသာဖြစ်၏။ပရမတ်ဆိုသည်မှာ။

ဝိဂ္ဂဟမာနေန ပရမော အတ္ထော-ပရမတ္ထော-ဟူသော ဝိဂြိုဟ်အရ။အဟုတ်အမှန်တကယ်ရှိခြင်းကြောင့်။ မြတ်သော သဘောမြတ်သည်ဟုဆိုရသော သဘောတရားကို ဆိုလိုသည်။ ထိုကဲ့သို့မဖောက်မပြန် အဟုတ်အမှန်ရှိသော ပရမတ်တရားကို။

၁။ စိတ်။ ၂။ စေတသိက်။ ၃။ ရုပ်။ ၄။ နိဗ္ဗာန်-ဟူ၍
လေးပါး ခွဲခြားကာ အမည် နာမ ပညတ် တင်သောအားဖြင့်။
အဘိဓမ္မာ-ခုနစ်ကျမ်းတွင် မြတ်စွာဘုရားသခင်ဟောကြားတော်
မူခဲ့ပေသည်။ထိုပရမတ်တရား လေးပါးအနက်။ စိတ်သည် အာ
ရုံအမျိုးမျိုးတို့ကို-ကြံတတ်၊ သိတတ်သောသဘောတရား။ စေ
တသိက်တရား ငါးဆယ့်နှစ်ပါးသည် စိတ်နှင့်တွဲယှဉ်၍။ မိမိတို့
၏သဘောသတ္တိများကို။ ဆွမ်းဆောင်သောသဘောတရား။ ရုပ်
နှစ်ဆယ့်ရှစ်ပါးသည်။ စိတ်ဓါတ်၊ စေတသိက်ဓါတ်တို့၏တည်
မှီးရာ။ ဖောက်ပြန် ပျက်စီးတတ်သောသဘောတရား။ နိဗ္ဗာန်
သည်-အာရုံ ခြောက်ပါး စိတ် တည်ငြိမ်းရာ နိဗ္ဗာန် သာတည်း
ဟူသည်နှင့်အညီ။ အာရုံခြောက်ပါးအလိုက် ဖြစ်၊ပျက်နေရသော
ရုပ်ဓါတ်နာမ်ဓါတ်တို့ချုပ်ငြိမ်းလျက်။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းမှု
သဘောတရားဖြစ်ပေ၏။ ၎င်းလေးပါးအနက်-စိတ် စေတသိက်
ရုပ်ဟုဆိုအပ်သော ပရမတ်တရားသုံးပါးမှာ။ ဇနက၊ အကြောင်း
ဥပတ္ထမ္ဘက အကြောင်း တရားတို့ ရပေါင်း ပြုပြင်မှုကြောင့် ဖြစ်
ပေါ်နေကြသည့်-သင်္ခတပရမတ်၊ နိဗ္ဗာန်မှာ အကြောင်းသင်္ခါရ
တရားတွေ ပြုပြင်မှု ချုပ်ငြိမ်းသည့်၊ အကျိုးအသင်္ခတ-ပရမတ်
ဟူ၍ ခွဲခြားပြန်၏။ ထိုအကြောင်း သင်္ခတ ပရမတ်တရားတို့ကို။
ဝိပဿနာ၊ ဘာဝနာ၊ ပညာဉာဏ်၊နှင့် ရှုကြည့်ပွားများသောအား
ဖြင့်။အကျိုးသင်္ခတပရမတ် နိဗ္ဗာန်ကိုရှာကြံရလေ၏။

သို့ဖြစ်လေရကား-အကျိုး အသင်္ခတပရမတ်။ နိဗ္ဗာန်ကို အ
ကြောင်း သင်္ခတပရမတ်က ဖုံးအုပ်ထားသည်။အကြောင်း သင်္ခ
တပရမတ်ကို ပညတ်က ဖုံးအုပ်ထားသည်၊ ပညတ်တရားကို
ဖယ်ခွါလိုက်က။ အကြောင်းသင်္ခတပရမတ်တရားကို တွေ့မြင်

မည်။ အကြောင်း သင်္ခတပရမတ်တရားကို ထပ်မံဖယ်ခွါလိုက်ပြန်က၊ အကျိုး နိဗ္ဗာန်ကိုတွေ့မြင်ပေမည်။ ဥပမာ-မောင်ဘ-ဟူသော-နာမပညတ် လူကြီးစကားအမည်မှတဆင့် ဆန်းစစ်လိုက်ပါက။ထို မောင်ဘ-ဟူသော အမည်နာမသည်၊ ဘုရားပညတ်တင်ထားသော-ရုပ်နာမ် အပေါ်တွင် တဆင့်ခွဲ၍ ခေါ်ဝေါ်ခြင်း အမည်မျှသာ ဖြစ်ကြောင်း ထင်ရှားလာပေမည်၊ ရုပ်နာမ်ဟုဆိုအပ်သော ဘုရား၏ ပညတ်စကားမှာလည်း။ မဖောက် မပြန် အဟုတ်အမှန် တကယ်ရှိသော-ပရမတ္ထ သဘောသဘာဝ အားဖြင့်။ မိမိတို့၏ ပင်ကိုယ်သဘောကို ဆောင်စွမ်းနိုင်မှု၊ သဘာဝ သတ္တိထူးတွေသာဖြစ်ပေ၏။ ထိုရုပ်နာမ်ဟူ၍ ပညတ်သော သင်္ခတပရမတ် သဘာဝသတ္တိထူးတွေမှာ။

စက္ခာရေ ခန္ဓာ-အရူပိနော အညမညာ ပစ္စယေန ပစ္စယော။ စက္ခာရေ မဟာဘူတာ-အညမညပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ-နာမရူပံ-အည မည ပစ္စယေန ပစ္စယော။

ဟူသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ၊နာမ်ဓါတ်တရားလေးပါးတို့သည်။ တပါးကို တပါး ကျေးဇူးပြုသောအားဖြင့် ဖြစ်ပေါ်လာကြ၏။ ပထဝီ အာပေါ-ဝါယော-တေဇော,ဟုဆိုအပ်သော ရုပ်မဟာဘုတ်တရား လေးပါး တို့မှာလည်း။တပါးကို တပါး ကျေးဇူးပြုသောအားဖြင့် ဖြစ်ပေါ်လာကြ၏၊ နာမ်ဓါတ် တရားများနှင့် ရုပ်ဓါတ် တရားတို့မှာလည်း။ တပါးကို တပါး ကျေးဇူးပြုသောအားဖြင့် ဖြစ်ပေါ်လာကြ၏။ ထိုကဲ့သို့ တပါးကို တပါး ကျေးဇူးပြုသောအနေနှင့်။ ကံ,စိတ်,ဥတု, အာဟာရ, အကြောင်းတရား

လေးပါးတို့၏ ပြုပြင်မှုကြောင့်ဖြစ်ပေါ်လာကြသည့်။ စိတ်, စေတသိက်, ရုပ်, သင်္ခတ, ပရမတ်တရား သုံးပါး ရုပ်နာမ် တရားတို့၏။ ပရမတ္ထသဘာဝလက္ခဏာ အကြောင်းမှန်ကို။ ဝိပဿနာ ဘာဝနာ, ပညာဉာဏ်ဖြင့် ဘောက်တွင်းသိမြင်၍။ ဖယ်ရှားလိုက်သော အခါ။ထိုသင်္ခတပရမတ်-နာမ်ရုပ်ဓါတ်တို့၏။ ချုပ်ငြိမ်းပြတ်စဲရာ အသင်္ခတ ပရမတ် နိဗ္ဗာန်ချမ်းသာ ဓါတ်ကြီးသည်။ အလိုအလျောက်ပေါ်ပေါက်သိမြင်၍လာပေမည်၊

အထက်ကဘော်ပြခဲ့ပြီးသော။ သင်္ခတပရမတ်သုံးပါးအနက်။ အလုံးစုံသော-စိတ်တခုယုတ် ကိုးဆယ် အကျယ်အားဖြင့်-တရာ့နှစ်ဆယ့် တပါး ပွားများအပ်သော၊ သိတတ်သော သဘောတရားရုပ်စိတ်ကို ဝိညာဏက္ခန္ဓာ။ စေတသိက် ငါးဆယ့်နှစ် မျိုးအနက်။ ခံစားတတ်သော သဘော တရားရုကို ဝေဒနက္ခန္ဓာ။ မှတ်သားတတ်သောသဘောတရားရုကို သညက္ခန္ဓာ။ရင်းနှစ်ပါးမှအပ ကြွင်းကျန်သော ကောင်းမှု မကောင်းမှုကို ပြုပြင် တတ်သည့် သဘောတရားရု။ စေတနာ အမှူးရှိသော စေတသိက် ငါးဆယ်ကို၊ သင်္ခါရက္ခန္ဓာ ဖွဲ့စည်းလျက်။ စိတ်နှင့် စေတသိက် ပရမတ်နှစ်ပါးတွင်-နာမ်ခန္ဓာ လေးပါးရ၍။ ဘောက်ပြန်ပျက်စီးတတ်သည့်သဘောတရားရု။ ပထဝီ-အာပေါ-ဝါယော-တေဇော မဟာဘုတ်ရုပ်ဓါတ် လေးပါးနှင့် တကွ။ ရင်းရုပ်ဓါတ်လေးပါးကိုအမှီပြု၍ ဖြစ်ပေါ်လာရသော၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါး၊ အားလုံးပေါင်း နှစ်ဆယ့် ရှစ်ပါး သော သဘော တရားရု ရုပ်ဓါတ်ကို ရူပက္ခန္ဓာ ဖွဲ့စည်းလျက်။ သင်္ခတပရမတ်တရား သုံးပါးတွင် ခန္ဓာအားဖြင့် ငါးပါး၊ နာမ် ရုပ် အားဖြင့် နှစ်ပါး သာရပေတော့၏။ထိုနာမ်ရုပ်နှစ်ပါးကိုအတိုချုံးလိုက်သော်။

အဇ္ဈတ္တနေသော သဘာဝံ ဓါရေတီတိ ဓါတု၊ ဟူသော ဝိဂြိုဟ်အရ။ မိမိတို့၏ သဘော သဘာဝ သတ္တိထူးကိုသာ။ စွမ်းဆောင်တတ်သောကြောင့်။ ဓါတ်, ဟူ၍ ခေါ်ဆိုအပ်သော ပရမတ္ထသဘောသဘာဝအစစ်-ဓါတ်တခုကိုသာရပေတော့၏။ ဆိုလိုရင်းအဓိပ္ပါယ်မှာ- ရုပ်ဓါတ် နာမ်ဓါတ်-တို့သည်၊ အကျယ်အားဖြင့်ဓမ္မက္ခန္ဓာ,ပေါင်း-ရှစ်သောင်းလေးထောင် တိုင်အောင်။ ဖွဲ့စည်းလျက် ဟောကြားတော်မူခဲ့ပေ၏။ အတို ချုံ့လိုက်သော်-မိမိတို့အစွမ်းသတ္တိအလိုက်။ သဘောတရား တပါးပါးကို စွမ်းဆောင်၍ဖြစ်ပေါ်နေခြင်း၊ အစွမ်းသတ္တိ-ဓါတ်သဘော အားဖြင့်- တပါးသာရ၏ဟု ဆိုလိုသည်၊ သို့ဖြစ်ပါ၍-အဘိဓမ္မာ ခုနစ်ကျမ်းကို။ အတိုချုံ့လိုက်က ရုပ်နှင့် နာမ်-နှစ်ပါးကိုရ၍။ ရုပ်နာမ်နှစ်ပါးကို အတိုချုံ့လိုက်ပြန်က။ မိမိတို့ သဘောသဘာဝအလိုက်။ စွမ်းဆောင်တတ်သော သတ္တိထူး-ဓါတ်သဘော တပါး ကိုသာရရှိကြောင်းမှတ်သားအပ်ပေ၏။

ထို့ကြောင့်-ဩကာသလောက-အပြင် ဗဟိဒ္ဓ သက်မဲ့ဝတ္ထုပစ္စည်းအားလုံးကို သိမ်းရုံးလျက် အတိုချုံ့လိုက်သော်။ ဘောက်ပြန်ပျက်စီးတတ်သောသဘောတရားရ-ရုပ်ဓါတ် တပါးကိုရ၏ သတ္တလောက ဟုဆိုအပ်သော အတွင်း-အဇ္ဈတ္တ သက်ရှိသတ္တဝါမှန်သမျှကို။ အကုန်သိမ်းရုံး၍အတိုချုံ့လိုက်သော်။ ဘောက်ပြန်ပျက်စီးမှုသဘောတရားရ-ရုပ်ဓါတ် တပါးနှင့်၊ ခံစားမှု-မှတ်သားမှု-ပြုပြင်စီရင်မှု သိမှု သဘောတရားရ-နာမ်ဓါတ် လေးပါကိုရ၏။ ထို ဩကာသ လောက-အပြင် ဗဟိဒ္ဓမှ ရုပ်ဓါတ်-အဆင်း-အသံ-အနံ့-အရသာ-အတွေ့-ဓမ္မာရုံ-ဓါတ် ခြောက်ပါး နှင့်-သတ္တလောကအတွင်း အဇ္ဈတ္တမှ ရုပ်ဓါတ်-မျက်စိ,နား,နှာခေါင်း

လျှာ,ကိုယ်,မနောဟာဒယဝတ္ထု,အကြည်ပသာဒ,ဓါတ်ခြောက်ပါး တို့ ပေါင်းဆုံတွေ့ထိမှုအကြောင်းကြောင့်။ သင်္ခါရလောက ခန္ဓာ ငါးပါး-ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတွေ-အသစ် အသစ် အားဖြင့် ဖြစ်ပွားပေါ်ပေါက်၍ လာရပြန်၏။ လောက,ဟူသော သဘော အဓိပ္ပါယ်မှာ။

လုဇ္ဇတိ-ပလုဇ္ဇတီတိ လောကော။ ဟူသောဝိဂြိုဟ်နှင့်အညီ။ အပြတ်အပြတ် အတစ်အတစ်- အသစ် အသစ်-အားဖြင့်။ အစဉ် ဒလစပ် ပျက် ဖြစ် ၍နေတတ်သော သဘောတရားကို။လောက ဟုခေါ်ဆိုပေ၏။ ထို့ကြောင့်-လောက သုံးပါး ဟုဆိုအပ်သော ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတွေမှာ။ အစဉ် မပြတ် ပျက် ဖြစ် ၍နေခြင်းကိုသိအပ်၏။ ပျက်-ဖြစ်,သည် ဟူသော သဘော အဓိပ္ပါယ်မှာ။ ရှေ့သို့ အကြောင်း သင်္ခါရ အာရုံသစ် တခုအား ဖြင့်။ ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတွေ ဖြစ်သွားလေသမျှ။ နောက်က အကြောင်းသင်္ခါရ အာရုံဟောင်းကြောင့် ဖြစ်ပေါ်ပြီး သော-ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတွေ။ ချုပ်ငြိမ်း ပျက် စီးသွားခြင်းကိုဆိုလို၏။

ဥပမာ-အသံ ကြားရာမှ ရုတ်တရက်။ အနှံ့ ရခဲ့သော်-အသံ ကြားမှု အကြောင်းကြောင့် ဖြစ်ပေါ်နေကြသည့်။ ရုပ်ဓါတ်-နာမ် ဓါတ်အဟောင်းတွေ ပျက်စီးပြီး၍၊ အနံ့ရမှု အကြောင်းကြောင့် ရုပ်ဓါတ်- နာမ်ဓါတ် အသစ်တွေ ဖြစ်ပေါ်နေကြောင်းကို။ အ ကြမ်းနည်းအားဖြင့် သိမြင်ရာ၏၊ အသံကြားမှု အာရုံ တခုထဲ၌ ပင်လျှင်။ပဌမ စတင်၍ကြားရသောအသံနှင့်။ နောက် အဆင့်ဆင့် အားဖြင့် ဆက်လက် ကြားနေရသော အသံတို့မှာ၊ အဆင့်ဆင့် ကြားသွားလေတိုင်း၊ နောက်ပိုင်းမှ အသံကြောင့် ဖြစ်ပေါ်၍လာ

ရသော-ရုပ်ဓါတ် နာမ်ဓါတ်အဟောင်းတွေ ပျက်စီးလျက်။ ၎င်းအတို့ အသံကြောင့် ဖြစ်ပေါ်၍သွားရသော။ ရုပ်ဓါတ်-နာမ်ဓါတ်အသစ်တွေဖြစ်ပေါ်ကာ၊အဆင့်ဆင့်အားဖြင့် ပျက်ဖြစ်-ပျက်ဖြစ်နှင့် အစဉ်မပြတ်။ ရုပ်ဓါတ်-နာမ်ဓါတ် အဟောင်းတွေ ပျက်စီးသည်နှင့် အမျှ၊ ရုပ်ဓါတ် နာမ်ဓါတ် အသစ်တွေ ဖြစ်ပေါ်သွားကြောင်း မှတ်သား အပ်၏။ ဤနည်းအားဖြင့်-အာရုံ ခြောက်ပါးအနက်။ ထင်ရှားရာအာရုံသဘောသို့ ပြောင်းလဲသည့် အလိုက်၊ အာရုံဟောင်းမှ အာရုံသစ်သို့ ပြောင်းလဲတိုင်း။ ရုပ်ဓါတ် နာမ်ဓါတ်အဟောင်းမှ၊ ရုပ်ဓါတ် နာမ်ဓါတ် အသစ်သို့ ပြောင်းလဲပုံ။ အာရုံဟောင်း မပြောင်းလဲမီ အချိန် ကာလ အတွင်း၌လည်း။ ပဌမ အာရုံဖြစ်စ-ရုပ်ဓါတ် နာမ်ဓါတ်တို့သည်။ ဥပါဒ်-ဌီ-ဘင်, အားဖြင့်ပြောင်းလဲခဲ့၍။နောက် ရုပ်ဓါတ်နာမ်ဓါတ်အသစ်တွေဖြစ်ပေါ်၍ သွားကြောင်း။ မြတ်စွာဘုရားသခင်၏ ဉာဏ်မြင်တော်အားဖြင့်။ မျက်စိ တမှိတ် လျှပ်တပစ် အချိန်ကာလ တွင်းဝယ်၊ ရုပ်ဓါတ်တရားပေါင်း-ကုဋေ ငါးထောင်ကျော်-အပျက်မှ အဖြစ်သို့။ ပျက် ဖြစ် ပျက်ဖြစ်-အားဖြင့် ပြောင်းလဲနိုင်၍။ နာမ်ဓါတ်တရားပေါင်း ကုဋေ တသိန်းကျော်-အပျက်မှ အဖြစ်သို့၊ ပျက်ဖြစ်-ပျက်ဖြစ် အားဖြင့်။ ပြောင်းလဲ၍သွားခြင်းကို သိမြင်တော်မူကြောင်း မှတ်သားရာ၏။

၎င်းပြင်-စိတ်ဓါတ်သည်။ အာရုံတပါး၌သာဖြစ်ပေါ်ခံစားနိုင်ကြောင်း။ အာရုံဘချပြီးမှ-အာရုံ တခုသို့ ဖြစ်ပေါ်ခံစား၍ သွားကြောင်း၊ ဟောကြားတော်မူသည်ကိုလည်း။ အထူးသတိပြု၍နှလုံးသွင်းအပ်၏။ အထက်၌-စိတ်-စေတသိက်ဟုဆိုအပ်သော။ နာမ်ခန္ဓာလေးပါးနှင့်တကွ။ နိဗ္ဗာန်တရားတို့၏-ပရမတ္ထသဘော

သဘာဝတရားများကို ဟောပြခဲ့ပြီး ဖြစ်လေရကား။ ယခုအခါ ရူပကလ္လာပ ဖွဲ့စည်းအပ်သော-ရုပ်ဓါတ်ဖြစ်ပေါ်မှု အကြောင်းရင်း နှင့်တကွ။ ပရမတ္ထသဘောသဘာဝကို ဟောပြပါဦးအံ့။

ရုပ်ဖြစ်ကြောင်းမှန်၊သမုဋ္ဌာန်၊ထုတ်ပြန်ပြမည်သာ။
ကမ္မစိတ္တ၊ဥတု၊အာဟာရကြောင်းလေးဖြာ။
လေးဝကြောင်းအား၊ရုပ်ဖြစ်ပြား၊ရှစ်ပါးနှစ်ဆယ်သာ။
နှစ်ဆယ့်လေးပါ၊ကြွင်းရုပ်များ၊မဗွားဥပါဒါ၊
တေ-ဝါ-အာ-ပ၊ရုပ်ဘူတ၊မူလမြဲမှတ်ပါ။
ပ-အာ-ဝါ-တေ၊ဓါတ်လေးထွေ၊အခြေရုပ်မှတ်ပါ။

ဟူသော သံပေါက်ကဗျာများအရ။ ရုပ်တရားကိုဖြစ်ပေါ်စေ တတ်သောအကြောင်းတရားမှာ။ ကံ,စိတ်,ဥတု,အာဟာရ,ဟူ၍ လေးပါး ရှိရာတွင်။ ကံ,အကြောင်းတရားဆိုသည်မှာ။ အတိတ် ကဖြစ်သော-ကုသိုလ်-အကုသိုလ်တရားကို။ ဖြစ်စေတတ်သည့် စေတနာဟု ဆိုအပ်သော။ ကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါး။ အကုသိုလ်စိတ် တဆယ့်နှစ်ပါး။ ရူပါဝစရကုသိုလ်စိတ် ငါးပါး အပေါင်း-နှစ်ဆယ့်ငါးပါး သောစိတ်ကိုဆိုလို၏။ ထို ကံ,အ ကြောင်းသည်-ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍။ခဏတိုင်း၌ ထိုက်သင့်အား လျော်ညီစွာသော၊ ကမ္မဇ ရုပ်ဓါတ်ကို ဖြစ် ပေါ်စေ၏။

စိတ်-အကြောင်းတရားဆိုသည်မှာ။ အရူပဝိပါက်စိတ် လေး ပါး၊ ဒွေပဉ္စဝိညာဏ် တဆယ်၊ ရဟန္တာတို့၏ စုတိစိတ်(ဝိထိစိတ်) ကိုကြဉ်အပ်သော။ အလုံးစုံသော စိတ် တခုယုတ် ကိုးဆယ် မှ ကြွင်းကျန်သော- ခုနစ်ဆယ့် ငါးပါးသော စိတ်ကို ဆိုလို၏။

ထိုစိတ်သည်-ပဋိသန္ဓေစိတ်၏နောက်၊ ပထမဘဝင်-ဥပါဒ်မှ အစပြု၍၊ မိမိတို့၏ ဥပါဒ်သောခဏတိုင်း၌၊ အဇ္ဈတ္တ သဏ္ဍာန် တွင် စိတ္တဇရုပ်များကိုဖြစ်စေ၏။

ဥတုအကြောင်းတရားဆိုသည်မှာ၊အပူ၏ထက်မျက် တန်ခိုးသတ္တိရှိမှုသဘော-ဥဏှတေဇော၊အအေး၏ ထက်မျက်တန်ခိုးသတ္တိရှိမှုသဘော-သီတတေဇော အကြောင်းနှစ်ပါးကို ဆိုလို၏။ ထိုအကြောင်းတရား နှစ်ပါး တို့သည်၊ ပဋိသန္ဓေစိတ်၏-ဌီ,ခဏမှစ၍၊မိမိတို့၏ ဌီ,သို့ရောက်ဆဲခဏတိုင်း။ အဇ္ဈတ္တ-ဗဟိဒ္ဓ နှစ်ပါးလုံးတွင်၊ ထိုက်သည့်အား လျော်ညီစွာ- ဥတုဇ ရုပ်များကိုဖြစ်စေ၏။

အာဟာရ,ဟူသောအကြောင်းမှာ၊ ပဋိသန္ဓေစိတ် တည်နေခိုက်-ကမ္မဇကလာပ်တွင်ပါသော-ဩဇာဓါတ်နှင့်။ အမိ၏စားမျိုအပ်သော-ဗဟိဒ္ဓဩဇာဓါတ်နှစ်ပါး ပေါင်းစပ် ရောနှောမိခြင်းကိုဆိုလို၏၊ထိုအဇ္ဈတ္တ-ဗဟိဒ္ဓ အာဟာရ နှစ်ပါး ရောနှောမိ၍၊ မိမိ၏ ဌီ,သို့ရောက်ခိုက်၊ အဇ္ဈတ္တသဏ္ဍာန်တွင် အာဟာရဇရုပ်များကိုဖြစ်ပေါ်စေ၏၊ထိုအကြောင်းတရား လေးပါးတို့ ပေါင်းရပြုပြင်မှုကြောင့်။ အခြေခံရုပ်-မူလရုပ်-ဘူတရုပ်,ဟု ခေါ်ဆိုအပ်သော၊နူးညံ့ ခက်မာမှု သဘော-ပထဝီဓါတ်။ ယိုစီးဖွဲ့ပတ်မှုသဘော အာပေါဓါတ်၊လှုပ်ရှား ထောက်ကန်မှု သဘော-ဝါယောဓါတ်။ပူမှု-မှေ့သဘော တေဇောဓါတ်ဟုဆိုအပ်သော ဘူတရုပ်ဓါတ်ကြီးလေးပါးနှင့် တကွ၊ ၎င်းရုပ်ဓါတ်ကြီး လေးပါးကိုအမှီပြု၍ ဖြစ်ပေါ်လာရသော၊ဥပါဒါရုပ် နှစ်ဆယ့်လေးပါးမှာ၊

၁၊ မျက်စိအကြည်ဓါတ်သဘော စက္ခုပသာဒရုပ်၊

၂။ နားအကြည်ဓါတ်သဘော-သောတပသာဒရုပ်။

၃။ နှာခေါင်းအကြည်ဓါတ်သဘော ဃာနပသာဒရုပ်။

၄။ လျှာအကြည်ဓါတ်သဘော ဇိဝှါပသာဒရုပ်။

၅။ တကိုယ်လုံး၏အကြည်ဓါတ်သဘော ကာယပသာဒရုပ် ဟူ၍ ပသာဒရုပ် ငါးပါး။ ၎င်းနောက်။

၁။ အဆင်းသဘော-ရူပါရုံရုပ်။

၂။ အသံသဘော-သဒ္ဒါရုံရုပ်။

၃။ အနံ့သဘော-ဂန္ဓာရုံရုပ်။

၄။ အရသာသဘော-ရသာရုံရုပ်။

၅။ အာဘောဓါတ်ကြဉ်အပ်သော-ပထဝီ, ဝါယော, တေဇောဓါတ်,တို့၏အတွေ့သဘော ဖောဋ္ဌဗ္ဗာရုံရုပ်ဟူ၍။ဂေါစရရုပ် ငါးပါး။ ထိုအတွေ့သဘောကို တပါးစိခွဲ၍ရေတွက်က၊ ဂေါစရရုပ် ခုနစ်ပါး။ဝိသယရုပ်ဟူ၍လည်းခေါ်ဆို၏။၎င်းနောက်-မိန်းမ၏အမူအရာ အာကာရသဘော-ဣတ္ထိဘာဝရုပ်။

၂။ ယောကျ်ား၏အမူအရာ အာကာရသဘော-ပုမ္ဘာဝရုပ် ဟူ၍-ဘာဝရုပ် နှစ်ပါး ရှိ၏။ ဤနေရာ၌ အပ္ပကနည်း အားဖြင့်၊ အကုသိုလ်ကံ အကြောင်းတရားကြောင့်၊ ဘာဝရုပ် တပါးမျှ မရကောင်းသော-နပုန်းပဏ္ဍုတ်ပုဂ္ဂိုလ်တို့ကိုမဆိုလို။ယေဘုယျ နည်းအားဖြင့် ပုဂ္ဂိုလ်တဦးလျှင် ဘာဝရုပ်တပါးသာ ရအပ်၏။ ဥဘတောဗျည်း ဆိုသည်မှာ၊ ဣတ္ထိဘာဝ တလှည့်-ပုမ္ဘာဝတ လှည့်ဖြစ်သောပုဂ္ဂိုလ်များကိုဆိုလို၏။ ဘာဝရုပ်တမျိုး ဖြစ်ပေါ် ခိုက်၊အခြားဘာဝရုပ်တမျိုး မဖြစ်ပေါ်၊ဘာဝရုပ်အင်္ဂါစပ် နှစ်ခု တပြိုင်နက်မဖြစ်ပေါ်ကောင်း၊သို့ဖြစ်၍-သတ္တဝါ၏ ရုပ်အလိုအား ဖြင့်၊ဘာဝရုပ်တပါးသာ ယူအပ်၏။ ၎င်းနောက်-မနောဝိညာဏ်

ခါတ်စွဲမှီသည့်။ နှလုံးအိမ်၏အကြည်ခါတ်သဘော-ဟဒယဝတ္ထုရုပ်တပါး။ ၎င်းနောက် ရုပ်ခါတ်-နာမ်ခါတ် တို့ကို စောင့်ရှောက်တတ်သော သဘော- ဇီဝိတရုပ် တပါး။ ၎င်းနောက် အစွန့်ခါတ်ကြီးလေးပါးတွင် ပါဝင်သည့် အဆီ အစေး ဩဇာခါတ်သဘော-အာဟာရရုပ်တပါး။

ဤအထက်၌ ဆိုအပ်ခဲ့ပြီးသော။ ဘူတရုပ်လေးပါး။ ပသာဒရုပ်ငါးပါး။ဂေါစရရုပ် ငါးပါး။ သဏ္ဍာဝါတဦး၏ရုပ်ခါတ်ကိုရည်ညွှန်းလျက် ။ဘာဝရုပ်တပါး။ ဟဒယဝတ္ထုရုပ်တပါး။ ဇီဝိတရုပ်တပါး။အာဟာရရုပ်တပါး။ ၎င်းရုပ် တဆယ့်ရှစ်ပါးသည်။ ကံ, စိတ်,ဥတု,အာဟာရ, အကြောင်းတရား လေးပါး ကြောင့်ဖြစ်ပေါ်လျက်။ မိမိတို့၏သဘောသဏ္ဍာန်ကို-မိမိတို့ ပြီးမြောက်အောင် စွမ်းဆောင်နိုင်ကြသောကြောင့်-နိပ္ဖန္နရုပ်ဟုခေါ်ဆိုအပ်၏။ ၎င်းနောက် ရုပ်တို့ကို တခုနှင့်တခုကန့်သန့် ပိုင်းခြားခြင်း သဘော။ အာကာသပရိစ္ဆေဒရုပ်တပါး။ ၎င်းနောက်။

၁။ ကိုယ်၏လှုပ်ရှားမှု အမူအရာ လက္ခဏာသဘော။ ကာယဝိညတ်ရုပ်၊

၂။ နှုတ်၏ လှုပ်ရှားမှု အမူအရာ လက္ခဏာသဘော-ဝစီဝိညတ်ရုပ်-ဟုဆိုအပ်သော-ဝိညတ်ရုပ်နှစ်ပါး။ ၎င်းနောက်၊

၁။ ရုပ်တို့၏ပေါ့ပါးမှုသဘော-ရူပဿလဟုတာရုပ်။

၂။ ရုပ်တို့၏နူးညံ့မှုသဘော-ရူပဿမုဒုတာရုပ်။

၃။ ရုပ်တို့၏ အမှုၖ ကောင်းစွာ ပြည့်စုံမှုသဘော-ရူပဿကမ္မညတာရုပ်ဟု ဆိုအပ်သော-ဝိကာရရုပ်သုံးပါး။ ထိုဝိညတ်ရုပ်နှစ်ပါးနှင့်။ဝိကာရရုပ်သုံးပါးကို ပေါင်းသောအားဖြင့်။ ဝိကာရရုပ်ငါးပါးဟု ခေါ်ဆို၏။ ၎င်းနောက်။

၁။ ရုပ်တို့၏ဖြစ်ဆဲသဘော-ဥပစယရုပ်။
၂၊ ရုပ်တို့၏ဖြစ်စဉ်သဘော-သန္တတိရုပ်။
၃။ ရုပ်တို့၏ဆွေးမြေ့ရင့်ရော်မှုသဘော-ဇရတာရုပ်။
၄။ ရုပ်တို့၏ပျက်စီးမှုသဘော-အနိစ္စတာရုပ်။

ဟူ၍ လက္ခဏာရုပ်လေးပါးဖြစ်ရာ၊ ဤပရိစ္ဆေဒရုပ်တပါး၊ ဝိကာရရုပ် ငါးပါး၊ လက္ခဏာရုပ်လေးပါး-တို့ကို ပေါင်းသောအားဖြင့်။ထိုရုပ်ဝါတ်ဆယ်ပါးမှာ-ကံ,စိတ်,ဥ,ဟာ,လေးဖြာသောအကြောင်း တရားကြောင့် ဖြစ်ပေါ်ပါသော်လည်း၊ မိမိတို့သဘောသဘာဝသတ္တိကို၊ မိမိတို့ မစွမ်းဆောင်နိုင်ကြ-နိပ္ဖန္နရုပ်များကို အမှီပြုလျက်။နိပ္ဖန္နရုပ်တို့၏ နောက်လိုက် အနေအားဖြင့်။ ဖြစ်ပေါ်လာကြခြင်းကြောင့်၊ အနိပ္ဖန္နရုပ် ဟူ၍ခေါ်ဆိုအပ်၏။အထက်ကတော်ပြခဲ့သော၊ဘူတရုပ်လေးပါး နှင့်၊ ဥပါဒါရုပ်-နှစ်ဆယ့်လေးပါး တို့ကိုပေါင်း၍၊ရုပ်နှစ်ဆယ့်ရှစ်ပါး။တနည်းအားဖြင့်၊ နိပ္ဖန္နရုပ် တဆယ့်ရှစ်ပါးနှင့်။ အနိပ္ဖန္နရုပ် ဆယ်ပါးတို့ကိုပေါင်း၍၊ရုပ်နှစ်ဆယ့်ရှစ်ပါး သဘောတရားများသည်။ကံ-စိတ်ဥတု,အာဟာရ,ဟု ဆိုအပ်သော၊ အကြောင်းတရား လေးပါးတို့၏ပြုပြင်မှုကြောင့်။ ပရိသဏ္ဌာန်-ကလလရေကြည် တည်စ၊လူတို့၏မျက်စိနှင့် မမြင်ကောင်းသော၊ ရုပ်ကလေးမှ အဆင့်ဆင့်ပျက်-ဖြစ်။ပျက် ဖြစ်, ပြောင်းလဲလျက်။ မြင်ကောင်းသောရုပ်ရုတွေဖြစ်ပေါ်လာကြ၏။

ထိုကဲ့သို့-ပျက် ဖြစ်,ရာတွင်။ ပထဝီ-အာပေါ-ဝါယော-တေဇော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ-ဤ ရှစ်ပါးသော ရုပ်ကလာပ်ရတို့မှာ၊မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော်နှင့်ပင်။တပါးစီခွဲခြား၍ မရစကောင်း။ မကွဲမပြားဘဲ- တရတည်း တပေါင်းတည်း

တတွဲသည်း၊တဖွဲ့တည်း၊ ဖွဲ့စည်းဖြစ်ပေါ်နေခြင်းကြောင့်။ပျက်အတူ-ဖြစ် အတူ ဖြစ်ရပေ၏။ ၎င်းရှစ်ပါးကို အဋ္ဌ ကလာပ်ရုပ်။ သို့မဟုတ်- အဝိနိဗ္ဘောဂရုပ် ဟူ၍ခေါ်ဆိုပေ၏၊ ထိုကဲ့သို့မကွဲမပြား တသားတည်း ရုပေါင်းဖြစ်ပေါ်၍ နေကြ ပါသော်လည်း၊ မိမိတို့၏ သဘာဝ သတ္တိထူး လွန်ကဲမှု-ရုပေါင်း ဖြစ်ပေါ်ရာကို ပဓါနထားလျက်၊ (ဆံပင်စတည်၊ ဦးနှောက်မည်၊ပထဝီနှစ်ဆယ်သာ) ဟူသောသံပေါက်ကဗျာအရ။

၁။ ဆံပင်။ ၂။ မွေးညှင်း။ ၃၊ ခြေသည်းလက်သည်း၊ ၄၊ သွား။ ၅။ အရေထူအရေပါး၊ ၆၊ အသား၊ ၇၊ အကြော၊ ၈၊ အရိုး၊ ၉၊ ရိုးတွင်းချဉ်ဆီ၊ ၁၀၊ အညှို၊ ၁၁၊ နှလုံး၊ ၁၂၊ အသည်း၊ ၁၃၊ အမြှေး။ ၁၄။ အဖျင်း၊ ၁၅၊ အဆုပ်၊ ၁၆၊ အူမ၊ ၁၇၊ အူသိမ်၊ ၁၈၊ အစာသစ်၊ ၁၉၊ အစာဟောင်း။ ၂၀။ ဦးနှောက်-ဟူသော၊ ဤ နှစ်ဆယ်သောရုပ်ရုတ်တို့ကို၊ပထဝီဓါတ် လွန်ကဲမှုသဘောကြောင့်၊ လွန်ကဲမှုသဘောတရားကို အဓိက ထား၍၊ ပထဝီဓါတ် နှစ်ဆယ် ဟု ခေါ်ဆိုအပ်၏၊ ထိုနောက်၊

(သည်းခြေ စသား၊ ကျင်ငယ်များ၊ တဆယ့်နှစ်ပါး အာပေါသာ) ဟူသော သံပေါက်ကဗျာနှင့်အညီ၊

၁၊ သည်းခြေ။ ၂။ သလိပ်၊ ၃၊ ပြည်၊ ၄၊ သွေး။ ၅၊ ချွေး၊ ၆၊ အဆီခဲ။ ၇၊ မျက်ရည်။ ၈၊ အဆီကြည်၊ ၉၊ တံတွေး။ ၁၀။ နှပ်။ ၁၁။ အစေး၊ ၁၂။ ကျင်ငယ်-ဟူသော၊ဤတဆယ့်နှစ်ပါးသော ရုပ်ရုတ်တို့ကို၊ အာပေါဓါတ် လွန်ကဲမှု သဘာဝသတ္တိထူး ကြောင့်။ လွန်ကဲမှုသဘောတရားကိုအဓိကထား၍-အာပေါဓါတ်ဟုခေါ်ဆိုအပ်၏။

ထိုနောက် (သုံးဆယ်နှစ်ဝ၊ ကောဋ္ဌာသ၊ ကာယနေ့သြညာ၊) ဟူသော သံပေါက်ကဗျာများအရ။ ထိုပထဝီဓါတ်နှစ်ဆယ်နှင့်။ အာပေါဓါတ်တဆယ့်နှစ်ပါးကိုပေါင်းသောအားဖြင့်။ သုံးဆယ့်နှစ် ကောဋ္ဌာသ-ခန္ဓာကိုယ် အရအဝေးဟူ၍။ ရုပ်ဓါတ်ကို ပွားများမှတ်သားပြန်၏။ ထိုနောက်-(ရုံလေဆန်လေ၊ ထွက်ဝင်လေနှင့်၊ အရှတွင်းအရှပ၊ အင်္ဂမင်၊ နဲ့သယ၊ ခြောက်ဝ ဝါယောဓါတ်)ဟူသည်နှင့်အညီ။

၁။ အောက်သို့ ရုံသောလေ။ ၂။ အထက်သို့ ဆန်သောလေ။ ၃။ ထွက်သက် ဝင်သက်လေ။ ၄။ အရှတွင်း၌ တည်သောလေ၊ ၅။ အရှပ၌ တည်သောလေ။ ၆။ တကိုယ်လုံးပျံ့နှံ့သောလေဟူ၍ ဤခြောက်ပါးသော ရုပ်ရုတ်ကို။ ဝါယောဓါတ် လွန်ကဲမှု သဘာဝသတ္တိထူးကြောင့်။ လွန်ကဲမှု သဘောတရားကိုအဓိကထား၍။ ဝါယောဓါတ်ဟုခေါ်ဆို၏။ ထိုနောက်(ပါ-သန်ဇိ-ဒ၊ ဥသမ၊ ငါးဝ တေဇောဓါတ်။ ပါ-သန်-ဇိ-ဒ၊ ပူပြေ၊ လေးဝတေဇောဓါတ်)ဟူသော သံပေါက်ကဗျာနှင့်အညီ။

၁။ အစာကို ကြေကျက်စေတတ်သောသဘော။ ကမ္ဗုပရိပါစက တေဇောဓါတ်။

၂။ ပူတုံချမ်းတုံ ဖြစ်စေတတ်သောသဘော-သန္တပ္ပနတေဇောဓါတ်။

၃။ ရုပ်တရားတို့၏ ရင့်ရော် ဆွေးမြေ့မှုကို ဖြစ်စေတတ်သောသဘော-ဇိရဏ တေဇောဓါတ်။

၄။ အလွန်ပူလောင်မှု-အလွန်ချမ်းမှုကို ဖြစ်စေတတ်သောသဘော-ဒဟတေဇောဓါတ်။

၅။ တကိုယ်လုံး၏ အနွေးအငွေ့မှုကို ဖြစ်စေတတ်သော သ

ဘော-ဥဿွာတေဇောဓါတ်။

ဤငါးပါးသောရုပ်ရုတ်ကို၊ တေဇောဓါတ်လွန်ကဲမှု သဘော သဘာဝသတ္တိထူးကြောင့်၊ လွန်ကဲမှုသဘောတရားကို အဓိကထား၍၊ တေဇောဓါတ်ဟု ခေါ်ဆိုအပ်၏။ စင်စစ်အားဖြင့်-ဥဿွာ တေဇောဓါတ်မှာ၊ ကမ္ဘပရိပါစကတေဇောဓါတ်မှတဆင့်၊ ပျံ့နှံ့သွားရသည့် အငွေ့အဟုန် သဘောပင်ဖြစ်၍၊ ၎င်းဥဿွာတေဇောဓါတ်ကို၊ ပါစကတေဇောဓါတ်တွင်းသို့ တည့်သွင်းလျက်၊ အချို့သောကျမ်းဂန်များတွင်၊ တေဇောဓါတ် လေးပါးသာပြဆိုပေ၏၊ ထိုနောက်(လေးဆယ့်နှစ်ပါး၊ ဓါတ်ဟုပြား။ လေးပါးခေါ်သညာ။) ဟူသောသံပေါက်ကဗျာအရ။ ပထဝီဓါတ်လွန်ကဲသောရုပ်ဓါတ် နှစ်ဆယ်၊ အာပေါဓါတ်လွန်ကဲသော ရုပ်ဓါတ် တဆယ့်နှစ်ပါး၊ ဝါယောဓါတ်လွန်ကဲသောရုပ်ဓါတ်ခြောက်ပါး၊ တေဇောဓါတ်လွန်ကဲသောရုပ်ဓါတ်လေးပါး-တို့ကိုပေါင်းသောအားဖြင့်။ ဓါတ်ကြီးလေးပါးကို၊ လေးဆယ့်နှစ်ပါးသောရုပ်ဓါတ်ဟူ၍ခေါ်ဆိုကြောင်းမှတ်သားအပ်၏. ထိုနောက်။

(ကာယခွဲမှု၊ အနှုမြူ၊ ယူသော်များလှပါ) ဟူသောသံပေါက်ကဗျာနှင့်အညီ၊ ရူပကၡန္ဓာဖွဲ့စည်းအပ်သော ရုပ်ကလာပ်တွေကို။ အနုမြူသဘာဝ သဘောတရားတွေနှင့် ခွဲခြား ပွားများ၍ ပြနေရပါမူ၊ အသင်္ချေအနန္တ-ရေတွက်၍ မကုန်နိုင်လောက်အောင်ပင် ရုပ်ဓါတ်တွေများပြားလာပေမည်။ ထိုနောက်(တေ-ဝါ-အာ-ပ။ အာကာသ၊ မှတ်ပင်းကာယာ။) ဟူသည်နှင့်အညီ-ရုပ်ကလာပ်တွေ-အသင်္ချေအနန္တ-ကိုရုစည်းလျက်၊ အသိုးတရာ အသွာတခု အနေအားဖြင့်ပြရပါမူ၊

၁။ တေဇောဓါတ်။ ၂။ ဝါယောဓါတ်။ ၃။ အာပေါဓါတ်။

၄။ ပထဝီဓါတ်၊ ၅။ အာကာသဓါတ်,အားဖြင့်။ရုပ်ဓါတ်ငါးပါး ကိုသာ၊အကျဉ်းအားဖြင့်ရရှိကြောင်းမှတ်သားရာ၏။

ထိုနောက် (ပရမတ္ထ၊ဓါတ်ငါး၀၊ရသလက္ခဏာ။) ဟူသော သံပေါက်ကဗျာနှင့်အညီ၊ ထို ရုပ်ဓါတ်ငါးပါးတို့၏ မဘောက် မပြန် အဟုတ် အမှန်ရှိသော သဘောဘာရား။ ပရမတ္ထသဘော သဘာ၀တို့ကို၊ လက္ခဏာ၊ ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်,အားဖြင့် ခွဲခြားဘော်ပြပါဦးအံ့။

ထိုနောက် (ကြမ်းတမ်းတည်ကြည်၊ ခံလင့်သည်။ ပထဝီမြဲ မှတ်ပါ။) ဟူသောသံပေါက်ကဗျာအရ။ ပထဝီဓါတ်၏ ပရမတ္ထ သဘောသဘာ၀ သည်။

၁။ နူးညံ့မှု ခက်မာ ကြမ်းတမ်းမှု သဘောတရား-ကက္ခဠ လက္ခဏာ၊

၂။ မတုန်မလှုပ်မရွေ့မပြောင်း တည်တန့်မှုသဘောတရား ပတိဋ္ဌာဏ ရသ။

၃။ အခြားသော ဓါတ်သုံးပါးတို့အား။ ၀ဲ-ယာ-ရှေ့-နောက် သို့ မရောက် စေခြင်းငှါ ခံလင့်မှု သဘော တရား သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန်။

၄။ ကြွင်းသောဓါတ်သုံးပါးတို့နှင့် နီးကပ်စွာသော အခြင်း အရာ သဘောတရား- သေသ ဓါတုတ္တယ အကြောင်းပဒဋ္ဌာန် ရှိ၏၊ ထိုနောက်၊

(ပတ်- ဖွဲ့-ယိုစီး။ လွှန်းပွားကြီး။ပေါင်းစည်း အာပေါဓါတ်။) ဟူသော သံပေါက်ကဗျာအရ။ အာပေါဓါတ်၏ ပရမတ္ထသဘော သဘာ၀ သည်။

၁။ စေးကပ်မှု၊ ဖွဲ့စည်းမှု။ ဖုံးပိတ်မှု-သဘောတရား အာ

ဗန္ဓနလက္ခဏာ၊ပျောင်းပြောင်းသက်သျှော ယိုစီးမှုသဘောတရား ပဂ္ဃရဏလက္ခဏာ။

၂။ ပေါင်းပွဲကြီးပွားမှုသဘောတရား-ဗြူဟန-ရသ။

၃။ ကြွင်းသော ဓါတ်သုံးပါး တို့ကို၊ ဖရိုဖရဲ-မကွဲမပြားရ အောင် ပေါင်းရမှုသဘောတရား-သင်္ဂဟိတပစ္စုပဋ္ဌာန်၊

၄။ ကြွင်းသော ဓါတ်သုံးပါးတို့နှင့်-နီးကပ်စွာသောအခြင်း အရာ သဘောတရား-သေသဓါတုဂ္ဂယ အကြောင်း-ပဒဋ္ဌာန် ရှိ၏။ ထိုနောက်၊

(ထောက်ပံ့တွန်းကန်။ လှုပ်ရှားပြန်၊ အမှန် ဝါယောသာ၊ တုန်လှုပ်ရွေ့အောင်၊ရှေ့ရှုဆောင်၊ ထိုနောင် ဝါယောသာ။) ဟူသော သံပေါက်ကဗျာအရ၊ ဝါယောဓါတ်၏ ပရမတ္ထသဘော သဘာဝသည်။

၁။ ဖိညှပ်မှု- ထောက်ပံ့မှု- တွန်းကန်မှု- သဘောတရား၊ ဝိတ္ထမ္ဘနလက္ခဏာ၊

၂။ တုန်လှုပ်မှု-ရွေ့ရှားမှု-သဘောတရား-သမုဒီရဏရသ၊

၃။ ထက်အောက်-ရှေ့နောက်-ဝဲ-ယာ-သို့ ရောက်စေခြင်း ဌါ ရှေ့ရှုဆောင်သကဲ့သို့ ထင်ခြင်းလျှင်။ အခြင်းအရာ သဘောတရား-အဘိနီဟာရ-ပစ္စုပဋ္ဌာန်၊

၄။ ကြွင်းသော ဓါတ်သုံးပါးတို့နှင့် နီးကပ်စွာသော အခြင်း အရာ သဘောတရား-သေသ ဓါတုဂ္ဂယ အကြောင်း-ပဒဋ္ဌာန် ရှိ၏။ ထိုနောက်၊

(ပူ,ဇေ့,ကြေ,ကျက်၊ တန်ခိုးထက်၊ မပျက်ဘေဇောသာ။)၊ဟူသော သံပေါက်ကဗျာအရ၊ တေဇောဓါတ်၏ ပရမတ္ထသဘော သဘာဝသည်။

၁။ ပူမှုသဘောတရား- ဥဏှတ္တ လက္ခဏာ၊ မှေ့သဘော တရား သီတတ္တလက္ခဏာ။

၂။ ကြေကျက်မှုသဘောတရား-ပရိပါစက ရသ။

၃။ နူးညံ့ ပြေ့ပျောင်းမှုသဘောတရား-မဒ္ဒဝါနုပ္ပါဒန ပစ္စု ပဋ္ဌာန်။

၄။ ကြွင်းသောဓါတ်သုံးပါးတို့နှင့် နီးကပ်စွာသော သဘော တရား-သေသဓါတုတ္တယ အကြောင်း ပဒဋ္ဌာန် ရှိ၏၊ ထိုနောက်။

(အာကာသဓါတ်၊ပိုင်းဘောက်ဖြတ်၊လွတ်လပ်စေကြောင်း သာ)ဟူသော သံပေါက်ကဗျာအရ၊အာကာသဓါတ်၏ ပရမတ္ထ သဘောသဘာဝ သည်။

၁၊ ရုပ် တို့ကို ပိုင်းခြားမှု သဘောတရား- ရူပ ပရိစ္ဆေဒ လက္ခဏာ၊

၂။ ရုပ်တို့၏ အဆုံးကို ဘော်ပြမှုသဘောတရား-ပရိယန္တ ပကာသန-ရသ၊

၃ ရုပ်ကလာပ်တို့ တခုနှင့်တခု မထိမှု သဘော-အပေါက် ဟင်းလင်းလျှင်ထင်ခြင်း အခြင်းအရာရှိမှု သဘောတရား-အသံ ဖုဋ္ဌဘာဝ ဆိဒ္ဒ ဝိဝရဘာဝ-ပစ္စုပဋ္ဌာန်၊

၄။ ပိုင်းခြားအပ်သော ရုပ်ကလာပ်တို့ နှင့် နီးကပ်စွာသော သဘောတရား-သေသဓါတုတ္တယ အကြောင်းပဒဋ္ဌာန်ရှိ၏။

အထက်ကဘော်ပြခဲ့ပြီးသော ရုပ်ဓါတ်ငါးပါးတို့၏-ပရမတ္ထ သဘော သဘာဝများကို၊ ဆင်ခြင်စဉ်းစားသောအားဖြင့်။ရုပ် ဓါတ်အသီးသီးတို့သည်၊ မိမိတို့၏ သဘာဝ သတ္တိထူးများကို စွမ်းဆောင်လျက်၊ အကြောင်းအား လျော်ညီစွာ၊ ပေါင်းရုဖြစ် ပေါ်နေကြကြောင်းကိုမှတ်သားရာ၏။

ဘူတရုပ်ဓါတ်ကြီး လေးပါး တို့တွင် တေဇောဓါတ် သည်၊ အကြောင်းတရား ရုပ်ဓါတ်ဖြစ်၍-ကြွင်းကျန်သော ဓါတ်သုံးပါး တို့သည်၊အကျိုးတရားရုပ်ဓါတ်များဖြစ်ကြ၏။ ဥပမာ-အဝေါဓါတ် ၏ ထက်မျက်မှု သဘောတရား- သီတ တေဇော အကြောင်း တရား ဓါတ်ဖြစ်ပေါ်လာသောအခါ၊ အကျိုးတရား အဟောန်ဟု ဆိုအပ်သော-သီတဝါယောဓါတ်၊ သီတ တေဇောဓါတ်နှင့်-သီ တဝါယောဓါတ် တို့ တည်မှီးရာ သဘောတရား သီတ ပထဝီ ဓါတ်။ရင်းဓါတ်သုံးပါးတို့အား တပေါင်းတည်းဖွဲ့စည်းမှုသဘော တရား-သီတအာပေါဓါတ်။ သီတတေဇောဓါတ်နှင့်လိုက်လျော သော၊ အဆင်း-အနံ့-အရသာ-ဩဇာ,ဟု ဆိုအပ်သော-သီတ အဋ္ဌကလာပ်ရုပ်ဓါတ်-ပေါင်း ၉စ်ပါးဖြစ်ပေါ်လာရ၏။

ထိုနည်းမခြား အပူ ဓါတ်၏ ထက်မျက်မှု သဘောတရား။ ဥဏှတေဇော အကြောင်းတရားဓါတ် ဖြစ်ပေါ်လာသောအခါ၊ အကျိုးတရား-ဥဏှဝါယော၊ ဥဏှပထဝီ။ ဥဏှအာပေါ၊ဥဏှ ဝဏ္ဏ။ဥဏှဂန္ဓ၊ ဥဏှရသ။ ဥဏှဩဇာ,ဟုဆိုအပ်သော၊ဥဏှ အဋ္ဌကလာပ် ရုပ်ဓါတ် ပေါင်း ၉စ်ပါး ဖြစ်ပေါ်လာကြောင်းကို မှတ်သားရာ၏။ ထိုနောက်။

(ဖြစ်မှု,ပျက်မှု၊ သည့်နှစ်ခုတွင်။ အပူတေဇော)-ဟူသော လက်ာနှင့်အညီ။ သီတတေဇောဓါတ် အကြောင်းတရားသည်၊ သီတတေဇောဓါတ်နှင့် .သက်ဆိုင်ရာ။ အကျိုးဓါတ် ခုနစ်ပါးကို ဖြစ်ပေါ်စေ၍။ သီဘ အဋ္ဌ ကလာပ်ရုပ် ပေါင်း ၉စ်ပါး ဖြစ်ပေါ် လျက်၊ဥဏှတေဇောဓါတ်နှင့် သက်ဆိုင်ရာ-ဥဏှ အဋ္ဌကလာပ် ရုပ်ပေါင်း ၉စ်ပါးကို ပျက်စီးစေ၏။

ထိုနည်းတူစွာ-ဥဏှတေဇောဓါတ် အကြောင်းတရားသည်၊

ဥဏှတေဇောဓါတ်နှင့် သက်ဆိုင်ရာ အကျိုးဓါတ်-ခုနစ်ပါး ကို ဖြစ်ပေါ်စေ၍၊ဥဏှအဋ္ဌကလာပ်ရုပ် ပေါင်း ရှစ်ပါးဖြစ်ပေါ်လျက်၊ သီတတေဇောဓါတ်နှင့် သက်ဆိုင်ရာ-သီတ အဋ္ဌကလာပ်ရုပ် ပေါင်း ရှစ်ပါးကိုပျက်စီးစေ၏။ အကြမ်းနည်းအားဖြင့်-အေဓါတ် သဘောတရားဖြစ်ပေါ်က၊ အပူဓါတ်သဘောတရားပျက်စီးမြဲ၊ အပူဓါတ်သဘောတရားဖြစ်ပေါ်က၊ အေဓါတ် သဘောတရား ပျက်စီးမြဲဖြစ်ကြောင်းကိုမှတ်သားရာ၏။

ထို့ကြောင့်-ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၊

ဥတုစတု သမုဋ္ဌာနိက ရူပါနံ-ပဝတ္တိယာစ-ဝိနာသဿစ
ပစ္စယော ဟောတိ။

ဟူ၍ မိန့်ဆိုချက်အရ၊ အဓိပ္ပါယ်မှာ၊ အေ၏ ထက်မျက်ခြင်း သဘောသတ္တိ-သီတတေဇောဓါတ်၊ အပူ၏ ထက်မျက်ခြင်းသ ဘောသတ္တိ-ဥဏှတေဇောဓါတ်-သဘောတရားတို့သည်၊ ကံ, စိတ်,ဥတု,အာဟာရ, အကြောင်းတရား လေးပါး တို့ကြောင့် ဖြစ်ကုန်သော၊ ရုပ်အပေါင်းတို့၏ဖြစ်ပွား ပေါ်ပေါက်ခြင်း၏အ ဖြစ်သည့်ရင်း၊ ဆုတ်ယုတ် ပျက်စီးခြင်း၏ အဖြစ်သည့်ရင်း၊အ ကြောင်းတရားပင်ဖြစ်ပေ၏ဟုမိန့်ဆိုတော်မူ၏။

သို့ဖြစ်၍-ရုပ်ခန္ဓာကို ဖြစ်စေတတ်သော အကြောင်းတရပ်၊ ဥတုသမုဋ္ဌာန်ဟုခေါ်ဆိုအပ်သော၊ တေဇောဓါတ် နှစ်ပါးသည် ပင်လျှင်၊ တပါး၏ထက်မျက်သောသတ္တိထူး သဘောတရားဖြင့် ပြုပြင်သမျှ ရုပ်ဓါတ်အပေါင်းတို့ကို၊ ကျန် တပါး၏ ထက်မျက် သောသတ္တိထူး သဘောတရားဖြင့်၊ ပျက်စီးအောင် ဖျက်ဆီး တတ်လေရကား၊ဓါတ်သတ္တိ တမျိုးတည်း၏၊ သဘောသဘာဝ

အတိုင်း။မတည်တန့်နိုင်တော့ဘဲ။ သဘောတခုမှ သဘောတခု သို့ပြောင်းလဲ၍။ပျက်,ဖြစ်,နေခြင်းကိုပင်။ ဝါ၊သဘောတရားပျက် ၍-အပုသဘောတရားဖြစ်ပေါ်ခြင်း၊ အပုသဘောတရားပျက်၍ အငေသဘောတရား ဖြစ်ပေါ်ခြင်းအားဖြင့်။ ဤကဲ့သို့-ရုပ်ဓါတ်သ ဘောတရားတို့၏ အစဉ်မပြတ်။ ပျက်,ဖြစ်၊ပျက်ဖြစ်နှင့် နေမှုသ သဘောတရားကိုပင်။ မမြဲမှု သဘောတရား အနိစ္စ လက္ခဏာ ဖြစ်ကြောင်း မှတ်သားရာ၏။ ဤ အကြောင်း တေဇောဓါတ်၏ အနိစ္စလက္ခဏာ သဘောတရားကို ဘော်ပြသော အားဖြင့်။အ ကျိုးရုပ်ဓါတ်များဖြစ်သော။ ဝါယော-အာပေါ-ပထဝီ-ဝဏ္ဏ-ဂန္ဓ ရသ-ဩဇာ-ရုပ်ဓါတ်တို့၏၊ မမြဲမှု-အနိစ္စလက္ခဏာသဘောတ ရားကို သိသာနိုင်ပါသော်လည်း။ ရုပ်ဓါတ်ကိုဖြစ်ပေါ်စေတတ် သော။အာဟာရ သမုဋ္ဌာန်အကြောင်းတရားအားဖြင့်၊ ရုပ်ဓါတ် တို့၏ ဖြစ်ပေါ်မှု-ပျက်စီးမှု သဘောတရားများ ထင်ရှားသိသာ စေရန်ဘော်ပြပါဦးအံ့။ အာဟာရ အကြောင်းတရားသည်၊

၁။ ကဗလီကာရအာဟာရ၊ ၂။ ဖဿာဟာရ၊ ၃ မနော သဥ္စေတနာဟာရ၊ ၄ ဝိညာဏာဟာရ-ဟူ၍ လေးပါး ရှိရာ တွင်။ကဗလီကာရ အာဟာရသည်-ရုပ် အာဟာရဖြစ်၍၊ ကျန် သုံးပါးသည်-နာမ် အာဟာရများ ဖြစ်ကြ၏။ ရုပ် အာဟာရဆို သည်မှာ-အဋ္ဌကလာပ်ရုပ် ရှစ်ပါးအနက်-ဩဇာရုပ်ကိုဆိုသို၏။ ထို ဩဇာရုပ်ဓါတ်သည်လည်း။

၁။ အဇ္ဈတ္တ ဩဇာရုပ်၊ ၂။ ဗဟိဒ္ဓဩဇာရုပ်-ဟူ၍ နှစ်မျိုး ရှိပြန်ရာ၊ ပဋိသန္ဓေစိတ်ဥပါဒ်မှစ၍၊ အဇ္ဈတ္တသန္တာန်မှာအစဉ် ပါလာခဲ့သော ဩဇာရုသည်၊ အဇ္ဈတ္တဩဇာမည်၏၊ ကလလ ရေကြည် တည်သော-သတ္တာဟမှ၊ နောက်- တသတ္တာဟာ-နှစ်

သဏ္ဍာဟာ အလွန်တွင်၊အဆီ မျိုအပ်သော အစာမှ စိမ့်လာလျက် သူငယ်၏ရုပ်တွင် ပျံ့နှံ့သည့်အခါမှစ၍၊ အသက်ထက်ဆုံး အပမှ မျိုအပ်သော ထမင်းဘောဇဉ် စသည့် အမျိုးမျိုးသောအစာ အ ဟာရတို့၌ပါရှိသော ဩဇာရသည်- ဗဟိဒ္ဓ ဩဇာမည်၏။ ထို ဗဟိဒ္ဓဩဇာဓါတ်သည်။ အဇ္ဈတ္တဩဇာဓါတ်အား။ အစဉ်အမြဲ ကူညီထောက်ပံ့ခြင်းအားဖြင့်၊ အာဟာရအကြောင်းကြောင့်ဖြစ် သော ရုပ်ဓါတ်များ ဆက်လက် ဖြစ်ပေါ်လာရ၏။ အကယ်၍ ဗဟိဒ္ဓဩဇာဓါတ်ကူညီထောက်ပံ့မှုမရှိပါက အဇ္ဈတ္တရှိအားနည်း သောဩဇာဓါတ်ဆီရကို အဇ္ဈတ္တရှိအားကြီးသောတေဇောဓါတ် မီးလောင်ကျွမ်းခြင်းဖြင့်၊ ရေနံဆီဆက်လက်မထည့်ဘဲ၊ထွန်းညှိ ထားသောမီးခွက်ငယ်သည်၊ မီးခွက်တွင်းရှိဆီ ကုန်ခန်းခဲ့သော် မီးငြိမ်းသွားလေသကဲ့သို့၊ အဇ္ဈတ္တ ဩဇာ ခြောက်ခန်းသည်နှင့် တပြိုင်နက်။ အာဟာရကြောင့် ဖြစ်သော ရုပ်ဓါတ်များ။ ဆက် လက်မဖြစ်ပေါ်နိုင်တော့ပြီ၊ ထိုဗဟိဒ္ဓဩဇာဓါတ်မှာလည်း။

၁။ သီတ တေဇော အကြောင်းတရား နှင့် တွဲစပ်လျက်ရှိ သော ဩဇာ။

၂။ ဥဏှတေဇောအကြောင်းတရားနှင့် တွဲစပ်လျက်ရှိသော ဩဇာ-ဟူ၍ နှစ်မျိုးရှိပြန်ရာ၊ သီတတေဇောဓါတ်နှင့် တွဲစပ်နေ သော ဩဇာဓါတ်မှာ၊ ချို၍သောအရသာ၊ချွဲမွေးသော အနံ့ ရှိသော-သဘော်သီးကဲ့သို့သော အရသာများအစရှိသည့်၊ဗဟိဒ္ဓ အာဟာရရုပ်ဓါတ်များကိုစားသုံးခြင်းအားဖြင့်၊အဇ္ဈတ္တိကဌိခံလင့် နေသော သီတတေဇော အကြောင်းတရားနှင့်တကွ၊ အပေါင်းပါ အဋ္ဌကလာပ် အာဟာရဇရုပ် ရှစ်ပါးကို ဖြစ်ပွားစေ၍၊ ဥဏှတေ ဇောဓါတ်၏ အပေါင်းပါ အဋ္ဌကလာပ် အာဟာရဇရုပ် ရှစ်ပါးကို

ပျက်စီးစေ၏၊ဥတုဇတေဇောဓါတ်နှင့် တွဲစပ်နေသောသြဇာဓါတ် မှာ၊ချို၍ပူစပ်သော အရသာ၊ပူ၍မွှန်သောအနံ့ရှိသည့်၊ အုပ်ရှစ် သီး-ချင်းကဲ့သို့သော အရသာများအစရှိသည့်၊ ဗဟိဒ္ဓအာဟာရ ရုပ်ဓါတ်များကို စားသုံးခြင်းအားဖြင့်၊အဇ္ဈတ္တိကဌ ခံလင့်နေသော ဥတုဇတေဇော အကြောင်းတရားနှင့် တကွ၊ အပေါင်းပါ အဋ္ဌ ကလာပ် အာဟာရဇရုပ် ရှစ်ပါး ကို ဖြစ်ပွားစေ၍၊ သိတတေ ဇောဓါတ်၏ အပေါင်းပါ အဋ္ဌကလာပ် အာဟာရဇရုပ် ရှစ်ပါး ကို ပျက်စီးစေ၏၊ အကြမ်းအားဖြင့်-၄သောအာဟာရရုပ်ဓါတ် ဖြစ်ပေါ်က၊ ပူသော အာဟာရရုပ်ဓါတ်ပျက်စီးမြဲ၊ ပူသော အာ ဟာရရုပ်ဓါတ်ဖြစ်ပေါ်က၊ ၄သော အာဟာရရုပ်ဓါတ်ပျက်စီ မြဲ ကို ထောက်ရှု ဆင်ခြင်သော အားဖြင့်၊ အာဟာရ အကြောင်း တရားကြောင့် ဖြစ်သော၊ ရုပ်ဟောင်း ရုပ်သစ် တို့၏-ပျက်,ဖြစ်, ပြောင်းလဲ မမြဲမှု သဘောတရား အနိစ္စ လက္ခဏာ ကို သိမြင် နိုင်ပေ၏။

ချို-ချဉ်-ခါး-ငန်-စပ်-ဖန်-ဟူသော အရသာ ခြောက်မျိုးအ နက်၊ အချဉ်-နှင့် အငန်,သည်၊ သိတတေဇောဓါတ် နှင့် တွဲစပ် သော အရသာ၊ အစပ်,သည်- ဥတုဇတေဇောဓါတ် နှင့် တွဲစပ် သော အရသာဖြစ်၏၊ အချို အဖန်-အခါး-ဂုင်းအရသာ သုံးပါး သည်၊ တေဇောဓါတ် နှစ်မျိုးလုံးနှင့်တွဲစပ်နိုင်ကြ၏၊ဆိမ့်သော အရသာ,သည်၊ ဖန်,သော အရသာ တွင်းသို့ ထည့်သွင်းထား သည်။ ဥပမာ-သဘော်သီး-၄ချို၊ ဖန်ခါးသီး-၄ဖန်၊ဂန့်ဂလာ-၄ ခါး အရသာရှိ၍၊အုပ်ရှစ်သီး-ပူချို၊ ဖာလာသီး-ပူဖန်၊တမာရွက် ပူခါး အရသာရှိ၏၊

အဆက်ပါ-ဥပမာအလားတူ၊ ဉာဏ်ရှိသမျှ တွေးရှုကြံစည်

ခြင်းအားဖြင့်၊ အာဟာရဓါတ်တို့နှင့် တွဲစပ်ပါဝင်သည့် တေဇောဓါတ် အကြောင်းကိုသိမြင်ကြပါကုန်။

ယခုအခါ စိတ်အကြောင်း တရားကြောင့်၊ ရုပ်ဓါတ်များဖြစ်ပေါ်မှု ပျက်စီးမှုကို ဘော်ပြပါအံ့။ ရုပ်တရားကို ဖြစ်စေတတ်သော-စိတ်အကြောင်းတရားသည်၊ စိတ်တခုယုတ်ကိုးဆယ်အနက်-အရူပဝိပါက်စိတ်လေးခု၊ ဒွေပဉ္စဝိညာဏ်တဆယ်၊ ရဟန္တာတို့၏ စုတိစိတ်(ဝိထိစိတ်)ကိုကြဉ်အပ်သော၊ ကြွင်းကျန်သည့် ခုနစ်ဆယ့်ငါးပါးသော စိတ်သည်၊ ပဋိသန္ဓေစိတ်၏ နောက်၊ ပထမဘဝင်ဉပါဒ်မှ အစပြု၍၊ မိမိတို့ ဉပါဒ်သောခဏတိုင်း၌၊ အဇ္ဈတ္တသန္တာန်တွင် စိတ္တဇရုပ်များကို ဖြစ်စေ၏၊ သို့ပါသော်လည်း-ဝေဒနာစိတ်ဓါတ် နှစ်ခုကို အကြောင်းပြု၍၊ ရုပ်ဓါတ်တို့၏ဖြစ်ပေါ်မှု ပျက်စီးမှုကို ရှင်းလင်းဘော်ပြပါအံ့။

တဝုံ တခုသော ဣဋ္ဌာရုံ သဘောတရားကို၊ မနောဓါတ်နှင့် တွေးမိ ကြံမိသောအခါ၊ ထိုစိတ်ဓါတ်အကြောင်းတရားနှင့်တကွ ဖြစ်ပေါ်လာရသော။ သောမနဿ ဝေဒနာ စိတ်ဓါတ်ကြောင့်၊ အဇ္ဈတ္တသန္တာန်တွင် သီတတေဇောဓါတ်ဖြစ်လျက်။ ၎င်းသီတ တေဇောဓါတ်နှင့်တကွ-အပေါင်း ပြုအပ်သော။ စိတ္တဇအဋ္ဌက လာပ်ရုပ်ဓါတ်များဖြစ်ပွား ပေါ်ပေါက်၊ နူးညံ့ နှစ်သက် ရွှင်လန်းမှုဟု ဆိုအပ်သော၊ ကာယဝိညတ်ရုပ်ဓါတ်၏။ အမူအရာ အာကာရများဖြစ်ပေါ်လာရ၏၊ တဝုံတခုသော အနိဋ္ဌာရုံကို၊ မနောဓါတ်နှင့် တွေးမိကြံမိသောအခါ၊ ထိုစိတ်ဓါတ် အကြောင်းတရားနှင့် တကွဖြစ်ပေါ်လာရသော၊ ဒေါမနဿဝေဒနာစိတ်ဓါတ်ကြောင့်။ အဇ္ဈတ္တသန္တာန်တွင်-ဉဏှတေဇောဓါတ်ဖြစ်လျက်၊ ၎င်းဉဏှ တေဇောဓါတ် နှင့်တကွ အပေါင်း ပြုအပ်သော-စိတ္တဇအဋ္ဌက

လာပ်ရုပ်ဓါတ်များဖြစ်ပွားပေါ်ပေါက်ကာ၊ ခက်ထန်ကြမ်းတမ်းမှုဟုဆိုအပ်သော၊ ကာယဝိညတ်ရုပ်ဓါတ်၏အမူအရာ-အာကာရများဖြစ်ပေါ်လာရ၏။

ထို့ကြောင့်-သောမနဿဝေဒနာ စိတ်ဓါတ်သည်၊ သီတတေဇော အဋ္ဌကလာပ်ရုပ်ရှစ်ပါး နူးညံ့ နှစ်သက် ရွှင်လန်းမှုရုပ်ဓါတ်များကို ဖြစ်စေ၍၊ ဥဏှ တေဇော အဋ္ဌကလာပ် ရုပ်ရှစ်ပါး၊ခက်ထန်ကြမ်းတမ်းမှုရုပ်ဓါတ်များကို ပျက်စီးစေ၏။ဒေါမနဿဝေဒနာစိတ်ဓါတ်သည်၊ ဥဏှတေဇော အဋ္ဌကလာပ်ရုပ်ရှစ်ပါး၊ ခက်ထန်ကြမ်းတမ်းမှု ရုပ်ဓါတ်များကိုဖြစ်စေ၍၊ သီတတေဇော အဋ္ဌကလာပ်ရုပ် ရှစ်ပါး၊ နူးညံ့ နှစ်သက် ရွှင်လန်းမှုရုပ်ဓါတ်များကိုပျက်စီးစေ၏။ အကြမ်းအားဖြင့်-နူးညံ့ နှစ်သက်ရွှင်လန်းမှုအမူအရာအာကာရရုပ်ဓါတ်များ ဖြစ်ပေါ်က၊ ခက်ထန်ကြမ်းတမ်းမှုအမူအရာအာကာရရုပ်ဓါတ်များ ပျက်စီးမြဲ၊ ခက်ထန်ကြမ်းတမ်းမှုအမူအရာ အာကာရ ရုပ်ဓါတ်များ ဖြစ်ပေါ်က၊ နူးညံ့ နှစ်သက် ရွှင်လန်းမှု အမူအရာ အာကာရ ရုပ်ဓါတ်များပျက်စီးမြဲသဘောတရားကို၊ ထောက်ရှုဆင်ခြင်သောအားဖြင့်၊ စိတ်ဓါတ် အကြောင်းတရားကြောင့် ဖြစ်သော ရုပ်ဟောင်း ရုပ်သစ်တို့၏၊ ပျက်,ဖြစ်-ပြောင်းလဲ မမြဲမှု သဘောတရား၊ အနိစ္စလက္ခဏာကို သိမြင်နိုင်ပေ၏။

ယခုအခါ- ကံ, အကြောင်းတရားကြောင့် ရုပ်ဓါတ်များဖြစ်ပေါ်မှု-ပျက်စီးမှုကို ဖော်ပြပါအံ့၊ ရုပ်ဓါတ်ကို ဖြစ်ပေါ်စေတတ်သော-ကံ,အကြောင်းတရားသည်၊အတိတ်ကဖြစ်သော ကုသိုလ်အကုသိုလ်ကံကို ဖြစ်စေတတ်သည့် စေတနာဟု ဆိုအပ်သောကာမာဝစရကုသိုလ်စိတ် ရှစ်ပါး။ အကုသိုလ်စိတ် တဆယ့်

နှစ်ပါး။ ရူပါဝစရကုသိုလ်စိတ်ငါးပါး။ အရုရုပေါင်း-အပြားအား ဖြင့်နှစ်ဆယ့်ငါးပါး ရှိ၏။ ထိုပါသော်လည်း-အချုပ်အားဖြင့်။ ကု သိုလ်ကံ-အကုသိုလ်ကံ-အကြောင်း နှစ်ပါးကြောင့်။ ရုပ်တို့၏ ဖြစ်ပေါ်မှု-ပျက်စီးမှုကိုဖြေရှင်းတော်မြပါအံ့။

ကောင်းသော စိတ်စေတနာ ကုသိုလ်ကံ အကြောင်းတရား ကြောင့် အလှူဒါနပေးကမ်းမှု။ ဘုရားရှိခိုးမှု၊ သီလဆောက်တည် မှု-အစရှိသော ကုသိုလ် တရားများ ပွားများ ဖြစ်ပေါ်လာမည့် ကာယကံ မြောက်-ကာယဝိညတ် ရုပ်များ ဖြစ်ပွား ပေါ်ပေါက် လာရ၏။ မကောင်းသော စိတ် စေတနာ အကုသိုလ် ကံ-အ ကြောင်းတရားကြောင့်။ သူတပါးအသက်ကိုသတ်မှု။ သူတပါး ဥစ္စာကိုခိုးယူမှု။ သူတပါးသားမယားကို ပြစ်မှားလွန်ကျူးမှု-အ စရှိသော။ အကုသိုလ်တရားများ ပွားများဖြစ်ပေါ်လာမည့်-ကာ ယကံမြောက် ကာယ ဝိညတ်ရုပ်များ ဖြစ်ပွားပေါ်ပေါက်လာရ ၏။ သို့ဖြစ်၍- ကောင်းသော စေတနာ ကုသိုလ်ကံ အကြောင်း တရားသည်။ ကုသိုလ်ပွားများမှု-ကာယဝိညတ်ရုပ်ဓါတ်များကို ဖြစ်ပေါ်စေ၍။ အကုသိုလ်ပွားများမှု-ကာယဝိညတ်ရုပ်ဓါတ်များ ကိုပျက်စီးစေ၏။ မကောင်းသော စိတ်စေတနာ-အကုသိုလ်ကံ အကြောင်းတရားသည်။ အကုသိုလ် ပွားများမှု-ကာယဝိညတ် ရုပ်ဓါတ်များကိုဖြစ်ပေါ်စေ၍။ ကုသိုလ်ပွားများမှု ကာယဝိညတ် ရုပ်ဓါတ်များကို ပျက်စီးစေ၏။ အကြမ်းအားဖြင့်-ကုသိုလ် ကာ ယကံရုပ်ဓါတ်ဖြစ်က။ အကုသိုလ်ကာယကံ-ရုပ်ဓါတ် ပျက်မြဲ။ အကုသိုလ်ကာယကံ ရုပ်ဓါတ်ဖြစ်က- ကုသိုလ် ကာယကံရုပ် ပျက်မြဲ-ဟူသော သဘောတရားကို ထောက်ရှု ဆင်ခြင်သော အားဖြင့်။ ကံ အကြောင်းတရားကြောင့်ဖြစ်သော။ ရုပ်ဟောင်း

ရုပ်သစ်တို့၏၊ ပျက်,ဖြစ် ပြောင်းလဲ မမြဲမှုသဘောတရား-အနိစ္စ
လက္ခဏာကိုသိမြင်နိုင်ပေ၏။

အထက်က ဘော်ပြခဲ့ပြီးသည့်အတိုင်း၊ ရုပ်ဓါတ်ကိုဖြစ်စေ
တတ်သော၊ အကြောင်းတရား လေးပါးကို စိစစ်၍ ကြည့်ပါမူ၊
ကံအကြောင်းတရား၌၊ ကုသိုလ်ကံ - အကုသိုလ်ကံ၊ စိတ်အ
ကြောင်းတရား၌- သောမနဿစိတ်- ဒေါမနဿစိတ်။ ဥတုအ
ကြောင်းတရား၌၊ ဧသောသီတတေဇော၊ ပူသောဥဏှတေဇော၊
အာဟာရ,အကြောင်းတရား၌၊ ဧသော အာဟာရ၊ ပူသော အာ
ဟာရ-အားဖြင့်၊ ဆန့်ကျင်ဘက် အကြောင်း နှစ်ပါး ကြစိနှင့်
ပြုပြင်လေရကား၊ အကြောင်း တပါး၏ ဖြစ်ပေါ်စေမှုသဘော
တရားကို၊ အကြောင်းတပါး၏ ဖြစ်ပေါ်စေမှု သဘောတရားက၊
ဖျက်ဆီး၍ ပျက်စီးစေလျက်၊ဖြစ်မှုသဘောတရား တပါးတည်း
၌ပင် တည်တန့် ခိုင်မြဲခြင်းမရှိဘဲ၊ ဖြစ်မှုသဘောတရားတပါးမှ၊
ဖြစ်မှုသဘောတရား တပါးသို့၊ ပြောင်းလဲ၍ သွားသည်ကိုပင်၊
ဖြစ်မှုသဘောတရားတပါးတည်း၌ တည်တန့်ခြင်းမရှိဘဲ၊ အစဉ်
အမြဲ- ပျက်-ဖြစ်- ပြောင်းလဲ၍ နေတတ်သော သဘောတရား
ကြောင့်၊မမြဲမှုသဘောတရား-အနိစ္စလက္ခဏာ၊ ထိုကဲ့သို့အစဉ်
အမြဲ-ပျက်,ဖြစ်-ပြောင်းလဲလျက်၊မမြဲမှုသဘောတရားဖြင့်၊ ခံသာ
မခံသာအောင်နှိပ်စက်အပ်လေသောကြောင့်၊ ဆင်းရဲမှုသဘော
တရား-ဒုက္ခလက္ခဏာ၊ ထိုကဲ့သို့ အစဉ်အမြဲ-ပျက်,ဖြစ်-ပြောင်း
လဲမှု-မမြဲသောသဘောတရားကို၊ မြဲအောင်ဖန်တီး၍ရကောင်း
သည့်၊ အလိုသို့လိုက်တတ်သော-အတ္တရုပ်လည်းမဟုတ်၊သတ္တိ
တန်ခိုးအမျိုးမျိုးတို့ နှင့် အာဏာပေးပိုင်သည့် အစိုးရအပ်သော
အတ္တရုပ်လည်းမမည်၊ပုဂ္ဂိုလ်သတ္တဝါ-လူနတ်ဗြဟ္မာ ငါသူတပါး

ယောက်ျား-မိန်းမ ခေါ်ဆိုစရာ ရသည့်-အတ္တရုပ်ဟုလည်းမဆိုရ အကြောင်းအား လျော်ညီစွာ သူ့သဘော သဘာ၀ကို သူဖန် တီးလျက်။ သူဖြစ်ချင်သလို–ပျက်-ဖြစ်နေတတ်သည့်။ ဓါတ်သ ဘာ၀တရားတွေသာ ဖြစ်ပေသောကြောင့်။ ကိုယ် နှင့် မဆိုင် ကိုယ်ပိုင်မဟုတ်။ကိုယ့်ဥစ္စာလည်းမမည်။အလိုသို့မလိုက်တတ်။ အစိုးမရအပ်သော သဘောတရား– အနတ္တလက္ခဏာတွေသာ တည်းဟု။ ပထ၀ီ အာပေါ-၀ါယော–တေဇော–အာကာသ ဟူ သော။ ရုပ်ဓါတ်တရား ငါးပါးသည်။ အနိစ္စ-ဒုက္ခ-အနတ္တလက္ခ ဏာ သဘောတရားများသာလျှင်ဖြစ်၏။ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ သဘောတရားများ သည်လည်း။ ပထ၀ီ အာပေါ ၀ါယော-တေဇော-အာကာသ ရုပ်ဓါတ်တရား ငါးပါးပင်တည်း ဟု။အကြိမ်ကြိမ်အဖန်ဖန် တွေးရှုဆင်ခြင်သောအားဖြင့်။ဝိပဿ နာ ဘာ၀နာ ဝိဇ္ဇာပညာဉာဏ်တွေ ပေါ်ပေါက်လျက်။ထို ပထ၀ီ အာပေါ ၀ါယော–တေဇော အာကာသရုပ်ဓါတ်ငါး၀တ္ထုပေါင်း စပ်ရထွေးဖြစ်ပေါ်နေသည်-ရူပက္ခန္ဓာကြီးအပေါ်တွင်။ ငါ၏ဥစ္စာ ဟူ၍ စွဲလမ်းမှတ်ထင်မှု တဏှာ။ ငါ ဟူ၍ စွဲလမ်း မှတ်ထင်မှု မာန။အလိုသို့လိုက်တတ် အစိုးရအပ်သော-ငါကိုယ်ဟူ၍ စွဲလမ်း မှတ်ထင်မှု ဒိဋ္ဌိ,တရားတွေမှာ။ပရမတ်ဟုဆိုအပ်သည့် သဘော တရားအပေါ်တွင် တင်၍ရှုအပ်သော။ဝိပဿနာ ဘာ၀နာပညာ ဉာဏ် အကြောင်းကြောင့်။ မဂ္ဂင်ရှစ်ပါး အင်္ဂါများစုံညီကာ။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းပြည့်စုံမှန် ကန်ပေရကား။

အတ္တဒိဋ္ဌိတရားကို တစတစ ဘောက်ခွဲလျက်။ တိရဏ ပ ရိညာစခန်းမှတဆင့်။ ပဟာန ပရိညာစခန်း သောတာပတ္တိမဂ်။ ပထမနိဗ္ဗာန် နန်းသို့ တက်လှမ်းနိုင်ပေတော့၏။

ယခုအထက်၌ဘော်ပြအပ်ပြီးသော၊ပထဝီ,အာပေါ်,ဝါယော, တေဇော,အာကာသ ရုပ်ဓါတ် ငါးဝတ္ထုအနက်၊ အကြောင်းရုပ် ဓါတ်ဖြစ်သည့်-တေဇောဓါတ်တပါး၏၊ ပရမတ္ထသဘောသဘာ ဝ-လက္ခဏာရေး သုံးပါး သဲဘောတရားကို၊ သိမြင်ကာမျှနှင့် ၎င်း အကြောင်းဓါတ်ကို အမှီပြု၍ ဖြစ်ပေါ်လာကြသည့်၊ ကျန် လေးပါးသောရုပ်ဓါတ်တရားတို့၏၊ လက္ခဏာရေး သုံးပါး သ ဘောတရားကို သိမြင်နိုင်ပေ၏။

သို့ဖြစ်၍-ရုပ်ဓါတ်တပါး၏ လက္ခဏာရေး သုံးပါး သဘော တရားကို ပေါက်ရောက်ပိုင်နိုင်အောင်၊ ရှုးရှုးဝိုက်ဝိုက်ပွားများ အားထုတ်၍ ပေါက်ရောက်အောင်မြင်ပါက၊ ရုပ်တရားအားလုံး တို့၏ ပြဘွယ်ကိစ္စပြီးစီးလေတော့သည်၊ သို့ဖြစ်လေရကား-ရုပ် ဓါတ်တပါးပါး၏၊ ပရမတ္ထသဘာဝ လက္ခဏာရေး သုံးပါးသ ဘောတရားကိုသာ၊ ဝိပဿနာ ဘာဝနာ ပညာဉာဏ်ဖြင့် ဆင် ခြင်သုံးသပ်ရမည် ဖြစ်ပေသောကြောင့်။ အထက်၌-အာကာသ ရုပ်ဓါတ်၏ လက္ခဏာရေး သုံးပါး သဘောတရားကို မဘော်ပြ တော့ပြီ။

ထိုနည်းတူစွာ-နာမ်ခန္ဓာ လေးပါးအနက်၊နာမ်ခန္ဓာတပါးပါး ၏ ပရမတ္ထသဘာဝလက္ခဏာရေး သုံးပါး သဘောတရားကိုပိုင် နိုင်စွာသိမြင်ပါက၊ ကျန် နာမ်ခန္ဓာများ အတွက်၊ ပြုဘွယ်ကိစ္စ ပြီးမြောက်ပြည့်စုံကြောင်းကိုမှတ်သားရာ၏။ နာမ်ခန္ဓာလေးပါး တို့တွင်–ဝိညာဏက္ခန္ဓာသည် အကြီးအမှူးဖြစ်ပေ၏၊ အထက် ၌ သိလာနုဿတိ ဝိပဿနာဘာဝနာပွားများပုံ အကြောင်းတွင်၊ ဝေဒနာ ဝေတသိက်-သင်္ခါရက္ခန္ဓာ ကို အကြောင်းပြု၍၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်၊ လက္ခဏာရေးသုံးပါး သဘော

တရားသာဖြစ်ကြောင်းကို ဘော်ပြခဲ့လေပြီ။

သို့ဖြစ်၍-ယောဂီပုဂ္ဂိုလ်များသည်။ ရူပက္ခန္ဓာ ဖွဲ့စည်းအပ်သော-ရုပ်ဓါတ်နှစ်ဆယ့်ရှစ်ပါး။ နာမက္ခန္ဓာ ဖွဲ့စည်းအပ်သော နာမ်ဓါတ်တရားလေးပါးတို့အနက်။မိမိတို့ပေါက်ရောက်ထင်မြင် လွယ်မည့်ဟုယူဆသော။ အနှစ်သက်ဆုံး-ရုပ်ဓါတ် တပါး-နာမ် ဓါတ်တပါးကို သိမ်းခြား၍သော်၎င်း။ ရုပ်နာမ်တရား ခန္ဓာငါးပါး လုံးပေါင်းစပ်၍သော်၎င်း။လက္ခဏာရေးသုံးပါး သဘောတရား ထင်မြင်အောင်၊ ဝိပဿနာ ဘာဝနာ ပညာဉာဏ်ဖြင့် ဆင်ခြင် သုံးသပ် နှလုံးသွင်းအပ်၏။ သားတော်ရာဟုလာ့သည် မြတ်စွာ ဘုရားသခင်အား။

ကထံနုခေါ ဘန္တေ ဘဂဝါ-ဇနတောကထံ-ပဿတော
မိစ္ဆာဒိဋ္ဌိ-ပဟီယတိ။

ဟူ၍ လျှောက်၏-အဓိပ္ပါယ်မှာ၊ ဘုန်းတော်ရောင်ရှိန်၊ ထိန် ထိန်တောက်ကြွား-အရှင်သခင်မြတ်ဘုရား။ အဘယ်ကဲ့သို့ဟုတ် တိုင်းမှန်ရာသိမြင်သောသူအား။အယူဝါဒ ဘောက်ပြားမှု-သက္ကာ ယ ဒိဋ္ဌိ တရားကြီးကို။ ပယ်ရှား စွန့်ပစ်နိုင်ပါသနည်းဘုရားဟု၊ လျှောက်ကြားသော ကာလ၊ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးက။

ပထဝီဓာတုံ-အာပေါဓာတုံ-ဝါယောဓာတုံ-တေဇော ဓာတုံ-အာကာသဓာတုံ-ဝိညာဏဓာတုံ ခေါ ရာဟုလာ အနိစ္စတော-ဒုက္ခတော-အနတ္တ တော-ဇာနတော- ပဿ တော-မိစ္ဆာဒိဋ္ဌိ ပဟီယတိ၊

ဟူ၍-မိန့်ကြားတော်မူ၏။ အဓိပ္ပါယ်မှာ၊ ချစ်သားသည်းချာ ရာဟုလာ။ နူးညံ့ ခက်မာမှု သဘောတရားရှိသော-ပထဝီရုပ်ဓါတ်ကို။ယိုစီး ဖွဲ့ပတ်မှုသဘောတရားရှိသော-အာပေါ ရုပ်ဓါတ်ကို။ထောက်ပံ့လှုပ်ရှားမှုသဘောတရားရှိသော-ဝါယောရုပ်ဓါတ်ကို။ ဖွေ့-ပူမှု သဘောတရားရှိသော-တေဇောရုပ်ဓါတ်ကို။ ရုပ်ဓါတ်အသီးသီးတို့အား။ ကန့်သန့် ပိုင်းခြားမှု သဘောတရားရှိသော အာကာသရုပ်ဓါတ်ကို။အာရုံခြောက်ပါးတို့အား ကြံတတ် သိတတ်မှု သဘောတရားရှိသော-ဝိညာဏ နာမ်ဓါတ်ကို၊ သဘောတရား တပါးတည်းတွင် မတည်တန့် မခိုင်မြဲပါဘဲ၊အစဉ် ဒလစပ်။ ပျက်,ဖြစ်, ပြောင်းလဲ၍ နေတတ်သောသဘောတရား ကြောင့် မမြဲမှု သဘောသဘာဝတရား-အနိစ္စလက္ခဏာ။ ထိုကဲ့သို့-ပျက်,ဖြစ်, တန်တန်၊ ခံသာမခံသာ ဘေးများစွာတို့ဖြင့် နှိပ်စက်အပ်လေရကား၊ ဆင်းရဲမှု သဘော သဘာဝတရား-ဒုက္ခလက္ခဏာ။ထိုကဲ့သို့-ပျက်,ဖြစ်,ပြောင်းလဲ၍နေမှု သဘောတရားကို၊မပျက်-မဖြစ်,မပြောင်းလဲရလေအောင်၊ အလိုသို့လိုက်တတ်ခြင်း၊ အာဏာ ပေးပိုင်ခြင်း။ အစိုးရအပ်ခြင်း မရှိ လေသောကြောင့်၊အလိုသို့မလိုက်တတ်၊ အစိုးမရအပ်သော၊ သဘောသဘာဝ တရား။ အနတ္တလက္ခဏာဟုဆိုအပ်သော-လက္ခဏာရေး သုံးပါးသဘောသဘာဝတရားအားဖြင့်။မဘောက်မပြန် ဟုတ်မှန်သောအတိုင်း သိမြင်သူတို့အား။ ယွင်းချွတ်ဘောက်ပြန်-အမှားကိုအမှန်ထင်တတ်သည့်၊သံသရာစခန်း လှည့်ပတ်လမ်း သက္ကာယဒိဋ္ဌိတရားကြီးကို။ပယ်ရှားစွန့်ခွါနိုင်ပေတော့၏ဟု ဟောကြားတော်မူချက်ကို ထောက်ရှုဆင်ခြင်လျက်။ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကို အလိုရှိသောပုဂ္ဂိုလ်တို့သည်၊ ပထဝီ-အာပေါ-ဝါယော

တေဇော-အာကာသ- ဝိညာဏ,ဟု ဆိုအပ်သော- ဓါတ်ကြီး ခြောက်ပါး။ဝါ၊ရုပ်ဓါတ်နာမ်ဓါတ်,တရားတို့၏။ပရမတ္ထသဘော သဘာဝ အပေါ်တွင်၊ လက္ခဏာရေး-သုံးပါး ဝိပဿနာ ဘာဝ နာ ဝိဇ္ဇာ ပညာဉာဏ်အမြင်တရားဖြင့်။ ပွားများဆင်ခြင် သိမြင် အောင် အားထုတ် ကြိုးစည်ရမည်ဖြစ်ရကား၊ နိဗ္ဗာန်စခန်းထွက် ရပ်လမ်း,ဟု ဆိုအပ်သော၊ မဂ္ဂင် ၈စ်ပါး ဝိပဿနာ ဘာဝနာ တရားကို။ ကြိုးစားအားထုတ်၍ ကြိုးစည်သုံးသပ် နှလုံးသွင်းအပ် ၏။ကြိုးစားအားထုတ် ကြိုးစည် ဆင်ခြင် နှလုံးသွင်းသောအားဖြင့် ပဋိပတ်ဘိုင်းမှန်ရာကို သိမြင်လျက်။ အလိုရှိအပ်သော နိဗ္ဗာန်ကို ဆော်လျှင်စွာ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ။

ဝိပ္ပလ္လာသ ဖျက်ကြောင်း-ပရိညာ-သုံးပါး။

မှတ်မှား ထင်မှား၊ ယူမှားဝိပ္ပါ၊ ပညတ်ရှုလို့၊ ဖြစ်မှုပေါ်လာ၊
ပရမတ်ရှု၊ သုံးခုပရိညာ၊ ပြတ်ကွာကျ၊ ပျက်ရတော့သည်သာ။ ။
ရုပ်နာမ်မြင်က၊ဉာတမှတ်ပါ၊ လက္ခဏာသုံး၊ ရှုတုံးပရိညာ၊
သောတာပတ္တိ၊မဂ်၏ဉာဏ်မှာ။ ပဟာန၊မှတ်ပပရိညာ။ ။
မဂ်လေးခု၏၊ပယ်မှုဉာဏ်မှာ။ပဟာန၊မှတ်ပ ပရိညာ။ ။

ဟူသော-၈စ်လုံးဘွဲ့ ကဗျာ သဘောကို-ချဲ့ထွင်၍ ၈င်းလင်း ဘော်ပြပါဦးအံ့၊ ဝိပ္ပလ္လာသတရားဆိုသည်မှာ၊ ရုပ်နာမ် တရား တို့၏။ပရမတ္ထသဘာဝ-သဘောလက္ခဏာများကို၊ ဘောက်လွှဲ ဘောက်ပြန် အမြင်မမှန်ဘဲ၊ အမှတ်၏ မှားယွင်းမှုသဘော၊ အ ထင်၏မှားယွင်းမှုသဘော၊ အယူဝါဒ၏မှားယွင်းမှုသဘောများ

ကိုဆိုလိုသည်၊ ထိုကဲ့သို့-ရုပ်ဓါတ်-နာမ်ဓါတ်တို့၏ ပရမတ္ထ သဘော သဘာဝ တွေကို၊ အမှတ်မှား-အထင်မှား-အယူမှားနေကြခြင်းမှာလည်း။ ပညတ်ဟု ဆိုအပ်သော အမည် နာမ ဖြစ်သဏ္ဌာန်တို့၏ အပေါ်တွင် အာရုံပြု၍၊ ရှုကြည့်ဆင်ခြင် ပွားများအားထုတ်အပ်သော၊ သမထဘာဝနာ တရားကြောင့်ပင်ဖြစ်ပေသည်၊ အဘယ် အကြောင်းကြောင့်ဆိုသော်-ပညတ်ဟုဆိုအပ်သော သဘော တရားသည်။ မဖောက် မပြန် ဟုတ်မှန် သည့် ပရမတ် သဘောတရားအပေါ်တွင်၊ တဆင့်တင်စား မှည့်ခေါ်အပ်သည့် အမည်နာမပင်ဖြစ်လေရကား။ ထိုပညတ်တရားမျှကို ပင်ရှုကြည့် ဆင်ခြင် ပွားများ အားထုတ်သော-ယောဂီပုဂ္ဂိုလ်တို့မှာ၊ တကဲ့တကယ် မှန်ကန်သည့် သဘောဉာဏ်ပေါ်သို့ မသက်ရောက်ဘဲ၊အမှတ်၏မှားယွင်းမှု-သညာဝိပ္ပလ္လာသမှတဆင့် အထင်၏မှားယွင်းမှု-စိတ္တဝိပ္ပလ္လာသသို့ ကူးပြောင်းလျက်၊ အယူဝါဒ၏ မှားယွင်းမှု-ဒိဋ္ဌိ ဝိပ္ပလ္လာသဖြစ်၍။ သံသရာစခန်း လှည့်ပတ်လမ်းအတွင်းသို့သာ သက်ဆင်းရပြန်၏၊

သို့ဖြစ်၍-အမှတ်၏မှားယွင်းမှု။ အထင်၏မှားယွင်းမှု။ အယူဝါဒ၏ မှားယွင်းမှုသဘောတရား-ဝိပ္ပလ္လာသတရားသုံးပါး ပျက်ပြားစေခြင်းအလို့ငှါ၊မဖောက်မပြန်ဟုတ်မှန်သော-ပရမတ်သဘောတရားအပေါ်တွင်၊ အာရုံပြု၍ ရှုကြည့်ဆင်ခြင်ပွားများအားထုတ်ရပေမည်၊ ဤကဲ့သို့-ပရမတ်သဘောတရားများကို၊ ဆင်ခြင်ပွားများအားထုတ်ခြင်း အားဖြင့်၊ လောက သုံးပါးတွင်-ရုပ်တရား-နာမ်တရားများကို။ ပိုင်းခြား၍သိမြင်မှုသဘော-နာမရူပပရိစ္ဆေဒဉာဏ်၊ ထိုရုပ်တရား နာမ်တရားတို့သည်၊ သမုဒယသစ္စာ-တဏှာ လောဘ, အကြောင်းတရားကြောင့် ဖြစ်ပေါ်လာ

ရသည်။ ဝါ၊ ကံ-စိတ်-ဥတု- အာဟာရ, အကြောင်းတရားလေးပါး တို့ ပေါင်း၍ပြုပြင်မှု အကြောင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု-ရုပ်နာမ်တရားတို့၏ ဖြစ်ကြောင်းကို။ သိမြင်မှုသဘောပစ္စယပရိဂ္ဂဟဉာဏ်။ ၎င်းဉာဏ်အမြင်နှစ်ပါးတို့နှင့် ပြည့်စုံသောအခြေသို့ဆိုက်ရောက်ပါက၊ ပဥ္စမဆင့် အမှန်ကိုသိမြင်မှု-ဉာတပရိညာ စခန်းသို့ ဆိုက်ရောက်ပေပြီဟု မှတ်သားရာ၏။

ထိုမှတဆင့်-ရုပ်ဓါတ် နာမ်ဓါတ်တို့၏ ပရမတ္ထသဘော သဘာဝကို။ ဆက်လက်၍ တွေးတောကြံစည် ဆင်ခြင်ပါမူ။ ရုပ်ဓါတ်နာမ်ဓါတ်တရားတို့၏။ မဖောက်မပြန် ဟုတ်မှန်သောသဘောတရားသည်။ ဖြစ်ပေါ်မှုသဘောတရား တပါးတည်း၌ပင်။ တည်တန့်ခိုင်မြဲမှုမရှိဘဲ။ ဖြစ်ပေါ်မှု သဘောတရားတပါးမှ။ ဖြစ်ပေါ်မှုသဘောတရားတပါးသို့။ အစဉ်အမြဲ ပြောင်းလဲ၍နေမှုသဘောတရားကိုသိမြင်လာပေမည်။ ထိုကဲ့သို့ ဖြစ်ပေါ်မှု သဘောတရားတပါးမှ-ဖြစ်ပေါ်မှု သဘောတရား တပါးသို့ ပြောင်းလဲ၍သွားမှု၊ ဝါ၊ သဘောတရားတပါး ပျက်စီး၍။ သဘောတရားတပါးဖြစ်ပေါ်သွားမှုသည်။ သဘောတရား တပါးတည်း၌ပင်၊ တည်တန့်ခိုင်မြဲစွာ ဖြစ်တည်မှု မရှိခြင်းကြောင့်၊ မမြဲမှုဓါတ်သဘောတရားတွေသာလျှင် မှန်ကန်ပေ၏ဟု။ အနိစ္စလက္ခဏာကို၎င်း၊ ထိုကဲ့သို့ရုပ်ဓါတ်နာမ်ဓါတ်တရားတွေ။ အစဉ်ဒလစပ်-ပျက်ဖြစ် ပြောင်းလဲ၍နေမှုကြောင့်။ ခံသာမှု သုခဝေဒနာသဘော တရား-မခံသာမှု ဒုက္ခဝေဒနာ သဘောတရားများ ပေါ်ပေါက်လာရ၏။ ခံသာမှု-သုခဝေဒနာသဘောတရားသည်။ အစဉ်တည်တန့်ခိုင်မြဲမှု မရှိ၊ ပျက်စီး၍သွားသောအားဖြင့်။ ဆင်းရဲမှုသဘောတရားဖြစ်ရ၏။ မခံသာမှု-ဒုက္ခဝေဒနာ သဘောတရား သည်

လည်း။ ဖြစ်ပေါ်၍လာသောအားဖြင့်၊ ဆင်းရဲမှုသဘောတရား ဖြစ်ရ၏။

ဤနည်းအားဖြင့် ရုပ်ဓါတ်နာမ်ဓါတ် တရားတို့သည်၊ ပျက်, ဖြစ်။ ပျက်,ဖြစ်မှုအစဉ်ဖြင့်။ခံသာ-မခံသာသော သဘောတရား တွေပေါ်ပေါက်၍ လာရလေအောင်၊ အစဉ်မပြတ် နှိပ်စက်အပ် လေရကား။ဆင်းရဲမှုဓါတ်သဘောတရားတွေသာလျှင် မှန်ကန် ပေ၏ဟု-ဒုက္ခလက္ခဏာ ကိုရင်း၊ ထိုကဲ့သို့-ရုပ်ဓါတ် နာမ်ဓါတ် တရားတို့၏ အစဉ်မပြတ်-ပျက်,ဖြစ်,ပြောင်းလဲ၍နေမှု သဘော တရားကို၊ မပျက်မဖြစ်-မပြောင်းလဲရလေအောင်။ ဆွဲဆောင်၍ ရကောင်းသည့်၊ အလိုသို့ လိုက်တတ်သော သဘောတရားမျိုး လည်းမဟုတ်၊ သတ္တဝါတန်ခိုး အမျိုးမျိုးတို့နှင့်၊ အာဏာပေးပိုင် သည့်-အစိုးရအပ်သော သဘောတရားမျိုးလည်း မမည်။ သူ့ ဓါတ်သဘော သဘာဝ အလိုက်။ သူ့ဖန်တီးလျက်-ပျက်-ဖြစ်, ပြောင်းလဲတတ်သော သဘောသဘာဝအတိုင်းသာလျှင်၊ ပျက် ဖြစ်,ပြောင်းလဲ၍နေလေရကား။ ငါ,သူတပါး, ယောကျ်ား,မိန်းမ ပုဂ္ဂိုလ်,သတ္တဝါ,လူနတ်ဗြဟ္မာ,မှတ်ထင်စရာမရသည့်၊ အလိုသို့ မလိုက်တတ်သော ဓါတ် သဘောတရားတွေ။ အစိုး မရအပ် သော ဓါတ်သဘောတရားတွေသာလျှင်မှန်ကန်ပေ၏ဟု-အနတ္တ လက္ခဏာကိုရင်း။

ဤကဲ့သို့-ရုပ်ဓါတ်-နာမ်ဓါတ်တရားတို့၏၊ ပျက်,ဖြစ်,ပြောင်း လဲတတ်မှု-ပရမတ် သဘောတရားအပေါ်တွင်။ လက္ခဏာရေး သုံးပါး ဝိပဿနာဘာဝနာတရားဖြင့်။ပွားများထင်မြင် ရှုဆင်ခြင် ခြင်းကို။ ဒုတိယဆင့်-အမှန်ကိုသိမြင်မှု-တိရဏ ပရိညာစခန်းသို့ ဆိုက်ရောက်ပေပြီဟု မှတ်သားရာ၏။

ထိုကဲ့သို့-ရုပ်ဓါတ် နာမ်ဓါတ်တရားတို့၏၊ ပျက်,ဖြစ်ပြောင်း လဲမှုသဘောတရားအစဉ်ကို၊ လက္ခဏာရေးသုံးပါး-ဝိပဿနာ ဘာဝနာ-ဝိဇ္ဇာပညာဉာဏ်တရားဖြင့်၊ပွားများဆင်ခြင် သိမြင်ဖန် များလတ်သော်၊ အကြွင်းအခါ၌-ရုပ်ဓါတ် နာမ်ဓါတ်တရားတို့၏ အပေါ်တွင်၊ ငါ,သူတပါး,ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်သတ္တဝါ,လူ နတ်ပြဟ္မာ,ဖြစ်ပေ၏ဟု၊အမှတ်၏မှားယွင်းမှု၊ အထင်၏မှားယွင်း မှု၊ အယူဝါဒ၏ မှားယွင်းမှု-သဘောတရား-ဝိပ္ပလ္လာသ သုံးပါး ပျက်ပြားလျက်၊အလိုသို့မလိုက်တတ်သော ဓါတ်သဘောတရား တွေ၊အစိုးမရအပ်သော-ဓါတ်သဘောတရားတွေသာ မှန်ကန် ပေ၏ဟု-အနတ္တလက္ခဏာ-ဝိဇ္ဇာဓါတ် ပညာဉာဏ်ရောင်ဉာဏ် လင်းသည်၊ သောတာပတ္တိမဂ်အခြေသို့ ဆိုက်ရောက်သည့်တိုင် အောင် ဖြစ်ပွား ပေါ်ပေါက် လာပြီးအံ့၊ ဤ သောတာပတ္တိမဂ် ဉာဏ်အင်အားနှင့်၊ ဒိဋ္ဌိဝိစိကိစ္ဆာ-အပါယ်သို့ ပဋိသန္ဓေအကျိုး ပေးစေနိုင်သည့်-အနုသယ ကိလေသာတရားများကို လုံးဝပယ် ဖြတ်လျက်၊ ပဌမဆင့်-ပဟာနပရိညာစခန်း ဆိုက်ရောက်ကာ၊ ပဌမ နိဗ္ဗာန်စခန်းသို့ တက်လှမ်းနိုင်ပေတော့၏။

၎င်းမှတဆင့်-ရုပ်ဓါတ် နာမ်ဓါတ်တရားများသည်၊ မမြဲမှုသ ဘောတရားသာလျှင် မှန်ကန်ပေ၏ဟု၊ အနိစ္စလက္ခဏာ- ဝိဇ္ဇာ ဉာဏ်ရောင် ထင် မြင်မှုသဘောတရား၊ သကဒါဂါမိမဂ် အင် အားဖြင့်၊ ကိလေသာ တရားများကို ပိုမို ပယ်ရှားခြင်း၊ အနိစ္စ လက္ခဏာ ဝိဇ္ဇာဉာဏ် ဆုံးခန်းတိုင်အောင်၊ လုံးဝသိမြင်ပိုင်နိုင် မှု၊ အနာဂါမိမဂ် အင်အားဖြင့်၊ ကာမတဏှာ ပြတ်စဲသည်တိုင် အောင်၊ အနုသယကိလေသာတရားများကိုပယ်ရှားလျက်၊ဒုတိ ယဆင့်-ပဟာနပရိညာစခန်းသို့ ဆိုက်ရောက်ကာ၊ ဒုတိယနိဗ္ဗာန်

စခန်းသို့ တက်လှမ်းနိုင်ပေတော့၏။

ဤအဆင့်တွင်–နောက်ထပ်ဘဝဖန်–ကာမ တဆယ့်တဘုံ၌၊ ပဋိသန္ဓေနေရန် မရှိတော့ပြီ၊ ၎င်းမှတဆင့်-ရုပ်ဝါတ် နာမ်ဝါတ် တရားများသည်၊ ဆင်းရဲမှုသဘောတရားသာလျှင်မှန်ကန်ပေ၏ဟု၊ ဒုက္ခလက္ခဏာဝိဇ္ဇာဉာဏ်သည်၊ အရဟတ္တ မဂ်ဉာဏ်သို့ ဆိုက်ရောက်သည့်တိုင်အောင်။ လုံးဝပိုင်နိုင်မှုအကြောင်းတရားဖြင့်၊ ရူပတဏှာ-အရူပတဏှာ များကိုပါ ထပ်မံပယ်ရှားလျက် အလုံးစုံသောသံသရာစခန်း လှည့်ပတ်လမ်းဖြစ်သည့်၊အနုသယကိလေသာ တရားတွေ။ ပြတ်စဲ ကုန်ခန်း ကာ၊ နောင်ဖဘန် သုံးဆယ့်တဘုံ သံသရာလောကကြီး တွင်းဝယ် ထပ်မံ၍၊ပဋိသန္ဓေတည်နေရခြင်းမရှိတော့ဘဲ၊ တတိယဆင့် ပဟာနပရိညာစခန်းသို့ဆိုက်ရောက်လျက်။နိဗ္ဗာန်စခန်းထွက်ရပ်လမ်း ပြဘွယ်ကိစ္စ ဟူသမျှတို့ ပြီးမြောက်ပြည့်စုံကာ၊ ဆင်းရဲအပေါင်းတို့၏။ ချုပ်ငြိမ်း ပြတ်စဲရာ၊ တတိယ-သဥပါဒိသေသ နိဗ္ဗာန်နန်းကို၊ မျက်မှောက်ပြုအပ်ကြောင်းမှတ်သားရာ၏။

သို့ဖြစ်၍- နိဗ္ဗာန်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်များသည်၊ ပဉ္စမ–ရုပ်တရား နာမ်တရားတို့၏၊ ပရမတ္ထသဘာဝလက္ခဏာများကို၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်များ ပေါ်ပေါက်လာအောင်။ သမ္မာသက်ပ္ပမဂ္ဂင်။ ဝိပဿနာ ဘာဝနာ ပညာစခန်းဖြင့်၊ကြိုးပန်းလျက် ကောင်းစွာကြံစည်ရမည်၊ဒုတိယ ထိုကဲ့သို့ ကြံစည်၍-ပညတ်တရားကိုဖြုတ်ခွါရအပ်သည့်၊ ရုပ်ဝါတ် နာမ်ဝါတ်တရား နှစ်ပါး၏၊ ပရမတ္ထသဘောသဘာဝကို လက္ခဏာရေး သုံးပါး သဘောတရားသာလျှင် ဖြစ်ကြောင်း၊ ရုပ်ဝါတ် နာမ်ဝါတ်တို့၏ ပျက်ဖြစ်မှုအစဉ်ကို၊ ဝိပဿနာဘာဝ

နာ ဝိဇ္ဇာဉာဏ်လက်နက်ဖြင့်၊ အထပ်ထပ် အခါခါ ရှုကြည့်ဆင်ခြင်ရမည်။ ထိုကဲ့သို့ ရှုကြည့်ဆင်ခြင်သုံးသပ် ပွားများဆဲအခါကာလ၌၊ အနတ္တလက္ခဏာ ဝိဇ္ဇာဉာဏ်ရောင် သည်။ တဒင်္ဂပဟာန်-ဝိက္ခမ္ဘန ပဟာန် အားဖြင့် ထင်ရှား ပေါ်ပေါက်လျက်၊ ထိုအခိုက်အတန့်တွင်၊ ရုပ်ဓါတ် နာမ်ဓါတ်များအပေါ်၌။အမှတ်၏မှန်ကန်မှုသဘောတရား။ အထင်၏မှန်ကန်မှု သဘောတရား အယူ ဝါဒ၏ မှန်ကန်မှု သဘောတရားတို့ကြောင့်။ ဝိပ္ပလ္လာသတရားသုံးပါး ပျက်ပြားလျက်။ရုပ်ဓါတ် နာမ်ဓါတ်တရားတို့အား ငါ၏ဥစ္စာဟု စွဲလမ်းမှုတဏှာ၊ ငါဟူ၍ ထောင်လွှား တက်ကြွစွဲလမ်းမှု-မာန။ အလိုသို့လိုက်တတ် အစိုးရအပ်သော-ငါ့ကိုယ်ဟု စွဲလမ်းမှု-ဒိဋ္ဌိ,တရားတွေ၊ ပျောက်ကွယ်၍နေခြင်းကိုပင်၊ မဂ္ဂင်ရှစ်ပါး ဝိပဿနာ ဘာဝနာ တရား အင်္ဂါ ပုံညီလျက်။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကြီးကို၊ ဖြောင့်မှန်စွာ သွားနေသည့်၊ စူဠသောတာပန်ပုဂ္ဂိုလ်ဟုခေါ်ဆိုရပေ၏။

ဥပမာအားဖြင့်- မြစ်ဘဘက်ကမ်းသို့ သွားရောက်လိုသော ပုဂ္ဂိုလ်တို့သည်၊ ပဌမ-ထိုမြစ်ကိုကူးမြောက်နိုင်ရန် အကြောင်းအင်္ဂါတချက်ဖြစ်သော-လှေကိုတွေ့အောင် ရှာကြံရမည်။ ယခုခေတ်တွင် မြစ် တဘက်ကမ်းသို့ ကူးမြောက်နိုင်သည့်၊ ယာဉ်အမျိုးမျိုး ရှိသော်လည်း၊ လှေ-ဥပမာနှင့် ပို၍သက်ဆိုင်လေရကား။လှေ့ကိုသာ ဥပမာပြုရပေသည်။ ဒုတိယ တွေ့မြင်ပြီးသောလှေထက်သို့ တက်ရောက် စီးနင်းလျက်။ အလိုရှိအပ်သော မြစ်ကမ်းသို့ လှေဦးတန်းကာ၊ မနေမနား ကြိုးစားလှော်ခတ်ရမည်၊ ထိုကဲ့သို့ လှော်ခတ်ခြင်း အားဖြင့်၊ မိမိ အလိုရှိအပ်သော ဆိပ်ကမ်းနှင့် နီးသည်ထက် နီးကပ်၍လာလျက်၊ နောက်ဆုံး၌ ထို

ကမ်းသို့ ဆိုက်ရောက်ပေမည်။

ဤအထက်ပါ-ဥပမာအရ။ သုံးဆယ့်တဘုံ တည်းဟူသော သံသရာကန္တာရ ခရီးသည့် မြစ်ကြီးနှင့် တူ၏။ ထို သံသရာ ကန္တာရခရီး၏ ဤမှာဘက်ကမ်း၌ ပုထုဇဉ် ပုဂ္ဂိုလ်များသည်။ သံသရာစခန်း လှည့်ပတ်လမ်း ခရီးတွင်း၌ ပုဂ္ဂိုလ်များနှင့် တူ ၏။မြစ်တဘက်ကမ်းသို့သွားလိုသောပုဂ္ဂိုလ်များနှင့်။နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းသို့ သွားလိုသော ယောဂီ ပုဂ္ဂိုလ်များနှင့်တူ၏။ မြစ်ကို ဖြတ်ကူးနိုင်ရန် အင်္ဂါတချက် ဟူသော လှေနှင့်။ နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းသို့ သွားနိုင်ရန် အင်္ဂါတချက် ဖြစ်သော။ ရုပ်နာမ်,တို့၏။ ပရမတ္ထသဘာဝကို ပိုင်းခြား သိမြင်မှု-နာမရူပ ပရိစ္ဆေဒဉာဏ်။၎င်းရုပ် နာမ် တရားတို့၏ ဖြစ်ကြောင်းကိုသိမြင် မှု-ပစ္စယပရိဂ္ဂဟဉာဏ်တို့ကိုရသော- ဉာတပရိညာ စခန်းနှင့် တူ၏။လှေကို စီးနင်းလှော်ခတ်သော ပုဂ္ဂိုလ်များနှင့်။ ရုပ်,နာမ် တို့၏ပျက်,ဖြစ်မှု,အစဉ်ကို။ လက္ခဏာရေးသုံးပါးအားဖြင့်၊ ပွား များဆင်ခြင် သုံးသပ်မှု-တိရဏပရိညာစခန်း။ ဝိပဿနာဘာဝ နာ ယောဂီပုဂ္ဂိုလ် ရှုဋ္ဌသောတာပန်များနှင့်တူ၏။မိမိအလိုရှိအပ် သော မြစ်ဆိပ်ကမ်းသို့ ရောက်သော ပုဂ္ဂိုလ်များနှင့်။ အပါယ် လေးပါး ပဋိသန္ဓေအကျိုးကို ပေးစေနိုင်သည့်။ ဒိဋ္ဌောဃဟုဆို အပ်သည့် သံသရာ မြစ်ကြီးကို။ လွန်မြောက်ပြီးသော- ပဌမ ပဟာနပရိညာစခန်း-ပဌမ နိဗ္ဗာန်းနန်းသို့။ ရောက်ရှိသော သော တာပန်ပုဂ္ဂိုလ်များနှင့်တူညီကြောင်းမှတ်သားရာ၏၊

ယခုအခါ-ပညတ်တရားပေါ်တွင်။ရှုကြည့်ပွားများမှု။သမထ ဘာဝနာတရားသည်။ ဝိပ္ပလ္လာသ တရားသုံးပါးဖြစ်၍။ ပရမတ် တရားပေါ်တွင် ရှုကြည့်ပွားများမှု။ ဝိပဿနာ ဘာဝနာတရား

သည်၊ ဝိပ္ပလ္လာသတရား သုံးပါး အဘယ် အကြောင်းကြောင့် ပျက်ပြား၍သွားရကြောင်းကို၊ထင်ရှားသိမြင်နိုင်လောက်အောင် ဘော်ပြပါဦးအံ့။

ဥပမာ အားဖြင့်-ဆံပင်ကို တွေ့မြင်သော၊ သမထ ယောဂီ ပုဂ္ဂိုလ်များသည်၊ နာမပညတ် လူကြီးစကားအရ၊ ဆံပင်ဟူ၍ မှတ်သားထားမှု၊သညာဝိပ္ပလ္လာသ,ကြောင့်၊ ဆံပင်ဟူ၍မှတ်ထင်မှု-စိတ္တဝိပ္ပလ္လာသ,သို့ကူးပြောင်းလျက်၊ ဆံပင် ပါတဲ့ဟု တထစ်ချ စွဲလမ်းကာ၊ မှားယွင်းမှတ်ယူမှု-ဒိဋ္ဌိဝိပ္ပလ္လာသဖြစ်ပေါ်လာရ၏။ ထိုနည်းအားဖြင့်၊ဆံပင်ဟူ၍ မှတ်သားထားမှု၊အမည်နာမပညတ် တရားအပေါ်တွင်၊ မည်သည့်သဘောတရားတခုကိုမှ ဘောက်ခွဲရှာကြံမရလေရကား၊ ထို ဆံပင်အား သေးသေးသွယ်သွယ်၊ တိုတိုရှည်ရှည် အားဖြင့်၊ ပုံသဏ္ဌာန် နှင့်တကွမှတ်သားသိမြင်သော-သဏ္ဌာနပညတ်၊ ဆံပင်အား-တပေါင်းတည်း တရုတည်း ဟု မှတ်သား သိမြင်သော-သမူဟဃနပညတ်၊ လွန်ခဲ့သောအချိန်က တွေ့မြင်ရသည့်မှာလည်း၊ ဤဆံပင်-ယခု တွေ့မြင်နေရသည့်မှာလည်း၊ ဤ ဆံပင် ဖြစ်ပေ၏ဟု တဆက် တစပ်တည်း မှတ်သားသိမြင်သော-သန္တတိဃနပညတ်၊ ဤဆံပင်ကား-မည်းမည်း နက်နက်၊ ရှည်လျားသေးသွယ် တင့်တယ်သာယာအပ်၏ဟု၊မှတ်သားသိမြင်သော-သုဘပညတ်၊ တရားတွေသာ အထပ်ထပ်ပေါ်ပေါက်လာလျက်၊မိမိတို့၏ မျက်မြင်အရ-မှတ်ထင်ယူဆမှု ပညတ်ဟုဆိုအပ်သော ဆံပင်ပေါ်တွင်၊လက္ခဏာရေးသုံးပါး ဝိဇ္ဇာဉာဏ် အမြင်တရားတွေ ပါးရှား လျက်၊ မမြဲမှု သဘောတရားကို၊မြဲမှုသဘောတရားဟု-အနိစ္စေနိစ္စသညာ၊ ဆင်းရဲမှုသဘောတရားကို၊ချမ်းသာမှုသဘောတရားဟုမှတ်သားမှု၊ ဒုက္ခေ

သုခသညာ။အလိုသို့လိုက်တတ် အစိုးရအပ်သော–ကိုယ်မဟုတ်မှုသဘောတရားကို။အလိုသို့လိုက်တတ်အစိုးရအပ်သော-ကိုယ်ဟုတ်၏ဟုမှတ်သားမှု-အနတ္တေအတ္တသညာ,အားဖြင့်၊မှတ်သားမှုအကြောင်းတွင် ဘောက်ပြန်မှားယွင်းမှု သုံးပါး၊မမြဲမှုသဘောတရားကို။ မြဲမှုသဘောတရားဟု မှတ်ထင်မှု-အနိစ္စေ နိစ္စစိတ္တာ။ ဆင်းရဲမှုသဘောတရားကို။ ချမ်းသာမှု သဘောတရားဟုမှတ်ထင်မှု–ဒုက္ခေသုခစိတ္တာ။ အလိုသို့လိုက်တတ် အစိုးရအပ်သော ကိုယ်မဟုတ်မှု သဘောတရားကို။ အလိုသို့လိုက်တတ် အစိုးရအပ်သောကိုယ်-ဟုတ်၏ဟု မှတ်ထင်မှု- အနတ္တေ အတ္တ စိတ္တာ, အားဖြင့် မှတ်ထင်မှု အကြောင်းတွင်-ဘောက်ပြန် မှားယွင်းမှု သုံးပါး၊ မမြဲမှုသဘောတရားကို မြဲမှုသဘောတရားဟု မှတ်ယူသော–အနိစ္စေနိစ္စဒိဋ္ဌိ။ဆင်းရဲမှုသဘောတရားကို။ ချမ်းသာမှုသဘောတရားဟုမှတ်ယူသော-ဒုက္ခေ သုခဒိဋ္ဌိ။အလိုသို့လိုက်တတ် အစိုးရအပ်သော ကိုယ်မဟုတ်မှု သဘောတရားကို။ အလိုသို့လိုက်တတ် အစိုးရအပ်သော ကိုယ်ဟုတ်၏ဟု မှတ်ယူသော အနတ္တေအတ္တဒိဋ္ဌိ အားဖြင့်၊ မှတ်ယူမှု အကြောင်းတွင်ဘောက်ပြန်မှားယွင်းမှုသုံးပါး အဆင့်ဆင့်ပွားများပေါ်ပေါက်လျက်။နာမပညတ် ဆံပင်ဟုတထစ်ချမှတ်သားခြင်း။

ပညတ်တရား ဖုံးလွှမ်းမှုအကြောင်းကြောင့်။ မျက်မြင်ဆံပင်ဟုဆိုအပ်သော ပညတ်တရားကိုဘောက်ထွင်းလျက်။ အဆင်းဝဏ္ဏ ရုပ်ဓါတ် အပေါင်းအစုဟူသော၊ ပရမတ်ဉာဏ်အမြင်မပေါက်တော့ဘဲ၊ ဆံပင်ဟု ပညတ်ထားသည့် အဆင်းဝဏ္ဏ ပရမတ် ရုပ်ဓါတ်အပေါ်တွင်၊ အမှတ်၏မှားယွင်းမှု။ အထင်၏မှားယွင်းမှု၊ အယူဝါဒ၏ မှားယွင်းမှုသဘောတရားတွေကို၊လက္ခ

ဏာရေးသုံးပါး သဘောတရားဖြင့် ပွားလိုက်သော်။ ဘောက် ပြန်မှားယွင်းမှု-ဝိပ္ပလ္လာသတရား ကိုးပါး ဖြစ်ပေါ်လာလေရကား။ ဆံပင်အား ငါ၏ဥစ္စာဟုလိုချင်မှု-တဏှာ၊ ငါ့ဆံပင်ကောင်း၏ဟု ထောင်လွှားတက်ကြွမှု-မာန။ အလိုသို့ လိုက်တတ် အစိုးရအပ် သော ငါ့ကိုယ်တွင်း၌ ဆံပင်ဟု မှတ်ယူမှုဒိဋ္ဌိတရားတွေ။အထပ် ထပ်ဖြစ်ပွား ပေါ်ပေါက်လျက်။ သံသရာစခန်း လှည့်ပတ်လမ်း တွင်းသို့သာတဖန် သက်ဆင်းရပြန်၏။

အဘယ်ကြောင့်-ထိုကဲ့သို့ ဖြစ်ရသနည်းဟူမူကား။ ပညတ် တရားပေါ်တွင်-မှတ်သားမှု စိတ် အထင်အလိုက် ဉာဏ်အမြင် မလိုက်ဘဲ။ အယူရှိနေခြင်းကြောင့်ပင် ဖြစ်၏။ စိတ် မည်သည် ဝဏ္ဏုပစ္စည်းတခုကို။ တပေါင်းတည်း တရတည်းထင်မှတ် ၍မြင် တတ်၏။ ခွဲခြမ်းစိတ်ဖြာ၍ ထင်မှတ် မြင်တတ်ခြင်းမရှိ။ ဥပမာ တောင်ကြီးတတောင်ကိုတွေ့မြင်ရာ၌။ တလုံးတည်း တခဲတည်း တသားတည်း ဟုပင် ထင်မှတ်၍ မြင်တတ်၏။ ၎င်းစိတ်အမြင် ပညတ်တရား အပေါ်တွင်။ ဉာဏ် အမြင် ပရမတ်တရားကို။ ဘောက်ခွဲရှာကြံပါမှ။ အမှန်အကန်သဘောသို့ ရောက်ပေမည်။ ပရမတ်တရားအပေါ်တွင် ရှုကြည့်ပွားများမှု- ဝိပဿနာဘာဝ နာတရားအကြောင်းကြောင့်။ဝိပ္ပလ္လာသ တရားကိုးပါး ပျက်ပြား ၍သွားပုံအကြောင်းကို။ ပဋ္ဌမ-ဆံပင်ဥပမာ အရပင် ရှင်းလင်း ပြပါအံ့။

ဆံပင်ကို တွေ့မြင်သောအခါ-ထိုဆံပင်ဟု ခေါ်ဆိုမှတ်သား အပ်သော-လူကြီး၏ ပညတ် စကား။ သမုတိ သစ္စာမှ- ဘုရား သခင်၏ ပညတ်စကားသို့ပြောင်းလိုက်လျှင်။ ကေသာ-ဟူသော အမည်သို့ရောက်ရှိလာပေမည်။ ထို-ကေသာ,ဟူသော အမည်

သည်၊မည်သည့်ရုပ်ဓါတ်လွန်ကဲမှု အရအဝေးမှ မှည့်ခေါ်သော အမည်ဖြစ်သနည်းဟု၊ တဆင့်တိုးတက် ဆင်ခြင်ပြန်လျှင်၊ပထဝီ လွန်ကဲမှုရုပ်ဓါတ် နှစ်ဆယ် တွင်းမှ၊အမည်နာမတခုဖြစ်ကြောင်း သိမြင်လာပေမည်။ထိုပထဝီရုပ်ဓါတ်လွန်ကဲမှုတခုတွင်၊ အခြား မည်သည့် ရုပ်ဓါတ်များ ပါဝင်လေသနည်းဟု တဆင့် တက် လျက်၊ ဘုရားသျှင်၏မှတ်သားထားချက်အတိုင်း၊ ဆက်လက် ဆင်ခြင်ပြန်လျှင်။ အာပေါ-ဝါယော-တေဇော-ဝဏ္ဏ-ဂန္ဓ-ရသ ဩဇာ,ဟူ၍-အဋ္ဌကလာပ်ရုပ် ၈စ်ပါး အနက်၊ ဤရုပ်ရ ခုနစ်ပါး ပါဝင်ကြောင်း တဆင့်မှတ်သားရပေမည်။

ထို အဋ္ဌကလာပ်ရုပ် ၈စ်ပါးအနက်။ မည်သည့်ရုပ်ဓါတ်ကို တွေ့မြင်ရသနည်းဟု ဆင်ခြင်ပြန်လျှင်၊ ဝဏ္ဏ,ဟု ဆိုအပ်သော အဆင်းရုပ်ကို တွေ့မြင်ရကြောင်း မှတ်သားလာရပေမည်။ ထို ပထဝီဓါတ်လွန်ကဲသော-အဆင်းရုပ်ဓါတ်သည်။ မည်သို့သော သဘောလက္ခဏာရှိသနည်းဟုဆင်ခြင်ပြန်လျှင်။ကြမ်းတမ်းမှု နူးညံ့မှု-သဘောတရားလက္ခဏာများရှိကြောင်း။ ပရမတ္ထသစ္စာသို့ ရောက်ရှိမှတ်သားလာရပေမည်။ ၎င်းနောက် မည်သို့သော အ ကြောင်းတရားကြောင့်၊ ထိုကဲ့သို့- သဘောတရား လက္ခဏာ နှစ်ပါး ကွဲပြားခြားနား၍နေရသနည်းဟု တဖန်ဆင်ခြင်ပြန်သော်၊ မိမိအားပြုပြင်ဖြစ်ပေါ်စေမှု။အကြောင်း-တေဇောဓါတ်၏။အေး အ ပူ သဘောတရား နှစ်ပါး ကွဲပြားမှုကြောင့်ဖြစ်ကြောင်းမှတ်သား ရပေမည်။မည်သည့် တေဇောဓါတ် ပြုပြင်မှု အကြောင်းကြောင့် မည်သို့သော သဘောတရားဖြစ်ရလေသနည်းဟု ဆင်ခြင်ပြန် သော်၊ အေးဓါတ်၏ ပြုပြင်မှုအကြောင်းကြောင့်၊ ကြမ်းတမ်းမှု သဘောတရားဖြစ်ပေါ်၍။အပူဓါတ်၏ပြုပြင်မှု အကြောင်းကြောင့်

နူးညံ့မှုသဘောတရား ဖြစ်ပေါ်လာကြောင်း မှတ်သားလာရပေမည်၊ ထိုကဲ့သို့-အဇ္ဈဓါတ် အပုဓါတ်,အကြောင်း သဘောတရား နှစ်ပါး အားဖြင့်။ပြုပြင်၍ဖြစ်ပေါ်အပ်သော ကြမ်းတမ်းမှု-နူးညံ့မှု သဘောလက္ခဏာရှိသည့်၊ ဤအဆင်းရုပ်ဓါတ်သည်-သဘောလက္ခဏာ တပါးတည်းအဖြစ်နှင့်၊ အစဉ်တည်တန့်ကာဖြစ်ပေါ်နေနိုင်ပါမည်လောဟု ဆင်ခြင်ပြန်သော်။ သဘော လက္ခဏာ တပါးတည်းအဖြစ်နှင့်၊ အစဉ်တည်တန့်ကာ မဖြစ်တည်နေနိုင်ကြောင်း မှတ်သားလာရပေမည်။

ဤကဲ့သို့-သဘော လက္ခဏာတပါးတည်း၌၊ အစဉ်ဖြစ်ပေါ်တည်တန့်ကာ မဖြစ်တည်နေနိုင်ဘဲ။ သဘောလက္ခဏာ တပါးမှ။သဘောလက္ခဏာတပါးသို့ ပြောင်းလဲဖြစ်တည်နေမှုသဘောကို၊ မည်ကဲ့သို့ မှတ်သားရပါမည်နည်းဟု ဆင်ခြင်ပြန်သော်။ သဘောလက္ခဏာ တမျိုးတည်းအဖြစ်နှင့် တည်တန့် ဖြစ်ပေါ်ကာ၊မဖြစ်တည်နေနိုင်ဘဲ–သဘောလက္ခဏာတမျိုး ပျက်စီးကာ၊ သဘောလက္ခဏာတမျိုးဖြစ်ပေါ်လျက်။ အစဉ်မပြတ်-ပျက်ဖြစ်ပြောင်းလဲ။ သဘောတရား တပါးတည်း၌ မတည်မြဲလေသောကြောင့်။မမြဲမှုသဘောလက္ခဏာ၊ဝါ၊အနိစ္စလက္ခဏာရှိကြောင်း မှတ်သားလာရပေမည်။

ဤကဲ့သို့-အဇ္ဈဓါတ်-အပုဓါတ်- အကြောင်းတရား နှစ်ပါးတို့ ပြုပြင်ဖြစ်ပေါ်အပ်သော။ မခိုင်မြဲမှု သဘောတရား အဆင်းရုပ်ဓါတ်သည်၊ စင်စစ်-ချမ်းသာမှုသဘောဟုဆိုရမည်လော။ဆင်းရဲမှုသဘောဟုဆို ရမည်လောဟု ဆင်ခြင်ပြန်သော်၊ အစဉ်မပြတ်-ပျက်,ဖြစ်,ပြောင်းလဲ–မမြဲမှုသဘောတရားဖြင့်။ ခံသာ–မခံသာအောင် နှိပ်စက်အပ်လေသောကြောင့်၊ စင်စစ် ဆင်းရဲမှုသ

ဘောလက္ခဏာ၊ ဝါ၊ဒုက္ခလက္ခဏာရှိကြောင်း မှတ်သားလာရပေမည်။ ထိုကဲ့သို့-မမြဲမှု- ဆင်းရဲမှု သဘော လက္ခဏာများရှိသည့်၊ ကြမ်းတမ်းမှု-နူးညံ့မှုသဘောများအားဖြင့်၊ အစဉ်အမြဲ ပျက်,ဖြစ်,ပြောင်းလဲနေတတ်သော။ဤအဆင်းရုပ်ဓါတ်ကို၊ သေးသေး သွယ်သွယ်-တိုတို ရှည်ရှည်, ဟူသော ပုံသဏ္ဌာန်အနေအားဖြင့် မှတ်သားအပ်ပါသလော။ ငါ- သူတပါး,ယောကျ်ား, မိန်းမ,ပုဂ္ဂိုလ်, သတ္တဝါ,လူနတ်ဗြဟ္မာ, အနေအားဖြင့် မှတ်သားအပ်ပါသလော။ မိမိ အလိုရှိအပ်သော-သဘောတရား တပါးတည်း၌ပင် တည်တန့်ခိုင်မြဲလျက်။ သဘောတရားတပါးအဖြစ်သို့။ ပြောင်းလဲ ဖြစ်တည် မသွားရလေအောင်။ သွေးဆောင်၍ရကောင်းသော။အလိုသို့လိုက်တတ်သော၊ အာဏာပေးပိုင်သော အစိုးရအပ်သော- သဘောတရားများ ဖြစ်ပါသလောဟု ဆင်ခြင်ပြန်လျှင်၊ ထိုအဆင်းရုပ်ဓါတ်သည်၊ ကြမ်းတမ်းမှု- နူးညံ့မှု သဘောလက္ခဏာ နှစ်ပါးအားဖြင့်၊ အစဉ်ဒလစပ်-ပြောင်းလဲ ပျက်-ဖြစ်,၍နေပေသောကြောင့်။ပုံသဏ္ဌာန် အနေ ငါ,သူတပါး, ယောကျ်ား,မိန်းမ, ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ, အနေအားဖြင့်။ မမြင်အပ်-မမှတ်သားအပ်မိမိအလိုရှိအပ်သော အဖြစ်တပါးတည်းမှ၊ မပြောင်းလဲဘဲ၊ အလိုသို့လိုက်တတ်-အာဏာပေးပိုင်၊ အစိုးရအပ်သော သဘောလက္ခဏာ မဟုတ်၊ အလိုသို့မလိုက်တတ်၊ အာဏာမပေးပိုင်။ အစိုးမရအပ်သော သဘော လက္ခဏာ၊ ဝါ၊ အနတ္တ လက္ခဏာ-သာလျှင်ဖြစ်ကြောင်း မှတ်သားလာရပေမည်။

ထိုကဲ့သို့-ဆံပင်ဟုဆိုအပ်သော-ပညတ်တရားမှ၊ ဉာဏ်အမြင်ဘောက်ထွင်းလျက်၊ အဆင်း ရုပ်ဓါတ်၏ ကြမ်းတမ်းမှု-နူး

ညီ့မှ-ပရမတ်သဘောတရားကို၊မှတ်သားရာမှတဆင့်၊ အမှတ် အသား၏ မှန်ကန်မှုအကြောင်းကြောင့်၊ အဆင်းရုပ်ဓါတ်တရား သည်၊ ပျက်ဖြစ်ပြောင်းလဲ၍ နေတတ်သော၊ လက္ခဏာရေး သုံးပါး သဘောတရားသာတည်း။ လက္ခဏာရေး သုံးပါး သ ဘောတရားသည်လည်း၊ ပျက်-ဖြစ်ပြောင်းလဲ၍နေတတ်သော အဆင်းရုပ်ဓါတ်၂င်ဖြစ်၏ဟု မှတ်ထင်မှုမှန်ကန်လာလေရကား။ အဆင်းရုပ်ဓါတ်၏ အပေါ်၌၊ ငါ၏ဥစ္စာဟူ၍ တဏှာ အနေဖြင့် စွဲလမ်းခြင်း မှားယွင်းမှု အယူဝါဒ၊ ငါ၏အဆင်း ကောင်းပေ၏ ဟု မာနအနေဖြင့် စွဲလမ်းခြင်း မှားယွင်းမှု- အယူဝါဒ၊ အလိုသို့ လိုက်ဘာတ် အစိုးရအပ်သော-ငါ့ကိုယ် အတွင်းရှိ အဆင်းဟူ၍ စွဲလမ်းခြင်း မှားယွင်းမှု-ဒိဋ္ဌိဒိဋ္ဌိ အယူဝါဒများ ပျောက်ကင်း လျက်၊ထိုအဆင်းရုပ်ဓါတ်အပေါ်တွင် မှားယွင်းဘောက်ပြန်မှုသ ဘောတရား၊ဝိပ္ပလ္လာသ ကိုးပါးမဖြစ်တော့ဘဲ၊ ပရမတ်သဘော တရားအပေါ်တွင်၊ ဝိပဿနာဘာဝနာဉာဏ်အမြင်ဖြင့်၊ ဆင်ခြင် ပွားများလေရကား၊ ရုပ်နာမ်တရားတို့၏အပေါ်တွင် လက္ခဏာ ရေးသုံးပါးသဘောတရားအားဖြင့်၊ အမှတ်၏မှန်ကန်မှုမှတဆင့်။ အထင်၏မှန်ကန်မှု အယူဝါဒ၏ မှန်ကန်မှုများသို့၊ အဆင့်ဆင့်ကူး ပြောင်းလျက်၊ဉာဏ်၊ တိရဏပဟာန ပရိညာ စခန်းများသို့။အ ဆင့်ဆင့် ရောက်ခြင်းအားဖြင့်-နိဗ္ဗာန်စခန်းထွက်ရပ်လမ်းမှန်ကန် ပေရကား၊အလိုရှိအပ်သောနိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့ဆောလျင် စွာ မျက်မှောက်ပြုရပေတော့၏။ ပေါက်ရောက် ထင်မြင်အောင် ကြိုးစည်ကြိုးစားအားထုတ် ကြခြင်းဖြင့်၊ မိမိတို့ လိုလားအပ်သော နိဗ္ဗာန်ကို၊ဆောလျင်စွာ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ပရမတ်ပေါ်တွင် တင်၍ရှုအပ်သော ဝိပဿနာ ဘာဝနာဆို

သည်မှာ။ ရုပ်ဓါတ်- နာမ်ဓါတ်,တို့၏ သဘောတရားများပေါ်တွင်၊လက္ခဏာရေး သုံးပါးအားဖြင့်။ဆင်ခြင်သုံးသပ်မှုကို ဆိုလိုသည်။သဘောတရားပေါ်တွင်ရှုကြည့်ဆင်ခြင်ပါက၊ ပုံသဏ္ဌာန်, အထည် ကိုယ်ခြပ်,တွေ တွဲစပ်၍ မပါကောင်းတော့ပြီ။ ဥပမာ အဆင်းကို တွေ့မြင်က။ အဆင်းသဘောကိုသာ-ဆင်ခြင်အပ်၏။ အဆင်းသဏ္ဌာန်နှင့် မရောစပ်စေရ။ ထိုနည်းတူစွာ- အသံကို ကြားပါက၊ အသံသဘောကိုသာ ဆင်ခြင်အပ်၏။ လူ,ကျွဲ,နွား မြင်း,ခွေး, စသော သတ္တဝါတို့နှင့် မတွဲစပ်အပ်။ အနံ့-အရသာ အတွေ့,ဓမ္မာရုံ, စသော အာရုံတို့၌လည်း။ အထက်ပါနည်းအရ သဏ္ဌာန် နှင့်မတွဲစပ်ပါဘဲ၊သဘောတရားပေါ်တွင်သာ၊ ဆင်ခြင်ပွားများရန် အထူး သတိပြုအပ်ပေ၏။ သဏ္ဌာန်ခြပ်ပေါ်တွင် ရှုကြည့်ပွားများမှုကား။ပညတ်တရားပေါ်တွင်တင်လျက်။ သမထဘာဝနာ တရားပင်ဖြစ်ပေ၏။ သဘောတရားကို ဆင်ခြင်၍ ရှုကြည့်ပွားများပါမှ။ ပရမတ်ကျလျက်-ဝိပဿနာ ဘာဝနာဖြစ်နိုင်ပေမည်။ သဘောတရားဆိုသည်မှာ။ ရုပ်ဓါတ်- နာမ်ဓါတ်တရားတို့၏၊ အမှန်အကန်ရှိသော သဘာဝ သတ္တိထူးတွေကိုဆိုလို၏။ပရမတ္ထသဘာဝ-ရုပ်ဓါတ်-နာဓါတ်များသည်။ သူ့နေရာဌာနကိုလိုက်၍၊ ဖြစ်ပေါ်မှုသဘောကို သိအပ်၏၊ အဆင်းရုပ်ဓါတ်နှင့် မျက်စိ အကြည်ရုပ်ဓါတ် ပေါင်းဆုံခြင်း အားဖြင့်။အဆင်းမှန်းသိမှု။ မြင်သိ-နာမ်တရားဖြစ်ပေါ်လာရ၏၊ဖြစ်ပေါ်၍လာသော သဘောတရားသည်။ဥပါဒ် ဌီ-ဘင်-အစဉ်အားဖြင့်။ ပျက်စီးမြဲ ဓမ္မတာ-သဘာဝဖြစ်ကြောင်းမှတ်သားရာ၏။

ထိုနည်းတူစွာ-အသံရုပ်ဓါတ်နှင့်- နား,အကြည်ရုပ်ဓါတ်တို့ ပေါင်းဆုံ၍-ကြားသိ, နာမ်တရား၊ အနံ့ရုပ်ဓါတ်နှင့်-နှာခေါင်း

အကြည်ရုပ်ဓါတ်တို့ ပေါင်းဆုံ၍-နံ့သိနာခံ၊ အရသာရုပ်ဓါတ်နှင့် လျှာအကြည်ရုပ်ဓါတ်တို့ ပေါင်းဆုံ၍-လျှက်သိနာခံ၊ ပထဝီ-ဝါ ယောတေဇော-ဖေါဋ္ဌဗ္ဗ-ရုပ်ဓါတ်နှင့်။ကိုယ်ကာယအကြည်ဓါတ် တို့ပေါင်းဆုံ၍ တွေ့သိနာခံ ဓမ္မာရုံရုပ်ဓါတ်နှင့်-ဟာဒယဝတ္ထု နှလုံး အိမ် အကြည်ရုပ်ဓါတ်တို့ ပေါင်းဆုံ၍- ကြံသိနာခံ တရားများ ပေါ်ပေါက်လာရကြောင်း။ပရမတ္ထသဘာဝတရားကို သူ့နေရာ ဌာနအားလျော်ညီစွာ သိသာနိုင်၏။ သို့ဖြစ်ပါ၍-အထက်ပါ-ပရ မတ္ထသဘာဝတရားတို့၏၊ နေရာဌာနအလိုက်ဖြစ်ပေါ်မှုကို၊ မှတ် သားလွယ်ကူစေခြင်းအလို့ငှါ၊ အောက်ပါ-ရှစ်လုံးဘွဲ့ကဗျာများ ကို။ရှုတ်တိုက်ဆောင်၍ ဆင်ခြင်ရာ၏။

၁။ မျက်စိအဆင်း၊ ရုပ်ခြင်းဆုံကာ။
မြင်သိနာခံများ၊ ဖြစ်ပြားပေါ်လာ။
ဖြစ်လျှင်မုချ၊ ပျက်ရမည်သာ။
လက္ခဏာ-သုံးဝမှတ်စမ်းပါ။ ။

၂၊ အသံနှင့်နား၊ ရုပ်များဆုံကာ၊
ကြားသိနာခံများ၊ ဖြင်ပြားပေါ်လာ။
ဖြစ်လျှင်မုချ၊ ပျက်ရမည်သာ။
လက္ခဏာ-သုံးဝမှတ်စမ်းပါ။ ။

၃။ အနံ့နှာခေါင်း၊ ရုပ်ပေါင်းဆုံကာ။
နံ့သိနာခံများ၊ ဖြစ်ပြားပေါ်လာ။
ဖြစ်လျှင်မုချ၊ ပျက်ရမည်သာ။
လက္ခဏာ-သုံးဝမှတ်စမ်းပါ၊ ။

၄။ လျှာနှင့်ရသ၊ ဆုံကြရုပ်မှာ။
လျှက်သိနာခံများ၊ ဖြစ်ပြားပေါ်လာ။
ဖြစ်လျှင်မုချ၊ ပျက်ရမည်သား။

လက္ခဏာ-သုံးဝမှတ်စမ်းပါ။ ။

၅။ ကာယဖေါ်ဌ၊ ဆုံကြရပ်မှာ။
ထိသိနာမ်များ၊ ဖြစ်ငြားပေါ်လာ။
ဖြစ်လျှင်မုက္ခ၊ ပျက်ရမည်သာ။
လက္ခဏာ သုံးဝမှတ်စမ်းပါ။ ။

၆။ မနောဝမ္မ၊ ဆုံကြရပ်မှာ။
ကြံသိနာမ်များ၊ ဖြစ်ငြားပေါ်လာ။
ဖြစ်လျှင်မုက္ခ၊ ပျက်ရမည်သာ၊
လက္ခဏာ-သုံးဝမှတ်စမ်းပါ။ ။

၇။ အတွင်းအပ၊ ဆုံကြရပ်မှာ။
ခန္ဓာငါးပါး။ ဖြစ်ငြားပေါ်လာ။
ဖြစ်လျှင်မုက္ခ။ ပျက်ရမည်သာ။
လက္ခဏာ-သုံးဝမှတ်စမ်းပါ။ ။

ဟုဆိုအပ်သော-ကဗျာများ အနက်။ တမျိုး၏ အဓိပ္ပါယ်ကို ဖြေရှင်းပြပါအံ့။အတွင်းမျက်စိ အကြည် အခံရုပ်ဓါတ်နှင့်။ အပ, အဆင်း အတိုက်ရုပ်ဓါတ် နှစ်ခုတို့ ပေါင်းဆုံမိသောအခါ။မျက်စိ အကြည် ရုပ်ဓါတ် သဘောတရားရ နှင့်။ အဆင်းရုပ်ဓါတ်သ ဘောတရားရတို့က-ရူပက္ခန္ဓာ။ထိုအဆင်းကို ကြည့်ရှု၍ကောင်း မှု-မကောင်းမှု သဘောတရားရတို့က-ဝေဒနက္ခန္ဓာ။ ထိုအဆင်း ကောင်း၏-မကောင်း ဟု မှတ်သားမှု သဘောတရားရ တို့က သညက္ခန္ဓာ။ထိုအဆင်း ကောင်းမှု-မကောင်းမှုတို့ကိုဆက်လက် ဖြစ်ပေါ်၍နေအောင်။ စေ့ဆော် ပြုပြင်မှု သဘောတရားရတို့က သင်္ခါရက္ခန္ဓာ။ ထိုအဆင်း ကောင်းမှန်း- မကောင်းမှန်းသိမှု သ ဘောဘရားရတို့က-ဝိညာနက္ခန္ဓာ။ဤမျက်စိအကြည် အတွင်းအ ခံ ရုပ်ဓါတ်နှင့်။ အဆင်းအပ,အတိုက်,ရုပ်ဓါတ်နှစ်ခုတို့၊ ပေါင်းဆုံ

တွေ့ထိမှု အကြောင်းကြောင့်၊ တဒင်္ဂပဟာန်အားဖြင့်-မျက်စိအကြည်ရုပ်ဓါတ်နှင့်တကွ၊ မနောဟာဒယ-ဝတ္ထုရုပ်ဓါတ်ပေါ်တွင်ဖြစ်ပေါ်၍နေကြကုန်သော၊ ခန္ဓာငါးပါး-ရုပ်နာမ်တရားတို့သည်။ ဥပါဒ်-ဋ္ဌီ-ဘင်၊ ပျက်ဖြစ်,မှု အစဉ် သဘောဖြင့် ပြောင်းလဲ၍နေအပ်သည့်။ လက္ခဏာရေး သုံးပါး သဘောတရားသာလျှင်ဖြစ်ကြောင်း။အကြောင်းအားလျော်ညီစွာ၊ ဖြစ်ပေါ်၍လာမှု-ပရမတ်သဘောတရားအပေါ်တွင် ရှုဆင်ခြင်ပါက သိမြင် လာပေမည်၊ ထိုကဲ့သို့-သိမြင်လာသောအခါ။ အတွင်း သန္တာလောကဟု ဆိုအပ်သော-မျက်စိအခံရုပ်ဓါတ်၊ အပ-သြကာသ လောကဟုဆိုအပ်သော်အဆင်း-အတိုက်ရုပ်ဓါတ်၊ ၎င်း အခံရုပ်ဓါတ်နှင့်-အတိုက်ရုပ်ဓါတ်တို့ ပေါင်းဆုံထိခိုက်မှုကြောင့်၊ စက္ခုပသာဒနှင့်တကွ၊ မနောဟာဒယရုပ်ဝတ္ထုပေါ်တွင်။မြင်အပ်သော ရုပ်ဓါတ်အလိုက်။ အစဉ်-ပျက်,ဖြစ်,ပြောင်းလဲနေသော-သင်္ခါရလောကဟုဆိုအပ်သည့်၊ခန္ဓာငါးပါး-ရုပ်နာမ်တရား-အပေါ်ဓါတ်၊ ဤကဲ့သို့အခံဓါတ်-အတိုက်ဓါတ်-အပေါ်ဓါတ်,အားဖြင့်၊ လောက သုံးပါးရုပ်နာမ်တရားတွေသည်။ ပျက်,ဖြစ်မှု အစဉ် ပြောင်းလဲနေခြင်းကြောင့်၊ လက္ခဏာရေးသုံးပါး သဘောတရားသာ ဖြစ်ပေ၏။ လက္ခဏာရေး သုံးပါး သဘောတရားသည်လည်း၊ ပျက်,ဖြစ်မှုအစဉ်ပြောင်းလဲလျက်ရှိသော၊ လောက သုံးပါး-ရုပ်နာမ်တရားတွေသာတည်းဟု သိမြင်လာပေမည်၊ မျက်စိအကြည်အတွင်းရုပ်ဓါတ်၏ လက္ခဏာရေးသုံးပါး သဘောတရားကိုသိလိုပါက၊ ၎င်းရုပ်နှင့် တွဲစပ်ပါဝင်သည့်-အဋ္ဌကလာပ်ရုပ်ဓါတ် ၈စ်ပါး အနက်၊ အကြောင်းတရား တေဇောရုပ်ဓါတ် သဘောကို-အထူးကြိုးစည်အပ်၏၊ အထက်ကလည်း ၎င်းလင်း ဘော်ပြခဲ့ပေပြီ။

အဆင်း-အပ ရုပ်ဓါတ်၏ လက္ခဏာသုံးပါး သဘောတရားဖြစ်ပုံကိုလည်း၊ အကြောင်းတရား-တော‌ဇောရုပ်ဓါတ်ကိုပင် ကြံဆအပ်၏၊

သင်္ခါရလောကဟု ဆိုအပ်သော-ခန္ဓာငါးပါး ရုပ်နာမ်တရားအပေါ်ဓါတ် သဘော၏ လက္ခဏာရေးသုံးပါး သဘောတရားဖြစ်ပုံမှာ၊ အတွင်း-အပ-ရုပ်ဓါတ် နှစ်ပါးတို့ ပေါင်းဆုံတွေ့ထိမှုကြောင့်၊ အတွင်း အဇ္ဈတ္တ မျက်စိ အကြည်ရုပ်ဓါတ်နှင့်ဘက္ခ၊ ဟာဒယဝတ္ထု နှလုံးအကြည်ရုပ်ဓါတ်များပေါ်တွင်၊ တဒင်္ဂ မှုသာစွဲမှီဖြစ်ပေါ်လာရသော၊ ခန္ဓာငါးပါး ရုပ် နာမ်တရားတွေသည်၊ မိမိစွဲမှီခြင်းပြုအပ်သော ရုပ်ခန္ဓာကြီးကိုက၊ ပျက်,ဖြစ်,ပြောင်းလဲ၍နေတတ်သောသဘော၊လက္ခဏာရေးသုံးပါးသာလျှင်ဖြစ်လေရကား၊ အမှီပြုအပ်သော-ရုပ်ဓါတ်တရားတွေ အစဉ် ဒလစပ်၊ ပျက်ဖြစ်,ပြောင်းလဲ၍သွားလေတိုင်း၊ ၎င်းရုပ်ဓါတ်ပေါ်တွင် အမှီပြုတတ်သည့်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေမှာလည်း၊ ပျက်ဖြစ်မှု အစဉ်ပြောင်းလဲနေသော၊ လက္ခဏာရေးသုံးပါး သဘောတရားသာလျှင်ဖြစ်ကြောင်း ကြံစည်သိမြင်အပ်၏၊

ထိုကဲ့သို့- လောကသုံးပါး ရုပ်နာမ်တရားတို့၏၊ အကြောင်းအားလျော်ညီစွာ ဖြစ်ပေါ်ခိုက်ဖြစ်သော-ပရမတ် သဘောတရားပေါ်တွင်၊ ပျက်ဖြစ်မှုအစဉ်ကို ဝိပဿနာ ဘာဝနာ-လက္ခဏာရေးသုံးပါး ယှဉ်လျက်၊ ဉာတ ပရိညာစခန်းမှတဆင့်၊တိရဏ ပဟာန ပရိညာ စခန်းသို့ ရောက်သည်တိုင်အောင်၊ ကြိုးစား၍ဆင်ခြင်ရာ၏၊ ကြိုးစားကြံစည် ဆင်ခြင်သောအားဖြင့်၊ သိမြင်နိုင်ကြပါစေသတည်း၊ ။

ခန္ဓာငါးပါး–ရှုဘွယ်တရား၊

၁၊ ရုပ်ခဲ နာမ်ခဲ၊ မလွဲခန္ဓာ။
ဒိုနာသေရေး၊ ပါယ်ဘေးခါခါ။
အစဉ်ဆက်၍၊ နှိပ်စက်လေတာ။
မလွတ်ဘဲ။ ဝဋ် ဝဲ သံသရာ။ ။

၂။ ခန္ဓာဟောင်းပျက်၊ သစ်ဆက်လေဒါ၊
ပျက်ပြီးဖြစ်ဆဲ၊ နောင်လဲထို့သာ။
ရေယှဉ်စပ်သို့၊ ထက်ချပ်မကွာ။
ဖြစ်နှင့်ပျက်၊ တွေးလျက်ရှုစမ်းပါ။ ။

၃။ ဗုဒ္ဓဖိနှ၊ ဟောပြ မိန့်မှာ။
နိဗ္ဗာန်ခရီး၊ လမ်းကြီးသာသာ။
မဂ္ဂယာဉ်စက်၊ သုံးချက်လက္ခဏာ။
ရုပ်,နာမ်,ထက်၊ ရှုလျက်လိုက်စမ်းပါ။ ။

၄။ ရူပံ၍ရုပ်၊ ရေမြှုပ်ပမာ။
အနိစ္စဘဲ၊ မမြဲမှန်စွာ။
ဆင်းရဲအပေါင်း၊ ခိုအောင်းဒုက္ခာ။
စိုးမရ၊ ဆိုးလှအနတ္တာ။ ။

၅။ ဝေဒနာစက်၊ ရေပွက်ပမာ။
အနိစ္စဘဲ၊ မမြဲမှန်စွာ။
ဆင်းရဲအပေါင်း၊ ခိုအောင်းဒုက္ခာ။
စိုးမရ၊ ဆိုးလှအနတ္တာ။ ။

၆။ သညာနာမ်ဓါတ်၊ တန်လျှပ်ပမာ။
အနိစ္စဘဲ၊ မမြဲမှန်စွာ။

ဆင်းရဲအပေါင်း၊ခိုအောင်းဒုက္ခာ၊
စိုးမရ၊ ဆိုးလှအနတ္တာ။ ။
၇၊ သင်္ခါရကျွော၊ ငှက်ပျောပမား၊
အနိစ္စဘဲ၊ မမြဲမှန်စွာ။
ဆင်းရဲအပေါင်း၊ခိုအောင်းဒုက္ခာ။
စိုးမရ၊ ဆိုးလှအနတ္တာ။ ။
၈၊ မျက်လှည့်သမား၊ မှတ်သားဝိညာဏ်။
အနိစ္စဘဲ၊ မမြဲမှန်စွာ၊
ဆင်းရဲအပေါင်း၊ ခိုအောင်းဒုက္ခာ၊
စိုးမရ၊ ဆိုးလှအနတ္တာ။

ဟူသော ရုပ်လုံးဘွဲ့ ကဗျာများ၏-အဓိပ္ပါယ်ကို-ချဲထွင် ရှင်းလင်းဘော်ပြပါဦးအံ့။ ခန္ဓာ, ဆိုသော အဓိပ္ပါယ် သဘောမှာ။ ရုပ်ဓါတ်-နာမ်ဓါတ် သဘောတရားတို့။ စုဝေး ပေါင်းဖွဲ့၍ ဖြစ်တည်နေခြင်းကို ဆိုလိုသည်။ တနည်းအားဖြင့်-အိုဘေး,နာဘေး သေဘေး, အပါယ်ဘေး-ဟု ဆိုအပ်သော။ ဘေးဒုက္ခ အပေါင်းတို့-အစဉ်ထာဝရ နှိပ်စက်ခြင်းခံရမှု သဘောတရားကို-ခန္ဓာဟု ဆိုလိုသည်။ ထို ခန္ဓာဟုဆိုအပ်သော-ရုပ်တရား,နာမ်တရား,တို့သည်။ ကံ-စိတ်-ဥတု-အာဟာရ- အကြောင်းတရား လေးပါး, တို့။ ပြုပြင်မှုအကြောင်းကြောင့် ဖြစ်ပေါ်၍ လာလေရကား။ ထို အကြောင်းတရား လေးပါးတို့။ အသစ်ဖြစ်ပေါ် ပြောင်းလဲလေတိုင်း။ရုပ်ဟောင်း-နာမ်ဟောင်းတွေပျက်စီးလျက်။ ရုပ်သစ် နာမ်သစ်တွေ သန္တတိအစဉ်ကို ဆက်လက် ဖြစ်ပေါ်ကာ၊ အပျက်သဘောမှ-အဖြစ်သဘောသို့။အဖြစ်သဘောမှ-အပျက်သဘော

သို့၊ ပျက်,ဖြစ်-ဖြစ်ပျက်မှုအစဉ်ပြောင်းလဲလျက်၊ ဆက်စပ်ဖြစ်ပေါ်၍နေခြင်းမှာ၊ တသွင်သွင်စီးနေသော-ရေစီးချောင်းအတွင်းရှိရေများ ဆက်စပ်ဖြစ်ဘည်နေသကဲ့သို့၊ မထင်ရှားနိုင်လောက်အောင်ပင်ဖြစ်ပေတော့၏။

ထိုကဲ့သို့- ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတွေ အစဉ်ထာဝရ-ပျက် ဖြစ် ပြောင်းလဲကာ၊ လှည့်ပတ်၍ နေခြင်းကိုပင်၊ သံသရာ,ဟု ခေါ်ဆိုပေ၏၊ ထို-သံသရာစခန်း လှည့်ပတ်လမ်းမှ ထွက်မြောက်လျက်၊ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကိုအလိုရှိသော ပုဂ္ဂိုလ်တို့သည်၊မဘောက်မပြန် အမှန်အားဖြင့်၊ပျက်ဖြစ် ပြောင်းလဲနေတတ်သည့်၊ ရုပ်ဓါတ် နာမ် ဓါတ် သဘောတရားတွေကို၊ ပျက်,ဖြစ်,ပြောင်းလဲမှု မထင်ရှားရ လေအောင်၊ အစဉ်ထာဝရ ဆက်စပ်မှု သသောကို ဖြစ်စေတတ်သည့်-သန္တတိ အစဉ်ကို ဖြတ်တောက်လျက်၊ ရုပ်ဓါတ် နာမ်ဓါတ်တရားတို့၏၊ ပရမတ္ထ သဘာဝ-ပျက်ဖြစ်ဘတ်သည့် သဘောဘရားအမှန်ကို၊ ဝိပဿနာ ဉာဏ်အမြင် တွဲဘက်ခါ-ရှုကြည့် ပွားများရပေမည် ဟု၊ မြတ်စွာဘုရားသခင် ဟောကြားတော်မူပေ၏။

အနိစ္စလက္ခဏာ အား-သန္တတိ,သဘောတရား ဖုံးလွှမ်း၏၊ အနိစ္စ လက္ခဏာ ကား၊ မမြဲသော သဘောတရားကို ဆို၏၊ သန္တတိလက္ခဏာကား၊ အစဉ်မပြတ် ဆက်လက်၍ဖြစ်ပေါ်နေမှုသဘောတရားကိုဆို၏၊ သန္တတိသဘောတရား ဆက်လက်ဖြစ်ပေါ်မှု လျှင်မြန်ခြင်းကြောင့်၊ မမြဲသောသဘော-အနိစ္စလက္ခဏာ,ကို မထင်မြင်နိုင်အောင်ပင် ဖြစ်ပေ၏၊ ထိုကဲ့သို့-သန္တတိ အစဉ်ဆက်လျက်၊ အသစ်ဆက်လက် ဖြစ်ပေါ်နေမှု သဘောတရားကို၊ အာရုံတပါးမှ၊ အာရုံတပါးသို့-ပြောင်းလဲ၍ ဖြစ်ပေါ်လေ

တိုင်း။ သန္တတိ သဘောအစဉ်ကိုဖြတ်တောက်လျက်၊ သတိသမ္ပဇဉ်-သမ္မာသက်ပ္ပမဂ္ဂင် ဝိပဿနာ ပညာဉာဏ်ယှဉ်တွဲပြီး။ ကြိုးစည်အားထုတ်ပါက။ အနိစ္စလက္ခဏာ ထင်ရှားသိသာလာပေမည်။ ဥပမာ-မှောင်ရိပ်တွင်း၌ မီးအုပ်ဆောင်း ကိုင်သွားသူတယောက် မှာ၊ အလင်းရောင် ရောက်ရှိသလောက် အမှောင်ရောင်ပျောက်ကင်းလျက်အလင်းရောင်ပျောက်ကင်းသလောက် အမှောင်ရောင်ရောက်ရှိခါ။ အလင်းရောင်နှင့် အမှောင်ရောင်တို့သည်၊တဆက်တစပ်တည်း။ ပျက်,ဖြစ်မှုအစဉ်ပြောင်းလဲလျက်၊ သန္တတိ,အစဉ် ဆက်စပ်၍နေမှုကို နည်းမှီးပြီး၊ ရုပ်ဓါတ်-နာမ်ဓါတ်တရားတို့၏။ပျက်,ဖြစ်,ပြောင်းလဲမှုကိုဆင်ခြင်ရာ၏။

ဒုက္ခ, တရားကို ဣရိယာပုတ် ဖုံးလွှမ်း၏။ ဣရိယာပုတ်ကို ထုတ်ဘော်ကြိုးစည် ဆင်ခြင်ပါက။ ဒုက္ခတရား ထင်ရှားလာပေမည်။ ဒုက္ခ,တရားကို ဣရိယာပုတ် အဘယ်ကဲ့သို့ ဖုံးလွှမ်း၍။အဘယ်ကဲ့သို့ ဆင်ခြင်ရာသနည်းဟူငြားအံ့၊ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း,လျောင်းခြင်း,ဟုဆိုအပ်သော။ ဣရိယာပုတ် လေးပါးကို၊ သင့်လျော်သလို မပြောင်းလဲဘဲ။ တပါးပါးသော-ဣရိယာပုတ်နှင့်သာ။ အချိန်တာရှည် လေးမြင့်စွာ အသုံးပြုခဲ့ငြားအံ့။ ရုပ်ဓါတ်-နာမ်ဓါတ်,တို့၏ သဘာဝ ဖြစ်,ပျက်မှု အစဉ်ဖြင့် ပြောင်းလဲလျက်ရှိသော မခံသာမှုသဘော။ ညောင်းခြင်း,ကြင်ခြင်း,ထုံခြင်း,စသည့်-ဒုက္ခဝေနာ တရားများသည်၊ ပိုမိုထင်ရှား သိသာလာပေမည်။ ထိုကဲ့သို့သော ဆင်းရဲမှု သဘောတရား-ဒုက္ခဝေဒနာ-မသိသာခြင်းမှာကား။ထို ရုပ်ဓါတ်-နာမ်ဓါတ်တို့၏။ဘောက်ပြန်-ပျက်,ဖြစ်မှု ဒုက္ခဝေဒနာ ဒါဏ်ချက် မထင်ရှားမှီ၊ ထို ဒုက္ခတရားများ မဖြစ်ပေါ်ဘဲ၊ ပျောက်ပျက်၍ သွားရ လေအောင်၊

အခြား တပါးသော ဍာရိယာပုတ်အားဖြင့်၊ ပြောင်းလဲလိုက်ခြင်းကြောင့်သာ၊ထိုဖြစ်ပေါ်ရမည့် ဝေဒနာမှ ချုပ်ငြိမ်းကာ၊ထင်ရှားစွာမသိသာခြင်းဖြစ်ပေ၏။ အကာယ်စင်စစ်ကား-ရုပ်တရား-နာမ်တရားတို့သည်၊ပျက်,ဖြစ်မှု အစဉ်အားဖြင့်နှိပ်စက်လျက်၊ဆင်းရဲမှုသဘောတရား-ဒုက္ခလက္ခဏာသာလျှင် ဖြစ်ပေ၏။ ထိုဆင်းရဲမှုသဘောတရားကို၊ ဍာရိယာပုတ်လေးပါးသည်၊ ချမ်းသာမှုသဘောတရားဟု ထင်ရလေအောင်၊ ဖြင်ဆင်မှုသဘောနှင့် ဖုံးဖြင်နေပေစွတကား၊ ထိုဍာရိယာပုတ်လေးပါးတို့၏၊ ပြောင်းလဲဖြစ်ပေါ်နေမှုသဘောတရားကို ဖြတ်တောက်၍၊ သမ္မာသက်ပ္ပမဂ္ဂင်ဝိပဿနာ ဘာဝနာ ဉာဏ်ပညာ ယှဉ်တွဲလျက်၊ ကြံစည်ဆင်ခြင် နှလုံးသွင်းရာ၏။

အနတ္တလက္ခဏာ သဘောတရားကို၊ အတ္တ လက္ခဏာသဘောတရားကဖုံးလွှမ်း၏။အဘယ်ကဲ့သို့ ဖုံးလွှမ်းသနည်းဟူငြားအံ့။အနတ္တလက္ခဏာသဘောတရားသည်၊ အလိုသို့လိုက်တတ်၊ အစိုးရအပ်သောကိုယ်မဟုတ်၊ အစဉ်ဒလစပ် ပျက်ဖြစ်,ပြောင်းလဲ၍နေတတ်သည့်၊ အလိုသို့မလိုက်တတ်၊ အစိုးမရအပ်သောရုပ်ခန္ဓာ-နာမ်ခန္ဓာသာလျှင် ဟုတ်၏ဟူ၍၊ ရုပ်ခန္ဓာ-နာမ်ခန္ဓာတို့၏၊ ပရမတ္ထသဘာဝတရားတို့ကို၊ သိမြင်နိုင်သောဉာဏ်ကိုဆိုလို၏၊အတ္တလက္ခဏာ သဘောတရားကား၊ ရုပ်ခန္ဓာ-နာမ်ခန္ဓာဟူ၍ပင် မသိနိုင်ဘဲ၊ အလိုသို့လိုက်တတ်-အစိုးရအပ်သော-ငါကိုယ် ဟူ၍ မှတ်ထင် ယူဆသော သဘောဉာဏ်ကို ဆိုလို၏။ သို့ဖြစ်လေရကား၊ အနတ္တလက္ခဏာ သဘောဉာဏ်နှင့်-အတ္တလက္ခဏာ သဘောဉာဏ် တို့မှာ၊ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်သာဘော ဖြစ်ကြလေသောကြောင့်၊ အတ္တ လက္ခဏာသ

ဘောဉာဏ် အမြင်သန် သည်နှင့်အမျှ၊ အနတ္တလက္ခဏာသဘော ဉာဏ် တို့မှာ၊ မှုံမွှားပျောက်ပျက်၍သွားလေရကား၊ အနတ္တလက္ခဏာကို-အတ္တ လက္ခဏာက ဖုံးလွှမ်း၏ဟု ဆိုလို၏။ သို့ဖြစ်၍ အနတ္တ လက္ခဏာ သဘောဉာဏ် ထင်ရှားပေါ်လွင်စွာ သိသာစေခြင်းအလို့ငှါ။ အတ္တလက္ခဏာ,ကို ဖောက်ခွဲ ပယ်ဖြတ်မှု၊ အကြောင်းတရားဟု ဆိုအပ်သော၊ ရုပ်ဓါတ်,နာမ်ဓါတ်တို့၏၊ ပရမတ္ထသဘာဝလက္ခဏာနှင့်တကွ။ ၎င်း ရုပ်ဓါတ်-နာမ်ဓါတ်တို့၏ ဖြစ်ပေါ်ခြင်းအကြောင်းရင်းကို၊ သမ္မာသက်ပ္ပမဂ္ဂင်-ဝိပဿနာ-ဘာဝနာဉာဏ်ပညာ ယှဉ်တွဲလျက်။ ကြံစည်ဆင်ခြင် နှလုံးသွင်းရာ၏၊ ထိုကဲ့သို့ ဆင်ခြင်သုံးသပ် နှလုံးသွင်းသောအားဖြင့်၊ ထင်ရှားသိမြင်နိုင်ကြပါစေသတည်း။

၎င်းပြင် တဝ ရုပ်ခန္ဓာကြီးသည်။ ဥပမာအားဖြင့် ရေမြှုပ်စိုင်ကြီး၏ သဘော သဘာဝနှင့် တူညီကြောင်း။ ရှုကြည့်ပွားများရမည်ဟု ဟောကြားတော်မူရာတွင်၊ ရေမြှုပ်စိုင်ဆိုသည်မှာ မတွေ့မြင်ကောင်းလောက်သော ရေမြှုပ်ငယ်ကလေးတွေ ရုပေါင်း တွဲစပ်သောအားဖြင့်။ တွေ့မြင်ကောင်းသော ရေမြှုပ်အစုအခဲကြီးဖြစ်တည်၍နေခြင်းကိုဆိုလို၏။ ထိုနည်းမခြား ဤရုပ်ခန္ဓာကြီး သည်လည်း၊ မတွေ့မြင်ကောင်းသော-အဏ္ဏုကလာပ်ရုပ်ရုကလေးတွေ၊ ပေါင်းရုတွဲစပ်ခြင်းအားဖြင့်၊ တွေ့မြင်ကောင်းသော ရုပ်ခန္ဓာကြီး ဖြစ်တည်လာရကြောင်း၊ ထိုအဏ္ဏုကလာပ်ရုပ်ရု-တခုနှင့်တခုအကြားတွင်၊ အာကာသ ပရိစ္ဆေဒ,အားဖြင့် ပိုင်းခြားလျက်ရှိကြောင်း။ ထိုရေမြှုပ်စိုင်ကြီးသည်၊ လေ-လှိုင်း,တို့၏ဒါဏ်ချက်ဖြင့်။ အလွန်တရာမှ-ပျက်,ဖြစ်,ပြောင်းလဲမှုလွယ်ကူလျှင်မြန်လျက်။ တည်တန့်ခိုင်မြဲမှုသဘောမရှိဘဲ။ မမြဲသော

သဘော-အနိစ္စ လက္ခဏာသာလျှင်ဖြစ်ကြောင်းကိုရင်း။ ထိုကဲ့သို့-ပျက်ဖြစ်မှုအစဉ် ပြောင်းလဲလျက်။ မတည်တန့် မခိုင်မြဲမှုသဘောတရားဖြင့်။ ခံသာ-မခံသာအောင် နှိပ်စက်၍နေခြင်းသည်။ စင်စစ်အားဖြင့် ဆင်းရဲသော သဘောတရား။ ဒုက္ခလက္ခဏာသာလျှင်ဖြစ်ကြောင်းကိုရင်း။ ထို-ပျက်,ဖြစ်-ပြောင်းလဲမှုသဘောတရားတို့သည်။ အကြောင်းအား လျော်ညီစွာ-သူ့ သဘောသဘာဝအတိုင်း။ ရပေါင်းဆုံဆည်းဖြစ်ပေါ်ရန်အကြောင်းသင့်က။ ဖြစ်ပေါ်လာကြလျက် လေကြမ်း-လှိုင်းကြမ်း တိုက်ခတ်တွေ့ကြုံပျက်စီးရန်အကြောင်းနှင့်ဆုံက။ပျက်စီး၍နေမှုသဘောကို မဖြစ်ပေါ်-မပျက်စီးရလေအောင်။ ပြုပြင် ဖန်တီး တားဆီး သိမ်းချုပ်အာဏာတန်ခိုး အမျိုးမျိုးတို့ နှင့်။ အုပ်ချုပ်၍ ရကောင်းသည့်သဘောတရားမဟုတ်။အလိုသို့မလိုက်တတ်-အစိုးမရအပ်သောသဘောတရား-အနတ္တလက္ခဏာသာလျှင်ဖြစ်ကြောင်းကိုရင်း။

ဗဟိဒ္ဓရုပ်- ရေမြုပ်စိုင်၏ သဘော သဘာဝ- ပျက် ဖြစ်ပြောင်းလဲပုံသဘောကို။ ကြည့်ရှု ဆင်ခြင် နည်းယူသော အားဖြင့်။ မိမိ၏-အဇ္ဈတ္တရုပ်ခါတ်ကြီးသည်လည်း။ လေကြမ်း-လှိုင်းကြမ်းတို့နှင့်တူသော။ အပူဓါတ်သဘော-အအေးဓါတ်သဘောတို့၏ ထိတွေ့မှုဒါဏ်ချက်ကြောင့်။ ပျက်-ဖြစ်,ပြောင်းလဲလျက်။မမြဲမှုသဘော။ ဆင်းရဲမှုသဘော-အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှု-လက္ခဏာရေး သုံးပါး သဘောတရားတွေမှာ။ ရေမြုပ်စိုင်ကြီးပမာ ထပ်တူထပ်မျှပင် တူညီလှပေစွတကားဟု။ တွေးတောဆင်ခြင်ဉာဏ်အားဖြင့် ရှုမြင်အပ်ကြောင်း။

ထိုနောက်-ခံသာ-မခံသာဖြစ်မှုသဘောတရား။ ဝေဒနက္ခန္ဓာနာမ်ဓါတ်တရားကိုလည်းရေပွက်၏-ပျက်ဖြစ် ပြောင်းလဲမှုလက္ခ

လာသရေးသုံးပါး သဘောတရားနှင့် တူညီကြောင်း၊ နှိုင်းယှဉ်၍ ရှုအပ်၏ ဟု ဟောကြားတော်မူရာဝယ်၊ ရေပွက် ဆိုသည်မှာ ပကတိ-တည်ငြိမ်နေသော ရေမျက်နှာပြင်အား၊ ထိုရေမျက်နှာ ပြင်အောက်မှ၊ ရေနေသတ္တဝါများ ကူးခတ်လှုပ်ရှားသည့်၊လေ ဓါတ်အင်အားကြောင့် သော်၎င်း၊ ထိုရေဓါတ်၏-ဖွဲ့ပတ် ချုပ် ချယ်ခြင်းခံနေရသည့်၊ လေဓါတ် အင်အား တွန်းကန်မှုကြောင့် သော်၎င်း၊ တည်ငြိမ်နေသောရေသည်၊ နဂိုနေမြဲ တည်ငြိမ်မှုသ ဘောတွင် မဖြစ်တည်နိုင်တော့ဘဲ၊ လေဓါတ်၏ တွန်းကန်မှုသ ဘောကို ဖွဲ့ပတ် ထားလေရကား၊ ဖေါင်းပွလာလျက် ထိုလေ ဓါတ်၏ တွန်းကန်မှု သဘောကို၊ဖွဲ့ပတ်၍မထားနိုင်သည်နှင့် တ ပြိုင်နက်၊ ဖေါင်းပွမှုသဘောပျက်စီးလျက်၊ ဖရိုဖရဲပျံ့နှံ့ဖြစ်တည် သွားကာဖေါင်းပွမှုတခါ၊ဖရိုဖရဲ ပြိုကွဲပျက်စီး ဖြစ်တည်မှုတလှည့် အစဉ်အားဖြင့်ပြောင်းလဲနေမှုသဘောကိုပင်ရေပွက်ဟုဆိုလို၏၊

ထင်ရှားစေဦးအံ့-ပကတိ တည်ငြိမ်နေသော ဘော်လုံးတွင်း သို့ ဓါတ်လေအခိုးသွင်းလိုက်သောအခါ၊ ထိုလေဓါတ်၏ တွန်း ကန်မှု-အခိုးအင်အားကို၊ ဖွဲ့ပတ်ထားနိုင်သည့် အချိန် ကာလ တွင်းဝယ်၊ ဓါတ်ဘော်လုံးသည် အဆင့်ဆင့် ဖေါင်းပွကြီးထွား လာလျက်၊ထိုတွန်းကန်မှု သဘော-လေဓါတ်အင်အား ကြီးမား လာမှုကို၊ မဖွဲ့ပတ်ထားနိုင်သည်နှင့်တပြိုင်နက်၊ ဓါတ်ဘော်လုံး ၏ ဖရိုဖရဲ ပေါက်ကွဲပျက်စီး၍သွားမှု သဘောတရားတို့မှာ၊ ရေ ပွက်၏ ပျက်ဖြစ် ပြောင်းလဲမှုသဘောနှင့်တူညီလှပေ၏၊

ဤနည်းအားဖြင့် ရေပွက်သည်၊ လေဓါတ်၏တွန်းကန်မှုသ ဘောကြောင့်၊ဖေါင်းချီတခါ-ပျက်ချီတလှည့်အားဖြင့်၊မရပ်မနား ပျက် ဖြစ် ပြောင်းလဲမှု သဘောအစဉ်ကို လိုက်လျက်၊ မမြဲမှု

ဆင်းရဲမှု-အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှုသဘောတရား၊ လက္ခဏာရေးသုံးပါး သာလျှင်ဖြစ်သကဲ့သို့၊ ထို ဗဟိဒ္ဓရုပ် ရေပွက်ဥပမာနှင့်မခြား အလားတူစွာ၊ ဤရုပ်ခန္ဓာကြီးအား-အတွင်း အပမှ-ပူမှုသဘော-အေးမှုသဘောတရားတို့၊ ထိခိုက်မှုဒါဏ်ချက် ကြောင့်၊ ခံသာမှု-မခံသာမှု သဘောအစဉ်တို့ဖြင့်၊ ပျက်,ဖြစ်, ပြောင်းလဲနေသည့်-ဝေဒနက္ခန္ဓာ နာမ်ဓါတ် သဘောတရားတွေ သည်၊မမြဲမှု-ဆင်းရဲမှု-အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှုသ ဘောတရား လက္ခဏာရေးသုံးပါးသာလျှင်ဖြစ်ကြောင်း၊ ဗဟိဒ္ဓ ရုပ်ရေပွက်၏၊ လက္ခဏာရေး သုံးပါး သဘောတရားဖြစ်ပုံကို တွေးရှုဆင်ခြင်သောအားဖြင့်၊ အဇ္ဈတ္တိကဝေဒနက္ခန္ဓာ နာမ်ဓါတ် တရား၏၊လက္ခဏာရေးသုံးပါး သဘောတရားဖြစ်မှုကို၊ နှိုင်းဆ ဆင်ခြင် ဉာဏ်အားဖြင့် ရှုမြင်အပ်၏။

တံလျှပ်ဆိုသည်မှာ-ရေရောင်နှင့်နေရောင်အကြောင်း နှစ်ပါး ပေါင်းစပ်မှုကြောင့်၊တဖျပ်ဖျပ် တုံလှုပ် ပျက်,ဖြစ်,နေမှုသဘော ကိုဆိုလို၏။ ထိုကဲ့သို့-ပျက်,ဖြစ်မှုအစဉ်အားဖြင့် ပြောင်းလဲ၍နေ ခြင်းသည်၊မမြဲမှု-ဆင်းရဲမှု၊ အလိုသို့မလိုက်တတ်၊ အစိုးမရအပ် မှုသဘောတရား လက္ခဏာရေး သုံးပါး သာလျှင် ဖြစ်သကဲ့သို့ ဤ ဗဟိဒ္ဓရုပ် တံလျှပ်၏၊ ပျက်ဖြစ်,ပြောင်းလဲမှု သဘော သဘာ ဝကို၊နှိုင်းဆဆင်ခြင်သောအားဖြင့်၊ ဤ အဇ္ဈတ္တိက-ရုပ်ခန္ဓာကြီး အား၊ခံသာမှု-မခံသာမှု သဘောတရားတွေ၊ ပျက်ဖြစ်ပြောင်းလဲ မှု အစဉ်သဘောကိုလိုက်၍၊ မှတ်သားနေရသော-မှတ်သားမှု သဘောတရား-သညာက္ခန္ဓာ နာမ်တရားသည်လည်း၊ မှတ်သားမှု သဘောတရား တမျိုးပျက်က၊မှတ်သားမှုသဘောတရား တမျိုး

ဖြစ်ခါ။ အစဉ် ပျက်ဖြစ်ပြောင်းလဲနေတတ်သည့်၊ မမြဲမှု–ဆင်းရဲမှု-အလိုသို့မလိုက်တတ်၊ အစိုးမရအပ်မှု သဘောတရား-လက္ခဏာ သုံးပါးသလျှင် ဖြစ်ပေကြောင်း။ တွေးဆဆင်ခြင် ဉာဏ်အားဖြင့်ရှုမြင်အပ်၏၊ ၄က်ပျောပင်တည်းဟူသော ရုပ်ခါတ်ကြီးသည်၊ အပူဓါတ်သဘော အဧခါတ်သဘော အကြောင်းတရားနှစ်ပါးတို့၏ ပြုပြင်ဖန်တီးမှုကြောင့်၊ အပင်လေးအဖြစ်၊ အပင်ပျို အဖြစ်၊အပင်အိုအဖြစ်၊ အပင်သေအဖြစ်-အားဖြင့် အစဉ်ဒလစပ် ပျက်ဖြစ်ပြောင်းလဲလျက်၊မမြဲမှု–ဆင်းရဲမှု၊အလိုသို့မလိုက်တတ် အစိုးမရအပ်မှု သဘောတရား လက္ခဏာရေးသုံးပါး သလျှင် ဖြစ်သကဲ့သို့။ ကောင်းမှု-မကောင်းမှု အကြောင်းနှစ်ခုအစဉ်ဖြင့်၊ ဆက်လက် ပြုပြင်အပ်သော-သဘောတရားများ သည်လည်း၊ သဘောတရား တပါးတည်းအဖြစ်ဖြင့် တည်တန့်ခိုင်မြဲမှုမရှိဘဲ၊ သဘောတရားတပါးပျက်က၊ သဘောတရားတပါးဖြစ်လျက်၊ ဝါ၊ကုသိုလ်ကံ ပျက်ခိုက်၊ အကုသိုလ်ကံဖြစ်၍၊ အကုသိုလ်ကံ ပျက်ခိုက်၊ ကုသိုလ်ကံ ဖြစ်လျက်။ အစဉ် ဒလစပ်–မရပ်မနား၊ ပျက်ဖြစ်ပြောင်းလဲကာ၊မမြဲမှု–ဆင်းရဲမှု၊ အလိုသို့မလိုက်တတ်၊ အစိုးမရအပ်သော-လက္ခဏာရေး သဘောတရားသလျှင်ဖြစ် ကြောင်း၊ ၄က်ပျောပင်၏-ပျက်ဖြစ် ပြောင်းလွဲမှု လက္ခဏာရေး သုံးပါး သဘောတရားကို နှိုင်းဆစာနာလျက်၊သင်္ခါရက္ခန္ဓာ-နာမ်တရား၏-လက္ခဏာရေးသုံးပါး။ ပျက်ဖြစ်ပြောင်းလဲမှု သဘောတရားကို၊ဉာဏ်အားထင်ထင် ရှုမြင်အပ်၏။

မျက်လှည့် ဆရာ များသည်၊ မျက်လှည့် ပြပွဲ ကြည့်ရှုသူ ပရိသတ်အပေါင်းတို့အား၊ ယခု-မြေတုံး-ယခု ရွှေတုံးအားဖြင့်၊ အဖြစ်အမျိုးမျိုးကို ပြောင်းလဲ ပြသ သမျှ၊မှတ်သား သိမြင်မှုသ

ဘောတရားတို့သည်၊ အသိတမျိုး ပျက်၍ အသိတမျိုးဖြစ်ခါ၊ မရပ် မနား ပျက်,ဖြစ်ပြောင်းလဲမှုအစဉ်အားဖြင့်၊ မမြဲမှု-ဆင်းရဲမှု အလိုသို့မလိုက်တတ်၊ အစိုးမရအပ်မှု-လက္ခဏာရေး သုံးပါး သဘောတရားသာလျှင်ဖြစ်ပေသကဲ့သို့၊ ထိုနည်းမခြား-အဇ္ဈတ္တရုပ် ခြောက်ပါး၊ ဗဟိဒ္ဓရုပ် ခြောက်ပါး တို့ ပေါင်းစပ်တွေ့ဆုံသောအားဖြင့်၊ ဤခန္ဓာကိုယ်တွင်း၌၊ တခဏမျှသာစွဲမှီသည့်၊ သိမှုသဘော-ဝိညာဏက္ခန္ဓာ-နာမ်ဓါတ်တရားသည်၊ မိမိတို့၏ တွေ့ထိဖြစ်ပေါ်မှုထင်ရှားရာ အာရုံကိုလိုက်၍၊ သိမှုသဘောတမျိုးပျက်က၊ သိမှုသဘောတမျိုးဖြစ်လျက်၊ အစဉ်ဒလစပ် မရပ်မနား-သိတတ်မှုသဘောတရားတွေ၊ ပျက်ဖြစ် ပြောင်းလဲကာ နေလေရကား၊ သိတတ်မှုသဘောတရားတမျိုးတည်းအဖြစ်နှင့်၊ တည်တန့်ခိုင်မြဲစွာ၊ ဖြစ်တည်၍မနေနိုင်ခြင်းကြောင့်။ ဝါ၊ မြင်သိမှု- ကြားသိမှု၊ နံသိမှု-လျှက်သိမှု-တွေ့သိမှု-ကြံသိမှု-ဟူသော၊ သိမှုသဘောတရား-ခြောက်မျိုးအနက်၊ သိမှုသဘောတရား တမျိုးတည်း၌၊ တည်တန့်ခိုင်မြဲ၍မဖြစ်တည်တတ်ဘဲ၊ သိမှုသဘောတရားတမျိုးမှ၊ သိမှုသဘောတရားတမျိုးသို့၊ အစဉ်အမြဲ ပျက်ဖြစ်ပြောင်းလဲလျက်နေတတ်သောသဘောရှိလေသောကြောင့်။ မမြဲမှု ဆင်းရဲမှု-အလိုသို့မလိုက်တတ်၊ အစိုးမရအပ်မှု-လက္ခဏာရေး သုံးပါး သဘောတရားသာလျှင်ဖြစ်ကြောင်း၊ မျက်လှည့် ဆရာ၏-ပျက်ဖြစ် ပြောင်းလဲ ပြသမှုအစဉ်ကို၊ ဥပမာတင်၍-ဝိညာဏက္ခန္ဓာနာမ်တရား၏ သိတတ်မှုသဘော အစဉ်တွေ၊ ပျက်ဖြစ်ပြောင်းမှုလက္ခဏာရေး သုံးပါး သဘောတရားတို့မှာ၊ ထပ်တူထပ်မျှပင်ဖြစ်ကြောင်း။ တွေးဆဆင်ခြင် ဉာဏ်အားဖြင့်ရှုမြင်အပ်၏။ သို့ဖြစ်၍-ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ-ဖေဏပိဏ္ဍူပမသုတ်၌၊

ဖေဏပိဏ္ဍူ ပမံ ရူပံ-ဝေဒနာ ပုပ္ဖုဠူပမာ-ပရိစိကူ
ပမသညာ-သင်္ခါရက ဒလူပမာ-မာယူပမဉ္စ ဝိညာဏံ
ဒေသိတာ ဒိစ္စ ဗန္ဓုနာ။ ။

ဟူ၍ ဟောကြားတော်မူချက်အရ၊ အမိပ္ပါယ် အကျဉ်းချုပ်မှာ၊ ရေမြှုပ်စိုင်နှင့် ရုပ်ဓါတ်၊ ရေပွက်နှင့် ဝေဒနာ၊ တံလျှပ်နှင့် သညာ၊ ငှက်ပျောပင် ငှက်ပျောတုံးနှင့် သင်္ခါရာ၊ မျက်လှည့်ပြဆရာနှင့် ဝိညာဏ်-တို့၏၊ ပျက်ဖြစ် ပြောင်းလဲမှု-လက္ခဏာရေးသုံးပါး သဘောတရားတို့သည်၊ ထပ်တူထပ်မျှပင်ဖြစ်ကြောင်း။ အပြင် ဗဟိဒ္ဓရုပ်ဓါတ်တို့၏၊ ပျက်ဖြစ်မှုအစဉ်ကို ဆင်ခြင်နှိုင်းဆလျက်၊ မိမိတို့၏ အဇ္ဈတ္တိက အတွင်း-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏၊အစဉ်မပြတ် ပျက် ဖြစ် ပြောင်းလဲ၊မမြဲမှု-ဆင်းရဲမှု၊ အလိုသို့မလိုက်တတ်၊အစိုးမရအပ်မှု-လက္ခဏာရေးသုံးပါး သဘောတရား များကို၊ တွေးဆ ဆင်ခြင် ဉာဏ်အားဖြင့် ရှုမြင်အပ်ကြောင်း ဟောကြားတော်မူပေ၏။

ထိုကဲ့သို့-ရုပ်နာမ် တရား ခန္ဓာငါးပါးတို့ကို၊ လက္ခဏာရေးသုံးပါး-ဝိဇ္ဇာဉာဏ် ဝိပဿနာသာ ဘာဝနာတရားဖြင့်၊ ပွားများအားထုတ်သော ပုဂ္ဂိုလ်များသည်ကား၊ နိဗ္ဗာန် စခန်း ထွက်ရပ်ကို အစဉ်တစိုက်လိုက်သွားလျက်၊ မိမိတို့အလိုရှိအပ်-တောင့်တအပ်သော၊ အနုပါဒိသေသ နိဗ္ဗာန်ကြီးအား၊ မုချ ဧကန် ရရှိတော်မူကြောင်းကို၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌၊

ရူပံဘိက္ခဝေ အနိစ္စံ ယောပိဟေတု-ယောပိပစ္စယော
ရူပဿ ဥပ္ပါဒါယ - သောပိ အနိစ္စော- အနိစ္စ သမ္ဘူတံ
ဘိက္ခဝေ-ရူပံ ကုတောနိစ္စံ ဘဝိဿတိ၊ ဝေဒနာဘိက္ခဝေ

အနိစ္စာ-ယောပိဟောတု ယောပိပစ္စယော-ဝေဒနာယဥပ္ပါ ဒါယ-သောပိ အနိစ္စော-အနိစ္စသမ္ဘူတာ ဘိက္ခဝေ-ဝေ ဒနာ ကုတောနိစ္စာဘဝိဿတိ။ သညာဘိက္ခဝေ အနိစ္စာ ယောပိ ဟောတု-ယောပိ ပစ္စယော-သညာယ ဥပ္ပါဒါယ သောပိ အနိစ္စော- အနိစ္စ သမ္ဘူတာ ဘိက္ခဝေ- သညာ ကုတော နိစ္စာ ဘဝိဿတိ။ သင်္ခါရာ ဘိက္ခဝေ အနိစ္စာ ယောပိ ဟောတု- ယောပိ ပစ္စယော-သင်္ခါရာ ဥပ္ပါဒါယ သောပိ အနိစ္စော- အနိစ္စ သမ္ဘူတာ ဘိက္ခဝေ-သင်္ခါရာ ကုတော နိစ္စာ ဘဝိဿတိ၊ ဝိညာဏံ ဘိက္ခဝေ အနိစ္စံ ယောပိ ဟောတု-ယောပိ ပစ္စယော-ဝိညာဏဿ ဥပ္ပါဒါ ယ-သောပိ အနိစ္စော- အနိစ္စသမ္ဘူတံ ဘိက္ခဝေ-ဝိညာ ဏံ-ကုတောနိစ္စံ ဘဝိဿတိ။ ဧဝံပဿံ ဘိက္ခဝေ သုတ ဝါ-အရိယ သာဝကော-ရူပသ္မိံပိ နိဗ္ဗိန္ဒတိ-ဝေဒနာယပိ နိဗ္ဗိန္ဒတိ- သညာယပိ နိဗ္ဗိန္ဒတိ- သင်္ခါရေ သုပိ နိဗ္ဗိန္ဒတိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ-နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ-ဉာဏံ ဟောတိ ခီဏာ ဇာတိ-ဝု သိတံ ဗြဟ္မစရိယံ-ကတံ ကရဏီယံ-နာပရံ ဣတ္ထတ္တာယာတိ-ပဇာနာတီတိ။

ဟူ၍ ဟောကြားတော်မူချက်အရ၊ ဘိက္ခဝေ၊ နိဗ္ဗာနိစခန်း ထွက်ရပ်လမ်းကို၊ မျှော်မှန်းတမ်းတ လိုချင်၍နေကြသည့် ငါ၏ ချစ်သား ရဟန်းများတို့၊ ရူပ၊ကံ,စိတ်,ဥ,ဟာ,ကြောင်းလေးဖြာ ကြောင့်၊ ဖြစ်ပေါ်လာခြင်း ရုပ်တရားသည်၊ အနိစ္စံ၊ ဘောက်လဲ ဘောက်ပြန် ၊အတန်တန်ကြောင့် ပျက်ဖြစ် ယှဉ်တွဲ မခိုင်မြဲပြီ၊ ရူပဿ၊ရုပ်သဘောတရား၏၊ ဥပ္ပါဒါယ၊ ဖြစ်ပေါ်၍လာရခြင်း၌၊

ယောပိဟောတု၊အကြွင်ဘောက်ပြန် ပျက်စီးတတ်သောသဘော
တရား ရုပ်ဓါတ်ကိုဖြစ်ပေါ်စေတတ်သည့်-ဇနက, အကြောင်းတ
ရားသည်ရှင်း။ ယောပိပစ္စယော၊ အကြွင် ဘောက်ပြန် ပျက်စီး
တတ်သော သဘောတရားရုပ်ဓါတ်ကို၊ ဆက်လက် ထောက်ပံ့
ဖြစ်ပေါ် စေတတ်သည့်–ဥပတ္ထမ္ဘက, အကြောင်းတရားသည်
ရှင်း။အဇ္ဈတ္တိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးတို့သည်
လည်း။အနိစ္စံ၊ဘောက်လဲ ဘောက်ပြန် အတန်တန်ကြောင့်၊ပျက်
ဖြစ်,ယှက်တွဲ မခိုင်မြဲပြီ။ ဘိက္ခဝေ၊နိဗ္ဗာန်လိုလား ရဟန်းများတို့။
အနိစ္စသမ္ဘူတံ၊ မမြဲသော အကြောင်းတရားနှစ်ပါးတို့၏၊ စီမံ
ဖန်တီးမှုကြောင့် ဖြစ်ပေါ်၍လာရသော၊ ရုပ်၊ ဘောက်ပြန် ပျက်
စီးတတ်မှု သဘောတရားရ ဤ ရုပ်ခန္ဓာကြီးသည်၊ နိစ္စံ၊ တဖြစ်
တည်းသော သဘောတရားမှ။ တဖြစ်သော သဘောတရားသို့
မပြောင်းလဲဘဲ၊ တဖြစ် တည်းသော သဘောတရား အနေနှင့်
သာ တည်တန့် ခိုင်မြဲစွာ ဖြစ်တည်၍နေနိုင်မှု သဘောတရား
သည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်တည်နေနိုင်
သောအကြောင်းရှိပါတော့အံ့နည်း။

ဘိက္ခဝေ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို၊ မျှော်မှန်းတမ်းတ
လိုချင်၍နေကြသည့် ငါ၏ချစ်သား ရဟန်းများတို့။ဝေဒနာ၊ခံသာ
မခံသာ ဘေးများစွာဖြင့် နှိပ်စက်ပါငြား ဝေဒနာ သဘောတ
ရားသည်။ အနိစ္စာ၊ ဘောက်လဲဘောက်ပြန် အတန်တန်ကြောင့်။
ပျက်ဖြစ်ယှက်တွဲမခိုင်မြဲပြီ။ ဝေဒနာယ၊ ခံသာ မခံသာ ဖြစ်တတ်
သော သဘောတရားရ ဝေဒနာတရား၏၊ ဥပ္ပါဒါယ၊ ဖြစ်ပေါ်၍
လာရခြင်း၌။ ယောပိဟေတု၊ အကြွင် ခံသာမခံသာ ဖြစ်တတ်
သော ဝေဒနာ သဘောတရားကို ဖြစ်စေတတ်သည့်- ဇနက,

အကြောင်းတရားသည်ရင်း၊ယောပိပစ္စယော၊အကြင် ခံသာ မခံသာ ဖြစ်တတ်သော ဝေဒနာ သဘော တရားကို၊ ဆက်လက်ထောက်ပံ့ဖြစ်ပေါ်စေတတ်သည့်-ဥပတ္ထမ္ဘက,အကြောင်းတရားသည်ရင်း၊အတ္ထိ၊ရှိ၏။ သောပိ၊ ထိုအကြောင်းတရား နှစ်ပါးတို့သည်လည်း၊ အနိစ္စော၊ ဘောက်လဲ ဘောက်ပြန် အတန်တန်ကြောင့်၊ပျက်,ဖြစ်,ယှက်တွဲမခိုင်မြဲပြီ။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုလားရဟန်းများတို့၊ အနိစ္စသမ္ဘူတာ၊ မမြဲသော အကြောင်းတရားနှစ်ပါးတို့၏ စိမံဖန်တီးမှုကြောင့် ဖြစ်ပေါ်၍လာရသော၊ ဝေဒနာ၊ခံသာ မခံသာ ဖြစ်တတ်သည့် သဘော တရားရ ဝေဒနာ, နာမ်ဓါတ်တရားသည်၊ နိစ္စာ၊တဖြစ်တည်းသော သဘောတရားမှ၊တဖြစ်သော သဘောတရားသို့ မပြောင်းလဲဘဲ။ တဖြစ်တည်းသော သဘောတရားအနေနှင့်သာ၊တည်တန့် ခိုင်မြဲစွာဖြစ်တည်၍နေနိုင်မှုသဘောတရားသည်၊ ကုတော ဘဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်တည်နေနိုင်သောအကြောင်းရှိပါတော့အံ့နည်း။

ဘိက္ခဝေ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို မျှော်မှန်းတမ်းတလိုချင်၍နေကြသည့်-ငါ၏ချစ်သား ရဟန်းများတို့၊ သညာ၊မှတ်သားတတ်ငြား သညာ,သဘောတရားသည်၊ အနိစ္စာ၊ ဘောက်လဲဘောက်ပြန်-အတန်တန်ကြောင့်၊ ပျက်,ဖြစ်, ယှက်တွဲမခိုင်မြဲပြီ၊ သညာယ၊ မှတ်သားတတ်သည့် သဘောတရားရ-သညာတရား၏၊ ဥပ္ပါဒါယ၊ဖြစ်ပေါ်၍လာရခြင်း၌၊ ယောပိဟေတု၊အကြင် မှတ်သားတတ်သော- သညာ သဘောတရားကို ဖြစ်စေတတ်သည့်-ဇနကအကြောင်းတရားသည်ရင်း၊ယောပိပစ္စယော၊အကြင်မှတ်သားတတ်သော သညာ, သဘောတရားကို ဆက်လက်ထောက်ပံ့ ဖြစ်ပေါ်စေတတ်သည့်-ဥပတ္ထမ္ဘက,အကြောင်း

တရားသည်ရင်း။အတ္တိ၊ဇို၏။ သောပိ၊ထိုအကြောင်းတရားနှစ်ပါး တို့သည်လည်း။ အနိစ္စာ၊ ဘောက်လဲဘောက်ပြန်-အတန်တန် ကြောင့် ပျက်,ဖြစ်,ယှက်တွဲ မခိုင်မြဲပြီ။ ဘိက္ခဝေ၊နိဗ္ဗာန်လိုလား ရဟန်းများတို့။ အနိစ္စသမ္ဘူတာ၊ မမြဲသော အကြောင်းတရား နှစ်ပါးတို့၏ စီမံဖန်တီးမှုကြောင့် ဖြစ်ပေါ်၍လာရသော။ သညာ၊ မှတ်သားတတ်သော သဘောတရားရ သညာနာမ်ဓါတ်တရား သည်၊ နိစ္စာ၊တဖြစ်တည်းသော သဘောတရားမှ၊ တဖြစ်သော သဘောတရားသို့ မပြောင်းလဲဘဲ၊ တဖြစ်တည်းသော သဘော တရားအနေနှင့်သာ တည်တန့်ခိုင်မြဲစွာ ဖြစ်တည်၍ နေနိုင်မှုသ ဘောတရားသည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာလျှင် ဖြစ် တည်နေနိုင်သောအကြောင်းရှိပါတော့အံ့နည်း။

ဘိက္ခဝေ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို မျှော်မှန်းတမ်းတ လိုချင်၍ နေကြသည့်-ငါ၏ ချစ်သား ရဟန်းများတို့။ သင်္ခါရော၊ ကောင်းမှု- မကောင်းမှု အကြောင်းရ တို့ကို- ပြုပြင်တတ်ပြား သင်္ခါရသဘောတရားသည်၊ အနိစ္စာ၊ ဘောက်လဲ ဘောက်ပြန် အတန်တန်ကြောင့် ပျက်, ဖြစ် ယှက်တွဲ မခိုင်မြဲပြီ။ သင်္ခါရာနံ၊ ကောင်းမှု- မကောင်းမှု အကြောင်းရ တို့ကို ပြုပြင်တတ်ပြား သင်္ခါရ သဘောတရားတို့၏။ ဥပ္ပါဒါယ၊ ဖြစ်ပေါ်၍လာရခြင်း၌။ ယောပိဟေတု၊အကြောင်းပြုပြင်တတ်ပြား သင်္ခါရ သဘောတရား တို့ကို ဖြစ်ပေါ်စေတတ်သည့်- ဇနက, အကြောင်းတရားသည် ရင်း။ယောပိပစ္စယော၊အကြောင်းပြုပြင်တတ်ပြား သင်္ခါရ သဘော တရား တို့ကို ဆက်လက် ထောက်ပံ့-ဖြစ်ပေါ် စေတတ်သည့် ဥပတ္ထမ္ဘက, အကြောင်းတရား သည်ရင်း။ အတ္တိ၊ဇို၏။ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးတို့သည်လည်း။အနိစ္စာ၊ဘောက်လဲ

ဘောက်ပြန် အတန်တန်ကြောင့် ပျက်, ဖြစ်ယှက်တွဲ မခိုင်မြဲပြီး၊ ဘိက္ခုဝေ၊နိဗ္ဗာန် လိုလား ရဟန်းများတို့။ အနိစ္စသဏ္ဍာန်၊ မမြဲသော အကြောင်းတရားနှစ်ပါးတို့၏ စိမံ ဖန်တီးမှုကြောင့် ဖြစ်ပေါ်၍လာရသော။သင်္ခါရာ၊ကောင်းမှု-မကောင်းမှုအကြောင်းရတို့ကို ပြုပြင်တတ်ငြားသင်္ခါရနာမ်ဓါတ်တရားသည်။နိစ္စာ၊တဖြစ်တည်းသော သဘောတရားမှ။ တဖြစ်သော သဘောတရားသို့ မပြောင်းလဲဘဲ၊တဖြစ်တည်းသော သဘောတရားအနေနှင့်သာ၊ တည်တန့်ခိုင်မြဲစွာ ဖြစ်တည်၍ နေနိုင်မှု သဘောတရားသည်။ ကုတောဘဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်တည်နေနိုင်သော သဘောရှိပါတော့အံ့နည်း။

ဘိက္ခုဝေ၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို-မျှော်မှန်း တမ်းတလိုချင်၍နေကြသည့် ငါ၏ ချစ်သား ရဟန်းများတို့။ ဝိညာဏံ၊ သိတတ်ပါငြားဝိညာဏ်သဘောတရားသည်။ အနိစ္စံ၊ဘောက်လဲဘောက်ပြန် အတန်တန်ကြောင့်။ ပျက်,ဖြစ် ယှက်တွဲ မခိုင်မြဲပြီး၊ ဝိညာဏဿ၊ သိတတ်မှုသဘောတရားရ ဝိညာဏ်သဘောတရားတို့၏၊ ဉပ္ပါဒါယ၊ဖြစ်ပေါ်၍လာရခြင်းအ၊ ယောပိဟေတု၊အကြင်သိတတ်မှု သဘောတရားရ ဝိညာဏ် သဘောတရားတို့ကို ဖြစ်ပေါ်စေတတ်သည့်-ဇနက, အကြောင်းတရားသည်ရင်း၊ ယောပိပစ္စယော၊ အကြင်သိတတ်မှု သဘောတရားရ ဝိညာဏ် သဘောတရားတို့ကို၊ ဆက်လက် ထောက်ပံ့ ဖြစ်ပေါ်စေတတ်သည့်- ဉပတ္ထမ္ဘက, အကြောင်းတရားသည်ရင်း၊ အတ္ထိ၊ ရှိ၏၊ သောပိ၊ ထိုအကြောင်းတရားနှစ်ပါးတို့သည်လည်း၊ အနိစ္စော၊ ဘောက်လဲ ဘောက်ပြန် အတန်တန်ကြောင့် ပျက် ဖြစ် ယှက်တွဲ မခိုင်မြဲပြီး၊ ဘိက္ခုဝေ၊နိဗ္ဗာန်လိုလား ရဟန်းများတို့၊ အနိစ္စ

သမ္ဖုဿံ၊ မမြဲသောအကြောင်းတရားနှစ်ပါးတို့၏၊ စိမ်ဖန်တီးမှု ကြောင့်ဖြစ်ပေါ်၍လာရသော။ဝိညာဏံ၊သိတတ်ပါခြင်း ဝိညာဏ် နာမ်စိတ်တရားသည်၊ နိစ္စံ၊တဖြစ်တည်းသော သဘောတရားမှ တဖြစ်သောသဘောတရားသို့မပြောင်းလဲဘဲ၊တဖြစ်တည်းသော သဘောတရားအနေနှင့်သာ တည်တန့်ခိုင်မြဲစွာ ဖြစ်တည်၍နေမှု သဘောတရားသည်။ကုတော ဘဝိဿတိ၊ အဘယ်မှာလျှင်ဖြစ် တည်နေနိုင်သောသဘောရှိပါတော့အံ့နည်း။

ဘိက္ခဝေ၊နိဗ္ဗာန်လိုလား ရဟန်းများတို့။ ဧဝံ၊ဤကဲ့သို့၊ပဿံ၊ ဝိပဿနာ ဘာဝနာပညာဉာဏ်ဖြင့် ရှုမြင်လေ့ရှိသော၊သုတဝါ၊ ရုပ်ဓါတ်-နာမ်ဓါတ် သဘောတရားတို့၏။ ပျက်ဖြစ်မှု အစဉ်ကို လက္ခဏာရေး သုံးပါး သဘောတရား တို့ဖြင့် သိမြင်နိုင်သည့် အကြား အမြင်နှင့်ပြည့်စုံသော၊ အရိယသာဝကော၊ ငါဘုရား၏ တပည့်သားတို့သည်၊ ရူပသ္မိံပိ၊ ဘောက်ပြန်ပျက်စီးတတ်ခြင်း ရုပ်ဓါတ်တရားတို့၏အပေါ်၌လည်း။ နိဗ္ဗိန္ဒတိ၊တရားသဖြင့်လိုချင် မှုကင်း၍ ပျင်းမုန်းငြီးငွေ့ပေတော့၏။ ဝေဒနာယပိ၊ ခံသာ မခံ သာဖြစ်တတ်ခြင်း- ဝေဒနာ နာမ်ဓါတ် သဘောတရားတို့၏အ ပေါ်၌လည်း။ နိဗ္ဗိန္ဒတိ၊ တရားသဖြင့်လိုချင်မှုကင်း၍ ပျင်းမုန်းငြီး ငွေ့ပေတော့၏၊ သညာယပိ၊ မှတ်သားတတ်ခြင်း-သညာနာမ် ဓါတ်သဘောတရားတို့၏ အပေါ်၌ လည်း။နိဗ္ဗိန္ဒတိ၊တရားသဖြင့် လိုချင်မှုကင်း၍ ပျင်းမုန်းငြီးငွေ့ပေတော့၏။ သင်္ခါရေသုပိ၊ပြုပြင် တတ်ခြင်း သင်္ခါရနာမ်ဓါတ်သဘောတရားတို့၏အပေါ်၌လည်း။ နိဗ္ဗိန္ဒတိ၊ တရားသဖြင့်လိုချင်မှုကင်း၍ ပျင်းမုန်း ငြီးငွေ့ပေတော့ ၏။ဝိညာဏသ္မိံပိ၊ သိတတ်ပါခြင်း ဝိညာဏ်နာမ်ဓါတ် သဘော တရားတို့၏အပေါ်၌ လည်း။နိဗ္ဗိန္ဒတိ၊တရားသဖြင့် လိုချင်မှုကင်း

၍ ပျင်းမုန်းငြီးငွေ့ပေတော့၏။ နိဗ္ဗိန္ဒ၊တရားသာဖြင့် လိုချင်မှုကင်း၍ ပျင်းမုန်းငြီးငွေ့လာသည်ရှိသော်၊ ဝိရဇ္ဇတိ၊ ထိုရုပ်ဓါတ်-နာမ်ဓါတ်တို့အပေါ်တွင်၊ ချစ်ခင်တတ်မက် နှစ်သက်တတ်သော သဘောတရားလောဘတဏှာကင်းလေတော့၏၊ ဝိရာဂါ၊ရုပ်ဓါတ် နာမ်ဓါတ်တို့၏အပေါ်တွင်၊ ချစ်ခင် တတ်မက် နှစ်သက်တတ်သော သဘောတရား- သမုဒယသစ္စာ-လောဘတဏှာ,ကင်းလေသောကြောင့်၊ ဝိမုစ္စတိ၊ရုပ်ဓါတ် နာမ်ဓါတ်တို့၏ဖြစ်ပွားရာ၊ အာသဝေါတရားလေးပါး၊ဒုက္ခသစ္စာနယ်တရားထဲမှ ကင်းလွတ်၍သွားရပေတော့၏၊ဝိမုတ္တသ္မိံ၊အာသဝေါတရား လေးပါး ဒုက္ခသစ္စာနယ်တရားထဲမှကင်းလွတ်၍သွားသည်ရှိသော်၊ဝိမုတ္တမိတိ၊ ငါသည်-အာသဝေါတရားလေးပါး-ဒုက္ခသစ္စာနယ် တရားထဲမှ ကင်းလွတ်သွားရပေပြီဟူ၍၊ ဉာဏံ၊ သိတတ်သော သဘောတရား ပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ၊ဖြစ်ပေါ်၍ လာပေတော့၏၊မေ၊ငါ့အား၊ ဇာတိ၊ နေခြင်းဘဝသစ်၌၊ ပဋိသန္ဓေ တည်နေမှု-ဇာတိ,သဘောတရားသည်၊ ခီဏာ၊ကုန်ပေပြီ၊ ဖြဟ္မ စရိယံ၊ မြတ်သော နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း- အရဟတ္တမဂ်အကျင့်ကို၊ဝုသိတံ၊ ကျင့်ကြံအားထုတ်မှုကိစ္စပြီးပြီ၊ နာပရံ ဣတ္ထတ္တာယ၊ ဤသံသရာ စခန်း လှည့်ပတ်လမ်း အာသဝေါတရား လေးပါး ဒုက္ခသစ္စာနယ်တရားထဲမှ ကင်းလွတ်ရခြင်း၊ ရုပ်ဓါတ်နာမ်ဓါတ်တရားတို့၏ အစဉ်ဒလစပ်ဖြစ်ပေါ်နေမှု ပဋိသန္ဓေ-ဇာတိ တရားတို့မှ ကုန်ပါစေခြင်းအကျိုးငှါ၊ အပရံ၊ ယခုကျင့်ကြံအားထုတ်သည့် နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း၏ ပြီးဆုံးမှု- အရဟတ္တမဂ်ဉာဏ်ကိစ္စမှ တပါး၊ အခြားနောက်ထပ်၍ ပြုဘွယ်ကိစ္စ ဟူသမျှတို့သည်၊နအတ္ထိ၊မရှိတော့ပေပြီ၊ ဇာတိ၊ဤသို့၊ ပဇာနာတိ၊နိဗ္ဗာန်

စခန်း နိဗ္ဗာန်နန်းကို၊ အပိုင်းအခြားအားဖြင့် သိမြင်ရပေတော့၏ ဤအထက်ပါ-အနိစ္စလက္ခဏာသုတ်ကိုရင်း။

ရူပံဘိက္ခဝေ ဒုက္ခံ-ယောပိ ဟေတု-ယောပိပစ္စယော ရူပဿ ဥပ္ပါဒါယ-သောပိ ဒုက္ခော-ဒုက္ခ သမ္ဘူတံဘိက္ခဝေ-ရူပံ ကုတော သုခံ ဘဝိဿတိ။ ဝေဒနာ ဘိက္ခဝေ ဒုက္ခာ-ယောပိဟေတု-ယောပိပစ္စယော-ဝေဒနာယ ဥပ္ပါဒါယ-သောပိဒုက္ခော-ဒုက္ခသမ္ဘူတာဘိက္ခဝေ-ဝေဒနာ ကုတောသုခါဘဝိဿတိ။သညာဘိက္ခဝေ ဒုက္ခာ-ယောပိဟေတု-ယောပိပစ္စယော-သညာယ ဥပ္ပါဒါယ သောပိ ဒုက္ခော-ဒုက္ခသမ္ဘူတာ ဘိက္ခဝေ-သညာ ကုတောသုခါ ဘဝိဿတိ။ သင်္ခါရာ ဘိက္ခဝေ ဒုက္ခာ- ယောပိ ဟေတု ယောပိ ပစ္စယော-သင်္ခါရာနံ ဥပ္ပါဒါယ-သောပိ ဒုက္ခော ဒုက္ခ သမ္ဘူတာ ဘိက္ခဝေ- သင်္ခါရာ ကုတောသုခါ ဘဝိဿတိ။ ဝိညာဏံ ဘိက္ခဝေ ဒုက္ခံ - ယောပိ ဟေတု ယောပိပစ္စယော-ဝိညာဏဿဥပ္ပါဒါယ-သောပိဒုက္ခော ဒုက္ခ သမ္ဘူတံ ဘိက္ခဝေ- ဝိညာဏံ- ကုတော သုခံ ဘဝိဿတိ။ ဧဝံပဿံ ဘိက္ခဝေ- သုတဝါ အရိယ သာဝကော-ရူပသ္မိံပိ နိဗ္ဗိန္ဒတိ- ဝေဒနာယပိ နိဗ္ဗိန္ဒတိ- သညာယပိ နိဗ္ဗိန္ဒတိ-သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ-ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ-နိဗ္ဗိန္ဒံ-ဝိရဇ္ဇတိ- ဝိရာဂါ ဝိမုစ္စတိ- ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ-ဉာဏံ ဟောတိ ခီဏာဇာတိ-ဝုသိတံ- ဗြဟ္မ စရိယံ နာပရံ ဣတ္ထတ္တာယာတိ-ပဇာနာတီတိ။

ဟူသော-ဒုက္ခလက္ခဏာသုတ်ကိုရင်း။

ရူပံ ဘိက္ခဝေ အနတ္တာ-ယောပိ ဟေတု-ယောပိ ပစ္စယော-ရူပဿ ဥပ္ပါဒါယ-သောပိအနတ္တာ အနတ္တသမ္ဘူတံ ဘိက္ခဝေ-ရူပံ ကုတော အတ္တာ ဘဝိဿတိ၊ ဝေဒနာ ဘိက္ခဝေ အနတ္တာ-ယောပိဟေတု-ယောပိပစ္စယော-ဝေဒနာယ-ဥပ္ပါဒါယ-သောပိ အနတ္တာ-အနတ္တ သမ္ဘူတာ ဘိက္ခဝေ-ဝေဒနာ-ကုတောအတ္တာ ဘဝိဿတိ။ သညာ ဘိက္ခဝေ အနတ္တာ - ယောပိ ဟေတု-ယောပိ ပစ္စယော သညာယ ဥပ္ပါဒါယ-သောပိအနတ္တာ-အနတ္တ သမ္ဘူတာ ဘိက္ခဝေ-သညာ ကုတော အတ္တာ ဘဝိဿတိ။ သင်္ခါရာ ဘိက္ခဝေ အနတ္တာ-ယောပိ ဟေတု - ယောပိ ပစ္စယော သင်္ခါရာနံ ဥပ္ပါဒါယ-သောပိအနတ္တာ-အနတ္တ သမ္ဘူတာ ဘိက္ခဝေ သင်္ခါရာ ကုတော အတ္တာ ဘဝိဿတိ။ ဝိညာဏံ ဘိက္ခဝေ အနတ္တာ-ယောပိဟေတု-ယောပိပစ္စယော ဝိညာဏဿ ဥပ္ပါဒါယ-သောပိအနတ္တာ-အနတ္တ သမ္ဘူတံ-ဘိက္ခဝေ-ဝိညာဏံ ကုတောအတ္တာ ဘဝိဿတိ ဧဝံ ပဿံ ဘိက္ခဝေ-သုတဝါ-အရိယ သာဝကော-ရူပသ္မိံပိ နိဗ္ဗိန္ဒတိ-ဝေဒနာယပိ နိဗ္ဗိန္ဒတိ-သညာယပိ နိဗ္ဗိန္ဒတိ-သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ-ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ-နိဗ္ဗိန္ဒံ- ဝိရဇ္ဇတိ ဝိရာဂါဝိမုစ္စတိ-ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ-ဉာဏံ ဟောတိ-ခီဏာဇာတိ . ဝုသိတံ .ဗြဟ္မစရိယံ နာပရံ-ဣတ္ထတ္တာယာတိ ပဇာနာတီတိ။ ။

ဟူသော အနတ္တလက္ခဏာသုတ်ကိုရင်း၊ ဟောကြားတော်မူပေ၏၊ ထို ဒုက္ခလက္ခဏာသုတ် အနက်နှင့် အနတ္တလက္ခဏာ

သုတ်အနက်တို့မှာ၊ အနိစ္စ လက္ခဏာသုတ် အနက်နှင့် အခြား နေရာများတွင် အတူတူပင်ဖြစ်ပေတော့၏။

ထူးခြားချက်ကား၊ ဒုက္ခလက္ခဏာသုတ်၌၊ ဒုက္ခံ၊ခံသာ မခံ သာ ဘေးများစွာတို့ဖြင့် နှိပ်စက်အပ်လေသောကြောင့်၊ ဆင်းရဲ သော သဘောတရား ဖြစ်ပေ၏၊ ဒုက္ခ သမ္ပယုတ္တံ၊ ဆင်းရဲသော အကြောင်းတရား နှစ်ပါး တို့၏ ဝိပ်ဖန်တီးမှုကြောင့် ဖြစ်ပေါ်၍ လာရသော။သုခံ၊မိမိနှစ်သက်ခံစားလိုအပ်သော သဘောတရား တပါးတည်း၌သာ တည်မြဲလျက်။ မနှစ်သက် မခံစား လိုအပ် သောသဘောတရားသို့၊ ပျက်, ဖြစ်, ပြောင်းလဲ၍ မဖြစ်ပေါ်မှု၊ ချမ်းသာစစ် ချမ်းသာတုံး ချမ်းသာခဲ ကြီး သည်၊ ကုတောဘာ ဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်တည်နေနိုင်သော သဘော ရှိပါ တော့အံ့နည်း။

အနတ္တလက္ခဏာသုတ်၌၊ အနတ္တာ၊ငါ,သူတပါး, ယောက်ျား မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ,ခေါ်ဆိုအပ်သည့်။ အလို သို့လိုက်တတ်။ အစိုးရအပ်သော သဘောတရား ကိုယ်မဟုတ် လေစွတကား။ အနတ္တသမ္ပယုတ္တံ၊အလိုသို့မလိုက်တတ်။အစိုးမရ အပ်သည့် အကြောင်းတရား နှစ်ပါးတို့၏။ ဝိမံ ဖန်တီးမှုကြောင့် ဖြစ်ပေါ်၍လာရသော။ အတ္တာ၊ ငါ, သူတပါး,ယောက်ျား,မိန်းမ, ပုဂ္ဂိုလ် သတ္တဝါ,လူနတ်ဗြဟ္မာ, ခေါ်ဆိုစရာရသည့်။ အလိုသို့ လိုက်တတ် အစိုးရအပ်သော.သဘောတရား ကိုယ်ဟုတ်သည်၊ ကုတောဘာဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်နိုင်စရာ အကြောင်း ရှိပါတော့အံ့နည်း။ ဟူ၍အနက်ပေးပါ။

ဤ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်လာ၊ အနိစ္စ,ဒုက္ခ,အနတ္တ,လက္ခ ဏာသုတ်,တို့၏၊ ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်းချုပ်မှာ၊ နိဗ္ဗာန်

စခန်း ထွက်ရပ်လမ်းကို။မျှော်မှန်းတမ်းတ လိုချင်၍နေကြသည့်
ချစ်သားတို့–ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်,ဟု ဆိုအပ်
သော ခန္ဓာငါးပါး။ရုပ်ဓါတ်,နာမ်ဓါတ် သဘောတရားတို့သည်။
သဘောတရားတပါးမှ။သဘောတရားတပါးသို့။ အစဉ်ဒလစပ်
ပျက်,ဖြစ်,ပြောင်းလဲလျက်။ သဘောတရားတမျိုးတည်း၌ တည်
တန့်ခိုင်မြဲစွာ ဖြစ်တည်ကာ မနေနိုင်မှု သဘောကြောင့်၊ မမြဲမှု
သဘောတရား။ အနိစ္စလက္ခဏာသာလျှင် ဖြစ်ကြောင်း။ ခံသာမှု
မခံသာမှု သဘောတရား ဘေးများစွာတို့ဖြင့်။ သဘောတရား
တပါးအဖြစ်မှ။ သဘောတရား တပါးအဖြစ်သို့။ အစဉ်ဒလစပ်
ပျက်,ဖြစ်,ပြောင်းလဲ၍ နှိပ်စက်အပ်လေသောကြောင့်၊ ဆင်းရဲမှု
သဘောတရား–ဒုက္ခလက္ခဏာသာလျှင်ဖြစ်ကြောင်း၊ ထိုကဲ့သို့
သဘောတရားတမျိုးအဖြစ်မှ၊ သဘောတရား တမျိုးအဖြစ်သို့။
အစဉ်ဒလစပ် ပျက်ဖြစ် ပြောင်းလဲ၍နေခြင်းကို။ မပျက်,မဖြစ်,
မပြောင်းလဲစေရန်။ အာဏာတန်ခိုး အမျိုးမျိုးတို့နှင့် ကန့်ကွက်
တားဆီး၍မရကောင်းသဖြင့်၊ အလိုသို့ လိုက်တတ် အစိုးရအပ်
သည့်၊ ငါ,သူတပါး,ယောက်ျား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်
ဗြဟ္မာ,ခေါ်ဆိုစရာ ရအပ်သော သဘောတရား ကိုယ် မဟုတ်
သည့်။အနတ္တလက္ခဏာသာလျှင်ဖြစ်ကြောင်း။

ထို ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို။ဖြစ်ပေါ်စေတတ်သည့်
ဇနက အကြောင်း။ဆက်လက်ထောက်ပံ့ဖြစ်ပေါ်စေတတ်သည့်၊
ဥပတ္ထမ္ဘက,အကြောင်းတရား နှစ်ပါးတို့သည်လည်း။ပျက်ဖြစ်မှု
အစဉ်ပြောင်းလဲနေတတ်သော၊လက္ခဏာရေးသုံးပါးသဘောတ
ရားတွေသာလျှင်ဖြစ်ကြောင်း၊ သို့ဖြစ်လေသောကြောင့်ပျက်ဖြစ်
မှုအစဉ် ပြောင်းလဲနေတတ်သော၊ သဘောတရားရှိသည့် လက္ခ

လာရေး သုံးပါး အကြောင်းတရားသာ ဖြစ်သော၊ ဇနက အကြောင်း-ဥပတ္ထမ္ဘက,အကြောင်းနှစ်ပါးတို့ စိမံ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာအပ်သည့်၊ ခန္ဓာငါးပါး-ရုပ်ဓါတ် နာမ်ဓါတ်တရားတို့သည်။ တခုတည်းသော သဘောအဖြစ် နှင့် တည်မြဲ၍ နေခြင်း အနိစ္စလက္ခဏာ၊ မိမိ အလိုရှိအပ်သော-ခံသာမှု သဘောတခုတည်းအဖြစ်နှင့် တည်မြဲ၍နေခြင်း-သုခလက္ခဏာ၊ မိမိ လိုလားအပ်သော ချမ်းသာခံစားမှုတခုတည်းသော အစဉ် ဖြစ်ပေါ်နေရန်၊ အလိုသို့လိုက်တတ်-အစိုးရအပ်သော။ ငါ,သူတပါး, ယောက်ျား မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ,လူ,နတ်,ဗြဟ္မာ,ခေါ်ဆိုအပ်သည့်၊ ကိုယ်ဟုတ်သော- အတ္တလက္ခဏာ- သဘောတရားတွေ ဖြစ်နိုင်စရာ အကြောင်းမရှိကြောင်း၊ထိုကဲ့သို့-ခန္ဓာငါးပါး-ရုပ်ဓါတ်နာမ်ဓါတ် သဘောတရားတွေထို၊ မမြဲမှုသဘောတရား-အနိစ္စလက္ခဏာ။ ဆင်းရဲမှု သဘောတရား- ဒုက္ခလက္ခဏာ၊ အလိုသို့လိုက်တတ် အစိုးရအပ်သည့် ကိုယ်မဟုတ်မှု သဘောတရား- အနတ္တလက္ခဏာ-ဝိဇ္ဇာဉာဏ် ဝိပဿနာ ဘာဝနာတရားတို့ဖြင့် ကြံစည်ရှုမြင်သော-ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သည်။ လက္ခဏာရေး သုံးပါး သဘောတရားသာဖြစ်၍၊လက္ခဏာရေးသုံးပါး သဘောတရားသည်လည်း၊ ခန္ဓာငါးပါး ရုပ်နာမ် သဘောတရားတို့ပင်တည်းဟု၊ သုတမယဉာဏ်- စိန္တာမယဉာဏ်- ဘာဝနာမယဉာဏ်-တို့နှင့် ပြည့်စုံသည့်။ ငါဘုရား၏ တပည့်သားတော်တို့သည်၊ ခန္ဓာငါးပါး ရုပ်နာမ် သဘောတရားတို့၏ အပေါ်တွင်၊ တရားနည်းလမ်းမှန်ကန်စွာဖြင့်၊လိုချင်မှုကင်း၍-ပျင်းမုန်းငြီးငွေ့လာပေတော့၏၊

ထို ခန္ဓာ ငါးပါး ရုပ်နာမ်သဘောတရားတွေကို ပျင်းမုန်းငြီး

ငွေ့၍ လာသောအခါ။ ခန္ဓာ ငါးပါး-ရုပ်ဓါတ် နာမ်ဓါတ်တရား များကို၊နောက်ထပ်တဖန် လိုချင် နှစ်သက်မှုသဘော။ လောဘ တဏှာ သမုဒယသစ္စာတရားသည် ကင်းကွာ၍သွားရပေ၏။

ထိုကဲ့သို့-ခန္ဓာ ငါးပါး ရုပ်ဓါတ် နာမ်ဓါတ် တရားတွေကို။ နောက်ထပ်တဖန် လိုချင် နှစ်သက်မှုသဘော။ လောဘတဏှာ သမုဒယသစ္စာ–ကင်းလေသောကြောင့်။ ရုပ်ဓါတ် နာမ်ဓါတ်တ ရားများ ထပ်တလဲလဲ ဖြစ်ပေါ်နေတတ်သည့်။သံသရာစခန်းလှည့် ပတ် လမ်းဟုဆိုအပ်သော။ အာသဝေါတရားလေးပါးတို့ ပြတ် စဲလျက်။ ဒုက္ခသစ္စာနယ်ထဲမှ ကျွတ်လွတ်၍ သွားရပေတော့၏။ ထိုကဲ့သို့-အာသဝေါတရားလေးပါးမှ။ ကင်းလွတ်ပြတ်စဲခဲ့သည် ရှိသော်။ ငါသည်-ဆင်းရဲခြင်းမှန်ကန်သော- ရုပ်ဓါတ် နာမ်ဓါတ် တရားတို့ အစဉ်မပြတ်ဖြစ်ပေါ်၍နေမှု၊ဇာတိတရားမှ ကင်းလွတ် ရပေပြီဟု။ သိမြင်သော–ပစ္စဝေက္ခဏာ ဉာဏ်သည်-ဖြစ်ပေါ်၍ လာရ၏။ငါ့အား-နောင်တဖန် ဘဝအသစ်၌၊ ရုပ်ဓါတ်-နာမ်ဓါတ် တရားတို့ ထပ်မံဖြစ်ပေါ်လာရခြင်း။ ပဋိသန္ဓေ တည်နေရမှု သ ဘောတရားမရှိတော့ပြီ၊ မြတ်သော နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဆုံး-အရဟတ္တမဂ်အကျင့်ကို ကျင့်ကြံ၍ပြီးစီးပေပြီ။

ဤသံသရာစခန်း လှည့်ပတ်လမ်းအာသဝေါတရား လေးပါး တို့၏ ကင်းလွတ်ပြတ်စဲမှု။ နောင်တဖန် ဘဝသစ်၌ ပဋိသန္ဓေ မနေရမှု–သမုဒယသစ္စာအကြောင်းတရားနှင့်။ ဒုက္ခသစ္စာအကျိုး တရားတို့ကင်းလွတ်စေခြင်းအကျိုးငှါ။ယခုကျင့်ကြံအားထုတ်၍ ပြီးစီးသော။အရဟတ္တမဂ်ဉာဏ်ကိုစွမှတပါး။ နောက်တဖန်ထပ် မံ၍ ပြုဘွယ်ကိစ္စ ဟူသမျှတို့သည်၊ အဘယ်အကြောင်း တခုမှ မရှိတော့ပေပြီဟု သိမြင်ရပေတော့၏။ ဟူ၍ ဟောကြားတော်

မှုပေ၏။

ရုပ်နာမ်တရား-ခန္ဓာငါးပါးတို့ကို ဖြစ်ပေါ်စေတတ်သည့်၊ ဇနကအကြောင်းတရားဆိုသည်မှာ၊ ပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေတတ်သော-လောဘ-ဒေါသ-မောဟ၊အလောဘ-အဒေါသ-အမောဟ,ဟိတ်ခြောက်ပါး၊အကုသိုလ်ကံ-ကုသိုလ်ကံ ဟုဆိုအပ်သောအတိတ်ကာလမှ၊ကမ္မသမုဋ္ဌာန် အကြောင်းတရားပင်ဖြစ်၏၊ ထို အတိတ်ကာလ- ကမ္မသမုဋ္ဌာန် အကြောင်းတရားကြောင့် ဖြစ်ပေါ်၍လာရသည့်၊ပဋိသန္ဓေဝိညာဏ်အကျိုးတရားကို၊ ဆက်လက်ဖြစ်ပေါ်စေရန်၊ တဖန် ထောက်ပံ့ကူညီသော-ပစ္စုပ္ပန်ကာလ-ကံ,စိတ်,ဥတု,အာဟာရ,ဟု ဆိုအပ်သော အကြောင်းတရားလေးပါးကို၊ ဥပတ္ထမ္ဘက,အကြောင်းဟူ၍ခေါ်ဆို၏၊ ဇနက,အကြောင်းတရားအားဖြင့်ဖြစ်ပေါ်၍ လာရသော၊ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက-ကလာပ်အားဖြင့်၊ ကလာပ်စည်းသုံးဆယ်ကို၊ဥပတ္ထမ္ဘက,အကြောင်းဟု ဆိုအပ်သော၊ ကံ-စိတ်ဥတု, အာဟာရ-အကြောင်းတရား လေးပါး တို့၊ ဆက်လက်ထောက်ပံ့ပြုပြင်မှုသဘောကင်းပါက၊ဇနက,အကြောင်းကြောင့်ဖြစ်ပေါ်လာရသော-ရုပ်ဓါတ် သုံးဆယ် သည်၊ ကမ္မဇတေဇောမီးလောင်၍ ပျက်စီးရာ၏၊

နောက်ထပ်-ဥပတ္ထမ္ဘက,အကြောင်း ဆက်လက် ထောက်ပံ့ပြုပြင်မှုကြောင့်၊အဟောင်း ရုပ်နာမ် ပျက်သမျှ အသစ်-ရုပ်နာမ် ဖြစ်ပေါ်မှု၊ပျက်,ဖြစ်မှု သဘောကိုမှတ်သားရာ၏။ ထိုအကြောင်းတရား လေးပါး တို့ကြောင့်၊ ရုပ်ဓါတ်,နာမ်ဓါတ်, သဘောတရားတို့၏၊လက္ခဏာရေးသုံးပါး သဘောတရားဖြစ်ပုံကို၊အထက်က ဘော်ပြခဲ့လေပြီ။

အာဟာရအကြောင်းတရားတွင်။အလုပ်အလွေ့ အားဖြင့်စား သုံးမှုကဗဠိင်္ကာရအာဟာရ,သည်။ ရုပ်ဓါတ်တရားကိုဖြစ်သော ရုပ်အာဟာရ,မည်၏။ဖဿအာဟာရ-မနော, သဉ္စေတနာအာဟာ ရ ဝိညာဏအာဟာရ,တို့သည်။နာမ်ဓါတ်တရားကိုဖြစ်စေသော နာမ်အာဟာရများ မည်၏။ အထက်က ဘော်ပြခဲ့ပြီးသော အ ကြောင်းအရပ်ရပ်ကို ထောက်ဆ ဆင်ခြင်သောအားဖြင့်။ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၏။ ပျက်ဖြစ်မှုအစဉ်ကို လက္ခဏာရေး သုံးပါး- ဝိပဿနာ ဘာဝနာ ဝိဇ္ဇာဉာဏ် သဘောတရားနှင့်၊ရှု ကြည့်ဆင်ခြင်သောအားဖြင့်။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ကို။ ဖြောင့်ဖြောင့်တန်းတန်း သွားလာအပ်ပေ၏။ နိဗ္ဗာန်စခန်း ထွက် ရပ်လမ်း ကို ဖြောင့်တန်းစွာ သွားလာနိုင်ခြင်းဖြင့်၊ အလိုရှိအပ် သော နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ။

(ပဋ္ဌိမစကား-ဟောညွှန်ကြား။)

ဝမ်းတော်လားလို့၊ ရွှေအားမသန်။
ခွေယိုင်နုံးလှ၊ ဆုံးမဘာန်တန်။
ဖြစ်က ပျက်တတ်၊ မှတ်ပရုပ်နာမ်၊
စဉ်သတိ၊ ရှိကြစေဘို့ရန်။ ။

ဟူသော-၅စ်လုံးဘွဲ့ကဗျာသဘောကို။ချဲ့ထွင်၅င်းလင်းဘော် ပြပါဦးအံ့။ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး သည်။ ဘုရားဖြစ်ပြီးသည်နောက်- လေးဆယ့်ငါး ဝါ ကာလပတ်လုံး။ သံသရာတွင်းဝယ် နစ်မွန်းနေကြသည့်။ သတ္တဝါ ဗိုလ်ခြေ များ ဝေနေယျတို့အား။ သံသရာစခန်း လှည့်ပတ်လမ်းနှင့်တကွ၊ နိဗ္ဗာန်

စခန်း ထွက်ရပ်လမ်းတို့ကို၊ ပဌမ ဗုဒ္ဓဝစန-ဥဒါန်းစကားမှအစ ပြု၍၊ သုတ် သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းအားဖြင့်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏၊ အဇ္ဈာသယ, စိတ်ထား အလိုက်၊ ဒုတိယ-ဗုဒ္ဓဝစန,စကားတော်အနေနှင့် ဟောကြားတော်မူခဲ့ရာ၊ နောက်ဆုံး ပရိနိဗ္ဗာန်ပြုခါနီး ကာလတွင်၊ ကုသိနာရုံ-မလ္လာမင်းတို့၏ ဥယျာဉ်တော်တွင်း၊ ခင်းထား အပ်သော- သလွန်တော်ညောင်စောင်းကို၊ ညီတော်-အာနန္ဒာ,အား၊ အင်ကြင်းပင်ပျိုအကြားသို့၊ ရွှေ့ပြောင်း ခင်းကျင်း စေလျက်၊ မြောက်ဘက်သို့ဦးခေါင်းမူကာ လျောင်းတော်မူပြီး သကာလ၊ ဝမ်းသွေးတော်သွန်ဆင်း-ဝေဒနာတော်ပြင်းပြလေရကား၊ ရွှေအားတော်မသန်ခွေယိုင်ကာနုံးလှသည့်၊ ဝေဒနာ၏ဒါဏ်ချက်ကို-သည်းခံတော်မူလျက်၊ မိမိ၏ထံပါး၌-ညီတော် အာနန္ဒာ-ခစား သည်ကို မတွေ့သဖြင့်၊ မေးမြန်းတော်မူရာတွင်၊ ညီတော် အာနန္ဒာ-မှာလည်း၊ ငါ ကား-ဗိဋ္ဌ-ဝိစိကိစ္ဆာ-ကင်းကွာရုံမျှ၊ သောတာပန် ဘဝသာဖြစ်ခြင်းကြောင့်၊ ကိလေသာ လုံးဝ ကုန်ခန်းမှု-ရဟန်းတို့၏ပြုဘွယ်ကိစ္စကား မပြီးပြတ်သေး၊ ကိလေသာမြူအမှေးတို့- ရောထွေးနေသည့် ငါ့အား ဆုံးမတော်မူမည့် နောင်တော်မြတ်ဘုရားမှာ၊ နက်ဖန်ခါ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော် မူပေတော့မည်၊ ငါကား- အဘယ်ပုဂ္ဂိုလ်အား၊ မျက်နှာသစ်ရေ နှင့်- တန်ပူများကပ်လှူလျက်၊ အဘယ်ပုဂ္ဂိုလ်အား လုပ်ကျွေး ပြုရရပါတော့အံ့နည်းဟု၊ သောက,ပိုမောက်-အပူမီး တောက်လျက်၊ မလ္လာမင်းတို့၏-မင်းကွန်းတံခါးတိုင်ကိုကိုင်ကာ-ငိုယို၍နေခိုက် ဖြစ်သဖြင့်၊ ညီတော်အာနန္ဒာ, မင်းကွန်းတံခါးတိုင်ကို ကိုင်လျက်- ငိုယိုနေကြောင်း လျှောက်ကြသောအခါ၊ ညီတော် အာနန္ဒာ,အားခေါ်စေ

၍။ ဒိရိချစ်သား-အာနန္ဒာ, တဏှာ တည်းဟူသော-သမုဒယ, အကြောင်းကြောင့်ဖြစ်ပွားပေါ်ပေါက်လာခဲ့ရသည့်၊ အနှစ်သာရ လုံးဝကင်းမဲ့သော-ဒုက္ခသစ္စာ-ရုပ်ခန္ဓာ,နာမ်ခန္ဓာ,တွေမှာ၊ ပျက် စီး ပြိုကွဲရမည့် ဝယ္ဓတာသဘာဝသာ ဖြစ်ခြင်းကြောင့်၊ တန်ခိုး ကြီးမားကြသည့်-သိကြား,ဗြဟ္မာ,တွေကို အပထား၊ ငါဘုရား ၏ တန်ခိုးတော်နှင့်ပင်၊ တားဆီး ကာကွယ် ဥာဏ်ရုံ ချယ်၍မှ ရနိုင်ဘွယ်မရှိသည်ကို သင်သိမြင်ပါလျက်၊ ငါဘုရား၏ ကိုယ် ခန္ဓာအတွက် ရတက်ပူဆွေးကာ၊ ငိုကြွေးနေခြင်းမှာ သေမင်းကို ရင်ဆိုင်ပြီး၊ ယှဉ်ပြိုင်ကာ ရန်ပြု၍ အံတုရာ မရောက်ပါလော၊ အာဏာတန်ခိုး-လက်နက်မျိုးအဖြာဖြာ၊ သတ္တိတွေမြောက်များ စွာနှင့်၊ ဘယ်လိုပင် ယှဉ်ပြိုင်စေကာမူ၊ ဖြစ်က,ပျက်မြဲ,မလွဲမှန် လှ သဘာဝပေမို့၊ နိုင်,နိုင်ရိုး, ထုံးစံ မရှိကြောင်းမှန်မှုကို၊ပရိ ဒေဝ-သောကမီး တောက်လောင်လျက်၊ အဝိဇ္ဇာ တရား ပွား များခါ မနေစမ်းပါနှင့်ဟု တားမြစ်ပြီးသကာလ၊ချစ်သားအာနန္ဒာ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီဟု၊ တပည့်သား သာဝက များ ထင်မှတ်ကြပေလိမ့်မည်၊၍သို့ကား-မထင်မှတ်သင့်၊ မထင် မှတ်ထိုက်။ ငါဘုရားကား–လေးဆယ်ငါးဝါ- ကာလပတ်လုံး၊ သုတ်-ဝိနည်း-အဘိဓမ္မာ-တရားတော် များကို ဟောကြားထား တော်မူခဲ့လေပြီ၊ ထိုအလုံးစုံသော–ဓမ္မက္ခန္ဓာ ပေါင်း-၈၄ထောင်း လေးထောင် သည်၊ငါဘုရား၏ ကိုယ်စား-သင်တို့၏ ဆရာတဆူ ဖြစ်တော်မူပေသည်၊ ငါဘုရား ကိုယ်တော်တိုင် ရှိတော်မူသည် ဟူ၍သာ မြဲမြဲစွာမှတ်အပ်၏၊ ယခု စကြာဝဠာအတွင်းရှိ သစ် ပင်အပေါင်းတို့နှင့်တကွ၊ ဂဠုန်-နဂါး, သိကြား,ဗြဟ္မာ,လူ,နတ်, ပုဂ္ဂိုလ် သတ္တဝါ, များစွာတို့၊ အဖြာဖြာသော ပူဇော်မှုတို့ဖြင့်၊

ညွှတ်တွား ကောဲရော်။ ငါဘုရားအား ပူဇော်၍နေကြပါသော်လည်း။စင်စစ် ပူဇော်ရာမမည်သေး။ငါဘုရားဟောကြားပညတ်တော်မူသည့်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဟု ဆိုအပ်သော၊ မဂ္ဂင်၇စ်ပါး-လောကုတ္တရာ,အားလျော်စွာသော။ဝိပဿနာ ဘာဝနာတရားများကို။ မစောင်း မသွေ-ကျင့်ကြံ အားထုတ်၍နေသော ပုဂ္ဂိုလ်များသာလျှင်။ငါဘုရားအား-ကြည်ညိုသဒ္ဓါ ရှိသေမှုများစွာဖြင့် ပူဇော်ရာ မည်၏ဟူ၍ ဆုံးမတော် မူပြီးနောက်၊ တပည့်သာဝက အားလုံးတို့ကိုခေါ်စေ၍၊ ချစ်သားတို့-ငါဘုရား ရှိတော်မူခိုက်၊ အကြင်ပုဂ္ဂိုလ်သည် ရဲတနာသုံးပါးကိုရင်း။မဂ်တရား-ဖိုလ်တရားကိုရင်း။ မဂ်,ဖိုလ်,ရကြောင်း ကျင့်ဝတ် ပဋိပတ်များကိုရင်း၊ ယုံမှားတွေးတော-သဘောနှစ်ခွ-သံသယရှိခဲ့ငြားအံ့။ငါဘုရားအား-လျှောက်ကြားကြလေလော့။

နောင်သောအခါ-ငါဘုရားအား မျက်ဝါး ထင်ထင် တွေ့မြင်ရပါလျက်။ မသိသောအကြောင်းအချက်ကို။ မမေးလိုက်ရဟု နောင်တ တဖန် ပူပန်ခြင်းမဖြစ်ကြစေနှင့်ဟူ၍၊ မေးလျှောက်ရန် ခွင့်ပြုပါသော်လည်း။ တဦးသောပုဂ္ဂိုလ်မှ မမေးမလျှောက်ကြသဖြင့်။ လေးဆယ့်ငါးဝါ- ဟောခဲ့ရှာသော။ ဓမ္မက္ခန္ဓာ ပေါင်း ၈၄စ်သောင်းလေးထောင် ကို။ အတို ချုံ့လျက်-ပစ္ဆိမ ဗုဒ္ဓဝစန,အနေအားဖြင့်၊ နောက်ဆုံးပိတ်-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဟု ဆိုအပ်သော၊သေတမ်းစကားအရ-သွေးဝမ်းတော် သွန်ဆင်းလှသဖြင့်၊ခွေနုံးကာ လျှောင်းတော်မူရာမှ၊ ဖြင်းပြမှ ဝေဒနာကို အတန်တန် သည်းခံတော်မူပြီး သကာလ။ သတ္တဝါမိုလ်ခြေ များ ဝေနေတို့အား၊မဟာဂရုဏာတော်အနန္တဖြင့်၊ ဆုံးမ ဟောကြား တော်မူခဲ့သည်မှာ၊

ဟန္ဒ ဒါနိ-ဘိက္ခဝေ-အာမန္တယာမိ ဝေါ-ဝယဓမ္မာ
သင်္ခါရာ-အပ္ပမာဒေန-သမ္ပာဒေထ။ ။

ဟူသော ဒေသနာတော်အရ။ ဘိက္ခဝေ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းထို မျှော်မှန်းကာ တမ်းတ၍၊ကျင့်ကြံနေကြသည့်။ ငါ၏ချစ်သား ရဟန်းများတို့။ ဟန္ဒ၊ငါကိုယ်တော်ပင်ပမ်း၍ နွမ်းနယ်တော်မူလှလေပြီ။ ဒါနိ၊ဣဒါနိ၊ ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာယခုအခါကာလ၌။ ဝေါတုမှာကံ၊ သင်ချစ်သားချစ်သမီးတို့အား။ အာမန္တယာမိ၊ နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းဟု ဆိုအပ်သောနောက်ဆုံးပိတ် သေတမ်းစကားကို၊ ငါဘုရား မှာကြားချင်လွန်းလို့ ခေါ်တော်မူပေ၏။သင်္ခါရာ၊ကံ,စိတ်,ဥ,ု,ဟာ, ကြောင်းလေးဖြာကြောင့်၊ ဖြစ်လာကြငြား၊ တွင်း ပြင် နှစ်ဝ၊ မကျန်သိမ်းရုံး-ရုပ်ဓါတ် နာမ်ဓါတ် အားလုံးတို့သည်။ ဝယဓမ္မာ၊ဖြစ်က,ပျက်မြဲ၊မလွဲမှန်လှ ဓမ္မဘာသဘာဝသာဖြစ်ပေ၏။ တသ္မာ၊ထိုသို့ ဖြစ်ကမရပ်ကွက်မလပ်ဘဲ၊ ပျက်စီးပြိုကွဲ မခိုင်မြဲသော သဘောတရားတွေသာ ဖြစ်ပေသောကြောင့်။ တုမှေ၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို မျှော်မှန်းတမ်းတ၊ ကျင့်ကြံကာနေကြသည့်၊ သင်ချစ်သားချစ်သမီးတို့သည်။အပ္ပမာဒေန၊ ရုပ်နာမ် နှစ်ရပ်အပေါ်တွင်၊ အနိစ္စ, ဒုက္ခ,အနတ္တ, ဟုဆိုအပ်သော-လက္ခဏာရေးသုံးပါး-ဝိပဿနာဘာဝနာ-ဝိဇ္ဇာဉာဏ် တရားနှင့် အစဉ်သတိထားကာ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်မှု ကိစ္စကို-မမေ့ မလျော့-မပေါ့မဆသော သတိမယွင်းနိုင်တရား၊ လက်ကိုင်ထားလျက်။ သမ္ပာဒေထ၊ပြည့်စုံ၍နေရစ်ကြကုန်လော့။ ဝါ၊ပစ္ဆိမ,စကား၊ငါဘုရားမှာကြားခဲ့သည့်-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကြီး ပေမို့။ လုံးဝ

ဥသုံ၊ပြည့်စုံ၍ နေရစ်ကြကုန်လော့ဟု၊ ဟောကြားတော်မူပြီး သည်နောက်။ရုပ်ဓါတ် နာမ်ဓါတ်တရားတို့၏၊ ပျက်ဖြစ်ပြောင်းလဲ မှု-ဓမ္မတာသဘာဝတရားကို မလွန်ဆန်သာဘဲ၊ အနုပါဒိသေသ နိဗ္ဗာန်နန်းသို့ ကြွမြန်းတော်မူရှာပေတော့၏။

အထက်၌ ဟောကြား မိန့်မှာတော်မူသော-ဒေသနာ,၏လို ရင်း အဓိပ္ပါယ်မှာ။အချုပ်အားဖြင့် နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဆိုသည်မှာ။အဇ္ဈတ္တ-ဗဟိဒ္ဓ ရုပ်ဓါတ် နာမ်ဓါတ်တို့၏။ ပျက်ဖြစ် ပြောင်းလဲမှု အစဉ်ကို-လက္ခဏာရေး သုံးပါး-ဝိပဿနာ ဘာဝ နာ-ဝိဇ္ဇာဉာဏ်သတိတရားဖြင့်။ အစဉ်ထားကာ ကျင့်ကြံ ကြိုး ကုတ် အားထုတ်ပွားများ၍ ရှုဆင်ခြင်နေခြင်းကိုဆိုလို၏။ ထိုကဲ့ သို့ အားထုတ်ပွားများမှုကို မမေ့မလျော့ဘဲ။နေရစ်ကြပေတော့ ဟု-သတ္တဝါ ဗိုလ်ခြေ များစေနေတို့အား။ သံသရာစခန်း လှည့် ပတ် လမ်းမှ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းသို့၊ ကယ်တင်လိုမှု မဟာဂရုဏာတရား-အဓိကထားလျက်၊သွေးဝမ်းတော်ဝေဒနာ ကြောင့်။ ရွှေကိုယ်တော် နွမ်းနယ် ပင်ပမ်းမှုကိုပင်၊ အတန်တန် သည်းခံပြီး အချုပ်အားဖြင့်။ နောက်ဆုံးအကြိမ် ဟောကြားမိန့် မှာတော်မူခဲ့ပေသော။ ပစ္ဆိမ,စကားတော်ကို-လေးနက်စွာဆင် ခြင်။ဉာဏ်ဝတွင် သိမြင်လျက်၊ အစဉ်ကြိုးစားပြီး ကျင့်ကြံပွား များအားထုတ်ကြရာ၏။ ကျင့်ကြံပွားများ အားထုတ်ကြခြင်းဖြင့် လိုအပ်သော နိဗ္ဗာန်ကို။မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ဥဒေါစမ္ဘော-တသဘောသာ။

ဗုဒ္ဓ မြတ်ဖျား၊ ဟောကြားမိန့်မှာ၊
စ-လယ်-ဆုံးမျှ၊ လုံးဝတ္တုစွာ။
နိဗ္ဗာန်စခန်း၊ ထွက်လမ်းကိစ္စာ။
ရ သ အား။ တပါးထိုမျှသာ။ ။

ဟူသော-ရှစ်လုံးဘွဲ့ ကဗျာသဘောကို။ ထင်ရှား သိသာစေရန် ချဲ့ထွင်ရှင်းလင်းဘော်ပြပါဦးအံ့။ မြတ်စွာဘုရားသခင်ဟောကြားတော်မူသော တရားတော်သည်၊ ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်း လေးထောင်။အင်္ဂါ အားဖြင့်။ သုတ္တ။ ဂေယျ။ ဝေယျာကရဏ၊ ဂါထာ။ ဥဒါန်၊ ဣတိဝုတ္တက။ ဇာတက။ အဗ္ဘူတဓမ္မ၊ ဝေဒလ္လ-ဟူ၍ ကိုးပါး၊ နိကာယ်အားဖြင့်။ ဒီဃနိကာယ်။ မဇ္ဈိမနိကာယ်။ သံယုတ္တနိကာယ်။အင်္ဂုတ္တရနိကာယ်။ခုဒ္ဒကနိကာယ်, ဟူ၍-ငါးပါး။ ပိဋကတ်အားဖြင့်။ သုတ္တန်ပိဋကတ်။ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်-အားဖြင့် သုံးပါး၊ စကားတော်အားဖြင့်-ဘုရားဖြစ်တော်မူစဉ်ကာလ၊ ဥဒါန်းကျူးရင့်တော်မူသော။ ပထမ ဗုဒ္ဓဝစန,စကားတော်။ထိုနောက် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဟောကြားတော်မူသော။ ဒုတိယ ဗုဒ္ဓဝစန, စကားတော်။ပရိနိဗ္ဗာန်ပြုတော်မူမည့်ဆဲဆဲကာလတွင်။ဟောကြား မိန့်မှာတော်မူသော-ပစ္ဆိမ, ဗုဒ္ဓဝစန- စကားတော်ဟူ၍ သုံးပါး။ သုတ္တန်ပိဋကတ်နှင့်အဘိဓမ္မာပိဋကတ်သည်။ဓမ္မဝိနည်းပိဋကတ်သည်-ဝိနယ,ဖြစ်၏။သို့ဖြစ်၍-ဓမ္မဝိနယ,အားဖြင့် နှစ်ပါး။ ဤကဲ့သို့ သတ္တဝါတို့၏၊ အဇ္ဈာသယ-စိတ်နေ စိတ်ထားကို လိုက်လျောလျက်၊ အမျိုးမျိုးအားဖြင့် ဟောကြားတော်မူခဲ့ ပါသော်လည်း။

ထိုအလုံးစုံသော တရားတော်အပေါင်းတို့သည်၊ သံသရာစခန်း လှည့်ပတ်လမ်းဟု ဆိုအပ်သော၊ ကိလေသာ အပေါင်းတို့၏၊ ပြတ်စဲကင်းချုပ်မှုအကြောင်းတရား။နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဟုဆိုအပ်သော၊ပြဋ္ဌာန်းဘွယ်ကိစ္စ တပါးသာရှိသည်ဖြစ်၍။အရဟတ္တဖိုလ် နိဗ္ဗာန်ကို၊ မျက်မှောက်ပြုခြင်း တည်းဟူသော-ဝိမုတ္တိရသ အားဖြင့် တပါးသာလျှင်ရှိသည်ဟူ၍။ပါရာဇိကကဏ် အဋ္ဌကထာ၌ မိန့်ကြားတော်မူ၏။

အထက်ပါ သဘောအဓိပ္ပါယ်ကို၊ ထင်ရှား သိသာစေခြင်း အလို့ငှါ။ညွှိဆ၍ ဘော်ပြပါဦးအံ့၊ ပထမဗုဒ္ဓဝစန,ဥဒါန်းစကား တော်တွင်၊အဝိဇ္ဇာ,နှင့် တဏှာ,သည်၊ သံသရာစခန်း လှည့်ပတ် လမ်း၏ ခေါင်းဆောင်ကြီးများ ဖြစ်ကြောင်း။ ထိုသံသရာစခန်း လှည့်ပတ်လမ်းကိုဖြစ်စေသည့်-ကိလေသာဝဋ်မြစ်များကို။နိဗ္ဗာန် စခန်း ထွက်ရပ်လမ်းဆုံးဖြစ်သော၊ အရဟတ္တမဂ်-ဉာဏ်လက် နက်ဖြင့် ပယ်ဖျက် အောင်မြင်တော်မူပြီး၍။ အရဟတ္တဖိုလ်ဟု ဆိုအပ်သော၊ ဝိမုတ္တိရသ နိဗ္ဗာန်နန်းသို့ စံမြန်းရပြီဖြစ်ကြောင်း၊ ဒုတိယ-ဗုဒ္ဓဝစန စကားတော်အရ၊ ဓမ္မစကြာ ဒေသနာတော် တွင်၊ ဆင်းရဲခြင်းအပေါင်းဖြစ်ကြောင်းမှန်ကန်သော၊ သမုဒယ သစ္စာ-သံသရာစခန်း လှည့်ပတ်လမ်း တဏှာကို၊ ဆင်းရဲခြင်း အပေါင်းချုပ်ငြိမ်းရန်၊ ကျင့်ကြံအားထုတ်အပ်ခြင်းမှန်ကန်သော မဂ္ဂသစ္စာ-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်နှင့် ပယ်သတ်ခြင်းအား ဖြင့်၊ ဒုက္ခသစ္စာ-ဆင်းရဲမှု မှန်ကန်သော သဘောတရားဟူသမျှ ပြတ်စဲလျက်၊ နိရောဓသစ္စာ-နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းမှန် ကန်သော-ဝိမုတ္တိရသ ကို ခံစားရကြောင်း၊ အနတ္တလက္ခဏာ သုတ်၌၊ အရှင်အဏ္ဏ-ဗဟိယ-ရှင်နာမ် နှစ်ရပ်ကို၊သံသရာစခန်း လှည့်

ပတ်လမ်းဟုဆိုအပ်သော။ တဏှာ-မာန-ဒိဋ္ဌိ-တို့၏ အစွမ်းအားဖြင့်။ မရှုမဆင်ခြင်ဘဲ-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဟုဆိုအပ်သော။အနိစ္စ,ဒုက္ခ,အနတ္တ,လက္ခဏာရေးသုံးပါး၊ဝိပဿနာ ဘာဝနာ-ဝိဇ္ဇာဉာဏ် သဘောတရား နှင့် ရှုဆင်ခြင်သော အားဖြင့်၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း။ ဝိမုတ္တိရသ,ကိုခံစားရကြောင်း။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌။ အကျဉ်းဆုံး နည်းအားဖြင့်။အဝိဇ္ဇာ နှင့်-တဏှာ,သည်။ သံသရာ စခန်း လှည့်ပတ်လမ်း ဖြစ်ကြောင်း။ဝိဇ္ဇာဉာဏ်မြတ်ဟုဆိုအပ်သော၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်နှင့်ပတ်သက်၍။ အဝိဇ္ဇာချုပ်ငြိမ်းခြင်း ဖြင့်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း-ဝိမုတ္တိရသ,ကို ခံစားရကြောင်း။ ဓမ္မစကြာ ဒေသနာတော်တွင်။ နိဗ္ဗာန်သို့ရောက်အောင် ကျင့်ကြံအားထုတ်ရမည့်တရားတော်သည်၊ မဂ္ဂင် ၈ပါးဟူ၍ ဟောကြားတော်မူလေရကား။

ထို မဂ္ဂင်၈ပါးသည်။ဝိပဿနာ ဘာဝနာ တရားပင်ဖြစ်လေသောကြောင့် ဝိပဿနာ ဘာဝနာတရားကို။ ပွားများအားထုတ်ခြင်းဖြင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း၊ ဝိမုတ္တိရသ,ကို ခံစားရကြောင်း၊ ပဋ္ဌာန်းကျမ်းတော်၌-ဟေတု-ပစ္စယော,အရ သံသရာစခန်း လှည့်ပတ်လမ်း ဟု ဆိုအပ်သော။ လောဘ-ဒေါသမောဟ-တရားသုံးပါးကို၊ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းဟုဆိုအပ်သော။ အလောဘ-အဒေါသ-အမောဟ-တရား သုံးပါးနှင့် ပယ်သတ်ခြင်းဖြင့်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း။ ဝိမုတ္တိရသ,ကို ခံစားရကြောင်း၊ သံသရာစခန်းလှည့်ပတ်လမ်းဟု ဆိုအပ်သော တဏှာ,မာန,ဒိဋ္ဌိ,ဝိပ္ပလ္လာသ,တရား သုံးပါးကို။နိဗ္ဗာန်စခန်းထွက်ရပ်လမ်းဟုဆိုအပ်သော။ ရုပ်ဓါတ်,နာမ်ဓါတ်,တို့၏။ ပျက် ဖြစ်

ပြောင်းလဲမှုအပေါ်တွင်။ လက္ခဏာရေး သုံးပါး-ဝိပဿနာ ဘာဝနာတရားနှင့် ပွားများ ဆင်ခြင်၍ ပယ်ဖျက်သောအားဖြင့်။ နိဗ္ဗာန်သို့မျက်မှောက်ပြုရခြင်း-ဝိမုတ္တိရသ,ကို ခံစားရကြောင်း။ ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်လာ၊ ဖေဏပိဏ္ဍူပမသုတ်-၌။ ရေမြှုပ်စိုင်နှင့်-ရုပ်ဓါတ်။ ရေပွက်နှင့်-ဝေဒနာ။ တံလျှပ်နှင့်-သညာ။ ငှက်ပျောပင် ငှက်ပျောတုံးနှင့်-သင်္ခါရာ။ မျက်လှည့်ပြဆရာနှင့်-ဝိညာဏ်, တို့ကို ဥပမာထားလျက်။ ဖျက်ဖြစ် ပြောင်းလဲပုံ တူညီကြောင်း ခန္ဓာငါးပါး-ရုပ်နာမ်တရားများကို။ လက္ခဏာရေးသုံးပါး-ဝိပဿနာ ဘာဝနာတရားနှင့် ရှုကြည့်ဆင်ခြင်အပ်ကြောင်း။

ဧင်း ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်။ အနိစ္စလက္ခဏာသုတ်။ ဒုက္ခလက္ခဏာသုတ်။ အနတ္တလက္ခဏာသုတ်-တို့၌။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏။ ပျက်ဖြစ် ပြောင်းလဲမှု အစဉ်ကို။ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းဟု ဆိုအပ်သော။ အနိစ္စ,ဒုက္ခ,အနတ္တ-လက္ခဏာရေး သုံးပါး၊ ဝိပဿနာ ဘာဝနာ တရားဖြင့်။ ရှုဆင်ခြင်သော ပုဂ္ဂိုလ်များမှာ။ နိဗ္ဗာန်သို့မျက်မှောက်ပြုရခြင်း။ ဝိမုတ္တိရသ,ကို ခံစားရကြောင်း။ ပဉ္စမ ဗုဒ္ဓဝစန,စကားတော် အရ။ အဇ္ဈတ္တ ဗဟိဒ္ဓ,ရုပ်နာမ် နှစ်ရပ်တို့၏။ ပျက် ဖြစ် ပြောင်းလဲမှု အစဉ်ကို။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းဟုဆိုအပ်သော။ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာရေးသုံးပါး။ ဝိပဿနာ ဘာဝနာ သတိပညာ,တရားနှင့်။ မမေ့မလျော့ဘဲ ပွားများအားထုတ်၍ နေခြင်းသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း။ ဝိမုတ္တိရသ,ကို ခံစားနိုင်ကြောင်း အစရှိသဖြင့်။ ပထမ ဗုဒ္ဓဝစန,စကားတော်။ ဒုတိယ ဗုဒ္ဓဝစန,စကားတော်။ ပဉ္စမ ဗုဒ္ဓဝစန,စကားတော်တို့၌။ ဟောကြားမိန့်မှာတော်မူခြင်းအရပ်ရပ်တို့ကို။ ညှိဆ ဆင်ခြင်ခဲ့ပါမူ။ အခေါ်သာလွဲလျက်

ဖြတ်စွာဘုရားသခင်၏ စကားတော်ဟူသမျှသည်။ သံသရာစခန်း လှည့်ပတ်လမ်း အကြောင်းတရားကို။ နိဗ္ဗာန် စခန်း ထွက်ရပ်လမ်း အကြောင်းတရား နှင့်- ပယ်ဖြတ်မှုသဘော အကြောင်းကိစ္စတခုသာရှိလေရကား၊ သံသရာတွင်းဝယ် ဆင်းရဲခြင်း မှန်ကန်သည့်။ ဒုက္ခသစ္စာ အကျိုးတရားတို့၏ချုပ်ဆုံးရာ။ သန္တိသုခ။ အလွန်တရာပင်ဖြေလှပေသော၊ နိရောဓသစ္စာ-နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း။ ဝိမုတ္တိရသ,တပါးသာလျှင်ဖြစ်ပေတော့၏။

ဌင်းပြင်း-စတုသစ္စ-ဝိနိ မုတ္တော-ဒေသနာ-နာမနတ္ထိ၊ သစ္စာလေးပါးမှ ကင်းလွတ်သော ဒေသနာ မည်သည် မရှိဟူ၍ဌင်း။ လက္ခဏာ ဝိနိမုတ္တော ဒေသနာ-နာမနတ္ထိ။ လက္ခဏာရေးသုံးပါးမှကင်းလွတ်သော ဒေသနာ မည်သည် မရှိဟူ၍ဌင်း။ ကမ္မဋ္ဌာန ဝိနိမုတ္တော-ဓမ္မောနာမနတ္ထိ။ သမထဘာဝနာကမ္မဋ္ဌာန်း၊ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းတို့မှ ကင်းလွတ်သော တရားဟူသည်။ မရှိဟူသော သဘောတရားအားလုံးတို့ကိုချုပ်လိုက်သော်။

ရသ-ဝသေန-ပန ဧကဝိဓံ-ဟူသောပါဠိအရ၊ အလုံးစုံသော သံသရာစခန်း လှည့်ပတ်လမ်း ကိလေသာ တရားအပေါင်းတို့မှကင်းကွာကျွတ်လွတ်စေမှုကိစ္စသတ္တိ၏အစွမ်းအားဖြင့်၊ ဘုရားစကားတော်ဟူသမျှဘို့မှာ၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဟုဆိုအပ်သော-အရဟတ္တမဂ်အကြောင်းတရားကြောင့်။အဟတ္တဖိုလ်ဘည်းဟူသော နိဗ္ဗာန်သို့ မျက်မှောက် ပြုရခြင်း၊ ဝိမုတ္တိရသ, အကျိုး၅ါ-သဘောတရား တပါးသာလျှင် ပဓါန ဖြစ်ကြောင်း၊ ထိုထိုသော-အဋ္ဌကထာ ဋီကာများအရ၊ မှတ်ယူနှလုံးသွင်းသောအားဖြင့်၊ ဒေသနာ,ဟူသမျှတို့ကို၊ ဧကော ဓမ္မော-တသဘောတည်းသို့ သွတ်သွင်းရပေါင်းညှိဆ၍ကြံစည်အပ်ပေ၏။ ရပေါင်း

ညှိဆကြံစည်သိမြင်နိုင်ကြလျက်၊နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းဟုဆိုအပ်သော-ဝိပဿနာ ဘာဝနာတရားကို၊ ကြိုးစားအားထုတ်ဆင်ခြင်ခြင်းဖြင့်၊မိမိတို့ အလိုရှိအပ် တောင့်တအပ်သော၊ နိဗ္ဗာန်စခန်း နိဗ္ဗာန်နန်းသို့၊ပျက်မှောက်ပြုနိုင်ကြပါစေသတည်း။

ဘာဝနာစခန်း–ပြဘွယ်လမ်း။

ယခုအခါ-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ဖြစ်သော၊ လုပ်ငန်းစဉ်ကို ဘော်ပြပါအံ့၊ တရားအားထုတ်မည့် ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့၊ အထူးသတိပြုဘွယ် အလွန်တရာ အရေးကြီးသောအကြောင်းထူးတရပ်မှာ၊ တရားအားထုတ်မည့် ယောဂီပုဂ္ဂိုလ်တို့သည်၊သမထဘာဝနာတရားကိုဖြစ်စေ၊ ဝိပဿနာ ဘာဝနာတရားကိုဖြစ်စေ၊တရားအားမထုတ်မှီရှေ့ အဘို့၌၊ မိမိ၏သဘောဉာဏ်-ထင်ရှားရှင်းလင်းဆုံးဖြစ်သော၊ တရားတခုခုကို သေချာကျနစွာ စိစစ်ရွေးချယ်၍၊ မိမိအနှစ်သက်ဆုံးဖြစ်သောတရားကိုသာ၊မသေမခြင်း ဆက်လက်ကြိုးစားအားထုတ်အပ်၏။

ဟိုတရား-ကောင်းလိမ့်နိုး-သည့်တရား ကောင်းလိမ့်နိုးဖြင့်၊ ဓမ္မဝိတက်ဖြစ်လျက်၊ တရားအားထုတ်မှု အမျိုးမျိုးပြား၍နေပါက၊မည်သည့်တရားတခုမှ ဆုံးခန်းတိုင်အောင်၊ ကျနသေချာစွာ မပေါက်ရောက် မသိမြင်ဘဲ၊ တပိုင်း တစအနေသို့သာ ဖြစ်ရှိနေတတ်၏။ ဘာဝနာတရားဟူသည်မှာ၊ကောင်းသည်ချည်းပင်ဖြစ်တော့၏။ မိမိသဘောကြ၍ စိတ်ဉာဏ် ရှင်းလင်းသော တရားသည်၊မိမိအတွက် ဆော့လျှင်စွာ သိမြင်ပေါက်ရောက်နိုင်ပေ၏။သို့

ဖြစ်၍ မိမိသဘောနှစ်သက်ရာ။ အားထုတ်မှု တခုခုကို ရွေးချယ် စိစစ်လျက်၊ အသက်ထက်ဆုံး ထိုတမျိုးတည်းသော တရားကို သာ အားထုတ်သွားရာ၏။ ကမ္မဋ္ဌာန်းတရားကို အားထုတ်မည့် ယောဂီပုဂ္ဂိုလ်တို့သည်။ တရားအားထုတ်ဆဲ ကာလတွင်၊ ရှေး ဦးစွာ။

(၁) အနန္တ ငါးပါးကို ရှိခိုး ကန်တော့ပြီး။ (၂) မိမိနှစ် သက်ရာ-ငါးပါး-ရှစ်ပါးဟုဆိုအပ်သော သီလကို ခံယူဆောက် တည်၊ သီလခံယူဆောက်တည်သောအခါ။ သံသာရ ဝဋ္ဋ ဒုက္ခ တော- မောစနတ္ထာယ-အဟံဘန္တေ တိသရဏေန-သဟ( ) သီလံ။ အစရှိသဖြင့် ခံယူဆောက်တည်ပြီး၊ ဇွာနံမေသီလံ အာသ ဝက္ခယံ-ဝဟံ ဧဟာတု-ဇွာနံမေသီလံ- နိဗ္ဗာနဿ ပစ္စယော ဟော တု-ဟူ၍ဆုတောင်း။ (၃) မိမိခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဘုရားအားလှူ-လှူဒါန်းပုံမှာ- မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးသည်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ငြိမ်းလျက်။ အိုနာ,သေ ရေး,ပါယ်ဘေးဒုက္ခတို့လွတ်ကင်းရာ။အနုပါဒိသေသ နိဗ္ဗာန်သို့ ကြွမြန်းတော်မူပြီးဖြစ်၏။ လှူဘွယ်ဝတ္ထုဖြစ်သောဘုရား တပည့်တော်၏၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှာ။ ပျက်ဖြစ်မှု အစဉ် တွဲယှက်လျက်။ မမြဲမှု အနိစ္စလက္ခဏာသဘောတရား။ ဆင်းရဲမှု ဒုက္ခလက္ခဏာသဘောတရား။ အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှု အနတ္တလက္ခဏာ သဘောတရား တို့သာလျှင် တည်း။

အလှူပေး ပုဂ္ဂိုလ်ဟု ပညတ်အပ်သည့်-ထို ခန္ဓာငါးပါး ရုပ် နာမ်တရားကို။ မြတ်စွာဘုရားအား လှူဒါန်းလိုသည်။ ကောင်း သောစေ့ဆော်တိုက်တွန်းခြင်းသဘောဘရားရ။ကုသိုလ်ကံစေတ

နာ-သဒ္ဒါရက္ခန္ဓာ–နာမ်တရားသည်လည်း။ ပျက်ဖြစ်မှုအစဉ် တွဲ ယှက်လျက်။မမြဲမှု အနိစ္စ လက္ခဏာသဘောတရား။ ဆင်းရဲမှု ဒုက္ခလက္ခဏာ သဘောတရား။ အလိုသို့မလိုက်တတ်၊အစိုးမရ အပ်မှု အနတ္တလက္ခဏာသဘောတရားသာရှိ၏။ ဤကဲ့သို့ မမြဲမှု ဆင်းရဲမှု-အလိုသို့မလိုက်တတ်-အစိုးမရအပ်မှု၊ လက္ခဏာရေး သုံးပါး သဘောတရားသာရှိသော၊ ခန္ဓာငါးပါး ရုပ်နာမ်တရား ကို၊ မြဲသော နိဗ္ဗာန်သို့ ကြွမြန်းတော်မူပြီးသော မြတ်စွာဘုရား သခင်အား။ လှူဒါန်းရသော ကုသိုလ်ကံစေတနာကြောင့်၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၏။ ချုပ်ငြိမ်းရာ-အနုပါဒိသေသနိဗ္ဗာန် သို့ ဆောလျှင်စွာ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။ ၎င်း နှောက်။

(၄) ဓာတ်ခေတ်-အာဏာခေတ်- ဝိသယ ခေတ် တွင်း၌၊ တည်ရှိကြကုန်သော–သိကြား,ဗြဟ္မာ,ကမ္ဘာစောင့်နတ်,သာသ နာစောင့်နတ်, များနှင့်၊ လူ-သက်ရှိ သတ္တဝါမှန်သမျှ၊ အမည် ပညတ်များကို၊ ရုပ်နာမ်တရား ခန္ဓာငါးပါးသာလျှင် ရှိကြောင်း၊ အာရုံပြုလျက်။မိမိအားထုတ်သော ကုသိုလ်ကံစေတနာကြောင့်၊ မိမိနှင့် ထပ်တူထပ်မျှ၊ အကျိုးတရား ရကြပါစေသတည်းဟူ၍။ အမျှပေးဝေ၊ ၎င်းနှောက်၊

(၅) ကာယသုခ စိတ္တသုခနှင့်ပြည့်စုံကြပြီးသကာလ။ အိုနာ သေရေး-ပါယ်ဘေးဒုက္ခတို့ကင်းဝေးရာ။ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို အားထုတ် နိုင်ကြပြီးလျှင်၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ဆောလျှင်စွာ မျက်မှောက် ပြုနိုင်ကြ ပါစေသတည်း ဟူ၍၊ မေတ္တာပို့ ၎င်းနှောက်၊

(၆) ဘုရား တပည့်တော် နှင့်– လျော်ကန် သင့်မျှသော

ကမ္မဋ္ဌာန်းတရားကို၊ ပေးသနားတော်မူပါ ဘုရားဟု ဘုရားထံ ဖြစ်စေ၊ဆရာထံဖြစ်စေ ခွင့်တောင်း၊ ၎င်းနောက်၊

(၇) ဤယခု ကျင့်ကြံအားထုတ်မှုတရားသည်၊ ယခုအချိန်မှ နောက်-ဆယ်မိနစ်-တနာရီ စသည်အားဖြင့်၊ မိမိ အားထုတ်နိုင် သရွေ့အချိန်ကို ရည်မှန်းလျက်၊ ထိုအချိန်သို့ မရောက် မခြင်း၊ တရားအားထုတ်မှုကို၊မပျက်မကွက်ပြုလုပ်ပါမည်ဟူ၍ အဓိဋ္ဌာန် ပြု၊ ၎င်းနောက်၊

(၈) ဂဂ်ါဝါဠူ သဲရမက၊ ပွင့်ပြီးတော် မူကြကုန်သော၊ ဘုရားပစ္စေကဗုဒ္ဓါ-အဂ္ဂ သာဝက-မဟာသာဝက-ပကတိသာဝ က အပေါင်းတို့၏၊တန်ခိုးတေဇော်မေတ္တာတော်အာနုဘော်တော် အားဖြင့်၊ ယခုကျင့်ကြံအားထုတ်အပ်သောတရားတော်၌၊ လျှင် မြန် ထက်မျက်သော ပညာဉာဏ်အစွမ်းနှင့် ပြည့်စုံလျက်၊ မဂ် ဉာဏ်-ဖိုလ်ဉာဏ်-ပစ္စဝေက္ခဏာ ဉာဏ်,များကို၊ ဆောလျှင်စွာ ရပါစေသတည်းဟု ဆုတောင်း၊ ၎င်းနောက်၊

(၉) ဂဂ်ါဝါဠူ- သဲရမက ပွင့်ပြီးတော် မူကြကုန်သော၊ ဘုရားပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက,မဟာသာဝက, ပကတိသာဝ က, အပေါင်းတို့သည်၊ ဤ ဝိပဿနာ ဘာဝနာတရားတော်ကို၊ ကျင့်ကြံအားထုတ်တော်မူကြခြင်းဖြင့်၊နိဗ္ဗာန်စခန်း၌ စံမြန်းတော် မူပြီးကြလေကုန်ပြီ၊ဤယခု-ကျင့်ကြံအားထုတ်အပ်သော၊ဝိပဿ နာ ဘာဝနာ တရားတော်မြတ်၏ အကြောင်း ကြောင့်၊ နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို၊ ဧကန်မလွဲရရှိပေတော့အံ့ဟု၊ အနည်းဆုံး သုံးကြိမ်မျှ နှလုံးသွင်း၊ ဤကား-ကမ္မဋ္ဌာန်းတရားအားထုတ်မည့် ဆဲဆဲတွင်၊ပြုဘွယ်ကိစ္စ ကိုးချက်ဖြစ်ပေ၏၊

ဧင်းပြင် တရားအားမထုတ်သောအချိန်များတွင်။ နေ့စဉ်နှင့် အမျှ။ အောက်ပါပုတီးစိပ်နည်းများဖြင့်။ တတ်နိုင်သမျှပုတီးစိပ် ရမည်။

ဂုဏ်တော် ကိုးပါး–ပုတီးစိပ်နည်း။

(၁) မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးသည်။လူမင်း,နတ်မင်း,ဗြဟ္မာမင်း,တို့၏။ပူဇော်သက္ကာယ-ဝိသေသအထူး ကို ခံယူတော်မူလျက် တထောင့်ငါးရာ-ကိလေသာ တရားအပေါင်းကိုပယ်ရှား သုတ်သင်။ စွန့်ခွါအောင်မြင်တော်မူပြီးသော အကြောင်းကြောင့် ။အရဟံ,ဂုဏ်ထူးကို ဆွတ်ရှူးပန်ဆင်တော် မူပါပေ၏။

(၂) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ သစ္စာလေးပါး မြတ်တရားကို မဟောက် မပြန်–ကိုယ်ပိုင် ဉာဏ်နှင့်။ ရှာကြံသိုးထွင်း သိမြင်တော်မူစွမ်းနိုင်ခြင်း အကြောင်းကြောင့်။ သမ္မာသမ္ဗုဒ္ဓ,ဂုဏ်ထူးကို။ဆွတ်ရှူးပန်ဆင်တော်မူပါပေ၏။

(၃) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ ဝိဇ္ဇာသုံးပါး-ဝိဇ္ဇာရှစ်ပါး-စရဏ,တရား တဆယ့်ငါးပါးတို့နှင့်။ ပြည့်စုံတော်မူပေသောကြောင့်။ ဝိဇ္ဇာစရဏ သမ္ပန္န,ဟူသော ဂုဏ်ထူးကို။ ဆွတ်ရှူးပန်ဆင်တော်မူပါပေ၏။

(၄) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ သံသရာစခန်း လှည့်ပတ်လမ်းကို တားမြစ်တော်မူသော အနေ အားဖြင့်။ဟောကြားလျက်-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကို။ လိုက်နာရမည့်အနေဖြင့်။ ကောင်းစွာညွှန်ပြ ဟောကြားတော်မူပေသော အကြောင်းကြောင့်။သုဂတ,ဟူသောဂုဏ်ထူးကို။ ဆွတ်ရှူး ပန်

ဆင်တော်မူပါပေ၏။

(၅) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ သတ္တလောက-သင်္ခါရလောက-ဩကာသလောက, ဟု ဆိုအပ်သော လောက-သုံးပါး၏ ပျက်ဖြစ်ပုံ သဘောတရားတွေကို။ အကြွင်းမရှိသိမြင်တော်မူစွမ်းနိုင်သော သတ္တိထူးကြောင့်။ လောကဝိဒူ, ဟူသောဂုဏ်ထူးကို။ဆွတ်ရှုးပန်ဆင်တော်မူပါပေ၏။

(၆) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ အာဋ္ဌဝကဘီလူး-အင်္ဂုလိမာလ-နန္ဒောပနန္ဒ နဂါး-ဗကဗြဟ္မာ, အစရှိသော။ မယဉ်ကျေးသောသတ္တဝါတို့အား။ ယဉ်ကျေးအောင်ဆုံးမတော်မူရာဝယ်။ အတုမရှိ လိမ္မာ ကျွမ်းကျင်တော်မူခြင်းကြောင့်။ အနုတ္တရော ပုရိသ ဓမ္မသာရထိ-ဟူသောဂုဏ်ထူးကို။ ဆွတ်ရှုးပန်ဆင်တော်မူပါပေ၏။

(၇) မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ လူ နတ်-ဗြဟ္မာ-သတ္တဝါတို့အား။ နိဗ္ဗာန်စခန်း ထွက်ရပ် လမ်းကို။ ရှေ့ဆောင် လမ်းပြတော်မူပေသည့်။ ဆရာတဆူ ဖြစ်တော်မူသောအကြောင်းကြောင့်။ သတ္ထာဒေဝမနုဿာနံ-ဟူသောဂုဏ်ထူးကို။ဆွတ်ရှုးပန်ဆင်တော်မူပေ၏။

(၈) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်။ သစ္စာလေးပါး မြတ်တရားကို။ပိုင်းခြားထင်ထင်သိမြင်တော်မူပေသော အကြောင်းကြောင့်။ ဗုဒ္ဓ,ဟူသောဂုဏ်ထူးကို။ ဆွတ်ရှုးပန်ဆင်တော်မူပါပေ၏။

(၉) မြတ်စွာဘုရား သခင် ကိုယ်တော် မြတ်ကြီး သည်၊ ဣဿရိယ- ဓမ္မ- ယသ- သိရီ- ကာမ-ပယတ္တ-တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူပေသော အကြောင်း

ကြောင့်။ ဘဂဝါ-ဟူသောဂုဏ်ထူးကို။ ဆွတ်ရှုးပန်ဆင်တော်မူပါပေ၏။

ဤ အထက်ပါ-ဂုဏ်တော် ကိုးပါး၏-အနက် အဓိပ္ပါယ်သဘောကို အာရုံပြုလျက်။ဂုဏ်တော် တပါးလျှင်၊ ပုတီးတလုံးကြစီ၊သို့မဟုတ် ပုတီးတပါတ်ကြစီ၊ သို့မဟုတ်-တရက်ကြစီထား၍ ပုတီးစိပ်ရမည်။ ၎င်းနောက်-သစ္စာလေးပါး- ပုတီးစိပ်နည်းကို စိပ်ရမည်။ သစ္စာလေးပါး ပုတီးစိပ်နည်းမှာ။

(၁) ဒုက္ခသစ္စာ-ဆင်းရဲခြင်း မှန်ကန်ကြောင်းကို။ သိအပ်သောသဘောတရားရ။

(၂) သမုဒယသစ္စာ-ဆင်းရဲခြင်းကို ဖြစ်ပေါ်စေတတ်သည့်၊ လိုချင်တတ်မက်မှု မှန်ကန်သော၊ လောဘတဏှာကိုပယ်အပ်သော သဘောတရားရ။

(၃) နိရောဓသစ္စာ-ဆင်းရဲခြင်း ချုပ်ဆုံးရာ မှန်ကန်သော၊ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သော သဘောတရားရ။

(၄) မဂ္ဂသစ္စာ-နိဗ္ဗာန်သို့ရောက်ကြောင်း။ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ် မှန်ကန်သော။ မဂ္ဂင် ၈ပါး-ဝိပဿနာ ဘာဝနာတရားကို။ ပွားများ ကျင့်ကြံ အားထုတ်အပ်သော သဘောတရားရ၊ ဟူ၍အာရုံပြုလျက်။ သစ္စာတပါးလျှင်-ပုတီးတလုံးကြစီ။သို့မဟုတ်-ပုတီးတပါတ်ကြစီ၊ သို့မဟုတ်-တရက်ကြစီ ထား၍ ပုတီးစိပ်ရမည်၊ ၎င်းနောက်-ခန္ဓာ ငါးပါးကို လက္ခဏာရေးဖြင့် ရှုဆင်ခြင်၍ ပုတီးစိပ်ရမည်။ ပုတီးစိပ်နည်းမှာ။

(၁) ရူပက္ခန္ဓာ-ဘောက်ပြန် ပျက်စီးတတ်သော သဘောရှိသည့်၊ခန္ဓာကိုယ်-ရုပ်ရ,ရုပ်စိုင်,ရုပ်ခဲ ကြီးသည်၊ ပျက်ဖြစ်မှုအစဉ် တွဲသွက်လျက်၊ မမြဲမှု- အနိစ္စလက္ခဏာ သဘောတရား

ဆင်းရဲမှု-ဒုက္ခလက္ခဏာသဘောတရား။ အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှု အနတ္တလက္ခဏာ သဘောတရားသာလျှင် ရှိပေစွတကားဟု၊မိမိခန္ဓာကိုယ်ကြီး၏-ပျက်ဖြစ်ပြောင်းလဲနေမှု အစဉ်ကို အာရုံပြုဆင်ခြင်၍ ပုတီးဘလုံးစိပ်ပါ။

(၂) ဝေဒနက္ခန္ဓာ-ခံသာ မခံသာသော-နာမ်ဓါတ် သဘောတရားရ၊

(၃) သညက္ခန္ဓာ- ခံသာ မခံသာသော သဘောကို၊ မှတ်သားတတ်သော-နာမ်ဓါတ်သဘောတရားရ။

(၄) သင်္ခါရက္ခန္ဓာ-ခံသာမခံသာ သော သဘောတရားတွေကို ဆက်လက်ဖြစ်ပေါ်အောင် ပြုပြင်တတ်သော- နာမ်ဓါတ်သဘောတရားရ။

(၅) ဝိညာဏက္ခန္ဓာ- ခံသာ မှန်း မခံသာ မှန်းကို သိတတ်သော နာမ်ဓါတ်သဘောတရားရ။

ဤ နာမ်ခန္ဓာလေးပါးတို့သည်လည်း၊ ပျက်ဖြစ်မှု အစဉ် တွဲယှက်လျက်၊မမြဲမှု-အနိစ္စလက္ခဏာ သဘောတရား၊ ဆင်းရဲမှု ဒုက္ခလက္ခဏာသဘောတရား။ အလိုသို့မလိုက်တတ်- အစိုးမရအပ်မှု အနတ္တလက္ခဏာသဘောတရားသာလျှင် ရှိပေစွတကားဟု။မိမိ၏ခန္ဓာကိုယ်တွင်း၌၊ ပျက်ဖြစ် ပြောင်းလဲနေသော-ဝေဒနာ,ကိုအာရုံပြု၍၊ ပုတီးဘလုံးစိပ်ပါ၊ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါး-ရုပ်ဓါတ် နာမ်ဓါတ် သဘောတရားတို့သည်၊ ပျက်ဖြစ်မှုအစဉ်တွဲယှက်လျက်။ မမြဲမှု အနိစ္စလက္ခဏာ သဘောတရား။ ဆင်းရဲမှု ဒုက္ခလက္ခဏာသဘောတရား။ အလိုသို့မလိုက်တတ်-အစိုးမရအပ်မှု-အနတ္တလက္ခဏာသဘောတရားသာလျှင် ရှိပေစွတကားဟု။မိမိ၏ ခန္ဓာကိုယ်တွင်း၌-ပျက်ဖြစ် ပြောင်းလဲနေသော ဝေဒ

နာ,ကိုအာရုံပြု၍ ပုတီးတလုံးစိပ်ပါ။ အကြောင်း–ရုပ်ဓါတ်တရား နှင့်-နာမ်ဓါတ်တရားတို့သည်။ အညမညာ-ပစ္စည်းအရ၊ ရုပ်ဓါတ် ဖြစ်က–နာမ်ဓါတ်ဖြစ်မြဲ၊ နာမ်ဓါတ်ဖြစ်က–ရုပ်ဓါတ်ဖြစ်မြဲ၊ ဖြစ် လေရကား။ ခန္ဓာ ငါးပါးလုံး တွဲစပ် ပါဝင်ကြောင်း မှတ်သား အပ်၏။

ဤအထက်ပါနည်းအရ၊ ပုတီးဆက်လက်စိပ်ရမည်၊ ပုတီး ပါတ် နည်းမှု-များမှုမှာ၊ ပဓါန လိုရင်းမဟုတ်၊ ရုပ်တရား နာမ် တရားတို့၏ ပျက် ဖြစ် ပြောင်းလဲမှု–လက္ခဏာရေး သုံးပါး။သ ဘောတရားဖြစ်ကြောင်း၊စဉ်းစားဆင်ခြင် ဉာဏ်၌ထင်မြင်မှုသာ လျှင် လိုရင်းပဓါနဖြစ်၏၊ အထူးသတိပြုဘွယ်အကြောင်းတရပ် မှာ။မည်သည့်ပုတီးစိပ်နည်းကိုမဆို၊ ပုတီးစိပ်သောအခါ-မိမိ၏ စိတ်အစဉ်၌ အာရုံပြုမှုသဘောတရားတွေ။အဆင့်ဆင့်–ပျက်ဖြစ် ပြောင်းလဲသွားမှုကို၊ အထူး ဂရုပြု ဆင်ခြင်၍ ပုတီးစိပ်အပ်၏၊ ဤကဲ့သို့-အာရုံ အဆင့်ဆင့် ပျက်ဖြစ် ပြောင်းလဲ သွားမှုသည်၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေ အဟောင်းပျက်၍၊ အသစ်ဖြစ် ပေါ်နေမှု။လက္ခဏာရေးသုံးပါး သဘောတရားပင်တည်း။ တရား အားမထုတ်မှီ အချိန်ကာလများတွင်။ ဤအထက်ပါနည်းအတိုင်း ပုတီးစိပ်ရခြင်း အကြောင်းရင်းကား၊ သီလ,သမာဓိ,ပညာ,ဟု ဆိုအပ်သော သိက္ခာသုံးရပ်၊ မဂ္ဂင်ရှစ်ပါး–ဝိပဿနာ ဘာဝနာ တရားကို ပွားများမှု။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းစဉ်ကို သွား လာနေခြင်းနှင့် တူပေ၏၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်မည့် ယောဂီပုဂ္ဂိုလ်များသည်၊ သမထ တရားကို ရှေးဦးစွာ-သမာဓိ တရား သုံးပါးရအောင်အားထုတ်ပြီးမှ၊ဝိပဿနာတရားကိုဆက် လက်အားထုတ်သော၊သမထဝိပဿနာ ယာနိကလမ်း၊ ဝိပဿ

နာတရားကိုသာ တခါတည်း အားထုတ်သော၊ သုဒ္ဓဝိပဿနာယာနိကလမ်း-ဟူ၍ နှစ်မျိုးရှိရာတွင်၊ ဉာဏ် ပညာ ဝိရိယစွမ်းရှိသူမှန်ပါက။ဝိပဿနာနည်းကို အားထုတ်မှုနှင့်ပင်။သမထနည်းပါဝင်နိုင်ကြောင်းကို။အထက်၌-မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားအခန်းတွင်။ သမ္မာ သင်္ကပ္ပ မဂ္ဂင် တပါးကို၊ အားထုတ်မှုအကြောင်းကြောင့်၊ ကျန် မဂ္ဂင်တရား ခုနစ်ပါးလုံး တွဲစပ်ပါဝင်ပုံအကြောင်းကို ဘော်ပြခဲ့ ပေပြီ။ သို့ ပါသော်လည်း-ယခုအခါ။ အာနာ ပါန-သမထဘာဝနာ,သက်သက်အားထုတ်ပုံအကြောင်းကို ဘော်ပြပါအံ့။ ဥပရိပဏ္ဏာသ ပါဠိတော်- သုတ်မဟာဝါပါဠိတော်တို့၌။

ဣဓပန ဘိက္ခဝေ ဘိက္ခု-အရည ဂတောဝါ-ရုက္ခ မူလ ဂတောဝါ-သုညာဂါရ ဂတောဝါ- နိသီဒတိ - ပလ္လင်္ကံ အာဘုံဇိတွာ-ဥဇုံကာယံ ပဏိဓါယ-ပရိမုခံ သတိံ ဥပထပေတွာ- သော သတောဝ အဿသတိ-သတောဝ ပဿ သတိ-ဒီဃံဝါ အဿ သန္တော - ဒီဃံ အဿသာမီတိပဇာနာတိ-ဒီဃံဝါ ပဿသန္တော-ဒီဃံ ပဿသာမီတို ပဇာ နာ တိ ရ ဿံ ဝါ အဿ သန္တော ရဿံ အဿသာ မီတိ ပဇာနာတိ ရဿံဝါ ပဿ သန္တော ရဿံ ပဿသာမီတို ပဇာနာတိ-သဗ္ဗကာယ ပဋိသံဝေဒီ အဿ သိဿာမီတို သိက္ခတိ။ သဗ္ဗ ကာယ ပဋိသံဝေဒီ ပဿ သိဿာ မီတိ သိက္ခာတိ။ ပဿ မ္ဘယံ ကာယသင်္ခါရံ အဿ သိဿာ မီတိ သိက္ခတိ ပဿမ္ဘယံ ကာယသင်္ခါရံ-ပဿ သိဿာမီတိ သိက္ခတိ။ ။

ဟူ၍ပဟောကြားတော်မူသည့်နှင့်အညီ။ ဆိုလိုရင်း အဓိပ္ပါယ်မှာ။ တရားအားထုတ်မည့်-ယောဂီပုဂ္ဂိုလ်များသည်။ တောအရပ်သို့ကပ်၍ရင်း။ သစ်ပင်ရင်းသို့ကပ်၍ရင်း။ ဆိတ်ငြိမ်ရာအရပ်၌ရင်း။ ယောကျ်ားများမှာ။ တင်ပလ္လင်ခွေ။ မိန်းမများမှာ မိန်းမထိုင်နည်းအရ ထိုင်လျက်။ ကိုယ်ကို ဖြောင့်မတ်စွာထား၍အားထုတ်အပ်၏။ ၎င်းပြင်-ဣရိယာပုတ်လေးပါးတွင်။ မသည့်ဣရိယာပုတ်မျိုးနှင့် မဆို။ အားထုတ်အပ်ကြောင်းကိုလည်း ဟောကြားတော်မူ၏။ အာစရိယ ပရံပရ အဆက်ဆက်က လာသောဘယ်လက်ဝါးကို အောက်ကထား။ ညာလက်ဝါးကို အပေါ်ကတင်လျက်။ လက်မ ၏ ထိပ်ခြင်းထိစပ်၍ထိုင်ရမည်ဆိုခြင်းမှာ။ ကမ္မဋ္ဌာန်း ထိုင်ခြင်းနှင့် သင့်လျော် လျောက်ပတ်မှုကို ဆိုလိုရင်းဖြစ်၏။ ဣရိယာပုတ် မပျက်ကောင်းဟူ၍ မမှတ်သားအပ်။ စိတ်တည်ကြည် ငြိမ်သက်မှု ရရန်သည်သာ ပဓါန လိုရင်းဖြစ်၏၊ ဣရိယာပုတ် မပြောင်းလဲမှုမှာ-ပဓါနမဟုတ်။ တမျိုးတည်းသောဣရိယာပုတ်နှင့်နေခြင်းအားဖြင့်။ ညောင်းအားကြီးလျှင်။ စိတ်ပျံ့လွင့်၍ အမျိုးမျိုးအဖုံဖုံဖြစ်တတ်၏။

ဤကဲ့သို့ဖြစ်ခြင်းကား။ ဝိဘတ်တရားပင်ဖြစ်သည်။ သမာဓိတရားမှတ်၍ အကောင်းမထင်အပ်။ သမထဘာဝနာတရား အားထုတ်ခြင်း၏ အကြောင်းရင်းမှာ။ သမာဓိ တရား ရရန် လိုရင်းဖြစ်ပေ၏။ ထို-အာနာ-ပါန,ကိုမည်ကဲ့သို့ နှလုံးသွင်း၍ အားထုတ်ရမည်နည်းဟု ဆိုသော်၊ ပဌမ-နှာသီး ဝ၌-ထွက်သက်လေဝင်သက် လေ တို့ကိုအာရုံပြုလျက်၊ ထွက်သက် လေမှန်း-ဝင်သက်လေမှန်းသိအောင်၊ သတိမပြတ်ထား၍ အားထုတ်ရမည်၊ ထိုကဲ့သို့ အားထုတ်၍ သတိတရား မြဲစွဲ မှန်ကန်လာသောအခါ၊

ဒုတိယဆင့် အားဖြင့်၊ ထိုထွက်သက်လေ ဝင်သက် လေတို့သည်။နှေးလေးစွာ ထွက်ဝင်ခြင်းဖြစ်၏။ လျှင်မြန်စွာ ထွက်ဝင်ခြင်းဖြစ်၏ ဟူ၍၊ ထွက်သက် ဝင်သက်လေတို့၏ ရှည်ကြာစွာဖြစ်မှု၊ တိုတောင်းစွာ ဖြစ်မှုကိုသိအောင် အားထုတ်ရမည်၊ ထိုဒုတိယဆင့်ကို နိုင်နင်း မှန်ကန်စွာ သတိတရား စွဲမြဲလာသောအခါ၊တတိယဆင့်အနေအားဖြင့်၊ ထွက်သက်လေ-ဝင်သက်လေတို့၏၊အစ-အလယ်-အဆုံး သုံးပါးလုံးကို၊ ထင်ရှားစွာသိသာ၍လာအောင်အားထုတ်ရမည်။

ထွက်သက်လေ၏ အစကား၊ ချက်တိုင်-အလယ်ကား-ရင်ချိုင့်-အဆုံးကား နှာသီးဝဖြစ်၍၊ဝင်သက်လေ၏အစကား၊နှာသီးဝဖြစ်၍ အလယ်ကား-ရင်ချိုင့်၊ အဆုံးကား-ချက်တိုင်ဖြစ်သည်၊ ၎င်း တတိယဆင့်ကို ကောင်းမွန် နိုင်နင်းစွာ သတိတရား စွဲမြဲလာသောအခါ၊စတုတ္ထဆင့် အနေအားဖြင့်၊ ရုန့်ရင်း ကြမ်းတမ်းသော၊ထွက်သက် ဝင်သက်လေတို့ကို၊ အစဉ်အတိုင်းချုပ်ငြိမ်းစေလျက်၊ နူးညံ့သိမ်မွေ့၍သွားအောင်အားထုတ်ရမည်၊ ပဌမဆင့်နှင့်-ဒုတိယဆင့် အားထုတ်မှုသည်-ပရိကမ္မနိမိတ်၊ တတိယဆင့် အားထုတ်မှုသည်-ဥဂ္ဂဟ နိမိတ်ဖြစ်၍၊ စတုတ္ထဆင့် အားထုတ်မှုသည်-ပဋိဘာဂနိမိတ်ဖြစ်၏၊ ပဋိဘာဂနိမိတ်သို့ ရောက်သောအခါ၊ပကတိ ထွက်သက်ဝင်သက်လေတို့ထက်၊ လွန်စွာပို၍ နူးညံ့သိမ်မွေ့လျက်၊ထွက်သက် ဝင်သက်လေ ဖြစ်သည်ကိုပင်၊မသိနိုင်လောက်အောင်ဖြစ်ပြီး၊ အဆင်းသဏ္ဌာန် အရောင်အမျိုးမျိုးနှင့်တကွ၊ လဲဝါဂွမ်းရုံကဲ့သို့၎င်း၊ ပတ္တမြားလုံး-ပုလဲလုံးပုလဲသွယ်တို့ကဲ့သို့၎င်း၊ယောဂီပုဂ္ဂိုလ်တို့၏၊ သမာဓိစိတ်အစဉ်များကိုလိုက်၍၊မပြောပနိုင်လောက်သောအရောင်အဆင်းအမျိုး

မျိုးအဖုံဖုံ တွေ့ကြုံတတ်သည့်။ ပညတ္တိဓမ္မ အထူးကို-ပဋိဘာဂ နိမိတ်ဟု ခေါ်ဆိုရ၏၊ ပညတ်အာရုံအထူးဖြစ်၍ အာရုံအသစ်ကဲ့သို့ ဖြစ်ပြန်၏။ သဘာဝဓမ္မမျိုးမဟုတ်သောကြောင့်။ ကွယ်ပျောက် လွယ်၏၊ ကွယ်ပျောက်သွားကလည်း ပြန်လည်ထင်မြင်နိုင်ရန် ခဲယဉ်း၏။

နိမိတ်ထင်မြင်ပုံ အထူး မှတ်သားရန်မှာ၊ စိတ်သည် မိမိ၏ အားထုတ်မှု အာရုံသဘောတွင်မနေဘဲ။ အမျိုးမျိုးအဖုံဖုံပျံ့လွင့် ကြံစည် စဉ်းစားခြင်း အားဖြင့် ထင်မြင်လာသော နိမိတ်ကား။ နိမိတ်စစ် နိမိတ်မှန် မဟုတ်။ စိတ်ရှိရာသို့ အာရုံက လာရောက် ရိုက်ဟပ်၍ထင်မြင်မှု နိမိတ်သည်သာလျှင်။ နိမိတ်စစ် နိမိတ်မှန် ဖြစ်၏။ ဥပမာ- ဓါတ်ပုံရိုက်သကဲ့သို့ ဖြစ်စေရမည်။ စိတ်ကား ဓါတ်မှန်။ အာရုံကား-အရိပ်အရောင်ရိုက်ဟပ်မှုနှင့်တူ၏။ သမထ ဘာဝနာတရား အားထုတ်မှု၊ ကမ္မဋ္ဌာန်း- လေးဆယ် အနက်။ ကသိုဏ်း ဆယ်ပါး။ အသုဘ-ဆယ်ပါး။ ဗြဟ္မဝိဟာရတရား လေးပါး။ အာရုပ္ပ-လေးပါး။ ကာယဂတာသတိ တပါး။ အာနာ ပါနသတိ တပါး။ အစုစုပေါင်း သုံးဆယ် သော ကမ္မဋ္ဌာန်းတို့ သာလျှင် နိမိတ်သုံး မျိုးလုံး ထင်နိုင်လျက်။ ဈာန်အင်္ဂါငါးပါး အ ဆင့်ဆင့်အားဖြင့်ဘက်ခါ။ ပဥ္စမဈာန်သို့ရောက်နိုင်၏။ သက်သက် သော-ပဥ္စမဈာန်ရသူတို့မှာ ကောင်းကင်သို့မပျံသန်းနိုင်။ ဈာနိဒ္ဓိ အဘိညာဉ်ကိစ္စဘက်သော-ပဥ္စမဈာန်မှ သာလျှင်။ လိုရာအရပ် သို့ပျံသန်းသွားလာနိုင်၏ ပျံသန်းသွားလာမှုမှာလည်း။ ကိုယ်ကို ပေါ့ပါးလျှင်မြန်စွာ လူရှင်အများတို့ တွေ့မြင်အောင် ပျံသန်းသွား လာခြင်း။ လူရှင်အများတို့မတွေ့မြင်စေဘဲ၊ မျက်စိတမှိတ်-လျှပ် တပစ်-စိဉ္စက္ခဏအတွင်း၌၊ ပျံသန်း သွားလာခြင်း၍ဟူ နှစ်မျိုး

ရှိကြောင်း။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ-ဓမ္မသင်္ဂဟ် အနုဋီကာ, တို့၌ ဖွင့်ဆိုပေသည်။

ဗုဒ္ဓါနုဿတိအစ-မရဏာနုဿတိအဆုံး အနုဿတိ ၈ပါး။ အာဟာရေပဋိကူလသညာ တပါး။စတုဓါတုဝ ဝတ္ထာန်တပါး။ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့မှာ အဘိညာဉ်ကိစ္စတတ်သော စျာန်တရားကိုမရနိုင်ဘဲ။ ပရိကမ္မနိမိတ်-ဥဂ္ဂဟနိမိတ် နှစ်ပါးသာ ဖြစ်၍။ပဋိဘာဂနိမိတ် မဖြစ်နိုင်ကြောင်းကို။

ဗုဒ္ဓါနုဿတိ အာဒိနဋ္ဌ-နေဝ ပဋိဘာဂ နိမိတ္တံ-အာရမဏံ ဟောတိ၊ ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လာ၏။

သို့ဖြစ်၍ အဘိညာဉ်ကိစ္စတတ်နိုင်သော-ပဉ္စမစျာန် ရအောင် သမထဘာဝနာ တရား တပါးပါးကို အားထုတ်ပြီး စီး၍။ ဝိပဿနာ ဘာဝနာ တရားကို ဆက်လက် အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့အား။ သမထဝိပဿနာ ယာနိက လမ်းကို။ လိုက်၍ အားထုတ်သော ယောဂီပုဂ္ဂိုလ်ဟုဆိုလို၏။ ဤလမ်းစဉ်ကိုလိုက် ၍ ကျင့်ကြံအားထုတ်မည့် ယောဂီပုဂ္ဂိုလ်များ။ အထူးသတိပြု၍ စဉ်းစားစေလိုသည်မှာ၊ စျာန်အဘိညာဉ်ရမှုကိစ္စသည် အလွန် ပင်ခဲယဉ်းစွာ ကျင့်ကြံအားထုတ်ပါမှ ရနိုင်ပါလျက်။ ပျက်စီးမှု ကိစ္စလွယ်ကူခြင်း။ စျာန်အဘိညာဉ်မရမခြင်း။ မိမိအလိုရှိအပ် သော-ဝိပဿနာ ဘာဝနာတရားကို အားမထုတ်လိုက်ရခြင်း။ စျာန်အဘိညာဉ်ရကာမျှနှင့်။ ဝိပဿနာ ဘာဝနာဉာဏ်အမြင် မပေါက်ပါက၊ အပါယ် ပဋိသန္ဓေအကျိုးကို ပေးစေနိုင်သည့်၊ အနုသယကိလေသာတရားကို မပယ်ဖြတ်နိုင်ခြင်း။ မည်သည့်

သတ္တဝါမျိုးမဆို။ ကမ္ဘာ့သမီးမလောင်စကောင်း။ သတ္တဝါအသီးသီးတို့ ဈာန်အဘိညာဉ် တရားကို အားထုတ်၍- ကမ္ဘာသမီးမလောင်နိုင်ရာ။ဗြဟ္မာဘုံသို့ရောက်ပြီးမှ။ ကမ္ဘာသမီးလောင်မြဲ ဖမ္မတာ ဖြစ်ရကား။

အနမတဂ္ဂ သံသရာခရီးသည် သတ္တဝါ တို့မှာ။ တကမ္ဘာတွင် တခါကြွစီ။ဈာန်အဘိညာဉ်ရရှိကြဘူးသူချည်းပင် ဖြစ်လေရကား။သမထဘာဝနာတရားသည်။ မိမိတို့ မျှားစွာပင် ပါရမီဖြည့်ကျင့်ပြီးသားကိစ္စဖြစ်ခြင်း။သမထဘာဝနာတရားသည်-သာသနာပ,အခါများ၌လည်းအားထုတ်နိုင်ခြင်း။သုဒ္ဓဝိပဿနာယာနိက-လမ်းစဉ်ကို လိုက်၍ အားထုတ်ခြင်းဖြင့်။ သမထဘာဝနာအားထုတ်မှုကိစ္စ ပါဝင်ပြီ ဖြစ်ခြင်း။ ဝိပဿနာ ဘာဝနာတရားသည်။ သာသနာ ခေတ်တွင်း၌သာ အားထုတ် နိုင်ခြင်း။ ယခုသာသနာတော်ခေတ်တွင်း နှင့်။ ပက်ပင်းပါ ကြုံကြိုက်ဆဲအခါတွင်။အပါယ်ပဋိသန္ဓေ မနေရမှု။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ-အနုသယ ကိလေသာဝါတ်မျိုးပြတ်၍သွားအောင်။ သောတာပတ္တိ မဂ်ဉာဏ်အင်အားနှင့်။အမြန်ဆုံး ဖြတ်တောက်ပယ်ရှားနိုင်ရန် အရေးကြီးခြင်း။ ထို သောတာပတ္တိမဂ်ဉာဏ်အင်အားကို။ ရရှိနိုင်သည့်အခြေပါဒအကြောင်းတရားမှာ။ ဝိပဿနာဘာဝနာတရားကို ပွားများ အားထုတ်မှုပင် ဖြစ်ခြင်း စသောအကြောင်းတို့ကို။ အထူးတလိသတိမူ့နှလုံးသွင်း၍ အားထုတ်အပ်ပေ၏။

ယခုအခါ- သုဒ္ဓ ဝိပဿနာ ယာနိက လမ်းစဉ် ဖြစ်သော။ ဝိပဿနာ ဘာဝနာတရားသက်သက် အားထုတ်မှုကို ဘော်ပြပါအံ့။ ပဋိသန္ဓိဒါမင်-အဋ္ဌကထာ၌။

အနိစ္စာ ဒိဝသေန- ဝိဝိဓေဟိ-အာကာရေဟိ- ဓမ္မေပဿ
တိတိ ဝိပဿနာ ပညာရေတံ နာမံ။ ။

ဟူ၍-ဝိပဿနာဘာဝနာ ၏ သဘာဝ,ကို။ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူ၏။ အနိစ္စဒိဝသေန၊ အနိစ္စလက္ခဏာအစရှိသော လက္ခဏာရေးသုံးပါး အစွမ်းအားဖြင့်။ ဝိဝိဓေဟိ၊ အထူးထူးအပြားပြားကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့နှင့်၊ ဓမ္မေ၊ သင်္ခါရဖြစ်သော ရုပ်တရား-နာမ်တရားတို့ကို။ ပဿတိ၊ ရှုမြင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့သောအကြောင်းကြောင့်၊ ဝိပဿနာ၊ ဝိပဿနာမည်၏။ ဧဝံ၊ ဤဝိပဿနာဟူသောအမည်သည်။ ပညာယ၊ ပညာ၏။ နာမံ၊ အမည်တည်း။

ဆိုလိုရင်းအဓိပ္ပါယ်မှာ။ ကံ,စိတ်,ဥတု,အာဟာရ, တည်းဟူသော။ အကြောင်း သင်္ခါရတရားတို့ ပေါင်းစု ပြုပြင် ဖန်တီးမှုကြောင့်၊ ပျက်ဖြစ်မှုအစဉ် ပြောင်းလဲ တွဲယှက်၍ ဖြစ်ပေါ်နေကြသည့်၊ ရုပ်တရား နာမ်တရားတို့၏။ ပျက်ဖြစ်ပြောင်းလဲမှုအခြင်းအရာ သဘောသဘာဝကို။ မမြဲမှု ဆင်းရဲမှု၊ အလိုသို့ မလိုက်တတ်၊အစိုးမရအပ်မှု-လက္ခဏာရေးသုံးပါး။ သဘောတရားများ သာလျှင်ရှိကြောင်း။ ထင်ရှားသိသာအောင်- ရှုတတ်-ဆင်ခြင်တတ်-ထင်မြင်တတ်ခြင်းကို။ ဝိပဿနာ ဘာဝနာဘာရေးဟု ဆိုလို၏။ ဤဝိပဿနာ ဘာဝနာတရားသည်၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းဟုဆိုအပ်သော၊ ပညာအစစ်အမှန်ပင်တည်း၊ ဝိပဿနာဘာဝနာတရားကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ် များသည်၊ မိမိတို့ စတင်သုံးသပ်ဆင်ခြင်ရာ၊ရုပ်တရားကိုအစပြု၍အားထုတ်ခြင်း၊ နာမ်တရားကိုအစပြု၍အားထုတ်ခြင်းဟု သာမန်နည်းအား

ဖြင့်၊ နှစ်မျိုးခွဲခြားနိုင်ပါသော်လည်း။ မည်သည့်သဘောတရား ကို အစပြု၍ ဆင်ခြင်သုံးသပ်စေကာမူ။ ဆင်ခြင်သုံးသပ်သော ကာလတွင်း၌။ ရုပ်နာမ် နှစ်ရပ်လုံးပင်လျှင်၊ တပြိုင်နက် တွဲစပ် ပါဝင်သွားကြောင်းကို အထူးသတိပြုအပ်၏။ သို့ပါသော်လည်း။ ဆင်ခြင်သောကာလတွင်းဝယ်။ မိမိထင်ရှားမှု သဘောသဘာဝ ကိုအကြောင်းပြု၍၊ ရုပ်တရားကို အဓိကထား၍အားထုတ်သည်။ နာမ်တရားကို အဓိကထား၍အားထုတ်သည်ဟု၊ ခွဲခြားပြောဆို မှုမျှပင်ဖြစ်ပေ၏။ ယခုအခါ-ရုပ်တရားကိုအစပြု၍ အားထုတ်မှု၊ အာနာပါန-ဝါယော ရုပ်ဓါတ်၏။ ဝိပဿနာ ဘာဝနာ တရား ရှုကြည့်ပွားများပုံအကြောင်းကို ဖော်ပြပါအံ့။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။

ဒီဃံအဿာသံ အနိစ္စတော – အနုပဿန္တေ ဝိပဿနာ ဒုက္ခတော အနုပဿန္တေ ဝိပဿနာ· အနတ္တတော အနု ပဿန္တေ ဝိပဿနာ။ ဟူ၍ လာရှိသည်နှင့်အညီ။

ဒီဃံ၊ ရှည်စွာသော။ အဿာသံ၊ ထောက်ကန်မှု-လှုပ်ရှားမှု သဘောတရားရှိသည့် ထွက်သက်လေ ဝါယော ရုပ်ဓါတ်ကို။ အနိစ္စတော၊ ပျက်ဖြစ်မှုအစဉ်ပြောင်းလဲ၍နေခြင်းကြောင့် မမြဲမှု အနိစ္စ လက္ခဏာသဘောတရားအားဖြင့်။အနုပဿန္တေ၊အဖန်ဖန် အထပ်ထပ် သုံးသပ်ဆင်ခြင်အပ်သော အနက်သဘောကြောင့်။ ဝိပဿနာ၊ဝိပဿနာမည်၏။ ဒုက္ခတော၊ပျက်ဖြစ်မှုအစဉ်ပြောင်း လဲ၍ နေခြင်းကြောင့်၊ ဆင်းရဲမှု ဒုက္ခလက္ခဏာ သဘောတရား အားဖြင့်၊ အနုပဿန္တေ၊ အဖန်ဖန်အထပ်ထပ်သုံးသပ်ဆင်ခြင် အပ်သောအနက်သဘောကြောင့်၊ ဝိပဿနာ၊ဝိပဿနာမည်၏။

အနတ္တတော၊ ပျက်ဖြစ်မှုအစဉ်ပြောင်းလဲ၍နေခြင်းကြောင့်၊အလို
သို့မလိုက်တတ်-အစိုးမရအပ်မှု။ အနတ္တလက္ခဏာ သဘောတ
ရားအားဖြင့်၊ အနုပဿနေ့၊ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်
ခြင်အပ်သော အနက် သဘောကြောင့်။ ဝိပဿနာ၊ ဝိပဿနာ
မည်၏။

ဆိုလိုရင်းအဓိပ္ပါယ်ကား။ထောက်ကန်လှုပ်ရှားမှုသဘောတ
ရားရှိသည့်၊ထွက်သက်လေဟု ပညတ်အားဖြင့်ခေါ်ဆိုအပ်သည့်
ဝါယော ရုပ်ဓါတ်တရား၏ ထောက်ကန်မှုသဘော။ လှုပ်ရှား
မှုသဘောအားဖြင့်။ပျက်ဖြစ် ပြောင်းလဲမှုကို အစဉ်ရှုလျက်။ မမြဲ
မှု-ဆင်းရဲမှု။ အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှု။လက္ခဏာ
ရေးသုံးပါး သဘောတရားများသာလျှင်ရှိကြောင်း။ သိသာထင်
ရှားအောင် အကြိမ်ကြိမ်အထပ်ထပ် ဉာဏ်ပညာနှင့် သုံးသပ်
ရှုကြည့်ဆင်ခြင်နေမှုကိုပင်။ ဝိပဿနာ ဘာဝနာတရား ပွားများ
အားထုတ်သည်ဟုဆိုလို၏။ ပါရာဇိကဏ်အဋ္ဌကထာတွင်။

အဿာသောတိ-ဗဟိနိက္ခမနဝါတော- ပဿာသောတိ
အန္တော ပဝိသနဝါတော။ ဟူ၍ဖွင့်ပြချက်အရက်။

အဿာသ၊လေကို ထွက်သက်။ပဿာသ၊ လေကိုဝင်သက်
ဟူ၍ မှတ်ယူရမည်။ သမ္မော၊ သုတ်မဟာဝါ။ ဝိသုဒ္ဓိမဂ် အဋ္ဌ
ကထာ,တို့၏အလိုအားဖြင့်။

အဿာ သောတိ - အန္တော ပဝိသ နာသိက ဝါတော
ပဿာသောတိ ဗဟိနိက္ခမန-နာသိကဝါတော။

ဟူ၍လာသည်နှင့် အညီ။ အဿာသ၊ လေကို ဝင်သက်။
ပဿာသ၊လေကိုထွက်သက်ဟု မှတ်ယူရမည်။ ထိုထွက်သက်

လေ၊ ဝင်သက်လေ-ဝါယောဓါတ် ရုပ်တရားရကို။ ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်မည့် ယောဂီပုဂ္ဂိုလ်များသည်။ ဝိပဿနာ ဘာဝနာတရားအားမထုတ်မှီ။ ပြဲ့ဘွယ်ကိစ္စအဝဝတို့ ကိုပြုလုပ်ပြီးနောက်။ တရားအားထုတ်သောအခါ။ မိမိ၏ နှာသီး ဝတွင်အာရုံပြုလျက်။ ဝင်သက်လေဖြစ်ဆဲအခိုက်တွင်၊ လှုပ်ရှား မှုသဘောကို-ရုပ်၊ လှုပ်ရှားမှန်းသိမှုသဘောကို-နာမ်ဟု၊ လှုပ်ရှား မှုသဘောနှင့်-လှုပ်ရှားမှန်းသိမှု သဘောကို တွဲစပ်အာရုံပြုကာ၊ ရုပ်နာမ် နှစ်ရပ်တို့သည်၊ နှာသီးဝမှ ဖြစ်သွားပေပြီဟု ဆင်ခြင် သုံးသပ်ပါ။ ထိုသို့ ဝင်သက်လေ အားဖြင့် ဖြစ်ပေါ်၍သွားသော လှုပ်ရှားမှု သဘော ရုပ်ဓါတ် နှင့်၊ လှုပ်ရှားမှန်း သိမှု သဘော နာမ်ဓါတ်တို့မှာ၊ ချက်တိုင်သို့အထိရောက်လျက်၊ ချက်တိုင်မှ တဖန် ထွက်သက်လေအားဖြင့်၊ အဆင့်ဆင့် ထွက်လာရာ။ နှာ သီးဝသို့ရောက်၍။ လှုပ်ရှားမှုသဘောနှင့်၊ လှုပ်ရှားမှန်းသိမှုသ ဘောထွက်သွားခိုက်တွင်၊ ရုပ်နာမ်နှစ်ရပ်တို့ ပျက်သွားလေပြီ၊ ရုပ်နာမ် နှစ်ရပ် တို့သည်၊ ပျက် ဖြစ်မှု အစဉ် ပြောင်းလဲလျက်၊ မမြဲသော အနိစ္စလက္ခဏာ သဘောတရားသာ ရှိ၏ဟု ဆင်ခြင် သုံးသပ်ရာ၏။

အထက်ပါနည်းအရ။ လှုပ်ရှားမှုသဘော-ရုပ်တရားနှင့်၊ လှုပ် ရှားမှန်းသိမှု။ သိမှုသဘော နာမ်တရား တို့သည်။ နှာသီးဝ၌ အ စဉ်မပြတ် ဖြစ်ပျက်မှု ပြောင်းလဲ၍ နေခြင်းသည်၊ ဆင်းရဲသော် ဒုက္ခလက္ခဏာ သဘောတရားသာ ရှိ၏ဟု ဆင်ခြင်သုံးသပ်ရာ ၏။ အထက်ပါနည်းအရ။ လှုပ်ရှားမှုသဘော-ရုပ်တရားနှင့်၊ လှုပ် ရှားမှန်းသိမှု သဘော နာမ်တရားတို့သည်၊ နှာသီးဝ၌ အစဉ်မ ပြတ် ဖြစ်ပျက်မှု ပြောင်းလဲနေခြင်းကို၊ မဖြစ်-မပျက်-မပြောင်းလဲ

ရလေအောင် တားဆီး ချုပ်ချယ်၍ ရကောင်းသော သဘောတရားလည်းမဟုတ်၊ အာဏာလည်းမပေးပိုင်၊ သူ့သဘောသဘာဝကို သူဆောင်လျက်၊ သူ့သဘော သဘာဝအတိုင်းသာ၊ ပျက်ဖြာ်ပြောင်းလဲနေကြပေသောကြောင့်၊ အလိုသို့မလိုက်တတ်အစိုးမရအပ်သော-အနတ္တ လက္ခဏာ သဘောတရားတွေသာဖြစ်ပါပေ၁ကားဟု။ လက္ခဏာရေးသုံးပါး သဘောတရားကို။ နှ၁သိဝတွင်-ဖြစ်ပျက် ပြောင်းလဲနေသော၊ ဝင်သက်လေ-ထွက်သက်လေကို အကြောင်းပြုလျက်။ လှုပ်ရှားမှုသဘော-ရုပ်ဓါတ်၊ လှုပ်ရှားမှန်း သိမှု သဘော နာမ်ဓါတ်အား ဖြင့်။ ရုပ်နာမ် နှစ်ရပ်ကို အာရုံပြုလျက်၊ လက္ခဏာရေးဘပါးကြစီ ဆင်ခြင် သုံးသပ်ရာ၏။

ဤနေရာတွင်-နှ၁သိးဝ၌ ဝင်သက် လေ, ထွက်သက် လေအားဖြင့်၊ ဖြာ်ပျက် ပြောင်းလဲနေသော။ လှုပ်ရှားမှုသဘော-ရုပ်ဓါတ်နှင့်-လှုပ်ရှားမှန်းသိမှုသဘော နာမ်ဓါတ်တို့သည်။ နှာသီးဝမှ ချက်တိုင်သို့ ကျရောက်အောင်၊ ချက်တိုင်မှ နှာသီးဝသို့ကျရောက်အောင်၊တဖြစ်တည်း ဖြစ်ပေါ်၍သွားသည်မဟုတ်။ နှာသီးဝတွင်ဖြစ်သော လှုပ်ရှားမှုသဘောနှင့် သိမှု သဘောတို့သည်၊ ပရမတ္ထသဘာဝ သဘောတရားအရ၊ နှာသီးဝမှ တဆံခြည်မျှမရွေ့ မပြောင်းဘဲ ပျက်စီးကြကုန်၍၊ ရှေ့ချက်တိုင်သို့ရောက်သည်တိုင်အောင်၊ လှုပ်ရှားမှုအသစ် လှုပ်ရှားမှန်းသိမှုအသစ်အားဖြင့်၊ အဟောင်း ရုပ်နာမ်များပျက်စီးသမျှ၊ အသစ်ရုပ်နာမ်များဖြစ်ပေါ်ကာ၊ အဟောင်း-အသစ်၊ အစဉ် ပျက်ဖြစ် ပြောင်းလဲ၍သွားပေ၏၊ မြတ်စွာဘုရားသခင်၏ ရွှေဉာဏ်တော် အားဖြင့်၊ မျက်စိဘမှိတ် လျှပ်တပစ်သောအချိန်ကာလအတွင်းတွင်၊ နာမ်

ဓါတ်တရားပေါင်း–ကုဋေ့တသိန်း၊ရုပ်ဓါတ်တရားပေါင်း–ကုဋေ့ငါးထောင်ကျော်၊အဟောင်း အသစ်-ပျက်ဖြစ် ပြောင်းလဲကြောင်း သိမြင်ဟောကြားတော်မူပေ၏။

ထိုနည်းတူစွာ-ချက်တိုင်မှ နှာသီးဝသို့၊ ရုပ်နာမ် အဟောင်း အသစ်တွေ အစဉ်ပျက်ဖြစ်ပြောင်းလဲနေပေ၏၊ သို့ပါသော်လည်း ဝိပဿနာ ဘာဝနာတရားကို အားထုတ် ခါစ၊ ယောဂီပုဂ္ဂိုလ်တို့၏ သဘောဉာဏ် ရုပ်ထွေးသွားမည် စိုးသဖြင့်၊ နှာသီးဝ တနေရာတည်း၌သာ၊ရုပ်နာမ်တရားတို့၏ပျက်ဖြစ်ပြောင်းလဲနေမှု သဘောအစဉ်ကို၊ လက္ခဏာရေး သုံးပါးအနက်၊ တပါးကြစီ လှဲ့လှယ်ရှုကြည့်ဆင်ခြင်သုံးသပ်အပ်ကြောင်း၊ ပဌမဆင့် ရှုနည်း အနေအားဖြင့်၊ညွှန်ကြားတော်ပြပါကြောင်း၊

၍အထက်ပါ-ပဌမဆင့် ရှုနည်းကို၊ ကောင်းမွန် နိုင်နင်းစွာ ဆင်ခြင်သုံးသပ်နိုင်သောအခါ၊ဒုတိယဆင့်ရှုနည်း အနေအားဖြင့် ဝင်သက်လေ အကြောင်းကြောင့်၊ နှာသီးဝ၌ဖြစ်ပေါ်လာသော၊ လှုပ်ရှားမှုသဘော ရုပ်တရားနှင့်၊လှုပ်ရှားမှန်းသိမှုသဘော နာမ်တရားတို့သည်၊ နှာသီးဝမှစ၍-ချက်တိုင်သို့ ကျရောက်သည့် တိုင်အောင်၊ လှုပ်ရှားမှုသဘော-လှုပ်ရှားမှန်းသိမှုသဘော ရုပ်နာမ်တရားတို့၊ အဆင့်ဆင့်အားဖြင့် အစဉ်အဆက်၊ အဟောင်း အသစ် ပျက်ဖြစ် ပြောင်းလဲသွားမှုကို အာရုံပြုခါ၊ ဝင်သက်လေ အလိုက် ဆင်ခြင်သုံးသပ်၍၊ တဖန် ထွက်သက်လေအကြောင်းကြောင့်၊ချက်တိုင်မှစ၍ နှာသီးဝသို့ကျရောက်သည့်တိုင်အောင် လှုပ်ရှားမှုသဘော- လှုပ်ရှားမှန်းသိမှု သဘော-ရုပ်နာမ်တရားတို့သည်၊ ထွက်သက်လေအလိုက်၊ အစဉ်အဆက် အဆင့်ဆင့် အားဖြင့်၊ အဟောင်းအသစ် ပျက် ဖြစ် ပြောင်းလဲမှုသဘောကို

အာရုံပြုခါ။မမြဲမှု-အနိစ္စလက္ခဏာသဘောတရား။ဆင်းရဲမှု ဒုက္ခ လက္ခဏာသဘောတရား။ အလိုသို့မလိုက်တတ် အစိုးမရအပ်မှု အနတ္တလက္ခဏာ သဘောတရားများကို။ တလှည့်စီအားဖြင့် ရှု ကြည့်ဆင်ခြင် သုံးသပ်အပ်ကြောင်း။ ဒုတိယဆင့် ရှုနည်း အနေ အားဖြင့် ညွှန်ကြားတော်ပြပါကြောင်း။

၅၂။ ဒုတိယဆင့်ရှုနည်းကို ကောင်းမွန်နိုင်နင်းစွာ ဆင်ခြင်သုံး သပ်နိုင်သောအခါ။တတိယဆင့်ရှုနည်းအနေအားဖြင့်။ ဝင်သက် လေအကြောင်းကြောင့်။ နှာသီးဝ၌ဖြစ်ပေါ်လာသော လှုပ်ရှားမှု သဘော-ရုပ်တရား နှင့်။ လှုပ်ရှားမှန်းသိမှုသဘော နာမ်တရား တို့ကိုအာရုံပြုလျက်။ နှာသီးဝတွင် ဖြစ်ပေါ်သိမြင်ခိုက်။ သူ့သ ဘောသဘာဝကိုသူဆောင်၍။ထွက်သက်လေကြောင့်ဖြစ်သော ရုပ်နာမ်တရားပျက်စီးမှု၊ ဝင်သက်လေကြောင့် ရုပ်နာမ်တရား ဖြစ်ပေါ်မှုသို့၊ပျက်ဖြစ် ပြောင်းလဲလာသည့်။အလိုသို့မလိုက်တတ် အစိုးမရအပ်မှု-အနတ္တလက္ခဏာ သဘောတရားအနေနှင့်။ ထိမိ အောင် ရှုကြည့် ဆင်ခြင်သုံးသပ်၍။ ၎င်းနှာသီးဝမှ ရင်ညွန့်သို့ ကျရောက်သည့်တိုင်အောင်။ လှုပ်ရှားမှု သဘော ရုပ်တရားနှင့်။ လှုပ်ရှားမှန်းသိမှုသဘော နာမ်တရားတို့။ အဟောင်းအသစ် အ ဆင့်ဆင့် ပြောင်းလဲ ပျက်ဖြစ်သွားမှုကိုအာရုံပြုခါ။ မမြဲမှု-အနိစ္စ လက္ခဏာသဘောတရား အနေအားဖြင့်။ ထိမိအောင် ရှုကြည့် ဆင်ခြင်သုံးသပ်လျက်။ရင်ညွန့်မှဘဝင် ချက်တိုင်သို့ ကျရောက် သည့်တိုင်အောင် လှုပ်ရှားမှုသဘော ရုပ်တရားနှင့်။ လှုပ်ရှားမှန်း သိမှုသဘော နာမ် တရားတို့။ အဟောင်း အသစ် အဆင့်ဆင့် ပြောင်းလဲ ပျက်ဖြစ်သွားမှုကို အာရုံပြုခါ။ ဆင်းရဲမှု-ဒုက္ခလက္ခ ဏာသဘောတရားအနေအားဖြင့်။ ထိမိအောင်ရှုကြည့်ဆင်ခြင်

သုံးသပ်ရာ၏။ တဖန် ချက်တိုင်မှစ၍၊ ထွက်သက်လေအကြောင်း ကြောင့် ချက်တိုင်၌ ဖြစ်ပေါ်လာသော၊ လှုပ်ရှားမှုသဘော ရုပ်တရားနှင့်၊ လှုပ်ရှားမှန်းသိမှုသဘော နာမ်တရားတို့ကို အာရုံပြု လျက်၊ ချက်တိုင်တွင်ဖြစ်ပေါ်သိမြင်ခိုက်၊ ဝင်သက်လေကြောင့် ဖြစ်သော- ရုပ်နာမ် တရားတို့ ပျက်စီးမှု၊ ထွက်သက် လေ ကြောင့် ရုပ်နာမ်တရားဖြစ်ပေါ်မှုသို့၊ ပျက်ဖြစ်မှုသဘော ပြောင်း လဲလာသည့် အလိုသို့မလိုက်တတ်၊ အစိုးမရအပ်သော အနတ္တ လက္ခဏာသဘောတရားအနေနှင့် ထိမိအောင်ရှုကြည့်ဆင်ခြင် သုံးသပ်၍၊ ၎င်းချက်တိုင်မှ ရင်ညွန့်သို့ ကျရောက်သည့် တိုင် အောင် လှုပ်ရှားမှုသဘော ရုပ်တရားနှင့်၊ လှုပ်ရှားမှန်း သိမှုသ ဘော နာမ်တရားတို့၊ အဟောင်းအသစ် အဆင့်ဆင့် ပြောင်းလဲ ပျက်ဖြစ်သွားမှုကို အာရုံပြုခါ၊ မမြဲမှု-အနိစ္စလက္ခဏာ သဘော တရားအနေအားဖြင့်၊ ထိမိအောင်ရှုကြည့်ဆင်ခြင် သုံးသပ်လျက်၊ ရင်ညွန့်မှတဖန် နှာသီးဝသို့ကျရောက်သည့်တိုင်အောင်၊ လှုပ်ရှား မှုသဘောရုပ်တရားနှင့်၊ လှုပ်ရှားမှန်းသိမှုသဘော နာမ်တရား တို့၊ အဟောင်းအသစ် အဆင့်ဆင့်ပြောင်းလဲ ပျက်ဖြစ်သွားမှုကို အာရုံပြုခါ၊ ဆင်းရဲမှု-ဒုက္ခလက္ခဏာသဘောတရား အနေအား ဖြင့်၊ ထိမိအောင်ရှုကြည့် ဆင်ခြင်သုံးသပ်ရာ၏။

ဤနည်းအားဖြင့် ဝင်သက်လေတွင်၊ နှာသီးဝမှစ၍ ချက်တိုင် သို့ကျရောက်သည့်တိုင်အောင်၊ ဝင်သက်လေအလိုက်၊ ပျက်ဖြစ် ပြောင်းလဲနေကြသော လှုပ်ရှားမှုသဘောရုပ်တရားနှင့်၊ လှုပ်ရှား မှန်းသိမှုသဘော နာမ် တရားတို့၏၊ အစဉ်မပြတ် အဆင့်ဆင့် အဟောင်းအသစ် ပျက်ဖြစ် ပြောင်းလဲမှုကိုအာရုံပြုခါ၊ နှာသီးဝ တွင်-အနတ္တလက္ခဏာ၊ နှာသီးဝမှ ရင်ညွန့်သို့ကျအောင် အနိစ္စ

လက္ခဏာ။ ရင်ညွန့်မှ ချက်တိုင်သို့ကျအောင်-ဒုက္ခလက္ခဏာ အနေအားဖြင့်၊လက္ခဏာရေးသုံးပါး သဘောတရားကို။ သူ့နေ ရာဌာနအလိုက် ကိုက်ညီထိမိအောင်။ အကြိမ်ကြိမ် အထပ်ထပ် ရှုကြည့်ဆင်ခြင်သုံးသပ်လျက်။ ထွက်သက်လေတွင်-ချက်တိုင် မှစ၍ နှာသီးဝသို့ကျရောက်သည့်တိုင်အောင်။ ထွက်သက်လေ အလိုက်။ ပျက်ဖြစ် ပြောင်းလဲနေကြသော။ လှုပ်ရှားမှုသဘော ရုပ်တရားနှင့်၊လှုပ်ရှားမှန်းသိမှုသဘော နာမ်တရားတို့၏။ အစဉ် မပြတ်အဆင့်ဆင့် အဟောင်းအသစ်။ ပျက်ဖြစ် ပြောင်းလဲမှုကို အာရုံပြုခါ၊ချက်တိုင်တွင် အနတ္တလက္ခဏာ၊ချက်တိုင်မှ ရင်ညွန့် သို့ကျအောင်-အနိစ္စလက္ခဏာ။ ရင်ညွန့်မှ နှာသီးဝသို့ကျအောင် ဒုက္ခလက္ခဏာ အနေအားဖြင့်။ လက္ခဏာရေးသုံးပါး သဘော တရားကို၊သူ့နေရာဌာနအလိုက်၊ကိုက်ညီထိမိအောင်။ အကြိမ် ကြိမ်အထပ်ထပ် ရှုကြည့်ဆင်ခြင်သုံးသပ်အပ်ကြောင်း။တတိယ ဆင့်ရှုနည်းအနေအားဖြင့်။ညွှန်ကြားတော်မူပါကြောင်း၊

၍ တတိယဆင့်နည်း အရ ရှုဆင်ခြင်သောအခါ။ ဝင်သက် လေနှင့်-ထွက်သက်လေတို့ကို။ ဖြေးဖြေး မှန်မှန် ရှူရှိုက်ထုတ် ရန်လိုပေ၏၊သို့မှသာသျှင်-လက္ခဏာရေးသုံးပါး ပြတ်သားရှင်း လင်းစွာ အာရုံပြုနိုင်ပေမည်၊ ၍ကဲ့သို့ ဆင်ခြင်သုံးသပ်သောအ ခါ။ လက္ခဏာ တပါးစီ နှုတ်ကရွတ်ဆိုရန်မလို။ ထိုလက္ခဏာ များ၏။ သဘောအဓိပ္ပါယ်ကို-ရုပ်နာမ်။ ပျက်ဖြစ်ပြောင်းလဲမှုအ စဉ်အလိုက်အာရုံပြု၍၊ရှုကြည့်ဆင်ခြင်သုံးသပ်သွားပါက၊လိုအပ် သောကိစ္စပြီးမြောက်ပေတော့သည်။၍အား-အာနာ ပါန ထွက် သက် ဝင်သက်လေ ရုပ်ဓါတ်တရားကိုအဓိကထား၍။ ရှုကြည့် ဆင်ခြင် ပွားများအားထုတ်အပ်သော၊ ဝိပဿနာ ဘာဝနာ-ပြု

ဘွယ်ကိစ္စ ပြည့်စုံပြီးမြောက်ပေပြီဖြစ်ကြောင်း။

ယခုအခါ-နာမ်ဓါတ်တရားကို အမိကထား၍၊ ရှုကြည့်ပွားများအားထုတ်မှု၊ ဝိပဿနာဘာဝနာတရား၏၊ ပြုဘွယ်ကိစ္စတို့ကို ဘော်ပြပါအံ့၊ ရုပ်တရားကို ပဓါနထား၍၊ ပွားများအားထုတ်မှုတွင်၊ နာမ်တရားပါဝင်ပြီးသားဖြစ်ပါသော်လည်း၊ တခါတရံ နာမ်တရားကို အမိကထား၍၊ ရှုကြည့်ပွားများအားထုတ်ရန်လိုပေ၏၊ နာမ် တရားတို့တွင်-ခံသာ မခံသာ ဖြစ်မှုသဘောဝေဒနာ တရားကား ထင်ရှားသိသာလွယ်၏၊ ဝေဒနာတရားငါးပါးတို့တွင်လည်း၊ ဒုက္ခဝေဒနာတရားကား ပို၍ ထင်ရှားသိသာလွယ်ကူ၏၊ သို့ဖြစ်၍- ဒုက္ခဝေဒနာ နာမ်ဓါတ်တရားကို အမိကထားလျက်၊ဝိပဿနာဘာဝနာ ရှုဘွယ်ကိစ္စများကို ဘော်ပြပါအံ့။

ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်မည့် ယောဂီပုဂ္ဂိုလ်များသည်၊တရားအားမထုတ်မီ ရှေ့အဘို့၌၊ ပြုဘွယ်ကိစ္စအဝဝတို့ကို ပြုလုပ်ပြီးနောက်၊ ကမ္မဋ္ဌာန်းထိုင်ဆဲ အချိန်ကာလကလေးတွင်၊မိမိ၏စိတ်၌ ချမ်းသာကြည်နူး ခံသာဘွယ်သဘောတရားများကို အာရုံပြုလျက်၊ ထို ခံသာမှု သဘောတရား များသည်ကား၊သုခဝေဒနာ ဟုဆိုအပ်သော နာမ်ဓါတ်၊ ထိုခံသာမှုသဘောတရားကိုဖြစ်ပေါ်၍နေအောင်၊ မညောင်းညာမှုသဘောမထုံမှုသဘော၊မကြွင်မှုသဘော၊ မကိုက်ခဲမှုသဘောတရားတို့ကား ရုပ်ဓါတ်၊ထိုမညောင်းမှု၊ မထုံမှု၊ မကြွင်မှု၊ မကိုက်ခဲမှုသဘောတို့ကို၊ ခံသာမှုသဘော သုခဝေဒနာ နာမ်ဓါတ်တရားနှင့်၊ မညောင်းမှု၊မထုံမှု၊ မကြွင်မှု၊ မကိုက်ခဲမှုသဘော—ရုပ်ဓါတ်ဟုဆိုအပ်သော၊ ရုပ်နာမ် နှစ်ရပ်တို့သည်၊ မိမိအာရုံပြု၍ ဆင်ခြင်

သုံးသပ်မှု စိတ် အစဉ်ကိုသိုက်လျက်။ အဟောင်းအသစ်-ပျက်ဖြစ် ပြောင်းလဲနေမှုသဘောကိုအာရုံပြု၍ ဆင်ခြင်ရင်း။ခန္ဓာကိုယ်တနေရာရာတွင်။ အကြောင်းတခုခုကြောင့်။ မခံသာမှု သဘောတရားထင်ရှားစွာဖြစ်ပေါ်၍လာလိမ့်မည်။ညောင်းညာမှုရုပ်ဓါတ်အား။ မခံသာမှု သဘော-နာမ်ဓါတ် ဖြစ်ပေါ်ခြင်းကို ဥပမာပြုလျက်။ ဝိပဿနာ ဘာဝနာ ရှုကြည့်ဆင်ခြင်နည်း။ အဆင့်ဆင့်ကိုဘော်ပြပါအံ့။

ထိုသို့ဖြစ်ပေါ်လာသော ညောင်းညာမှုသဘောကို၊ မခံသာမှုသဘော-ဒုက္ခဝေဒနာ နာမ်ဓါတ်တရား နှင့်။ ညောင်းညာမှုသဘော ရုပ်ဓါတ်အား ဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါးတို့သည်။ မညောင်းညာမှု သဘောကို။ ခံသာမှု သုခဝေဒနာ နာမ်ဓါတ်တရားနှင့်။ မညောင်းညာမှု သဘော ရုပ်ဓါတ်တရားအားဖြင့်။ နာမ်ရုပ် တရား သဘောနှစ်ပါးအဖြစ်မှ ပျက်စီးလျက်။ ညောင်းညာမှုသဘောကို။ မခံသာမှု သဘော ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းညာမှုသဘောရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရား သဘောနှစ်ပါးအဖြစ်သို့။ အစဉ်အဆက် အဟောင်းအသစ်ပျက်ဖြစ် ပြောင်းလဲကာ။ ဝေဒနာသဘောတရား တမျိုးတည်းအဖြစ်နှင့်တည်မြဲ၍မနေနိုင်ခြင်းကြောင့်။ မမြဲမှု-အနိစ္စလက္ခဏာ သဘောတရားတွေ ပါတကား။ ထိုကဲ့သို့ အစဉ် အဆက် အဟောင်းအသစ်-ပျက်ဖြစ်ပြောင်းလဲ၍ ။မခံသာဘဲ ဆင်းရဲရလေသောကြောင့်။ ဆင်းရဲမှု-ဒုက္ခလက္ခဏာ သဘောတရားတွေပါတကား။ ထိုကဲ့သို့ အစဉ်အဆက် အဟောင်း အသစ် ပျက်ဖြစ်ပြောင်းလဲ၍။ မခံသာအောင် ဖြစ်နေမှုသဘောကို။ မပျက် မဖြစ်မပြောင်းလဲရလေအောင်၊ တားဆီးချုပ်ချယ်၍ ရကောင်းသော

သဘောတရားလည်းမဟုတ်။ အာကာလည်းမပေးပိုင်။ သူ့သဘောသဘာဝကိုသူဆောင်လျက်။သူ့သဘောသဘာဝအတိုင်း ပျက်ဖြစ် ပြောင်းလဲ၍ နေကြပေသောကြောင့်။ အလိုသို့မလိုက်တတ်။ အစိုးမရအပ်မှ-အနတ္တလက္ခဏာ သဘောတရားတွေ့ပါတကားဟု။ခန္ဓာကိုယ်တွင်း၌ အဟောင်းအသစ်အားဖြင့်။ အစဉ်ပျက်ဖြစ် ပြောင်းလဲနေသော ညောင်းညာမှုကို။မခံသာမှုသဘောဒုက္ခဝေဒနာ နာမ်တရားနှင့်။ ညောင်းညာမှု သဘော ရုပ်တရားအားဖြင့်။နာမ်ရုပ်တရား သဘောနှစ်ပါးကိုအာရုံပြုလျက်။ လက္ခဏာရေး သုံးပါး သဘောတရား ဖြစ်ပေါ်နေမှု အကြောင်းကို။ လက္ခဏာတပါးကို တလှည့်စီ-လှဲ့လှယ်ရှုကြည့်ဆင်ခြင်သုံးသပ်အပ်ကြောင်း။ ပဌမဆင့်ရှုနည်းအနေအားဖြင့် ညွှန်ကြားတော်မူပြပါကြောင်း။

ဤအထက်ပါ-ပဌမဆင့်ရှုနည်းကို။ ကောင်းမွန် နိုင်နင်းစွာဆင်ခြင်သုံးသပ်နိုင်သောအခါ။ ဒုတိယဆင့်ရှုနည်းအနေအားဖြင့်။ ညောင်းညာမှုသဘောကို။ မခံသာမှုသဘော-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းညာမှုသဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါးတို့၏ မိမိခန္ဓာကိုယ်တွင်း၌။ တနေရာမှ တနေရာသို့ အဆင့်ဆင့် အဟောင်း အသစ် ပျက်ဖြစ်ပြောင်းလဲ၍သွားမှုသဘောကို လိုက်လံအာရုံပြုခါ။ ဥပမာ-ခါးမှ ညောင်းညာမှု သဘောကို။ မခံသာမှုသဘော ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းညာမှုသဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရား သဘောနှစ်ပါးတို့သည်။ ပေါင်-သို့ အဆင့်ဆင့်အားဖြင့်။ အဟောင်းအသစ် ပျက် ဖြစ်-ပြောင်းလဲမှုအစဉ်ဖြစ်ခါ။ တနေရာတည်း၌။စွဲမြဲ၍မဖြစ်တည်နိုင်ဘဲ၊တနေရာမှ-တနေရာသို့ ပြောင်း

ရွေ့-ပျက်ဖြစ်မှု သဘောအစဉ်ဖြင့်။ မမြဲလေသောကြောင့်-အနိစ္စလက္ခဏာသဘောတရားတွေပါတကား။

တဖန်-ပေါင်မှ ညောင်းညာမှု သဘောကို။ မခံသာမှု-ဒုက္ခဝေဒနာ နာမ်ဓါတ် တရားနှင့်။ ညောင်းညာမှုသဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရား သဘောနှစ်ပါးတို့သည်။ ဒူးသို့အဆင့်ဆင့်အားဖြင့်။ အဟောင်းအသစ် ပျက်ဖြစ်ပြောင်းလဲမှုအစဉ်ဖြစ်ခါ။မခံသာဘဲ ဆင်းရဲလှလေသောကြောင့်။ ဆင်းရဲမှု-ဒုက္ခလက္ခဏာသဘောတရားတွေပါတကား။

တဖန်-ဒူးမှ ညောင်းညာမှု သဘောကို။ မခံသာမှုသဘော ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းညာမှု သဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါးတို့သည်။ ခြေ-သို့ အဆင့်ဆင့် အားဖြင့်၊ အဟောင်း အသစ် ပြောင်းလဲ ပျက်ဖြစ်၍ သွားမှုသဘောတရားကို။မပျက်,မဖြစ်,မပြောင်းလဲရလေအောင် တားဆီး ချုပ်ချယ်၍ ရကောင်းသော သဘောတရားလည်းမဟုတ်။ အာဏာလည်းမပေးပိုင်။ သူ့သဘော သဘာဝကို သူဆောင်လျက်။သူ့သဘောသဘာဝအတိုင်း။ ပျက်ဖြစ်ပြောင်းလဲ၍နေကြပေသောကြောင့်။ အလိုသို့မလိုက်တတ်။အစိုးမရအပ်မှု အနတ္တလက္ခဏာ သဘောတရားတွေ ပါတကားဟု။ ညောင်းညာမှုသဘောကို။ မခံသာမှုသဘော-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ညောင်းညာမှုသဘော ရုပ်ဓါတ်တရားတို့၏၊ ခန္ဓာကိုယ်တွင်းဝယ်။တနေရာမှ-တနေရာသို့။အဆင့်ဆင့်၊အဟောင်းအသစ် ပျက် ဖြစ် ပြောင်းလဲ၍သွားမှု သဘောကို လိုက်လံ အာရုံပြုခါ။ ပြောင်းလဲသွားမှု အဆင့်ဆင့်နေရာဌာနကို ဖြတ်တောက်လျက်။ လက္ခဏာ တပါးစီ အားဖြင့်။ ရှုကြည့် ဆင်ခြင် သုံးသပ်အပ်

ကြောင်း၊ ဒုတိယဆင့်-ရှုနည်းအနေအားဖြင့်-ညွှန်ကြား ဘော်ပြပါကြောင်း။

ထို ဒုတိယဆင့်ရှုနည်းကို ကောင်းမွန်နိုင်နင်းစွာ၊ ဆင်ခြင်သုံးသပ်နိုင်သောအခါ၊ တတိယဆင့်ရှုနည်းအနေအားဖြင့်၊ ညောင်းညာမှုသဘောကို။ မခံသာမှုသဘော-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်၊ ညောင်းညာမှုသဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါးတို့သည်၊ ထုံမှုသဘောကို မခံသာမှု သဘော ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်၊ ထုံမှုသဘောရုပ်ဓါတ်အားဖြင့်၊ နာမ်ရုပ်တရား အသစ်သဘောနှစ်ပါးအဖြစ်သို့၊ အဆင့်ဆင့်ပျက်ဖြစ် ပြောင်းလဲ၍။ အဖြစ်ဟောင်းသဘောတရားမျိုးနှင့်ပင်၊ ဝါ၊ ညောင်းမှုသဘောကို။မခံသာမှုသဘော ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းမှုသဘော ရုပ်ဓါတ်အားဖြင့်၊ နာမ်ရုပ်တရားအဖြစ်ဟောင်းသဘောနှစ်ပါးမျိုးနှင့်ပင်။ တည်ဘနဲ့ နိုင်မြဲစွာ မဖြစ်ဘည်နိုင်ဘဲ၊ အဟောင်းအသစ် ပျက်ဖြစ်-ပြောင်းလဲ၍ သွားမှုသဘောတရားကို၊ မပျက်-မဖြစ်-မပြောင်းလဲရ လေအောင်၊ တားဆီး ချုပ်ချယ်၍ ရကောင်းသော သဘောဘရားလည်းမဟုတ်၊ အာဏာလည်းမပေးပိုင်၊ သူ့သဘော သဘာဝကိုသူဆောင်လျက်၊ သူ့သဘောသဘာဝအတိုင်း၊ ပျက်ဖြစ်-ပြောင်းလဲ၍နေကြ ပေသောကြောင့်။ အလိုသို့မလိုက်တတ်၊ အစိုးမရအပ်မှု-အနတ္တလက္ခဏာသဘောတရားတွေပါတကား။

တဖန်-ထိုထုံမှုသဘောကို။မခံသာမှု-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်၊ ထုံမှုသဘော ရုပ်ဓါတ်အားဖြင့် နာမ်ရုပ် တရား သဘောနှစ်ပါးတို့သည်။ ကြွင်မှုသဘောကို မခံသာမှု-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ကြွင်မှုသဘော ရုပ်ဓါတ်အားဖြင့်၊ နာမ်ရုပ်

တရား သဘောနှစ်ပါးအဖြစ်သို့၊ အဟောင်းအသစ် အားဖြင့်။အဆင့်ဆင့်- ပျက်-ဖြစ် ပြောင်းလဲ၍ မမြဲလေသောကြောင့်၊ တခုတည်းသောသဘောတရားမျိုးအဖြစ်နှင့်၊ မတည်တန့်မခိုင်မြဲနိုင်သည့်၊မမြဲမှု-အနိစ္စလက္ခဏာ သဘောတရားတွေပါတကား။

တဖန် ထို ကြွင်မှုသဘောကို မခံသာမှုသဘော-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ကြွင်မှုသဘော ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရား သဘောနှစ်ပါးတို့သည်။ ကိုက်ခဲမှုသဘောကို မခံသာမှု ဒုက္ခဝေဒနာ နာမ်ဓါတ် တရားနှင့်၊ ကိုက်ခဲမှုသဘော ရုပ်ဓါတ်အားဖြင့်၊ နာမ်ရုပ်တရားသဘောနှစ်ပါးအဖြစ်သို့၊ အဟောင်းအသစ် အဆင့်ဆင့်အားဖြင့်၊ ပျက် ဖြစ် - ပြောင်းလဲ၍နေမှုသဘောကို။မခံသာဘဲ ဆင်းရဲလှလေသောကြောင့်၊ ဆင်းရဲမှုဒုက္ခလက္ခဏာသဘောတရားတွေ ပါတကားဟု၊ သဘောတရားဘခုအဖြစ်မှ၊ သဘောတရားတခု အဖြစ်သို့ အစဉ်တစိုက် ပျက်ဖြစ်ပြောင်းလဲ၍သွားသည်ကိုအာရုံပြုလျက်။လက္ခဏာ တပါးစီအားဖြင့်၊ သိသာ ထင်ရှားအောင် ရှုကြည့် ဆင်ခြင် သုံးသပ်အပ်ကြောင်း။ တတိယဆင့်ရှုနည်း အနေအားဖြင့် ညွှန်ကြား တော်ပြုပါကြောင်း။

အချုပ်အားဖြင့်ကား။ နာမ်ရုပ်နှစ်ပါး-ပရမတ္ထ သဘာဝ တရားတို့သည်၊ ဖြစ်ပေါ်မှုနေရာမှ မပြောင်း မရွေ့ဘဲ ပျက်စီးကြလျက်။ အစဉ်အဆက်အားဖြင့်-အဟောင်း နာမ်ရုပ် ပျက်သည်နှင့်အမျှ။အသစ်-နာမ်ရုပ်ဖြစ်ပေါ်ကာ၊ အဟောင်းအသစ် ပြောင်းလဲ ပျက်ဖြစ်၍နေမှုကို၊ အထူးသဖြင့် သတိမူ နှလုံးသွင်းအပ်၏။ သို့ပါသော်လည်း-လက္ခဏာတပါးစီ ပိုင်းခြား ရှုကြည့်ဆင်ခြင် သုံးသပ်မှု၊ထင်ရှားသိမြင်နိုင်ရန်ကို ပဓါနထားလျက်။ နေရာဒွါန

အားဖြင့်။ပိုင်းခြားဖြတ်တောက်၍ ရှုကြည့်ဆင်ခြင်နည်းကို။ ဒုတိယဆင့် အနေနှင့် ဘော်ပြလိုက်ပေသည်။ ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ်မည့် ယောဂီပုဂ္ဂိုလ်များသည်။နာမ်ရုပ်နှစ်ပါးတို့၏-ပရမတ္ထသဘာဝ တခု ပျက်စီးမှုအဆုံးနှင့်။နာမ်ရုပ် နှစ်ပါးတို့၏-ပရမတ္ထ သဘာဝ တခု အသစ်-ဖြစ်ပေါ်လာမှု အစအားဖြင့်။နာမ်ရုပ်နှစ်ပါးတို့၏ ပျက်စီးမှုသဘောမှ။ နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပေါ်မှုသဘောသို့။နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပေါ်မှုသဘောမှ။ နာမ်ရုပ်နှစ်ပါးတို့၏ ပျက်စီးမှု သဘောသို့။ မိမိ၏ စိတ်ဓါတ် အစဉ်အလိုက်။အဆင့်ဆင့် ပျက်ဖြစ်ပြောင်းလဲ၍သွားပုံကိုအာရုံပြုလျက်။ ရှုကြည့် ဆင်ခြင်၍-လက္ခဏာ သုံးပါးတွင် တပါးပါးသော လက္ခဏာ သဘောတရားနှင့်တွဲစပ်ခါ။ သိသာထင်ရှားအောင် ဆင်ခြင်သုံးသပ် နှလုံးသွင်း အပ်၏။ ဥပမာအားဖြင့် အထက်ကပြဆိုခဲ့သည့်။ညောင်းညာမှုသဘောကို။ မခံသာမှု-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့်။ ညောင်းညာမှုသဘောရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါးတို့ ပျက်စီးမှုအဆုံး၌။ ထိုမှုသဘောကို မခံသာမှု-ဒုက္ခဝေဒနာ နာမ်ဓါတ်တရားနှင့် ထိုမှု သဘော-ရုပ်ဓါတ်အားဖြင့်။ နာမ်ရုပ်တရားသဘောနှစ်ပါး ဖြစ်ပေါ်မှုအစဟု ဆိုအပ်သော။ အပျက်သဘောမှ အဖြစ်သဘောသို့၊ ဝါ၊ သဘောလက္ခဏာတမျိုးမှ၊ သဘောလက္ခဏာတမျိုးသို့။ ပျက်ဖြစ်ပြောင်းလဲ ဖြစ်ပေါ်ခိုက်ကို သိအောင် အာရုံပြု၍ရှုကြည့်လျက်။လက္ခဏာသုံးပါးတွင် တပါးပါးသော လက္ခဏာသဘောဘရားနှင့်တွဲစပ်၍။သိသာထင်ရှားအောင် ဆင်ခြင်သုံးသပ် နှလုံးသွင်းအပ်၏။

သို့ပါသော်လည်း အထက် (အနတ္တလက္ခဏာ-ညွှန်ကြားရာ)

ဟူသော-ကထာ၌၊ ပထမ နိဗ္ဗာန်စခန်းဟု ဆိုအပ်သော-သော တာပတ္တိမဂ်ဉာဏ်ကို ရမှု အကြောင်းတရားမှာ၊ အနတ္တလက္ခ ဏာ-ဝိပဿနာဉာဏ်သာလျှင် ဖြစ်ကြောင်း၊ ညွှန်ကြားခဲ့ပြီးသည့်အ တိုင်း၊ဝိပဿနာ ဘာဝနာ ယောဂီပုဂ္ဂိုလ်များသည်၊ ရှေးဦးစွာ အနတ္တလက္ခဏာကိုထင်မြင်အောင်၊ ရှုကြည့်ဆင်ခြင် နှလုံးသွင်း အပ်ပါကြောင်း။

ဝိပဿနာ ဘာဝနာရှုဘွယ်ကိစ္စသည်၊ရုပ်တရား-နာမ်တရား တို့၏၊ပျက်-ဖြစ်-ပြောင်းလဲမှု သဘော ကိစ္စ တခုတည်းကိုသာ ရှုလျက်၊ လက္ခဏာအားဖြင့်-သုံးပါးခွဲခြား၍ ဆင်ခြင်ခြင်းဖြစ်၏။ ထို-ရုပ်တရား နာမ်တရားတို့၏၊ ပရမတ္တ သဘာဝအားဖြင့်၊အ ဟောင်း အသစ်-ပြောင်းလဲ ပျက်ဖြစ်မှု ကိစ္စမှာလည်း၊ ရုပ်နာမ် တရားတို့ကို ပိုင်းခြား၍သိမြင်မှု၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ၎င်း ရုပ်နာမ်တရားတို့၏ဖြစ်ကြောင်းကိုသိမြင်မှု၊ပစ္စယပရိဂ္ဂဟဉာဏ် ထင်မြင်မှုသာလျှင် အခြေပါဒ လိုရင်းဖြစ်၏။ ထိုဉာဏ် နှစ်ပါး သိမြင်မှုသည်၊ အတ္တဒိဋ္ဌိကိုပယ်စွန့်နိုင်သော-အနတ္တလက္ခဏာ ဝိပဿနာဉာဏ်ပင်ဖြစ်ရကား၊ အနတ္တလက္ခဏာ-အစစ် အမှန်ကိုသိ မြင်အောင် ရှုကြည့်ဆင်ခြင်မှု အရေးကြီးကြောင်း၊ထပ်လောင်း လျက်၊ တိုက်တွန်းအပ်ပါကြောင်း၊ ဤကား-ဒုက္ခဝေဒနာ,ဟုဆို အပ်သော၊ နာမ်ဓါတ်တရားကို အဓိကထားလျက်၊ရှုကြည့်ဆင် ခြင် ပွားများ အားထုတ်အပ်သော-ဝိပဿနာ ဘာဝနာ-ပြုဘွယ် ကိစ္စ ပြည့်စုံပြီးမြောက်ဖြစ်ကြောင်း။

ဂင်္ဂါဝါဠု သဲရေမက ပွင့်ပြီးတော်မူကြကုန်သော- မြတ်စွာ ဘုရားသခင်တို့သည်၊ အာနာ ပါန-ဝိပဿနာဘာဝနာ တရား၌

သာတည်၍။ ဘုရားအဖြစ်သို့ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်ပေ၏။ ဘုရားဖြစ်တော်မူပြီးသည့်နောက်လည်း။ ပရိနိဗ္ဗာန် မပြုမီခြင်းထို-အာနာပါန-ဝိပဿနာဘာဝနာတရားကိုပင်။ ဆင်ခြင်သုံးသပ်ကြပေသည်။ ဥပရိပဏ္ဏာသ ပါဠိတော်- မဟာဝဂ္ဂသံယုတ်ပါဠိတော်တို့၌။

အာနာ ပါနဿတိ ဘိက္ခဝေ - ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိ ပဋ္ဌာနေ ပရိပူရေန္တိ - စတ္တာရော သတိပဋ္ဌာနာ - ဘာဝိတာ ဗဟုလီကတာ- သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ - သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိ ပူရေန္တိ။ ။

ဟူ၍ဟောကြားတော်မူချက်အရ။ ဆိုလိုရင်းအဓိပ္ပါယ်သော်ကား။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကိုလိုသားကြကုန်သော ချစ်သားတို့။ အာနာ ပါန-ဝိပဿနာဘာဝနာတရားကို။ နေ့ရက်များစွာ ပွားများအားထုတ်သည်ရှိသော်။ သတိပဋ္ဌာန်တရားလေးပါးကို။ ပွားများအားထုတ်မှုကိစ္စပါဝင်ပြီးမြောက်ပေတော့၏။ သတိပဋ္ဌာန် လေးပါး ကို။ နေ့ရက်များစွာ ပွားများ အားထုတ်ခဲ့သည်ရှိသော်၊ ဗောဇ္ဈင်တရား- ခုနစ်ပါးကို ပွားများအားထုတ်မှုကိစ္စပါဝင်ပြီးမြောက်ပေတော့၏။ ဗောဇ္ဈင်တရား ခုနစ်ပါးကို-နေ့ရက်များစွာ ပွားများအားထုတ်ခဲ့သည် ရှိသော်။ သောတာပတ္တိမဂ်အစ-အရဟတ္တမဂ်အဆုံး။ နိဗ္ဗာန်စခန်းထွက်ရပ်လမ်း-ဝိဇ္ဇာစိတ်အလင်းဉာဏ်ရောင်လေးပါးနှင့်တကွ။ သောတာပတ္တိဖိုလ်အစ။ အရဟတ္တဖိုလ်အဆုံး-နိဗ္ဗာန်တည်းဟူသော-ဝိမုတ္တိရသလေးပါး

တို့နှင့် ပြည့်စုံ ပြီးမြောက်ပြီး ဖြစ်လေတော့၏ဟု။ ဟောကြား တော်မူလေရကား၊ အာနာပါန-ဝိပဿနာ ဘာဝနာ တရားကို အားထုတ်ခြင်းသည်။ အသီး ၀ ရာကို အညွှာ ၀ ခုမှ ဆွတ်ရူး သည့်ပမာ။ သတိပဋ္ဌာန်လေးပါး၏ ပြုဘွယ်ကိစ္စ၊ ဗောဇ္ဈင်တရား ခုနစ်ပါးတို့၏ ပြုဘွယ် ကိစ္စများ ပြီးမြောက် ပါဝင်လျက်။ မဂ် လေးတန် ဖိုလ်လေးတန်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကြောင်း။ တချက်ချက်-သုံးချက် ဖြတ်သည့်။ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း စဉ်ကြီ မှန်ကန်ပေရကား။ ထို-အာနာ ပါန-ဝိပဿနာ ဘာဝနာ တရားကို ကြိုးစားအားထုတ်၍ ရှုကြည့်ဆင်ခြင် ပွားများနိုင်ကြ လျက်၊ နိဗ္ဗာန်စခန်းထွက်ရပ်လမ်းစဉ် ပြုဘွယ်ကိစ္စ ပြီးဆုံးသော။ မိမိတို့အလိုရှိအပ် တောင့်တအပ်သည့်။ နိဗ္ဗာန်သို့ဆောလျင်စွာ မျက်မှောက်ပြုနိုင်ကြပါစေသတည်း။ ။

နိဂုံးကမ္ပတ် အဆုံးသတ်။

ကျွန်တော်သည် - အထက်ပါ နိဒါန်းတွင် ဘော်ပြခဲ့ပြီး ဖြစ် သော ဆရာတော်ဘုရားကြီးများနှင့်တကွ။ လူပုဂ္ဂိုလ်ဆရာ တို့ ၏ ရေးသားစီမံအပ်သည့် ကျမ်း အစောင်စောင် တို့မှ။ ထုတ် နှုတ်ရုပေါင်းမှီငြမ်းပြုခါ။ ကောဇာသက္ကရာဇ် -၁၃၁၂- ခုနှစ်၊ ပြာသိုလ်ဆွန်း-၁၃-ရက်-စနေနေ့တွင် စတင်၍ရေးသားအပ်သော သံသရာစခန်း- ဤမှာဘက်ကမ်းမှ၊ နိဗ္ဗာန်စခန်း- ထိုမှာဘက် ကမ်းသို့၊ ဖြောင့်ဖြောင့်တန်းတန်း၊ ထွက်ခွါ သွားလာနိုင်စေရန်။

မှန်ကန်သော နည်းလမ်း ကျင့်စဉ် တို့ကို ညွှန်ကြား ပြသခြင်း ကြောင့်၊ (နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကျမ်း) ဟူ၍ ခေါ်တွင်အပ်သော- ဤကျမ်းကို၊ ကောဇာ သက္ကရာဇ်–၁၃၁၃-ခုနှစ်၊ သီတင်းကျွတ် လဆုတ် (၅)ရက် စနေနေ့တွင်၊ ချောမောပြေပြစ်ကျစ် လစ် သေချာစွာ ပြီးဆုံးခြင်း၏ အဖြစ်သို့ ရောက်ရှိခဲ့ ပါကြောင်း၊ ဤကဲ့သို့-နိဗ္ဗာန်စခန်းထွက်ရပ်လမ်းကျမ်း-ကို၊ပေါင်းရတည်ထွင်-စီစဉ် ရေးသားအပ်သော၊ ကောင်းမြတ်သည့် ကုသိုလ်ကံ စေတနာ အကြောင်းတရားကြောင့်၊ ယခုဘဝတွင်း၌ပင်၊မဂ်လေးတန်-ဖိုလ်လေးတန်ကိုရရှိ၍၊ အနုပါဒိသေသနိဗ္ဗာန်သို့မျက်မှောက်ပြုရပါလို၏၊အကယ်၍ ယခုဘဝအတွင်းတွင်၊မိမိအလိုရှိအပ် တောင့်တအပ်သော၊ ဆုထူးဆုမြတ်နှင့်မပြည့်စုံမူ၍ နောက်ထပ် တဖန်-ခန္ဓာ, နာမ်ရုပ်,ဖြစ်ခဲ့ရငြားအံ့၊ ထိုသို့ဖြစ်ခဲ့ရသည့်ရှိသော်၊ တာဝတိံသာနတ်ပြည်၌ဖြစ်ရ၍၊ မဂ်လေးတန်, ဖိုလ်လေးတန်ကို၊ မကြာမြင့်မီ ရရှိပြီး ပုထုဇဉ် သတ္တဝါတို့အား၊ နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ကျင့်စဉ်ကို၊ ညွှန်ကြား ဟောပြနိုင်သောအားဖြင့်၊ နိဗ္ဗာန်သို့ ကယ်ပို့ ယူဆောင်နိုင်လျက်၊အနုပါဒိသေသနိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပါစေသတည်း။

ဤယခု-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်းကျမ်းကို၊ ပြုစုစီမံအားထုတ်၍ရရှိအပ်သော ကုသိုလ်အဘို့ကို၊အမိ,အဘ,ဆရာသမား, ဆွေမျိုးသင်္ဂဟ,အပေါင်းတို့အား အစထားလျက်၊ ဇာတိခေတ်, အာဏာခေတ်,ဝိသယခေတ်,တွင်းရှိ၊ ပုဂ္ဂိုလ် သတ္တဝါအပေါင်းတို့အား၊ အကျွန်ုပ်နှင့် ထပ်တူထပ်မျှ၊ ကောင်းစွာသောအကျိုးတရားများကို၊ ရရှိခံစားနိုင်ကြစေရန်၊ အမျှ–အမျှ–အမျှ–ပေး

ဝေပါ၏။ အားလုံး အကျွန်ုပ်နှင့်တူမျှသော အကျိုးတရားတို့ကို။ ရရှိခံစားနိုင်ကြပါစေသတည်း၊ ဤ-နိဗ္ဗာန်စခန်း ထွက်ရပ်လမ်း ကျမ်းတွင်။ ညွှန်ကြားပြသအပ်သော အကြောင်းအရာ များကို။ ကောင်းမွန်သေချာ ကျနစွာ ဘတ်ရှုကြံစည်-ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြသောအားဖြင့်။မိမိတို့အလိုရှိအပ် တောင့်တအပ် သော နိဗ္ဗာန်သို့- ဆောလျှင်စွာ မျက်မှောက် ပြုနိုင်ကြ ပါစေ သတည်း။ ။

(ပြီးပြီ။)

ဦးဘဝင်း ကျောင်းဆရာကြီး။

နိုင်ငံတော်အစိုးရ မူလတန်းကျောင်း။

သထုံခရိုင်-ဒုဗ္ဗိုဟ်ဘုရား ရွာ။

၁၃၁၃-ခုနှစ်။သီတင်းကျွတ်လဆုတ်-၅-ရက်။

ပြင်ဆင်ချက်။

စာမျက်နှာ	ကြောင်းရေ	ပြင်ဆင်ဘတ်ရှုရန်။
၄	၁	ထွက်ရပ်လမ်းကျမ်း။
၄	၁၀	ရှိခဲ့ငြားအံ့။
၂၀	၈	ကြွားနာခွင့်ကြုံခိုက်။
၂၂	၁၁	အာဂမသဒ္ဒါ။
၂၂	၉	တာရော။
၂၂	၂၄	ကမ္ဘာတာသိန်းကာလပတ်လုံး။
၃၀	၁၀	အံ့မခမ်း၍။
၃၃	၁၁	ပုထုဇ္ဇန်။
၄၅	၁၃	ဓါတ်ရောင်၍။
၄၈	၁၁	အသမ္ဘောဓော။
၆၅	၅	သဒ္ဒမ္ဗသာဝနံ။
၆၈	၉	အရူပိနောဓမ္မာ။
၆၈	၉	ဓမ္မသင်္ဂဏီ။
၈၈	၂	ဘာဝနာ။
၉၄	၁	ဣမာနိဒွေ။
၁၀၀	၂၀	ခံသာမခံသာ။
၁၀၆	၂	အနုပါဒိသေသ။
၁၀၆	၉	ဒိဋ္ဌတာဝ။
၁၀၆	၁၁	ဒိဋ္ဌ,တဏှာ,မာန။
၁၁၁	၅	ဘဝအတန်တန်။
၁၂၁	၁၀	ဂုဏ်ထူးဝိသေသ။
၁၅၉	၁၂	ဇောံခေါ။

ပြင်ဆင်ချက်။

စာမျက်နှာ	ကြောင်းရေ	ပြင်ဆင်ဘတ်ရှုရန်။
၁၇၈	၁၁	လုမ္ဗိနီးမ။
၁၉၈	၁	ထိုက်သည့်အား။
၂၃၃	၁၈	အာပေါဓါတ်။
၂၃၅	၁၀	တိရဏပရိညာ။
၂၇၆	၂၀	မရစိကူပမာသညာ။
၂၈၈	၁	ဝိပဿနာ။
၂၈၈	၁၆	ထွက်ရပ်လမ်းကို။
၂၈၈	၁၆	ဥဒ္ဓန္တ။
၂၈၉	၁၅	အဘိဓမ္မာပိဋကတ်သည်ဓမ္မ။
၃၀၉	၂၀	ဣဒ္ဓိဝိဓ။
၃၂၆	၁၉	အရ။
		ပုထုဇဉ်-ဟူသမျှ။ ပုထုဇ္ဇန်ဟူ၍ဘတ်·